http://www.dhammadownload.com

သပြေကန်ဆရာတော်ဘုရား ဒေါက်တာမင်းတင်မွန်

အမျိုး,ဘာသာ,သာသနာအတွက် တကယ်ဂုဏ်ယူဝင့်ကြွားထိုက်သူ
တကယ်တော်၍ တကယ်ကျော်ကြားသည့် သာသနာ့အာဇာနည်
သာသနာ့အလင်းရောင်ကို တကယ်ထွန်းပြောင်တင့်မောစေသူ

# သာသနာ့တံခွန် စံပြပုဂ္ဂိုလ်ထူး

# သပြေကန်ဆရာတော်ဘုရား

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု

ဒေါက်တာမင်းတင်မွန်



သာသနာ့တံခွန် မိုးစွန်တမွတ် အထွတ်တင်သူ
သာသနာ့ဂုဏ်ရောင်ကို တင့်မောအောင် ထွန်းပြောင်စေသူ

# သပြေကန်ဆရာတော်

ဝိနည်းသီလသည် သာသနာတော်၏အသက်
သီလကို အသက်ပေး၍ စောင့်ထိန်းသူ
ရုပ်တုပမာ တည်ကြည်ငြိမ်းအေးသည့် သမာဓိရှင်
ပညာရှင်များ ညီညာဖြဖြ ချီးကျူးကြသည့် ဉာဏ်ပညာကြီးကျယ်သူ

စံထားလောက်သည့် သီလဂုဏ်,သမာဓိဂုဏ်,ပညာဂုဏ်,
အလိုနည်းခြင်း အပ္ပိစ္ဆဂုဏ် , သည်းခံခြင်း ခမာဂုဏ်,
ရောင့်ရဲခြင်း သန္တုဋ္ဌိဂုဏ် , မိမိကိုယ်ကိုနှိမ့်ချခြင်း နိဝါတဂုဏ်
မာန်မာနကင်းခြင်း နိမာနဂုဏ် , ပိဋကတ်သုတကြွယ်ဝခြင်း သုတဗုဒ္ဓဂုဏ်

ခန္ဓာပျက်ကြွေ ကမ္ဘာကြေသော်လည်း ဒီဂုဏ်များကမသေ။
အိပ်ပျော်နေသူတို့နိုးထလာအောင်၊ လာဘ်လာဘ,ပူဇော်သက္ကာရ,
ကျော်စောမှုသိလောကနောက်သို့ လိုက်ပါနေသူတို့ လမ်းမှန်ရောက်အောင်
သပြေကန်ဆရာတော်သည် ကျောက်ထီးပမာ မီးပြတိုက်သဖွယ်
မားမားမတ်မတ် ရပ်တည်ကာ လမ်းညွှန်ပြနေသည့်တကား။

## ဒေါက်တာမင်းတင်မွန်

COVER DESIGN

http://www.dhammadownload.com

- အမျိုး, ဘာသာ, သာသနာအတွက် တကယ်ဂုဏ်ယူဝင့်ကြွားထိုက်သူ
- တကယ်တော်၍ တကယ်ကျော်ကြားသည့် သာသနာ့အာဇာနည်
- သာသနာ့အလင်းရောင်ကို တကယ်ထွန်းပြောင်တင့်မောစေသူ

သာသနာ့တံခွန် စံပြပုဂ္ဂိုလ်ထူး

# သပြေကန်ဆရာတော်ဘုရား

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု

သူ့ဂုဏ်ရည်, သူ့စွမ်းဆောင်မှု, သူ့ကျင့်စဉ်
သူရေးသားဟောပြောသည့် တရားတော်များ

## ဒေါက်တာမင်းတင်မွန်

မြမွန်ရတနာ စာပေဖြန့်ချိရေး
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
အုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၈၆၆၁၀

http://www.dhammadownload.com


စာမူခွင့်ပြုချက်အမှတ် (၅၀၅/၉၉) (၈)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၅၉၀ /၉၉) (၁၁)

●

**ပုံနှိပ်ခြင်း**

၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ – ၅၀၀

●

**ထုတ်ဝေသူ**

မင်းတေဇာမွန်၊ ရတနာမင်းစာပေ (၃၄၅၅)

တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ

ဒဂုံမြို့နယ်၊ ရန်ကုန်။

●

**အတွင်းစာသားနှင့် မျက်နှာဖုံး ပုံနှိပ်သူ**

ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၅၉၄၆)

အမှတ် (၁) ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်

ဒဂုံမြို့နယ်၊ ရန်ကုန်။

●

**ကွန်ပျူတာစာစီ**

ခွန်မျိုး

●

**ဖြန့်ချိရေး**

မြမွန်ရတနာစာပေ


တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ

ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁–၂၈၆၆၁၀

●

တန်ဖိုး ၅၀၀ ကျပ်

http://www.dhammadownload.com



သပြေကန်ဆရာတော်

# အရှင်ဝါသေဋ္ဌာဘိဝံသ

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု

http://www.dhammadownload.com



သပြေကန်ဆရာတော်ဘုရား စာရေးသားနေပုံ



ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသအား ဝန်ကြီး ဗိုလ်ချုပ်မင်းဂေါင်က
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် ဆက်ကပ်နေပုံ

http://www.dhammadownload.com



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သပြေကန်ဆရာတော်ဘုရားအား
အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ် ဆက်ကပ်နေပုံ




သပြေကန်ဆရာတော်ဘုရားကြီး အဘိဓဇမဟာရဋ္ဌဂုရုဏာပူဇာ ဖိတ်ကြားလွှာ

http://www.dhammadownload.com



သပြေကန်ဆရာတော် အပူဇော်ခံနေသောပုံ

ပါတိမောက္ခံ ဝိသောဓေန္တော -
အပ္ပေဝ ဇီဝိတံ ဇဟေ၊
ပညတ္တံ လောကနာထေန -
န ဘိန္ဒေ သီလသံဝရံ —

ပါတိမောက္ခံ - ပါတိမောက်ကို၊
သိက္ခာပုဒ် သီလတော်ကို၊ ဝိသောဓေန္တော -
၊စင်ကြယ်စေလျက်၊ သုတ်သင်၍ ညှိရှိဆဲသည်။
ဇီဝိတံ - ကိုယ့်အသက်ကို၊ အပ္ပေဝ ဇဟေ
စွန့်သော် စွန့်လိုက်ရာ၏၊ လောကနာ
ထေန - လောက ထွန်းလင်း - ဖိုးဂျင်ဘုရား
သည်။ ပညတ္တံ - ပညတ်တော် မူအပ်သော၊
သီလသံဝရံ - စောင့်စည်းမှု ညှိ၊ ထား၊ အပ်။

သပြေကန်ဆရာတော်ဘုရား၏ လက်ရေးမူ

http://www.dhammadownload.com



အရှင် ခေမာစာရ (ဓမ္မာစရိယ)
**လက်ရှိ ပဓာန နာယက ဆရာတော်**
**ပုဇွန်တောင် - ရွှေကျင်ကျောင်းတိုက်၏**

# ဥယျောဇနကထာ

## စာရေးသူတို့အလို

စာရေးသူတို့၏ ရည်မှန်းချက်သည် မိမိရေးသားသော စာပေဖြင့် ယနေ့ ကာလနှင့် နံနက်ဖြန်ကာလတို့တွင် တိုင်းပြည်, လူမျိုး, ဘာသာ, သာသနာကို လှပစေချင်ကြသည်၊ တိုးတက်စေချင်ကြသည်၊ အများစု၏ အထင်ကြီးမှု လေးစားမှုကို ဖြစ်စေချင်ကြသည်။ ထို့ကြောင့်ပင် မိမိစွမ်းနိုင်သည့်ဘက်က ဘဝအသိဉာဏ်ပေး စာပေများ ရေးသားကြသလို ဘဝသင်ခန်းစာရရေး, သတိရှိရေးတို့နှင့် အားကျနည်းယူကြကာ မိမိဘဝ လှပတိုးတက်မှုရှိအောင် လုပ်ဆောင်စေခြင်းဖြင့် တိုင်းပြည်, လူမှု, ဘာသာ, သာသနာ တိုးတက်စေရေးအတွက် မီးရှူးတန်ဆောင်လိုဖြစ်သည့် ပုဂ္ဂိုလ်များ၏ သမိုင်းအတ္ထုပ္ပတ္တိတို့ကိုလည်း ရေးသားတတ်ကြပေသည်။

http://www.dhammadownload.com



## သပြေကန်ဆရာတော်

တိုင်းပြုပြည်ပြု သာသနာမှုအတွက် မီးရှူးတန်ဆောင်သဖွယ် ဖြစ်သော ပုဂ္ဂိုလ်များ၏ သမိုင်းအတ္ထုပ္ပတ္တိတို့ကို လက်လှမ်းမှီသမျှကြည့်မည်ဆိုလျှင် ယနေ့ ခေတ် သာသနာတော်၏ မီးရှူးတန်ဆောင်သဖွယ်ဖြစ်သော **သပြေကန် ဆရာတော်ဘုရားကြီး** ကို မေ့ထားလျှင် မကြည့်ဘဲနေလျှင် မဖြစ်နိုင်တော့ပါ၊ ပြည့်စုံတော့မည် မဟုတ်တော့ပါ။ သပြေကန်ဆရာတော်ဘုရားကြီး၏ တစ်ဘဝတာ ခရီးဖြစ်တော်စဉ်ကို ကြည့်ခဲ့လျှင် အားကျစရာ နည်းယူစရာ တပွေ့တပိုက်ကြီး ပင်။ ကံနှင့် ကံ၏အကျိုးပေးကို ယုံကြည်စေသော အသိဉာဏ်သာမက ဓမ္မ၏ ဂုဏ်သတ္တိ၊ သီလ၏ စွမ်းရည်၊ မေတ္တာ၏ ကျေးဇူးတို့ကို ပေါ်ပေါ်လွင်လွင် သိရမည်သာဖြစ်ပါ၏။ သပြေကန်ဆရာတော်ဘုရားကြီး၏ဖြစ်တော်စဉ်ကို ယောနိသော မနသိကာရဏထားကာ ကြည့်ရှုသူအား ဆရာတော်ဘုရားကြီး၏ဖြစ်တော်စဉ်က သူတော်ကောင်းတစ်ယောက်ဖြစ်အောင် ရရှိထားသောပစ္စုပ္ပန်ဘဝကို တန်ဖိုးရှိရှိအသုံးချတတ်သူဖြစ်အောင် ခေါ်ဆောင်သွားမည်ကား မလွဲနိုင်ပါပေ။

## ဂုဏ်ရှိသူတို့၏ ဂုဏ်တင်မှု

ဂုဏ်သိသူ, ဂုဏ်ရှိသူတို့က ဆရာတော်ဘုရားကြီး၏ဘဝဖြစ်စဉ်နှင့် စွမ်းဆောင်ရည်တို့ကို မော်ကြည့်ကာ ဂုဏ်တင်ခဲ့သည်ကို ဤစာရေးသူကိုယ်တိုင် ကြားလည်းကြားခဲ့ပါ၏။ တစ်ဆင့်စကားဖြင့်လည်း သိခဲ့ရသည်ကို အနည်းငယ် ဖော်ပြချင်ပါသေးသည်။ စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင်၊ ကမ္ဘာ့ ဗုဒ္ဓ တက္ကသိုလ်အဓိပတိ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မကထိက ဗဟုဇန ဟိတ ဓရ၊ အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် **ဘဒ္ဒန္တ ဉာဏိဿရ** က "ကောင်းကင်မှာရှိတဲ့ ကြယ်တွေကို ရေတွက်၍မကုန်နိုင်သလို သပြေကန်ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်တွေဟာလည်း ရေတွက်၍မကုန်နိုင်ပါ"တဲ့။

အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓမ္မဘဏ္ဍာဂါရိက၊ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ပဓာနနာယက ဒေါက်တာ **အရှင်သုမင်္ဂလာ လင်္ကာရ** က "အခြားခြားသော ဆရာတော်များ ကျော်စောတယ်ဆိုတာ ကြီးမှ ကျော်စောသံ ထွက်လာတယ်၊ ငယ်ငယ်နှင့် အရွယ်အလယ်အလတ်ပိုင်းမှာ ကျော်စောမှု မရှိကြဘူး။ တချို့ကတော့ ငယ်ငယ်က ကျော်စောတယ်၊ အရွယ်အလတ်ပိုင်းနှင့် အကြီးပိုင်းမှာကျတော့ မကျော်စောတော့ဘူး။ တချို့ကတော့ အရွယ်အလယ်ပိုင်း

http://www.dhammadownload.com



မှာသာ ကျော်စောပြီး ကြီးတဲ့အခါကျတော့ မကျော်စောတော့ဘူး။ သပြေကန် ဆရာတော်ကတော့ ကိုရင်လေးဘ၀ကစပြီး ကျော်စောသံဟာ ရဟန်းငယ်ဘ၀, ထေရ်ငယ်ဘ၀, မထေရ်ကြီးဘ၀ အရွယ်သုံးပါးလုံး ကျော်စောသံဟာ ဘယ်အခါမှ စဲမသွားဘူး။ ပျံလွန်တော်မူသည့်အထိပဲတဲ့"။

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်းရပ်ကွက်၊ သီဟိုဠ်ကျောင်းတိုက် ဆရာတော် **အရှင်ဥက္ကံသ** က "သပြေကန်ဆရာတော်ထံမှာ ရောက်တဲ့ ပညာရှင်တိုင်းဟာ သပြေကန်ဆရာတော်ကို မချီးမွမ်းဘဲ မနေနိုင်ဘူး။ သာမန် ချီးမွမ်းတာနဲ့ လှိုက်လှိုက်လှဲလှဲချီးမွမ်းတာပဲ ကွာတယ်"တဲ့။ နိုင်ငံတော် သံဃ မဟာနာယက ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံဆရာတော် **ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ** က "သပြေကန်ဆရာတော်ဟာ ကျော်တာထက် တော်တာက ပိုပါတယ်"တဲ့။ ရန်ကုန်မြို့၊ မင်းရဲကျော်စွာလမ်း၊ အမှတ် (၁၇) နေ သာသနာ့အကျိုးဆောင် **ဦးထိန်ဝင်း** ကတော့ "သပြေကန်ဆရာတော်ဟာ နီးနီးကပ်ကပ်နေပြီးမှ ကြည်ညိုစရာတွေ ပိုမိုတွေ့လာတယ်"တဲ့။

နိုင်ငံတော် စာရေးဆရာကြီးတစ်ယောက်ကတော့ "ကျွန်တော်တို့ သိပြီးသားတွေဖြစ်ပေမယ့် သပြေကန်ဆရာတော်က ဟောပြရေးပြလိုက်တော့ ပိုပြီး ကောင်းတယ်၊ ပိုပြီးရသကို ခံစားရတယ်"တဲ့။ ယုဝတီကလောင်ရှင် **သက်မှု** ကတော့ "လောကုတ္တရာသက်သက်နဲ့ပဲ သပြေကန်ဆရာတော်ဟာ ကျော်ကြားတာပါ"တဲ့။ ဤသို့စသည်ဖြင့် ဂုဏ်သိသူ, ဂုဏ်ရှိသူတို့ရဲ့ ဂုဏ်ပြုမှုခံရတဲ့ သပြေကန်ဆရာတော်ဘုရားကြီး၏ ဘ၀ဖြစ်တော်စဉ်မှာ အားကျစရာ နည်းယူစရာ အတုယူစရာတွေက တပွေ့တပိုက်ကြီးဆိုတာဟာ မလွဲနိုင်တော့ပါ။

## ဘ၀ကို အလှဆင်ရအောင်

အားကျဖွယ် အတုယူဖွယ် ဂုဏ်တွေနဲ့ပြည့်လျှမ်းနေတဲ့ သပြေကန် ဆရာတော်ကြီး၏ ဘ၀ဖြစ်တော်စဉ်ကိုကြည့်ပြီး အားကျနည်းယူ သင့်တင့်စွာ နှလုံးသွင်းသူတို့ မိမိဘ၀ မရိုင်းစေရန် ဘ၀အလှဆင်စေရန် ဆရာတော်ကြီးအား ပူဇော်သော အဘိဓဇမဟာရဋ္ဌဂုရု ဂုဏ်ပြုပူဇော်ပွဲဝယ် သပြေကန် ထေရဂုဏ်ရည် စာစောင်၌ စာပေပညာရှင်များက ဆရာတော်ဘုရားကြီးအား ပူဇော်ရာရောက်အောင် ယနေ့နံနက်ဖြန် မြန်မာနှင့် သာသနာတော်ကို မြှင့်တင်ရာလည်း ရောက်အောင် သပြေကန်ဆရာတော်ဘုရားကြီး၏ စွမ်းအင်များကို ရှုထောင့်အမျိုးမျိုးဖြင့် ပူဇော်ရေးသားခဲ့ကြသည်။

ဥယျောဇနကထာ

## ဝမ်းမြောက်လှပါပြီ

မည်သို့အမည်ပေးသည်ဖြစ်စေ သပြေကန်ဆရာတော်ဘုရားကြီး၏ဘဝဖြစ်တော်စဉ်က ယောနိသော မနသိကာရ ထားကာ စာရှုသူအား ဘဝလှပအောင် သူတော်ကောင်းတစ်ယောက်ဖြစ်အောင် ခေါ်ဆောင်သွားမည်ဖြစ်ရာ တိုင်းပြည်, လူမျိုး, ဘာသာ, သာသနာအတွက် ဝမ်းမြောက်လှပါပြီ။

သာသနာကျိုး လောကကျိုး သယ်ပိုးနိုင်ပါစေ

အရှင်ခေမာစာရ (ဓမ္မာစရိယ)
ပဓာနနာယကဆရာတော်
ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com

# မာတိကာ


**စာမျက်နှာ**

**ရန်ကုန် ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်၏လက်ရှိ**
**ပဓာနနာယကဆရာတော် အရှင်ခေမာစာရ၏ဥယျောဇနကထာ** ၄
**နိဒါန်း** ၁၃

**အခန်း (၁) စံတုကင်းသည့် စာသင်သားဘဝ**

သာသနာ့တံခွန် မိုးစွန်တမွတ် အထွတ်တင်သူ ၂၁

ထူးခြားသော ပါရမီစာတ်ခံ ၂၃

စံတုကင်းသည့် ရှင်သာမဏေကျော် ၂၅

သာသနာအင်ကြင်းတောကို တင့်မောလှပစေသော ရဟန်းမြတ် ၂၈

**အခန်း (၂) ရိုးစင်းပြောင်မြောက်သည့် စာချဆရာတော်ဘဝ**

သပြေကန် မဟာဓမ္မိကာရာမ အနုနာယက ၃၃

ပထမအစိုးရ ဓမ္မာစရိယ သိရောမဏိဘွဲ့ရှင် ၃၄

ဉာဏ်ပညာထက်မြက်ကြီးကျယ်တော်မူသော ပုဂ္ဂိုလ်ထူး ၃၆

သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်သူ ၃၉

**အခန်း (၃) စံပြုထိုက်သော ပဋိပတ္တိဂုဏ်ရည်များ**

ဆရာတော်၏ သီလဂုဏ်ရည် ၄၅

ဆရာတော်၏ သမာဓိဂုဏ်ရည် ၅၁

ဆရာတော်၏ ပညာဂုဏ်ရည် ၅၇

ဆန္ဒရာဂကင်းရှင်းသော အထောက်အထားများ ၆၄

အမြင့်ဆုံးဘွဲ့တံဆိပ်များဖြင့် ချီးမြှင့်ခံရခြင်း ၆၇

အပိစ္ဆာနှင့် နိဝါတ–နိမာန ဂုဏ်များ ၆၈

မေတ္တာစာတ်နှင့် ခမာဂုဏ် ၇၁

သမထ–ဝိပဿနာ ပေါက်မြောက်မှု ၇၂

http://www.dhammadownload.com

မာတိကာ

**အခန်း (၄) သာသနာ့ဂုဏ်ရောင်ကို ထွန်းပြောင်တောက်ပစေမှု**

ပရိယတ္တိသာသနာတော်ကို ထွန်းတောက်စေပုံ ၇၇
ပဋိပတ္တိသာသနာတော်ကို ထွန်းတောက်စေပုံ ၈၀
သာသနာတော်၏အကျိုးကို သယ်ပိုးထမ်းရွက်ပုံ ၈၄
ဆရာတော်ဆောင်ရွက်သည့် သာသနာပြုလုပ်ငန်းများ ၉၀
ဆရာတော်၏ ကြည်ညိုဖွယ်ရာ ဂုဏ်ထူးများ ၉၁

**အခန်း (၅) သပြေကန်ဆရာတော် ဟောကြားသည့် တရားတော်များ**

ဆွမ်းအနုမောဒနာ တရားတော် ၁၀၂
ဥပုသ်တရားတော် ၁၀၇
ဘုရားအနေကဇာတင် ဆွမ်းအနုမောဒနာတရား ၁၁၉
မေတ္တာတရားတော် ၁၂၄
ထူးခြားသော ကုသိုလ်များ တိုးပွားရေးတရားတော် ၁၃၀
လူ့ဘဝအနှစ်သာရ တရားတော် ၁၃၅

**အခန်း (၆) သပြေကန်ဆရာတော်ရေးသည့် တရားတော်များ**

ပရိတ်ကြီး နိဿယသစ်၏ ဂုဏ်ရည်များ ၁၄၄
ပရိတ်ကြီး နိဿယသစ်မှ ကောက်နုတ်ချက်များ ၁၄၇
မင်္ဂလသုတ်၏ အနှစ်သာရ ၁၅၃
ဗောဇ္ဈင်ခုနစ်ပါးတရားမြတ်ရတနာ ၁၆၀
လောကီဗောဇ္ဈင်, လူသုံး ဗောဇ္ဈင် ၁၆၁
ဗောဇ္ဈင်ဖျက်တရားများ ၁၆၆
ဓမ္မရေးရာဗောဇ္ဈင်တရားများ ၁၆၇
သပြေကန်ဆရာတော်ရေးသားဟောကြားသည့် စာအုပ်များ ၁၆၈
စေတီနှင့် ရိုသေမှု ၁၆၉
သဲပုံစေတီပူဇော်၍ အကျိုးရပုံ ၁၇၂
ဘုရားဓာတ်တော်စေတီ ပူဇော်ရသည့်အကျိုး ၁၇၃
ဘုရားစေတီတို့ကို မရိုသေမှု ၁၇၄
ဗုဒ္ဓါနုဿတိ ပွားကြည့်စို့ ၁၇၆

**အခန်း (၇) ဓမ္မဆိုင်ရာ ခဲရာခဲဆစ်များကိုဖြေရှင်းခြင်း**

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ
အရှင်ပဏ္ဍိတာဘိဝံသ၏ လျှောက်ထားချက် ၁၈၁
သက်သတ်လွတ်စားခြင်းသာ မြတ်သလော ၁၈၃

http://www.dhammadownload.com



မိဘနှစ်ပါးအား တရားထူးရစေသော တရားသည်
အဘယ့်ကြောင့် သမီး မာဂဏ္ဍီကို ဒေါပွစေသနည်း ၁၈၅
နန္ဒောပနန္ဒ နဂါးမင်းကို နာကျင်အောင် ဆုံးမရာ၌
အရှင်မဟာမောဂ္ဂလာန်တွင် အပြစ် ရှိ မရှိ ၁၈၆
သီဟသေနာပတိတွင် ပါဏာတိပါတကံ ကင်းအံ့လော ၁၈၇
မိဂါရသူဌေးက ဝိသာခါနို့ကို စို့-မစို့ ၁၈၉
သေဆုံးချိန်၌ရုပ်နာမ်တို့ ဖြစ်ပျက်ပုံ ၁၉၀
ကလျာဏပုထုဇဉ် ၁၉၂

## အခန်း (၇) သပြေကန်ဆရာတော်၏ဩဝါဒများ


လူ့ဘဝမှာ ဘာအရေးကြီးဆုံးလဲ ၁၉၃
အကောင်းခေတ်ကူးရေး ၁၉၃
စာတတ်သူနှင့် မတတ်သူ ၁၉၃
ရောဂါပျောက်စေမှ ဆေး ၁၉၄
အလိမ္မာ ကိုယ်မှာဆင် ၁၉၄
ပညာရှိဖို့ထက် စိတ်ထားကောင်းဖို့လို ၁၉၄
ချစ်တတ်ပါစေ မနှစ်ပါလေနှင့် ၁၉၄
ဓမ္မအေးရိပ်သာ ၁၉၅
တဏှာနှင့် သံသရာ ၁၉၅
အများအကျိုးဆောင် ကိုယ်ကျိုးအောင် ၁၉၅
တရားရှင်ကို တရားစောင့်သည် ၁၉၅
ဘာဝနာ၏ အကျိုး ၁၉၅
တရားမလေးစား မာနထွား ၁၉၆
တင်းတိမ်လျှင် စည်းစိမ်ရှိ ၁၉၆
အလိုကြီးလျှင် ပျက်စီး ၁၉၆
အောင်နိုင်ခဲ့သော စစ်ပွဲ ၁၉၆
လောကဓံကို ကြံ့ကြံ့ခံနည်း ၁၉၆
ကောင်းမှုပြုနည်း၊ ဂုဏ်တော်ဖြင့် သစ္စာပြု ၁၉၇
စွန့်နိုင်လေလေ ချမ်းသာလာလေ ၁၉၇
နေ့တိုင်း ဂုဏ်ကျက်သရေတိုးဖို့ ၁၉၇
မလွတ်တမ်းရယူကြ၊ စိတ်ဖြူစင်မှ တရားတည် ၁၉၈
ရောဂါထူပြောရခြင်း အကြောင်းရင်း ၁၉၈
ယတြာချေစရာမလိုပါ၊ နားလည်မှုအရေးကြီး ၁၉၈

http://www.dhammadownload.com



စိတ်ထားအရေးကြီး ၁၉၈
အမွေအနှစ် ၁၉၉
အခန်း (၉) သပြေကန်ဆရာတော်ကျင့်ကြံသောတရား
သီလသိက္ခာကို ဖြည့်ကျင့်ခြင်း ၂၀၂
သမာဓိသိက္ခာကို ဖြည့်ကျင့်ခြင်း ၂၀၃
အကျိုးကြီးမားသော မေတ္တာဘာဝနာရှုပွားခြင်း ၂၀၆
ဘာဝနာရှေ့သွား အကျင့်များ ၂၀၇
ကိုယ်တိုင်တွေ့ကြုံရသည့် အကျိုးများ ၂၁၁
မေတ္တာပွားများပုံ ၂၁၄
လက်တွေ့ကျသော မေတ္တာဘာဝနာ ၂၂၀
ပညာသိက္ခာကို ဖြည့်ကျင့်ခြင်း ၂၂၃
ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်ရှိသူ ၂၃၂
တရားပြပေးထိုက်သူတို့ကို နည်းလမ်းပြ ၂၃၅
ထူးခြားသော တရားစွမ်းရည် ၂၃၈
ဘဝနိဂုံး ၂၄၂
သပြေကန်ဆရာတော်ဘုရားကြီးအား နိဂုံးချုပ်ပူဇော်ခြင်း ၂၄၉
မြတ်ဆန္ဒ ၂၅၁

http://www.dhammadownload.com



(၁) ရွှေကျင်ကျောင်းတိုက် မှန်ဦး (၃) မနောရမာဝါသ ကျောင်းတော်ကြီး

(၂) သာစုဇနာနန္ဒ ကျောင်းတော် (၄) ဓမ္မပါလ ဓမ္မာရုံကြီး

ရန်ကုန်တိုင်း ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်အတွင်း အဆောက်အအုံများ

http://www.dhammadownload.com

# နိဒါန်း

သဗ္ဗညုမြတ်စွာဘုရား၏ အတုမဲ့သာသနာတော်သည် နှစ်ပေါင်း ၂၅၀၀ ကျော် ကြာညောင်းလာပါသော်လည်း မြတ်စွာဘုရား၏ အဆုံးအမများကို မြေဝယ် မကျ မြတ်နိုးယုယကြသည့် သာသနာ့အာဇာနည် သားကောင်း သမီးကောင်း, ရဟန်းရှင်လူအပေါင်းတို့၏ ထိန်းသိမ်းစောင့်ရှောက် ပျိုးထောင်ဖြန့်ဝေမှုကြောင့် ယနေ့တိုင်အောင် ကမ္ဘာတစ်ဝန်းတွင် ဖူးပွင့်ဝေဆာ တင့်မောလှပလျက်ပင် ရှိပါသေးသည်။

သာသနာတော်၏ ဂုဏ်ကျက်သရေ တက်နေဝန်းပမာ တင့်ဖြိုးဝေဆာအောင် စွမ်းဆောင်ခဲ့ကြသော သာသနာ့အာဇာနည်များသည် ခေတ်အဆက်ဆက် အစဉ်မပြတ် ပေါ်ထွန်းလာခဲ့ကြရာ ဤနှစ်ဆယ်ရာစုနှစ်တွင် ကျွန်တော်တို့ ဖူးမြော်ကြည်ညိုခွင့်ရလိုက်သည့် သာသနာ့အာဇာနည်တစ်ပါးမှာ သပြေကန်ဆရာတော်ဘုရား ဖြစ်ပါသည်။

သပြေကန်ဆရာတော်သည် သူလိုရဟန်း၊ သူလိုအာဇာနည်၊ သူလိုဉာဏ်ကြီးရှင်၊ သူလိုပညာတတ်အကျော်၊ သူလိုဩဝါဒါစရိယ၊ သူလိုစွမ်းနိုင်သူ၊ သူလိုစံပြပုဂ္ဂိုလ် စသည်ဖြင့် ရှုထောင့်စုံမှ အမျိုးမျိုးအဖုံဖုံ ချီးကျူးဂုဏ်ပြုထိုက်သော အထူးလေးစားကြည်ညိုဖွယ်ရာကောင်းသည့် ဆရာတော်တစ်ပါး ဖြစ်ပါသည်။

ငယ်ရွယ်စဉ် ရှင်သာမဏေဘဝမှစ၍ စာသင်သားဘဝတစ်လျှောက်လုံး၊ ထို့နောက် စာချဆရာတော်, ပဓာန ဆရာတော်, ဩဝါဒါစရိယဆရာတော်, ဘဝတစ်လျှောက်လုံးဝယ် ချီးကျူးဂုဏ်ယူစရာ စွမ်းဆောင်မှုများ၊ အထူးကြည်ညိုလေးမြတ်ဖွယ်ရာ ထေရဂုဏ်များနှင့် ကုံလုံကြွယ်ဝ၍ တကယ်တော်၍ တကယ်ကျော်ကြားသော ဆရာတော် ဖြစ်ပါပေ၏။

http://www.dhammadownload.com



အသက် ၁၅ နှစ်အရွယ်တွင် ပထမငယ်တန်းကို အောင်မြင်၏။ ထို့အပြင် ဘိက္ခုဝိဘင်း + ဘိက္ခုနီဝိဘင်း ဟူသော ဥဘတောဝိဘင်းပါဠိတော်ကြီးကို ဝိနည်း စာပြန်ပွဲများ၌ အောင်မြင်စွာ ပြန်ဆိုနိုင်သဖြင့် **ဥဘတောဝိဘင်္ဂဓရဘွဲ့** ကို ရရှိခဲ့၏။

အသက် ၁၆ နှစ်အရွယ်တွင် ပထမလတ်တန်းကို အောင်မြင်၏။

အသက် ၁၇ နှစ်အရွယ်တွင် ပထမကြီးတန်းကို အောင်မြင်၏။

ပထမကြီးတန်း အောင်မြင်သူတို့တွင် အသက်အငယ်ဆုံး သာမဏေတစ်ပါး ဖြစ်၏။ ထို့အပြင် ရွှေကျင်နိကာယမှတ်တမ်း၌ ဂုဏ်ယူစဖွယ် မှတ်တမ်းတင် ခံရသော တစ်ဦးတည်းသော ရှင်သာမဏေဖြစ်ပါ၏။

အသက် ၁၈ နှစ်အရွယ်တွင် စာပြန်ပွဲကြီးများ၌ ဥဘတောဝိဘင်းနှင့် မဟာဝါ ပါဠိတော်ကြီးများကို အောင်မြင်စွာ ပြန်ဆိုနိုင်၏။

အသက် ၁၉ နှစ်အရွယ်တွင် ဝိနည်းပိဋကဟု ခေါ်ဆိုသော ဝိနည်းငါးကျမ်း ပါဠိတော်များကို ပြန်ဆိုနိုင်သဖြင့် **ဝိနယဓရဘွဲ့ထူး** ကို ရရှိ၏။

အသက် ၂၀ နှစ်အရွယ်တွင် သန်လျင်မြို့နယ် သပြေကန်ကျေးရွာ မဟာ ဓမ္မိကာရာမ တိုက်သစ်၌ အရှင်ဝါသေဋ္ဌဘွဲ့အမည်ဖြင့် မြင့်မြတ်သော ရဟန်းဘဝ ကို ခံယူ၏။

အသက် ၂၁ နှစ်အရွယ်တွင် စေတီယင်္ဂဏအသင်း အာဂုံပြန်တမ်း၌ သံယုတ် ပါဠိတော်ငါးကျမ်းကို ပြန်ဆိုအောင်မြင်ပြန်သဖြင့် **ဝါသေဋ္ဌာဘိ သိရီပဝရ သာသနဓဇ သံယုတ္တဘာဏကဘွဲ့တံဆိပ်တော်ကို** ခံယူရရှိ၏။

အသက် ၂၂ နှစ်အရွယ်တွင် ကျောင်းတော်ရာ ရွှေကျင်တိုက် ဝိနည်း စာ ပြန်တော်ပွဲကြီး၌ သံယုတ်ပါဠိတော်ငါးကျမ်းကို ထပ်မံပြန်ဆိုအောင်မြင်ပြန် သဖြင့် **သံယုတ္တဘာဏကဘွဲ့**ကို တစ်ဖန်ရရှိပြန်၏။

ထိုနှစ်တွင် ပိဋကတ်စာပေ ထွန်းကားကျော်ကြားရာ ပခုက္ကူမြို့သို့ ကြွသွား ပြီးလျှင် မဟာဝိဇယာရာမ ဆရာတော်ဘုရားထံတွင် ဆည်းကပ်မှီခိုခွင့်ရ၏။ သို့သော် ကျန်းမာရေးချို့တဲ့သဖြင့် စာမဆိုနိုင်ချေ။ ထိုမဟာဝိဇယာရာမ ကျောင်း တိုက်၌ ၂ နှစ် သီတင်းသုံး၏။

အသက် ၂၄ နှစ် အရွယ်တွင် သကျသီဟ စာမေးပွဲ ဝင်ရောက်ဖြေဆိုရန် အတွက် မန္တလေးမြို့သို့ကြွသွားပြီး အဘယာရာမ ရွှေဂူတိုက်သစ် ဆရာတော် ထံ ဆည်းကပ်သည်။ စာသင်စာချရင်း သကျသီဟစာမေးပွဲကို ဝင်ရောက်ဖြေ ဆိုရာ ၄ နှစ်အတွင်း စာသင်တန်း – စာချတန်း ၂ တန်းလုံးကို ထူးချွန်စွာ အောင်

http://www.dhammadownload.com



မြင်သဖြင့် **ဝါသေဋ္ဌာဘိဝံသ သာသနာဟိတ ဓမ္မာစရိယဘွဲ့တံဆိပ်တော်** ကို ရရှိသည်။

အသက် ၂၈ နှစ်တွင် မန္တလေး အဘယာရာမရွှေဂူတိုက်သစ်၌ ပိဋကတ်စာပေ ပို့ချပေး၏။ တစ်ပြိုင်တည်းပင်လျှင် စာတတ်အကျော် အဘယာရာမရွှေဂူဆရာတော်ထံမှ ပိဋကတ်စာပေ၊ သက္ကတစာပေများကို ဆည်းပူးလေ့လာသည်။

အသက် ၂၉ နှစ်အရွယ်တွင် မိမိ၏ မူရင်းမိခင်ကျောင်းဖြစ်သော သပြေကန် မဟာဓမ္မိကာရာမကျောင်းတိုက်သို့ ပြန်ကြွလာပြီးလျှင် ၃၉ နှစ်ကြာအောင် အနုနာယက–စာချဆရာတော်ကလေးအဖြစ် ဆောင်ရွက်၏။

အသက် ၃၆ နှစ်အရွယ်တွင် အစိုးရဓမ္မာစရိယစာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ တစ်ကြိမ်တည်းဖြင့် ပြဋ္ဌာန်းကျမ်းကိုးကျမ်းစလုံးကို ထူးချွန်ပြောင်မြောက်စွာ အောင်မြင်၏။ **သာသနဓဇ သိရီပဝရ ဓမ္မာစရိယ သိရောမဏိဘွဲ့ထူး** ကို ဦးဦးဖျားဖျား အလှူခံရရှိတော်မူ၏။

သက်တော် ၆၈ နှစ်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်သို့ ပြောင်းရွှေ့၍ ပဓာန နာယကဆရာတော်အဖြစ် ၁၇ နှစ်ကြာ ဆောင်ရွက်တော်မူသည်။

သပြေကန်ဆရာတော်သည် ပင်ကိုဉာဏ် ထက်မြက်ပြီး ကျက်ဉာဏ်, မှတ်ဉာဏ်, သဘောဉာဏ် သုံးတန်စလုံး အံ့သြဖွယ်ကောင်းအောင် ထူးချွန် ပြောင်မြောက်သည်။ သတင်းစာခေါင်းကြီးပိုင်းကို တစ်ခေါက်ဖတ်ပြီးလျှင် အတိအကျပြန်ပြောပြနိုင်သည်။ ပါဠိစာပေ တစ်မျက်နှာကို ၂–၃ ခေါက်ဖတ်လျှင် အလွတ်အာဂုံပြန်ဆိုနိုင်သည်။ တစ်ကြိမ်ကျက်မှတ်ထားပြီးသော စာများကို မပြန်ဆို မလေ့လာဘဲလျက် နှစ်ကာလရှည်ကြာစွာ မှတ်မိသည်။

ပိဋကတ်စာပေ, ဘာသန္တရစာပေများကို အမြဲတစေ လေ့လာဖတ်ရှုနေသည့်အတွက် ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် ပါဠိတော်, အဋ္ဌကထာ, ဋီကာ, အနုဋီကာကျမ်းများကိုသာမက သက္ကတ စသည့် ဘာသန္တရကျမ်းများကိုလည်း ထုံးလိုချေ ရေလိုနှောက်သည့်အသွင် ကျွမ်းကျင်လိမ္မာစွာ တတ်မြောက်တော်မူ၏။ ဉာဏ်ပညာကြီးမားပြီး နက်နက်နဲနဲ တွေးခေါ်ကြံစည်တတ်သဖြင့် ဝိနယဝိနိစ္ဆယ ဝါဒရေးရာ ပိဋကတ်ဆိုင်ရာ ခဲရာခဲဆစ်များကို အံ့သြစဖွယ်ကောင်းအောင် ဖြေရှင်းပေးနိုင်သည်။

ဆရာတော်ဘုရား၏ ထူးခြားသော ဉာဏ်စွမ်းရည်ကို ဝိဇ္ဇာလင်္ကာရ ဆရာတော်, တောင်မြို့ မဟာဂန္ဓာရုံ အရှင်ဇနကာဘိဝံသ, မဟာစည်ဆရာတော် အရှင်

http://www.dhammadownload.com



သောဘဏ, ရွှေတောင်ကုန်းဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ,ထီးချိုင့်မြို့ တည်တော ဆရာတော်, တိပိဋကဓရဆရာတော် အရှင်သုမင်္ဂလာလင်္ကာရ, တိပိဋကဓရ ဆရာတော် အရှင်သိရိန္ဒာဘိဝံသ, ဓမ္မာစရိယ ဦးအေးနိုင်, ဓမ္မာစရိယ ဦးငွေလှိုင် စသော ပညာရှိအပေါင်းတို့က သောင်းသောင်းဖျဖျ ချီးမွမ်းထောမနာကြသည်။

ဆရာတော်၏ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့မှာလည်း ပထမတန်းစား ဖြစ်သည့်အတွက် ကြည်ညိုပူဇော်၍မဝအောင် ရှိရသည်။ ကိုရင်ဘဝကတည်းက ဝိနည်းသိက္ခာကို ကောင်းစွာသိနားလည်ခဲ့သဖြင့် မှည့်တစ်ပေါက်မျှ မစွန်းအောင် အာပတ်အပြစ်ငယ်ကလေးကိုမျှ မလွန်ကျူးမိအောင် သဲလဲစင် ခရုသင်းပွတ်ပမာ ဖြူစင်ကြည်ဝင်းနေအောင် သီလသိက္ခာကို စောင့်ထိန်းသည်မှာ စံတင်လောက်ပေသည်။ အမျိုးသမီးချည်းလာလျှင် အဖူးမြော်မခံ၊ ဝတ္ထုကြေးငွေ လှူလျှင် လက်မခံ၊ ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတသီလ ဟူသော သီလလေးမျိုးစလုံးကို လုံခြုံစွာ စောင့်ထိန်းတော်မူသည်။

အလွန်တည်ကြည်သော ဣန္ဒြေဖြင့် သွားလာလှုပ်ရှားသည်၊ ပြုမူပြောဆိုသည်၊ မှန်ကန်အကျိုးရှိသော စကားကိုသာ ချင့်ချိန်၍ ပြောသင့်သလောက်သာ ပြောဆို၏၊ တိုးတိတ်ညင်သာ ချိုချိုသာသာ ပြောဆို၏၊ မည်သည့်အခါမျှ ဒေါသမထွက်၊ မျက်နှာတော် အမြဲကြည်လင်သန့်ရှင်းသည်၊ ဟိတ်ဟန်, မာန်မာနမထား၊ ဆင်းရဲချမ်းသာ မခွဲခြား၊ မိမိကိုယ်ကို အထူးနိမ့်ချ၍ ထောင်လွှား ဝင့်ကြွားခြင်း မရှိသော နိဝါတ–နိမာနဂုဏ်၊ အလွန်အလိုနည်းသော အပ္ပိစ္ဆာဂုဏ်၊ ရသမျှနှင့် တင်းတိမ်ရောင့်ရဲနိုင်သော သန္တုဋ္ဌိဂုဏ်၊ အလွန်းသည်းခံနိုင်စွမ်းသော ခမာဂုဏ်၊ တစ်ပါးတည်း တိတ်ဆိတ်အေးချမ်းစွာ သီတင်းသုံးတတ်သော ဝိဝေကဂုဏ်၊ သီလ, သမာဓိ, ပညာ အကျင့်သုံးဖြာတို့ တည်တံ့ခိုင်ခံ့သော ထိရဂုဏ်စသော မြင့်မြတ်သည့် ဂုဏ်ပေါင်းအသွယ်သွယ် ဖြိုးပြည့်ကြွယ်သည့်အတွက် ဆရာတော်ကို ဖူးမြော်ကြည်ညို၍မဝအောင် ရှိရသည်။

သိပ္ပံနှင့်နည်းပညာ ထွန်းကားသော ခေတ်တွင် ဓိမ်ခံလူသုံးပစ္စည်းများက ခမ်းနားဆန်းကြယ်လာသည်နှင့်အညီ အများစုက လာဘ်လာဘပေါများရေး၊ ပူဇော်သက္ကာရခံယူနိုင်ရေး၊ ကျော်စောထင်ရှားမှုသိလောက ရရှိရေးတို့အတွက် ကြိုးပမ်းနေကြသည့်အခါ၊ သပြေကန်ဆရာတော်က ဤအရာအားလုံးကို စွန့်လွှတ်၍ ကာမ ရာဂ, ဒေါသ, မာန, ဣဿာ, မစ္ဆရိယ စသည့် တရားဆိုးတို့၏

http://www.dhammadownload.com



အနှောင့်အယှက်လွတ်အောင် သီတင်းသုံးနေထိုင်သည်မှာ ဝမ်းသာကြည်ညိုဖွယ် မဆုံး ဖြစ်ရသည်၊ တကယ်စံထားထိုက်သော ပုဂ္ဂိုလ်ထူးပါပေ။

သပြေကန်ဆရာတော်သည် မိမိ၏ကျန်းမာမှု, ကိုယ်ပင်ပန်းမှုတို့ကို မငဲ့ ကွက်ဘဲ ပရိယတ်-ပဋိပတ်အလုပ်တို့နှင့်သာ တစ်ချိန်လုံး ဘဝကိုမြှုပ်နှံထား တော်မူသည်။ သတ္တဝါအားလုံးတို့အပေါ်တွင် မေတ္တာ, ကရုဏာထား၍ ကိုယ် ကျိုးကို စွန့်လျက် သူတစ်ပါးတို့၏အကျိုး သာသနာတော်၏အကျိုးကို သယ်ပိုး ထမ်းရွက်တော်မူသည်။ သူတစ်ပါးတို့ မေးမြန်းလျှောက်ထားသမျှကို ဖြေကြား တော်မူသည်၊ ပြဿနာများ, ခဲရာခဲဆစ်များကို ဖြေရှင်းပေးသည်၊ စာအုပ်စာမူ များကို ဖတ်ရှုတည်းဖြတ်ပေးသည်၊ ဥယျောဇနကထာများကို ရေးသားချီးမြှင့် ပေးသည်။ ပိဋကတ်စာများကို တည်းဖြတ်သုတ်သင်ခြင်း 'ပါဠိဝိသောဓက' တာဝန်၊ ဝိနည်းနှင့်ဝါဒရေးရာများကို စိစစ်သော 'ဝိနိစ္ဆယ'တာဝန်၊ အကြံဉာဏ် ဩဝါဒများပေးရသည့် 'ဩဝါဒါစရိယ'တာဝန် စသည့် သာသနာ့တာဝန်များ စွာကိုလည်း မညည်းမညူထမ်းရွက်တော်မူသည်။

ဆရာတော်သည် ပျံလွန်တော်မူသည့်အချိန် နီးကပ်သည်အထိ ဒကာ, ဒကာမများကို တရားရေအေး တိုက်ကျွေးပေးတော်မူသည်။ ဆရာတော်သည် ကျမ်းဂန်အဖုံဖုံမှ အနှစ်သာရအစုံစုံတို့ကို တိတိကျကျ ပြတ်ပြတ်သားသား ဟောကြားတော်မူသဖြင့် ဆရာတော်၏တရားများမှာ လိုက်နာကျင့်သုံးရန် ဗဟုသုတစုံလင်လှသည်။ ထို့ကြောင့် နာကြားရသူများကလည်း အားမရနိုင် အောင်ဖြစ်ရသလို ဓမ္မစာစောင်များ, မဂ္ဂဇင်းများကလည်း ဆရာတော်၏ ဟော တရားများကို အလုအယက်ဖော်ပြကြသည်။

ရဟန်းတော် ယောက်ျားပရိသတ်၊ ရဟန်း မိန်းမပရိသတ်၊ ဥပါသကာ ပရိသတ်၊ ဥပါသိကာပရိသတ်ဟူသော ပရိသတ်လေးပါးလုံးပင် အရှင်အာနန္ဒာ မထေရ်ကို ဖူးမြင်ရလျှင် ပျော်ရွှင်ကြ၊ အရှင်အာနန္ဒာ၏တရားတော်ကို နာကြား ရပြန်လျှင် ရွှင်လန်းနှစ်သက်ကြ၊ အရှင်အာနန္ဒာက တရားနိဂုံးသတ်လိုက်သည့် အခါမှာတော့ ပရိသတ်သည် အားရကျေနပ်မှု မဖြစ်သေးဘဲ ဆက်လက်ကာ နာကြားလိုကြ၏၊ ဤကား အရှင်အာနန္ဒာ၏ အံ့ဩဖွယ်အချက်ဟု ဘုရားရှင် ဟောတော်မူ၏။

သပြေကန်ဆရာတော်ဘုရားသည်လည်း အရှင်အာနန္ဒာမထေရ်ကဲ့သို့ပင် အံ့ဖွယ်ရာများ ရှိပါ၏။ ရဟန်းရှင်လူအားလုံးပင်လျှင် ဆရာတော်ကို ဖူးမြင်ရ သောအခါ ကြည်ရွှင်ကြ၊ တရားတော်ကို နာကြားရသောအခါ ဝမ်းသာရွှင်လန်း

http://www.dhammadownload.com



ကြ၊ တရားတော်ပြီးဆုံးသောအခါ အားမရကြသေးဘဲ ဆက်လက်နာကြားလို ကြ၏။ ဆရာတော်၏ မေတ္တာဓာတ်သည်လည်း ကြီးမားလှဘိ၏။

ဆရာတော်သည် ပါဠိစကားပြေ (စုဏ္ဏိယ) နှင့် အနုဂီတိခေါ် သင်္ဂဟဂါထာများ၊ မြန်မာစကားပြေလင်္ကာများကို ရေးသားရာတွင်လည်း ထူးချွန်ပြောင်မြောက်လှပါသည်။ ဘုရားရှင်လက်ထက်တော်က မြတ်စွာဘုရား၏ဂုဏ်တော်များကို ပါဠိဂါထာများဖြင့် လျှပ်တစ်ပြက်သီကုံးဖွဲ့နွဲ့ရာ၌ အမြတ်ဆုံးတေဒဂ်ဘွဲ့ကို ရတော်မူသည့် **အရှင်ဝင်္ဂီသမထေရ်** ကဲ့သို့ပင် အရှင်ဝါသေဋ္ဌာဘိဝံသသည်လည်း ဓမ္မစာပေများကို အဆန်းတကြယ် ချောမောပြေပြစ်စွာ သွက်သွက်လက်လက် ရေးသားသီကုံးနိုင်သည်။

အဘယာရာမ ရွှေဂူတိုက် ဆရာတော်ဘုရားက "ဦးပဋ္ဌင်းက နေတော့ ရိုးရိုး၊ စိတ်ကူးတော့အဆန်းသား" ဟု ချီးကျူး၏။ တောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက "အရှင်ဝါသေဋ္ဌာဘိဝံသဟာ ပညာရှင်များ ငေးရလောက်အောင် ရေးပြတော်မူတဲ့ ဆရာတော်ပါပဲ" ဟု ချီးမွမ်း၏။ တိပိဋကရေသုမင်္ဂလာလင်္ကာရ ဆရာတော်ကလည်း "သပြေကန်ဆရာတော် ရေးသမျှ ငေးရတာချည်းပဲ၊ ဆရာတော် ရေးသားသမျှ ထူးခြားလှသည်ချည်းပဲ၊ ဆရာတော် ရေးသမျှစာအုပ်များဟာ ဒီအတိုင်းချည်းပဲ၊ ဒီကျမ်းများထဲက ပရိတ်ကြီး နိဿယ တစ်မျိုးတည်းဖြင့်ပင် ပညာရှင်အားလုံး ချီးကျူးမဆုံးဖြစ်ခဲ့ရတယ်" ဟု မှန်ကန်စွာ ချီးကျူးတော်မူခဲ့၏။

သပြေကန်ဆရာတော်၏ ပဋိပတ္တိစွမ်းရည်များမှာလည်း ထူးခြားပြောင်မြောက်လှပါသည်။ ဆရာတော်သည် လက်တွေ့ကျင့်ကြံနေထိုင်အားထုတ်မှုဖြင့် ရဟန်းရှင်လူအပေါင်းတို့အား အကောင်းဆုံးကျင့်ကြံနေထိုင်နည်း တရားလမ်းစဉ်ကို မိမိကို စံနမူနာပြု၍ ညွှန်ကြားဆုံးမသွားတော်မူသည်။

ဆရာတော်၏ ထူးခြားပြောင်မြောက်သည့် ဂုဏ်ရည်များကြောင့် နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ ဟူသော အမြင့်ဆုံးဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ပူဇော်ခဲ့သည်။

ဆရာတော်ဘုရား ပျံလွန်တော်မူသည့် ၄ နှစ်မြောက် ပူဇော်သဘင်အခမ်းအနား၌ ဆရာတော်၏ ထေရဂုဏ်ရည်များကို ကျွန်တော်ချီးကျူးပူဇော်ခွင့် ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူ၍ မဆုံးပါ။ ကျွန်တော်၏ စွမ်းရည်ရှိသမျှ ဆရာတော်အား ထိုက်ထိုက်တန်တန် ပူဇော်နိုင်ရန်အတွက် ဆရာတော်၏ ထေရပ္ပတ္တိ၊ ထေရဂုဏ်ရည်များ၊ ဟောတရားများ၊ ရေးတရားများနှင့် ကျင့်ကြံ

http://www.dhammadownload.com



မိန့်ဆိုချက်များကို ဖတ်ရှုလေ့လာခဲ့သည်၊ မေးမြန်းစုံစမ်းခဲ့သည်၊ ဤကြိုးပမ်းချက်များမှ ယခု ဤစာအုပ် ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။

သပြေကန်ဆရာတော်၏ နာမည်၊ ဂုဏ်ရည်များနှင့် ဟော, ပြော, ရေး, ကျင့် တရားများသည် ဤကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲကြပါစေသော်။

ဒေါက်တာမင်းတင်မွန်

http://www.dhammadownload.com







(၁) သာသနာမလဋ္ဌိသောမနီသိမ်တော်

(၂) မဓုရရသကရ ဆွမ်းစားကျောင်းတော်

(၃) ကျက်သရေဆောင် ကျောင်းတော်

ပုငွန်တောင် ရွှေကျင်ကျောင်းတိုက်အတွင်း အဆောက်အအုံများ

http://www.dhammadownload.com

# အခန်း (၁)

## စံတကင်းသည့် စာသင်သားဘဝ
## သာသနာ့တံခွန် မိုးစွန်တမွတ် အထွတ်တင်သူ

မဇ္ဈိမပဋိပဒါ–အလယ်လမ်းစဉ်ဟု အမည်တွင်သော မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားကို ရှာဖွေတွေ့ရှိသဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်တို့ကို ရရှိတော်မူကာ သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူခဲ့သော ဂေါတမမြတ်စွာဘုရားသည် "သုံးမည်ဘုံသိုက်၊ တစ်သောင်းတိုက်ဝယ်၊ ကျွတ်ထိုက်တစ်သူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးကာ၊ ဝါလေးဆယ့်ငါး၊ သက်ကား ရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနှိုင်းမယုတ်၊ ကုသိနာ္ရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ စံတော်မူခဲ့ပါသည်။" သို့ပါသော်လည်း ထိုမြတ်စွာဘုရား၏ မဂ်ဉာဏ်,ဖိုလ်ဉာဏ်,သဗ္ဗညုတဉာဏ်တော်နှင့်တကွ အရဟံအစ ဘဂဝါအဆုံး ဂုဏ်တော်အစုံစုံတို့သည် အာရုံယူကာ ရှိခိုးပူဇော်နိုင်သူတို့၏ နှလုံးသားဝယ် အမြဲထာဝရ ကိန်းအောင်းစံပယ်နေကြမည်ဖြစ်ပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်သွားသည်မှာ နှစ်ပေါင်း ၂၅၀၀ ကျော်လွန်သွားပြီးဖြစ်ပါသော်လည်း ယခုအခါ မြတ်စွာဘုရားရှင်၏ ကိုယ်စားတော် ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီနှင့် ပရိဘောဂစေတီတို့သည် ထီးထီးမားမား တည်ရှိနေကြပေ၏။ ဤစေတီတစ်ဆူဆူကို ဘုရားရှင်အမှတ်ဖြင့် ဘုရားရှင်၏ ဂုဏ်တော်များကို အာရုံယူလျက် ရှိခိုးပူဇော်ကြလျှင် ဘုရားရှင်ကို ပူဇော်ရသည့်အတိုင်း ကောင်းကျိုးချမ်းသာများ ရရှိနိုင်ပါသည်။

သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသကိုယ်တိုင်ပင် **"စေတီနှင့်ရှိသေမှု"** စာအုပ် စာမျက်နှာ ၂၂၊ ၂၃ တို့၌ ဣတိဝုတ္တကဋ္ဌကထာကို ကိုးကား၍

http://www.dhammadownload.com



"သက်တော်ထင်ရှား မြတ်စွာဘုရားကို ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးပူဇော် ရှိသေမှုပြုကြသူတို့သည်လည်းကောင်း၊ ပရိနိဗ္ဗာန်စံတော်မူပြီးသော မြတ်စွာဘုရားတို့ကို ရည်ညွှန်း၍ ဓာတုစေတီ စသည်တို့ကို လုပ်ကျွေးပူဇော် ရှိသေမှုပြုလုပ်ကြသူတို့သည်လည်းကောင်း ဗုဒ္ဓ၌ အလှူဒါနပေးလှူကြသူတို့ မည်ကုန်၏။

"တရားကို ပူဇော်ကြမည်ဟု တရားဆောင်ထားသော ပုဂ္ဂိုလ်တို့ကို ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးပူဇော် ရှိသေမှုပြုကြသူတို့သည်လည်းကောင်း၊ တရားတော်တို့ ကြာမြင့်စွာ တည်တံ့အောင် ပြုလုပ်ဆောင်ရွက်ကြသူတို့သည် လည်းကောင်း တရား၌ အလှူဒါနပြုကြသည် မည်ကုန်၏။

"ထိုအတူ အရိယာသံဃာကို ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးပူဇော် အရိုအသေပြုကြသူတို့သည်လည်းကောင်း၊ ထိုအရိယာသံဃာတော်ကို ရည်ညွှန်း၍ တစ်ပါးသော သမ္မုတိသံဃာ၌သော်လည်းကောင်း၊ ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးပူဇော် ရှိသေသမှုပြုကြသူတို့သည်လည်းကောင်း၊ သံဃာတော်၌ အလှူဒါန ပေးလှူသူတို့မည်ကုန်၏"ဟု ရေးသားထားတော်မူသည်။

သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ ဘဝနတ်ထံ ပျံလွန်သွားသည်မှာ ယနေ့ ဤစာပြုစုချိန်၌ ၄ နှစ်တင်းတင်းပြည့်လာပြီ ဖြစ်ပါသော်လည်း ဆရာတော်၏ ဉာဏ်တော်, ဂုဏ်တော်တို့မှာ ရှင်သန်ဖူးပွင့်လျက်ပင် ရှိပါသည်။ ဆရာတော်၏ သက်ရှိကိုယ်တော်ကို ရည်မှန်း၍ အာရုံယူနိုင်ရန် ဆရာတော်ဘုရား၏ ရုပ်တုများနှင့် ရုပ်ပုံ, ဓာတ်ပုံများသည်လည်း အထင်အရှားပင် ရှိနေကြပါ၏။

ဘုရားဂုဏ်တော်များကို အာရုံပြု၍ ဘုရားကိုယ်တော်ကို စိတ်ဖြင့်ရည်မျှော် အာရုံယူပူဇော်ခြင်းသည် ဘုရားရှင်ကို ရှိခိုးပူဇော်သည် မည်သကဲ့သို့ ဆရာတော်၏ ဂုဏ်တော်များကို အာရုံပြု၍ ဆရာတော်ကို စိတ်ဖြင့်ရည်မျှော် အာရုံယူပူဇော်ခြင်းသည် သက်တော်ထင်ရှား ဆရာတော်ဘုရားကို ရှိခိုးပူဇော်ရခြင်းနှင့် တူပါသည်။

လူပင်သေသော်လည်း ကောင်းဂုဏ်များနှင့် နာမည်ကား မသေ၊ ကမ္ဘာတည်သရွေ့ တည်ရှိနေမည့်အကြောင်းကို သပြေကန်ဆရာတော်သည် မိမိအား လာရောက်ကန်တော့ကြသော နီပေါသီလရှင် (၃) ပါး၊ မလေးရှားသီလရှင် (၂) ပါးနှင့် မြန်မာသီလရှင်များကို ဤသို့မိန့်ဆိုဖူး၏–

"ဂုဏ်ဆိုတာ ရှိရတယ်၊ ခန္ဓာကိုယ်ကြီးက ပျက်စီးသွားပေမယ့် ဂုဏ်ဆိုတာကတော့ ကမ္ဘာတည်သရွေ့ ရှိနေမှာပဲ၊ ကမ္ဘာကျေသော်လည်း ဥဒါန်းမကျေ

http://www.dhammadownload.com



စေရဘူး၊ လူသေပေမယ့် နာမည်မသေစေရဘူး၊ စာသင်နေကြတဲ့ ဆရာလေး တွေဆိုတော့ ပရိယတ်ဂုဏ်, ပဋိပတ်ဂုဏ် ထွန်းထွန်းပေါက်ပေါက်ဖြစ်အောင် ကြိုးစားကြရမယ်၊ ကြိုးစားနိုင်ကြပါစေ။"

အပြောနှင့်အလုပ် ညီညွတ်တော်မူသော သပြေကန်ဆရာတော်ဘုရားသည် ကမ္မာကျေသော်လည်း ဥဒါန်းမကျေရအောင် ရဟန်းရှင်လူအပေါင်းတို့ ကြည် ညို၍ မဝအောင် ကမ္မာတည်သရွေ့ ဥဒါန်းတွင်ရစ်အောင် မြားမြောင်လှသော ကောင်းဂုဏ်များကို ထွန်းထွန်းပေါက်ပေါက် ကြိုးစားတည်ဆောက်ခဲ့ပါပေ၏။

## ထူးခြားသော ပါရမီဓာတ်ခံ

ရွှေကျင်တွဲဖက်သာသနာပိုင် နိုင်ငံတော်၏ ဆရာသခင် အဘိဓဇ မဟာ ရဋ္ဌဂုရု ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ၏ အလောင်းအလျာ ဖြစ်တော်မူသော သတို့ သားငယ်ကို သန်လျင်မြို့နယ် ချောင်းဝရွာ၌ ၁၂၇၂ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက် ဗုဒ္ဓဟူးနေ့ ညဥ့်သန်းခေါင်ယံအချိန်တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါ သည်။ ငယ်မည်မှာ မောင်လှိုင်ဖြစ်၏။

မိဘနှစ်ပါးမှာ ဦးဘိုးစိန်နှင့် ဒေါ်အိမ်တို့ ဖြစ်ကြ၏။

ဆရာတော်ဘုရားသည် ခန့်ညားထည်ဝါသော မျက်နှာပုံနှင့် ရွှေဘိုသား မြန်မာစစ်စစ်ဟု ထင်ရသော်လည်း မိဘတို့သည် မြန်မာတိုင်းရင်းသားများ မဟုတ်ချေ။ ဦးဘိုးစိန်သည် တမီလ်ကုလားမျိုးနွယ်ဖြစ်ပြီးလျှင် ဒေါ်အိမ်သည် ကရင်မျိုးနွယ်ဖြစ်၏။ ပြည်ထောင်စုတိုင်းရင်းသားများ ဖြစ်ကြ၏။ အမျိုးအနွယ် ဟူသည်မှာ ပညတ်သာဖြစ်၍ ပဓာနမဟုတ်၊ ရုပ်နာမ်ပရမတ် ပါရမီဓာတ်ခံသာ လျှင် ပဓာန ဖြစ်ပါသည်။

ထိုသူငယ်၏ ထူးခြားသော အကြောင်းတစ်ရပ်မှာ ပဋိသန္ဓေတည်နေသည့် အခါမှစ၍ မွေးဖွားသည့်ကာလတိုင်အောင် သူငယ်အားလည်းကောင်း မိခင် အားလည်းကောင်း ဆင်းရဲခြင်းမရှိဘဲ ပကတိချမ်းသာစွာ နေထိုင်ကာ မွေးဖွား ခဲ့ရခြင်းပင် ဖြစ်ပါ၏။

ဦးဘိုးစိန်, ဒေါ်အိမ်တို့သည် ကုန်သွယ်မှုလုပ်ငန်းဖြင့် အသက်မွေး ဝမ်း ကျောင်းကြ၏။ မချမ်းသာသော်လည်း သင့်တင့်လောက်ငစွာ နေထိုင်ကြရ၏။ သားသုံးယောက် ဖြစ်ထွန်းသည့်အနက် မောင်လှိုင်သည် သားကြီးဩရသ ဖြစ် ၏။ သားသုံးယောက်စလုံးပင် သာသနာ့ဘောင်သို့ ဝင်ရောက်၍ စာတတ်ပုဂ္ဂိုလ် များ ဖြစ်လာကြသည်ကို ထောက်ရှုလျှင် မိဘနှစ်ပါးသည် သဒ္ဓါတရားပြည့်စုံ၍

http://www.dhammadownload.com



ပညာကို လိုလားကာ သာသနာစိတ်ဓာတ် ထက်သန်ကြကြောင်း သိသာလှပါသည်။

ဦးဘိုးစိန် ကိုယ်တိုင်ပင်လျှင် အသက်ကြီးလာသောအခါ ရသေ့ဘဝသို့ ကူးပြောင်း၍ မြန်မာနိုင်ငံမှသည် အိန္ဒိယနိုင်ငံ ဘုရားပွင့်ထွန်းရာ ဗုဒ္ဓဂါယာသို့ အသွားအပြန် ခြေလျင်ကြွလှမ်း၍ သာသနာ့အောင်မြေနှင့် ဗောဓိညောင်ရွက်များကို ယူဆောင်လာပြီးလျှင် သန်လျင်မြို့နယ် မင်္ဂလွန်းရွာ၌ စေတီတည်ထားသည်၊ ထိုစေတီအနီး၌ပင် အသက်ထက်ဆုံး ရသေ့ဘဝဖြင့် နေထိုင်သွားပေ၏။

မောင်လှိုင်သည် ကလေးငယ်ဘဝကတည်းကပင်လျှင် အေးအေးလူလူ တစ်ဦးတည်းနေထိုင်တတ်၍ မိဘတို့အား ပူဆာမှုဖြင့် စိတ်ငြိုငြင်အောင် မပြုမူခဲ့ချေ။ ကလေးငယ်၏ အကင်းပါးပုံနှင့် ဉာဏ်ပညာထက်မြက်ပုံတို့ကို ရိပ်စားမိ၍ မိဘတို့သည် မောင်လှိုင်အား အသက် (၅) နှစ်အရွယ်၌ပင်လျှင် ရှင်သာမဏေ ပြုပေးခဲ့၏။ သာသနာ့ဘောင်၌ ပျော်ပိုက်၍ လူဝတ်မလဲလိုတော့သည်ကို အသက်ငယ်သေးသည်က တစ်ကြောင်း၊ အတန်းပညာ သင်အံစေလိုသည်က တစ်ကြောင်းတို့ကြောင့် မိဘတို့က လူဝတ်လဲစေခဲ့၏။

အသက် (၇) နှစ်အရွယ်တွင် မြန်မာစာသင်ကျောင်း၌ ပညာသင်ယူရသောအခါ မောင်လှိုင်သည် သူငယ်တို့သင်အပ်ရာ သင်ပုန်းကြီး၊ မင်္ဂလသုတ် စသည်တို့နှင့်တကွ ဂဏန်းသင်္ချာတို့ကို အရွယ်နှင့်မမျှအောင် လွယ်ကူလျင်မြန်စွာ တတ်မြောက်သည်ကို တွေ့ရ၍ ဆရာများနှင့် ရွာသူရွာသားများတို့၏ ချီးမွမ်းခြင်းကို ခံယူရ၏။ နောင်အခါ အဆင့်မြင့်သောပရိယတ္တိစာပေများကို လေ့လာရာတွင် မောင်လှိုင်၏ သူမတူအောင်ထက်မြက်သော ဉာဏ်ပညာကို မိဘများနှင့် ဆရာသမားတို့က ရွှင်လန်းအားရစွာ ပို၍ပို၍ သိမြင်လာကြရပေသည်။

မောင်လှိုင်သည် သာသနာတော်ထွန်းတောက်ရာအရပ်၌ သဒ္ဓါတရားထက်မြက်ကြသည့် မိဘနှစ်ပါးထံတွင် ဖွားမြင်ရခြင်းဟူသော **ပဋိရူပဒေသဝါသမင်္ဂလာ၊** သူတော်ကောင်းတရားကို ဟောကြားညွှန်ပြပေးနိုင်သော ပညာရှိဆရာသမားကောင်းများထံ ဆည်းကပ်ရခြင်းဟူသော **ပဏ္ဍိတာနဉ္စသေဝနာမင်္ဂလာ၊** ဤသို့ကြုံတွေ့အောင် ရှေးရှေးဘဝ၌ ပြုခဲ့ဖူးသော ကောင်းမှုရှိခြင်းဟူသည့် **ပုဗ္ဗေစကတပုညတာ မင်္ဂလာ၊** ငယ်စဉ်ကတည်းက သူတော်ကောင်းတရားကို သိနားလည်ခွင့် ရသည့်အတွက် မိမိကိုယ်စိတ်ကို ကောင်းစွာထိန်းသိမ်းနိုင်ခြင်းဟူသော **အတ္တသမ္မာပဏိဓိစ မင်္ဂလာ၊** ဤသို့ **သမ္ပတ္တိစက်လေးပါးနှင့် ပြည့်စုံ၍** ပါရမီဓာတ်ခံကောင်းနှင့် ပြည့်စုံတော်မူသော ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသကို ရှေးဦးပထမ လိုက်လှဲစွာ ကြည်ညိုရပါသည်။

http://www.dhammadownload.com



## အထက်တန်းကျကျ သံသရာလည်စေသော စက်လေးပါးမင်္ဂလာ

*၁။ ရှေးက ဆောင်းစု၊ ကိုယ်တိုင်ပြု၊ ကောင်းမှုရှိခဲ့တာ။*

*၂။ သင့်တင့်လျောက်ပတ်၊ နေရာမြတ်၊ ချဉ်းကပ်နေရပါ။*

*၃။ စိတ်ထားဖြူစင်၊ ပညာရှင်၊ ခင်မင်ဆုံတွေ့လာ၊*
*သူတော်ကောင်းဓာတ်၊ တရားမြတ်၊ သိမှတ်ရပေရာ။*

*၄။ ကိုယ်နှုတ်စိတ်ကို၊ ကောင်းအောင်ကို၊ ထားသိုကျင့်ကြံလာ။*
*ဤမင်္ဂလေးပါး၊ လှည့်ပတ်ငြား၊ ကြီးပွားအမှန်ပါ။*
*ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၊ ကောင်းကျိုးပြည့်ဝမှာ။*

## စံတုကင်းသည့် ရှင်သာမဏေကျော်

မောင်လှိုင် အသက် (၉) နှစ်အရွယ်တွင် မိဘနှစ်ပါးတို့သည် ချောင်းဝရွာမှ မင်္ဂလွန်းရွာသို့ ပြောင်းရွှေ့နေထိုင်ကြသဖြင့် မောင်လှိုင်ကလေးသည်လည်း လိုက်ပါသွားရ၏။ မင်္ဂလွန်းရွာ၌ နေထိုင်စဉ် ရှေးရှေးသောဘဝများက ဆည်းပူးခဲ့သည့် ပါရမီဓာတ် နိုးဆော်တိုက်တွန်းအပ်သဖြင့် မည်သူမျှတိုက်တွန်းခြင်း မရှိဘဲလျက် မိမိအလိုအလျောက် ရှင်သာမဏေပြုလိုသည့် စိတ်ဆန္ဒ ဖြစ်ပေါ်လာ၏။ မိဘတို့ကို ပူဆာတောင်းပန်လေရကား မိဘနှစ်ပါးတို့ကလည်း **"ငါတို့သည် သာသနာ့ဒါယကာ – သာသနာတော်၏ အဆွေအမျိုး ဖြစ်ရတော့မည်"** ဟူ၍ ဝမ်းမြောက်ဝမ်းသာကြလျက် **မင်္ဂလွန်းရွာ ဘုန်းတော်ကြီး ဦးရေဝတ** ထံတွင် သားငယ်ကို အပ်နှံလျက် **သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာသဘင်** ကို ဆင်ယင်ကျင်းပကြလေ၏။

ရှင်သာမဏေငယ်အား ဦးရေဝတ ချီးမြှင့်သော ဘွဲ့အမည်မှာ **'ရှင်ဝိမလ'** ဖြစ်၏။ ရှင်ဝိမလလည်း ဦးရေဝတထံတွင် သဒ္ဒါနှင့် ဗေဒင်တို့ကို စတင်၍ သင်ယူခဲ့ရာ ဆရာ၏ ကျေနပ်အားရမှုကို ခံယူရ၏။ သို့သော် သုံးလမျှကြာလတ်သော် ဦးရေဝတသည် မင်္ဂလွန်းရွာကျောင်း၌ မပျော်ပိုက်ဘဲ ရန်ကုန်သို့ ကြွသွားလေရာ ပြန်မလာတော့ချေ။ ထို့ကြောင့် ရှင်ဝိမလသည် ကျောင်းတစ်ကျောင်းကိုရင်တစ်ပါး ဆိုသလို ဖြစ်နေရ၏။

အလှမ်းမဝေးလှသော သပြေကန်ရွာတွင်ကား ထင်ရှားကျော်ကြားလျက် ရှိသည့် **မဟာဓမ္မိကာရာမ တိုက်သစ်** သည် တည်ရှိပေ၏။ ထိုစာသင်တိုက်သစ်သည် ကျောင်းကြီးကျောင်းငယ်များ၊ အသီးအပွင့်စုံလင်သော သစ်ပင်ပန်းဥယျာဉ်

http://www.dhammadownload.com



နှင့်တကွ ပျားပိတုန်းများသဲဖွယ် သွားလာလှုပ်ရှားနေကြသည့် စာသင်သားများစွာတို့နှင့် စည်ကားလျက်ရှိ၏။

ထိုစာသင်တိုက်မှ စာသင်သားအချို့တို့သည် မင်္ဂလွန်းရွာဘုရားပွဲသို့ ကြွရောက်လာကြသောအခါ ရှင်ဝိမလအား မိမိတို့စာသင်တိုက်၌ လာရောက်သီတင်းသုံးရန် ဖိတ်ခေါ်တိုက်တွန်းကြ၏။ ကျေးဇူးရှင်မိဘနှစ်ပါးတို့ကလည်း ရင်သွေးရတနာအား စာပေတတ်မြောက်စေလိုကြသဖြင့် ကြည်ဖြူစွာပင် သဘောတူခွင့်ပြုကြ၏။ သို့အတွက် ရှင်ဝိမလသည် သပြေကန်ရွာသို့ လိုက်ပါသွားလေ၏။

ထိုသပြေကန် မဟာဓမ္မိကာရာမ ဆရာတော်သည် ပိဋကတ်သုံးပုံဟူသည့် ပရိယတ်စာပေတွင် ကျွမ်းကျင်ပေါက်ရောက်ပြီးလျှင် သဒ္ဒါကြီးနိဿယ၊ သုတ္တသင်္ဂဟနိဿယ၊ ကစ္စာယန သံခိတ္တဒီပနီ အစရှိသော ကျမ်းဂန်များကို ရေးသားပြုစုတော်မူသဖြင့် နောင်အခါတွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံရရှိသည့် ဂန္ထကာရကတစ်ဆူ ဖြစ်တော်မူ၏။ ဝိနည်းအရာ၌ ကျွမ်းကျင်လိမ္မာ၍ ဂိုဏ်းသံဃာအများက လေးစားကြည်ညိုရသော ဝိနယဓရပုဂ္ဂိုလ်လည်း ဖြစ်တော်မူ၏။ ဤမျှ ထင်ပေါ်ကျော်ကြားသော ဆရာတော်ကြီးနှင့်တကွ စာပေကျမ်းဂန်တွင် နှံ့စပ်ကျွမ်းကျင်တော်မူကြသည့် စာချဆရာတော်များထံတွင် ရှင်ဝိမလသည် အားရရွှင်လန်းစွာ ပညာဆည်းပူးခွင့်ရလေပြီ။

မဟာဓမ္မိကာရာမ ဆရာတော်ကြီးသည် မိမိဆရာသမားများကို အလွန်လေးစားကြည်ညိုတော်မူသဖြင့် မိမိ၏ ဆရာသမားများ၏ ဘွဲ့အမည်များကို မခေါ်ဝေါ်လိုချေ။ မိမိ၏ဆရာတစ်ဦးမှာ အရှင်နာဂဘွဲ့အမည်ရှိ တွံတေးဆရာတော် ဖြစ်သည့်အတွက် ရဟန်းခံကမ္မဝါဖတ်သောအခါ၌ နာဂဟု မဖတ်စေဘဲ ဒတ္တစသည်ဖြင့် လွှဲပြောင်း၍ ဖတ်ဆိုစေတော်မူ၏။ ထို့အတူ ရှင်ဝိမလအမည်မှာ မိမိ၏အခြားဆရာတစ်ဦး၏အမည်နှင့် တူနေသည့်အတွက် ရှင်ဝိမလကို **ရှင်ဝါသေဋ္ဌ** ဟူ၍ ဘွဲ့အမည်ပြောင်းလဲပေးလိုက်၏။

ရှင်ဝါသေဋ္ဌသာမဏေငယ်၏ အနေအထိုင် အပြုအမူတို့သည် အခြားသော သူငယ် ရှင်ငယ်တို့နှင့်မတူ၊ တစ်မူထူးခြားနေ၏။ အခြားသော သူငယ်ရှင်ငယ်တို့သည် ခုန်ပေါက်ပြေးလွှား ကစားမြူးထူး အပျော်ကြူးကြလျက် ကူဖော်လောင်ဖက် ဝိုင်းဝန်းလုပ်ကိုင်ရန် ဝေးစွ၊ ပျင်းရိထုံပေ လျှပ်ပေါ်လေလွင့် မတည်ကြည်သော အမူအရာများနှင့်သာ နေထိုင်တတ်ကုန်၏။ မိဘတို့အား စိတ်မအေးဖွယ်ရာ များစွာသောစိတ်ပူပင်သောကများကို ဖြစ်ပေါ်စေကြ၏။

ရှင်ဝါသေဋ္ဌသာမဏေငယ်မှာမူ ဤသို့သဘောမရှိ၊ အပေါင်းအဖော်တို့နှင့်

http://www.dhammadownload.com



ကြာမြင့်စွာ တွဲဖက်၍မနေ၊ မိဘနှင့်ဆရာသမားများကိုလည်း ပူပင်သောက မဖြစ်စေပါ။ သမင်ငယ်ကလေးသည် အမိထံပါးတွင် တင့်တယ်ပျော်ပါးကာ ကစားမြူးထူးနေသကဲ့သို့ ရှင်ဝါသေဌသည် မိဘနှင့်ပမာတူ၍ မိမိ၏ဥစ္စာလည်းဖြစ်သော စာပေကျမ်းဂန်များအကြားတွင် ပျော်ပါး၍နေလေ့ရှိ၏။ ကျမ်းဂန်များကို ကြည့်ရှု, ကျက်အံ, ကြံစည်ရေးသားကာ နေထိုင်လေ့ရှိ၏။

ရှင်ဝါသေဌသည် ဉာဏ်ပညာထက်မြက်၍ မှတ်ဉာဏ်ကလည်း အလွန်တရာ ကောင်းမွန်သည့်အတွက် (၁၃) နှစ်အရွယ်၌ပင်လျှင် သဒ္ဒါ, သင်္ဂြိုဟ်, ငိုကာကျော်, ပုဒ်စစ်, ဘေဒစိန္တာကျမ်းများနှင့် ညဝါမာတိကာ, ဓာတုကထာ စသော ကျမ်းများကို သင်အံပေါက်မြောက်ပြီး ဖြစ်လေ၏။ ပထမငယ်တန်း စာမေးပွဲကို ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းလိုက်ပါ၏။ သို့သော် အသက် (၁၅) နှစ်မပြည့်သေးသဖြင့် အပယ်ခံလိုက်ရ၏။ ဤအကြောင်းသည်ပင်လျှင် ငယ်–လတ်–ကြီး စာမေးပွဲများကို နှစ်ချင်းဆက်အောင်မြင်ရန် အကြောင်းဖန်လာပေ၏။

ကောဇာသက္ကရာဇ် ၁၂၈၇ ခုနှစ်တွင် အသက် (၁၅) နှစ်ပြည့်ပြီဖြစ်၍ အစိုးရပထမပြန် စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုရာ **ပထမငယ်** ကို အလွယ်တကူ အောင်မြင်လေ၏။ ထို့အပြင် ပုဂံတောင် ဝိနည်းစာပြန်ပွဲကြီးနှင့် ရန်ကုန် ကျောင်းတော်ရာ ဝိနည်းစာပြန်ပွဲကြီးများ၌ ရဟန်းတော်များပင်လျှင် ပြန်စွမ်းနိုင်ခဲသော ဘိက္ခုဝိဘင်း၊ ဘိက္ခုနီဝိဘင်းဟူသော **ဥဘတောဝိဘင်း ပါဠိတော်ကြီး** ကို ဝတ္ထုနိဒါန်းနှင့်တကွ အရပြန်ဆိုနိုင်ပေ၏။ ထို့ကြောင့် **ဥဘတော ဝိဘင်္ဂရေအဘွဲ့** ဖြင့် ချီးမြှင့်ခြင်းကို ထိုက်ထိုက်တန်တန် ခံယူရပေ၏။

မဟာဓမ္မိကာရာမ ဆရာတော်ဘုရားသည် မိမိ၏ စာသင်သား တပည့်ငယ်၏ စွမ်းဆောင်မှုကို အားရကျေနပ်လှသည့်အတွက် ဆွမ်းမခံစေတော့ဘဲ စာပေကိုသာ ကြိုးစားလေ့လာရန် အထူးချီးမြှောက်တော်မူ၏။

ရှင်ဝါသေဌသည် ၁၂၈၈ ခုနှစ် အသက် (၁၆) နှစ်အရွယ်၌ **ပထမလတ်** ကို အောင်မြင်ပြီးလျှင် ၁၂၈၉ ခုနှစ် အသက် (၁၇) နှစ်အရွယ်၌ **ပထမကြီး** ကို နှစ်ချင်းဆက် အောင်မြင်၏။

ထိုအခါက တစ်နိုင်ငံလုံး အောင်မြင်ခဲ့သော ပထမကြီးတို့တွင် အသက်အငယ်ဆုံး ပထမကြီးဖြစ်သည့်အပြင် မဟာဓမ္မိကာရာမတိုက်သစ်ကိုတည်ထောင်ခဲ့သည်မှာ နှစ်အတန်ကြာလာပါသော်လည်း ပထမကြီးတစ်ပါးမျှ ယခင်က မပေါ်ပေါက်ခဲ့ဖူးချေ။ ရှင်ဝါသေဌသည် အာဒိကမ္မိက ပထမဦးဆုံး ပထမကြီး အောင် သာမဏေအဖြစ်ဖြင့် စံတင်ခံရပေ၏။

http://www.dhammadownload.com



၁၂၉၀ ခုနှစ်၌ ပုဂံတောင် စာပြန်ပွဲကြီးနှင့် ရန်ကုန်ကျောင်းတော်ရာ စာပြန်ပွဲကြီးတို့တွင် ဥဘတောဝိဘင်းနှင့် မဟာဝါပါဠိတော်ကြီးများကို ပြန်ဆိုခဲ့၏။ တစ်ဖန် ၁၂၉၁ ခုနှစ် အသက်(၁၉) နှစ်အရွယ်၌ ထိုစာပြန်ပွဲဌာနကြီးနှစ်ခုတို့တွင်လည်းကောင်း၊ သပြေကန် မဟာဓမ္မိကာရာမ ဝိနည်းစာပြန်ပွဲ၌ လည်းကောင်း၊ ပါရာဇိကဏ်၊ ပါစိတ်၊ မဟာဝါ၊ စူဠဝါ၊ ပရိဝါဟူသော **ဝိနယ ပိဋကတ်တော်–ဝိနည်းငါးကျမ်းပါဠိတော်** ကို ဝတ္ထုနိဒါန်း, ပဒဘာဇနီတို့ပါမကျန် အကုန်ပြန်ဆိုနိုင်လေ၏။ သို့ဖြစ်၍ **ဝိနယဓရဘွဲ့ထူး** ကို အံ့ဩချီးကျူးစဖွယ်ကောင်းအောင် ခံယူရရှိပေ၏။

ထိုခေတ်အခါက ရဟန်းတော်များပင်လျှင် ပါဠိတော်ပြန်ဆိုနိုင်သူ အနည်းအကျဉ်းသာရှိခဲ့ရာ သာမဏေဘဝဖြင့် ဝိနည်းပါဠိတော်အပြည့်အစုံကို ချောမောပြေပြစ်စွာ ပြန်ဆိုနိုင်သူမှာ ရှင်ဝါသေဋ္ဌတစ်ပါးသာ ရှိပေ၏။ သာမဏေဘဝဖြင့် သူတင်ထားခဲ့သည့် စံချိန်များကိုလည်း နောက်နောင်ပုဂ္ဂိုလ်တို့ ကျော်လွှားရန် ခဲယဉ်းလှပေ၏။ ထို့ကြောင့် ရှင်ဝါသေဋ္ဌသည် စံတုကင်းသည့် သာမဏေကျော် တစ်ပါး ဖြစ်ပါပေ၏။

အံ့ချီးဂုဏ်ယူစဖွယ် စွမ်းဆောင်နိုင်ခဲ့သော ရှင်ဝါသေဋ္ဌအား ရဟန်းရှင်လူတို့က ချီးမွမ်းထောမနာကြ၏၊ ဆရာတော်ကြီးများက အားရချီးမြှောက်ကြ၏။ မန္တလေးမဟာဝိသုဒ္ဓါရုံ တိုက်အုပ်ဆရာတော်ဘုရားက သာသနာတော်၌ အမြဲနေဖို့ရန် ကတိတောင်းခံပြီးလျှင် အတ္ထုပ္ပတ္တိကိုပါ တောင်းယူ၍ ရွှေကျင်နိကာယမှတ်တမ်း၌ မှတ်တမ်းတင်ပေးထားတော်မူ၏။ ရှင်သာမဏေဘဝဖြင့် ရွှေကျင်နိကာယ၌ မှတ်တမ်းအတင်ခံရသူမှာ ဤအရှင်တစ်ပါးသာ ရှိပေ၏။

## သာသနာ့အင်ကြင်းတောကို တင့်မောလှပစေသည့် ရဟန်းမြတ်

ကောဇာသက္ကရာဇ် ၁၂၉၂ ခုနှစ် ဝါဆိုလဆုတ်(၁)ရက်နေ့တွင် ရှင်ဝါသေဋ္ဌသည် သက်တော်(၂၀) နှစ်ပြည့်မြောက်လာသဖြင့် သပြေကန် မဟာဓမ္မိကာရာမ တိုက်သစ်၌ **မဟာဓမ္မိကာရာမ ဆရာတော်ဘုရားကို ဥပဇ္ဈာယ်ဆရာပြုလျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ တက်လှမ်းတော်မူ၏။**

၁၂၉၃ ခုနှစ် ရဟန်းတစ်ဝါအရတွင် စေတီယင်္ဂဏအသင်း အာဂုံပြန်တမ်း၌ သဂါထာဝဂ္ဂသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ မဟာဝဂ္ဂသံယုတ်ဟူသော **သံယုတ်ငါးကျမ်း** ကို ပြန်ဆိုအောင်မြင်တော်မူရာ **"ဝါသေဋ္ဌာဘိသိရီပဝရ သာသနဓဇ သံယုတ္တဘာဏကာဘွဲ့"** တံဆိပ်တော်ကို ခံယူရရှိ၏။ ရန်ကုန်မြို့၌ ထင်ရှားကျော်ကြားသော ဆရာတော်များ

http://www.dhammadownload.com



၏ မျက်မှောက်ဝယ် ပြန်ဆိုခဲ့ရသဖြင့် ဆရာတော်ဘုရားများ၏ အားရကျေနပ်မှုကို ခံယူရရှိ၏၊ အောင်မြေဘုံစံဆရာတော်, တောင်ဘီလူးဆရာတော် စသော ဆရာတော်များ၏ အာမိသဝတ္ထုဖြင့် ချီးမြှင့်ပူဇော်ခြင်းကိုလည်း ခံယူရ၏။

၁၂၉၄ ခုနှစ်တွင် ကျောင်းတော်ရာ ရွှေကျင်တိုက် ဝိနည်းစာပြန်တော်ပွဲကြီး၌ သံယုတ်ငါးကျမ်းကိုပင် ထပ်မံပြန်ဆိုသဖြင့် "သံယုတ္တဘာဏကဘွဲ့" ကို ရရှိခဲ့ပြန်၏။

ထိုနှစ် ရဟန်းနှစ်ဝါအရတွင် ပိဋကတ်စာပေ ထွန်းကားကျော်ကြားရာ ပခုက္ကူမြို့သို့ ကြွသွား၍ **မဟာဝိဇယာရာမတိုက် ဆရာတော်ဘုရား** ထံ ချဉ်းကပ်မှီခိုကာ ပညာသင်ကြားခွင့် ရလေ၏။ အရှင်ဝါသေဋ္ဌအား ဆရာတော်ဘုရားကြီးက စာဆိုခွင့်ပေးပါ၏၊ သို့ရာတွင် အရှင်ဝါသေဋ္ဌသည် ကျန်းမာရေး ချို့ယွင်းလာသဖြင့် စာမဆိုနိုင်ခဲ့ပါ။ စာမဆို စာမချနိုင်ပါသော်လည်း ကိုရင်ဘဝကပင် ဝိနည်းပါဠိတော်ကြီးများကို ပြန်ဆိုခဲ့ခြင်း၊ ရဟန်းတစ်ဝါအရ၌ သံယုတ်ပါဠိတော်ကြီးများကို ပြန်ဆိုခဲ့ခြင်းဟူသော သင်းပျံ့မွှေးကြိုင်သည့် ဂုဏ်သတင်းများကို ကြားသိတော်မူသဖြင့် မဟာဝိဇယာရာမတိုက် ဆရာတော်သည် အရှင်ဝါသေဋ္ဌအား နှစ်သက်မြတ်နိုးတော်မူသဖြင့် ဆွမ်းမခံစေဘဲ ဆွမ်းကျွေးထားကာ ချီးမြှောက်တော်မူ၏။

အရှင်ဝါသေဋ္ဌသည် ကျန်းမာရေး မကောင်းသည့်အတွက် သကျသီဟ စာမေးပွဲကို ဝင်ရောက်ဖြေဆိုဖို့ စိတ်ကူးမထားပါ၊ သို့သော် သူ၏ဉာဏ်စွမ်းရည်ကို သိမြင်ကြသော သီတင်းသုံးဖော်များနှင့် ဆရာတော်များက ဝင်ဖြေဆိုရန် တိုက်တွန်းကြ၏။ သို့အတွက် အရှင်ဝါသေဋ္ဌသည် ပခုက္ကူမဟာဝိဇယာရာမတိုက်၌ (၂) နှစ် သီတင်းသုံးပြီးနောက် သကျသီဟစာမေးပွဲ ဝင်ရောက်ဖြေဆိုရေးအတွက် မန္တလေးမြို့သို့ ကြွသွားရပြန်သည်။ မန္တလေးမြို့တွင် ပိဋကတ္တယဆောင်, သက္ကတဝိဒူဟု ပညာရှင်များ လေးစားရသော **အဘယာရာမ ရွှေဂူတိုက်သစ်ဆရာတော်ဘုရား** ထံ ပညာသင်အံ့ခွင့်ရလေ၏။

အရှင်ဝါသေဋ္ဌသည် ပိဋကတ်စာပေများကို လေ့လာဆည်းပူးရင်း သက္ကတကျမ်းများနှင့် မာဂဓကျမ်းများကိုလည်း သင်အံဆည်းပူး၏။ စာပေကိုလည်း တတ်စွမ်းသမျှ ပို့ချပေး၏။ ရွှေဂူတိုက်သစ်ဆရာတော်ဘုရားက စာချခန့်ထားသည်တော့ မဟုတ်သေးပါ။ မိမိစေတနာအလျောက် ပို့ချပေးနေခြင်းဖြစ်၏။ အတ္တ-ပရ အကျိုးနှစ်ဝကို ရယူနေခြင်း ဖြစ်ပါ၏။

အဘယာရာမ ရွှေဂူတိုက်သစ်ဆရာတော်ဘုရားက သမ္ဗန္ဓစိန္တာ စာကိုယ်ဋီကာနိဿယကို ပုံနှိပ်မည်ရှိရာ အရှင်ဝါသေဋ္ဌအား နိဒါန်းရေးစေ၏။ ထိုနိဒါန်း

http://www.dhammadownload.com



ကို ဆရာတော်ဘုရားက နှစ်သက်တော်မူသဖြင့် အရှင်ဝါသေဋ္ဌအား "ဦးပဥ္စင်းက နေတော့ ရိုးရိုး၊ စာရေးတော့ အဆန်းသား"ဟု ချီးကျူးတော်မူ၏။ ဆရာတော်ဘုရားကိုယ်တိုင်ပင်လျှင် နိဒါန်းစာအောက်၌ **"ဦးဝါသေဋ္ဌ–ဓမ္မာစရိယ"** ဟု ရေးသားချီးမြှင့်တော်မူ၏။ သကျသီဟစာချတန်းကို အရှင်ဝါသေဋ္ဌ မအောင်မြင်သေးမီ ဆရာတော်ဘုရားက ဓမ္မာစရိယဘွဲ့ကို ချီးမြှင့်လိုက်ခြင်း ဖြစ်ပေ၏။

အရှင်ဝါသေဋ္ဌသည် တစ်ဖက်က ပိဋကတ်စာပေ, သက္ကတစာပေတို့ကို လေ့လာလျက် အခြားတစ်ဖက်ကလည်း စာပေပို့ချရင်းဖြင့် သကျသီဟစာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ လေးနှစ်အတွင်းဝယ် စာသင်တန်း, စာချတန်း နှစ်တန်းလုံးကို ပီပီပြင်ပြင် ပြောင်ပြောင်မြောက်မြောက် အောင်မြင်တော်မူ၏။ ထို့ကြောင့် **"ဝါသေဋ္ဌာဘိဝံသ ပရိယတ္တိသာသနာဟိတ ဓမ္မာစရိယဘွဲ့"** တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

ဤနေရာဝယ် အံ့သြဂုဏ်ယူဖွယ်ဖြစ်ရပ်တစ်ခုကို တင်ပြလိုပါ၏။ မန္တလေး သကျသီဟစာမေးပွဲသည် မြန်မာနိုင်ငံတွင် အလွန်နာမည်ကြီးသော စာမေးပွဲတစ်ခုဖြစ်၏။ အောင်မြင်ရန် ခဲယဉ်းလှ၊ ကြိုးစားရာတွင် ပင်ပန်းလွန်းလှသဖြင့် "လူသတ်ပွဲ"ဟုပင် နာမည်တွင်သော စာမေးပွဲကြီး ဖြစ်ပေ၏။

ထိုစာမေးပွဲ၌ စာသင်တန်း–စာချတန်း ဟူ၍ အတန်းနှစ်ဆင့်ခွဲထားရာ စာသင်တန်းကို အသက် (၂၇) နှစ်အတွင်းသာ ဖြေဆိုခွင့်ရှိပေသည်။ စာသင်တန်းတွင် နှုတ်ထောက်အာဂုံစာမေးပွဲကို အောင်မြင်ပြီးမှသာ ရေးဖြေစာမေးပွဲကို ဖြေဆိုရ၏။ နှုတ်ထောက်အာဂုံစမ်းသပ်ရာ၌ (၁၈) ကြိမ်တိတိ မေးမြန်းစမ်းသပ်ရာတွင် အနည်းဆုံး (၁၂) ကြိမ် ပြန်ဆိုနိုင်ပါမှ အအောင်ပေး၏။

သကျသီဟစာသင်တန်းကို အရှင်ဝါသေဋ္ဌဖြေဆိုစဉ်က နှုတ်ထောက်အာဂုံ အစမ်းတွင် အချို့ရဟန်းတော်များသည် ၂၅ မိနစ်၊ မိနစ် ၃၀ မျှဖြင့် ပြီးစီးကြသော်လည်း အရှင်ဝါသေဋ္ဌအလှည့်တွင်မူ မိနစ် ၆၀ ကျော်အောင် အစမ်းသပ်ခံရ၏။ နှုတ်ထောက်အာဂုံစမ်းသပ်သည့် အသင်းလူကြီး ဦးစံမင်းက "အရှင်ဘုရား...တယ်နာမည်ကြီးတယ်၊ ကြည်ညိုလို့ပါ့ကိုယ်တော်၊ အရှင်ဘုရားရဲ့စွမ်းရည် သတ္တိများကို အားရပါးရ ကြည်ညိုပါရစေ"ဟု လျှောက်ထားပြီးသော် ဓာတုကထာနောက်ပိုင်း နယကြီးများကို မေးမြန်းကာ ပြန်ဆိုစေပါသည်။

အရှင်ဝါသေဋ္ဌသည် ပါဠိတော်က ဘယ်လို၊ အရကောက်က ဘယ်နှယ် စသည်ဖြင့် ပြည့်ပြည့်စုံစုံပြန်ဆိုပြပါသည်။ နာမည်ကြီးလှသော သစ္စယမိုက် ဝါရယုက်ကြီးများကို ပြန်ဆိုစေရာတွင်လည်း အရှင်ဝါသေဋ္ဌက မြင်းကောင်း



http://www.dhammadownload.com




စိုင်းသကဲ့သို့ ပြန်ဆိုနိုင်၏။ ထို့ကြောင့် **အဘိပါကဋဝိသေသ ပုဂ္ဂလ** အဖြစ် ထူးကဲသော ဂုဏ်ကို ထိုအစမ်းစာမေးပွဲမှာပင် အရှင်ဝါသေဋ္ဌ ရယူနိုင်ခဲ့ပေ၏။

အသင်းလူကြီး ဦးစံမှင်းသည် ကုလားထိုင်ပေါ်မှ ချက်ချင်းဆင်းသက်၍ ကြမ်းပြင်၌ ဝပ်ချကာ "သာသနာတော်အတွက် အားတက်ဖွယ်ကောင်းလှပါတယ် ဘုရား" ဟု ချီးကျူးလျှောက်ထားလေ၏။

http://www.dhammadownload.com



၁။ ဆရာတော် စာရေးရာဌာန

၂။ ဆရာတော် ညဥ့်သီတင်းသုံးရာဌာန

၃။ ဆရာတော် နေ့ဘက်အနားယူရာဌာန

၄။ ဦးအောင်ဇေယျရုပ်တု

သပြေကန်ဆရာတော် သီတင်းသုံးရာဌာန

http://www.dhammadownload.com

# အခန်း (၂)
# ရိုးစင်းပြောင်မြောက်သည့် စာချဆရာတော်ဘဝ

## သပြေကန် မဟာဓမ္မိကာရာမ အနုနာယက

သူတော်ကောင်းတရားတို့ကို သင်ကြားညွှန်ပြပေးကြသော ဆရာသမားတို့၏ အရိပ်အာဝါသကား အေးမြချမ်းသာလှပေ၏။ ကျေးဇူးရှင် အဘယာရာမ ရွှေဂူတိုက်သစ် ဆရာတော်ဘုရား၏ အရိပ်အာဝါသကို အမြဲခိုလှုံလိုပါ၏၊ အရှင်တော်ဘုရားကလည်း အရှင်ဝါသေဋ္ဌကို လိုလားနှစ်သက်တော်မူ၏၊ မိမိထံပါးတွင် အမြဲထားလို၏၊ အမြဲနေဖြစ်လာပါက အရှင်ဝါသေဋ္ဌအား အိန္ဒိယနိုင်ငံသို့ စေလွှတ်၍ သက္ကတစာပေကို ဆက်လက်သင်ကြားစေရန် ရည်ရွယ်ထားတော်မူ၏။ သို့သော် ဤလိုလားတောင့်တချက်များက အထမမြောက်ခဲ့ပေ။

အရှင်ဝါသေဋ္ဌာဘိဝံသသည် မန္တလေး အဘယာရာမ ရွှေဂူတိုက်သစ် ဆရာတော်ထံပါးတွင် ပညာဆည်းပူးလျက် မှီခိုရင်း ထိုစာသင်တိုက်ကို ကျေးဇူးဆပ်သည့်အနေဖြင့် စာချတာဝန်ကို ဆောင်ရွက်လျက်ရှိ၏။ တစ်နှစ်ကြာသောအခါ ကျေးဇူးရှင် သပြေကန်မဟာဓမ္မိကာရာမတိုက်သစ် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသော သတင်းနှင့်အတူ သပြေကန်သို့ပြန်၍ စာပေကျမ်းဂန်သင်ကြားပို့ချပေးရန် ဥပဇ္ဈာယ်ဆရာတော်၏ မှာကြားချက်၊ သပြေကန်မှ ငယ်ဆရာများ၏ မေတ္တာရပ်ခံချက်များသည် အရှင်ဝါသေဋ္ဌထံသို့ ဆိုက်ရောက်လာကြ၏။ လူတိုင်းပင် တစ်နေ့ကျလျှင် မုချမသွေ အနိစ္စရောက်ရမည့်အပြင် ပျော်ရာမှာမနေရဘဲ တော်ရာမှာ နေထိုင်ရသည် မဟုတ်ပါလော။

သပြေကန် မဟာဓမ္မိကာရာမတိုက်သစ်သည် စာသင်သား ၇၀–၈၀ တို့ဖြင့် စည်ကားတင့်လန်းလျက်ရှိသည်။ ဤတိုက်သစ်သည် မိမိငယ်စဉ်အခါက ပညာ

http://www.dhammadownload.com



ရင်နို့ သောက်စို့ခဲ့ရာ မိမိအား မြင့်မြတ်သော ရဟန်းဘဝသို့ မြှင့်တင်ပေးရာ နေရာဌာနဖြစ်ခဲ့သည်မဟုတ်လော။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ကျမ်းပြု ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးသည့်နောက်၌ မိခင် စာသင်တိုက်၏ ဂုဏ်အရှိန်အဝါကို ဆက်လက်ထိန်းသိမ်းရန် မိမိတွင် တာဝန်ရှိသည်မဟုတ်လော။

သို့ဖြစ်၍ ၁၃၀၁ ခုနှစ်၌ သက်တော် ၂၉ နှစ်ရှိသော သကျသီဟ ဓမ္မာစရိယ ဘွဲ့ရ အရှင်ဝါသေဋ္ဌာဘိဝံသသည် မန္တလေးမြို့မှ အပြီးအပိုင် ထွက်ခွာကာ သပြေ ကန်ရွာသို့ ပြန်ကြွလာပြီးလျှင် မဟာဓမ္မိကာရာမတိုက်သစ်၌ အနုနာယက-စာချဆရာတော်ကလေးအဖြစ်ဖြင့် သာသနာ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်လေ၏။

## ပထမအစိုးရ ဓမ္မာစရိယ-သိရောမဏိဘွဲ့ရှင်

မြန်မာနိုင်ငံတော်အစိုးရသည် ပထမအကြိမ် အစိုးရဓမ္မာစရိယ စာချတန်းကို ခရစ်သက္ကရာဇ် ၁၉၄၅ ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၀၇ ခုနှစ်တွင် မန္တလေးမြို့၌ စတင်ကျင်းပ၏။ အစပိုင်းနှစ်များ၌ စာဖြေသူများက စွမ်းဆောင်နိုင်ပါလျှင် ကျမ်းရင်းသုံးကျမ်းနှင့် ဂုဏ်ထူးခြောက်ကျမ်း၊ ပေါင်း ကိုးကျမ်းလုံးကို တစ်နှစ်ထဲည်း ဖြေဆိုခွင့်ပြု၏။ တစ်နှစ်တည်းဖြင့် ကျမ်းကိုးကျမ်းလုံးကို အောင်မြင်သော ပုဂ္ဂိုလ်အား "သိရောမဏိဘွဲ့"ကို အထွတ်တင်ကာ ဓမ္မာစရိယဘွဲ့ကို ဆက်ကပ်၏။

အရှင်ဝါသေဋ္ဌသည် ပထမအကြိမ်ကျင်းပသော အစိုးရဓမ္မာစရိယ စာမေးပွဲကို ဖြေဆိုရန် စာရင်းသွင်းခဲ့ပါသော်လည်း ကျမ်းစာများကို ပို့ချပေးနေရသည့်အပြင် ကျန်းမာရေးကလည်းမကောင်းလှသဖြင့် စာမေးပွဲဖြေဆိုရန် မန္တလေးမြို့သို့ မကြွသွားနိုင်ချေ။ ထိုပထမအကြိမ်စာမေးပွဲ၌ ကိုးကျမ်းစလုံးကို အောင်မြင်သူလည်း မရှိခဲ့ချေ။

ဒုတိယအကြိမ် အစိုးရဓမ္မာစရိယစာမေးပွဲကို ၁၉၄၆ ခုနှစ် (ကောဇာ ၁၃၀၈ ခုနှစ်)၌ ရန်ကုန်မြို့တွင် ကျင်းပ၏။ ဤစာမေးပွဲတွင် အရှင်ဝါသေဋ္ဌသည် ကျမ်းကိုးကျမ်းစလုံးကို ဝင်ရောက်ဖြေဆိုရာ တစ်ကြိမ်တည်းဖြင့် ထူးချွန်ပြောင်မြောက်စွာ အောင်မြင်တော်မူ၏။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရသည် ဆရာတော်အား **"သာသနဓဇ သိရိပဝရ ဓမ္မာစရိယ သိရောမဏိဘွဲ့"** ကို ဆက်ကပ်လှူဒါန်း၏။ ဆရာတော်သည် သိရောမဏိဘွဲ့ကို ပထမဦးဆုံး အလှူခံ ရရှိချေသည် တကား။

http://www.dhammadownload.com



အရှင်ဝါသေဋ္ဌာဘိဝံသသည် ရှင်သာမဏေဘဝကတည်းက ကျန်းမာရေး ချို့တဲ့လာပါသော်လည်း ပရိယတ္တိစာပေလေ့လာဆည်းပူးခြင်းနှင့် သင်ကြားပို့ချခြင်းဟူသော ဂန္ထဓုရတာဝန်ကို သူမတူအောင် ထူးထူးချွန်ချွန် စွမ်းဆောင်နိုင်ခဲ့ပါသည်။ စာရဏအကျင့်တရား၏ အခြေခံအုတ်မြစ်ဖြစ်သော သီလသိက္ခာကိုလည်း စံပြပုဂ္ဂိုလ်တစ်ပါးဖြစ်အောင် အထူးဖြူစင်စွာ စောင့်ထိန်းခဲ့ပါသည်။ အမြဲတစေ တရားဓမ္မနှင့်အတူ နေထိုင်တော်မူပြီးလျှင် တရားဘာဝနာရှုပွားခြင်းဟူသော ဝိပဿနာဓုရကိုလည်း ချီးမွမ်းဖွယ်ကောင်းအောင် စွမ်းဆောင်ခဲ့ပါသည်။ သို့အတွက် ဆရာတော်ဘုရားသည် ဗုဒ္ဓသာသနာတော်ဟူသော အင်ကြင်းတောကြီးကို လှပတင့်မော ဖူးပွင့်ဝေဆာစေသည့် ရဟန်းမြတ်တစ်ဆူ ကေနိစင်စစ် ဖြစ်တော်မူပါပေသတည်း။

*အကြင်ရဟန်းသည် ငယ်ရွယ်သော်လည်း မြတ်စွာဘုရား သာသနာတော်၌ စင်စစ် လုံ့လကြီးကုတ် အားထုတ်၏၊ ထိုရဟန်းသည် တိမ်တိုက်မှ လွတ်သော လမင်းကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။*

**(ဓမ္မပဒ–၃၈၂)**

*အကြင်သူသည် လက်ကိုစောင့်စည်း၏၊ ခြေကိုစောင့်စည်း၏၊ နှုတ်ကိုစောင့်စည်း၏၊ တစ်ကိုယ်လုံးကို စောင့်စည်း၏၊ ကမ္မဋ္ဌာန်းစီးဖြန်းမှု၌ မွေ့လျော်ကာ တည်ကြည်သောစိတ် ရှိ၏။ တစ်ယောက်တည်း နေ၍ ရရသမျှဖြင့် ရောင့်ရဲနိုင်၏၊ ထိုသူကို ရဟန်းဟူ၍ ဆိုကုန်၏။*

**(ဓမ္မပဒ–၃၆၃)**

*အကြင်ပုဂ္ဂိုလ်အား နာမ်တရား, ရုပ်တရား အားလုံး၌ ငါ၊ ငါ၏ ဥစ္စာဟု မြတ်နိုးစွဲလမ်းမှုမရှိ၊ ထိုနာမ်ရုပ် ပျက်စီးသော်လည်း မစိုးရိမ်၊ ထိုပုဂ္ဂိုလ်ကို "ဘိက္ခု" (ရဟန်း) အစစ်ဟူ၍ ဆိုအပ်၏။*

**(ဓမ္မပဒ–၃၆၇)**

http://www.dhammadownload.com



## ဉာဏ်ပညာ ထက်မြက်ကြီးကျယ်တော်မူသော ပုဂ္ဂိုလ်ထူး

ပရိယတ္တိစာပေ လေ့လာဆည်းပူးကြသော စာသင်သားများ လောကတွင် ကျက်ဉာဏ်, မှတ်ဉာဏ်,သဘောဉာဏ်ဟူ၍ ဉာဏ်သုံးမျိုးရှိ၏။ ဤဉာဏ်သုံးမျိုး အနက် တစ်မျိုးကောင်းသည့် ပုဂ္ဂိုလ်များပင် အလွန်ရှားပါသည်၊ ဉာဏ်နှစ်မျိုး ကောင်းသူမှာ ပို၍ရှားပါး၏၊ ဉာဏ်သုံးမျိုးလုံးကောင်းသူကား ရှာမှရှား၊အလွန့် အလွန် ရှားပါးလှ၏။

ထိုသို့ ဉာဏ်သုံးမျိုးလုံးထက်မြက်သောပုဂ္ဂိုလ်တစ်ဦးမှာ**အလက်ာနိဿယ သစ်ကျမ်းပြု ပထမစံကျောင်းဆရာတော်ဘုရားကြီး** ဖြစ်သည်။ ဤဆရာတော် သည် ကျက်ဉာဏ်နှင့်ပတ်သက်၍ သာသနာ့စာပေနယ်၌ ခက်သည်ဟု အသိ အမှတ်ပြုထားသည့် ပါဠိဂါထာများကို ကျက်မှတ်လျှင် တစ်နာရီ ဂါထာ(၃၀) ကျော် ရသည်။ မှတ်ဉာဏ်နှင့်ပတ်သက်၍ တစ်ကြိမ်ကျက်မှတ်ထားပြီးသော စာများကို မပြန်ဆိုမလေ့လာဘဲလျက် (၃)နှစ်အထိ မှတ်မိသည်။ သဘော ဉာဏ်တွင်လည်း တစ်ထွာပြလျှင် တစ်တောင်အထိ မြင်သွားသောဉာဏ်မျိုး ဖြစ်သည်။

အလားတူ ကျက်ဉာဏ်, မှတ်ဉာဏ်, သဘောဉာဏ် သုံးမျိုးလုံး ကောင်း သော အခြားဆရာတော်တစ်ပါးမှာ **အရှင်ဝါသေဋ္ဌာဘိဝံသ** ပင်ဖြစ်သည်။ အရှင် မြတ်သည် စာတစ်ပုဒ်ကို တစ်ခေါက်နှစ်ခေါက်ကြည့်ရုံဖြင့် မှတ်မိသည်။ ပါဠိ တော်၌ဖြစ်စေ အဋ္ဌကထာ၌ဖြစ်စေ၊ စုဏ္ဏိယပါဠိတစ်မျက်နှာအပြည့်ကို ၂–၃ ခေါက် ဖတ်ရုံမျှဖြင့် အားလုံးအလွတ်အာဂုံပြန်နိုင်သည်ဟု ဆိုပါသည်။ ကျောင်း တွင် အခြား စာသင်သားများ စာအံနေကြသည်ကို ကြားလျှင်လည်း ထိုစာကို အလိုလိုမှတ်မိသွား၏။ ကိုရင်ဘဝက ကျောင်းအောက်ထပ်မှာ နေထိုင်စဉ် ကျောင်းအပေါ်ထပ်၌ ဦးပဉ္စင်းများ စာချ–စာတက်နေသံကို ကြားရုံမျှဖြင့် ထို စာတို့ကို ရရှိသွား၏။

ဦးပဉ္စင်းဘဝ၌ စာသင်ဖော်များက ဤသို့စမ်းသပ်ဖူး၏– ကုဋီမှဆင်းလာ သော အရှင်ဝါသေဋ္ဌအား သတင်းစာကိုပေး၍ ခေါင်းကြီးပိုင်းကို တစ်ခေါက် ဖတ်စေပြီး အလွတ်ပြန်ဆိုစေ၏။ အရှင်ဝါသေဋ္ဌက မှန်ကန်စွာပြန်ဆိုနိုင်သည် ကို တွေ့ရ၏။

ရန်ကုန် ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်သို့ ပဓာန နာယက ဆရာ တော်အဖြစ် အရှင်ဝါသေဋ္ဌ ကြွရောက်လာသောအခါ စုပေါင်း၍ဘုရားရှိခိုးကြ မည်ပြုစဉ် ဆရာတော်သည် ကိုရင်တစ်ပါးထံမှ ဘုရားရှိခိုးဂါထာစာရွက်ကို ယူ၍ တစ်ခေါက်ကြည့်လိုက်၏။ တစ်ခါတည်း အလွတ်ဆိုနိုင်ပေတော့၏။

http://www.dhammadownload.com



သပြေကန်ဆရာတော်အရှင်ဝါသေဋ္ဌာဘိဝံသနှင့် အလွန်ရင်းနှီး အကျွမ်းဝင်သော **ဖြူးကုန်းဆရာတော် ဦးအာစိဏ္ဏ** ပြောပြသည်မှာ–

"ကိုယ်တို့ဆရာ ဆရာတော်ဦးဝါသေဋ္ဌရဲ့ဉာဏ်မျိုးကမှ တကယ့်ပါရမီဉာဏ်မျိုး၊ ပါရမီအခြေခံကိုက လူတကာလိုက်မမီအောင် ကောင်းတာ။

"ပါဠိတော်ကြီးတွေဆို တစ်ခေါက်, နှစ်ခေါက်ကြည့်ရရုံလေးနဲ့ အလွတ်အာဂုံရတာမျိုး၊ နောက်...ရပြီးပြန်တော့ကော သုံးနှစ်လောက် မမေ့ဘူးတဲ့။

"နောက်ရှိသေးတယ်၊ သူများက သေကောင်ပေါင်းလဲ တက်ဟယ်ကျက်ဟယ်နဲ့ ပါဠိ, အဋ္ဌကထာ, ဋီကာတွေကို သင်ရတာ ပြောပါတယ်၊ ဟော...ဆရာတော်ဦးဝါသေဋ္ဌတို့ကျတော့ ဘယ်တုန်း ဘယ်စာမျိုးကိုမှ ပေါက်အောင် ကုန်အောင် အပင်ပန်းခံသင်နေရတယ်လို့ကို မရှိဘူး။ အနည်းအကျဉ်းလေးလောက်လိုက်သင်ရုံနဲ့ တတ်သွားတာချည်းပဲ။

"တတ်ပြန်တော့လဲ နှံ့နှံ့စပ်စပ် ကျွမ်းကျွမ်းကျင်ကျင်နဲ့၊ တစ်သက်လုံးသုံးမကုန်နိုင်လောက်အောင် တတ်တာမျိုး။"

ဆရာတော်၏ ပင်ကိုဉာဏ်, ကျက်ဉာဏ်, မှတ်ဉာဏ်, သဘောဉာဏ်တို့သည် အံ့ချီး၍မကုန်အောင် ထက်မြက်ကောင်းမွန်သည်မှာ ယုံမှားဖွယ်မရှိပါ၊ ဆရာတော်သည်ပင် အကြိမ်ကြိမ်လက်တွေ့ပြခဲ့သည် မဟုတ်ပါလား။

ရှင်သာမဏေဘဝက အသက် ၁၅ နှစ်အရွယ်တွင် ပထမငယ်၊ ၁၆ နှစ်အရွယ်တွင် ပထမလတ်၊ ၁၇ နှစ်အရွယ်တွင် ပထမကြီးတို့ကို အောင်မြင်ပြီးလျှင် အသက် ၁၈ နှစ်အရွယ်၌ ဥဘတောဝိဘင်းနှင့် မဟာဝါ ပါဠိတော်ကြီးများကိုလည်းကောင်း၊ အသက် ၁၉ နှစ်အရွယ်တွင် ဝိနည်းပိဋကဟူသည့် ဝိနည်းပါဠိတော် ငါးကျမ်းကိုလည်းကောင်း၊ အောင်မြင်စွာပြန်ဆိုနိုင်ခဲ့သဖြင့် ဝိနယဓရဘွဲ့ထူးကို ရရှိခဲ့သည်မဟုတ်လော။ ဤကား အလွန်တရာ ခက်ခဲရှားပါးသော စွမ်းဆောင်ချက်ပင်တည်း။

တစ်ဖန် အသက် ၂၁ နှစ် ရဟန်းတစ်ဝါအရတွင် သံယုတ်ပါဠိတော်–ငါးကျမ်းကို အောင်မြင်စွာပြန်ဆိုနိုင်သဖြင့် "ဝါသေဋ္ဌာဘိဝံသ သိရီပဝရ သာသနဓဇ သံယုတ္တဘာဏကဘွဲ့" တံဆိပ်တော်ကို အလှူခံ ရရှိခဲ့သည်။

ထို့နောက် သက္ကျသီဟစာမေးပွဲကို ဝင်ရောက်ဖြေဆိုရန်အတွက် မန္တလေးမြို့သို့သွားကာ အဘယာရာမရွှေဂူတိုက်သစ်၌ သီတင်းသုံးကာ ကျန်းမာရေးချို့တဲ့နေပါလျက် တစ်ဖက်က စာပေပို့ချ၍ တစ်ဖက်က စာပေလေ့လာကာ စာမေးပွဲကို ဝင်ဖြေဆိုခဲ့၏။ ဤတွင်လည်း လေးနှစ်အတွင်းဝယ် စာသင်တန်းနှင့် စာချတန်း နှစ်တန်းလုံးကို ထူးချွန်ပြောင်မြောက်စွာ အောင်မြင်သဖြင့်

http://www.dhammadownload.com



"ဝါသေဋ္ဌာဘိဝံသ ပရိယတ္တိသာသနာဟိတ ဓမ္မာစရိယဘွဲ့" တံဆိပ်တော်ကို အလှူခံရရှိခဲ့ပေသည်။

တစ်ဖန် သန်လျင်မြို့နယ် သပြေကန် မဟာဓမ္မိကာရာမတိုက်သစ်၌ တွဲဖက်နာယက စာချဆရာတော်အဖြစ် တာဝန်ထမ်းဆောင်ရင်း အစိုးရဓမ္မာစရိယ စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ တစ်ကြိမ်တည်းဖြင့် ကျမ်းကိုးကျမ်းစလုံးကို ထူးချွန်စွာ အောင်မြင်သည့်အတွက် ပထမဦးဆုံး "သာသနဓဇ သီရိပဝရ ဓမ္မာစရိယ သိရောမဏိဘွဲ့"ကို အလှူခံရရှိခဲ့သည်။

ထိုအချိန်က အရှင်ဝါသေဋ္ဌာဘိဝံသသည် အသက် ၃၆ နှစ်အရွယ်သို့ ရောက်လာပေပြီ။ ဆရာတော်၏ ကျက်ဉာဏ်၊ မှတ်ဉာဏ်၊ သဘောဉာဏ်တို့သည် သူမတူအောင် ထက်မြက်ထူးချွန်ကြောင်းမှာ အလွန်ထင်ရှားလှပါသည်။ အကယ်၍ ဆရာတော်သည် ကျန်းမာရေး ကောင်းမွန်၍ တိပိဋကဓရ စာမေးပွဲကို ဝင်ရောက် ဖြေဆိုနိုင်ခဲ့လျှင် အောင်မြင်ရန် သေချာလှပါသည်။ အရှင်ဝါသေဋ္ဌာနဘိဝံသသည် တိပိဋကဓရဘွဲ့ကို ပထမဦးဆုံး ရရှိခဲ့သော အရှင်ဝိစိတ္တသာရာဘိဝံသထက် အသက် တစ်နှစ်ပို၍ကြီးပါသည်။

အရှင်ဝါသေဋ္ဌသည် ပိဋကတ်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို သာမက သက္ကတကျမ်း၊ မာဂဓကျမ်းများကိုလည်း နှံ့နှံ့စပ်စပ် ကျွမ်းကျင်လိမ္မာစွာ တတ်မြောက်တော်မူ၏။ တတ်မြောက်ထားသော အသိပညာ၊ ဗဟုသုတများကိုလည်း မှတ်ဉာဏ်တွင် ကောင်းစွာ သိုမှီးထားနိုင်သဖြင့် အလိုရှိသော အခါ အခန့်သင့် ထုတ်ယူအသုံးပြုနိုင်ပါသည်။

ခဲရာခဲဆစ်ပြဿနာများကို ဖြေရှင်းရန် ကြုံကြိုက်လာသောအခါ၌လည်း ကျမ်းဂန်အမျိုးမျိုးတို့၏ အဆိုအမိန့်များနှင့် ညှိနှိုင်း၍ တစ်မဟုတ်ချင်းဖြစ်စေ တိုတောင်းသော အချိန်အတွင်း၌ဖြစ်စေ ဖြေရှင်းပေးနိုင်စွမ်းရှိသည်။ ထို့ကြောင့်လည်း ပညာရှင်များစွာကပင် ဆရာတော်အား ပြဿနာများကို မေးမြန်းကြပြီးလျှင် ဆရာတော်ကို အထူးရိုသေလေးစားကြပါသည်။

ပြဿနာတစ်ရပ်ကို ဖြေရှင်းရာ၌ ရှုထောင့်အမျိုးမျိုးမှ အကြောင်းအကျိုး အချက်အလက်အမျိုးမျိုးကို ဝေဖန်ဆန်းစစ်ညှိနှိုင်းဆုံးဖြတ်ရသည့်အတွက် ဗဟုသုတ ကြွယ်ဝသူ ဉာဏ်ပညာကြီးမားသူများသာလျှင် စွမ်းဆောင်နိုင်ပါသည်။ အရှင်ဝါသေဋ္ဌာဘိဝံသ၏ ဉာဏ်အမြော်အမြင်ကြီးမားပုံမှာ အံ့သြစရာပင် ဖြစ်သည်။

ဆရာတော်ဘုရားသည် ကျမ်းဂန်ဗဟုသုတများသာမက ဘာသန္တရဗဟုသုတများလည်း ကြွယ်ဝလှပါသည်။ ပါဠိ၊ မြန်မာ၊ သက္ကတ၊ မာဂဓ ဘာသာ

http://www.dhammadownload.com



များအပြင် အင်္ဂလိပ်ဘာသာ, သီပွဲဘာသာ တို့၌လည်း တီးမိ ခေါက်မိဟန် ရှိသည်။ ရန်ကုန် ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်၏ ပဓာန နာယက ဆရာတော် ဦးကောသလ္လက သံယုတ်ပါဠိတော်ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သော စာမူကို အရှင်ဝါသေဋ္ဌယူကြည့်ပြီး "တော်တော်လေး ပြီးနေပြီပဲ"ဟု မှတ်ချက်ချ၏။

ထို့အပြင် ပရိတ်ကြီး နိဿယသစ်၊ စာမျက်နှာ(၁၂)၌ နတ်ပြည်အကြောင်းကို ရှင်းပြရာ၌ သီပွဲအမြင်နှင့် ပေါင်းစပ်၍ အောက်ပါအတိုင်း ဆရာတော် ရှင်းပြထားပါသည်-

"အချို့က မမြင်ရ၍ နတ်လောကကို ဝိညာဏ်လောကဟု ဆိုကြ၏။ အမှန်မှာ ဝိညာဉ်သာမက ရုပ်နာမ်ကလာပ်စည်းများဖြင့်ဖွဲ့ထားသော ခန္ဓာများသာတည်း။ သိမ်မွေ့သောရုပ်ဖြစ်သောကြောင့် မမြင်ရခြင်းပင်။

"လောကတွင် လေ၌ရှိသော ရုပ်မှာ အထိအတွေ့ရှိသော်လည်း မမြင်ရ။ အသံ အဆက်ဆက်ပြန့်လာသော အသံလှိုင်းရုပ်ဆိုလျှင် ထိတွေ့မှုပင် မထင်မရှား။ ထိုရုပ်များထက် သိမ်မွေ့သော ရုပ်ဖြစ်၍ နတ်ဗြဟ္မာများကို ပကတိမျက်စိဖြင့် မမြင်ရခြင်းဖြစ်သည်။"

ထို့ကြောင့် အရှင်ဝါသေဋ္ဌသည် ပိဋကတ်သုံးသွယ်, နိကာယ်ငါးရပ်, ဘာသာရပ်အသီးသီးတို့၌ အလိုရှိတိုင်း ကျက်စားနိုင်သောဉာဏ်ထူးရှင် ဆရာတော်ကြီး ဖြစ်ပေသည်။

သံယုတ်အဋ္ဌကထာ စသော ဒေသနာတို့၌ သုတဗုဒ္ဓ၊ စတုသစ္စဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓနှင့် သဗ္ဗညုတဗုဒ္ဓဟူ၍ ဗုဒ္ဓလေးမျိုးလာရှိသည့်အနက် ပိဋကတ်သုံးပုံ ပရိယတ္တိဗဟုသုတ, ဘာသန္တရဗဟုသုတအစုံစုံတို့နှင့် ကုံလုံပြည့်ဝသူကို သုတဗုဒ္ဓဟု ခေါ်ဆိုရကြောင်း ဖော်ပြထားပါသည်။

"အရှင်ဝါသေဋ္ဌာဘိဝံသ" မည်ခေါ် ဆရာတော်မြတ်ဘုရားသည် **သုတဗုဒ္ဓတစ်ဆူ** ဖြစ်တော်မူကြောင်းမှာ လွန်စွာပင် ထင်ရှားလှပါပေသတည်း။

## သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်သူ

*ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ။*

*လောက၌ မြတ်စွာဘုရားတို့၏ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် အလွန်ခဲယဉ်းသော ဒုလ္လဘတရားတစ်ခု ဖြစ်သည်။*

ဤလောက၌ မြတ်စွာဘုရား၏ သာသနာတော် ထွန်းကားတည်တံ့နေခြင်းသည် သတ္တဝါအပေါင်းတို့ ချမ်းသာကြီးပွားရန်အတွက်ပင် ဖြစ်သည်။

http://www.dhammadownload.com



သာသနာတော်ထွန်းတောက်နေခြင်းသည် နေမင်းကြီး ထွန်းလင်းနေသည့် နှယ် လူ, နတ်, ဗြဟ္မာအပေါင်းတို့သည် ဘဝအမြင်မှန်ဟူသည့် **သမ္မာဒိဋ္ဌိအလင်းရောင်** ကို ရရှိကြ၏။ ထိုအလင်းဓာတ်ဖြင့် မိမိနှင့်သူတစ်ပါးတို့၏ အကျိုးကို သယ်ပိုးထမ်းရွက်နိုင်ကြ၏။ သာသနာတော်ကွယ်ပသွားလျှင် နေမင်း, လမင်းတို့ ကွယ်ပသွားသည့်ပမာ သမ္မာဒိဋ္ဌိပညာအလင်းရောင်တို့မှာ မှောင်မိုက်သွားပေလိမ့်မည်။

သာသနာတော်ဟူသည် မြတ်စွာဘုရား၏ အဆုံးအမအားဖြင့် သုံးမျိုးရှိပါသည်–

(၁) ပရိယတ္တိသာသနာ – ပိဋကတ်စာပေများကို သင်ကြားလေ့လာမှု၊ ဟောပြောပို့ချမှု၊

(၂) ပဋိပတ္တိသာသနာ – သီလ, သမာဓိ, ပညာ ထူထောင်နိုင်ရန် သမထ–ဝိပဿနာ ဘာဝနာပွားများ အားထုတ်မှု၊ သင်ပြမှု၊

(၃) ပဋိဝေဓသာသနာ – မဂ်, ဖိုလ်, နိဗ္ဗာန်တရားတို့ကို ထိုးထွင်း မြင်သိမှု၊

ဤသာသနာတော်သုံးရပ်တည်ရှိနေသမျှ ကာလပတ်လုံး ဗုဒ္ဓသာသနာတော်လည်း တည်ရှိနေပေလိမ့်မည်။

ဤသာသနာတော်သုံးရပ်တွင် ပရိယတ္တိသာသနာသည် ပဋိဝေဓရတနာများကို ထည့်သွင်းသိမ်းဆည်းထားရာ သေတ္တာကြီးနှင့်တူသည်။ ပဋိပတ္တိ သာသနာတော်သည် ထိုသေတ္တာကြီးကို ဖွင့်လှစ်ဖို့ရန် သော့ကြီးနှင့် တူ၏။ ထိုသော့ဖြင့် သေတ္တာကိုဖွင့်လှစ်နိုင်လျှင် ပဋိဝေဓ ရတနာများကို ရယူသုံးစွဲနိုင်ပေလိမ့်မည်။ ထိုသေတ္တာနှင့် သော့တို့ကို ထိန်းသိမ်းထားနိုင်လျှင် ပဋိဝေဓ ရတနာများကိုလည်း ထိန်းသိမ်းပြီးသား ဖြစ်သွားပေလိမ့်မည်။

တစ်နည်းဆိုသော သာသနာတော်သုံးရပ်တွင် ပရိယတ္တိသာသနာသည် အရင်းအမြစ်ဖြစ်သည်။ ပရိယတ္တိကို လေ့လာဆည်းပူးသူသည် ပဋိပတ္တိကျင့်စဉ်ကို ကျင့်ကြံအားထုတ်ရန် နည်းလမ်းကို သိရှိပါလိမ့်မည်။ ပဋိပတ်ကျင့်စဉ်ကို မှန်ကန်စွာကျင့်ကြံအားထုတ်လျှင် ပဋိပတ္တိ၏ အကျိုးတရားဖြစ်သော မဂ်, ဖိုလ်, နိဗ္ဗာန်တို့ကို ထိုးထွင်းမြင်သိလာမည် ဖြစ်သည်။

တစ်နည်းဆိုသော် မြတ်ဗုဒ္ဓသာသနာတော်တွင် မဂ်ဉာဏ်လေးပါး, ဖိုလ်ဉာဏ် လေးပါးနှင့် နိဗ္ဗာန်တရားတည်းဟူသော လောကုတ္တရာကိုးပါးတို့သည် အမြင့်မြတ်ဆုံးသော အဖိုးတန်ဆုံးဖြစ်သော အနှစ်သာရများ ဖြစ်ကြ၏။ ဤ

http://www.dhammadownload.com



အနှစ်ရတနာများသည် ဗုဒ္ဓသာသနာတော်၌သာ တည်ရှိ၏။ ဗုဒ္ဓသာသနာတော် ပြင်ပ၌ ဤရတနာများကို ရှာဖွေ၍ မမြင်တွေ့နိုင်ပါ။

ဤလောကုတ္တရာတရား ကိုးပါးကို ရယူနိုင်သော နည်းလမ်း (ဝါ) တစ်ကြောင်းတည်းသော ခရီးလမ်းမှာ ပဋိပတ္တိကျင့်စဉ် ဟူသော မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရား ဖြစ်၏။ မဂ္ဂင်ကျင့်စဉ်ကို သိက္ခာသုံးပါးအဖြစ်သို့ ခွဲခြားနိုင်၏။

(၁) သီလသိက္ခာ - သီလအကျင့်တရား

(၂) သမာဓိသိက္ခာ - သမာဓိအကျင့်တရား

(၃) ပညာသိက္ခာ - ပညာအကျင့်တရားတို့ ဖြစ်ကြ၏။

မဂ္ဂင်ကျင့်စဉ် (ဝါ) သိက္ခာသုံးပါးကျင့်စဉ်ကို စနစ်တကျ ကျင့်ကြံ အားထုတ်ခြင်းသည် သီလ,သမာဓိ,ပညာတို့ကို ပျိုးထောင်ခြင်းပင် ဖြစ်သည်။ သီလ, သမာဓိ, ပညာတို့ အရည်အသွေးပြည့်ဝလာသောအခါ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဖြင့် နိဗ္ဗာန်ကို လက်ငင်းမျက်မှောက်ပြုရမည်ဖြစ်၏။

သို့ဖြစ်၍ ဗုဒ္ဓသာသနာတော်ကို အနှစ်ချုပ်ထုတ်လိုက်သော် မဂ္ဂင်ရှစ်ပါး (ဝါ) သိက္ခာသုံးပါး ကျင့်စဉ်ကို ရပေသည်။ ဤကျင့်စဉ်ကို မှန်ကန်နည်းလမ်း ကျစွာ ကျင့်ကြံအားထုတ်တတ်ရန်နှင့် အဘယ့်ကြောင့် အားထုတ်သင့်ကြောင်း၊ အားထုတ်သွားသည့်အခါ မည်သို့ အဆင့်ဆင့်ဖြစ်ပေါ်မည့်အကြောင်းတို့ကို သိနားလည်ရန်တို့အတွက် ပရိယတ္တိစာပေကို လေ့လာဆည်းပူးကြရသည်။

မဂ္ဂင်ရှစ်ပါး (ဝါ) သိက္ခာသုံးပါး ကျင့်စဉ်ကို မှန်ကန်ပြည့်ဝစွာ ကျင့်ကြံ အားထုတ်နိုင်မည်ဆိုလျှင် မြတ်ဗုဒ္ဓသာသနာတော်နှင့် ကြုံဆုံရကျိုးနပ်ပေလိမ့်မည်။ ဤကျင့်စဉ်တရားတို့ကို ကျင့်ကြံအားထုတ်သူ, ကျင့်ကြံတတ်အောင် ဟောပြောသင်ပြသူများ ရှိနေသမျှ ကာလပတ်လုံး သာသနာတော်တည်တံ့နေမည် ဖြစ်သည်။

သိက္ခာသုံးပါးတွင် သီလသိက္ခာသည် အခြေခံအုတ်မြစ် ဖြစ်ပေ၏။ သီလ သိက္ခာ အုတ်မြစ်ကို ချမှတ်ပြီးမှသာလျှင် သမာဓိသိက္ခာနှင့် ပညာသိက္ခာတို့ကို အထွတ်တင်၍ တည်ဆောက်သွားရပေမည်။ သီလ သိက္ခာကို မတည်ဆောက်နိုင်လျှင် ကျန်သိက္ခာနှစ်ပါးလည်း မဖြစ်ပေါ်နိုင်ပါ။ သို့အတွက် သီလသိက္ခာ ပြိုလဲလျှင် သာသနာတော်လည်း ပြိုလဲသွားမည် ဖြစ်၏။

*"ဝိနယော ဌိတေ၊ သာသနံ ဌိတံ"*

*ဝိနည်းသီလ တည်ရှိနေလျှင် သာသနာတော်လည်း တည်ရှိနေလိမ့်မည်။*

*"ဝိနယော နာမ သာသနဿ အာယု"*

*ဝိနည်း သီလဟူသည်မှာ သာသနာတော်၏အသက် ဖြစ်၏။*

http://www.dhammadownload.com



သို့ဖြစ်၍ သာသနာတော်ကို တည်တံ့စေလိုလျှင် ဝိနည်းသီလသိက္ခာများကို ရှိသေစွာ စောင့်ထိန်းရမည်။ သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်လိုလျှင် ဝိနည်းသီလကို စောင့်ထိန်းပြီး သိက္ခာသုံးပါးကျင့်စဉ်ကို ကျင့်ကြံအားထုတ်ရမည်။ နည်းလမ်းမှန်ကန်စွာ အားထုတ်နိုင်ရန်အတွက်လည်း ပရိယတ္တိစာပေကို ဆည်းပူးလေ့လာ၍ သူတစ်ပါးတို့အား ဟောပြောပို့ချ နည်းလမ်းညွှန်ပြပေးရမည်။

သာသနာတော်ကို တကယ်စောင့်ထိန်းရမည့်သူများမှာ မြတ်စွာဘုရား၏ သားတော်များ ဖြစ်ကြသော ရဟန်းသံဃာများပင် ဖြစ်ပေသည်။ လူ့ပြည်၌ သာသနာတော်အဓွန့်ရှည်စွာ တည်တံ့ရေးအတွက် မြတ်စွာဘုရားသည် နတ်ဗြဟ္မာများကို အားမကိုးပါ၊ လူသားရဟန်းများကိုသာ အားကိုးတော်မူ၏။

"ငါဘုရား မရှိပြီးသည့်နောက် ငါ၏သာသနာ(ဝါ)ဓမ္မရတနာကို သံဃာရတနာကသာ ဆက်လက်ထိန်းသိမ်းသွားလိမ့်မည်။ သာသနာသည် သံဃာလက်ထဲ၌သာ တည်၏"ဟု အနာဂတံသ အဘိညာဉ်ဖြင့် မြတ်စွာဘုရား မြင်သိတော်မူ၏။ ထို့ကြောင့်ပင် တောထွက်လာသော အရှင်မဟာကဿပအလောင်း **ဝိပ္ပလိလုလင်** ကို သုံးဂါဝုတ်မျှခရီးသွား၍ ရှင်တော်ဗုဒ္ဓစောင့်ကြိုတော်မူခဲ့၏။

"ငါဘုရားသည် သက်တော်ရှစ်ဆယ်နှစ်မျှသာ နေတော်မူရမည်၊ ဝိပ္ပလိသည် အသက် ၁၂၀ နှစ်အထိ နေရမည့်သူဖြစ်၍ ငါဘုရား မရှိပြီးသည့်နောက် သာသနာတော် ဆက်လက်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်မည့် သားတော်ကြီးတစ်ပါး ဖြစ်လိမ့်မည်"ဟု မြင်သိတော်မူ၏။

"သံဃာကို လှူလျှင် ငါဘုရားကို လှူပြီးဖြစ်တော့၏"ဟု မိန့်ကြားတော်မူ၏။

**(ဥပရိပဏ္ဏာသ၊ ၄၊ ၂၂၁)**

မြတ်စွာဘုရား ပရိနိဗ္ဗာန်မစံမီ နောက်ဆုံး မိန့်ဆိုသွားသော စကားတော်မှာ–

"အာနန္ဒာ...'တရားတော်သည် ဟောကြားသောဆရာဘုရားမှ ကင်းကွာခဲ့လေပြီ၊ ငါတို့၏ ဆရာဘုရားသည် မရှိတော့ပြီ'ဟု သင်တို့အား ဤသို့သော ထင်မှတ်ခြင်း ဖြစ်သော်လည်း ဖြစ်ရာ၏။ အာနန္ဒာ...ဤအရာကို ဤသို့ မထင်မှတ်အပ်။ အာနန္ဒာ...ငါ ဟောကြားပညတ်ထားသော တရားတော်နှင့် ဝိနည်းတော်သည် ငါကွယ်လွန်သောအခါ၌ သင်တို့၏ဆရာ ဘုရား ဖြစ်ပေ၏။

http://www.dhammadownload.com



"အာနန္ဒာ...သံဃာတော်သည် ငါကွယ်လွန်သောအခါ၌ အသေးအနုပ် သိက္ခာပုဒ်တို့ကို နုတ်ပယ်လိုခဲ့သော် နုတ်ပယ်လေလော့။

"ရဟန်းတို့...သင်တို့အား ယခု ငါမိန့်မှာတော်မူခဲ့အံ့၊ ပြုပြင်ပေးရသော 'သင်္ခါရ'တရားတို့သည် ပျက်စီးခြင်းသဘောရှိကုန်၏၊ မမေ့အပ်သော သတိတရားဖြင့် ကိစ္စပြီးအောင် အားထုတ်ကြကုန်လော့"

**(မဟာပရိနိဗ္ဗာနသုတ်)**

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်ပြီးသည့်နောက် သာသနာတော်စင်ကြယ်သန့်ရှင်းအောင် (၆)ကြိမ်တိုင်တိုင် သင်္ဂါယနာတင်ခဲ့ရာတွင် မည်သည့်တရားကိုမျှ မည်သည့်ဝိနည်းသိက္ခာပုဒ်ကိုမျှ နုတ်ပယ်ခြင်း ထည့်သွင်းခြင်း ပြုပြင်ပြောင်းလဲခြင်း မပြုခဲ့ပါ။ ပြုရန်လည်း မလိုပါ။ မြတ်စွာဘုရား၏ အဆုံးအမတော် တရားတော်များသည် ထာဝရမှန်ကန်နေကြမည်၊ အကျိုးရှိနေကြမည်ဖြစ်သဖြင့် နုတ်ပယ်, ပြောင်းလဲလိုက်လျှင် အနှစ်သာရလျော့နည်းသွားပေလိမ့်မည်။

ပထမသင်္ဂါယနာအပြီးတွင် **အရှင်မဟာကဿပ** မထေရ်ကြီး၏ ခွဲဝေစီစဉ်ပေးချက်အရ **အရှင်ဥပါလိ** ၏ တပည့်အဆက်ဆက်တို့က ဝိနည်းပိဋကတ်တော်ကိုလည်းကောင်း၊ **အရှင်အာနန္ဒာ** ၏ တပည့်အဆက်ဆက်တို့က သုတ္တန်ပိဋကတ်တော်ကိုလည်းကောင်း၊ **အရှင်သာရိပုတ္တရာ** ၏ တပည့်အဆက်ဆက်တို့က အဘိဓမ္မာပိဋကတ်တော်ကိုလည်းကောင်း ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပေ၏ ။

မြန်မာနိုင်ငံ၌လည်း ပုဂံခေတ် သဒ္ဒနီတိကျမ်းမဟာကို ရေးသားတော်မူခဲ့သော **အရှင်အဂ္ဂဝံသ**၊ အင်းဝခေတ် "ဗုဓ်စ၊ ဗုဓ်လယ်၊ ဗုဓ်ဆုံး၊ စာတတ်ဆုံး" ဟု ဆိုထုံးပြုရသည်အထိ ပိဋကတ်ကျမ်းဂန်တွင် နှံ့စပ်ကျွမ်းကျင်တော်မူသည့် အောင်မြေဘုံစံအုတ်ကျောင်းဆရာတော် **ဦးဗုဓ်**၊ ထို့နောက် **မုံရွေး ဇေတဝန်ဆရာတော်၊ လယ်တီဆရာတော်၊ မန်လည်ဆရာတော်၊ မဟာဝိသုဒ္ဓါရုံ ဆရာတော်၊ အဘယာရာမ ဆရာတော်** စသော ဆရာတော်များသည် ပိဋကတ်ကျမ်းဂန်အရာဝယ် "ထုံးလိုမွေ့၊ ရေလိုနှောက်"ဆိုရလောက်အောင် ထူးချွန်ပြောင်မြောက်စွာ သာသနာအောင်လံတော်ကို လွှင့်ထူ၍ သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။

ထိုဆရာတော်များနည်းတူ သာသနာအောင်လံတော်ကို လက်ဆင့်ကမ်းသယ်ယူ၍ သာသနာတော်၏ဂုဏ်ရောင်ကို ထွန်းပြောင်တောက်ပစေခဲ့သော လွတ်လပ်ရေးခေတ် ဆရာတော်တစ်ပါးမှာ **အရှင်ဝါသေဋ္ဌာဘိဝံသ** ဖြစ်ပါသည်။

http://www.dhammadownload.com



အရှင်ဝါသေဋ္ဌ၏ ထူးခြားတောက်ပြောင်လှသည့် ပရိယတ္တိဂုဏ်ရောင်ကို ဂုဏ်ယူဝင့်ကြွားဖွယ်ကောင်းအောင် ဖတ်ရှုခဲ့ရပြီးလေပြီ။ ဆရာတော်၏ပဋိပတ္တိဂုဏ်ရောင်သည်လည်း အလားတူကြည်ညိုအားရဖွယ်ကောင်းအောင် တောက်ပြောင်လှပါသည်။

http://www.dhammadownload.com

# အခန်း (၃)
# စံပြုထိုက်သော ပဋိပတ္တိဂုဏ်ရည်များ

ပဋိပတ္တိဂုဏ်ရည်ဟူသည် သီလသိက္ခာ, သမာဓိသိက္ခာနှင့် ပညာသိက္ခာ တို့၏ ဂုဏ်အရည်အသွေးပင် ဖြစ်ပါသည်။

## ဆရာတော်၏ သီလဂုဏ်ရည်

ဘုရားရှင်လက်ထက်က **ဝိနည်းဧတဒဂ်ရှင် ဥပါလိမထေရ်** သည် ဝိနည်း သည်သာလျှင် မိမိ၏နေရာကျောင်း၊ ဝိနည်းသည်သာလျှင် မိမိ၏ရပ်တည်ရာ စကြံသွားရာဟု နှလုံးထားတော်မူလျက် ဝိနည်းတရားတော်၌ နေထိုင်သီတင်း သုံးတော်မူ၍ ဝိနည်းတရားတော်၌သာ ကျက်စားတော်မူ၏။

**(ဥပါလိထေရာပါဒါန်)**

အလားတူပင် အရှင်ဝါသေဋ္ဌသည် ဝိနည်းကို အလွန်ကြည်ညိုလေးစား တော်မူသည်။ ရှင်သာမဏေဘဝ အသက်(၁၈)နှစ်အရွယ်တွင် ဥဘတော ဝိဘင်းနှင့် မဟာဝါပါဠိတော်များကိုလည်းကောင်း၊ အသက်(၁၉)နှစ်အရွယ်၌ ဝိနည်းပိဋကတ်–ဝိနည်းငါးကျမ်း ပါဠိတော်များကိုလည်းကောင်း အာဂုံပြန်ဆို ပြီးလျှင် **"ဝိနယဓရ"** ဘွဲ့ထူးကို ခံယူရရှိခဲ့ပေ၏။

အရှင်ဝါသေဋ္ဌသည် ရှင်သာမဏေဘဝကတည်းက "ဝိနယဓရ"ဘွဲ့ရ၍ ဝိနည်းရေးရာတွင် ကျွမ်းကျင်လိမ္မာသည့်အလျောက် ဝိနည်းကို အလွန်လေးစား ကာ ဝိနည်းသိက္ခာပုဒ်များနှင့်အညီ ကျင့်ကြံနေထိုင်သည်။ အသေးစားအာပတ် ကလေးများကိုပင် မလွန်ကျူးမိအောင် ကိုယ်နှုတ်တို့ကို စောင့်စည်းသည်။ အနေ အထိုင် အထူးကျစ်လျစ်သိပ်သည်းသည်။

http://www.dhammadownload.com



ဆရာတော်သည် တစ်ပါးတည်း တိတ်ဆိတ်စွာ သီတင်းသုံးတော်မူလေ့ရှိသည်။ ဝိဝေကရသကို အထူးနှစ်သက်တော်မူသည်။ အလွန်စကားနည်းသည်။ ပြောသင့်သောစကား၊ တရားနှင့်စပ်သော စကားများကိုသာ ဆိုလေ့ရှိသည်။ ပြောဆိုသည့်အခါ၌လည်း ညင်သာ၍ သာယာနာပျော်ဖွယ်ရှိသည်။ **ဝိနယောစ သုသိက္ခိတမင်္ဂလာ, သုဘာသိတာစ ယာဝါစာ မင်္ဂလာ** တို့နှင့်အညီသာ နေထိုင်တော်မူသည်။

"ဆိုခဲစေ မြဲစေ"

"စကား, စကား ပြောဖန်များက စကားထဲက ဇာတိပြ"

"ခြေကွဲလျှင် နုတ်၍ရ၏၊ နှုတ်ကွဲလျှင် နုတ်၍မရ"

"ဝါစံ ယမောတု မုနိစ"

ဟု အဘိဓာန် ၄၃၃ ၌ဆိုထား၏။ စကားကို ကြံ့ရာဆုံရာ ဗလစ်,ဗလစ် မပြောဘဲ စကားစောင့်စည်းသူကို မုနိ = ရဟန်းဟု ခေါ်၏။ အရှင်ဝါသေဋ္ဌသည် "အနဂါရိယမုနိ"အစစ် ဖြစ်ပါပေ၏။

ဆရာတော်သည် ဆွမ်းစားကျောင်းသို့ သွားရာလမ်းတွင် မြက်ပင်များ ပေါက်နေသည်ကိုမြင်၍ ဆက်မကြွဘဲ ပြန်လှည့်လာ၏။ ဆွမ်းစားကျောင်းတွင် ဝေယျာဝစ္စပြုလုပ်သော ရဟန်းများကို နေမွန်းလွဲလျှင် ပန်းကန်ခွက်ယောက်များကို မကိုင်ရန် တားမြစ်၏။ မွန်းတိမ်းလျှင် လက်ဖက်ရည်ကြမ်း သောက်သုံးခွင့် မပြု။

ကိုရင်အချို့ ဆွမ်းခံကြွရန် သင်္ကန်းဝတ်ရုံပြီး မှန်ကြည့်ကြသည်ကို မြင်လျှင် ဆရာတော်က–

"မင်းတို့ မှန်ထဲကြည့်ပြင်နေရသေးသလား"ဟု ဆုံးမကာ ဟန့်တားတော်မူ၏။

သာသနာ့ဘောင်သို့ ဝင်ခါစ ဒုလ္လဘရဟန်းများကိုပင် ဝိနည်းရေးရာ သိမှတ်စရာများကို ရှင်းလင်းညွှန်ပြတော်မူ၏။ ရဟန်းဘဝ၏အနှစ်သာရသည် ကိုယ်ကျင့်သီလ ဖြစ်သည်၊ စာမတတ်သည့်အတွက် အပါယ်မကျပါ၊ သီလမလုံလျှင် အပါယ်ကျသွားနိုင်သည်။

"သင်္ကန်းကို ညီညီဝတ်ရုံပါ၊ ဣန္ဒြေရသော အရောင်နှင့် သင်္ကန်းကို ဆိုးပါ၊ ချပ်ချပ်ရပ်ရပ် ရန်းပါရုံပါ၊ သိက္ခာရှိရှိ သွားပါ လာပါ၊ သိမ်သိမ်မွေ့မွေ့ နေထိုင်ပါ၊ ယဉ်ယဉ်ကျေးကျေး ပြောပါ ဆိုပါ၊ စိတ်ကောင်းနှလုံးကောင်း ထားပါ၊ သူ့ဘက် ကိုယ့်ဘက် မျှမျှတတ ကျင့်သုံးပါ၊ သူတော်ကောင်းအစစ် ဖြစ်အောင် နေထိုင်ပါ။"

http://www.dhammadownload.com



မြတ်စွာဘုရား၏ အဆုံးအမများသည် လိုက်နာကျင့်သုံးသူတို့အား ဒါယကာ, ဒါယိကာမတို့၏ လေးစားကြည်ညို လက်စုံမိုး၍ ရှိခိုးပူဇော်ထိုက်အောင် ပြည့်စုံကောင်းမွန်လှပါတကား။

အရှင်ဝါသေဋ္ဌသည် ပရိသတ်များနှင့် မဆက်ဆံလို၊ ဒါယိကာမများနှင့် အကျွမ်းတဝင် မပြုလို၊ အမျိုးသမီးချည်းသက်သက်လာလျှင် ဆရာတော်အား ဖူးမြင်ခွင့်မပြု။ ဆွေမျိုးတူမများကိုပင် ဖူးမြင်ခွင့်မပေး။ အမျိုးသားတစ်ဦးဦး ပါမှသာလျှင် ကျောင်းပေါ်သို့ တက်ရောက်ခွင့်ပြုပါသည်။

တစ်ဦးတည်း ဆိတ်ငြိမ်စွာ သီတင်းသုံးနေလိုပါသော်လည်း ဧည့်သည် ရောက်လာလျှင် ဝင်ရောက်ဖူးမြင်ခွင့်ပြုသည်။ ဖူးမြင်ခွင့်ပြုချိန်ကို သီးသီးခြားခြား သတ်မှတ်ရန် ဆရာတော်အား လျှောက်ထားရာ ခွင့်ပြုတော်မမူ။

"ရပ်ဝေးမှ ဖူးမြင်ချင်လို့ တကူးတက အပင်ပန်းခံပြီး လာရောက်ကြတာ၊ ဖူးခွင့်ပြုလိုက်ပါ"ဟု အမိန့်ရှိတော်မူ၏။

လာရောက်ဖူးမြော်သူတို့ကိုလည်း ချမ်းသာကြွယ်ဝသူ၊ ဆင်းရဲသူ၊ ရာထူးဌာနန္တရရှိသူ၊ ရာထူးမဲ့သူ စသည်ဖြင့် မခွဲခြား၊ ရာထူး, ဂုဏ်သိန်, စည်းစိမ်, ဥစ္စာ ဓနတို့ကြောင့် ရေးကြီးခွင်ကျယ်လုပ်၍ မျက်နှာမလိုက်တတ်၊ လူတန်းစားခွဲ၍ ဦးစားပေး၍ မဆက်ဆံတတ်။ လူကို လူအဖြစ်သာ ရှုမြင်တော်မူသည်။ အားလုံးကို လေးလေးစားစား အရေးတယူ ဆက်ဆံတော်မူသည်။ သူတစ်ပါးပြောဆိုသည်ကိုလည်း အလေးမူ၍ နားထောင်သည်။ စဉ်းစားနှိုင်းချိန်၍ ပြောသင့်သည့် အကျိုးရှိသည့်စကားများကို လိုအပ်သလောက်သာ ပြောဆိုတော်မူသည်။

ဆရာတော်သည် အမြဲတစေ ဣန္ဒြေတည်ငြိမ်ရင့်ကျက်၍ မျက်နှာတော် ကြည်လင်လျက်ရှိသည်၊ တရားနှင့်စပ်သည့် ချိုသာသောစကားကိုသာ ပြောဆိုဆုံးမ ညွှန်ကြားတတ်သဖြင့် ဆရာတော်ကို ဖူးမြော်ရသူအားလုံးပင်လျှင် ကြည်လင်ရွှင်လန်း, အပြုံးပန်းဝေ၍ ကျေနပ်နှစ်သက်သွားလေ့ရှိ၏။ ဆရာတော်ကား ပညာရှိသူတော်ကောင်းပါပေတည်း။

> *"သူတော်ကောင်းတို့ကို ဖူးမြော်ရခြင်းသည် ကောင်း၏၊ သူတော်ကောင်းတို့နှင့် ပေါင်းသင်းရခြင်းသည် အခါခပ်သိမ်းချမ်းသာ၏။ သူမိုက်တို့ကို မတွေ့မမြင်ရခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် သူတော်ကောင်းတို့ကို တွေ့ရာမြင်ရာအရပ်မှာ ပူဇော်ဆည်းကပ်ရာ၏။"*
>
> (ဓမ္မပဒ)

http://www.dhammadownload.com



ဆရာတော်ဘုရားအား ဖူးမြော်ကြည်ညိုခွင့်ရသူတို့သည် တကယ့်ကြီးပွား ချမ်းသာကြောင်း **သာမဏာနဉ္စဒဿနံ မင်္ဂလာ** နှင့်လည်းကောင်း၊ **အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စသေဝနာ၊ ပူဇာစ ပူဇနေယျာနံ မင်္ဂလာ** တို့နှင့်လည်းကောင်း ပြည့်စုံသွားကြရပေ၏။

ဆရာတော်သည် ရဟန်းတို့နှင့် မအပ်စပ်သော ဝတ္ထုပစ္စည်းများကို အလှူ ခံတော်မမူပါ၊ သန်လျင်မြို့နယ် ကွမ်းခြံကုန်းရွာ၌ နံနက်လမ်းလျှောက်သွားစဉ် ဒကာမတစ်ဦးက ဝတ္ထုငွေ ၂၀ ကျပ်ကို စက္ကူနှင့်ပတ်၍ သကြားထုပ်ထဲ ထည့်ပြီး ဆရာတော်အား လှူဒါန်းသည်။

"ဒကာမ...ဟိုစက္ကူထုပ်က ဘာတုံး"

"ဝတ္ထုငွေ ၂၀ ကျပ်ပါ၊ ဆရာတော်အား နဝကမ္မအတွက် လှူပါတယ် ဘုရား"

"ဟဲ့...သံဃာတော်ကို ဝတ္ထုငွေ လှူလို့မရဘူး၊ ကပ္ပိယကာရကထံမှာ အပ်နှံပြီး လှူရတယ်၊ ကဲ... ပြန်ယူထားလိုက်"

ကောဇာသက္ကရာဇ် ၁၃၄၆ ခု၊ ခရစ်သက္ကရာဇ် ၁၉၈၄ ခုနှစ်တွင် မဟာ ပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ (၃၆) ကြိမ်မြောက် တိပိဋကဓရ ချီးကျူး ပူဇော်ပွဲ ပြုလုပ်သည်။ ထိုချီးကျူးပူဇော်ပွဲသို့ ကြွရောက်လာကြသော ဆရာတော် ကြီးများအနက် တိပိဋကဓရရွေးချယ်ပွဲ ဩဝါဒါစရိယဖြစ်သည့် သပြေကန် ဆရာတော်ဘုရားလည်း ပါဝင်ပါသည်။ ပူဇော်ပွဲပြီးသောအခါ အလှူရှင်များ က ဝတ္ထုပစ္စည်းများ လှူဒါန်းကြ၏။ ဒကာမကြီးတစ်ဦးသည် စာအိတ်တွင် ဝတ္ထုငွေထည့်၍ ဆရာတော်ကြီးများ၏ ယပ်ပေါ်သို့ တင်ကာ လှူဒါန်းနေ၏။ သပြေကန်ဆရာတော်ဘုရားအလှည့်သို့ ရောက်သောအခါ ဆရာတော်သည် ယပ်ကိုဖြန့်မပေး၊ မအပ်ကြောင်းကို ဦးခေါင်းတော်အသာခါပြ၍ လှမ်းကြွသွား တော်မူ၏။ ဒကာမကြီးသည် စာအိတ်ကလေးကို ကိုင်ရင်း ငေးမောနေမိ၏။

ဤလျှပ်တစ်ပြက်ရှုခင်းကို မောင်ရေအေး (မြောင်းမြ) က ဖူးမြင်လိုက်ရ သဖြင့် ကြည်နူးနှစ်သက် ဝမ်းမြောက်ပီတိဖြစ်နေရသည်မှာ ၁၉၉၃ ခုနှစ် ထုတ် ဝေသည့် **"သပြေကန်ဆရာတော်ဘုရားကြီး–ထေရဂုဏ်ရည်စာစောင်"** တွင် "သူတော်ကောင်းပညာရှိ"ဆောင်းပါးကို ရေးသားချိန်အထိ ဖြစ်ပါသည်ဟု သူ ကိုယ်တိုင် ထိုဆောင်းပါး၌ မှတ်တမ်းတင်ထားပါသည်။

သပြေကန်ဆရာတော်သည် ရဟန်းတို့နှင့်မအပ်စပ်သည့် တရားဓမ္မ ကျင့် သုံးမှု၏အနှောင့်အယှက် ဆူးငြောင့်ခလုတ်ဖြစ်သည့် ရေဒီယို၊ ကက်ဆက်၊ ရုပ်မြင် သံကြားစက်၊ မော်တော်ကား စသည်တို့ကိုလည်း အလှူခံတော်မမူပါ။ ဆရာ

http://www.dhammadownload.com



တော်အမြဲသီတင်းသုံးသောအခန်းမှာ ခပ်ကျဉ်းကျဉ်းသာဖြစ်၍ အိပ်ရာ, ခုတင်, ပက်လက်ကုလားထိုင်တစ်လုံး, ကျမ်းစာအုပ်များနှင့် ဆေးပုလင်းများကိုသာ တွေ့ရပါသည်။ အဆောင်အယောင် မမက်မောသော ဟိတ်ဟန်မထားတတ်သော ရိုးရိုးစင်းစင်းသာ နေထိုင်တတ်သော ဆရာတော်ဘုရားပါပေ။

**သဂါထာဝဂ္ဂသံယုတ်၊ သတ္တဇဋိလသုတ်** တွင် မြတ်စွာဘုရားသည် ကောသလမင်းအား ဤသို့ မိန့်တော်မူ၏ –

"မင်းကြီး…သီလတရား ရှိမရှိကို အတူတကွနေသဖြင့် သိနိုင်၏၊ ထိုသိနိုင်ခြင်းကိုလည်း ကာလကြာမြင့်မှသာ သိနိုင်၏၊ တိုသောကာလဖြင့် မသိနိုင်။ ကာလရှည်ကြာစွာ အတူနေဖူးသော်လည်း နှလုံးသွင်းသောသူသည်သာ သိနိုင်၏၊ နှလုံးမသွင်းသောသူသည် မသိနိုင်။ နှလုံးသွင်းပါသော်လည်း ပညာရှိသောသူသည်သာ သိနိုင်၏၊ ပညာမဲ့သောသူကား မသိနိုင်။"

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သီလ ရှိမရှိကို သတင်းကြားရုံမျှဖြင့် ဆုံးဖြတ်၍မရ။ ကြာရှည်စွာ ပေါင်းသင်းဆက်ဆံကြည့်မှ သိနိုင်၏။ မိမိကိုယ်တိုင် နှလုံးသွင်း၍ မိမိကိုယ်တိုင်ပညာရှိမှသာ သိနိုင်၏၊ နှလုံးမသွင်းလျှင် ပညာမရှိလျှင် မသိနိုင်ပါ။

အချို့ပုဂ္ဂိုလ်များမှာ အဝေးမှသတင်းကြားဖြင့် အကြည်ညိုခံရသော်လည်း နီးနီးစပ်စပ် ဆည်းကပ်ပေါင်းသင်းကြည့်သည့်အခါ သတင်းကြားနှင့် တခြားစီဖြစ်ကာ အကြည်ညိုပျက်သွားတတ်၏။ ကြာရှည်စွာ နီးနီးစပ်စပ် ဆည်းကပ်ဆက်ဆံသူတို့၏ကြည်ညိုမှုကို ခံယူရပါမှ သူတော်ကောင်းစစ်စစ် ဖြစ်နိုင်သည်။ သပြေကန်ဆရာတော်ကား ကြာရှည်စွာ နီးနီးစပ်စပ် ဆည်းကပ်နေသူတို့၏ ကြည်ညိုလေးစားမှုကို အပြည့်အဝခံယူရသည့် တကယ့်သီလဝန္တ ပုဂ္ဂိုလ်မြတ် ပါပေတည်း။

ကောဇာသက္ကရာဇ် ၁၃၄၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်နေ့မှ ပြာသိုလပြည့်နေ့အထိ **မြန်မာစာပြဋ္ဌာန်းဝါဒါစရိယဆရာတော်များ** သည် ကမ္ဘာအေး ဥတ္တရကုရုကျောင်းဆောင်အလယ်ထပ်၌ အစည်းအဝေးကိစ္စဖြင့် သီတင်းသုံးကြရပါသည်။ ထိုအဖွဲ့တွင် **အရှင်ဝါသေဋ္ဌာဘိဝံသ** နှင့် **အရှင်ဒေဝိန္ဒာဓိပတိ** (ထီးချိုင့်မြို့-တည်တောဆရာတော်) တို့လည်း ပါဝင်ကြ၏။ ဤဆရာတော်နှစ်ပါးတို့ သီတင်းသုံးကြရသောအခန်းတို့သည် ဆက်လျက်ဖြစ်နေသဖြင့် နီးနီးကပ်ကပ်နေထိုင်ကြရပါသည်။ တည်တောဆရာတော်၏ထင်မြင်ချက်ကို ဆရာတော်ကိုယ်တိုင် "သပြေကန်ဆရာတော်ဘုရားကြီး-ထေရုပ္ပတ်ရှည်စာစောင်"

http://www.dhammadownload.com



တွင် "စကားစောင့်စည်းသူ"ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးသားထားပါသည်။ ထိုဆောင်းပါးမှ တစ်စိတ်တစ်ဒေသကို ကောက်နုတ်တင်ပြပါမည်။

"ကြာရိုးကိုမြင်လျှင် ရေ၏အတိမ်အနက်ကို သိနိုင်သကဲ့သို့ လူတစ်ယောက်၏ ပြောဆိုသောစကား၊ ပြုစုသောကျမ်းကို ထောက်၍ ထိုသူ၏ ဉာဏ်အတိမ်အနက်ကိုလည်း သိရှိနိုင်ပါသည်။

"သပြေကန်ဆရာတော်ဘုရားသည် ပရိတ်ကြီးနိသျသစ်စသော ကျမ်းပြုပါတည်း။ ဆရာတော်ကြီးပြုစုသော ကျမ်းများကိုထောက်၍ ဆရာတော်ကား အလွန်ဉာဏ်ပညာထက်မြက်သောပုဂ္ဂိုလ်တစ်ပါးဖြစ်ကြောင်း သိပြီးပင် ဖြစ်ပါသည်။

"သို့သော် ယထာဝါဒီ တထာကာရီ၊ ပြောသလိုလုပ်၍ လုပ်သလိုပြောသော ပုဂ္ဂိုလ်ကား အလွန်ရှားပါးလှပါသည်။ လောက၌ ဉာဏ်နှင့်သဒ္ဓါသည် စင်ပြိုင်တရားဖြစ်၏။ ဉာဏ်ပညာနှင့် သဒ္ဓါတရားတို့သည် တူညီပါမှ ကောင်းပါသည်။

"ဉာဏ်ပညာက လွန်၍ သဒ္ဓါတရားက အားနည်းပါသော် သူတစ်ပါးအပေါ် ဉာဏ်ပညာဖြင့် လှည့်စားကောက်ကျစ်တတ်ပါသည်။ တစ်ဖန် သဒ္ဓါတရားလွန်၍ ဉာဏ်ပညာမပါခဲ့ပြန်သော် သူတစ်ပါးလှည့်ကွက်ကို ခံကြရတတ်ပါသည်။

"ထို့ကြောင့် ဉာဏ်သာသူတိုင်းကိုလည်း ဆည်းကပ်ရန် မသင့်၊
သဒ္ဓါတရားကောင်းသူတိုင်းကိုလည်း ဆည်းကပ်ရန် မသင့်သေးပါ။

"ပရိတ်ကြီး နိသျသစ်ကျမ်းပြုဆရာတော်ကြီး၏ အကျင့်သီလကို နီးနီး ကပ်ကပ် နေထိုင်ရစဉ် နှလုံးသွင်း၍ကြည့်မိပါသည်။ ဆရာတော်ကြီးကား စကားပြောသင့်သလောက်သာ ပြော၏။ တရားဟောသင့်သလောက်သာ ဟော၏။ စကားပြောလွန်စွာစောင့်စည်းသည်ကို ဖူးတွေ့ရ၏။ ....ဆရာတော်ဘုရားကြီးသည်ကား အနဂါရိယမုနိအစစ် ဖြစ်တော်မူသည်။

"ဆရာတော်ကြီး၏ဘဝတစ်စိတ်ကို လေ့လာကြည့်သောအခါ ဆရာတော်ကြီးသည် ငယ်စဉ်တောင်ကျေးကလေးဘဝမှ ယခုသက်တော် ၈၀ ကျော်သည်အထိ သာသနာတော်အတွင်း၌ ပရိယတ္တိ, ပဋိပတ္တိဖြင့် ပျော်မွေ့စွာနေထိုင်တော်မူခဲ့သည်။

"အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်များ အပ်နှင်းခြင်းခံယူတော်မူရသည်မှာ အလွန်ပင် နောက်ကျနေသေးသည်ဟုပင် ယူဆမိပါသည်။

http://www.dhammadownload.com



"သာသနာတော်အတွင်း ဤမျှ ပရိယတ်၊ ပဋိပတ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကိုမှ ဤသို့သော ဘွဲ့တံဆိပ်တော်များ အပ်နှင်းခြင်းမခံရပါလျှင် အဘယ်ပုဂ္ဂိုလ်သည် အပ်နှင်းခြင်း ခံထိုက်ပါမည်နည်း။"

အရှင်ဝါသေဌသည် တကယ်တော်၍ တကယ်ကျော်ကြားလာပြီးလျှင် ပူဇော်ခြင်း, ချီးမွမ်းဂုဏ်ပြုခြင်းအထူးကို တကယ်ခံယူထိုက်သော သီလဝန္တ ပုဂ္ဂိုလ်မြတ် ဖြစ်ပါပေသည်တကား။

## ဆရာတော်၏ သမာဓိစွမ်းရည်

"အပွေးမြင်လျှင် အပင်သိသည်၊ အသွေးမြင်လျှင် အသွင်သိသည်"ဟု မြန်မာစကား ဆိုရိုးရှိပါသည်။

ဆရာတော်၏ဣန္ဒြေအမူအရာကို အကဲခတ်ခြင်းဖြင့် ဆရာတော်၏သမာဓိစွမ်းရည်သည် အလွန်ကြီးမားကြောင်း ခန့်မှန်းနိုင်ပါသည်။

ဆရာတော်၏ မျက်စိနှင့် မျက်နှာတို့သည် အမြဲကြည်လင်၍ တည်ငြိမ်အေးဆေးနေသည်၊ ဆရာတော်၏ အမူအရာများသည် တည်ငြိမ်ရင့်ကျက်လှ၏၊ ဆရာတော်၏ လှုပ်ရှားပုံ, ကြွလှမ်းပုံတို့က ဣန္ဒြေရှိလှ၏၊ ဖြည်းညင်းစွာ ကြွလှမ်းသွားပုံကလည်း ကြည်ညိုဖွယ်ကောင်းလှ၏၊ စကားပြောရာတွင်လည်း တိုးညင်းစွာ ချင့်ချိန်၍ ပြောဆို၏။ အများအားဖြင့်မူ မိမိသီတင်းသုံးရာအခန်းထဲ၌ တိတ်ဆိတ်ငြိမ်သက်စွာ နေတော်မူလေ့ရှိ၏။

ဆရာတော်၏အပြစ်ကင်းစင်၍ ခရုသင်းပွတ်ပမာ ဆွတ်ဆွတ်ဖြူဝင်းသော သီလစွမ်းရည်ကြောင့်လည်း သမာဓိကြီးမားတော်မူသည်။ သီလစင်ကြယ်သူသည် နောင်တ တစ်ဖန် ပူပန်ရသည့် စိတ်နှလုံးမသာယာမှုမဖြစ်တော့သည့် အတွက် စိတ်နှလုံးသာယာမှု, စိတ်ရွှင်လန်းမှု (အဝိပ္ပဋိသာရ) သာ ဖြစ်တော့၏။

စိတ်ရွှင်လန်းမှုရှိသူအား နုနယ်သော နှစ်သက်ဝမ်းမြောက်မှု (ပါမောဇ္ဇ) သည် ဖြစ်၏။ ပါမောဇ္ဇ အဖြစ်များလာသောအခါ အားကြီးသည့် နှစ်သက်ဝမ်းမြောက်မှု (ပီတိ) ဖြစ်ပေါ်လာ၏။ ပီတိဖြစ်လာသောအခါ ကိုယ်စိတ်နှလုံးငြိမ်းအေးမှုဟူသော ပဿဒ္ဓိ၊ ကိုယ်စိတ်ပေါ့ပါးမှု–လဟုတာ၊ ကိုယ်စိတ်နှစ်ပါးနူးညံ့သိမ်မွေ့မှု–မုဒုတာ၊ ကိုယ်စိတ်နှစ်ပါး ကောင်းမွန်ခံ့ညားမှု–ကမ္မညတာတို့လည်း ဖြစ်ပေါ်လာကြ၏။

ကိုယ်စိတ်ငြိမ်းအေးမှု–ပဿဒ္ဓိစသည်တို့ဖြစ်ပေါ်လာသောအခါ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှု–သုခ ဖြစ်ပေါ်လာ၏။ သုခဖြစ်ပေါ်လာသည့်အခါ ကောင်းသောအာရုံ၌ စိတ်တည်ကြည်မှု–သမာဓိဖြစ်ပေါ်လာ၏။ တည်ကြည်မှု–သမာဓိ

http://www.dhammadownload.com



အားကောင်းလာသောအခါ တရားသဘော, ပရမတ်သဘောတို့ကို အရှိအရှိ အတိုင်း ထိုးထွင်းမြင်သိသည့် ယထာဘူတဉာဏ် (ပညာ) ဖြစ်ပေါ်လာ၏။

အရှင်ဝါသေဋ္ဌ၏ ကျက်ဉာဏ်, မှတ်ဉာဏ်, သဘောဉာဏ်, စဉ်းစားနိုင်းချိန် ဝေဖန်စိစစ်နိုင်သော ဉာဏ်တို့သည်လည်း အားကြီးသော သမာဓိကို အခြေခံ၍ ဖြစ်ပေါ်ကြရသဖြင့် ဆရာတော်၏ သမာဓိစွမ်းအား ကြီးမားကြောင်းကို ညွှန်ပြ နေကြပါသည်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ မြတ်စွာဘုရား သီတင်းသုံးနေစဉ်အခါ **သင်္ဂါရဝပုဏ္ဏား** သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ဤစကားကို လျှောက် ထား၏ –

"အရှင်ဂေါတမ ... ကာလရှည်စွာ ရွတ်အံ့သရဇ္ဈာယ်မှုကို ပြုပါသော်လည်း တစ်ခါတစ်ရံတွင် ဗေဒင်တို့သည် ဉာဏ်၌မထင်ကုန်၊ ရွတ်အံ့သရဇ္ဈာယ်မှုကို မပြုပါမူကား အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း။ တစ်ခါတစ်ရံတွင် ကာလရှည်စွာ ရွတ်အံ့သရဇ္ဈာယ်မှုကို မပြုပါသော်လည်း ဗေဒင်တို့သည် ဉာဏ်၌ထင်ကြပါ ၏၊ ရွတ်အံ့သရဇ္ဈာယ်မှုကို ပြုပါမူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ဤသို့ ဖြစ်ရခြင်းတို့ကား အဘယ်အကြောင်းတို့ကြောင့်ပါနည်း၊ အထောက်အပံ့တို့ ကား အဘယ်ပါနည်း"

မြတ်စွာဘုရားက "စိတ်၌ နီဝရဏတရားများ လွှမ်းမိုးခြယ်လှယ်နေကြ သည့်အခါ ကာလရှည်စွာ ရွတ်အံ့သရဇ္ဈာယ်မှုကို ပြုပါသော်လည်း ဗေဒင်တို့ သည် ဉာဏ်၌မထင်ကုန်၊ ရွတ်အံ့သရဇ္ဈာယ်မှုကို မပြုပါမူကား အဘယ်ဆိုဖွယ် ရာ ရှိအံ့နည်း။ စိတ်၌ နီဝရဏတရားများ ကင်းစင်နေကြသည့်အခါ ကာလရှည် စွာ ရွတ်အံ့သရဇ္ဈာယ်မှုကို မပြုပါသော်လည်း ဗေဒင်တို့သည် ဉာဏ်၌ထင်ကုန် ၏၊ ရွတ်အံ့သရဇ္ဈာယ်မှုကို ပြုပါမူကား အဘယ် ဆိုဖွယ်ရာ ရှိပါအံ့နည်း"ဟု ဖြေကြားတော်မူ၏။

ထို့ကြောင့် ကျက်ဉာဏ်, မှတ်ဉာဏ်, သဘောဉာဏ်တို့ကို ပိတ်ပင်တားဆီး တတ်သည့်အကြောင်းတို့မှာ နီဝရဏတရားတို့တည်း။ နီဝရဏဟူသော အပိတ် အပင်တရားတို့သည် ကုသိုလ်တရားများ မဖြစ်ပေါ်အောင်လည်း တားဆီးတတ် ကြ၏၊ ဈာန်သမာဓိမဖြစ် ပေါ်အောင်လည်း တားဆီးတတ်ကြ၏၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ မဖြစ်ပေါ်အောင်လည်း တားဆီးတတ်ကြ၏။

http://www.dhammadownload.com



## နီဝရဏ - အပိတ်အပင်တရား ၅ ပါးကား

(၁) ကာမစ္ဆန္ဒနီဝရဏ = ကာမဂုဏ်ကို လိုချင်တပ်မက်မှု (ကာမရာဂ)၊
(၂) ဗျာပါဒ နီဝရဏ = သူတစ်ပါးတို့ကို ပျက်စီးစေလိုမှု (ဒေါသ)၊
(၃) ထိနမိဒ္ဓ နီဝရဏ = စိတ်စေတသိက်တို့ လေးလံထိုင်းမှိုင်းမှု၊
(၄) ဥဒ္ဓစ္စ, ကုက္ကုစ္စ နီဝရဏ = စိတ်ပျံ့လွင့်မှုနှင့် နောင်တတစ်ဖန် ပူပန်မှု၊
(၅) ဝိစိကိစ္ဆာ နီဝရဏ = ယုံမှားသံသယဖြစ်မှု၊ မဝေခွဲနိုင်မှု။

ကာမရာဂ ထကြွနှိပ်စက်သောစိတ်သည် ချိပ်, နနွင်း, မဲနယ်, နီပါးဆေးမှုန့် တစ်မျိုးမျိုးနှင့် ရောနှောထားသော ရေခွက်နှင့်တူ၏။

ပျက်စီးစေလိုမှု – ဒေါသထကြွနှိပ်စက်သောစိတ်သည် ရေခိုးရေငွေ့နှင့်တကွ ပွက်ပွက်ဆူနေသော ရေခွက်နှင့်တူ၏။

လေးလံထိုင်းမှိုင်းမှု – ထိနမိဒ္ဓ ထကြွနှိပ်စက်သော စိတ်သည် မှော်သေးရေညှိတို့နှင့် ဖုံးလွှမ်းနေသော ရေခွက်နှင့်တူ၏။

စိတ်ပျံ့လွင့်မှု – ဥဒ္ဓစ္စနှင့် နောင်တတစ်ဖန်ပူပန်မှု–ကုက္ကုစ္စတို့ ထကြွနှိပ်စက်သော စိတ်သည် လေတိုက်သဖြင့် ရေမျက်နှာပြင် လှုပ်ရှားကာ လှိုင်းထနေသည့် ရေခွက်နှင့်တူ၏။

မဝေခွဲနိုင်မှု–ဝိစိကိစ္ဆာထကြွနှိပ်စက်သော စိတ်သည် နောက်ကျိ၍ မငြိမ်သက်သည့် ရွှံ့နှစ်ရည် ထည့်ထားကာ အမှောင်၌ချထားသည့် ရေခွက်နှင့်တူ၏။

အထက်ပါ ရေခွက်တစ်မျိုးမျိုး၌ မျက်စိအမြင်ရှိသော ယောက်ျားသည် မိမိ၏မျက်နှာရိပ်ကို ဆင်ခြင်ကြည့်ရှုလတ်သော် ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်ရာ။

ထို့အတူပင် နီဝရဏတစ်မျိုးမျိုး ထကြွနှိပ်စက်နေသောစိတ်သည် ထိုဖြစ်ပေါ်လာသော နီဝရဏ၏ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာမသိ၊ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာမသိမမြင်၊ သူတစ်ပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်။ သို့အတွက် ကာလရှည်စွာ ရွတ်အံသရဇ္ဈာယ်မှုကို ပြုပါသော်လည်း ဗေဒင်တို့သည် ဉာဏ်၌ မထင်ကုန်၊ ရွတ်အံသရဇ္ဈာယ်မှုကို မပြုပါမူကား အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း။ နီဝရဏ ငါးမျိုးစလုံး ထကြွနှိပ်စက်နေလျှင်ကား ပို၍ပင် ဆိုးရွားပါလိမ့်မည်။

အကယ်၍ ရေခွက်ထဲ၌ရှိသော ရေသည် ချိပ်, နနွင်း, မဲနယ်, နီးပါး ဆေးမှုန့်တို့နှင့် မရောနှော၊ အခိုးအငွေ့ထွက်၍ဆူပွက်ခြင်းလည်း မရှိ၊ မှော်သေးရေညှိ

http://www.dhammadownload.com



တို့နှင့်လည်း မဖုံးလွှမ်း၊ လှိုင်းထကာ လှုပ်ရှားတုန်လှုပ်ခြင်းလည်း မရှိ၊ မနောက်ကျိဘဲ အလင်းရောင်ဦထား၏။ ထိုကြည်လင်ငြိမ်သက်သော ရေခွက်၌ မျက်စိအမြင်ရှိသော ယောက်ျားသည် မိမိ၏ မျက်နှာရိပ်ကို ဆင်ခြင်ကြည့်ရှုလတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်ရာ၏။

ထို့အတူပင် နီဝရဏတရားများ ထကြွနှိပ်စက်မှုမရှိသော စိတ်သည် ဖြစ်ပေါ်လာသော နီဝရဏ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏၊ မိမိ၏ အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ သူတစ်ပါး၏ အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏။ သို့အတွက် ကာလရှည်စွာ ရွတ်အံသရဇ္ဈာယ်မှုကို မပြုပါသော်လည်း ဗေဒင်တို့သည် ဉာဏ်၌ထင်ကုန်၏၊ ရွတ်အံသရဇ္ဈာယ်မှုကို ပြုပါမူကား အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း။

ဤသို့လျှင် ကျက်ဉာဏ်, မှတ်ဉာဏ်, သဘောဉာဏ်တို့၏ အကြောင်းအထောက်အပံ့တို့ကို မြတ်စွာဘုရား ရှင်းပြတော်မူသည်။

**(မဟာဝဂ္ဂသံယုတ်၊ သင်္ဂါရဝသုတ်)**

**အရှင်အာနန္ဒာ** မထေရ်သည် မြတ်စွာဘုရား တစ်ကြိမ်မျှဟောကြားတော်မူသော တရားဒေသနာတော်များကို အသက်ထက်ဆုံး ကောင်းစွာမှတ်မိသည်။ အရှင်အာနန္ဒာ, အရှင်မဟာကဿပ, အရှင်ဥပါလိ, အရှင်သာရိပုတ္တရာတို့၏ တပည့်အဆက်ဆက်များသည်လည်း သုတ္တန်, ဝိနည်း, အဘိဓမ္မာ ဟောစဉ်များကို နှုတ်ငုံအာဂုံဆောင်ကာ ခေတ်အဆက်ဆက် ထိန်းသိမ်းခဲ့ကြသည်။ ဤအရှင်မြတ်တို့သည် တစ်ခေါက်ပို့ချဟောပြလိုက်ရုံမျှဖြင့် ပါဠိတော်များကို နှုတ်ငုံရရှိရာ တစ်သက်လုံး မမေ့ပျောက်အောင် ထိန်းသိမ်းနိုင်စွမ်း ရှိကြသည်။ ဤသို့ ကျက်ဉာဏ်, မှတ်ဉာဏ်, သဘောဉာဏ်တို့ အလွန်ကောင်းမွန်ကြခြင်းမှာ ဤပုဂ္ဂိုလ်များသည် အရိယာများ, ရဟန္တာများ ဖြစ်ကြသည်နှင့်အညီ သူတို့၏ စိတ်အစဉ်ဝယ် နီဝရဏတရားများ ကင်းရှင်းနေကြသောကြောင့် ဖြစ်၏။

ယခု မျက်မှောက်ခေတ်တွင်လည်း အာနာပါနဿတိ စသည့် ကမ္မဋ္ဌာန်းတစ်ခုခုကို ဘုရားဟောကြားထားသည့်အတွက် နည်းလမ်းမှန်ကန်စွာ ရှုပွားသွားလျှင် စတုတ္ထဈာန်အထိ ရရှိနိုင်ပါသည်။ ဈာန်အနီးကပ်နေသည့် **ဥပစာရဈာန်** (ဝါ) **ဥပစာရသမာဓိ** ရလျှင်ပင် စိတ်အစဉ်မှ နီဝရဏများ ကင်းကွာသွားလေပြီ။ **ဈာန်သမာဓိ** သို့ ရောက်လျှင် နီဝရဏများကို ပို၍ကြာရှည်စွာ စိတ်မှ ဖယ်ရှားထားနိုင်သည်။

http://www.dhammadownload.com



*"စိတ္တဝိသုဒ္ဓိနာမ သဉပစာရာ-အဋ္ဌသမာပတ္တိယော"*
*"ဉပစာရသမာဓိနှင့်တကွ ရှစ်ပါးသော စျာန်သမာပတ် ဟုဆိုအပ်သော သမာဓိတို့ကို စိတ်၏ဖြူစင်ခြင်း - **စိတ္တဝိသုဒ္ဓိ** ဟု သိအပ်၏။"*
**(ဝိသုဒ္ဓိမဂ္ဂ ၂၊၂၂၂)**

ထိုသို့ စိတ်ဖြူစင်နေသည့်အခါ ကျက်ဉာဏ်, မှတ်ဉာဏ်တို့ အထူးကောင်းမွန်လာသည်ကို တွေ့ရသည်။ စတုတ္ထစျာန် ရထားသူသည် စာတစ်မျက်နှာကို ကြည့်လျှင် ဓာတ်ပုံရိုက်ကူးယူသလို တစ်ခေါက်နှစ်ခေါက် ဖတ်ရုံဖြင့် ကောင်းကောင်း မှတ်မိသည်။ **ဓာတ်ပုံရိုက်ကူးသည့် မှတ်ဉာဏ် (Photographic memory)** ရရှိလာသည်ဟု ဆို၏။

အရှင်ဝါသေဋ္ဌသည် ငယ်စဉ်ကတည်းက အမြဲတစေ စာကြည့်စာအံကာ စာသဘောကို တွေးတောဆင်ခြင်နေခဲ့သည်၊ ထို့ကြောင့် အမြဲ ဘာဝနာရှုပွားနေသည်နှင့် တူပါသည်။ သမာဓိကောင်းမွန်သည့်အတွက် နီဝရဏများကို အမြဲဖယ်ရှားထားနိုင်သည်။ ပင်ကိုပါရမီဉာဏ်ကောင်းသည့်အပြင် တည်ကြည်သော သမာဓိရှိသည့်အတွက် ကျက်ဉာဏ်, မှတ်ဉာဏ်, သဘောဉာဏ်တို့ အလွန်ကောင်းမွန်နေခြင်းဖြစ်သည်။

ဆရာတော်၏ စိတ်အစဉ်၌ နီဝရဏများ နှိုးကြားထကြွနေခြင်းမရှိဘဲ အမြဲကင်းစင်နေသည်ကို ဆန်းစစ်ကြည့်လျှင် သိသာနိုင်ပါသည်။ ဆရာတော်တွင် ကာမဂုဏ်အာရုံများကို လိုချင်တပ်မက်မှုမရှိသည့်အတွက် ကာမစ္ဆန္ဒ နီဝရဏ ကင်းရှင်းနေသည်ကို သိနိုင်ပါသည်။ ရုပ်ရှင်ကြည့်ဖို့, သီချင်းနားထောင်ဖို့ ဝေလာဝေး။ ဆရာတော်၏ ကျောင်း၌ ရေဒီယို, ကက်ဆက်, ရုပ်မြင်သံကြားစက်တို့ မရှိပါ၊ အဘိဓမ္မဟာရဋ္ဌဂုရုဟူသော ဘွဲ့ထူးကို ရရှိသည့်အတွက် ဆရာတော်အား မော်တော်ကား လှူဒါန်းသည်ကိုလည်း လက်မခံပါ။

အလွန်နာမည်ကျော်ကြားသည့် ပဋိပတ္တိဆရာတော်တစ်ပါးသည် လာဘ်လာဘ ရွှင်လန်းသည့်အတွက် မော်တော်ကားဝယ်ယူရန် ဒကာများနှင့် ကားအကြောင်း ဆွေးနွေး၏။ ထိုသို့ဆွေးနွေးပြောဆိုရသည်ကို မမောနိုင်, မပန်းနိုင်အောင် ရှိကြောင်း ကြားသိရဖူး၏။ သပြေကန်ဆရာတော်၏ စိတ်ထားနှင့် ကွာခြားလှပေစွ။

တစ်ခါက ဦးပဥ္ဇင်းနှစ်ပါး ဆရာတော်ထံ ရောက်လာကြပြီး တစ်ပါးက မိဘရပ်ထံ ခေတ္တပြန်ခွင့်တောင်း၏။ ကျန်တစ်ပါးက မိဘများ နေထိုင်ခဲ့ရာ ဒေသဟောင်းသို့ မရောက်ဖူး၍ အလည်အပတ်သွားလိုကြောင်း လျှောက်ထား၏။

http://www.dhammadownload.com



ဆရာတော်က မိဘရပ်ထံ ခေတ္တပြန်ခွင့်တောင်းသော ဦးပဥ္စင်းကို ပြန်ခွင့်ပြုလိုက်၏။ ကျန်ဦးပဥ္စင်းကိုမူ ခွင့်မပြုချေ။

"ဦးပဥ္စင်းတွေအနေနဲ့ စာဝါမရှိတဲ့အချိန်မှာ စာတွေကိုပြန်ပြီးကျက်မှတ်နေရမှာပေါ့၊ စာဝါမရှိတဲ့အချိန်တွေမှာ စာကိုပြန်ပြီး မကျက်ကြတော့ ဦးပဥ္စင်းတွေမှာ စာတွေမေ့ကုန်ကြရော။ မရောက်ဖူးတဲ့နေရာတွေသာ လျှောက်သွားနေရရင် ဘယ်မှာကုန်နိုင်ပါတော့မှာလဲ"ဟု ဆရာတော် ဆုံးမတော်မူသည်။

ဆရာတော်ကိုယ်တိုင်လည်း မန္တလေးမြို့ အဘယာရာမဆရာတော်ဘုရားကြီးထံ (၅) နှစ်ကြာ သီတင်းသုံးခဲ့ရာ၌ စာပေ၌သာလျှင် စိတ်ကိုမြှုပ်နှံထားခဲ့၏။ ကျော်ကြားလှသော ဆရာတော်များနှင့် သံဃာများစွာတို့ သီတင်းသုံးရာ စေတီပုထိုးအဆူဆူတို့နှင့် လှပတင့်မောနေသည့် စစ်ကိုင်းတောင်ရိုးသို့ပင်လျှင် တစ်ခါတစ်ခေါက်မျှ မသွားချေ။ ရန်ကုန်သို့ ပြန်ကြွခါနီးမှ အများ၏ဝိုင်းဝန်းတိုက်တွန်းမှုကြောင့် စစ်ကိုင်းသို့ တစ်ခေါက်သွားရောက်ခဲ့သည်။

ဆရာတော်သည် အချိန်ကို မဖြုန်း၊ ကာမဂုဏ်အာရုံအမျိုးမျိုးဆီသို့ စိတ်မရောက်ဘဲ ပရိယတ်၊ ပဋိပတ်တို့၌သာ အချိန်ရှိသရွေ့ နေထိုင်တော်မူသည်။ သို့အတွက် ကာမရာဂ ကိုက်ခဲလွှမ်းမိုးခြင်းဒဏ်မှ လွတ်ကင်းလျက်ရှိသည်။

တစ်ဖန် ဆရာတော် စိတ်ဆိုးသည်ဟူ၍ မည်သူမျှ တစ်ခါမျှ မမြင်ဖူးချေ။ စိတ်ကောက်၊ စိတ်ညှိုး၊ အလိုမကျသည့်အတွက် မျက်နှာမသာမယာဖြစ်သွားသည်ကိုလည်း မမြင်တွေ့ကြရပါ။

ထို့ကြောင့် ဆရာတော်၏ စိတ်၌ သူတစ်ပါးတို့အား ဖျက်ဆီးလိုသည့် အမျက်ဒေါသ ထကြွနှိပ်စက်ခြင်း မရှိ၊ ဆရာတော်၏စိတ်၌ ဗျာပါဒ နီဝရဏ ကင်းစင်နေသည်ကို သိနိုင်ပါသည်။

တစ်ဖန် ဆရာတော်သည် ထိန, မိဒ္ဓတို့ ထကြွနှိပ်စက်သဖြင့် ပျင်းရိငိုက်မျည်း, လေးလံထိုင်းမှိုင်းခြင်းလည်း မရှိချေ။ သို့အတွက် ဆရာတော်၏ စိတ်၌ ထိနမိဒ္ဓ နီဝရဏလည်း ကင်းစင်နေ၏။

ထို့အပြင် ဆရာတော်သည် စိတ်ပျံ့လွင့်မှုလည်း မဖြစ်၊ နောင်တတစ်ဖန်ပူပန်မှုလည်း မဖြစ်၊ ဘုရား, တရား, သံဃာ, ကံတရား, အကျင့်တရားတို့အပေါ်၌ ယုံမှားသံသယလည်း မဖြစ်။ သို့အတွက် ဥဒ္ဓစ္စ, ကုက္ကုစ္စ နီဝရဏနှင့် ဝိစိကိစ္ဆာ နီဝရဏတို့ ကင်းစင်နေ၏။

နီဝရဏအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်သဖြင့် ဆရာတော်၏စိတ်သည် အမြဲတစေ ဖြူစင်အေးမြကာ နှစ်သက်ဝမ်းမြောက်ခြင်း–ပီတိ၊ ကိုယ်စိတ်

http://www.dhammadownload.com



ငြိမ်းအေးခြင်း–ပဿဒ္ဓိ၊ ချမ်းသာခြင်း–သုခ တို့နှင့် ထုံမွမ်းလျက် ကာမဂုဏ် ချမ်းသာထက် သာလွန်သော ချမ်းသာနှင့် ပြည့်စုံနေပေ၏။

သို့ဖြစ်၍ သပြေကန်ဆရာတော်၏ သမာဓိစွမ်းရည်သည် အထက်တန်း ကျကျ မြင့်မားလျက်ရှိကြောင်းကို နှစ်ထောင်းအားရစွာ ဂုဏ်ယူမိပါသည်။

## ဆရာတော်၏ ပညာဂုဏ်ရည်

အရှင်ဝါသေဋ္ဌာဘိဝံသ၏ အံ့မခန်းဖွယ်ရာ ထူးချွန်ပြောင်မြောက်လှသော ပရိယတ္တိစွမ်းရည်ကို ကျွန်ုပ်တို့ သိရှိခဲ့ကြရပြီ။

ဆရာတော်သည် နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ ပါဠိ, အဋ္ဌကထာ, ဋီကာ အလုံးစုံ၌ အထွေးအရှုပ်မရှိ၊ ဘုရားရှင်အလိုတော်, အဋ္ဌကထာဆရာကြီးများ၏ အာဘော်နှင့် ဋီကာဆရာကြီးများ၏ နှလုံးသွင်းပုံနှင့်အညီ ရှင်းရှင်းကြီး သိမြင် တော်မူသည်။ ဤသို့သိမြင်နိုင်ရေးအတွက် ပါဠိဘာသာ, သက္ကတဘာသာနှင့် ပါကဋဘာသာတို့ကိုလည်း ကျွမ်းကျင်စွာ လေ့လာထားတော်မူသည်။ မြန်မာ စာပေကိုလည်း လွန်စွာနိုင်နင်းတော်မူသည်။ သို့အတွက် ဆရာတော်သည် စာ အတတ်ဆုံး ဆရာတော်များထဲတွင် တစ်ပါးအပါအဝင်ဖြစ်တော်မူသည်။

မိမိတတ်ကျွမ်းထားသော ပိဋကတ်စာပေများကို တပည့်သားများအား စိတ်ရှည်လက်ရှည် သဘောပေါက်နားလည်အောင် သင်ကြားပို့ချပေးသည်။ နိကာယ်ငါးရပ်တွင် လိုသလို ဉာဏ်ကျက်စားနိုင်သဖြင့် အသုံးချရန်အတွက် လည်း လိုသလို ဆွဲယူသုံးစွဲနိုင်သည်။

**မဟာဗောဓိ နာယက အရှင်ပဏ္ဍိတာဘိဝံသ** သည် တပည့်များအား မောဂ္ဂလာန်သဒ္ဒါကျမ်းကိုပို့ချရင်း "မောဂသာနာစဗောဓိ"ကျမ်းစာကို ရေးသား နေသည့်အချိန် ရန်ကုန် ဗဟန်းမဟာဝိသုဒ္ဓါရုံကျောင်းတိုက်၌ သပြေကန်ဆရာ တော်နှင့် ဆုံတွေ့၏။

သပြေကန်ဆရာတော်က "မဟာဗောဓိဘုန်းကြီး…ပယောဂသိဒ္ဓိ ကြည့်ရဲ့ လား"ဟု မေးတော်မူ၏။

ပယောဂသိဒ္ဓိကျမ်းသည် မောဂ္ဂလာန်သဒ္ဒါကျမ်း၏ အဖွင့်ကျမ်းတစ်ဆူ ဖြစ် ရာ အရှင်ပဏ္ဍိတာဘိဝံသက "ကြည့်ပါတယ် ဆရာတော်ဘုရား"ဟု လျှောက် ထား၏။

"ပယောဂသိဒ္ဓိကျမ်းထဲမှ တ–သဒ္ဒါသုံးမျိုးအဖွင့်က နည်းနည်းချွတ်ယွင်း နေတယ်၊ အမှန်က အလင်္ကာဋီကာမှာ ရှိတယ်"ဟု သပြေကန်ဆရာတော်က ဆက်လက်မိန့်ကြားတော်မူ၏။

http://www.dhammadownload.com



အလင်္ကာဋီကာကျမ်းဆိုသည်မှာ ယခုအခါ အတော်ပင်လေ့လာကြည့်ရှုသူ နည်းပါးသော ကျမ်းအိပ်တစ်ဆူ ဖြစ်သည်။ ဆရာတော်က ဤကျမ်းအိပ်တစ်ဆူထဲမှ စာပိုဒ်ကလေးတစ်ခုကိုပင် နှိုက်နှိုက်ချွတ်ချွတ် မှတ်မိနေသည်ကို အရှင်ပဏ္ဍိတာဘိဝံသ အံ့သြရပါသည်။

သပြေကန်ဆရာတော်သည် နံနက်ပိုင်းတွင် လက်ဖက်ရည်ကြမ်း ဘုဉ်းပေးလေ့ရှိရာ **ဦးသြဒါတသိရီဘိဝံသ** (မန္တလေး) ကို ဖိတ်ခေါ်၍ အတူဘုဉ်းပေးစေပါသည်။ လက်ဖက်ရည်ကြမ်းသောက်ရင်း သဒ္ဒါဆိုင်ရာ စာပေဆိုင်ရာ ဦးသြဒါတသိရီဘိဝံသ သိလိုသော အချက်များကို ဆရာတော်အား မေးလျှောက်သည်။

ဆရာတော်က ဦးခေါင်းကို ပွတ်ပြီး "အင်း... ငယ်ငယ်က သင်ထားတာတွေဆိုတော့ မေ့ကုန်ပါပြီ"ဟု စကားခံ၍ မေးခွန်းတစ်ခုချင်းကို ဖြေရှင်းပေးပါသည်။ "မေ့ကုန်ပါပြီ"ဟု ဆရာတော်အမိန့်ရှိသော်လည်း ဆရာတော်၏ ရှင်းလင်းမိန့်ကြားချက်များကို ကြားရသောအခါ ဆရာတော်၏မှတ်ဉာဏ်စွမ်းရည်ကို ဦးသြဒါတသိရီဘိဝံသ အံ့သြရပါသည်။

ဤကဲ့သို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ စာအားဖြင့် ရေးသားပေးပို့၍ဖြစ်စေ၊ မေးမြန်းထားသော ပိဋကတ်စာပေရေးရာ မေးခွန်းများနှင့် အဆုံးအဖြတ်တောင်းခံချက်များကို ဆရာတော်သည် စိတ်ရှည်လက်ရှည်ပင် ဖြေကြားပေးတော်မူသည်။ ဖြေကြားရဖန်များ, ကျမ်းစာများကို ကြည့်ရှုရဖန်များသဖြင့် ဘယ်အကြောင်းအရာသည် ဘယ်ကျမ်းမှာ ဘယ်စာမျက်နှာ၌ ရှိသည်ကိုပင် ဆရာတော် လက်တန်းညွှန်ပြနိုင်လာသည်။

တောင်ကြီးမြို့မှ **ဒေါက်တာအောင်ကျော်** (သွားဆရာဝန်နှင့် စာရေးဆရာ) သည် "လူ့ဘဝ၏နိဂုံး နောက်ဆုံးအချိန်၌ ဝိညာဉ်ချုပ်စဉ် ထွက်သက်နှင့် သေသလား၊ ဝင်သက်နှင့် သေသလား"ဟူသော ပြဿနာကို ကြံကြံဖန်ဖန် တွေးတောမိ၍ စာဖြင့် မေးမြန်းသည်ကိုလည်း ဆရာတော်က အဘိဓမ္မာမသိကျွမ်းသူတို့ပင် နားလည်နိုင်အောင် အဖြေရေးသား၍ ပေးပို့ပါသည်–

"ဝိညာဉ်ချုပ်ခြင်းဆိုသည်မှာ စုတိစိတ်ကျခြင်းဖြစ်၏။ ဘဝ၏ အဆုံးစွန်စိတ်ကို 'စုတိ'ဆို၏။ ထိုစုတိနောက် ဝိညာဉ်မဖြစ်တော့ပေ။ ဝိညာဉ်သာမဟုတ် ဆိုင်ရာရုပ်တွေကို စောင့်ရှောက်နေကြသော ဇီဝိတရုပ်တရား၊ ဇီဝိတနာမ်တရားတို့ရှိ၏။ ထိုရုပ်သက်နာမ်သက်–ဇီဝိတများသည်လည်း စုတိကျခိုက်မှာ နောက်ဆုံးဖြစ်ခြင်းသာတည်း။ ခန္ဓာကိုယ်ကို မပုပ်မသိုးရလေအောင် စောင့်ရှောက်နေသော ဥသ္မာခေါ် ကိုယ်ငွေ့ဓာတ်သည်ရှိ၏။ ထိုကိုယ်ငွေ့ဓာတ်

http://www.dhammadownload.com



သည်လည်း စုဘိစိတ်ကျခိုက်မှာ ချုပ်တော့သည်သာ ဖြစ်၏။ ထို့ကြောင့် အသက်ဇီဝိတဆိုသော စေတသိက်နှင့် ရုပ်ရယ်၊ ဝိညာဉ်ဆိုသော စိတ်ရယ်၊ ဥသ္မာဆိုသော ကမ္မဇတေဇောဓာတ်ငွေ့ရယ်၊ ဤတရားသုံးပါးတို့ ခန္ဓာကိုယ်ကြီးကို စွန့်သွားကြလျှင် သေသည်ဟု ဆိုရခြင်းပါ။"

တစ်ဖန် **အရှင်ပဏ္ဍိတာဘိဝံသ** က "မောဂ္ဂလာန်သုတ်နက် (ပထမပိုင်း) စာမူကြမ်းကို ရေးပြီးစအခါ သပြေကန်ဆရာတော်ထံ စာမူကြည့်ရှု၍ သုတ်သင်ပေးတော်မူပါရန်နှင့် နိဒါန်းရေးသားချီးမြှင့်ပေးတော်မူပါရန် လျှောက်ထား၏။

ထိုအခါ သပြေကန်ဆရာတော်က မိမိကိုယ်ကို နှိမ့်ချလျက် "မဟာဗောဓိဘုန်းကြီးရယ်...စာမရေးတာကလဲ ကြာပြီ၊ ဖြစ်မှဖြစ်ပါ့မလား"ဟု မိန့်တော်မူ၏။ နောက်မကြာမီ နိဒါန်းစာမူနှင့်အတူ အောက်ပါစာလွှာလေးတစ်စောင်ကို ပို့ပေးလိုက်၏–

မဟာဗောဓိနာယက

အရှင်ပဏ္ဍိတာဘိဝံသ–ထံ

(၃၀–၄–၈၄)

စာရေးပြီးသည်မှာ သုံးရက်လောက် ရှိပါပြီ၊ ယခုမှ ပို့ဖြစ်၏။ စိတ်ကြိုက်မှ ကျပါမည်လောဟု အောက်မေ့မိပါ၏။ မကောင်းလျှင်လည်း ပယ်နိုင်ပါ၏။

ကျန်းမာချမ်းသာ အသက်ရှည်စွာ သာသနာပြုနိုင်ပါစေသော်။

**အရှင်ဝါသေဋ္ဌာဘိဝံသ။**

ဆရာတော်သည် အလွန်အားနာတတ်ပြီး လူတိုင်း, ပုဂ္ဂိုလ်တိုင်းကို ကျေနပ်အောင် လုံ့လစိုက်၍ ဆောင်ရွက်တော်မူသည်။ မေးခွန်းပြဿနာများစွာကို ဖြေကြား၍ ပုဂ္ဂိုလ်များစွာသို့ ဖြေကြားလွှာပေးပို့ရခြင်း၊ စာအုပ်များကို တည်းဖြတ်၍ နိဒါန်းရေးပေးရခြင်းစသည့် ဝေယျာဝစ္စအလုပ်တို့သည် အချိန်ကိုအလွန်ကုန်စေပါသည်။

ဤသို့ ပိဋကတ်ကျမ်းဂန်, ဘာသန္တရစာပေများကို တစ်ဖက်ကမ်းခတ်တတ်မြောက်၍ တပည့်များအား သင်ကြားပေးသည့်အပြင် မေးခွန်းပြဿနာများကို ဒိုင်ခံ၍ ဖြေကြားနေရုံဖြင့် တာဝန်ကျေပြီလားဟုမေးလျှင် မကျေသေးပါဟု ဆိုရလိမ့်မည်။ မိမိသိနားလည်သောတရားကို ကိုယ်တိုင်မကျင့်သုံးလျှင် နွားများကိုသာ ကျောင်းရပြီး နွားနို့မသောက်သုံးရသည့် နွားကျောင်းသားများနှင့် ပမာတူသွားလိမ့်မည်။

http://www.dhammadownload.com



မြတ်စွာဘုရားသည် 'အာယုသင်္ခါရ' ကို စွန့်လွှတ်ပြီး၍ ပရိနိဗ္ဗာန်ပြုရန် သုံးလအလိုတွင် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီးသို့ ချဉ်းကပ်တော်မူပြီးလျှင် အရှင်အာနန္ဒာအား ဝေသာလီပြည်၌ အမှီပြုနေကုန်သော ရဟန်းအားလုံးတို့ကို စုရုံးစေ၏။ ထို့နောက် မြတ်စွာဘုရားသည် ဓမ္မာရုံသို့ ချဉ်းကပ်၍ ရဟန်းတို့အား မိန့်တော်မူ၏ –

*"ရဟန်းတို့…ငါသည် ထူးသောဉာဏ်ဖြင့် သိ၍ ဟောတော်မူအပ်သော တရားတော်တို့ကို သင်တို့သည် ကောင်းစွာ သင်ယူ၍ မှီဝဲအပ်ကုန်၏၊ ပွားများအပ်ကုန်၏၊ ယင်းသို့မှီဝဲပွားများလေ့ကျင့်သည်ရှိသော် ဤမြတ်သောအကျင့် 'သာသနာတော်'သည် အရှည်ခိုင်ခံ့လျက် ကြာမြင့်စွာ တည်တံ့ရာ၏။ ထိုသို့ တည်တံ့ခြင်းသည် လူအများ၏စီးပွားချမ်းသာအလို့ငှာ လောကကို စောင့်ရှောက်ရန် အလို့ငှာ နတ်လူတို့၏အကျိုးစီးပွားချမ်းသာအလို့ငှာ ဖြစ်လေရာ၏။*

*"ထူးသောဉာဏ်ဖြင့် သိ၍ ငါဟောအပ်သောထိုတရားတို့ကား အဘယ်နည်း။ ယင်းတရားတို့ကား သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တို့ပင်တည်း။"*

**(မဟာပရိနိဗ္ဗာနသုတ်)**

ဤလမ်းညွှန်ချက်အရ သာသနာတော်အရှည်ခိုင်ခံ့တည်တံ့ရန်နှင့် သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်ရန်တို့အတွက် ပိဋကတ်သုံးပုံ၏ အနှစ်ချုပ်ဖြစ်သည့် **ဗောဓိပက္ခိယတရား (၃၇) ပါး** တို့ကို သင်ယူပြီးလျှင် မှီဝဲပွားများရမည်၊ အဖန်ဖန် လေ့ကျင့်ရမည်။ အရိယမဂ်ဟူသော မဂ္ဂင်ရှစ်ပါး–ကျင့်စဉ်တရားကို ထိထိရောက်ရောက် ပွားများအားထုတ်လျှင် ဗောဓိပက္ခိယတရား (၃၇) ပါးလုံး ပြည့်စုံလာကြမည်ဖြစ်သည်။ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားဟူသည်မှာ သီလသိက္ခာ, သမာဓိသိက္ခာ, ပညာသိက္ခာဟူသော ကျင့်စဉ်သုံးပါးပင် ဖြစ်သည်။

မြတ်စွာဘုရားသည်ပင် တရားတော်ကို အလေးအမြတ်ပြုသကဲ့သို့ အရှင်ဝါသေဋ္ဌသည်လည်း တရားတော်ကို အလွန်အလေးအမြတ်ပြုပါသည်။ **တရားတော်သည်ပင် မိမိ၏မှီဝဲအားထားရာ ကျက်စားရာ မြတ်နိုးရာ လဲလျောင်းရာ ဖြစ်သည်ဟု မှတ်ယူတော်မူသည်။** ဆိတ်ငြိမ်ရာတွင် တစ်ဦးတည်း ငြိမ်သက်

http://www.dhammadownload.com



စွာ သီတင်းသုံးတော်မူ၍ တရားကိုသာ နှလုံးသွင်းနေပါသည်။ မိမိ၏ စိတ်ကို ပရိယတ်–ပဋိပတ် အလုပ်၌သာ မြှုပ်နှံထားတော်မူသည်။

ဆရာတော်သည် အချိန်မှန်မှန် ဘုရားဝတ်တက်၍ ဘာဝနာရှုပွားတော်မူသည်။ ဂန္ထ ဓုရနှင့် ဝိပဿနာဓုရနှစ်ဖြာကို အချိန်ရှိသမျှ ကျင့်ကြံပွားများ အားထုတ်နေတော်မူသည်။

ဆရာတော် သီတင်းသုံးတော်မူရာ တိုက်ကျောင်း၏ အောက်ထပ်သံတံခါးကို အပြင်မှ သော့ခတ်ထားစေ၏၊ သော့ခတ်ထားပါသော်လည်း ဆရာတော်သည် ကျောင်းပေါ်တွင် ရှိနေသည်ပင်။ ကျန်းမာနေသည့်အခါများတွင် ဝတ်ကြီး ဝတ်ငယ် ဝေယျာဝစ္စပြုလုပ်ရန် ရဟန်းတပည့်, ကပ္ပိယတပည့်များကိုလည်း မထားပါ။ ဆရာတော်အား ဖူးမြော်လိုသူရောက်လာလျှင် ဆရာတော်သီတင်းသုံးသည့် သာဓုဇနာနန္ဒတိုက်ကျောင်းရှေ့ရှိ ဓမ္မပါလဓမ္မာရုံတွင် သာသနာပါလ အဖွဲ့၏ နာယကဖြစ်သူ ဦးဘငွေထံ ခွင့်ပန်နိုင်သည်။ ဦးဘငွေက အမြဲလိုလို စောင့်ကြပ်နေပြီး ဧည့်သည်ရောက်လျှင် ဆရာတော်၏ တိုက်ကျောင်းသံတံခါး သော့ကို ဖွင့်, ဆရာတော်ထံ ပန်ကြားပြီးလျှင် ဆရာတော်အား ဖူးမြော်နိုင်ရန် စီစဉ်ပေးပါသည်။

ဆရာတော်သည် ပြင်ပအာရုံနှင့် မထိတွေ့အောင် တတ်နိုင်သမျှ ရှောင်ကြဉ်ပါသည်။ မိမိ သီတင်းသုံးသည့်အခန်းပြတင်းပေါက်များကိုပင် ပိတ်ထားလေ့ရှိသည်။ စိတ်ကို စာပေနှင့် တရားဓမ္မ၌သာ အချိန်ပြည့် မြှုပ်နှံထားကာ ဝိဝေကချမ်းသာဖြင့် ဧကစာသီတင်းသုံးတော်မူ၏ ။

ဆရာတော်ဘုရားသည် ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းရာ၌ မည်သည့်အတိုင်းအတာအထိ ပေါက်မြောက်ခဲ့သည်ကို မည်သူမျှ မခန့်မှန်းနိုင်ပါသော်လည်း ဆရာတော်၏ ပဋိပတ္တိစွမ်းအားကား အလွန်မြင့်မားကြောင်းကို ယုံမှားသံသယ မရှိသင့်ပေ။ ဆရာတော်သည် စိတ်ကိုကောင်းစွာ ထိန်းချုပ်ထားနိုင်ပြီးလျှင် ကိလေသာအညစ်အကြေးများကိုလည်း အလွန်ကင်းဝေးစင်ကြယ်သွားအောင် သုတ်သင်ဆေးကြောထားနိုင်သည်ကို ဖူးမြင်ရသည့်အတွက် ဆရာတော်၏ ပဋိပတ်စွမ်းရည်ကို မချီးကျူးဘဲ မနေနိုင်ပါ။

> *"နှိပ်နင်းရန် ခဲယဉ်း၍ လျင်မြန်သော သဘောရှိသော အလိုရှိရာ အာရုံ၌ ကျလေ့ရှိသော စိတ်ကို ဆုံးမခြင်းသည် ကောင်း၏၊ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။*

http://www.dhammadownload.com



*"အလွန့်အလွန်မြင်နိုင်ခဲသော အလွန့်အလွန်သိမ်မွေ့သော အလို ရှိရာ အာရုံ၌ ကျလေ့ရှိသောစိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏၊ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။"*

**(ဓမ္မပဒ ၃၅၊၃၆)**

*"အိမ်ကို မကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက် ဝင်နိုင်သကဲ့သို့ စိတ်ကို သမထဝိပဿနာတို့ဖြင့် ကောင်းစွာ မပွား ထုံအပ်သည်ရှိသော် ရာဂသည် ဖောက်ဝင်နိုင်၏။*

*"အိမ်ကို ကောင်းစွာမိုးအပ်သည်ရှိသော် မိုးရေသည် မဖောက် ဝင်နိုင်သကဲ့သို့ စိတ်ကို သမထဝိပဿနာတို့ဖြင့် ကောင်းစွာပွားထုံ အပ်သည် ရှိသော် ရာဂသည် မဖောက်ဝင်နိုင်။"*

**(ဓမ္မပဒ ၁၃၊၁၄)**

*"အသီးတစ်ရာ၊ အညှာတစ်ခု၊ ပမာရှု၍၊ စိတ်ဟုမည်ငြား၊ ဤ တစ်ပါးမျှ၊ တရားကိုယ်ကြပ်၊ စောင့်စည်းကွပ်က၊ လူ့ရပ်နတ်ရွာ၊ ဗြဟ္မာနိဗ္ဗာန်၊ ရောက်ကြောင်းမှန်၏။"*

**(မဃဒေဝလင်္ကာ)**

**သီလသိက္ခာ** သည် ကာယဒုစရိုက်, ဝစီဒုစရိုက်မှုတို့ကို ကျူးလွန်မိသည် အထိ ကြမ်းတမ်းအားကြီးလာသော **ဝီတိက္ကမကိလေသာကို နှိပ်နင်းဖယ်ရှားနိုင်၏။**

**သမာဓိသိက္ခာ** သည် စိတ်၌ နိုးကြားထကြွနေကြသော အလတ်စား ကိလေသာ ဖြစ်သည့် **ပရိယုဋ္ဌာနကိလေသာကို နှိပ်နင်းဖယ်ရှားနိုင်၏။**

**ပညာသိက္ခာ** သည် စိတ်၌ငုပ်လျှိုးကိန်းဝပ်နေကြသော အနုစား **အနုသယ ကိလေသာကို နှိပ်နင်းဖယ်ရှားနိုင်၏။** မဂ်ဉာဏ် လေးဆင့်သည် လောဘ, ဒေါသ, မောဟ စသော ကိလေသာအားလုံးကို အမြစ်ပြတ်ဆွဲနုတ်ဖယ်ရှားနိုင် သည်။

အချို့သော တရားအားထုတ်ထားပြီးသော ပုဂ္ဂိုလ်များ၊ အချို့သော တရား ညွှန်ပြနေကြသော ပုဂ္ဂိုလ်များသည် သားရေးသမီးရေး, အိမ်ထောင်ရေး, စီးပွား ရေး, တိုင်းရေးပြည်ရေးစသည့် အကြောင်းအရာများကို သက်သက်အကျိုးမရှိ ပါဘဲလျက် မြိန်ရေရှက်ရေ ပြောဆိုနေကြ၏။ ထိုသူတို့သည် သမ္ဖပ္ပလာပ ဟူ သည့် ဝစီဒုစရိုက်ကိုပင် မရှောင်ရှားနိုင်ကြသေးသဖြင့် သီလသိက္ခာပင် မလုံ ခြုံသေးဟု ယူဆရပါလိမ့်မည်။

http://www.dhammadownload.com



အချို့မှာ ဒေါသကို မချုပ်ထိန်းနိုင်ဘဲ မကြားဝံ့မနာသာ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊ သူတစ်ပါးတို့ စိတ်မချမ်းသာအောင် သူတို့၏ဂုဏ်သိက္ခာကို ထိခိုက်အောင် ရွဲ့စောင်းပုတ်ခတ်၍ ဝေဖန်ပြောဆိုခြင်းတို့ကို ဆိုမိကြ၏။ ဤသည်လည်း ဖရုသဝါစာဖြစ်၍ ဝစီဒုစရိုက်ကို ကျူးလွန်သည်ဟုပင် သတ်မှတ်ရပါမည်။

အချို့မှာလည်း လာဘ်လာဘပေါများရေး၊ ဂုဏ်ပကာသနရရှိရေး၊ လှပသော အဆင်း, သာယာသောအသံ, မွှေးကြိုင်သော အနံ့, ချိုမြိန်သော အရသာ, နူးညံ့ပျောင်းအိသော အထိအတွေ့ဟူသည့် ကာမဂုဏ်ကို ခံစားရေး၊ ရေဒီယို, ကက်ဆက်, ရုပ်မြင်သံကြားစက်, မော်တော်ကား ဝယ်ယူရေးစသည့် အကြောင်းများကို တွေးတောကြံဆနေရုံမျှမက ပြောဆိုဆွေးနွေးနေကြ၏။ ထိုသူတို့၏ စိတ်ကို ကာမစ္ဆန္ဒနီဝရဏဖြစ်သည့် ကာမရာဂက လွှမ်းမိုးနှိပ်စက်နေခြင်းပင် ဖြစ်သည်။ ပရိယုဋ္ဌာနာကိလေသာ သောင်းကျန်းနေခြင်းဖြစ်၍ သမာဓိသိက္ခာ မလုံ ခြုံသေးပါဟု ဆိုရပါမည်။

အချို့သူတို့သည် သူတစ်ပါးတို့ ပျက်စီးရာပျက်စီးကြောင်း ကြံစည်နေသည်၊ အိမ်ထဲရှိပိုးဟပ်, ပုရွက်ဆိတ်များကို ဖျက်ဆီးရန် ပန်းခြံထဲက ပိုးကောင်များကိုဖျက်ဆီးရန် ကြံစည်နေသည်၊ သူတစ်ပါးတို့နှင့် ဆက်ဆံရာ၌ မပြေလည်သည့်အတွက် မကျေမနပ် ယောက်ယက်ခတ်နေသည်၊ ခေါင်းကိုက်, ဗိုက်နာ, ကျောအောင့်, ရင်အောင့်, ညောင်းညာကိုက်ခဲမှုများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ကာ ညည်းညူတွန့်လိမ်နေသည်။ ဤအခြင်းအရာတို့သည် စိတ်၌ ဗျာပါဒနီဝရဏ ထကြွသောင်းကျန်းနေခြင်းဖြစ်၍ သမာဓိသိက္ခာ မပြည့်ဝသေးဟု ဆိုရချိမ့်မည်။

အချို့ကလည်း ကုသိုလ်ကောင်းမှုပြုရန် တရားစာဖတ်ရန် တရားထိုင်ရန် ပျင်းရိငိုက်မျဉ်းနေကြသည်၊ ထိနမိဒ္ဓ နီဝရဏနှိပ်စက်နေခြင်းကြောင့်ပင်။ အချို့ကလည်း စိတ်ပျံ့လွင့်နေ၍ စိတ်တည်ငြိမ်အောင် မထားနိုင်၊ မကောင်းမှုပြုခဲ့မိသည်ကိုလည်းကောင်း၊ ကောင်းမှုမပြုဖြစ်ခြင်းကိုလည်းကောင်း၊ နောင်တတစ်ဖန်ပူပန်ကာ စိတ်မကောင်းဖြစ်နေမိသည်။ ဥဒ္ဓစ္စ–ကုက္ကုစ္စ နီဝရဏ ထကြွနှိပ်စက်နေသောကြောင့် ဖြစ်ပါ၏။ မိမိ၏တရားလုပ်ငန်းမှာ အကျင့်တရားနှင့် ဆရာသမားတို့အပေါ်၌ ယုံမှားသံသယဖြစ်နေလျှင်မူ ဝိစိကိစ္ဆာ နီဝရဏနှိပ်စက်နေပြီ ဖြစ်၏။ သို့အတွက် ဤအခြင်းအရာများဖြစ်ပေါ်နေလျှင်လည်း သမာဓိသိက္ခာ မလုံခြုံသေး၊ အိမ်ခေါင်မိုးမလုံသေးဟူ၍ ဆုံးဖြတ်ရပါမည်။

သီလသိက္ခာ မခိုင်မာလျှင် သမာဓိသိက္ခာကို ထပ်ဆင့်၍ မတည်ဆောက်

http://www.dhammadownload.com



နိုင်ပါ။ သမာဓိသိက္ခာ မပြည့်မီလျှင်လည်း ပညာသိက္ခာသို့ မတက်လှမ်းနိုင်ပါ။ ဤကား ပရိယတ္တိပေတံစည်းမျဉ်းက တိတိကျကျ သတ်မှတ်ပေးထားပါသည်။ သဘာဝလည်း ကျလှပါ၏။ အကြမ်းစားဝိတိက္ကမကိလေသာများ မငြိမ်းအေးလျှင် အလတ်စား ပရိယုဋ္ဌာနကိလေသာများကို ငြိမ်ဝပ်အောင် နှိမ်နင်းရန် မလွယ်ပါ။ အလတ်စားကိလေသာများ မငြိမ်ဝပ်လျှင်လည်း အနုစား အနုသယကိလေသာများကို တူးဖြိုပယ်သတ်ရန် မလွယ်ကူပါ။ ပင်စည်ကို မခုတ်လှဲဘဲနှင့် အမြစ်များကို တူးဖော်နုတ်ပစ်ရန် မလွယ်ကူသကဲ့သို့တည်း။

## ဆန္ဒရာဂကင်းရှင်းသော အထောက်အထားများ

အရှင်ဝါသေဋ္ဌာဘိဝံသ၏ အမူအရာ, အပြုအမူ, အပြောအဆို, အနေအထိုင်တို့ကို ဆန်းစစ်ကြည့်လျှင် နီဝရဏအညစ်အကြေးများ ကင်းစင်၍ အမြဲတစေတည်ငြိမ်အေးဆေးနေ၏။ ဆရာတော်သည် မည်သည့်ကာမဂုဏ်ချမ်းသာကိုမျှ အလိုမရှိပါ၊ မတောင့်တပါ၊ စိတ်မကူးပါ။ ဆရာတော်၏စိတ်သည် တရားဓမ္မ၌သာ ကျက်စားနေသည်ဖြစ်၍ ပြင်ပကာမဂုဏ်အာရုံများဆီသို့ ပြေးထွက်ခြင်း မရှိပါ။

ဆရာတော်သည် ထွေထွေရာရာ မတောင့်တဘဲ ရသမျှနှင့် ရောင့်ရဲတင်းတိမ်နိုင်ခြင်းဟူသော **သန္တုဋ္ဌိဂုဏ်** နှင့် အလိုနည်းခြင်း – **အပ္ပိစ္ဆာဂုဏ်** တို့နှင့် အထူးပြည့်စုံနေသည်ကို အလွန်လေးစားကြည်ညိုဖွယ်ရာ မြင်တွေ့ရပါသည်။

*"သန္တုဋ္ဌီ ပရမံ ဓနံ။"*
*"ရောင့်ရဲတင်းတိမ်ခြင်းသည် အမြတ်ဆုံး ဓနဥစ္စာဖြစ်ပါ၏။"*

ဗုဒ္ဓဝါဒသည် လိုချင်တပ်မက်မှု **"ဆန္ဒရာဂကင်းရှင်းရေးဝါဒ"** ဖြစ်ပြီးလျှင် "ဓမ္မောစမ္မော"ဟူသည်မှာ ဤဆန္ဒရာဂမှ လွတ်မြောက်မှုရသ (ဝိမုတ္တိရသ) ဖြစ်သည်ဟု **"သကြိန်တရားတော်"** ၌ ဆရာတော် ရေးသားဖော်ပြထားပါသည်။

ဆရာတော်သည် ဤဆန္ဒရာဂ၏ ကွန်ရက်မှ ရုန်းထွက်နိုင်သည်မှာ အလွန်ချီးမွမ်းထိုက်ပေ၏။ ထူးခြားပြောင်မြောက်သည့် ပရိယတ္တိစွမ်းရည်, ပဋိပတ္တိစွမ်းရည်တို့နှင့် ပြည့်စုံ၍ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့ ကြီးမားတော်မူသော စာတတ်အကျော်ဒေးယျပုဂ္ဂိုလ်ဖြစ်သည့် ဆရာတော်ဘုရားကို ကျောင်းလှူဒါန်းလိုသူတို့ ပေါ်များလှပါသည်။ ဆရာတော်က လက်မခံပါ။

မန္တလေးမြို့မှ ထင်ပေါ်ကျော်ကြားသည့် **"ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ"** (သကျသီဟ သီးခြားစာချ) ဘွဲ့ကို ရရှိခဲ့သောကြောင့်လည်းကောင်း၊

http://www.dhammadownload.com



နိုင်ငံတော်အစိုးရက ချီးမြှင့်သည့် **"သာသနဓဇ သိရီပဝရ ဓမ္မာစရိယ သိရော မဏိ"** ဘွဲ့ထူးကို ဦးဦးဖျားဖျား ရရှိသောကြောင့်လည်းကောင်း၊ သပြေကန် မဟာဓမ္မိကာရာမတိုက် ဆရာတော်ကြီးများက အရှင်ဝါသေဋ္ဌာဘိဝံသအား ပဓာန နာယကဆရာတော်ကြီးအဖြစ် တင်မြှောက်လိုကြသည်၊ အရှင်ဝါသေဋ္ဌ က လက်မခံဘဲ ထေရ်ကြီးများ၏ အဆုံးအမကို နာခံကာ **အနုနာယက** (ဆရာ တော်ကလေး) တစ်ပါးအဖြစ်ဖြင့်သာ မထင်မရှားနေထိုင်တော်မူ၏။

တစ်ဖန် ရန်ကုန်မြို့ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်၏ ပဓာန နာယက **ဆရာတော်ဦးကောသလ္လ** – သာသနဓဇ ဓမ္မာစရိယ၊ ဘီအေ (ရန်ကုန်)၊ ဘီအေ ဂုဏ်ထူး (လန်ဒန်) က တောထွက်၍ တရားကျင့်ကြံအားထုတ်လိုသဖြင့် မိမိ ကျောင်းကို အရှင်ဝါသေဋ္ဌာဘိဝံသအား အပ်နှံ၏။ အရှင်ဝါသေဋ္ဌက လက် မခံပါ။ ဆရာတော်ဦးကောသလ္လသည် အသက် ၆၀ နှစ်အရွယ်၌ စာပေပို့ချ ပြီးနောက် ညဥ့်အခါ ရေချိုးမှား၍ အအေးပတ်သည်ကအစ ဇလရောဂါဖြင့် ရုတ်တရက်ပျံလွန်တော်မူသောအချိန်တွင် အရှင်ဝါသေဋ္ဌာဘိဝံသသည် ဆရာ ဝန်ထံ မျက်စိလာပြသဖြင့် ရန်ကုန်မြို့ မြသိန်းတန် ရွှေကျင်ကျောင်းတိုက်၌ ရောက်ရှိနေပါသည်။ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်ဒါယကာများက ဦး ကောသလ္လ ပျံလွန်သည့်အကြောင်းကို အရှင်ဝါသေဋ္ဌအား ညဥ့်တွင်းချင်း လာ ရောက်အကြောင်းကြားကြ၏။ သို့သော် အရှင်မြတ်က ကျောင်းလက်မခံပါ။

ထိုစဥ်အခါ သပြေကန်မဟာဓမ္မိကာရာမ စာသင်တိုက်တွင် စာသင်သား ရဟန်းအပါး (၃၀) ခန့်သာရှိပြီး ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်တွင်မူ စာ သင်သား ရဟန်း (၇၆) ပါးရှိသည်၊ ဓမ္မာစရိယကိုယ်တော် (၆) ပါးလည်းရှိသည်။ ဤသံဃာတော်အရှင်မြတ်များနှင့် ဒါယကာများက အရှင်ဝါသေဋ္ဌာဘိဝံသကို သာ ပဓာန နာယက တင်မြှောက်လိုကြသည်၊ ရွှေကျင်ဂိုဏ်းဆရာတော်များက လည်း အရှင်ဝါသေဋ္ဌာဘိဝံသကို တာဝန်ယူစေလိုကြသည်။ သံဃာ့အားကို ဘုရားပင် မလွန်ဆန်နိုင်သကဲ့သို့ အရှင်ဝါသေဋ္ဌသည်လည်း သံဃာတော်, ဆရာ တော်များ၏ ဆန္ဒကို မလွန်ဆန်နိုင်တော့ဘဲ "တစ်နှစ်တာဝန်ယူပေးမည်" ခံဝန် ချက်ဖြင့် ရန်ကုန် ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်– ပဓာန နာယကတာဝန် ကို လက်ခံလိုက်ပါသည်။

ထိုစဥ်အခါက သပြေကန် မဟာဓမ္မိကာရာမတိုက်၏ ပဓာန နာယကဆရာ တော်အရှင်မုနိန္ဒသည် အရှင်ဝါသေဋ္ဌထက် ဝါ (၂၀) မျှပိုကြီးတော်မူသည်။ ဆရာ တော်ကြီးက ကြည်ဖြူစွာ ခွင့်ပြုပြီးလျှင် လာရောက်ပင့်လျှောက်သော ဒကာ များကိုလည်း "ဒကာတို့ အလျှောက်ကောင်းလို့ ရတာ၊ သူ့အတွက် အစား

http://www.dhammadownload.com



အသောက်က ဘာမျှအရေးမကြီးဘူး၊ ကျောင်းနဲ့ကပ်လျက် ရေချိုးခန်း, ကုဋီခန်းတို့သာ အရေးကြီးတယ်"ဟု မိန့်ကြားတော်မူ၏။

သို့အတွက် ဒါယကာများသည် ဆရာတော်ကြွမလာမီ ရေချိုးခန်းနှင့် ကုဋီခန်းတို့ကို အလျင်အမြန်ဆောက်ကြရ၏။ ပြီးစီးသည့်အခါ စာချဘုန်းကြီးတစ်ပါးနှင့် ကျောင်းဥပါသကာပန်းချီဆရာ ဦးထွန်းစိန်တို့သည် သပြေကန်ရွာသို့ သွားပြီး အရှင်ဝါသေဋ္ဌအား ပင့်လျှောက်ကြ၏။ ကြွလာမည့်နေ့ကို အမိန့်ရှိဖို့ လျှောက်ထားရာ–

"ဘယ်ရက်ဖြစ်ဖြစ် ရပါတယ်၊ အဖိတ်နေ့လဲ အား၊ ဥပုသ်နေ့လဲ အား၊ ဥပုသ်နေ့ကျ ပိုပြီးအားတာပေါ့"ဟု အမိန့်ရှိလိုက်၏။

စာချဘုန်းကြီးများနှင့် ဒကာများသည် ဥပုသ်နေ့တွင် သီတာဆိပ်ကမ်းမှ ကြိုဆိုရန် စီစဉ်ထားကြ၏။ သို့သော် ဆရာတော်သည် အဖိတ်နေ့ ညနေမှောင်ရီသမ်းချိန်တွင် ကပ္ပိယ ဦးလှစိုးနှင့်အတူ အငှားသုံးဘီးကားဖြင့် ရွှေကျင်ကျောင်းတိုက်သို့ ရောက်လာသဖြင့် ကြိုဆိုရေးအစီအစဉ်သည် အလိုအလျောက်ပျက်ပြယ်သွားလေ၏။

ဆရာတော်၏ အလိုနည်းမှု၊ မထင်ပေါ်လိုမှု၊ မိမိကိစ္စအတွက် သူတစ်ပါးတို့အား မပင်ပန်းစေလိုမှု၊ မလိုအပ်, အရေးမကြီးသော အမှုကိစ္စတို့ဖြင့် အလုပ်မများစေလိုမှု စသည့် စိတ်နေသဘောထားတို့သည် ပေါ်လွင်ထင်ရှားလှသဖြင့် ဆရာတော်အား ပီတိလျှမ်းအောင် ချီးကျူးထိုက်ပါပေတော့၏။

အရှင်ဝါသေဋ္ဌသည် မန္တလေးမြို့ သကျသီဟ စာသင်တန်း, စာချတန်း စာမေးပွဲများကို အောင်မြင်၍ မန္တလေး စိန်ပန်းရပ်ရှိ အဘယာရာမ ရွှေဂူတိုက်၌ အဘယာရာမ ဆရာတော်ဘုရားကြီး၏ အရိပ်အာဝါသကို ခိုလှုံရင်း စာပေပို့ချနေခဲ့ရာ ကောဇာသက္ကရာဇ် ၁၃၀၁ ခုနှစ် ဝါဆိုဦး၌ မိမိ၏ဥပဇ္ဈာယ်ဆရာသမားဖြစ်သည့် သပြေကန် မဟာဓမ္မိကာရာမ တိုက်သစ်ဆရာတော်၏ အမိန့်အရ မန္တလေးမှ သပြေကန်ရွာသို့ အပြီးအပိုင်ပြန်ကြွလာရ၏။

အရှင်ဝါသေဋ္ဌအား သင်္ဘောဆိပ်မှ မြိုင်မြိုင်ဆိုင်ဆိုင် ကြိုဆိုရန်အတွက် သပြေကန်ရွာတွင် စီစဉ်ထားကြ၏။ သပြေကန်ရွာသို့ ရန်ကုန်မှတစ်ဆင့် သင်္ဘောဖြင့်သွားရ၏။ ရန်ကုန်သို့ရောက်သောအခါ ဆရာတော်သည် သပြေကန်သို့ တောက်လျှောက်မကြွသေးဘဲ ကပ္ပိယကိုသာလျှင် ပစ္စည်းများနှင့် စေလွှတ်လိုက်၏။ မိမိကမူ ကျောင်းတော်ရာ ရွှေကျင်တိုက် သုံးထပ်ကျောင်း၌ နှစ်ညဉ့်သုံးညဉ့် ဝင်ရောက်နားနေခဲ့၏။ သို့အတွက် ဆရာတော်အား မြိုင်မြိုင်ဆိုင်ဆိုင် ကြိုဆိုရေး အစီအစဉ်သည် အလိုအလျောက် ပျက်ပြယ်သွားရလေ၏။

http://www.dhammadownload.com



အရှင်ဝါသေဋ္ဌသည် ၁၃၀၁ ခုနှစ်မှ ရန်ကုန်သို့ ရွှေ့ပြောင်းသည့် ၁၃၄၀ ခုနှစ် (ခရစ် ၁၉၇၈ ခုနှစ်) အထိ ၃၉ နှစ်ကြာမျှ သပြေကန် မဟာဓမ္မိကာရာမ တိုက်၌ စာချဆရာတော်ကလေးတစ်ပါးအဖြစ် မထင်မပေါ် ရိုးရိုးကုတ်ကုတ် အေးအေးလူလူ သီတင်းသုံးတော်မူ၏။ မီးခဲပြာဖုံး, ပြည်တန်ပတ္တမြားနှံ့မှာ နစ်နေသည့်ပမာ ဘဝဇာတ်မြှုပ်ထားတော်မူ၏။

၁၃၁၆ ခုနှစ် (ခရစ် ၁၉၅၄ ခုနှစ်) မှ စတင်သော ဆဋ္ဌသင်္ဂါယနာတင်စဉ် အခါကလည်း ကမ္ဘာအေးကုန်းမြေသို့ ပင့်ခေါ်သည်ကို မကြွဘဲ သပြေကန်မှ နေ၍လည်းကောင်း၊ ရံဖန်ရံခါ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာသို့ ကြွ၍လည်းကောင်း၊ ပါဠိ, အဋ္ဌကထာ, ဋီကာများကို ဝိုင်းဝန်း၍ သုတ်သင်ပေး၏။ ဆရာတော်သည် ကျော်ကြားမှုနှင့် လာဘ်လာဘပေါ်များမှုတို့ကို အမြဲတစေ ရှောင်ရှားတော်မူသည်တကား။

## အမြင့်ဆုံး ဘွဲ့တံဆိပ်များဖြင့် ချီးမြှင့်ခံရခြင်း

၁၃၄၆ ခုနှစ် (ခရစ် ၁၉၈၄ ခုနှစ်) ၌ နိုင်ငံတော်အစိုးရက အရှင်ဝါသေဋ္ဌာဘိဝံသအား **အဂ္ဂမဟာပဏ္ဍိတဘွဲ့** ကို ချီးမြှင့်၏။ အဂ္ဂမဟာပဏ္ဍိတ ပူဇော်ပွဲကျင်းပခွင့်ပြုရန် တပည့်ဒကာ ဒကာမများက လျှောက်ထားသည်ကို ခွင့်မပြုချေ။ အကြိမ်ကြိမ် ထပ်မံလျှောက်ထားသောအခါ ဆရာတော်က မငြင်းသာ၍ ခွင့်ပြုလိုက်၏။ ထိုအခါ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် မေဃဝတီကျောင်း ဆရာတော် ဦးပရမ ရေးသားပူဇော်သည့် ဂုဏ်ပြုစာ၌ "ဆရာတော်လောင်းလျာ မွေးဖွားစဉ် ရပ်ရွာ၌ ကောင်းကင်ယံမှ ကြေးစည်သံ, စည်မောင်းသံ, တူရိယာသံများ ညင်းညင်းသာသာ ကြားရ၏"ဟု မှန်းမျှော်၍ ရေးသားပူဇော်ထား၏။

အရှင်ဝါသေဋ္ဌက "ဟုတ်ကို မဟုတ်ဘူး"ဟု အပြတ်အသတ် ငြင်းဆို၍ ပြင်ဆင်စေ၏။ ဆရာတော်ဦးပရမက ပြင်ဆင်ပေးရန် လာလျှောက်သူအား "ဟုတ်နိုင်ပါတယ် ဘုန်းကြီးရာ၊ ဆရာတော် မသိလို့ရှိမှာပါ၊ ဒါပေမဲ့ ဆရာတော်က မကြိုက်တော့ ပြင်ပေးရမှာပေါ့"ဟု အရှင်ဝါသေဋ္ဌသီတင်းသုံးရာ ရွှေကျင်ကျောင်းတိုက်ဆီသို့မျက်နှာမူ၍ ကျကျနန ဦးသုံးကြိမ်ချပြီးလျှင် ပြင်ဆင်ပေး၏။ အရှင်ဝါသေဋ္ဌသည် အတည်မပြုနိုင်သော ဂုဏ်ပုဒ်များဖြင့် မိမိအား ချီးမွမ်းသည်ကို မှိန်းမနေဘဲ ဖယ်ရှားတော်မူ၏။

၁၃၅၃ ခုနှစ် (ခရစ် ၁၉၉၁ ခုနှစ်) တပို့တွဲလတွင် ရွှေကျင်ဂိုဏ်းကြီး၏ တောရသမ (၁၃) အကြိမ် အစည်းအဝေးကြီးကို ရွှေကျင်သာသနာပိုင် ဆရာတော်

http://www.dhammadownload.com



ကြီး သီတင်းသုံးတော်မူသော စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက် သစ်၌ ကျင်းပမည်ဖြစ်၏။ ဤအစည်းအဝေးမျိုးကို နှစ် ၁၀၀ အတွင်း ၁၂ ကြိမ်သာ ကျင်းပခဲ့ဖူး၏။ ယခုအစည်းအဝေးတွင် ဥပ ဥက္ကဋ္ဌ ဆရာတော်နှစ်ပါးနှင့် ရတ္တညူမဟာနာယကများကို တိုးချဲ့ခန့်ထားရန် လျာထား၏။

ဂိုဏ်းသံဃာက သပြေကန်ဆရာတော်အား ဥပ ဥက္ကဋ္ဌတင်မြှောက်လိုကြ၏။ အသင့်တော်ဆုံး ပုဂ္ဂိုလ်ဖြစ်သည်ဟု ဆိုကြ၏။ ထို့ကြောင့် သပြေကန် ဆရာတော်အား အစည်းအဝေးသို့ကြွရောက်ရန် တိုက်တွန်းကြ၏။ မိမိကို ဥပ ဥက္ကဋ္ဌတင်လိုကြောင်း ဆရာတော်သိသွားသည်နှင့်တစ်ပြိုင်နက် တိုက်အုပ် ဆရာတော်ဦးခေမာစာရအား ရွှေကျင်ဂိုဏ်းအကျိုးတော်ဆောင်ချုပ် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂိယထံ ဖုန်းဆက်ခိုင်းသည်။

"မိမိအား ဒုတိယသာသနာပိုင် တင်လိုကြောင်း ဟိုက ဒီက ပြော၍ သိရသည်၊ မိမိ၏ကျန်းမာရေးစသည်တို့က တယ်မကောင်းလှ၊ သတိတွေကလဲ အရင်ကလို မဟုတ်၊ တယ်ပြီးမေ့တတ်၊ ဂိုဏ်းဝန်ကိုဆောင်နိုင်တဲ့ အခြားဆရာ တော်များကိုသာ တင်ပါ"ဟု ပြောဆိုစေသည်။

အကျိုးဆောင်ချုပ်ဆရာတော်က "တပည့်တော်တစ်ပါးတည်း တင်လို့ ချလို့ မရပါ၊ သံဃာများ၏ ဆန္ဒအရသာ ပြုလုပ်ရသည်။ အရှင်ခေမာစာရ ပြောသည်ကို မှတ်သားထားပြီး ဆရာတော်ကြီးများအား လျှောက်ထားပါမည်"ဟု ပြန်ကြားပြောဆို၏။

သို့စေကာမူ ထိုတေရသမအစည်းအဝေးက သပြေကန်ဆရာတော်အား **ဥပ ဥက္ကဋ္ဌ = တွဲဖက်သာသနာပိုင်** တင်မြှောက်လိုက်သည်ပင်။ ဆရာတော်သည် ရွှေကျင် တွဲဖက်သာသနာပိုင်ဆရာတော်ကြီးဟူသော ကျော်ကြားမှုသိလောက နှင့် ပူဇော်သက္ကာရ-ရမှုတို့ကို ရှောင်ရှားလို၏၊ ကြည်ညိုဖွယ်ကောင်းလေစွ။

ကောဇာသက္ကရာဇ် ၁၃၅၅ ခုနှစ် (ခရစ် ၁၉၉၃ ခုနှစ်)၌ နိုင်ငံတော်အစိုးရက သပြေကန်ဆရာတော်ဘုရားအား အမြင့်ဆုံး ဘွဲ့တံဆိပ်ဖြစ်သည့် **အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်** = အမြင့်မြတ်ဆုံး တစ်ပြည်လုံး၏ ဆရာဟူသောဘွဲ့တော်ကြီးကို အပ်နှင်း၏။

## အပိစ္ဆာနှင့် နိဝါတ-နိမာနဂုဏ်များ

သပြောကန်ဆရာတော်သည် ပစ္စည်းလေးပါး၌ အလိုနည်းခြင်းဟူသော ပစ္စယအပိစ္ဆာဂုဏ်နှင့် ပြည့်စုံ၏။ တစ်ကြိမ်က သာသနာရေးဝန်ကြီးက ဆရာ

http://www.dhammadownload.com



တော်အား ဖူးမြော်၍ “ဘာများ အလိုရှိသနည်း”ဟု မေးလျှောက်၏။ ဆရာတော်က “ဘာမျှမလိုအပ်ပါ”ဟု ပြန်ဖြေကြား၏။ မိမိ ရရှိထားသော လာဘ်လာဘကိုလည်း ပြန်၍စွန့်လှူ၏၊ သပြေကန်မှာ သီတင်းသုံးစဉ်ကတည်းက မည်သူ့ကိုမျှ အသိမပေးဘဲ မိမိရရှိသော လာဘ်လာဘဖြင့် ဘုရားဆွမ်းတင်၏၊ သင်္ကန်း, ထီး, ဖိနပ် စသည်ကို သံဃာအား လှူဒါန်း၏၊ ရွှေတိဂုံစေတီ, ဆူးလေစေတီ စသည်တို့အား ကပ္ပိယလွှဲ၍ ရွှေသင်္ကန်းစသည် လှူဒါန်းစေ၏။ ဇီဝိတဒါန သံဃာ့ဆေးရုံစသည်တို့၌လည်း အပ်စပ်သော နဝကမ္မဝတ္ထုငွေများကို လှူစေ၏။ မိမိအမည်ဖြင့်မဟုတ်ဘဲ ကျောင်းတိုက်ဂေါပကအဖွဲ့ အမည်ဖြင့်သာ လှူဒါန်းစေ၏။

အသက် ၈၀ ပြည့်နှစ်မှစ၍ တပည့်ဒကာများက မွေးနေ့အလှူပွဲပြုလုပ်ရန် စီစဉ်ကြ၏။ သင်္ကန်းဒွိစုံ အစုံ (၈၀) လိုချင်ကြောင်း ဆော်ဩလိုက်ရာ ၁၃၂ စုံ လာရောက်လှူဒါန်းကြ၏။ ထိုသင်္ကန်းများအားလုံးနှင့် ရသမျှပစ္စည်းလေးပါးတို့ကို သပြေကန် – ပုဂံတောင် – မင်းလွန်းရွာ – ကျုံတူရွာ စသည်တို့၌ရှိသည့် သံဃာများအား ပေးလှူ၏။ ဝါဆိုဦး တစ်ကြိမ်၊ မွေးနေ့ နတ်တော်လဆန်း ၁၃ ရက်နေ့ တစ်ကြိမ် လှူဒါန်းလေ့ရှိ၏။ ပစ္စည်းလေးပါးအပေါ်၌ တပ်မက်တွယ်တာမှုမရှိဘဲ မင်္ဂဖိုလ်နိဗ္ဗာန်၏အကြောင်းအထောက်အပံ့ဖြစ်သည့် ဒါန–သီလ–ဘာဝနာမှုတို့နှင့် မွေ့လျော်ပျော်ပိုက်ခြင်းသည်လည်း ချီးကျူးထိုက်သော ဂုဏ်တစ်ရပ်ပါပေ။

သပြေကန်ဆရာတော်သည် ပါဠိစကားပြေ(စုဏ္ဏိယ) ကို လှပခမ်းနားစွာ ရေးသားနိုင်၏၊ မြန်မာစကားပြေကိုလည်း ထူးချွန်ပြောင်မြောက်စွာ ရေးသားနိုင်၏။ မိမိ၏အမည်ကို မဖော်ဘဲ ထူးခြားပြောင်မြောက်သည့် စုဏ္ဏိယဂါထာများစွာကို ရေးသားခဲ့သည်လည်း ရှိ၏။ ဆရာတော်သည် စာပေပညာ ကျော်စောမှု၌ အလိုနည်းပါးခြင်း ဟူသည့် **ပရိယတ္တိ အပ္ပိစ္ဆာဂုဏ်** နှင့်လည်း ပြည့်စုံပါပေ၏။

**ဦးဩဒါတ သိရီဘိဝံသ** (မန္တလေး) သည် ၁၆ နှစ်သားအရွယ်လောက်က အဘယာရာမ ဆရာတော်၏ ထေရုပ္ပတ္တိကို ဖတ်ရှုခဲ့ရာ ဆရာတော်ကြီး၏ သမာဓိကြီးမားမှု၊ စာပေရေးရာတွင် ဖွဲ့လုံ့လကောင်းမှုနှင့် စာပေအရာ၌ ထက်မြက်မှုတို့ကို အလွန်ကြည်ညိုခဲ့၏။ အထူးသဖြင့် ထိုထေရုပ္ပတ္တိတွင် ပါဝင်သော **“အဘယာရာမိက ထေရဂုဏ်ရည်”** ဟူသော စာတမ်းကို ဖတ်ရှုရရာ၌ ထိုအရေးအသားကို စွဲစွဲလမ်းလမ်းဖြစ်နေပါ၏။ “အရေးအသား ကောင်းလိုက်တာနော်” ဟု ထိုစာတမ်းကို ပြန်ပြန်ဖတ်မိတိုင်း အဖန်ဖန်ချီးကျူးနေမိ၏။ ထိုပုဂ္ဂိုလ်ကဲ့

http://www.dhammadownload.com



သို့ စာရေးကောင်းသူတစ်ယောက်ဖြစ်ချင်သော ဆန္ဒများသည်လည်း များစွာဖြစ်ခဲ့ရ၏။

တစ်နေ့တွင် မင်းကွန်းတောင်ရိုး ဓမ္မနာဒချောင်၌ အလှူရှိသဖြင့် အဂ္ဂမဟာပဏ္ဍိတ ဝိဇ္ဇာလင်္ကာရဆရာတော်နှင့်အတူ သွားရရာ မော်တော်ပေါ်တွင် ထိုအဘယာရာမိကထေရုပ္ပတ်ရည် စာအရေးအသားကောင်းလှကြောင်း၊ ထိုစာကို မလိှုင်သီရိသောမာရုံဆရာတော် အရှင်စန္ဒာဇောတိ ရေးသည်ဟု ထင်မိကြောင်း ဦးသြဒါတသိရီဘိဝံသက လျှောက်ထား၏။ ဝိဇ္ဇာလင်္ကာရဆရာတော်က သပြေကန်စာချ အရှင်ဝါသေဋ္ဌာဘိဝံသ ရေးသားထားခြင်းဖြစ်ကြောင်း ပြောပြသဖြင့် ဦးသြဒါတသည် အရှင်ဝါသေဋ္ဌအား ကြည်ညိုရှိမဆုံးအောင် ဖြစ်သွားပေ၏။

အရှင်ဝါသေဋ္ဌာဘိဝံသသည် ပိဋကတ်သုံးသွယ်, နိကာယ်ငါးရပ်, သက္ကတ, မာဂဓ စာပေတို့၌ အလိုရှိတိုင်း ကျက်စားနိုင်သဖြင့် **ပိဋကတ္တယ ဆေက, သက္ကတဝိဒူ** ဘွဲ့ကြီးရှင် ဆရာတော်ဖြစ်ပါ၏။ သို့ပါသော်လည်း မာန်မာန မရှိ၊ ဟိတ်ဟန်မထား၊ မိမိကိုယ်ကို နှိမ့်ချသည့် **နိဝါတ–နိမာနဂုဏ်** နှင့်လည်း ပြည့်စုံပါပေ၏။

ဆရာတော်သည် အညတရ မထင်ရှားကြသည့် ရဟန်းပုဂ္ဂိုလ်, လူပုဂ္ဂိုလ်များထံသို့ မေတ္တာကရုဏာထား၍ စာပြန်ကြားပေးလေ့ရှိ၏။ ထိုသို့ပြန်ကြားရာ၌ "အလေးထားကာ ရေးသားအပ်ပါ၏" စသည်ဖြင့် မဖတ်ဝံ့လောက်အောင် သိမ်မွေ့သော စကားလုံးများဖြင့် ရေးသားတော်မူ၏။

၁၉၉၁ ခုနှစ်တွင် မြောင်းမြ ပဋ္ဌာနတာရုံဆရာတော် အရှင်ဉာဏိကသည် အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို ရရှိသဖြင့် တပည့်သံဃာများနှင့် ဒကာများက ဂုဏ်ပြုပူဇော်ပွဲပြုလုပ်ရန် စီစဉ်ကြ၏။ ပူဇော်ပွဲအထိမ်းအမှတ် စာစောင် ထုတ်ဝေရန်အတွက် တာဝန်ကျသူ မောင်ရင့်ကျူး (မြောင်းမြ) သည် သပြေကန်ဆရာတော်ထံ ချဉ်းကပ်၍ စာမူရေးသားချီးမြှင့်ပေးရန် လျှောက်ထား၏။ ဆရာတော်က ဦးခေါင်းတော်ကို လက်နှင့်ပွတ်သပ်ရင်း "ဘုန်းကြီး စာကောင်းကောင်း မရေးတတ်ဘူးကွဲ့"ဟု မိမိကိုယ်ကို နှိမ့်ချ၍ ပြောဆို၏။ မောင်ရင့်ကျူးက ထပ်မံတောင်းပန်သဖြင့် "သမ္ဗောဒနီယကထာ"ကို အံ့သြစဖွယ်ပင် အချိန်တိုတိုအတွင်း သွက်လက်လျင်မြန်စွာ ရေးသားပေးလိုက်၏။ စာကောင်းပေမွန်ကို ဤမျှ သွက်သွက် လက်လက် ရေးသားနိုင်စွမ်း ရှိပါသော်လည်း "စာကောင်းကောင်း မရေးတတ်ဘူး"ဟု မိမိကိုယ်ကို နှိမ့်ချထားနိုင်သည်မှာ အံ့သြစရာပါပေ။

http://www.dhammadownload.com



## မေတ္တာဓာတ်နှင့် ခမာဂုဏ်

တောင်ကြီးမြို့မှ ဒေါက်တာ အောင်ကျော်(သွားဆရာဝန်)က သိုးမွေးခြုံထည် ပေးပို့လှူဒါန်းလိုက်ရာ ဆရာတော်က အလွန်အနှစ်သာရရှိသော ဆုပေးစာတိုကလေးကို အောက်ပါအတိုင်း ရေးပို့လိုက်၏။

> "၁၅ ရက်၊ လပြည့်အခါ ပေါ်ထွက်တင့်ဆန်းလာသော လပြည့်ဝန်းကြီး ပြည့်ဖြိုးသကဲ့သို့လည်းကောင်း၊ စိန္တာမဏိ, မဏိဇောတ, အလှဝင့်ကြွား, ပတ္တမြားရတနာကြီးသည် အလိုခပ်သိမ်း ပြည့်စုံစေသကဲ့သို့လည်းကောင်း၊ ဒကာအောင်ကျော်တို့ မိသားစုများ၊ လိုလားတောင့်တ စိတ်ဆန္ဒဟူသမျှတို့သည် အလိုခပ်သိမ်း ပြည့်စုံပြီးမြောက်ပါစေဟု အနုမောဒနာပြုရပါသည်။"

ဆရာတော် နာမကျန်းဖြစ်၍ ဆေးရုံသို့ တက်ရောက်ကုသခံရပြီးနောက် ကျောင်းတိုက်သို့ ပြန်ရောက်လာသောအခါများတွင် ဆရာတော်အား လာရောက်ကြည့်ရှုသော ဒကာ ဒကာမများမှာ လွန်စွာများပြားလှ၏၊ ဝင်လာမစဲ တသဲသဲဖြစ်နေသဖြင့် ဆရာတော်မှာ နားနေခွင့်ကောင်းကောင်းမရတော့ချေ။ ထို့ကြောင့် ဒကာအချို့က ဆရာတော့်ကျန်းမာရေးအတွက် ကြည့်ရှုခွင့်အချိန်ကို သတ်မှတ်ပေးသင့်ကြောင်း လျှောက်ထားရာ ဆရာတော်က "သူတို့မေတ္တာနဲ့လာကြတာပဲ၊ ရှိပါစေ"ဟု တိုတိုနှင့်လိုရင်းကို မိန့်ဆိုလိုက်၏။ ဒကာ, ဒကာမများ၏မေတ္တာစေတနာကို အလွန်အလေးထား၍ တုံ့ပြန်တတ်သောဆရာတော်ပါတကား။

ဤကြီးမားသော မေတ္တာစေတနာကြောင့်ပင်လျှင် ဆရာတော်သည် ဒကာ, ဒကာမများအား တရားရေအေး အစဉ်တိုက်ကျွေးပေး၏။ တရားပွဲဆက်မည်မျှပင် များစေကာမူ ပင်ပန်းဆင်းရဲမှုကို ပဓာနမထားဘဲ ကိုယ်ကျိုးမဖက် ကိုယ်ခန္ဓာကို မငဲ့ကွက်ဘဲ ရဟန်းရှင်လူတို့အား တရားဒေသနာတော်များကို အစဉ်တိုက်ကျွေးပေးတော်မူသည်။

ဆရာတော်ဘုရားသည် **မေတ္တာဘာဝနာ** ကိုလည်း လွန်စွာစီးဖြန်းတော်မူ၏။ စာရေးသူ–မခုရာဘာရတီက မိခင်အား မေတ္တာပို့ရာ မိခင်ဆီသို့သာစိတ်လည်နေသဖြင့် မေတ္တာမပို့ချင်တော့ကြောင်း လျှောက်ထား၏။ ဆရာတော်က တွယ်တာတဲ့စိတ် မြတ်နိုးတဲ့စိတ်ဖြင့် တစ်ဖက်လူအပေါ် မေတ္တာပို့လျှင် မေတ္တာစစ် ဖြစ်မလာဘဲ တဏှာလောဘဘက်သို့ ပါသွားပြီး ဖြစ်ကြောင်း ရှင်းပြ၍ မေတ္တာပို့နည်း အချိုးကျအောင် တည့်မတ်ပေးလိုက်ပါသည်။

ဆရာတော်သည် မေတ္တာဓာတ်ကြီးမားသည့်အတွက် ဆရာတော်စိတ်ဆိုး

http://www.dhammadownload.com



သည်ကို မမြင်ကြရ၊ မျက်နှာမသာမယာဖြစ်သည်ကိုပင် မဖူးတွေ့ရပါ။ မဓုရဘာရတီက "ဆရာတော်ဘုရား ဒေါသထွက်ဖူးသည်ကို မတွေ့ရ၊ မကြားရဖူးပါ၊ အဘယ်သို့ နှလုံးသွင်း၍ ဒေါသကိုဖြေဖျောက်ပါသလဲ"ဟု မေးမြန်းလျှောက်ထား၏။

ဆရာတော်ဘုရားက "ဘုန်းကြီးကို စိတ်ဆိုးအောင် လုပ်ကြည့်ပါလား၊ စိတ်ဆိုးလာမှာပဲ၊ သူဌေးကတော်နဲ့ ကာဠီကျွန်မ ဇာတ်အကြောင်းကို ကြားဖူးတယ် မဟုတ်လား၊ အင်း...ဒီလိုပဲပေါ့၊ ဘုန်းကြီးလဲ အရင်က စိတ်တိုပါတယ်၊ တဖြည်းဖြည်း စိတ်ကိုလျှော့ချပေးရတယ်"ဟု မှတ်သားဖွယ်ရာ မိန့်ကြားတော်မူ၏။

မေတ္တာအားကြီးသူသည် ဒေါသကို ချုပ်တီးနိုင်ပြီးလျှင် ကိုယ်ပင်ပန်း နွမ်းနယ်မှုနှင့် ရောဂါဝေဒနာတို့ကိုလည်း သည်းခံနိုင်စွမ်းရှိလာ၏။ သပြေကန်ဆရာတော်ဘုရား၏ သည်းခံနိုင်သော စွမ်းရည် – **ခမာဂုဏ်** သည်လည်း ချီးကျူးကြည်ညိုဖွယ်ရာအတိ ရှိပါသည်။

တစ်ခါက ဆီးရောဂါဖြင့် ဆရာတော်သည် ဆေးရုံသို့တက်၍ အကုသခံယူရ၏။ မဓုရဘာရတီက ဆရာတော်အား ကျန်းမာရေးအခြေအနေကို မေးလျှောက်၏။

"အင်း...ဒီရောဂါက အတော်ဆိုးတာပဲ၊ တော်တော်လေး ခံရခက်တယ်" ဟု ဆရာတော်က ဖြောင့်ဖြောင့်စင်းစင်းပင် မိန့်တော်မူ၏။ အခြားသူအချို့ကဲ့သို့ ဣန္ဒြေလုပ်ကာ "ခန္ဓာရှိရင် ရောဂါရှိမှာပဲ၊ ဒီလောက် ဝေဒနာတော့ သည်းခံရမှာပဲ"ဟူ၍ မိန့်တော်မမူပါ။

သို့သော် တကယ်တမ်းလွန်စွာဆိုးရွားသော ဝေဒနာနှင့်ကြုံကြိုက်၍ အသားများ တဆတ်ဆတ်တုန်သည့်အထိ ခံစားနေရသည့်အခါများတွင်ပင် ဆရာတော်သည် မျက်နှာမဲ့ရွဲ့ခြင်းမရှိဘဲ ညည်းညူခြင်းမရှိဘဲ သည်းခံနိုင်စွမ်းရှိကြောင်းကို ဝေယျာဝစ္စပြုသူ တမည့်ဘုန်းကြီးများက ပြောဆိုကြပါသည်။ ဤသို့ သည်းညည်းခံ၍ စိတ်ကိုချုပ်ထိန်းနိုင်သော စွမ်းရည်သည် တရားသဘောကို ထိုးထွင်းမြင်သိထားသော စွမ်းအားကြောင့်ပင် ဖြစ်ပေသည်။

## သမထ–ဝိပဿနာပေါက်မြောက်မှု

သမထ – ဝိပဿနာအလုပ်တွင် ဆရာတော် မည်မျှအတိုင်းအတာအထိ ထိုးထွင်းပေါက်မြောက်သည်ကို မည်သူမျှ မခန့်မှန်းနိုင်သော်လည်း ဆရာတော်

http://www.dhammadownload.com



၏ အဆိုအမိန့်အချို့နှင့် အပြုအမူ, စိတ်နေသဘောထားတို့မှတစ်ဆင့် အသင့်အတင့်မျှကို ခန့်မှန်းနိုင်ပါလိမ့်မည်။

တရားကျင့်သုံးမှုနှင့် ပတ်သက်၍ ဆရာတော်မိန့်ဆိုထားသည်မှာ–

"တရားဆိုသည်မှာ နောက်ဘဝအထိ ဆိုင်းနေသည် မဟုတ်။ တရားရှင်ကို ယခုဘဝပင် စိတ်ချမ်းသာစေခြင်း၊ စိတ်မာတ် ခိုင်မာစေခြင်း၊ လောကဓံကို ခံနိုင်ရည်ရှိခြင်း၊ မိမိက အထူးကြိုးစားလျှင် မဂ်ဖိုလ်အထိ ရနိုင်စေခြင်း စသည်ဖြင့် စောင့်ရှောက်တတ်သည်။"

ကျမ်းဂန်ထတ်ရုံ, သိရုံ, သင်ထားရုံနှင့် မပြီး၊ ကျမ်းဂန်အဆိုအမိန့်အတိုင်း ကျင့်ကြံနိုင်မှသာလျှင် ပညာရှိဖြစ်၍ ထူးခြားပြောင်မြောက်နိုင်ကြောင်းကို–

"ကျမ်းဂန်အများအပြားသင်ထားပါလျက် လူမိုက်ဖြစ်တတ်၏၊ ကျမ်းဂန်ဆိုတိုင်း ကျင့်သူသာ ပညာရှိဖြစ်သည်၊ နှိုင်းချိန် စဉ်းစား, ကောင်းစွာဖော် စပ်ထားသော ဆေးသည်သာ လူနာတို့၏ရောဂါကို ပျောက်အောင်ပြုနိုင်၏၊ ဆေးအမည်ကလေးမျှဖြင့် ရောဂါ ပျောက်အောင် မပြုတတ်။

"အလိမ္မာ စာမှာရှိရာ ထိုအလိမ္မာကို ကိုယ်မှာရှိအောင်ပြုသူကား ရှားပါးလှ၏၊ အလိမ္မာဂုဏ်သည် နှစ်သက်ဖွယ်ရာတနာပင်ဖြစ်ရာ ထိုအလိမ္မာကို ကိုယ်မှာဆင်ပေးခြင်းဖြင့် အများနှင့်မတူ တစ်မူထူးခြားအောင် ပြုကျင့်သင့်ပေသည်။"

ဘာဝနာ တစ်ခုခုကို လက်ကိုင်ပြုထားသူတို့အား ဖြစ်ပွားလာမည့်အကျိုးကို ညွှန်ပြရာ၌–

"ဘာဝနာတစ်ခုခုကို လက်ကိုင်ပြုထား, ပွားများသူ၌ တရားနှင့်စပ်၍ (၁) အမှတ်အသားကောင်းလာခြင်း၊ (၂) အတွေးအခေါ် အယူအဆ မြင့်မားကြွယ်ဝလာခြင်း၊ (၃) အသိဉာဏ်ရင့်သန်လာခြင်း စသည်ဖြင့် အကျိုးများလှ၏။"

တရားသိလေလေ ဂါရဝတရား ပိုရှိလေလေဖြစ်ပြီးလျှင် တရားလေးစားသူတို့၌ မာန်မာနမရှိကြောင်းကိုလည်း–

"တရားမသိသူ၌ ဂါရဝမှုကို အောက်ကျသည်ဟု အထင်အမြင်မှားသော်လည်း ဂါရဝသည် အလွန်မွန်မြတ်သော တရားတစ်ခုဖြစ်ရာ တရားပိုသိလေလေ ဂါရဝတရား ပိုရှိလေလေ ဖြစ်သည်။"

"တရားကို လေးစားသူတို့အဖို့ မာနကို အပြစ်မမြင် အကောင်းထင်လျက် မာန်တက်ကြသော်လည်း တရားကို လေးစားသူတို့မှာ မိမိတို့၏ မာနကို တမင်တကာပင် ကျအောင်ကြိုးစားကြ၏"ဟု ညွှန်ပြတော်မူ၏။

http://www.dhammadownload.com



ရောင့်ရဲတင်းတိမ်သူသည် အားလုံးပြည့်စုံသူဖြစ်ကြောင်းနှင့် လောကဓံ ကြုံကြိုက်လာသောအခါ သည်းခံနိုင်သူသာ ခန္တီတရားနှင့်ပြည့်စုံမည်ဖြစ်ကြောင်း ကို–

"အကြင်သူ၏စိတ်သည် တင်းတိမ်ရောင့်ရဲလျက်ရှိ၏၊ ထိုသူမှာ အား လုံးပြည့်စုံလျက်သာ။ ဖိနပ်ဖြင့် ဖုံးလွှမ်းထားအပ်သောခြေရှိသူအဖို့ မြေ တစ်ပြင်လုံး သားရေဖုံးသကဲ့သို့သာ အမှန်ဖြစ်သည်"ဟု ညွှန်ပြတော်မူ၏။

အောင်နိုင်ခဲသော စစ်ပွဲကို အောင်နိုင်သူ ဟူသည်မှာ–

"ကိုယ့်အား အမျက်ဒေါသထွက်သူကို ပြန်စိတ်ဆိုးသူမှာ ထိုသူ့ အောက် ယုတ်ညံ့သူသာဖြစ်၏၊ စိတ်ဆိုးသူကို ပြန်စိတ်မဆိုးသူမှ အောင် နိုင်ခဲသော စစ်ပွဲကို အောင်သူဖြစ်တော့သည်"

ဘာဝနာနှင့် မင်္ဂလာကို တွဲစပ်၍လည်း–

"ဘာဝနာမှုတစ်ခုခုဖြင့် မိမိစိတ်မှာ အေးချမ်းသော မင်္ဂလာဖြစ်အောင် အစဉ်မကွာ ကြိုးစားအားထုတ်ရမည်သာ"ဟု မိန့်တော်မူ၏။

တရားအတိုင်းအတာ ခန့်မှန်းရန် ပေတံတစ်ခုအဖြစ်–

"လောကတွင် စိတ်ဓာတ်ရင့်ကျက်၏၊ ခံနိုင်ရည်ရှိ၏–ဟု ဆိုကြသည် မှာ မိမိတို့ ပွားများအားထုတ်ထားအပ်သော တရားအတိုင်းအတာအရသာ စိတ်ဓာတ်ရင့်ကျက်ကြခြင်း မြင့်မြတ်ကြခြင်းဖြစ်သည်"ဟု မိန့်တော်မူ၏။

အရိယာသဘာဝတစ်ရပ်ကို ညွှန်ပြရာ၌–

"မွေးခါစ သားငယ် နွားကလေးရှိသော သားသည်အမေ နွားမသည် မလွဲသာ၍ မြက်ကိုစားနေရသော်လည်း မိမိ၏ သားငယ်ကလေးကို စောင်း ကာ ငဲ့ကာ တကြည့်ကြည့်ဖြစ်နေရှာသကဲ့သို့ မလွဲသာ၍ သီတင်းသုံးဖော် များ၏ ကိစ္စကြီးငယ်ကိုပြုနေရသော်လည်း မိမိစိတ်မှာ သိက္ခာသုံးပါး ကျင့်ရေး၌သာ ငဲ့ကွက်လိုလားလျက်ရှိသည်မှာ အရိယာတို့၏ သဘာဝ တစ်ရပ်ပင်"ဟု မိန့်တော်မူ၏။

သပြေကန်ဆရာတော်သည် အသိနှင့်အပြော၊ အပြောနှင့်အလုပ်၊ အလုပ် နှင့် အပြုအမူ ညီညွတ်သော ဆရာတော်ဖြစ်၏၊ သိသည့်အတိုင်း ကျင့်ကြံ အား ထုတ်၍ ကျင့်ကြံသည့်အတိုင်း ဂုဏ်များကို ရရှိခြင်းဖြစ်သည်။

*"ယေကေစိ ဘိက္ခဝေ မယိအဝေစ္စ ပသန္နာ သဗ္ဗေတေ သောတာ ပန္နာ"*

**(အင်္ဂုတ္တရပါဠိတော်)**

http://www.dhammadownload.com



*"အကြင်သူတို့သည် ငါ့ဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ကြကုန်၏၊ ထိုသူအားလုံးသည် သောတာပန်များ ဖြစ်ကြ၏" ဟု မြတ်စွာဘုရား မိန့်တော်မူ၏။*

*"အိုး... ရဟန်းတို့၊ အကြင်သူတို့သည် ကာယဂတာသတိကို သုံးဆောင်ကြကုန်၏၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို သုံးဆောင်ကြကုန်၏။ အကြင်သူတို့သည် ကာယဂတာသတိကို မသုံးဆောင်ကုန်၊ ထိုသူတို့သည် အမြိုက်နိဗ္ဗာန်ကို မသုံးဆောင်ရကုန်။ "*

**(ဝိသုဒ္ဓိမဂ်)**

*"သံသရာစခန်းမှာ မပြတ်ဖမ်းစားလေ့ရှိသော မဆုံးနိုင်သည့် ဆင်းရဲကိုပေးဆောင်တတ်သော ရာဂဘီလူးကို အသုဘကမ္မဋ္ဌာန်းဟူသည့် အတုမရှိထက်မြက်သော မန္တရားနှင့် တားမြစ်ပါလော့။ ထိုရာဂဘီလူးသည် အသုဘမန္တရားကို အမှန်ကြောက်၏။*

*"ဤကိုယ်ခန္ဓာရုပ်အစု၌ အသုဘအခြင်းအရာကို ရှုခြင်းသည်သာ ငါ၏ကိစ္စဟု ကြံစည်နှိုင်းဆ သဘောကျကြီး မတင့်မတယ် ရွံရှာဖွယ်ဟု ရှုမှတ်ထိုက်သည့် အသုဘဘာဝနာကို အခါခါ ပွားများလျှင် ယခုခဏတွင်ပင် ရာဂမီးအရှိန်အားနည်းပြီး နှစ်သက် ဝမ်းမြောက်ခြင်းကို စင်စစ်ကေန် ရရှိလိမ့်မည်။ အသုဘ ဘာဝနာ၌ ဈာန်ရထားသော ပုဂ္ဂိုလ်သည် ရာဂကို ကောင်းစွာချိုးနှိမ်ပယ်အပ်ပြီးဖြစ်၍ ရာဂကင်းပြီးသော ရဟန္တာအရှင်မြတ်ကဲ့သို့ လျှပ်ပေါ်လော်လည်သည့်အမူအရာကင်း၏။"*

***(စတုရာရက္ခကျမ်း)***

သပြေကန်ဆရာတော်သည် ကာမဂုဏ်အာရုံများကို ရှောင်ရှား၏၊ ပစ္စည်းလေးပါး, လာဘ်လာဘ, ရာထူးဂုဏ်သိန်, ကျော်စောမှုအရှိန်အဝါတို့ကို မလိုချင်မတပ်မက်ချေ၊ မာန်မာနကင်းကာ မိမိကိုယ်ကို အမြဲနှိမ့်ချ၏။ အမျက်ဒေါသထွက်ခြင်းလည်း မရှိဘဲ လောကဓံဒဏ်ချက်နှင့် ရောဂါဝေဒနာများကိုလည်း မမိုတ်မသုန် သည်းခံနိုင်စွမ်းရှိ၏။ ဣန္ဒြေတော် တည်ငြိမ်ရင့်ကျက်၍ လျှပ်ပေါ်လော်လည်မှုများလည်း ကင်းစင်တော်မူ၏။ ပူပင်သောကများကို ဖယ်ရှား၍ အမြဲချမ်းသာငြိမ်းအေးစွာ ဧကစာ သီတင်းသုံးနေတော်မူလေ့ရှိ၏။

ဤအပြုအမူ စိတ်နေသဘောထားတို့ကို ထောက်ရှုလျှင် သပြေကန်ဆရာတော်သည် အနာဂါမ်–ရဟန္တာတို့နှင့်အလားတူသော ဆရာတော်ပါတည်းဟု ဆို

http://www.dhammadownload.com



ရချိမ့်မည်။ ထို့ကြောင့် ဆရာတော်၏ ပဋိပတ်စွမ်းရည်သည်လည်း ဆရာတော်၏ ပရိယတ်စွမ်းရည်ကဲ့သို့ပင် ပထမထိပ်တန်းအမျိုးအစားဖြစ်သည်ဟု ကောက်ချက်ချရပေသတည်း။

http://www.dhammadownload.com

# အခန်း (၄)
# သာသနာ့ဂုဏ်ရောင်ကို ထွန်းပြောင်တောက်ပစေမှု

မြတ်စွာဘုရား၏အဆုံးအမ သာသနာတော်သည် (၁) ပရိယတ္တိသာသနာ၊ (၂) ပဋိပတ္တိသာသနာ၊ (၃) ပဋိဝေဓသာသနာဟူ၍ သုံးမျိုးရှိလေရာ ဤသုံးမျိုးအနက် တစ်မျိုးကိုဖြစ်စေ၊ နှစ်မျိုးကို ဖြစ်စေ၊ သုံးမျိုးစလုံးကိုဖြစ်စေ၊ ထူးထူးခြားခြား ကြည်လင်တောက်ပ, ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပေးသူသည် သာသနာတော်၏ဂုဏ်ရောင်ကို ထွန်းပြောင်စေသူဖြစ်သည်ဟု ဆိုရပေလိမ့်မည်။

## ပရိယတ္တိသာသနာတော်ကို ထွန်းတောက်စေပုံ

ပရိယတ္တိသာသနာဟူသည် ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊ ပါဠိ, အဋ္ဌကထာ, ဋီကာ စသည့် စာပေများကို မိမိကိုယ်တိုင် သိကျွမ်းတတ်မြောက်အောင် လေ့လာဆည်းပူးပြီးနောက် သူတစ်ပါးတို့အား တစ်ဆင့်သင်ကြားပို့ချပေးခြင်း၊ ဟောပြောရေးသားခြင်း၊ ပြဿနာ ခဲရာခဲဆစ်များကို ဖြေရှင်းပေးခြင်းတို့ ဖြစ်သည်။

အရှင်ဝါသေဋ္ဌသည် သာမဏေကျော်ဘဝ၌ပင် အသက် ၁၅ နှစ်၊ ၁၆ နှစ်၊ ၁၇ နှစ်အရွယ်တို့၌ **ပထမငယ်၊ ပထမလတ်၊ ပထမကြီး** တို့ကို အသီးသီး အောင်မြင်ခဲ့သဖြင့် ပထမကြီးအောင်သူတို့တွင် အသက်အငယ်ဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့ပေ၏။

တစ်ဖန် ကိုရင်ဘဝ၌ပင်လျှင် ဘိက္ခုဝိဘင်း၊ ဘိက္ခုနီဝိဘင်းဟူသော ဥဘတောဝိဘင်းပါဠိတော်ကြီးကို ဝတ္ထုနိဒါန်းနှင့်တကွ အရပြန်ဆိုနိုင်သဖြင့် **ဥဘတောဝိဘင်္ဂဓရ** ဘွဲ့ကို ဆွတ်ခူးနိုင်ခဲ့၏။

တစ်ဖန် အသက် ၁၉ နှစ်အရွယ်၌ ဝိနည်းငါးကျမ်းဟူသော ဝိနည်း

http://www.dhammadownload.com



ပိဋကတ်ပါဠိတော်ကြီးကို ဝတ္ထုနိဒါန်း ပဒဘာဇနီတို့ပါမကျန် အကုန်ပြန်ဆို နိုင်သဖြင့် **ဝိနယဓရ** ဘွဲ့ထူးကို အံ့ဩချီးကျူးစဖွယ် ထပ်မံရရှိခဲ့ပြန်သည်။

ဤသို့လျှင် ရှင်သာမဏေဘဝ၌ပင်လျှင် မကြုံစဖူးအောင် ထူးထူးခြားခြား အောင်မြင်သည့်အတွက် ရှင်ဝါသေဋ္ဌအနေဖြင့် ထင်ပေါ်ကျော်ကြားလာသလို ပရိယတ္တိသာသနာတော်အနေဖြင့်လည်း ထွန်းလင်းတောက်ပလာပါသည်။

တစ်ဖန် ရဟန်းတစ်ဝါအရတွင် အရှင်ဝါသေဋ္ဌသည် သံယုတ်ငါးကျမ်း ပါဠိတော်ကြီးကို ပြန်ဆိုအောင်မြင်တော်မူသဖြင့် **ဝါသေဋ္ဌာဘိ သိရီပဝရ သာသနဓဇ သံယုတ္တ ဘာဏကဘွဲ့တံဆိပ်** ကို ထူးချွန်ပြောင်မြောက်စွာ ရရှိခဲ့ပြန် ပါသည်။

ထို့နောက် မန္တလေးမြို့သို့တက်၍ ပညာဆည်းပူးရင်း သကျသီဟစာမေးပွဲ များကို ဝင်ရောက်ဖြေဆိုရာ ၄ နှစ်အတွင်း၌ စာသင်တန်း–စာချတန်း နှစ်တန်း လုံးကို ချီးကျူးဖွယ်ကောင်းအောင် ပြောင်မြောက်စွာ အောင်မြင်သဖြင့် **ဝါသေ ဋ္ဌာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့တံဆိပ်တော်** ကို အလှူခံရရှိ သည်။

သကျသီဟစာသင်တန်း နှုတ်ထောက်အာဂုံစာမေးပွဲ၌ အရှင်ဝါသေဋ္ဌအား ဓာတုကထာနယကြီးများနှင့် သစ္စယမိုက်ဝါရယှက်ကြီးများကို ဖြေဆိုစေရာ မြင်းကောင်းစိုင်းသလို ပြန်ဆိုနိုင်သဖြင့် **အဘိပါကဋဝိသေသပုဂ္ဂလ** အဖြစ် ထူးကဲသောဂုဏ်ကို အရှင်ဝါသေဋ္ဌ ရရှိခဲ့သေးသည်။ သကျသီဟအသင်းလူကြီး ဦးစံမင်းက ဝပ်စင်းဦးချကာ "သာသနာတော်အတွက် အားတက်ဖွယ်ကောင်း လှပါတယ်ဘုရား"ဟု ချီးကျူးလျှောက်ထား၏။

စစ်ပြီးခေတ် ၁၉၄၆ ခုနှစ် (ကောဇာ ၁၃၀၈ ခုနှစ်)၌ ရန်ကုန်မြို့တွင် **အစိုးရ ဓမ္မာစရိယစာမေးပွဲ**ကို ကျင်းပရာ အရှင်ဝါသေဋ္ဌသည် ပြဋ္ဌာန်းကျမ်း ကိုးကျမ်းစလုံးကို တစ်ကြိမ်တည်းဖြင့် ထူးချွန်ပြောင်မြောက်စွာ အောင်မြင် ပြန်၏။ သို့အတွက် **သာသနဓဇ သိရီပဝရ ဓမ္မာစရိယ သိရောမဏိဘွဲ့** ကို ဦးဦးဖျားဖျား ရရှိတော်မူခဲ့သည်။

ဤဘွဲ့ထူးဂုဏ်ထူးများသည် အရှင်ဝါသေဋ္ဌအား ဉာဏ်ပညာကြီးကျယ် ထက်မြက်သော ပိဋကတ်စာပေများကို ကျွမ်းကျင်နှံ့စပ်သည့် စာတတ်အကျော် ဒေးယျပုဂ္ဂိုလ်အဖြစ်သို့ မြှင့်တင်ပေးသလို ပရိယတ္တိသာသနာတော်၏ ဂုဏ် ကျက်သရေကိုလည်း တက်နေဝန်းပမာ တိုးမြင့်ဝေဆာစေပါသည်။

ဆရာတော်အရှင်ဝါသေဋ္ဌသည် မိမိထံ မေးမြန်းလာကြသော ခဲရာခဲဆစ် များ, ပြဿနာများကို ဖြေရှင်းရန်အတွက် ပါဠိတော်, အဋ္ဌကထာ, ဋီကာ, အနု

http://www.dhammadownload.com



ဋီကာ, မဓုဋီကာ, ယောဇနာ, ဂဏ္ဌိပုဒ်ဟူသော ဗုဒ္ဓစာပေကျမ်းဂန်များကိုလည်း လေ့လာရ၏။ ပါဠိနှင့်ဆက်နွှယ်နေသော မာဂဓ, သက္ကတ, ဗျာကရဏ်းကျမ်း၊ ကောသကျမ်း၊ ကာဗျကျမ်း စသည်တို့ကိုလည်း လေ့လာဆည်းပူးရသည်။ ပိဋကတ်ကျမ်းဂန်များ၌ တတ်ကျွမ်းနိုင်နင်းသူဖြစ်၍ **"ပိဋကတ္တယဆောက"** ပုဂ္ဂိုလ်ဟူ၍လည်းကောင်း၊ ဘာသာရပ်ကျမ်းဂန်များကို နှံ့စပ်ကျွမ်းကျင်စွာ တတ်မြောက်သည့်အတွက် **"ဘာသန္တရဝိဒူ"** ပုဂ္ဂိုလ်ဟူ၍လည်းကောင်း ခေါ်ဆိုအပ်၏။

မိမိတတ်မြောက်ထားသောပညာကို ဆရာတော်ဘုရားသည် စာသင်သားရဟန်းသာမဏေများအား ပြန်လည်ပို့ချပေးသည်။ မန္တလေးမြို့၌ အဘယာရာမရွှေဂူတိုက်သစ်၌သီတင်းသုံး၍ သကျသီဟစာမေးပွဲဖြေဆိုရန် ပညာဆည်းပူးနေစဉ်အခါကပင် စာချပေးနေခဲ့သည်။ စာချတန်းစာမေးပွဲအောင်မြင်ပြီးနောက်တွင်လည်း စာပေပို့ချပေးနေခဲ့သည်။

အရှင်ဝါသေဋ္ဌာဘိဝံသသည် ကျေးဇူးရှင် အဘယာရာမရွှေဂူတိုက် ဆရာတော်ဘုရား၏ အေးမြလှသောအရိပ်အာဝါသ၌ ခိုလှုံ၍ ပိဋကတ်စာပေ, သက္ကတစာပေများကို ဆည်းပူးလိုပါသော်လည်း မိမိ၏ငယ်ဆရာ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူသော သပြေကန် မဟာဓမ္မိကာရာမ ဆရာတော် ပျံလွန်တော်မူသည့်သတင်းနှင့်အတူ ဆရာတော်မှာထားခဲ့သည့် အမိန့်တော်တို့ကို ကြားသိလေလျှင် မိမိ၏ကိုယ်ကျိုးကို မငဲ့ကွက်ဘဲ မိခင်ပမာဖြစ်ခဲ့သည့် သပြေကန် မဟာဓမ္မိကာရာမတိုက်သစ်သို့ အပြီးအပိုင်ပြန်ကြွလာ၏။ သပြေကန်တွင် အေးအေးလူလူ သီတင်းသုံး၍ **အနုနာယကစာချဆရာတော်** အဖြစ် နှစ်ပေါင်းများစွာ စာပို့ချပေးတော်မူသည်။

ကောဇာသက္ကရာဇ် ၁၃၄၀ ခုနှစ်(ခရစ် ၁၉၇၈ ခုနှစ်)အရှင်ဝါသေဋ္ဌာဘိဝံသ သက်တော် ၆၈ နှစ်သို့ရောက်သည့်အခါ ဆရာတော်သည် သံဃာများ, ရွှေကျောင်းဂိုဏ်းဆရာတော်များ, ဒါယကာများ၏ ဆန္ဒကို မလွန်ဆန်သာသဖြင့် ရန်ကုန်မြို့ ပုဇွန်တောင် ရွှေကျောင်းကျောင်းတိုက်၏ **ပဓာနနာယကဆရာတော်** ဖြစ်လာသည်။ ဤတာဝန်ကိုလည်း အသက်ထက်ဆုံး ပျံလွန်တော်မူသည့်အထိ ကျေပွန်စွာ ဆောင်ရွက်သွားတော်မူသည်။

ဤတာဝန်များအပြင် တရားဒေသနာများကို ဟောပြောခြင်း၊ ရေးသားခြင်း၊ ပိဋကတ်ဆိုင်ရာ ခဲရာခဲဆစ်များ, ပြဿနာများကို ဖြေရှင်းခြင်း၊ ဘာသာရေး အသင်းအဖွဲ့များစွာတွင် ဩဝါဒါစရိယဆရာတော်အဖြစ် ဆောင်ရွက်ခြင်း၊ စသော တာဝန်များစွာကိုလည်း မနေမနား အပတ်တကုတ်ကြိုးစားကာ ဆောင်

http://www.dhammadownload.com



ရွက်တော်မူသည်။ ထို့ကြောင့် ဆရာတော်သည် ပရိယတ္တိဂုဏ်ရောင် ထွန်းပြောင်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူကြောင်း ထင်ရှားလှပါသည်။

## ပဋိပတ္တိသာသနာတော်ကို ထွန်းတောက်စေပုံ

ပဋိပတ္တိသာသနာဟူသည်မှာ သီလသိက္ခာ, သမာဓိသိက္ခာ, ပညာသိက္ခာတို့ကို ကိုယ်တိုင်ကျင့်ကြံအားထုတ်၍ သူတစ်ပါးတို့အားလည်း နည်းလမ်းညွှန်ပြသွန်သင်ဆုံးမပေးခြင်း ဖြစ်ပါသည်။ ဤတာဝန်ကိုလည်း အရှင်ဝါသေဋ္ဌာဘိဝံသသည် စွမ်းစွမ်းတမံကြိုးစားအားထုတ်၍ စံနမူနာပြပုဂ္ဂိုလ်အဖြစ် ရပ်တည်ကာ သာသနာတော်ကို ကျက်သရေတိုးမြင့်ဝေဆာစေပါသည်။

သိက္ခာသုံးရပ်တွင် သီလသိက္ခာသည် အခြေခံအုတ်မြစ်ဖြစ်သည်။ သီလသိက္ခာကိုဖြည့်ကျင့်ရန်အတွက် ရဟန်းသံဃာတို့သည် ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလ ဟူသော သီလလေးမျိုး(ဝါ) **စတုပါရိသုဒ္ဓိသီလ** ကို စောင့်ထိန်းရပါသည်။

**ပါတိမောက္ခသံဝရသီလ** သည် မြတ်စွာဘုရား ပြဋ္ဌာန်းတော်မူခဲ့သော ဝိနည်းသိက္ခာပုဒ်အကျဉ်း ၂၂၇ သွယ်၊ အကျယ် ကုဋေကိုးထောင်ကျော်ကို ရိုသေလေးမြတ်စွာ စောင့်ထိန်းခြင်း ဖြစ်ပါသည်။

**ဣန္ဒြိယသံဝရသီလ** သည် မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် တည်းဟူသော ဒွါရခြောက်ပါး-တံခါးခြောက်ပေါက်၌ ဆိုင်ရာအာရုံများ ထိတိုက် ဝင်ရောက်လာကြသည့်အခါ လောဘ, ဒေါသ, မောဟ စသော ကိလေသာများ မဖြစ်ပေါ်အောင် စောင့်ရှောက်ထိန်းသိမ်းခြင်း ဖြစ်ပါသည်။

**အာဇီဝပါရိသုဒ္ဓိသီလ** သည် အသက်မွေးမှုသန့်ရှင်းစင်ကြယ်အောင် စောင့်စည်းခြင်း၊ ဒကာများထံမှ ချော့မော့ဖြားယောင်း, သွေးဆောင် ဟန်ဆောင်မှု စသည့် မိမိပယောဂ မပါရှိဘဲ စင်ကြယ်စွာရအပ်သည့် ပစ္စည်းလေးပါးကို ခံယူသုံးစွဲခြင်း ဖြစ်ပါသည်။

**ပစ္စယ သန္နိဿိတသီလ** သည် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး တည်းဟူသော အပ်စပ်သည့်ပစ္စည်းလေးပါးကို သုံးစွဲသည့်အခါ ကိလေသာများ မပေါ်ပေါက်ရန် ရရှိမည့်အကျိုးကျေးဇူးများကို ဆင်ခြင်လျက် သုံးစွဲရခြင်းဖြစ်ပါသည်။

ဤသီလလေးမျိုးကို ရိုသေလေးမြတ်စွာ လုံခြုံအောင် စောင့်ထိန်းသွားနိုင်လျှင် မိမိ၏စိတ်သန္တာန်တွင် ကိလေသာများ ငြိမ်ဝပ်ပါးလျားသွားကြမည် ဖြစ်၍ လွန်စွာချမ်းသာအေးမြသွားပါလိမ့်မည်။ ကိုယ်နှုတ်အမူအရာတို့သည် အပြစ်

http://www.dhammadownload.com



ကင်းစင်၍ တည်ငြိမ်အေးဆေးကာ ကျက်သရေအဖြာဖြာနှင့် တင့်လျှမ်းဝေဆာသွားပါလိမ့်မည်။ ဒကာ, ဒကာမများ၏ ရိုသေလေးမြတ်မှု, ရှိခိုးပူဇော်မှု အဝဝတို့ကိုလည်း ကောင်းစွာခံယူထိုက်သွားပါလိမ့်မည်။

ဝိနည်းသီလသည် သာသနာတော်၏ အသက် ဖြစ်သည်၊ ဝိနည်းသီလတည်နေသရွေ့ကာလပတ်လုံး သာသနာတော်တည်ရှိနေမည်ဖြစ်သည်၊ ဝိနည်းသီလ ပျက်စီးသွားလေလျှင် သာသနာတော်သည်လည်း တိမ်းမှောက်သွားပေလိမ့်မည်။

သံဃာတော်သည် မြတ်စွာဘုရားကို ရိုသေလေးမြတ်သဖြင့် သဗ္ဗညုတဉာဏ်ရှင် ဘုရားရှင် ဆုံးမသတ်မှတ်ပေးခဲ့သည့် ဝိနည်းသိက္ခာများကို နုတ်ပယ်ခြင်း ပြုပြင်ပြောင်းလဲခြင်းမပြုဘဲ သင်္ဂါယနာ အထပ်ထပ်တင်ကာ ရိုသေမြတ်နိုးစွာ ခေတ်အဆက်ဆက်ထိန်းသိမ်းခဲ့ကြသည်။

အရှင်ဝါသေဋ္ဌသည် သီလ, သမာဓိ, ပညာဂုဏ်ကြီးမားတော်မူကြသောဆရာတော်များ၏ အရိပ်အာဝါသကို ခိုလှုံခဲ့ရသည့်အပြင် ရှင်သာမဏေဘဝကပင် ဝိနည်းပိဋကတ်တော်ကို အာဂုံဆောင်ခဲ့သူဖြစ်၍ ဝိနည်းသိက္ခာများကို အလွန်ချစ်မြတ်နိုးကာ အထူးရိုသေလေးစားစွာ စောင့်ထိန်းတော်မူခဲ့သည်။ အသေးစားအာပတ်ကလေးများပင် မသင့်အောင် ကိုယ်နှုတ်တို့ကို စောင့်စည်းသည်။ အနေအထိုင် အထူးကျစ်လျစ်သိပ်သည်းပြီး သဲလဲစင် ခြောက်ပြစ်ကင်းတော်မူသည်။

ဆရာတော်၏ ပါတိမောက္ခသံဝရသီလသည် ငယ်စဉ်အခါမှစ၍ ပျံလွန်သည့်တိုင်အောင် မကောင်းသတင်းဟူ၍ မြူမျှမပါ၊ ကောင်းမြတ်သော ကျော်စောသတင်းသာလျှင် သင်းပျံ့မွှေးလှိုင်နေပါ၏။ ဆရာတော်၏ ဣန္ဒြိယသံဝရသည်လည်း အထူးလုံခြုံတည်ငြိမ်လှပါသည်။ နီဝရဏမြူတိမ်များ လုံးဝ ကင်းစင်ကာ ကာမရာဂ, ဗျာပါဒတို့ နှိုးဆွနှိပ်စက်ခြင်း ကင်းရှင်းနေသည်နှင့်အညီ သာသနာရေးပွဲသဘင်များတွင် ပလ္လင်ပေါ်ထိုင်နေလျှင် ရုပ်တုတော်ဟု ထင်မြင်မိကြ၏။

"တပည့်တော်တို့ဘုရား...ပလ္လင်ပေါ်က ဆရာတော်ဘုရားကြီးကို အစပိုင်းက ရုပ်တုတော်ကြီးလို့ ထင်နေခဲ့ကြတာ၊ **ဆရာတော်ဘုရားကြီးအထံမှ** ဩဝါဒစကား မိန့်ကြားသံကြားမှ ရုပ်တုတော်ကြီးမဟုတ်၊ သက်တော်ထင်ရှားဆရာတော်ဘုရားကြီးပါလား"ဟု ပရိသတ်အပေါင်းက ကြည်ညိုသဒ္ဓါပွားများကြရ၏။

http://www.dhammadownload.com



အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတသီလတို့နှင့်ပတ်သက်၍လည်း အပြစ်ဆိုစရာ လုံးဝမရှိပါပေ။ **"တရားဖြင့်သာ အရာရာကို ပြုလုပ်ပါ"** ဟု ဆရာတော်ဩဝါဒပေးလေ့ရှိသည်နှင့်အညီ တရားအသိ, တရားအတွေး, တရား အမှတ်နှင့်သာ အမြဲနေထိုင်ပြုမူတော်မူ၏။

အမျက်ဒေါသမရှိ၊ မာန်မာန မရှိ၊ မေတ္တာဘာဝနာနှင့် ထုံမွှမ်းထားသည့် နူးညံ့သိမ်မွေ့သောစိတ်နှလုံးဖြင့် မိမိကိုယ်ကိုနှိမ့်ချကာ လူတိုင်းအား လေးလေး စားစား အရေးတယူ ဆက်ဆံတော်မူ၏။ မိမိထက် များစွာဝါငယ်သော စာချ ဆရာတော်များကို "ဆရာတော်"ဟုပင် ချီပင့်ကာ ခေါ်တော်မူလေ့ရှိ၏။ အနေ အထိုင် အလွန်ရိုးစင်းသန့်ရှင်းပြီး တိုးတိတ်ညင်သာ ချိုသာစွာ အကျိုးရှိသည့် စကားကိုသာ ဆိုလေ့ရှိသောဆရာတော်ကို ဖူးမြင်ရသူတိုင်း ကြည်ညိုလေးစား ၍မဆုံး ရှိကြပေ၏။

**အထူးသဖြင့် ဆရာတော်သည် လာဘ်လာဘ ပေါများလိုခြင်း, အပူဇော် အချီးမြှောက်ခံလိုခြင်း, ထင်ပေါ်ကျော်စောလိုခြင်း ဟူသည့် လာဘ, သက္ကာရ, သိလောက အလိုရမ္မက်ဆိုးတို့မှ လုံးဝကင်းစင်တော်မူခြင်းအရာ၌ စံပြဖြစ် တော်မူပါပေ၏။** မအပ်စပ်သော အလှူငွေကို လုံးဝလက်ခံတော်မမူ၊ လာဘ် ပေါများအောင် အထင်ကြီးအောင် နာမည်ထင်ပေါ်အောင်လည်း လုံးဝ အား ထုတ်ခြင်း မပြု။

မြူခိုးတိမ်တောင်များ ကင်းစင်သည့် ကောင်းကင်ပြင်တွင် ပြည့်ပြည့်ဝဝ ထွန်းလင်းတောက်ပနေသော လပြည့်ဝန်းကြီးသည် ကမ္ဘာလောကကြီးတစ်ခု လုံးကို အေးမြသောအလင်းဓာတ်ကို ပေးဆောင်နေသကဲ့သို့ ခရုသင်းပွတ်ကဲ့ သို့ လုံးဝအပြစ်ကင်းစင်ကာ လောကဓံလှိုင်းဂယက်တို့၏ ရိုက်ပုတ်ချက်များ ကြောင့် မတုန်မလှုပ်ဘဲ ကြံ့ကြံ့ခိုင်ခိုင် ထီးထီးမားမားရပ်တည်လျက် သာသနာ တော်၏ အလင်းကျက်သရေကို ဆောင်နေတော်မူသော သပြေကန်ဆရာတော် ဘုရားသည် ပဋိပတ္တိဂုဏ်ရောင်ကို လွန်စွာတောက်ပြောင်နေစေပါတကား။

**လာဘ, သက္ကာရ, သိလောကနောက်သို့ ယိမ်းယိုင်လိုက်ပါနေကြသော ရဟန်းသံဃာများအား အမြင်မှန် အသိမှန်များ ရစေရန် ဆရာတော်ဘုရားသည် စံနမူနာအဖြစ် ရပ်တည်ပေးနေသကဲ့သို့ ရှိနေပါ၏။ စံနမူနာဖြင့် သွန်သင်ဆုံးမ ညွှန်ပြခြင်းသည် မြတ်စွာဘုရား ချမှတ်ထားသည့် စည်းကမ်းစည်းမျဉ်းများကို ထောက်ပြ, ပြောပြနေသည်ထက် ပို၍ထိရောက်ပါသည်။**

အခါတစ်ပါး၌ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူစဉ်အခါ ပုထုဇဉ်ရဟန်းများသည် ပစ္စည်းလာဘ်လာဘ

http://www.dhammadownload.com



နှင့်စပ်၍ လိုချင်တပ်မက်မောနေကြ၏။ ဤသို့ ပစ္စည်းလာဘ်လာဘကိုအလေး ပြုနေလျှင် သီလ, သမာဓိ, ပညာ အကျင့်တရားများ လစ်ဟင်းသွားလိမ့်မည်။ ထိုသို့ လစ်ဟင်းပြီး အကျိုးမဲ့မဖြစ်ရန် မြတ်စွာဘုရားသည် **ဓမ္မဒါယာဒသုတ်** တွင် ဤသို့ ဟောကြားတော်မူခဲ့၏ –

**"ရဟန်းတို့...သင်တို့သည် ငါဘုရား၏ တရားအမွေ (ဓမ္မဒါယာဒ) ကို ခံယူကြသည်ဖြစ်ကြကုန်လော့။ ပစ္စည်းလေးပါးစသော အာမိသအမွေ (အာမိသ ဒါယာဒ) ကို ခံယူရုံမျှဖြင့် အားရရောင့်ရဲနေကြသော အမွေခံအညွှံ့စားတို့ သည် မဖြစ်ကြကုန်လင့်။"**

တရားအမွေဆိုသည်မှာ အဘယ်နည်း။ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ဟူသော လောကုတ္တရာတရားကိုးပါးသည် အမြတ်ဆုံးတရားအမွေအစစ် ဖြစ်ကြ၏။ မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်သန်ဆုတောင်းပြီး ပြုလုပ်သော ဒါန, သီလ, ဘာဝနာကုသိုလ်ကောင်းမှုများသည်လည်း တရားအမွေပင် ဖြစ်ပါသည်။

လောကီစည်းစိမ်, ရာထူးဂုဏ်သိန်ဟူသော လောကီအမွေကို တောင်းခံ လာသည့် သားတော်ရာဟုလာကို မြတ်စွာဘုရားသည် အမြတ်ဆုံးတရားအမွေ ကိုသာ ပေးသနားတော်မူ၏။

လာဘ်လာဘ ပေါများရေး, အပူဇော်ခံရရေး, ထင်ရှားကျော်ကြားရေး လမ်း စဉ်က တခြား၊ တကယ်ချမ်းသာအစစ်ဖြစ်သည့် နိဗ္ဗာန်ရောက်ရေးလမ်းစဉ်က တခြား။ ဤလမ်းစဉ်နှစ်ရပ်သည် တစ်ခုတည်းသော ပန်းတိုင်သို့ မျှဉ်းပြိုင်အဖြစ် ပြိုင်တန်းနေကြသော လမ်းစဉ်များ မဟုတ်၊ အရှေ့နှင့်အနောက်၊ တောင်နှင့် မြောက်ကဲ့သို့ ဆန့်ကျင်ဘက်အရပ်များသို့ မျက်နှာမူပြီး ချီတက်သွားခြင်းမျိုး ဖြစ်၏။ လာဘ်လာဘနှင့် နိဗ္ဗာန်နှစ်မျိုးလုံးကို တစ်ပြိုင်နက်မရနိုင်ပါ။ တစ်ဖက် တွင် သောင်ထွန်းလျှင် အခြားတစ်ဖက်တွင် ကမ်းပြိုသလို တစ်ခုကို ယူလျှင် အခြားတစ်ခုကို စွန့်လွှတ်ရမည်ဖြစ်၏။

**လာဘ်လာဘသည် ပုလောင်ပင်ပန်းစေ၏။ နိဗ္ဗာန်သည် ချမ်းသာအေးမြ စေ၏။ ဘုရားရှင်အလိုတော်အရ လာဘ်လာဘသည် မိုးကြိုးစက်နှင့် တူ၏၊ မိုးကြိုးစက်နှင့် ထိတွေ့မိသောအရာဟူသမျှသည် လောင်ကျွမ်းကြေမွ, ပျက်စီး သွားရသလို လာဘ်လာဘကို လိုချင်တမ်းတ၍ နလုံးသွင်းမလှသော ပုဂ္ဂိုလ် မှန်သမျှတို့သည် လောကီရှာန်သမာပတ်အထိရရှိထားစေကာမူ သူတို့၏ သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ်စလုံး ဆုံးရှုံးပျက်စီးကြရ၏။**

လာဘ်သပ္ပကာ, အခြံအရံနှင့် အကျော်အစောတို့သည် အမျိုးသမီးများ မဖျက်ဆီးနိုင်သော ပုဂ္ဂိုလ်များကိုပင် ဗုန်းဗုန်းလဲကျ ပျက်စီးရအောင် ဖျက်အား

http://www.dhammadownload.com



ကောင်းကြပေ၏။ ဆုံနိုင်ခဲသောဘုရားသာသနာတော်နှင့် ကြုံကြိုက်၍ သဒ္ဓါရှိသဖြင့် နိဗ္ဗာန်ကို ရည်မှန်းကာ မြင့်မြတ်သောရဟန်းဘဝကို ရရှိပြီဖြစ်ပါလျက် လာဘ, သက္ကာရ, သိလောကတို့ကြောင့် အောက်အဝီစိတိုင်အောင် ပြန်လည်မြုပ်ဆင်းသွားရမည်ဆိုလျှင် **'ချိန်တော့မိုး၊ ထိုးတော့မြေကြီး'** ဆိုသလို အလွန်အဖြစ်ဆိုးသွားပေလိမ့်မည်။

**အမြင့်မှား, လမ်းမှားသွားသူတို့ ခရီးမလွန်မီ လမ်းမှန်ဆီသို့ ပြန်လှည့်လာနိုင်ရန် သပြေကန်ဆရာတော်၏ သီလ,သမာဓိ, ပညာအောင်လံတော်များသည် မီးပြတိုက်သဖွယ် အချက်ပြသတိပေး၍ ဖိတ်ခေါ်နေပါတကား။**

သပြေကန်ဆရာတော်ဘုရား၏ စံနမူနာပြ သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ်တို့သည် ပဋိပတ္တိသာသနာတော်ကို လွန်စွာတင့်တယ် ထွန်းတောက်စေပါတကား။

## သာသနာတော်၏အကျိုးကို သယ်ပိုးထမ်းရွက်ပုံ

အရှင်ဝါသေဋ္ဌာဘိဝံသသည် မန္တလေးမြို့ အဘယာရာမရွှေဂူတိုက်၌ စာချတာဝန်၊ သန်လျင်မြို့ သပြေကန် မဟာဓမ္မိကာရာမတိုက်၌ တွဲဖက်စာချနာယကတာဝန်၊ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် ပဓာန နာယကဆရာတော်တာဝန်တို့ကို နှစ်ပေါင်းများစွာ ထမ်းရွက်ခဲ့ပါသည်။

ထို့အပြင် ကျောက်ကုန်း မဟာဗောဓိကျောင်းတိုက် ဝိဝါဒါဓိကရဏ်းအတွက် ဝိနည်းဓိုရ်အဖွဲ့တွင်လည်းကောင်း၊ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၄)၌ ဥက္ကဋ္ဌဆရာတော်အဖြစ်လည်းကောင်း၊ ရန်ကုန်တိုင်းလုံးဆိုင်ရာရွှေကျင်နိကာယဂိုဏ်းထောက်အဖြစ်လည်းကောင်း၊ ထို့နောက် ရန်ကုန်တိုင်းရွှေကျင်နိကာယဂိုဏ်းချုပ်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင်နှင့် နိုင်ငံတော်ဩဝါဒါစရိယအဖြစ်လည်းကောင်း၊ ရွှေတိဂုံစေတီတော်ဂေါပကဩဝါဒါစရိယအဖြစ်လည်းကောင်း၊ တိပိဋကဩဝါဒါစရိယအဖြစ်လည်းကောင်း၊ ပိဋကတ်ဘာသာပြန်အဖွဲ့၏ ဩဝါဒါစရိယ၊ မင်္ဂလာဗျူဟာနှင့်ပိဋကဗျူဟာအသင်းဩဝါဒါစရိယအဖြစ်လည်းကောင်း၊ နှစ်ပေါင်းများစွာ တာဝန်ယူကာ ဆောင်ရွက်ပေးတော်မူသည်။

၁၉၅၄ ခုနှစ်တွင် ရန်ကုန်မြို့၌ **ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး** ကို စတင်ကျင်းပသောအခါ **မန္တလေးမြို့ ဝိစ္ဆာလင်္ကာရတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးဝိသုဒ္ဓ** သည် ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်သံဃအဖွဲ့၏ တွဲဖက်အကျိုးတော်ဆောင်

http://www.dhammadownload.com



ဖြစ်လာ၏။ ဆရာတော်ဦးဝိသုဒ္ဓသည် အဘယာရာမတိုက်၌ အရှင်ဝါသေဋ္ဌနှင့်အတူနေထိုင်ခဲ့သည့် သီတင်းသုံးဖော်တစ်ပါးဖြစ်သည့်အပြင် အရှင်ဝါသေဋ္ဌ၏ အရည်အသွေးကို ကောင်းစွာသိသောပုဂ္ဂိုလ်လည်း ဖြစ်ပေ၏။

ဆရာတော်ဦးဝိသုဒ္ဓသည် ဆဋ္ဌသင်္ဂါယနာတင်စဉ်ကာလအတွင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်၌ အချိန်ပြည့်သီတင်းသုံးလျက် ဝန်ဆောင်သံဃာအဖွဲ့၏ လုပ်ငန်းများကို စီမံဆောင်ရွက်၏။ ထိုလုပ်ငန်းများအနက် အဓိကကျသော လုပ်ငန်းတစ်ရပ်မှာ ပိဋကတ်ကျမ်းဂန်များကို တည်းဖြတ် သုတ်သင်ခြင်းဟူသည့် **"ပါဠိဝိသောဓက"** လုပ်ငန်း ဖြစ်၏။

ဆရာတော်ဦးဝိသုဒ္ဓသည် ပထမကျော်နှင့် သကျသီဟ ဓမ္မာစရိယဘွဲ့ရသူဖြစ်၍ ကိုယ်တိုင်လည်း ပရိယတ္တိ၌ ကျွမ်းကျင်၏၊ သာသနာရေးလောက၌ နှံ့စပ်ပြီးလျှင် မြန်မာနိုင်ငံအရပ်ရပ်မှ ကျွမ်းကျင်သော ဓမ္မာစရိယ, ဂဏဝါစက ဆရာတော်များစွာတို့ကိုလည်း သိကျွမ်း၏။ သို့ဖြစ်၍ ပါဠိဝိသောဓကလုပ်ငန်းအတွက် အမြို့မြို့အနယ်နယ်မှ ထိုက်တန်သင့်လျော်သော ပုဂ္ဂိုလ်တို့ကို ပင့်ဖိတ်၍ အောင်မြင်စွာ စီမံဆောင်ရွက်နိုင်ခဲ့ပေ၏။

ဆရာတော်ဦးဝိသုဒ္ဓသည် ပါဠိဝိသောဓကလုပ်ငန်းအတွက် အရည်အချင်းပြည့် ဆရာတော်များကို ရွေးချယ်ပင့်ဖိတ်ရာတွင် အရှင်ဝါသေဋ္ဌကိုလည်း သတိမူခဲ့၏။ သို့သော် ဝမ်းနည်းဖွယ်ကောင်းသည်မှာ ထိုအချိန်က အရှင်ဝါသေဋ္ဌသည် ကျန်းမာရေးအခြေအနေကြောင့် ဆရာတော်ဦးဝိသုဒ္ဓ လိုလားသကဲ့သို့ ကမ္ဘာအေးသို့ ကြွရောက်၍ ပါဠိဝိသောဓကလုပ်ငန်း၌ အချိန်ပြည့်ပါဝင် ဆောင်ရွက်နိုင်ရန် မဖြစ်နိုင်ခြင်းပင်တည်း။

မည်သို့ပင်ဖြစ်စေ ဆရာတော်ဦးဝိသုဒ္ဓသည် ရန်ကုန်မြို့နှင့် အလှမ်းမဝေးလှသော သပြေကန်ရွာမှ အရှင်ဝါသေဋ္ဌနှင့်ကား အဆက်အသွယ်ရှိနေခဲ့၏။ အထူးသဖြင့် အရှင်ဝါသေဋ္ဌ၏ညီ ဦးဘထွန်းသည် ကမ္ဘာအေး ပိဋကတ်ပုံနှိပ်တိုက်၌ စာပြင်ဆရာ လုပ်ကိုင်နေသည့်အတွက် ဦးဘထွန်းမှတစ်ဆင့် အရှင်ဝါသေဋ္ဌနှင့်ဆက်သွယ်နိုင်နေခြင်း ဖြစ်၏။

သို့ဖြစ်၍ အရှင်ဝါသေဋ္ဌသည် သပြေကန်တွင် သီတင်းသုံးလျက်က ပါဠိဝိသောဓကလုပ်ငန်းတွင် တစ်စိတ်တစ်ဒေသ ပါဝင်ဆောင်ရွက်နိုင်ခဲ့၏။ တစ်ခါတစ်ရံတွင် ရန်ကုန်မြို့ မဟာစည်ရိပ်သာသို့ ကြွလာပြီး ဆဋ္ဌသင်္ဂါယနာနှင့် စပ်လျဉ်းသည့် အခက်အခဲများကို ကူညီဖြေရှင်းပေး၏။ သို့ဖြစ်၍ မဟာစည်ဆရာတော်ဘုရားက–

http://www.dhammadownload.com



"သင်္ဂါယနာတင်စဉ်အခါက အခက်အခဲတစ်စုံတစ်ရာနှင့် ရင်ဆိုင်ရသည့်အခါတွင် သပြေကန်ဆရာတော် ဦးဝါသေဋ္ဌနှင့် နီးနေလိုက်သည့်အခါတိုင်း အဖြေပေါ်ထွက်လာပြီး အခက်အခဲကို လွှန်မြောက်ရသည်"ဟု မြွက်ဟချီးကျူးတော်မူ၏။

ဆဋ္ဌသင်္ဂါယနာ ပိဋကတ်ကျမ်းစာအုပ်များ၏ အစ၌ ဆဋ္ဌသင်္ဂါယနာတင်လုပ်ငန်းကြီး ဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းများကို ပြည့်စုံစွာ ဖော်ပြထားသော **"နိဒါနကထာ"** ပါရှိ၏။ ထိုနိဒါနကထာကို အဆင့်အတန်းမြင့်မားသည့် ပါဠိဘာသာ, ဂါထာစုဏ္ဏိယ နှစ်မျိုးဖြင့် ရေးဖွဲ့ထား၏။ ထိုနိဒါနကထာကို ရေးသားသူမှာ အရှင်ဝါသေဋ္ဌာဘိဝံသပင် ဖြစ်ပါသည်။

ဆဋ္ဌသင်္ဂါယနာတင်ရာတွင် အဋ္ဌကထာကျမ်းပြုအကျော် ဆရာတော်အရှင်ဗုဒ္ဓဃောသ၏ ဉာဏ်စွမ်းပြ ကျမ်းတစ်ဆူဖြစ်သည့် **ဝိသုဒ္ဓိမဂ်ကျမ်း** လည်း ပါဝင်ပါ၏။ ဤကျမ်းသည် ပိဋကတ်သုံးပုံ၏ အဆီအနှစ်အားလုံးကို သိမ်းသွင်း, ညှစ်ထုတ်ဖော်ပြထားသောကျမ်းဖြစ်၍ အရေးပါ၏။ ဆဋ္ဌမူ ဝိသုဒ္ဓိမဂ္ဂကျမ်းကို ပုံနှိပ်ရာ၌ ထေရဝါဒအစဉ်အလာနှင့်မညီသော ဝေဖန်ချက်များကို ဖြေရှင်းပြီး ထေရဝါဒအစဉ်အလာနှင့်ညီသော နိဒါန်းကို ရေးသားပြုစု၍ ထည့်သွင်းပုံနှိပ်ရန် ဝန်ဆောင်သံဃာအဖွဲ့က ဆုံးဖြတ်ခဲ့၏။ ယင်းနိဒါန်းကို ရေးသားပြုစုရန် မဟာစည်ဆရာတော်ဘုရားအား တာဝန်ပေးအပ်ကြ၏။

မဟာစည်ဆရာတော်ဘုရားသည် သက်ဆိုင်ရာ ပါဠိ, အဋ္ဌကထာ, ဋီကာများနှင့် ဂန္ထန္တရတို့ကို နှံ့စပ်စွာ လေ့လာဖတ်ရှုပြီးနောက် ထေရဝါဒအစဉ်အလာနှင့် ညီညွတ်သော **ဝိသုဒ္ဓိမဂ္ဂ နိဒါနကထာ** ကို အဆင့်အတန်းမြင့်သော ပါဠိစကားပြေ (စုဏ္ဏိယ) ဖြင့် ရေးသား၏။ မိမိရေးသားထားသော နိဒါန်းအား ပို၍ လေးနက်ခိုင်မာတင့်တယ်စေလိုသဖြင့် ယင်းနိဒါန်းတွင် အနုဂီတိခေါ် အမွှမ်းတင် အနှစ်ချုပ်ဂါထာများကို ဖြည့်စွက်ရေးသားပေးရန် သပြေကန်ဆရာတော်အရှင်ဝါသေဋ္ဌအား ပန်ကြား၏။

အရှင်ဝါသေဋ္ဌသည် ကျန်းမာရေးချို့တဲ့ပါသော်လည်း ထက်သန်သော စိတ်ဓာတ်ဖြင့် **အနုဂီတိဂါထာ (၇၄) ပုဒ်** ကို ဆန်း, အလင်္ကာ, ပါဠိ, သက္ကတ, သဒ္ဒါနည်းတို့ဖြင့် တန်ဆာဆင်လျက် အဆင့်အတန်းမြင့်စွာ ရေးသားသီကုံးပေးလေ၏။ ထိုအနုဂီတိဂါထာများကို မဟာစည်ဆရာတော်ထံ သွားပို့ပေးသည့်အခါ မဟာစည်ဆရာတော်က ဖတ်ရှုပြီးနောက်–

"ဒါမျိုး... တို့ရေးလဲ ဖြစ်ပါတယ်၊ တို့ရေးလဲ ဖြစ်ပေမယ့် ဦးဝါသေဋ္ဌလိုတော့ သွက်မှာချောမှာမဟုတ်ဘူး၊ ခု ဦးဝါသေဋ္ဌ ရေးလိုက်တော့ ကောင်းလဲ

http://www.dhammadownload.com



ကောင်း၊ မြန်လဲမြန်၊ အချိန်လဲမီတော့ သိပ်အဖိုးတန်သွားတာပေါ့”လို့ မိန့်ဆို လိုက်သည်ကို စာမူသွားပို့ပေးသည့် စာချဆရာတော်က ကြားလိုက်ရပါ၏။

မဟာစည်ဆရာတော်သည် အထက်ဖော်ပြပါ ဝိသုဒ္ဓိမဂ္ဂနိဒါနကထာကို ဗုဒ္ဓသာသနာ့အဖွဲ့၏ လျှောက်ထားတောင်းပန်ချက်အရ မိမိရေးသားပြုစုသော ဝိသုဒ္ဓိမဂ်မြန်မာပြန်ကျမ်း၌လည်း ထည့်သွင်းရိုက်နှိပ်စေခဲ့၏။ သပြေကန်ဆရာ တော် အရှင်ဝါသေဋ္ဌ၏ အနုဂီတိဂါထာ(၇၄)ပုဒ်ကိုလည်း ဝိသုဒ္ဓိမဂ်မြန်မာပြန် တတိယအုပ်၌ မြန်မာပြန်နိဿယနှင့်တကွ အပြည့်အစုံဖော်ပြထားသည်ကို မြင်တွေ့ဖတ်ရှုနိုင်ကြပါသည်။

ဆဋ္ဌသင်္ဂါယနာကို အကြောင်းပြု၍ အလွန်တရာ အဖိုးထိုက်တန်သော ပိဋကတ်မြန်မာပြန်စာအုပ်များနှင့် တိပိဋကပါဠိ-မြန်မာ အဘိဓာန်စာအုပ်များ ပေါ်ထွက်လာကြပါသည်။ ထို့အပြင် ပြည်သူအပေါင်းတို့အား များစွာအကျိုး ပြုသော အောက်ပါ **ကျမ်းကြီး သုံးကျမ်း** တို့လည်း ပေါ်ထွက်လာပါသည်-

(၁) မင်းကွန်း တိပိဋကဓရဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏ **“မဟာဗုဒ္ဓဝင်ကျမ်းကြီး”**၊

(၂) မဟာစည်ဆရာတော် အရှင်သောဘဏ၏ **“ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယကျမ်းကြီး”** နှင့်

(၃) သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ၏ **“ပရိတ်ကြီး နိဿယသစ်”** တို့ ဖြစ်ကြ၏။

အထက်ပါ ကျမ်းကြီးသုံးကျမ်းအနက် မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ဆဋ္ဌသင်္ဂါ ယနာတင်စဉ်ကာလအတွင်း နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဗုဒ္ဓသာသနာ အဖွဲ့တို့၏ တောင်းပန်ချက်အရ သင်္ဂါယနာဝိသဇ္ဇကနှင့် ဝန်ဆောင်အဖွဲ့ဝင်ဖြစ် တော်မူသော မင်းကွန်းတိပိဋကဓရဆရာတော် ရေးသားပြုစုတော်မူ၏။

ဓမ္မရေးရာ, ဝါဒရေးရာအားဖြင့် သိမ်မွေ့နက်နဲ, ခက်ခဲရှုပ်ထွေးလှသော ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယကျမ်းကြီးကို ဆဋ္ဌသင်္ဂါယနာဝန်ဆောင်သံဃ အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီး၏ တိုက်တွန်းချက် အရ သင်္ဂါယနာပုစ္ဆကနှင့် ဝန်ဆောင်အဖွဲ့ဝင်ဖြစ်တော်မူသည့် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် ရေးသားပြုစုတော်မူ၏။

မြန်မာနိုင်ငံ၌ ခေတ်အဆက်ဆက် ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူများ ယုံ ကြည်လေးစားကာ နာကြားရွတ်ဆိုလေ့ရှိကြသော ပရိတ်ကြီး(၁၁)သုတ်တို့ ၏ အနက်အဓိပ္ပာယ်ကို ခေတ်လူတို့ လေ့လာမှတ်သားနိုင်ရန် ဗဟုသုတစုံလင် စွာဖြင့် ရေးသားဖွင့်ဆိုထားသော ပရိတ်ကြီး နိဿယသစ်ကို ဆဋ္ဌသင်္ဂါယနာ

http://www.dhammadownload.com



ဝန်ဆောင်သံဃအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဝိဇ္ဇာလင်္ကာရဆရာတော် ဦးဝိသုဒ္ဓိ၏ တိုက်တွန်းချက်အရ သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ ရေးသားပြုစုတော်မူ၏။

သပြေကန်ဆရာတော်သည် ပရိတ်ကြီး နိဿယသစ်ကိုမရေးသားမီ တစ်နှစ်ခန့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို ရှာဖွေကြည့်ရှုသည်။ ထို့နောက် ၁၃၂၄ ခုနှစ် (ခရစ် ၁၉၆၂ ခုနှစ်) တွင် ရေးသားပြုစုသည်။ ထိုအခါက ဆရာတော်သည် သက်တော် ၅၂ နှစ်ရှိလာပြီဖြစ်၍ အသိပညာဗဟုသုတပြည့်ဝကာ ဉာဏ်ပညာစွမ်းဟုန်အားကြီးလာပြီဖြစ်၏။

ဆရာတော်၏ ရေးသားပုံမှာ ရိုးရိုးနှင့် ဆန်းကြယ်နေ၏။ ဆရာတော် စကားပြောဆိုသည့်အခါ သင့်ရုံမျှ အကျိုးရှိမည့်စကားလောက်ကိုသာ ပြောဆိုလေ့ရှိသည်နှင့်အညီ ပရိတ်ကြီးနိဿယသစ်တွင် လင်္ကာနက်များစွာကို အသုံးမပြုဘဲ စကားချောမောရုံမျှသာ ကာရန်ယူ၍ ရေးသား၏။ အဓိပ္ပာယ်ဖွင့်ပြရာတွင် သဒ္ဒါပုဒ်၊ ပါဌ်၊ အဆုံးအဖြတ်၊ အနက်အဆုံးအဖြတ်တို့ကိုပါ ထည့်သွင်းရေးသားထား၏။ မာဂဓ၊ သက္ကတ၊ ပါကဋစသည့် ဘာသန္တရဗဟုသုတ ကြွယ်ဝနှံ့စပ်သူဖြစ်၍ သဒ္ဒါအနက်အဆုံးအဖြတ်များမှာ ထူးခြားနေ၏။ ကျမ်းအထွေထွေတို့၏ ရှုထောင့်စုံမှ စာအသွားအလာ အနေအထားအရ ဖြစ်တန်ရာသော အနက်အဓိပ္ပာယ်များကို ဆုံးဖြတ်ပေးရာ၌လည်း ပညာရှင်များ လက်ခံနိုင်အောင် ကောင်းမွန်၏။ ပရိတ်ကြီးနှင့်စပ်၍ မှတ်သားဖွယ် အချက်အလက်၊ ဝတ္ထု၊ ပုံသက်သေအမျိုးမျိုးတို့ကို ကျမ်းဂန်အမျိုးမျိုးမှထုတ်နုတ်၍ ဆိုင်ရာဆိုင်ရာ၌ ထည့်သွင်းဖော်ပြထား၏။

ပရိတ်ကြီးနိဿယစာမူကို ကြည့်ရှုစစ်ဆေးခွင့်ရကြသော အဂ္ဂမဟာပဏ္ဍိတ အနီးစခန်းဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်၊ ပုသိမ်မြို့ – မောင်းထောင်ဆရာတော်၊ ဒုတိယစာပြင်မှူးချုပ် ဝဏ္ဏကျော်ထင် ဦးဘာသန်းတို့က–

"ရှေးက ဒီပရိတ်ကြီးနိဿယသစ်မျိုး မထွက်ပေါ်သေးတဲ့အပြင် မှတ်သားဖွယ် အဓိပ္ပာယ်များပါရှိလို့ အလွန်ပြည့်စုံကောင်းမွန်တဲ့ကျမ်း ဖြစ်တယ်၊ အလျင်အမြန် ပုံနှိပ်သင့်ပါတယ်"ဟု မှတ်ချက်ချကြ၏။

ပရိတ်ကြီးနိဿယသစ်နိဒါန်းကို ရေးသားသော အဂ္ဂမဟာပဏ္ဍိတ **အရှင်သီလာနန္ဒာဘိဝံသ** (ကမ္ဘာ့သာသနာပြု၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓ သာသနာပြုတက္ကသိုလ်ပါမောက္ခချုပ်) ကလည်း ပရိတ်ကြီးနိဿယသစ်သည် လေးမည့်ရ ပရိတ်ကြီးနိဿယဖြစ်ကြောင်း အောက်ပါအတိုင်း ရှင်းပြထား၏–

http://www.dhammadownload.com



(၁) ပရိတ်ကြီးပါဠိတော်၏အနက်များကို ရေးထားသဖြင့် "ပရိတ်ကြီးနိဿယ" မည်၏။
(၂) ပရိတ်ကြီးပါဠိတော်၌ ပုဒ်, ပါဌ်, အနက်အဓိပ္ပာယ်ဆိုင်ရာ အဆစ်အဖုတို့ကို ဖြေရှင်းထားသဖြင့် "ပရိတ်ကြီးဂဏ္ဌိ"မည်၏။
(၃) ပရိတ်ကြီးကို မြန်မာဘာသာဖြင့် အကျယ်ဖွင့်ပြသော ကျမ်းဖြစ်၍ "ပရိတ်ကြီးမြန်မာဋီကာ" မည်၏။
(၄) ပရိတ်ကြီးနှင့်ပတ်သက်၍ သိမှတ်ဖွယ်အလုံးစုံတို့ကို စုပေါင်း ရေးသားထားသောကျမ်းဖြစ်၍ "ပရိတ်ကြီးစွယ်စုံကျမ်း" မည်၏။

ပရိတ်ကြီးနိဿယသစ်ကျမ်းသည် မြန်မာစာပေလောကတွင် ငွားငွား စွင့်စွင့် ပွင့်ထွန်းပေါ်ပေါက်လာသောအခါ ပညာရှင်အပေါင်းတို့က ဝိုင်းဝန်းချီးကျူးကြသည်၊ ပြည်သူအပေါင်းတို့ကလည်း အကျိုးထူးများကို ရရှိကြသည်။ သပြေကန် ဆရာတော်ဘုရားသည်လည်း ဤကျမ်းစာတစ်စောင်တည်းဖြင့်ပင် တင်ဟုန်ထိုး နာမည်ကျော်ကြားသွားပါသည်။

ပညာရှိတို့မည်သည် စည်ကြီးနှင့်တူ၏၊ မတီးလျှင် မမြည်၊ တီးခတ်လိုက်လျှင် တစ်ပြည်လုံးမြည်ဟိန်းသွားပါတော့သည်။ **သပြေကန်ဆရာတော်သည် စာပေရေးသားနိုင်သော စွမ်းရည်၌ သူမတူအောင် ထက်မြက်ပါလျက် စာပေရေးသားမှုဖြင့် ကျော်စောမှုကို မလိုလားပေ။** ထို့အပြင် မိမိ၏ဂုဏ်ကို လျှို့ဝှက်ထားတတ်သူဖြစ်၍ စာပေမရေးသားဘဲ အေးအေးလူလူ ပရိယတ်-ပဋိပတ်အလုပ်တို့ကို လုပ်နေတော်မူသည်။ သာသနာ့တာဝန်ကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လာသောအခါတွင်မှ ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

သပြေကန်ဆရာတော်သည် လေးလေးနက်နက် တွေးခေါ်မြော်မြင်တတ်ပြီး **ပိဋကတ်ရေးရာ ပြဿနာအဖုအထစ်များကို ပြေလည်အောင် ဖြေရှင်းပေးနိုင်စွမ်းရှိသည့် ပညာရှိကြီးဖြစ်သည်** ဟု သိမြင်လာသောအခါ ဆရာတော်အားထိုမှဤမှ ပြဿနာမျိုးစုံ မေးမြန်းလာကြတော့သည်။ ကမ္ဘာ့သာသနာပြု ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော် အရှင်ပဏ္ဍိတာဘိဝံသသည်လည်း နိုင်ငံခြားသို့ မထွက်မီ၌လည်းကောင်း၊ ထွက်ပြီးပြန်ရောက်လာသည့်အခါ၌ လည်းကောင်း၊ သပြေကန်ဆရာတော်ကို ဦးတိုက်၍ ခဲရာခဲဆစ်ပြဿနာများကို မေးမြန်းလေ့ရှိပါသည်။ ကျွန်တော်သည်လည်း ပိဋကတ်ဘာသာပြန်အဖွဲ့၌ ခေတ္တတာဝန်ထမ်းရွက်စဉ် ကြုံတွေ့ရသော ခဲရာခဲဆစ်ပြဿနာများကို ဆရာတော်ထံ မေးလျှောက်ဖူးပါသည်။

ဆရာတော်သည် မေးမြန်းလာသမျှကို မိမိ၏အချိန်၊ မိမိ၏အလုပ်၊ မိမိ၏

http://www.dhammadownload.com



ပင်ပန်းမှုတို့ကို မငဲ့ကွက်ဘဲ အချိန်ပေး၍ အပင်ပန်းခံကာ စိတ်ရှည်လက်ရှည် ဖြေရှင်းပေးတော်မူပါသည်။ ထိုသို့ဖြေရှင်းရာ၌ အလျင်စလို အလွယ်တကူ ဖြေရှင်းမှုမျိုး မပြုလုပ်ဘဲ ကျမ်းဂန်အထောက်အထားများစွာကို မိုငြမ်းကိုးကားလျက် အချိန်ယူကာ ဖြေရှင်းပေးတော်မူသည်၊ ကျမ်းဂန်အဆိုအမိန့်များကိုလည်း စာဖြင့် ရေးသားပြပါသည်။ အလွန်အားထားကြည်ညိုလေးစားရသော ဆရာတော်ဘုရားပါပေ။

ဆရာတော်သည် ပိဋကတ်ရေးရာအကြောင်းအရာများကို ကျမ်းစာအမည်များနှင့်တကွ စာမျက်နှာများကိုပါ မှတ်မိနေသည့်အတွက် **ဝိနိစ္ဆယ အဆုံးအဖြတ်များ** တွင်လည်း ဆရာတော်ကို အားကိုးကြရသည်။ သို့အတွက် ဆရာတော်သည် ဝိနိစ္ဆယအဖွဲ့များ၌လည်းကောင်း၊ ဩဝါဒါစရိယအဖွဲ့များ၌လည်းကောင်း၊ ပါဝင်ဆောင်ရွက်ပေးရသည်။

## ဆရာတော်ဆောင်ရွက်သည့် သာသနာပြုလုပ်ငန်းများ

(၁) မန္တလေး အဘယာရာမရွှေဂူတိုက်သစ်၌ ၁၉၃၄ ခုနှစ်မှ ၁၉၃၉ ခုနှစ်အထိ ၅ နှစ်ကြာမျှ စာပေပို့ချသည်။

(၂) သန်လျင် သပြေကန်မဟာဓမ္မိကာရာမတိုက်သစ်၌ ၁၉၃၉ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ၃၉ နှစ်ကြာအောင် အနုနာယက–တွဲဖက်စာချအဖြစ် ဆောင်ရွက်သည်။

(၃) ရန်ကုန် မင်္ဂလာတောင်ညွန့် ပုဇွန်တောင် ရွှေကျင်ကျောင်း၌ ၁၉၇၈ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ၁၇ နှစ်ကြာအောင် ပဓာနနာယကအဖြစ် တာဝန်ထမ်းရွက်သည်။

(၄) ကျောက်ကုန်း မဟာဗောဓိကျောင်းတိုက် ဝိဝါဒါဓိကရဏ်းဝိနည်းခိုရ်အဖွဲ့ဝင်၊

(၅) နိုင်ငံတော်သီးခြားဝိနည်းခိုရ်အဖွဲ့ (၄) ဥက္ကဋ္ဌ၊

(၆) ရန်ကုန်တိုင်းလုံးဆိုင်ရာ ရွှေကျင်နိကာယဂိုဏ်းထောက်၊

(၇) ရန်ကုန်တိုင်းလုံးဆိုင်ရာ ရွှေကျင်နိကာယဂိုဏ်းချုပ်၊

(၈) နိုင်ငံလုံးဆိုင်ရာ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက (တွဲဖက်သာသနာပိုင်)၊

(၉) နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် ဩဝါဒါစရိယ၊

(၁၀) တိပိဋကဩဝါဒါစရိယ၊

(၁၁) ပိဋကတ်ဘာသာပြန်အဖွဲ့၏ ဩဝါဒါစရိယ၊

http://www.dhammadownload.com



(၁၂) မြန်မာစာအဖွဲ့၏ ဩဝါဒါစရိယ၊
(၁၃) ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊
(၁၄) မင်္ဂလာဗျူဟာအသင်းနှင့် ပိဋကဗျူဟာအသင်း ဩဝါဒါစရိယ၊
(၁၅) အခြား အသင်းအဖွဲ့များစွာ၏ ဩဝါဒါစရိယ
စသည်တို့ဖြစ်ပါသည်။

## ဆရာတော်၏ ကြည်ညိုဖွယ်ရာ ဂုဏ်ထူးများ

သပြေကန်ဆရာတော်သည် ပင်ကိုက ဉာဏ်ပညာထက်မြက်ပြီး မြတ်စွာဘုရား၏ အဆုံးအမဩဝါဒကို ဘုရားအဆုံးအမအတိုင်း ကျင့်ကြံကြိုးကုတ်ပြုမူ နေထိုင်ခဲ့သည့်အတွက် ကောင်းခြင်းဂုဏ်မျိုးစုံနှင့် ပြည့်စုံသော ဆရာတော်ဖြစ်ပါပေသည်။

### (၁) သီလဂုဏ်

ဆရာတော်သည် ဝိနည်းသိက္ခာကို အလွန်ကြည်ညိုလေးစားပြီး အသက်တမျှ ချစ်ခင်မြတ်နိုးတော်မူသဖြင့် ရဟန်းဘဝတစ်လျှောက်လုံးတွင် မှည့်တစ်ပေါက်မျှမစွန်းထင်းရအောင် ဝိနည်းသိက္ခာနှင့်အညီ နေထိုင်တော်မူခဲ့သည်။ အပြစ်ဆိုဖွယ်ရာမရှိအောင် ခရသင်းပွတ်ပမာ သဲလဲစင်သီလဖြူစင်တော်မူသည်။ ထို့ကြောင့် ကြည်ညိုဖွယ်ရာသီလဂုဏ်နှင့် ပြည့်စုံ၍ **သီလဝန္တ ပုဂ္ဂိုလ်အစစ်** ဖြစ်တော်မူသည်။

ဆရာတော်သည် "သီလဝန္တ ပုဂ္ဂိုလ်" ကို ဤသို့ချီးကျူးထား၏ - "ဘယ်ပုဂ္ဂိုလ် ဘယ်လောက်အကျင့်သိက္ခာရှိသည်ဟု ကြားရလျှင် အကြားဖြင့်ပင် ကြည်ညိုမိတတ်၏။ ထိုပုဂ္ဂိုလ်အား ဖူးမြော်ဖို့ရာ တောင့်တမိတတ်၏။ သီလဝန္တ ပုဂ္ဂိုလ်မှာ အကြားဖြင့်ပင် စိတ်ကြည်လင်စေတတ်၍ သူ့သတင်းကိုကြားရသည်မှာလည်း မင်္ဂလာပင်ဖြစ်ပါသည်။"

ဆရာတော်သည် အရှင်အာနန္ဒာကဲ့သို့ ဖူးမြော်ကြည်ညို၍မဝနိုင်သောပုဂ္ဂိုလ်ဖြစ်၏။

### (၂) သမာဓိဂုဏ်

ဆရာတော်သည် စိတ်အလွန်တည်ငြိမ်၍ အသွားအလာ, အနေအထိုင်, အပြုအမူတို့မှာ အလွန်ဣန္ဒြေရှိသည်။ အမှတ်သတိမလွတ်ဘဲ ချိုသာအေးမြ အကျိုးအနှစ်သာရရှိသော စကားများကို ဆိုသင့်သလောက်သာ ဆိုတော်မူသည်။ ပူဇော်ပွဲသဘင်တို့တွင် ပလ္လင်ပေါ်၌ထိုင်နေလျှင် မလှုပ်မရှားတည်ငြိမ်လှသဖြင့် ရုပ်တုတော်များလေလားဟု ပရိသတ်တို့ ထင်မြင်မိကြသည်။ ဩဝါဒစကား

http://www.dhammadownload.com



ပြောဆိုသောအခါတွင်မှ "သြော်...သက်ရှိဆရာတော်ဘုရားပါလား"ဟု မှတ်ချက်ချကြရသည်။

ဆရာတော်သည် ကာမဂုဏ်အာရုံ၌ ကျက်စားလေ့မရှိဘဲ တရားအာရုံနှင့်သာ နေထိုင်တော်မူ၏၊ သို့အတွက် ကာမစ္ဆန္ဒ နီဝရဏဟု အမည်ရသော ကာမရာဂ၏ နှိပ်စက်မှုကို မခံရချေ။ အမျက်ဒေါသမထွက်အောင် ထိန်းသိမ်းနိုင်သဖြင့် ဗျာပါဒနီဝရဏမှလည်း ကင်းစင်၏။ တရားအလုပ်ကို အမြဲတစေ ထထကြွကြွလုပ်ဆောင်နေသဖြင့် ထိနမိဒ္ဓနီဝရဏကင်း၏။ စိတ်ပျံ့လွင့်ခြင်း–နောင်တတစ်ဖန်ပူပန်ခြင်းတို့လည်း ကင်းစင်သဖြင့် ဥဒ္ဓစ္စ–ကုက္ကုစ္စနီဝရဏလည်း ကင်းရှင်း၏။ ဘုရား, တရား, သံဃာ, ကျင့်စဉ်တို့နှင့်ပတ်သက်၍ ယုံမှားသံသယ ကင်းစင်သဖြင့် ဝိစိကိစ္ဆာနီဝရဏမှလည်း လွတ်ကင်း၏။ ဤသို့ နီဝရဏများ ကင်းစင်၍ သမာဓိကောင်းသည့်အတွက်လည်း ကျက်ဉာဏ်, မှတ်ဉာဏ်, သဘောဉာဏ်တို့ အလွန်ကောင်းမွန်တော်မူ၏။

ထို့ကြောင့် ဆရာတော်သည် ကြည်ညိုဖွယ်အတိရှိသောသမာဓိဂုဏ်နှင့်လည်း ထူးခြားစွာပြည့်စုံပါပေ၏။

**(၃) ပညာဂုဏ်**

ဆရာတော်သည် ပင်ကိုဉာဏ်ထက်မြက်၍ ပရိယတ်, ပဋိပတ်အလုပ်နှင့်သာ တစိုက်မတ်မတ် ဆည်းပူးလေ့လာ ကျင့်ကြံအားထုတ်တော်မူသဖြင့် သုတမယပညာ, စိန္တာမယပညာ, ဘာဝနာမယ ပညာတို့နှင့် ပြည့်စုံပေ၏။

**"ပညာရှိအမျက် အပြင်မထွက်"** ဟု ဆိုရိုးစကားရှိသည့်အတိုင်း ဆရာတော်မကျေမနပ် အမျက်ဒေါသထွက်သည်ကို မည်သူမျှမမြင်ဖူးချေ။ ရောဂါဝေဒနာပြင်းပြ၍ ကိုယ်တဆတ်ဆတ်တုန်နေသည့်အခါမျိုး၌ပင် "သူ့သဘောအတိုင်း ဖြစ်တာပဲ"ဟု တရားနှင့်ဆင်ခြင်၍ မညည်းမညူ သည်းခံနိုင်စွမ်း ရှိသည်။

ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို လိုချင်တပ်မက်မောသည့် ကာမရာဂကိုလည်း ကောင်းစွာချုပ်ထိန်းနိုင်၏။ **"ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသို့"** မာန်မာနကို ချိုးနှိမ်ထားနိုင်စွမ်းလည်း ရှိတော်မူ၏။ မနာလိုမှု ဣဿာနှင့် ဝန်တိုမှု မစ္ဆရိယ အရိပ်အငွေ့များလည်း ကင်းရှင်းတော်မူ၏။ **"မနာလိုကင်း ဝန်တိုရှင်း လက်ငင်း စိတ်ချမ်းသာ"** နေသူတည်း။

ဤသို့တရားသဘောနှင့်ဆင်ခြင်၍ ကာမရာဂ, ဒေါသ, မာန်မာန, ဣဿာ, မစ္ဆရိယ စသည့်တရားဆိုးတို့ မနိုးကြား, မထကြွအောင် ချုပ်ထိန်းထားနိုင်ခြင်း၊ နက်နဲခက်ခဲသည့် ဓမ္မရေးရာ အမေးပုစ္ဆာပဟုသမျှကို ကျေနပ်စဖွယ်ဖြစ်အောင်

http://www.dhammadownload.com



ဖြေရှင်းပေးနိုင်ခြင်းတို့ကို ထောက်ရှု၍ ဆရာတော်၏ ပညာဂုဏ်သည် စံတင်ထားလောက်အောင် ကြီးမားကြောင်း မှတ်ယူနိုင်ပါသည်။

### (၅) တိက္ခဉာဏဂုဏ်

ဆရာတော်၏ ကျက်ဉာဏ်, မှတ်ဉာဏ်, သဘောဉာဏ်တို့သည် ငယ်စဉ်အခါမှစ၍ အသက်ကြီးမားသည့်တိုင်အောင် ပြိုင်စံကင်းလောက်အောင် ထက်မြက်ကောင်းမွန်လှသည်။ ခက်ခဲနက်နဲသည့် ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကို တစ်ခေါက်နှစ်ခေါက် ကြည့်ရုံကျက်ရုံမျှဖြင့် ကြာရှည်လေးမြင့်စွာ မှတ်မိသည်၊ အနက်အဓိပ္ပာယ်သို့ရောက်အောင် ထိုးထွင်းသိသည်။ ထို့ကြောင့် ဆရာတော်သည် ဉာဏ်ပညာထက်မြက်သည့် တိက္ခဉာဏ်ရှင်ဖြစ်သည်ဟု မှတ်ယူရသည်။

### (၆) ဂမ္ဘီရဂုဏ်

ဆရာတော်သည် သမာဓိအလွန်ကြီးတော်မူသည်နှင့်အညီ ကိုယ်အမူအရာ နှုတ်အပြောအဆိုတို့မှာ အလွန်အေးဆေးငြိမ်သက်ပြီး တည်ငြိမ်ရင့်ကျက်သော သမာဓိပိုင်ရှင်ဖြစ်၏။ အမြဲတစေ လေးလေးနက်နက်ရှုမြင်ပြီး လေးနက်တည်ငြိမ်စွာ တွေးခေါ်စဉ်းစားဆင်ခြင်တတ်၏။ သို့အတွက် လေးနက်ပြည့်စုံသော ဂမ္ဘီရဂုဏ်ရှင်ဖြစ်တော်မူ၏။

### (၇) ပဋိဘာနဂုဏ်

ဘုရားရှင်လက်ထက်တော်က အရှင်ဝံ‌ဂီသသည် မြတ်စွာဘုရားဂုဏ်တော်စသည်များကို တစ်မဟုတ်ချင်း ကဗျာဆန်စွာ ပါဠိဂါထာများကို ဖွဲ့စပ်နိုင်သည့်အတွက် ဉာဏ်ပဋိဘာန် လျှင်မြန်ထက်မြက်သည့်အရာတွင် အသာဆုံး,အတော်ဆုံးဖြစ်သည့် ဧတဒဂ်ဘွဲ့ထူးကို သူ့အား ဘုရားရှင်ချီးမြှင့်တော်မူခဲ့၏။

သပြေကန်ဆရာတော်သည်လည်း အရှင်ဝံ‌ဂီသကဲ့သို့ပင် တိုတောင်းသောအချိန်အတွင်း၌ နှစ်လိုဖွယ် ကာရန်လင်္ကာများနှင့် နားဝင်ကြည်လင်ချိုမြသည့် ကဗျာလင်္ကာများကိုလည်း ရေးစပ်နိုင်၏။ ပါဠိဂါထာ, အနုဂီတိစသည်တို့ကိုလည်း သီကုံးနိုင်၏။ လှပသောမြန်မာစကားပြေများကိုလည်း ရေးသားနိုင်၏။

ရေးသမျှ ပညာရှင်တို့ ငေးရသည်ချည်း။ ရေးသားသမျှ လေးစားရသည်ချည်း။ မဟာစည်ဆရာတော်ဘုရား၏ ဝိသုဒ္ဓိမဂ္ဂ နိဒါနကထာအတွက် အနုဂီတိဂါထာ(၇၄)ပုဒ်ကို အချိန်တိုတိုအတွင်း ရေးစပ်လိုက်ပါသော်လည်း ပညာရှင်အားလုံး ချီးကျူးရအောင် လှပပြောင်မြောက်လှ၏။ မိမိ၏ဆရာကို ချီးကျူးသည့် “အဘယာရာမိကဂုဏ်ရည်”ကို ပါဠိစကားပြေ(စုဏ္ဏိယ)ဖြင့် ရေးသားရာ၌လည်း ကောင်းမွန်ပြောင်မြောက်လှသဖြင့် ပညာရှင်များ ချီးကျူးကြရ၏။

http://www.dhammadownload.com



ဤသို့ လျင်မြန်သော အသိဉာဏ်, အလင်္ကာဉာဏ်စွမ်းရည်, ဆန်းကြယ်သော အတွေးအခေါ်တို့ဖြင့် နှစ်လိုဖွယ် ဂါထာ, ကဗျာစာပေများကို ရေးသားနိုင်သည့်အတွက် သပြေကန်ဆရာတော်သည် ဉာဏ်ပဋိဘာန်ရှိသူဟု ဆိုရ၏။

**(ဂ) အပိစ္ဆာဂုဏ်**

ဆရာတော်၏ အလိုနည်းခြင်း – အပိစ္ဆာဂုဏ်သည် သာလွန်ထင်ရှား၏။ ကာမဂုဏ်အာရုံကို လိုချင်တပ်မက်သည့် ကာမရာဂကို ကောင်းစွာချိုးနှိမ်ထားနိုင်သဖြင့် အလိုနည်းခြင်းဖြစ်၏။

**"အလိုရမ္မက်သည် အကျိုးမဲ့ကို ဖြစ်စေ၍ စိတ်ကို ဖောက်ပြန်ပျက်စီးစေ၏၊ စိတ်နှလုံး၌ဖြစ်ပေါ်လာသော အလိုရမ္မက်ဘေးကို ပုထုဇဉ်သတ္တဝါသည် မသိမမြင်ပေ။ အလိုရမ္မက်ကြီးသူသည် အကျိုးအကြောင်းကို မသိ၊ အလိုရမ္မက် နှိပ်စက်ခံရသောအခါ ထိုသတ္တဝါအား အမိုက်တိုက်သည် ကျရောက်လာ၏" ဟု မြတ်စွာဘုရားဟောတော်မူ၏။**

အရှင်ဝါသေဋ္ဌသည် စာတတ်အကျော်ဒေးယျပုဂ္ဂိုလ်ဖြစ်ပြီးလျှင် ကြည်ညိုဖွယ်ရာ ဝိနယဓရပုဂ္ဂိုလ်လည်း ဖြစ်သည့်အတွက် ဆယ်ဝါပြည့်ကြွယ် ထေရအရွယ်မှစ၍ သီးခြားကျောင်းဖြင့် သီတင်းသုံးနေနိုင်ပါသော်လည်း ကျောင်းပေးလှူသည်ကို လက်မခံပေ။ ရိုးရိုးကုပ်ကုပ် ဟိတ်ဟန်မထုတ်ဘဲ သပြေကန်ကျေးရွာမဟာဓမ္မိကာရာမတိုက်တွင် အနုနာယက ခေါ် စာချဆရာတော်ကလေး တစ်ပါးအဖြစ် ၃၉ နှစ်ကြာအောင် မထင်မရှားသီတင်းသုံးတော်မူ၏။

သူတကာချီးကျူးလောက်သည့် စာပေရေးသားနိုင်သည့်စွမ်းရည်ရှိပါသော်လည်း စာပေဖြင့် ထင်ပေါ်ကျော်ကြားမှုကိုလည်း မလိုလားချေ။ မဟာစည်ဆရာတော်, ဝိဇ္ဇာလင်္ကာရဆရာတော်စသည့် ဆရာတော်များနှင့် ဒါယကာများ တောင်းပန်တိုက်တွန်းသည့်အခါများ၌သာ စာပေရေးသားပေးတော်မူ၏။

သို့ဖြစ်၍ သပြေကန်ဆရာတော်သည် ပစ္စည်းလေးပါး အလိုနည်းသည့် ပစ္စယအပိစ္ဆတာဂုဏ်နှင့်လည်းကောင်း၊ စာပေဆိုင်ရာ ကျော်စောမှု အလိုနည်းသည့် ပရိယတ္တိအပိစ္ဆတာဂုဏ်နှင့်လည်းကောင်း ပြည့်စုံတော်မူသဖြင့် ကြည်ညိုဖွယ်ကောင်းလှ၏။

**(ဃ) ခမာဂုဏ်**

ဆရာတော်သည် အလိုနည်းသည့်အပြင် ဒေါသကိုလည်း ကောင်းစွာ ချုပ်ထိန်းနိုင်၏။ ထို့ကြောင့် ဆရာတော်၏ သည်းခံနိုင်သော ခန္တီစွမ်းအားသည် အလွန်ကြီးမားလှ၏။

ရန်ကုန် ပုဇွန်တောင် ရွှေကျောင်းတိုက်သို့ ပြောင်းရွှေ့လာစအချိန်တွင်

http://www.dhammadownload.com



ကျောင်း၏အဆောက်အအုံများ မပြည့်စုံသေးသဖြင့် ဟောင်းနွမ်းယိုယွင်းနေသည့် ကျောင်းအိုနှစ်ထပ်သစ်သားဆောင် အောက်ထပ်နောက်ပိုင်းရှိ ၁၀ ပေ x ပေ ၂၀ ခန့်ကျယ်သောအခန်း၌ ဆရာတော်သီတင်းသုံးရ၏။ အပေါ်ထပ်တွင် ရဟန်းများနှင့် သာမဏေများ သီတင်းသုံးကြသည့်အတွက် ခြေသံ, စကားသံ, စာအံသံတို့နှင့် ဆူညံနေလေ့ရှိ၏။ အမိုးသွပ်များကလည်း ကွာဟနေ၍ လေတိုက်လျှင် အသံမြည်သည့်အပြင် ကြွက်များကလည်း ဥဒဟိုပြေးလွှားနေကြ၏။ ဤကျောင်းအို၌ ဆရာတော်သည် အစစအရာရာ သည်းခံတော်မူ၍ အေးချမ်းစွာ သီတင်းသုံးတော်မူ၏။

ဆရာတော်သည် နေ့စဉ်နေ့တိုင်း ဒကာ–ဒကာမများ၏ပူဇော်ခြင်း၊ တရားဟောခြင်း၊ ဆရာတော်ထံပေးပို့ထားသည့် စာမူများကို တည်းဖြတ်ပြင်ဆင် သုတ်သင်ပေးခြင်း၊ ဓမ္မရေးရာ မေးလျှောက်ထားသည်များကို ဖြေကြားပြန်ကြားပေးခြင်း၊ စာပေကျမ်းဂန်များစွာကို ဖတ်ရှုကိုးကားရခြင်းစသည့် ဗဟိုရအလုပ်များနှင့် မအားမလပ်ဖြစ်နေရ၏။ တစ်ခါတစ်ရံ ဒကာ–ဒကာမများအိမ်သို့ကြွ၍ ဟောပြောပေးရသည့် တရားပွဲဆက်များသည် တစ်နေကုန်မနားတမ်းချီးမြှင့်ပေးရသဖြင့် ဆရာတော်ပင်ပန်းလှပါ၏။ ဆရာတော်သည် ဤအရာအားလုံးကို နေ့စဉ်ရက်ဆက်သည်းခံကာ ဆောင်ရွက်သွားနိုင်၏။

ဆီးအကျိတ်ရောင်ရောဂါ ဖြစ်သည့်အခါ နာကျင်ကိုက်ခဲသည့် ဝေဒနာအလွန်ပြင်းထန်ပါသော်လည်း ညည်းညူအော်ဟစ်ခြင်းမရှိချေ။

"ဆရာတော်...နေထိုင်ရတာ ဘယ့်နှယ်နေသလဲ" ဟု ဒကာများက မေးလျှောက်သည့်အခါ "သင့်ပါတယ်" ဟုသာ ဖြေကြားတော်မူ၏။

ဆီးရောဂါသည် ဆရာတော်အား အလွန်ဒုက္ခပေးပါသည်။ ဆရာတော်ဆေးရုံတက်၍ ဆီးကျိတ်ခွဲရသည်။ ဆီးလမ်းကြောင်းကို ခြစ်ရသည်။ ဆေးရုံမှ ဆင်းလာသည့်အခါ ဆရာတော်အား ကြည့်ရှုဖူးမြော်ရန် လာရောက်ကြသည့် ဒကာ–ဒကာမများသည် များပြားလွန်း၍ တစ်နေကုန် ဝင်လာမစဲ တသဲသဲ ဖြစ်နေ၏။ ဆရာတော်နားနေခွင့်မရတော့ချေ။

ဒကာအချို့က ဆရာတော်၏ကျန်းမာရေးအတွက် ဆရာတော်အား ဖူးတွေ့ခွင့်ပြုသည့်အချိန်ကာလကို သတ်မှတ်လိုကြ၏၊ ဆရာတော်အားလျှောက်ထားသည့်အခါ "သူတို့မေတ္တာနဲ့ လာကြတာပဲ၊ ရှိပါစေ"ဟု တိုတိုနှင့်လိုရင်းကို မိန့်ကြားတော်မူ၏။

ဆီးရောဂါပါရဂူ ဆရာဝန်များက ဆရာတော်ကို လာရောက်ကြည့်ရှုပြီး "ဆရာတော် ဆီးသွားရတာ ဘယ်လိုနေသလဲ"ဟု မေးလျှောက်ကြ၏။

http://www.dhammadownload.com



"ဆီးသွားရတာ သိပ်မကောင်းလှဘူး"ဟု ဆရာတော်က သာမန်မျှ ဖြေကြားလိုက်၏။

ဆရာဝန်များ စမ်းသပ်ကြည့်သည့်အခါ ဆရာတော်၏ ဆီးလမ်းကြောင်းတွင် အပဟန့်အတားအရေတွန့်ကလေးများရှိသည်ကို တွေ့ရသဖြင့် ဆီးလမ်းကြောင်းခြစ်ရန် ဆရာတော်အား ဆေးရုံသို့ပင့်သွားကြ၏။

"ဆရာတော်...ဆီးလမ်းကြောင်းခြစ်ဖို့အတွက် မေ့ဆေးပေးမယ်နော်" ဟု ဆရာတော်အား လျှောက်ထားသောအခါ...

"မေ့ဆေးမလိုပါဘူး၊ ဒီအတိုင်းပဲ ခြစ်ကြပါ"ဟု ဆရာတော်မိန့်ကြား၏။

"ဆရာတော်...သည်းမခံနိုင်အောင် နာလိမ့်မယ်၊ မေ့ဆေးပေးတာ မနှစ်သက်ရင် ထုံဆေးလောက်တော့ ထိုးပါရစေဘုရား"

ဆရာတော်က ဆိတ်ဆိတ်နေတော်မူ၏။ ဆရာတော်ကို ထုံဆေးမျှ ထိုးပြီး ဆီးလမ်းကြောင်းကိုခြစ်သောအခါ ဆရာတော် မမဲ့မရွဲ့, မညည်းမညူဘဲ သည်းခံနေသည်ကို မြင်တွေ့ရသဖြင့် အံ့သြကြရ၏။ ဆရာတော်သည် သည်းခံခြင်း "ခမာဂုဏ်"နှင့် လွန်စွာပြည့်စုံပါတကား။

## (၁၀) သန္တုဋ္ဌိဂုဏ်

*သန္တုဋ္ဌိ ပရမံ ဓနံ။*
*ရောင့်ရဲတင်းတိမ်ခြင်းသည် အမြတ်ဆုံးစနဥစ္စာဖြစ်၏။*

မြတ်စွာဘုရား၏ တရားတော်သည် ဆန်းကြယ်ထိမိလှ၏။ လောဘအလိုရမ္မက်နောက်သို့ လိုက်ပါနေကြသော လူသားတို့သည် ပစ္စည်းဥစ္စာ, လာဘ်များများ ရရှိရေး၊ အခြွေအရံများစွာတို့၏ အလေးအမြတ်ပြုမှုကို ခံယူနိုင်ရေး၊ ကျော်စောထင်ရှားရေးဟူသည့် လာဘ, သက္ကာရ, သိလောကနောက်သို့ လိုက်နေကြ၏။ ဤအရာများကို များများရလျှင် ပြည့်စုံလိမ့်မည်ဟု ထင်မှတ်ကြ၏။

*သို့သော် လောဘ၏သဘောမှာ အမြဲတစေ ရချင်, လိုချင်, တပ်မက်နေချင်သဖြင့် "ရလေ လိုလေ အိုတစ္ဆေ"သာ ဖြစ်သည်၊ မည်သည့်အခါမျှ မရောင့်ရဲ မတင်းတိမ်ချေ။ မရောင့်ရဲ မတင်းတိမ်သူအဖို့ အမြဲတစေလိုအပ်နေသည့်အတွက် ရှာဖွေမှုဖြင့် အမြဲပင်ပန်းရ၏။ ရောင့်ရဲတင်းတိမ်နေသူအဖို့ အမြဲပြည့်စုံနေသဖြင့် ချမ်းသာကျေနပ်နေ၏။ ကျေနပ်လျှင် ချမ်းသာ၏၊ တင်းတိမ်လျှင် စည်းစိမ်ရှိနေမည်သာ။*

http://www.dhammadownload.com



သပြေကန်ဆရာတော်သည် ရောင့်ရဲတင်းတိမ်ခြင်းဟူသည့် သန္တုဋ္ဌိဂုဏ်နှင့် ကောင်းစွာပြည့်စုံသည့်အပြင် သူတစ်ပါးတို့အားလည်း တင်းတိမ်ရောင့်ရဲရန် ဤသို့တိုက်တွန်းတော်မူ၏ –

*"အကြင်သူ၏စိတ်သည် တင်းတိမ်ရောင့်ရဲလျက်ရှိ၏၊ ထိုသူမှာ အားလုံးပြည့်စုံလျက်သာ။ ဖိနပ်ဖြင့် ဖုံးလွှမ်းထားအပ်သော ခြေရှိသူအဖို့ မြေတစ်ပြင်လုံးသည် သားရေဖုံးသကဲ့သို့သာ အမှန်ဖြစ်သည်။*

*အလိုကြီး၍သန္တုဋ္ဌိပျက်လာသောအခါ တစ်နေ့တွင် ဆုတ်ယုတ်ပျက်စီးမှုနှင့် ကြုံလာရမြဲဖြစ်သည်။"*

ရောင့်ရဲတင်းတိမ်ခြင်းသည် ပေါ့လျော့ဆုတ်နစ်ခြင်းမျိုး မဟုတ်ကြောင်းကိုလည်း ဤသို့ခွဲခြားတော်မူ၏ –

*"ပညာရေး၌ အချို့က 'အို...ဒီလောက်ဆိုတော်လောက်ပါပြီ'ဟုလည်းကောင်း၊ စီးပွားရေး၌ 'ဒီလောက်ရှိတော်ရောပေါ့'ဟု လည်းကောင်း လျော့တတ်ကြ၏။ ဤသို့လျော့ခြင်းမှာ သန္တုဋ္ဌိမဟုတ်၊ ဆုတ်နစ်ခြင်းသာ။ ဓမ္မရေးနှင့်လောကရေး၌ အတူမသုံးသပ်ထိုက်။ တရားသက်သက်အားထုတ်သော ရဟန်းတော်အတွက်မူ ပစ္စည်းနှင့်စပ်လျှင် အလိုနည်းလေ ကောင်းလေဖြစ်၏။*

*"လောကလူသားများအဖို့ကား ထိုသို့မဟုတ်၊ ဓမ္မရေး၌ပင် စာတတ်ရုံနှင့် တင်းတိမ်နေလျှင် ပေါ့လျော့ဆုတ်နစ်မှုသာဖြစ်၏၊ မဂ်ဖိုလ်ရသည်အထိ မရမနေကြိုးစားရမည်သာ။ ထို့အတူ လောကသားအဖို့ တာဝန်တွေရှိနေ၏၊ မိသားစုတာဝန်, အမျိုးတာဝန်, တိုင်းပြည်တာဝန်ဟု ရှိနေရာ ထိုတာဝန်တွေအတွက် ပစ္စည်းရှာရမည်သာ။"*

ထိုသို့ပစ္စည်းရှာဖွေရာ၌ လောဘမထွက်ဘဲ သမ္မာအာဇီဝနည်းဖြင့် ကြိုးပမ်းရှာဖွေ၍ ရသမျှဖြင့်ရောင့်ရဲတင်းတိမ်ဖို့သာလို၏။

သပြေကန်ဆရာတော်သည် ပစ္စည်းလာဘ်ပေါများမှုကိုလည်း အလိုမရှိ၊ ပူဇော်သက္ကာရခံယူရခြင်းကိုလည်း အလိုမရှိ၊ ကျော်စောထင်ရှားမှုကိုလည်း အလိုမရှိ၊ ရိုးရိုးကုပ်ကုပ်ဖြင့် တောရပ်ဒေသတွင် မိမိဘဝကို မြှုပ်နှံထားနိုင်သည်၊ အလိုနည်းခြင်း– ရောင့်ရဲတင်းတိမ်ခြင်းဂုဏ်တို့နှင့် လွန်စွာပြည့်စုံတော်မူ၏။

http://www.dhammadownload.com



## (၁၁) နိဝါတ–နိမာနဂုဏ်

အရှင်ဝါသေဋ္ဌသည် ပင်ကိုဉာဏ်ထက်မြက်ကောင်းမွန်သဖြင့် ရှင်သာမဏေဘဝ၌ပင် အသက် (၁၇) နှစ်အရွယ်တွင် ပထမကြီးကို အောင်မြင်ပြီး ဉာဘတော ဝိဘင်္ဂဓရဘွဲ့နှင့် ဝိနယဓရဘွဲ့တို့ကို ရရှိခဲ့၏။ ရဟန်းပျိုဘဝ၌လည်း ဝါသေဋ္ဌာဘိသိရိပဝရ သာသနဓဇ သံယုတ္တဘာဏကဘွဲ့၊ ဝါသေဋ္ဌာဘိဝံသ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယဘွဲ့၊ ထို့နောက် ပထမဦးဆုံး "သာသနဓဇ သိရီပဝရ ဓမ္မာစရိယ သိရောမဏိဘွဲ့"တို့ကို ရရှိတော်မူ၏။ ထိုနောက်တစ်ဖန် နိုင်ငံတော်အစိုးရက အမြင့်မြတ်ဆုံးဘွဲ့တံဆိပ်များဖြစ်သော 'အဂ္ဂမဟာပဏ္ဍိတဘွဲ့'နှင့် 'အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့'တံဆိပ်တော်များကို ထပ်ဆင့်ချီးမြှင့်ပြန်သည်။

ဤသို့ ဂုဏ်ပေါင်းစုံခညောင်းသည့် စာတတ်အကျော်အမော်ဖြစ်ပါသော်လည်း ဆရာတော်သည် "ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး"သို့ မိမိကိုယ်ကို နှိမ့်ချကာ ထောင်လွှားဝင့်ကြွားခြင်း အလျဉ်းမရှိချေ။ ရဟန်းရှင်လူအားလုံးကို အရေးတယူ အလေးမူကာ ဆက်ဆံတော်မူသည်။ ထို့ကြောင့် ဆရာတော်ကို ဖူးတွေ့ရသူများသည် အရှင်အာနန္ဒာမထေရ်ကျော်ကို ဖူးမြင်ရသကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ပီတိနှင့် လန်းဆန်းသွားကြရသည်။

ဆရာတော်၏ မှတ်ဉာဏ်မှာ အလွန်ကောင်းမွန်သဖြင့် တစ်နှစ်တစ်ကြိမ်ဆန်လှူရန် ဆွမ်း, ဆေး စသည်ကို လှူဒါန်းရန် ရောက်လာကြသော ဒကာ–ဒကာမများကိုလည်း အမည်ခေါ်၍ ခင်ခင်မင်မင်နှုတ်ဆက်တော်မူသဖြင့် အလှူရှင်တို့ ပို၍ဝမ်းသာအားရ ဖြစ်ကြရသည်။

ဆရာတော်, သံဃာတော်, လူဒကာများနှင့် စာဖြင့်ဆက်သွယ်ရာတွင်လည်း ဆရာတော်ဘုရားသည် မိမိကိုယ်ကို နှိမ့်ချ၍ ရေးသားလေ့ရှိ၏။ စာသင်သား ရဟန်းများထံသို့ရေးသောအခါ "အလေးထားကာ ရေးသားအပ်ပါ၏"၊ "ကျန်းမာရွှင်လန်း အောင်ပန်းဆင်နိုင်ပါစေဟု မေတ္တာများ သွန်းလောင်းလျက် ရှိပါသည်" စသည်ဖြင့် ရေးသားတော်မူ၏။

နာမည်ကျော်ဆရာတော်တစ်ပါးထံ ပေးစာတွင် "တပည့်တော်များစာ၌ မသင့်မလျော်ဟုထင်သောအရာ ရှိပါက အားမနာပါးမနာ စောဒနာစေချင်ပါသည်။ တပည့်တော်များက မိမိအမှားကို ထောက်ပြလျှင် ဝမ်းမြောက်တတ်ပါသည်"ဟု ရေးသားထား၏။ မာန်မာနကင်းသည့်အပြင် အမှန်ကိုလည်း မြတ်နိုးလိုလားတော်မူ၏။

သပြေကန်ဆရာတော်သည် မိမိကိုယ်ကို နှိမ့်ချ၍ မာန်မာနကင်းစင်တော်မူသည့်အတွက် နိဝါတ–နိမာနဂုဏ်နှင့်လည်း ထူးထူးခြားခြားပြည့်စုံ၏။ မာန

http://www.dhammadownload.com



ကိုနှိမ့်ချနိုင်ရန်အတွက် ဂါရဝတရားနှင့် မေတ္တာတရားတို့ကို ပွားများရကြောင်း ကိုလည်း ဤသို့ဆုံးမတော်မူ၏ –

“တရားမသိသူ၌ ဂါရဝမှုကို အောက်ကျသည်ဟု အထင်အမြင်မှားသော်လည်း ဂါရဝသည် အလွန်မွန်မြတ်သောတရားတစ်ခုဖြစ်ရာ တရားသိလေလေ ဂါရဝတရား ပိုရှိလေလေ ဖြစ်သည်။

“တရားကို မလေးစားသူအဖို့ မာနကိုအပြစ်မမြင် အကောင်းထင်လျက် မာန်တက်ကြသော်လည်း တရားကိုလေးစားသူတို့မှာ မိမိတို့မာနကို တမင်တကာ ပင် ကျအောင်ကြိုးစားကြ၏။

“မာနထောင်ခြင်းသည်လည်း မေတ္တာမရှိသူအပေါ်၌သာဖြစ်၏၊ မိမိအလွန် ချစ်မြတ်နိုးသူဖြစ်လျှင် ထိုသူ့အပေါ်မှာ စိတ်ကြည်နူးစရာသာရှိ၍ မာနရှိနိုင်မည် မဟုတ်။”

### (၁၂) ပရိယတ္တိ ဝိသာရဒဂုဏ်

ပရိယတ္တိစာပေဘက်တွင် ရှံ့ရှားခြင်းကင်း ရဲတင်းပြတ်သား ကျွမ်းကျင်နိုင်နင်းစွာ တတ်မြောက်ခြင်းဂုဏ်။

### (၁၃) ပဋိပတ္တိမာမကဂုဏ်

သီလသိက္ခာ, သမာဓိသိက္ခာ, ပညာသိက္ခာဟူသော ပဋိပတ်အကျင့်မြတ်ကို မြတ်မြတ်နိုးနိုး ကျင့်ကြံပွားများအားထုတ်ခြင်း ဂုဏ်။

### (၁၄) လဇ္ဇီပေသလ သိက္ခာကာမဂုဏ်

ဝိနည်းအကျင့်တွင် မြူမျှမတင်, အပြစ်ဆိုဖွယ်ရာမရှိအောင် သဲလဲစင် ဖြူဝင်း သန့်ရှင်းခြင်းဂုဏ်။

### (၁၅) ပိဋကတ္တယဆောကဂုဏ်

ပိဋကတ်သုံးသွယ်, နိကာယ်ငါးရပ်တို့၌ အလိုရှိတိုင်း ကျက်စားနိုင်သော အသိအလိမ္မာအထူးနှင့် ပြည့်စုံတော်မူသော ဂုဏ်။

### (၁၆) ဘာသန္တရ ဝိဒူဂုဏ်

မာဂဓ, သက္ကတ, ပါကဋ, မြန်မာ စသော ဘာသာရပ်များစွာကို တတ်မြောက် ကျွမ်းကျင်သည့်ဂုဏ်။

### (၁၇) ထိရဂုဏ်

သီလ,သမာဓိ,ပညာ– အကျင့်ဉာဏ်ပညာတို့ တည်တံ့ခိုင်ခံ့သောဂုဏ်။

### (၁၈) သုတဗုဒ္ဓဂုဏ်

သုံးပုံပိဋကတ်, နိကာယ်ငါးရပ်, ပရိယတ္တိဗဟုသုတ ပြည့်စုံကုံလုံသော ပုဂ္ဂိုလ်ဖြစ်ခြင်းဂုဏ်။

http://www.dhammadownload.com



စသော ကြည်ညိုဖွယ်ရာ မြတ်နိုးဖွယ်ရာ ချီးကျူးဖွယ်ရာ ဂုဏ်ပေါင်းများစွာနှင့် ပြည့်စုံတော်မူသော သပြေကန်ဆရာတော်ဘုရားကို နိုင်ငံတော်အစိုးရက ၁၃၄၆ ခုနှစ် (ခရစ် ၁၉၈၄ ခုနှစ်) ၌ မြင့်မြတ်သော ပညာရှိကြီးအဖြစ် **"အဂ္ဂမဟာပဏ္ဍိတဘွဲ့"** ကိုလည်းကောင်း၊ ၁၃၅၅ ခုနှစ် (ခရစ် ၁၉၉၃ ခုနှစ်) ၌ အမြင့်မြတ်ဆုံး တစ်ပြည်လုံး၏ ဆရာအဖြစ် **"အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့"** တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်း၏။

ရွှေကျင်နိကာယအဖွဲ့ချုပ်နှင့် ရွှေကျင်သာသနာပိုင်တို့ကလည်း အရှင်ဝါသေဋ္ဌာဘိဝံသကို ၁၃၅၃ ခုနှစ် (ခရစ် ၁၉၉၁ ခုနှစ်) ၌ **ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက** (တွဲဖက်သာသနာပိုင်) အဖြစ် ရွေးချယ်တင်မြှောက်ကြပါသည်။

ရွှေကျင်သာသနာပိုင်၊ တွဲဖက်သာသနာပိုင်များအဖြစ် တင်မြှောက်ခြင်းခံယူနိုင်ရန်အတွက် အောက်ပါဂုဏ် (၉) ရပ်နှင့်လည်း ပြည့်စုံရမည်ဖြစ်ကြောင်း သိရပါသည်–

(၁) အမျိုးမြတ်၍ သိက္ခာဝါကြီးမားခြင်း၊
(၂) သီလသိက္ခာ စင်ကြယ်သောဂုဏ်ရှိခြင်း၊
(၃) ရဟန်းရှင်လူတို့၏ ကြည်ညိုမြတ်နိုးမှုကို ခံယူရရှိခြင်း၊
(၄) ကြည်ညိုမြတ်နိုးလောက်သော ရူပကာယနှင့်ပြည့်စုံခြင်း၊
(၅) သံဃာ့အကျိုးဆောင်နိုင်သော ဝီရိယနှင့်ပြည့်စုံခြင်း၊
(၆) အများမှီခိုလောက်သော ပညာတော်နှင့်ပြည့်စုံခြင်း၊
(၇) ပြဿနာရှိလာပါက အဂတိ လေးပါး မလိုက်စားဘဲ မှန်ကန်စွာ ဆုံးဖြတ်နိုင်စွမ်းရှိခြင်း၊
(၈) နာယက၏အင်္ဂါ (၆) သွယ်၊ ဥပဇ္ဈာယ်အင်္ဂါ (၇) ဖြာနှင့် ပြည့်စုံခြင်း၊
(၉) ရှေးဆရာတော်ကြီးများ ချမှတ်သည့်လမ်းစဉ်ကို တစ်သဝေမတိမ်း လိုက်နာခြင်း၊

အရှင်ဝါသေဋ္ဌာဘိဝံသသည် ပင်ကိုဉာဏ်စွမ်းရည်ကလည်း ကောင်း၏၊ လုံ့လကြိုးကုတ် အားထုတ်မှုကလည်း ကောင်း၏၊ မြတ်စွာဘုရား၏ တရားအဆုံးအမတို့ကို ကောင်းစွာ သိကျွမ်းနားလည်၍ သာသနာတော်ကို ကြည်ညိုရင်းစွဲရှိသည့်အတိုင်း မြတ်စွာဘုရားအဆုံးအမနှင့်အညီ ကျင့်ကြံနေထိုင်သဖြင့် မေတ္တာဓာတ်, ကရုဏာဓာတ်, မုဒိတာဓာတ်နှင့် ဥပေက္ခာဓာတ်တို့လည်း အလွန်အားကြီးကြ၏။ သို့အတွက် ဖူးမြော်ကြည်ညို၍မဝအောင် ဂုဏ်ပေါင်းခသည့်ဆရာတော်မြတ် ဖြစ်ပါသတည်း။

http://www.dhammadownload.com

# အခန်း (၅)
# သပြေကန်ဆရာတော် ဟောကြားသည့် တရားတော်များ

မြတ်စွာဘုရား၏ သာသနာတော်ကို တပည့်သားသံဃာများက ခေတ်အဆက်ဆက်ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည်မှန်သော်လည်း သံဃာတော်သည် ပစ္စည်းလေးပါးအထောက်အပံ့အတွက် ဒါယကာ–ဒါယိကာမများအပေါ်တွင် မှီခိုအားထားကြရ၏။ သို့အတွက် သံဃာတော်သည် ဂန္ထဓုရ, ဝိပဿနာဓုရဟူသည့် မူရင်းတာဝန်နှစ်ရပ်အပြင် ဒါယကာ, ဒါယိကာမများအား သာသနာတော်ကို ကြည်ညိုသဒ္ဓါပွားများလာကြစေရန် ဟောပြောဆုံးမပေးရသောတာဝန်လည်း ရှိသည်။ ဒါယကာတို့သည် အသိတရားနှင့် သဒ္ဓါတရားရှိလာကြပါမှ သာသနာတော်ကို အားတက်သရောထောက်ပံ့ချီးမြှောက်ကြလိမ့်မည်။

ဒါယကာ, ဒါယိကာမများ၏ လှူဒါန်းထောက်ပံ့မှုကို အကောင်းဆုံး ကျေးဇူး တုံ့ပြန်ရန် ချီးမြှောက်ပေးသောနည်းသည်လည်း သူတော်ကောင်းတရားကို ဟောပြောညွှန်ပြပေးခြင်းပင်ဖြစ်သည်။

သပြေကန်ဆရာတော်သည် မေတ္တာ, ကရုဏာကြီးမားသည်နှင့်အညီ ဒကာ, ဒကာမများကို အမြဲတစေ ဟောပြောဆုံးမလေ့ရှိသည်။ ဆရာတော်သည် မှန်ကန် အကျိုးရှိသောစကားကို ဆိုသင့်သလောက်သာ ပြောဆိုတတ်သည့်အတိုင်း တရားတော်ကိုလည်း အကျိုးများမည့်တရား, သိထိုက်သည့်တရားကို ဟောသင့်သလောက်သာ ဟောပြောသည်။ စိတ်အားတက်ကြွစွာ ဟော၏။ အသံတော်မှာ တိုးတိတ်ညင်သာသော်လည်း သာယာနာပျော်ဖွယ်ကောင်း၏။ ရိုးစင်းသော တရားဖြစ်ပါသော်လည်း တင်ပြပုံမှာ ဆန်းသစ်၏။ ရွေးချယ်သော စကားလုံးများမှာ အံဝင်ခွင်ကျ၍ နားဝင်ပီယံဖြစ်၏။ အကြောင်းအကျိုး ဆက်

http://www.dhammadownload.com



စပ်၍ ဟောပြောသွားသဖြင့် စိတ်ဝင်စားဖွယ်ကောင်း၏။ ကျမ်းဂန်မျိုးစုံ ရှုထောင့်မျိုးစုံမှ ဝေဖန်ပိုင်းခြား၍ တိတိကျကျ အဆုံးအဖြတ်ပြုကာ ညွှန်ပြပေးသွားသဖြင့် သိမှတ်စရာများကို နှလုံးထဲ စွဲမြဲအောင် မှတ်ယူထားနိုင်၏။

ထို့ကြောင့် ဆရာတော်၏ တရားတော်များကို အငမ်းမရ စောင့်နားထောင်ကြ၏။ ဘာသာရေးမဂ္ဂဇင်း, စာစောင်များကလည်း ဟောပြီးတရားများကို အလုအယက် အပြိုင်အဆိုင် ထည့်သွင်းဖော်ပြကြ၏။ မှန်ကန်တိကျသော တရားဗဟုသုတကို အလိုရှိသူများကလည်း ထိုစာအုပ်များကို မရအရ လိုက်ရှာဖတ်ကြ၏။

တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရ ခန့်ခန့်ထည်ထည် ဟောကြားသောတရားတော်များသည် အသိဉာဏ်ကို တစ်စတစ်စ ဖွင့်လှစ်ပြသွားသဖြင့် နားညည်းသွားသည် ပျင်းရိငြီးငွေ့သွားသည်ဟူ၍ မရှိ၊ နာသူတို့မှာ ထပ်ကာထပ်ကာ နာယူလိုသော ဆန္ဒသာ ဖြစ်ပေါ်ကြရ၏၊ ဒေသနာတော်၏ အနှစ်သာရကို အားရဝမ်းသာ ဆက်ကာဆက်ကာ နာကြားလိုကြ၏။

ဓမ္မဝိနယနှင့်ညီညွတ်ကာ သိဖွယ်, မှတ်ဖွယ်, ကျင့်ဖွယ်များ ပြည့်ဝနေသည့် ဆရာတော်၏ ဟောတရားများထဲမှ အကျိုးများမည့် နမူနာတရားအချို့ကို ကောက်နုတ်ဖော်ပြပါမည်။ အရသာ မြည်းစမ်းကြည့်ပါလော့။

## ဆွမ်းအနုမောဒနာတရားတော်

(မွေးနေ့ဆွမ်းအလှူတွင် သပြေကန်ဆရာတော် ဟောကြားပေးသော အနုမောဒနာတရားနမူနာတစ်ပုဒ်ဖြစ်ပါသည်။ ဤတရားတော်တွင် ဆွမ်းလှူ, သီလယူ, တရားနာရခြင်းကြောင့် ဖြစ်ပေါ်သော မင်္ဂလာတရားများ၊ ဤပရမတ္ထမင်္ဂလာများမှာ လောကမင်္ဂလာများထက် သာလွန်ပုံ၊ အလှူဒါနသည် စည်းစိမ်ချမ်းသာရခြင်း၏ အကြောင်းရင်းဖြစ်ပြီး ရွှေအိုးကြီးမြှုပ်နှံခြင်းနှင့် တူပုံ၊ အလှူ၏ အကျိုးကျေးဇူး ကြီးမားအောင် မည်သို့ စိတ်စေတနာထားရပုံတို့ကို သိမှတ်ဖွယ်ရာ ရှင်းလင်းပြထားပါသည်။)

ယနေ့ မင်္ဂလာရှိတဲ့ သမီးကလေးရဲ့ မွေးနေ့အတွက် မွေးနေ့အလှူတော် ပူဇော်လှူဒါန်းကြတယ်။ ဒါနဉ္စ–အလှူပေးရခြင်းသည်လည်း၊ ဥတ္တမံ–ကောင်းမြတ်သော၊ မင်္ဂလံ– မင်္ဂလာတည်း၊ ဓမ္မစရိယာစ – ကုသိုလ်ကမ္မပထတရား ဆယ်ပါးကို ကျင့်ကြံခြင်းတည်းဟူသော သီလတရားသည်၊ ဥတ္တမံ – ကောင်းမြတ်သော၊ မင်္ဂလံ – မင်္ဂလာပေတည်း၊ ကာလေန – သင့်လျော်လျောက်ပတ်သောအခါ

http://www.dhammadownload.com



ဌ၊ ဓမ္မဿဝနံ – တရားတော်ကို ကြားနာရခြင်းသည်၊ ဉတ္တမံ – ကောင်းမြတ်သော၊ မင်္ဂလံ – မင်္ဂလာပေတည်းအရ မင်္ဂလသုတ္တန်ဒေသနာတော်အဆိုအတိုင်း။

ယနေ့ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အား ကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်း၊ အခြွေအရံပရိသတ်များပြားခြင်းတည်းဟူသော ကောင်းမြတ်သောအကျိုးတရားတွေ တိုးပွား ဖြစ်ထွန်းစေတတ်တဲ့ ဒါနမင်္ဂလာကို ဆည်းပူးခဲ့ကြပါပေပြီ။ ဓမ္မစရိယာဆိုတဲ့ သီလဓမ္မစရိယာမင်္ဂလာကိုလည်း ဆည်းပူးခဲ့ကြပြီ။ ကာလေန ဓမ္မဿဝနံ – တရားတော်ကို ကြားနာရခြင်းတည်းဟူသောမင်္ဂလာကိုလည်း ဆည်းပူးခဲ့ကြပြီ။ ဒီပြင်ယနေ့မင်္ဂလာအများကြီး ဆည်းပူးခဲ့ကြတယ်။

"ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ" အဲဒါတွေဟာ တကယ်တော့ မင်္ဂလာတွေပဲ၊ တကယ့်ချမ်းသာကြောင်းမင်္ဂလာအစစ် ပြောပါဆိုလျှင် ဒါတွေပဲ၊ ပြောရမှာပဲ။ **ပရမတ္ထမင်္ဂလာပါပဲ။**

လောကမင်္ဂလာတွေဟာ ပရမတ္ထမဟုတ်ဘူး။ လောကမင်္ဂလာတွေ ရှိကြတယ်၊ ဘာမြင်ရင် ဘယ်လိုဟာလေးမြင်ရင် မင်္ဂလာရှိကြတယ်၊ ဘယ်လိုအသံလေး ကြားရင် မင်္ဂလာရှိတယ်၊ ဘယ်လိုအနံ့ကလေး မွှေးရင် မင်္ဂလာရှိတယ်၊ ဘယ်လိုအထိအတွေ့နဲ့အနံ့အသက်၊ ဘယ်အရသာကြုံရလို့ရှိရင် မင်္ဂလာရှိတယ်လို့ **ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာ** ဆိုတဲ့ မင်္ဂလာတွေ ရှိကြတယ်။ အဲဒီမင်္ဂလာတွေက တကယ့်မင်္ဂလာတွေမဟုတ်ဘူး၊ တကယ်မှန်ကန်, တကယ်မွန်မြတ်တဲ့ မင်္ဂလာတွေ မဟုတ်ဘူး။ ယနေ့မိမိတို့ပြုရတဲ့ သမီးကလေးမွေးနေ့ကို အကြောင်းပြုပြီး လှူဒါန်းရတဲ့ မွေးနေ့အလှူတော်ပူဇာသည်သာ တကယ့်မင်္ဂလာ၊ တကယ်လည်း ထင်ရှားရှိတယ်။ တကယ်လည်း ကောင်းကျိုးကိုဖြစ်စေတတ်တယ်။

ဒါကြောင့် ဤမင်္ဂလာသည်သာ တကယ့်မင်္ဂလာ။ ဒါန–ယနေ့ပြုကြတယ်၊ သူက ကောင်းကျိုးတွေပေးမှာ။ တကယ့်အင်္ဂါ ပြည့်ပြည့်စုံစုံနဲ့ လှူဒါန်းတဲ့ ဒါနမျိုးဟာ ပြည့်စုံတဲ့ဒါနမျိုး။ အဲဒီပြည့်စုံတဲ့ ဒါနမျိုးဟာ ကောင်းကျိုးမပေးဘူးရယ်လို့မရှိဘူး၊ ဒီဘဝသော်လည်း ပေးနိုင်တာပဲ၊ နောက်ဘဝသော်လည်း ပေးနိုင်တာပဲ၊ ဘယ်လိုကောင်းခြင်းနဲ့ ပြည့်စုံတဲ့ဒါနမျိုး ဖြစ်ရမတုံးဆိုတော့၊

ဗုဒ္ဓေ ဒါနာ သုမနော၊ ဒဒံ စိတ္တံပသာဒယေ။
ဒတွာ အတ္တမနော ဟောတိ၊ ဧသာ ပုညဿ သမ္ပဒါ။

*ဒါနာ– လှူဒါန်းပေးကမ်းစွန့်ကြဲသည်မှ၊ ပုဗ္ဗေဝ – မလှူမီအစ ရှေ့မဆွကပင်လျှင်၊ သုမနော – နှစ်သက်ရွှင်လန်း ဝမ်းမြောက်သည်၊*

http://www.dhammadownload.com



*ဟောတိ – ဖြစ်ပါပေ၏၊ သုမနော – ဒါနဆိုသည်မှာ စည်းစိမ်ချမ်းသာကို ရကြောင်းဖြစ်ပါသည်တကား။ ဒါနဆိုသည်မှာ စည်းစိမ် ချမ်းသာတို့၏ အကြောင်းရင်း, မူလရကြောင်းဖြစ်ပါတကား။ ဒါနဆိုသည်မှာ တကယ့်ရွှေအိုးကြီးကို မြုပ်နှံခြင်းပါတကား စသည်ဖြင့် မိမိတို့တွေးတော၍ နှစ်သက်ရွှင်လန်းဝမ်းမြောက်သည်၊ ဟောတိ–ဖြစ်ပါပေ၏။*

စောစောကတည်းက မိမိတို့ယုံကြည်ချက်ရှိတယ်၊ ဒါနဆိုတာ ကောင်းကျိုးပေးလိမ့်မယ်ဆိုတာ ဒါသိပြီးသား၊ ယုံကြည်ပြီးသား၊ ဘာကြောင့် ကောင်းကျိုးပေးနိုင်တုန်းဆိုတော့ အကြောင်းကကောင်းတော့ အကျိုးဖြစ်စေတတ်တဲ့အစွမ်းသတ္တိ ရှိတယ်၊ လောကမှာ မစ္ဆရိယဆိုတာ နှမြောတယ်၊ မပေးရက်ဘူး၊ သဒ္ဓါကတော့ ယုံကြည်တယ်၊ ဝမ်းသာတယ်။ သူက ပေးချင်တယ်။ ယနေ့ မိမိတို့မှာ သဒ္ဓါတရားရှိကြလို့ အဲဒီသဒ္ဓါတရား၏ လှုံ့ဆော်ချက်အရ တိုက်တွန်းချက်အရ နှိုးဆော်ချက်အရ သမီးကလေးအတွက် အလှူလှူတော့လို့ သဒ္ဓါရဲ့နှိုးဆော်ချက်အရ စောစောကတည်းက အလှူမလှူခင် အစပြင်ဆင်ရှာဖွေစုဆောင်းကတည်းက ဒါနကုသိုလ်တွေအများကြီးဖြစ်နေပြီ။ အဲဒီအထဲကနေပြီးတော့ လှူရမယ့်နေ့ ယနေ့ထိအောင် မျှော်လင့်ချက်နဲ့ ရောက်တော့မယ်၊ ရောက်တော့မယ်၊ လှူရတော့မယ်၊ လှူရတော့မယ်ဆိုတဲ့ အဲဒီစေတနာတွေကလည်း မနည်းဘူး။ အလှူဝတ္ထုရှာဖွေတဲ့အခါ ပျော်ပျော်ရွှင်ရွှင်နဲ့ နှစ်နှစ်သက်သက် အားတက်ရွှင်လန်းပြီးတော့ ရှာကြ ဖွေကြ၊ စုဆောင်းကြ၊ ကြံစည်ကြ၊ တွေးတောကြ၊ ဒါတွေအားလုံးဟာ ဒါနအလှူရဲ့ရှေ့ပိုင်း **ပုဗ္ဗစေတနာပိုင်း** လို့ ခေါ်တယ်။

အဲဒီအခါမှာ ဒါနစေတနာ့တွေ အများကြီးဖြစ်နေတယ်။ လှူတာမဟုတ်သေးပေမယ့် လှူခြင်းကိုအကြောင်းပြုပြီးဖြစ်လာတဲ့ စေတနာမို့လို့ အဲဒီစေတနာမျိုးကို ဒါနထဲ သွင်းယူရတယ်။ မလှူခင်လည်း မိမိတို့နှစ်သက်ရွှင်လန်း ဝမ်းမြောက်ရမယ်တဲ့၊ ဒါကတော့ ပြောစရာမရှိဘူး။ ဒါနဆိုတာ ကောင်းတယ်၊ ကောင်းကျိုးရမယ်ဆိုတာ သိတယ်၊ သိတော့ အဲဒီဒါနအကြောင်းပြုပြီး သမီးကလေး ချမ်းသာဖို့ တောင့်တချက်, ရည်ရွယ်ချက်ကလည်း ရှိတယ်၊ အဲဒီတော့ အဲဒီ ရည်ရွယ်ချက်အတိုင်း သံဃာတော်တွေကို ပရိသတ်တွေကို လှူဒါန်းဖို့ ကျွေးမွေးဖို့ဆန္ဒတွေကလည်း ရှိတယ်၊ အားလုံးအများချမ်းသာအောင် လိုလားတဲ့ တောင့်တတဲ့ 'ဟိတူပသံဟာရ' ဆိုတဲ့ အကျိုးစီးပွားလိုလားတဲ့ ဆန္ဒကောင်း ဆန္ဒမွန်တွေ ဖြစ်တယ်၊ စေတနာကောင်း စေတနာမွန်ဖြစ်တယ်၊ ကာယကံမေတ္တာ, ဝစီကံမေတ္တာ, မနောကံမေတ္တာဆိုတဲ့ မေတ္တာတွေ ဖြစ်နေကြတယ်။

http://www.dhammadownload.com



ဒါကြောင့်မို့လို့ အဲဒီရှေ့ပိုင်းမှာလည်း ဝမ်းမြောက်ရမယ်ဆိုလို့ မိမိတို့ ဝမ်းမြောက်ပြီးခဲ့ပြီ။

အလယ်ပိုင်း ယခုလှူကြတော့မယ်၊ ဒီကနေ့လှူကြတော့မယ်၊ ဆွမ်းတွေ လှူကြတော့မယ်၊ ပစ္စည်းတွေလှူကြတော့မယ်၊ သံဃာတော်တွေ လှူကြတော့ မယ်၊ မိတ်ဆွေသင်္ဂဟတွေ, ဆွေမျိုးတွေ လှူကြတော့မယ်။ အားလုံးဤဒါနဟာ မုဥ္စစေတနာအခိုက် **မုဥ္စစေတနာ** လို့ ခေါ်တယ်။ စွန့်လွှတ်တဲ့စေတနာ, လှူဒါန်း တဲ့ စေတနာကို မုဥ္စစေတနာ၊ အဲဒီ စေတနာအခိုက်မှာ ယခုဖြစ်နေကြတယ်၊ လှူတုန်း တန်းတုန်းလည်း ကုသိုလ်စေတနာတွေ ဖြစ်နေကြတယ်၊ နောက်ဆုံး သံဃာတော်တွေ ဆွမ်းစားပြီးသည်အထိ လှူဖွယ်ဝတ္ထုတွေ လှူပြီးသည်အထိ အဲဒီအတွင်းမှာ မုဥ္စစေတနာအခိုက် လှူဒါန်းတဲ့ စေတနာ၊ အဲဒီမုဥ္စစေတနာက တကယ့်ဒါနအစစ်၊ အရှေ့ပိုင်းကဖြစ်တဲ့ စေတနာတွေကတော့ ဒါနဖြစ်ကြောင်း အထောက်အထားအကူတွေမို့လို့ သူ့လည်း ဒါနထဲ ထည့်သွင်းရတယ်။ အခု လှူတုန်းမှာဖြစ်တဲ့ စေတနာတွေက မုဥ္စစေတနာ။ အဲဒီလှူတုန်းအခိုက်လည်း နှစ်သက်ရွှင်လန်းဝမ်းမြောက်ရမယ်တဲ့။

*ဒဒံ – ဒဒန္တော– လှူတုန်း လှူဆဲ လှူခိုက်လည်း၊ စိတ္တံ– မိမိတို့ စိတ်ကို၊ ပသာဒယေ – သဒ္ဓါသက်ဝင်ကြည်လင်ရွှင်လန်းစေရာ၏။*

ဩော်…ဒါ ရှေးသူတော်ကောင်းတွေ ကျင့်ဟောင်းလမ်းကြီး၊ ပါရမီဆယ် ပါးတွင် တစ်ပါးအပါအဝင်ဖြစ်တဲ့ဒါနပါရမီကြီး။ ဤဒါနဖြင့် ဘုရားဖြစ်ကြ၊ ပစ္စေကဗုဒ္ဓါဖြစ်ကြ၊ ရဟန္တာတွေဖြစ်ကြ၊ ရဟန္တာမတွေ ဖြစ်ကြ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်တွေ ဖြစ်ကြ။ တကယ့်မဂ်ရကြောင်း ဖိုလ်ရကြောင်း ကောင်းမြတ်သော အဆောက်အအုံ, ကုသိုလ်အဆောက်အအုံတွေပါတကားလို့ မိမိတို့နှစ်သက်တွေးတောပြီး ဝမ်းသာကြရမယ်၊ သဒ္ဓါတရားရှိနေရင် ဝမ်းသာ ဖို့ဆိုတာ ဘုန်းကြီးတို့သိပ်မတိုက်တွန်းရပါဘူး။ ဒါကတော့ သူ့ဟာသူ ဖြစ်နေ ကြတာပဲ၊ ဖြစ်လာကြတာပဲ၊ ဒါ မုဥ္စစေတနာအခိုက်။

*နောက်, **အပရစေတနာ–** အပရစေတနာဆိုတာ လှူပြီးနောက် အခါမှာဖြစ်တာ။ အဲဒီအခိုက်မှာလည်း နှစ်သက်ရွှင်လန်း ဝမ်းမြောက် ရမယ်။ ဒတွာ – လှူပြီးသည်ရှိသော်၊ အတ္တမနော – မည်သည့်ရက် မည်သည့်နေ့က မည်သို့ မည်ပုံ တို့တစ်တွေ ဆွေမျိုးတွေနဲ့ သိုက် သိုက်ဝန်းဝန်း သံဃာတော်တွေ စုစုရုံးရုံးနဲ့ နှစ်သက်ဖွယ်ရာပစ္စည်း ဝတ္ထုတွေကို နှစ်သက်ဖွယ်ရာ လှူကြ တန်းကြ ပူဇော်ကြ၊ မွေးနေ့*

http://www.dhammadownload.com



*အလှူတော်ဆင်နွှဲခဲ့ရပြီလို့ ပြန်တွေးတော့ပြီးတော့ နှစ်သက်ရွှင်လန်း ဝမ်းမြောက်သည်၊ ဟောတိ– ဖြစ်ပါပေ၏၊ သော– ဤသို့မလှူခင်လည်း ဝမ်းသာ, လှူပြီးတော့လည်း ဝမ်းသာခြင်းသည်၊ ပုညသ– မိမိတို့ပြုရတဲ့ ကုသိုလ်ကောင်းမှု၏၊ သမ္ပဒါ–အကြောင်းလုံလောက်၍ ပြည့်စုံခြင်းအစစ် တကယ်တမ်းဖြစ်ပါပေသတည်း။*

ဒီတော့ အဲဒါကလည်းအရေးကြီးတာပဲ၊ အလှူတစ်ခု ကျေကျေနပ်နပ် လှူပြီးရင် မမေ့ဖို့ရာလည်း အရေးကြီးတယ်။ ပြန်တွေးရတယ်၊ နှစ်သက်ရတယ်၊ ဝမ်းသာရတယ်၊ ဝမ်းသာတိုင်း ဝမ်းသာတိုင်း ကုသိုလ်တွေ တိုးတာပဲ၊ ကုသိုလ်တွေ အရှိန်တက်တယ်၊ ကုသိုလ်တွေ အစုံရတယ်၊ အထုံရတယ်။ အရှိန်တက်တယ်ဆိုရင် အဲဒီကုသိုလ်ဟာ သာမညကုသိုလ်မှတစ်ပါး ထူးခြားတဲ့ကုသိုလ်အဖြစ်သို့ ရောက်သွားရတယ်။ အဲသလိုထူးခြားတဲ့ကုသိုလ်၊ အရှိန်ရှိတဲ့ကုသိုလ်၊ အာစိဏ္ဏကံဆိုတဲ့ အလေ့အကျင့်များတဲ့ ကုသိုလ်မျိုးဟာ သူက ထူးခြားတဲ့အရှိန် ရှိနေတော့ နောက်ဘဝထိအောင် ဆိုင်းရတာမဟုတ်ဘူး။ ဒီဘဝမှာပဲ မိမိတို့ချမ်းသာအောင် အဲဒီကုသိုလ်က တစ်နည်းတစ်လမ်းအားဖြင့် ရွက်ဆောင်ပေးတတ်တယ်။ ဒါကြောင့် ကုသိုလ်ဆိုတာ အင်္ဂါသုံးပါးပြည့်စုံရတယ်၊ အဲဒီကုသိုလ်ကလည်း အင်္ဂါသုံးပါးပြည့်စုံပြီ။

အလှူခံပုဂ္ဂိုလ်တွေကလည်း မွန်မြတ်တဲ့ပုဂ္ဂိုလ်တွေဆိုရင် အဲဒီကုသိုလ်အလှူဟာ အကျိုးရေတွက်ခြင်းငှာ မတတ်နိုင်ဘူးလို့ဆိုတယ်၊ အလှူခံပုဂ္ဂိုလ်က ဘယ်လိုထူးခြားလဲ။ ဘုန်းကြီးတို့... ခုန အလှူ့ဒါယကာ, ဒါယိကာမများဘက်က မလှူခင်လည်း ဝမ်းသာ၊ လှူတုန်းလည်း ဝမ်းသာ၊ လှူပြီးလည်း ဝမ်းသာ၊ အင်္ဂါသုံးပါးပြည့်စုံရင် အလှူခံပုဂ္ဂိုလ်တွေက ဘယ်လိုပုဂ္ဂိုလ်ဖြစ်ရမတုံးဆိုတော့–

**"ဝီတရာဂါ ဝါ ဟောတိ၊ ရာဂဝိနယာယ ဝါ ပဋိပန္နာ"**

*ရာဂကင်းတဲ့ရဟန္တာတွေသော်လည်း ဖြစ်ရမယ်၊ ရဟန္တာမဖြစ်ပေမယ့် ရာဂကင်းအောင် ကျင့်ကြံနေကြတဲ့ပုဂ္ဂိုလ်တွေသော်လည်း ဖြစ်ရမယ်။*

**"ဝီတဒေါသာ ဝါ ဟောတိ၊ ဒေါသဝိနယာယ ဝါ ပဋိပန္နာ"**

*ဒေါသကင်းတဲ့ရဟန္တာတွေသော်လည်း ဖြစ်ရမယ်၊ ဒေါသကင်းအောင် ကျင့်ကြံကြိုးစားနေကြတဲ့ ပုဂ္ဂိုလ်တွေသော်လည်းဖြစ်ရမယ်။*

http://www.dhammadownload.com



***"ဝိတမောဟာ ဝါ ဟောတိ၊ မောဟဝိနယာယ ဝါ ပဋိပန္နာ"***

*မောဟကင်းပြီးပုဂ္ဂိုလ်တွေသော်လည်း ဖြစ်ရမယ်၊ မောဟကင်း*
*အောင် ကြိုးစားနေတဲ့ပုဂ္ဂိုလ်တွေသော်လည်း ဖြစ်ရမယ်။*

အင်္ဂါသုံးပါး ယနေ့ မိမိသံဃာကို လှူကြတယ်၊ သံဃာဆိုတာ ပုဂ္ဂိုလ်တစ်ပါးရယ်လို့ မရှိဘူး၊ "သံဃေဒိန္နံ မဟပ္ဖလံ"အတိုင်း သံဃာဆိုတာက ခုနပြောသလို ရာဂကင်းပြီးပုဂ္ဂိုလ်လည်း ပါတယ်၊ ကင်းအောင်ကြိုးစားနေတဲ့ပုဂ္ဂိုလ်တွေလည်း ပါတယ်၊ သံဃာဆိုတာဟာ အခုဆွမ်းစားကြွလာတဲ့ ပုဂ္ဂိုလ်ငါးပါးတင် မဟုတ်ဘူး၊ သံဃာဆိုတာ အများပဲ။ အဲဒီတော့ ရာဂကင်းပြီး ရာဂကင်းအောင် ကျင့်တဲ့ပုဂ္ဂိုလ်တွေ၊ ဒေါသကင်းပြီး ဒေါသကင်းအောင်ကျင့်တဲ့ ပုဂ္ဂိုလ်တွေ၊ မောဟကင်းပြီး မောဟကင်းအောင်ကျင့်တဲ့ပုဂ္ဂိုလ်တွေ အကုန်ပါတာမို့လို့ ယနေ့မိမိတို့လှူရတဲ့အလှူဟာ အလှူခံပုဂ္ဂိုလ်၏ပြည့်စုံခြင်း၊ သံဃာဆိုတဲ့ သံဃာကိုလှူရလို့ အလှူခံပုဂ္ဂိုလ်၏အင်္ဂါသုံးပါးနှင့် ပြည့်စုံလျက်ရှိတဲ့ အလှူခံတွေကို လှူရတယ်၊ ဒါကြောင့် အင်္ဂါခြောက်ပါးရှိတယ်။

ယနေ့အလှူဟာ ဆဠင်္ဂသမ္မန္နာဂတ– အလှူအင်္ဂါ ခြောက်ပါးရှိလို့ ဒီအလှူဟာ အကျိုးအာနိသင် ကြီးမားစေတတ်တဲ့အလှူ၊ ဒါကြောင့်လည်း အဲဒီအလှူမျိုးကို အထူးသဖြင့် တန်ဖိုးထားပြီးတော့ လောကမှာ မိမိတို့တကယ့်အဖိုးတန်ရတနာဆိုရင် မြတ်မြတ်နိုးနိုးကြည့်ကြ, ရှုကြ, ခင်ကြ, မင်ကြ, ဆင်ကြ, ဝတ်ကြလုပ်သလို မိမိတို့ကုသိုလ်လေးတွေကို ပြန်ပြန်အောက်မေ့ပြီးတော့အမြဲမပြတ် ဆင်သောအားဖြင့် ဆင်ယင်သောအားဖြင့် အောက်မေ့ကြ, ဝမ်းသာကြ။ အောက်မေ့ဝမ်းသာပြီး ကုသိုလ်အတိုးတွေတက်အောင် ကြိုးစားနိုင်ကြပါစေကုန်သတည်း။

(သာဓု ... သာဓု ... သာဓု)

## ဥပုသ်တရားတော်

(ဥပုသ်နေ့များ၌ ဟောကြား ပ်မူသော တရားတော်များအနက် နမူနာတရားတစ်ပုဒ်ဖြစ်သည်။ လူ့ဘဝရရန် ခဲယဉ်းပုံ၊ နတ်တစ်ဦးစုတေခါနီး နိမိတ်ငါးပါးထင်ပုံ၊ အဖော်နတ်သားတို့က အားပေးစကားသုံးခွန်းဖြင့် လူ့ပြည်သို့သွား၍ ကုသိုလ်ကောင်းမှုပြုရန် လာဘ်ကြီးနှင့် တည်တံ့သောလာဘ်တို့ကို ရယူရန် တိုက်တွန်းကြပုံ၊ လူ့ပြည်က နတ်ပြည်ထက်သာပုံ၊ လူ့ပြည်၏ ဂုဏ်ရည်များနှင့် လူဖြစ်ရကျိုးနပ်အောင် အားထုတ်သင့်ပုံတို့ကို သိမှတ်ဖွယ်ရာ ညွှန်ကြားထားတော်မူ၏ ။)

http://www.dhammadownload.com



## မနုဿတ္တဒုလ္လဘ ရခဲ့အကျိုးတွေ

"ဘုန်းကြီးတို့ ကုသိုလ်ကောင်းမှုမျိုးတွေ အမျိုးမျိုးပြုနေကြတာ ဘာဖြစ်လို့တုံး"လို့ အကြောင်းရှာတယ်၊ အဲ အကြောင်းကတော့ အမျိုးမျိုးရှိပါတယ်၊ သို့သော်လည်းပဲ လူ့ဘဝ, လူဖြစ်ရခြင်းဟာ အကြောင်းတစ်ရပ်ပဲ၊ **မနုဿတ္တဘာဝေါ ဒုလ္လဘော** တဲ့။

**ဒုလ္လဘ (၅) ပါး** ရှိတယ်။

၁။ *ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော*= ဘုရားပွင့်တော်မူတဲ့အခွင့်အခါကောင်းကြီး ကို ရခဲတယ်၊

၂။ *မနုဿတ္တဘာဝေါ ဒုလ္လဘော*= လူ့ဘဝကို ရခဲတယ်၊

၃။ *ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော* = ရဟန်းအဖြစ်ဟာ ရခဲတယ်၊

၄။ *ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ* = သဒ္ဓါအစရှိတဲ့ တရားတို့နဲ့ ပြည့်စုံခြင်းကို ရခဲတယ်၊

၅။ *ဒုလ္လဘံ သဒ္ဓမ္မဿဝနံ*= သူတော်ကောင်းတို့တရားကြားနာရခြင်းဟာ လည်း ရခဲတယ်။

ဒီဒုလ္လဘ (၅) မျိုးထဲမှာ ဘုန်းကြီးတို့ အရင်းခံ ဒုလ္လဘကတော့ မနုဿတ္တ ဘာဝေါ ဒုလ္လဘောပဲ။

## လူဖြစ်လို့

လူဖြစ်လို့ ဒီလိုတရားတွေ သိရ၊ လူဖြစ်လို့ လူ့တရားတွေ သိရလို့ "ပရမတ္ထမနုဿ" ဆိုတဲ့ မွန်မြတ်တဲ့လူတစ်ယောက်အဖြစ်နဲ့ မွန်မြတ်တဲ့ ကုသိုလ်တွေ ကြိုးကြရတယ်၊ လူဖြစ်လို့ပဲ ရဟန်းဖြစ်နိုင်တယ်၊ လူဖြစ်လို့ပဲ ရှင်ဖြစ်နိုင်တယ် စသည်ဖြင့် လူ့အဖြစ်ကို အရင်းခံပြုသောအားဖြင့် ကုသိုလ်အမျိုးမျိုးတွေ ဖြစ်ပွားလာကြရတယ်။

## ပဥ္စပုဗ္ဗ နိမိတ္တသုတ်

**လူ့ဘဝဟာ "ပုညခေတ်ကြီး"** ကုသိုလ်ငကောင်းမှုတွေ ဖြစ်ပွားရာ ခေတ်ကြီး၊ လူတိုင်းတော့ မဟုတ်ဘူးပေါ့၊ လူအစစ်တွေကို ပြောတာ၊ နောက် ဘုန်းကြီးတို့ လူ့ဘဝကြီးဟာ နတ်ပြည်ကတောင် ချီးမွမ်းရတဲ့ဘဝ၊ လူ့ဘဝကို နတ်တွေက ချီးမွမ်းကြတယ်၊ ဒီအကြောင်း **'ဣတိဝုတ်ပါဠိတော်'** မှာ ဘုရားဟောထားတာ ရှိတယ်၊ ပဥ္စပုဗ္ဗနိမိတ္တသုတ်ဆိုတာ။

ဒီသုတ်မှာ ဘုရားရှင်ကိုယ်တော်မြတ်က ရဟန်းတော်များကို မိန့်ကြားတော်မူတယ်၊ ဘယ်လိုလဲဆိုတော့ နတ်တစ်ဦးဦးဟာ နတ်ပြည်က စုတေခြင်း,

http://www.dhammadownload.com



သေခြင်းသဘော ထင်ရှားပေါ်လာပြီဆိုရင် အဲဒီနတ်မှာ နိမိတ်ကြီး ၅ ပါး ပေါ်လာတဲ့အကြောင်း ဘုရားရှင်က ဟောတော်မူတယ်။

ဘုရားရှင်က နိမိတ်ကြီး ၅ ပါးဆိုတာကို ခွဲပြီး ဟောတော်မူခဲ့တယ်၊ ဒါက–

သူပန်ထားတဲ့ပန်းတွေဟာ နောက်နောက်အခါက ဘယ်တုန်းကမှ မညှိုးဘူး၊ ဟော... သေတော့မယ်, စုတေတော့မယ်ဆိုတော့ ညှိုးလာရတယ်၊ သူ ဝတ်ထားတဲ့ ဝတ်စားတန်ဆာ ဒွါဒရာတွေဟာလည်း နောက်နောက်က ဘယ်တော့မှ ညှိုးနွမ်းလာတယ်လို့မရှိဘူး၊ သေတော့မယ်ဆိုတဲ့အခါကျမှ နိမိတ်အဖြစ်နဲ့ ညှိုးနွမ်းလာတယ်၊ ပြီးတော့ နတ်တွေမှာ ဘယ်အခါကမှ ချွေးထွက်တယ်ရယ်လို့ မရှိဘူး၊ နတ်သားနတ်သမီးတွေဟာ သေခါနီးကျတော့ ချိုင်းကြားက ချွေးတွေ ထွက်လာတယ်၊ ဘယ်တုန်းကမှ ခန္ဓာကိုယ်ဟာ ညစ်နွမ်းတယ် အရောင်မှိန်တယ်လို့ မရှိဘူး၊ သေတော့မယ်ဆိုတော့မှ နိမိတ်ပြလာတယ်၊ ကိုယ်အရောင်တွေ ညှိုးလာတယ်၊ ပြီးတော့လည်းပဲ အမြဲတမ်းပျော်ရွှင်နေကြတဲ့ နတ်သား နတ်သမီးတွေဟာ သေတော့မယ်ဆိုမှ နေမထိကြဘူး၊ မပျော်တော့ဘူး၊ သူတို့ အမြဲတမ်း ပျော်လာကြတာ မဟုတ်လား။

အဲသလို ပန်းတွေ ညှိုးနွမ်းခြင်း၊ အဝတ်အစားတွေ ညှိုးနွမ်းလာခြင်း၊ ချွေးထွက်လာခြင်း၊ ကိုယ်ရောင်ကိုယ်ဝါ မှိန်ခြင်း၊ နတ်ပြည်မှာ မပျော်ပိုက်ခြင်းဆိုတဲ့ ပုဗ္ဗနိမိတ် ၅ ပါး၊ စုတေတော့မယ်, သေတော့မယ်ဆိုတဲ့ အချက်ပြတဲ့ ပုဗ္ဗနိမိတ် ၅ ပါး အသေအချာဖြစ်လာရတဲ့အကြောင်း ဘုရားရှင်ကိုယ်တော်မြတ်က ဟောတော်မူတယ်။

## ဝမ်းမြောက်စကား အားပေးချက်သုံးခွန်း

နောက် ဘုရားရှင်က ဆက်ဟောပြသေးတယ်၊ အဲသလို ပုဗ္ဗနိမိတ်ငါးပါး ထင်ရှားဖြစ်လာတဲ့ အခါကျတော့ အတူနေတဲ့နတ်တွေက သိလာကြတယ်၊ သြော်... ဒီနတ်သားတွေဟာ ဒီနတ်သမီးတွေဟာဖြင့် နတ်ဘဝမှ စုတေတော့မယ်လို့ သိလာကြတဲ့အခါ သူတို့က ဝမ်းမြောက်ဖွယ်ရာ အားပေးစကားသုံးခွန်းဖြင့် ဒီစုတေတော့မယ့်နတ်ကို အားပေးကြတယ်။ ဘယ်လိုအားပေးသတုံး ဆိုတော့–

### ပထမအားပေးစကား

"ဣတော ဘော သုဂတိံ ဂစ္ဆ" တဲ့၊ ဘော– အို... မောင်နတ်သား၊ ဘော– အို... နတ်သမီး၊ ဣတော–ဤနတ်ပြည် နတ်နန်းမှ၊ သုဂတိံ–သုဂတိဘဝသို့၊ ဂစ္ဆ– သွားပါလေလော့။ ဒါ ပထမ စကားတစ်ခွန်း၊ အဲဒါလို အို... မောင်နတ်သား၊

http://www.dhammadownload.com



ဒီဘဝကနေပြီးတော့ သုဂတိဘဝသို့သွားပါလေလို့ ပထမစကားအားဖြင့် ဝမ်းသာစကား ပြောကြားကြ၊ ဝမ်းမြောက်ဖွယ်ရာစကား ပြောကြားကြတယ်။

### ဒုတိယအားပေးစကား

နောက် ဒုတိယစကားတစ်ခွန်းက "သုဂတိံ ဂန္တွာ သုလဒ္ဓလာဘံ လဘ"။ သုဂတိံ–သုဂတိဘဝသို့၊ ဂန္တွာ – ရောက်ခဲ့သည်ရှိသော်၊ သုလဒ္ဓလာဘံ–ကောင်းစွာ ရအပ်တဲ့ လာဘ်လာဘကို၊ လဘ–ရအောင်ကြိုးစားပါလေတဲ့။ အဓိပ္ပာယ်က သုဂတိဘဝသို့ ရောက်ခဲ့လို့ရှိရင် ကောင်းစွာရအပ်တဲ့လာဘ်လာဘကြီးကိုလည်းပဲ ရအောင်ကြိုးစားပါလို့ အားပေးစကားပြောကြားကြတယ်။

### တတိယအားပေးစကား

နောက် တတိယစကားတစ်ခွန်းက "သုလဒ္ဓလာဘံ လဘိတွာ သုပ္ပတိဋ္ဌိတော ဘဝါဟိ"။ သုလဒ္ဓလာဘံ – ကောင်းစွာရအပ်သော လာဘ်လာဘကို၊ လဘိတွာ–ရခဲ့သည်ရှိသော်၊ သုပ္ပတိဋ္ဌိတော – ကောင်းစွာတည်တဲ့သူသည်၊ ဘဝ ဘဝါဟိ–ဖြစ်ပါလေလော့။ ကောင်းစွာရအပ်တဲ့လာဘ်လာဘကြီးကို ရခဲ့လို့ရှိရင် ကောင်းစွာတည်တဲ့သူဖြစ်ပါစေလို့ ဝမ်းမြောက်စကားပြောကြားကြတယ်လို့ ဘုရားရှင်ကိုယ်တော်မြတ်က မိန့်ကြားတော်မူတယ်။

### ရဟန်းတစ်ပါးမေးလျှောက်ချက်

နတ်တစ်ယောက်ဟာ စုတေတော့မယ်ဆိုရင် နတ်တွေက သိကြတယ်၊ ခုနကပြောတဲ့ ပုဗ္ဗနိမိတ် (၅) ပါးကြည့်ပြီးတော့ သိကြတဲ့အခါမှာ ယခုပြောတဲ့ စကားကြီး ၃ ခွန်းနဲ့ အားပေးစကားတိုက်တွန်းကြတယ်။ အဲဒီအကြောင်း ဘုရားရှင် ကိုယ်တော်မြတ်က ရဟန်းတွေကို မိန့်ကြားတဲ့အခါကျတော့ ရဟန်းတစ်ပါးက ဘုရားရှင်ကိုယ်တော်မြတ်ကို လျှောက်ထားတယ်၊ ဘယ်လိုလဲဆိုတော့–

**ပထမအမေးအဖြေ**

"ကိန္နုခေါ ဘန္တေ ဒေဝါနံ သုဂတိဂမနသင်္ခါတံ"

"ဘန္တေ – မြတ်စွာဘုရား၊ ဒေဝါနံ–နတ်တို့၏၊ သုဂတိဂမနသင်္ခါတံ–သုဂတိဘုံသို့ သွားခြင်းဆိုတဲ့ ချီးမွမ်းစကားသည်၊ ကိန္နုခေါ – ဘယ်လိုဟာပါနည်း။ သုဂတိဘဝသို့ သွားပါလို့ပြောရသော ချီးမွမ်းစကားဟာ ဘယ်လိုဟာပါနည်း"

"သုဂတိဘဝလို့ နတ်များက ပြောကြားတိုက်တွန်းတဲ့စကားမှာ သုဂတိဆိုတာဟာ ဘယ်ဘဝပါတုံးဘုရား" လို့ လျှောက်ထားတယ်၊ အဲဒီအမေးကို မြတ်စွာဘုရားက–

"မနုဿတ္တံခေါ ဘိက္ခု ဒေဝါနံ သုဂတိဂမနသင်္ခါတံ"

http://www.dhammadownload.com



"ဘိက္ခု– ရဟန်း၊ မနုဿတ္တံ–လူ့ဘဝ လူ့အဖြစ်သည်၊ ဒေဝါနံ–နတ်တို့၏၊ သုဂတိ ဂမနသင်္ခါတံ– သုဂတိဘုံဘဝလို့ ဂုဏ်တင်ပြောကြားအပ်သော စကား ပင် ဖြစ်ပေ၏။ သုဂတိဘဝကို သွားပါဆိုတာ တခြားဟာမဟုတ်ပါဘူးတဲ့၊ လူ့ ဘဝကို ပြောတာဆိုတဲ့အကြောင်း ဘုရားရှင်က အဖြေပေးတော်မူသည်။

နတ်တွေက သုဂတိသွားပါဆိုတော့ "လူ့ဘုံကို သွားပါ"လို့ တိုက်တွန်း တယ်တဲ့။ လူ့ဘုံကို နတ်တွေက မြှောက်စားချီးကျူးပြီးတော့ လိုလိုလားလား နဲ့ တိုက်တွန်းတာဟာ ဘာကြောင့်တုံးဆိုတော့ ဘုန်းကြီးတို့လူ့ဘဝက အင် မတန် ထူးခြားတဲ့ဘဝ၊ ကုသိုလ်များစွာဖြစ်ပွားရာဘဝ၊ ဒါကြောင့်မို့လို့ နတ်တွေ က လိုလိုလားလား စုတေမယ့်, သေမယ့်နတ်ကို သုဂတိဘုံလို့ ဂုဏ်တင်ပြီးတော့ အဲဒီသုဂတိဘုံဆိုတဲ့ လူ့ဘဝကို သွားပါလေ"လို့ တိုက်တွန်းကြခြင်း ဖြစ်တယ်။

## ကုသိုလ်ဖြစ်ဖို့ အခွင့်သာလှ

လူ့ဘဝဆိုတာက ကုသိုလ်ဖြစ်ဖို့ရာ အင်မတန်အခွင့်သာတဲ့ဘဝ၊ နတ်ဘဝ ဆိုတာက ဝီရိယကို အားကိုးလို့ရတဲ့ဘဝ မဟုတ်ဘူး၊ ကံကိုသာအားကိုးရတဲ့ ဘဝ၊ အစစအရာရာ ဘာမှမလုပ်ဘဲနဲ့ အစားလည်း ပြည့်စုံတယ်၊ စားချင်ရင် အရန်သင့်ရောက်လာတယ်၊ ဘာမှမလုပ်ရဘဲနဲ့ နတ်တန်ဆာ, နတ်ဝတ်တန်ဆာ, နတ်ပန်း စသည်ဖြင့် အဆင်တွေ အသုံးအဆောင်တွေ အလိုအလျောက် ရလာ တယ်၊ ဒီတော့ သူတို့မှာက ပျော်ဖို့ဘက်သာ ဦးတည်နေကြတယ်၊ အပျော် အပါးတွေနဲ့သာ အချိန်ကုန်နေကြတယ်၊ အဲဒီလိုကုန်တော့ ကုသိုလ်ကောင်းမှု ပြုဖို့ရာ အခွင့်အလမ်း တယ်မသာဘူး။

လူ့ဘဝကတော့ ဒီလိုမဟုတ်ဘူး၊ ဝီရိယအားဖြင့် ကြိုးစားပြီးတော့ လုပ် ကြ ကိုင်ကြရတော့ ကံအကျိုးလည်း ခံစားရတယ်၊ အဲဒီတော့ ဝီရိယအကျိုး, ကံ အကျိုး နှစ်မျိုးခံစားရတယ်ဆိုတယ်၊ နောက် ဝီရိယကကိုပဲ ကောင်းမှုဖြစ်ဖို့ရာ အားပေးသလို ဖြစ်နေတယ်။ ဝီရိယစွမ်းအား ရှိနေကြတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ လောကရေးမှာလည်း ဝီရိယအားထုတ်ကြတယ်။ ကုသိုလ်ကောင်းမှုတွေဖြစ်ဖို့ နှိုးဆော်ကြ တိုက်တွန်းကြနဲ့ အင်မတန်အခွင့်အလမ်းသာတဲ့ဘဝ။

## တာဝတိံသာနှင့် မြောက်ကျွန်းတို့ကို လွှမ်းမိုး

ဘုန်းကြီးတို့ လူ့ပြည်ကလူတွေဟာ တာဝတိံသာနတ်ပြည်က တာဝတိံ သာ နတ်တွေအတွက်လည်းကောင်း၊ မြောက်ကျွန်းက လူသားတွေထက်လည်း ကောင်း၊ တရားသုံးပါးနဲ့ သာလွန်တယ်ဆိုတဲ့အကြောင်း ဘုရားဟောထားတာ ရှိတယ်။

http://www.dhammadownload.com



# တရားသုံးပါး

*သူ့ရာ–ရဲရင့်ကြတယ်တဲ့၊ သတိမန္တေ ၁ – သတိတရားလည်း လွန်ကဲကြတယ်၊ ဣဓ– ဤလူ့ပြည်၌၊ ဗြဟ္မစရိယာဝါသော– ဗြဟ္မစရိယဆိုတဲ့ မြတ်သောအကျင့်ကို ကျင့်ခြင်းလည်း ရှိတယ်၊ ဒီအကြောင်းသုံးပါးဖြင့် တာဝတိံသာနတ်ပြည်ထက် မြောက်ကျွန်းတို့ထက် ပိုပြီးတော့သာလွန်တယ်၊ အဲဒီအကြောင်း ဘုရားဟောတော်မူတယ်။*

လူတွေဟာ ရဲရင့်တယ်တဲ့၊ ဟုတ်တာပဲ၊ ကုသိုလ်ကောင်းမှုပြုရာမှာ မတွန့်မဆုတ်ကြဘူး၊ ရဲရင့်ကြတယ်၊ ဝီရိယထူးထူးကဲကဲရှိကြတယ်၊ နောက် သတိမန္တ ၁ – သတိလည်း ကောင်းကြတယ်၊ ခုနက ပြောသလိုပဲ အဲ ဟိုပုဂ္ဂိုလ်တွေ မြောက်ကျွန်းတို့ တာဝတိံသာတို့ဆိုတာ မပူမပင်၊ မကြောင့်မကြနေကြရတဲ့ အရပ်ဒေသတွေမို့လို့ သူတို့ကတော့ အပျော်ဘက်လွန်တယ်၊ ကောင်းမှုပြုဖို့ အမေ့ကြီး မေ့ကျန်နေကြတယ်။

ဘုန်းကြီးတို့ လူ့ဘဝကတော့ အဲသလိုမဟုတ်ဘူး၊ ချမ်းသာ တစ်ဝက် ဆင်းရဲတစ်ဝက်ဆိုတာလို၊ အဲဒီတော့ ကြိုးစားကြရတယ်၊ ကြိုးစားရတော့ သတိ မမေ့ကြဘူး၊ အိုခြင်းတရားထင်ရှားတယ်၊ သေခြင်းတရားထင်ရှားတယ်၊ နာခြင်း တရား ထင်ရှားတယ်၊ ထင်ရှားတော့ ဒီ အိုခြင်း, နာခြင်း, သေခြင်းတရား အကြောင်းပြုပြီးတော့ ကုသိုလ်ဘက်မှာ တရားဘက်မှာ စိတ်တွေထက်သန်ကြတယ်။

ပြီးတော့ ဆင်းရဲချမ်းသာ အမျိုးမျိုးဖြစ်နေကြတော့ ဆင်းရဲတဲ့ပုဂ္ဂိုလ်ကလည်း ဒီဆင်းရဲမှုက လွတ်အောင် ချမ်းသာအောင်ဆိုပြီး အမျိုးမျိုးကြိုးစားကြတယ်၊ ချမ်းသာတဲ့ ပုဂ္ဂိုလ်တွေကလည်း ဒီချမ်းသာဟာ တကယ့်ချမ်းသာမဟုတ်သေးဘူး၊ ဒီထက်ချမ်းသာတာ ရှိသေးတယ်၊ နိဗ္ဗာန်၊ အဲဒီနိဗ္ဗာန်ချမ်းသာကို ခံစားရအောင် ဆိုပြီး ကြိုးစားကြတယ်။

အဲဒီတော့ သတိက အမြဲတမ်းရှိနေကြတယ်၊ အမြဲတမ်းရှိကြတော့ ကုသိုလ်ပွားဖြစ်ကြတယ်၊ ကုသိုလ် အားထုတ်ဖြစ်ကြတယ်၊ မြတ်သောအကျင့် ဆိုတဲ့ အကျင့်ကို ကျင့်ဖို့ရာမှာလည်း လူ့ဘဝက အခွင့်သာတယ်။ အဲဒါကြောင့်

http://www.dhammadownload.com



# လူ့ပြည်ဂုဏ်ရည်

*ပုညက္ခေတ္တော အယံလောကော၊*
*သသီမော သာသနုဇ္ဇလော။*
*နိဗ္ဗာနတရဏော သေဋ္ဌော၊*
*သဗ္ဗ သမ္ပတ္တိဒါယကော။*

*အယံလောကော– ဤလူ့ဘုံလောကကြီးသည်၊ ပုညက္ခေတ္တော– ကောင်းမှုတွေဖြစ်ပွားရတဲ့ ပုညခေတ်ကြီး အစစ်တကယ်တမ်းဖြစ်ပါပေ၏။ လူ့ဘုံဆိုတာ ပုညတွေ ကုသိုလ်တွေဖြစ်ပွားရာ ခေတ်ကြီး နယ်ပယ်ကြီးပဲ၊ နတ်ပြည်ဆိုလည်း ဒီလူ့ပြည်က သွားကြရတယ်၊ နိဗ္ဗာန်ဆိုလည်း ဒီလူ့ပြည်က ရောက်တာများတယ်၊ နတ်ပြည်ကလည်း မရောက်နိုင်ဘူးလို့တော့ မဆိုနိုင်ပါဘူး၊ သို့သော် နည်းတယ်။*

*သသီမော–ရဟန်းတွေဖြစ်ပွားရာသိမ်တွေနဲ့လည်း ပြည့်စုံလျက် ရှိပါပေ၏၊ သာသနုဇ္ဇလော– ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်၏ အထူးထွန်းကားရာဌာနကြီးလည်းဖြစ်ပါပေ၏၊ နိဗ္ဗာနတရဏော– နိဗ္ဗာန် တည်းဟူသော ရွှေမြို့တော်ကြီးသို့ နိဗ္ဗာန် တည်းဟူသော ထောက်တည်ရာကျွန်းကြီးသို့ တက်ရောက်ရာ ဆိပ်ကမ်းကြီးသဖွယ် လည်း ဖြစ်ပါပေ၏။ သဗ္ဗသမ္ပတ္တိဒါယကော– လူချမ်းသာ လိုချင်ရင်လည်းရ၊ နတ်ချမ်းသာ လိုချင်ရင်လည်းရ၊ ဗြဟ္မာချမ်းသာ လိုချင်ရင်လည်းရ၊ နိဗ္ဗာန်ချမ်းသာ လိုချင်ရင်လည်းရ၊ သမ္ပတ္တိအမျိုးမျိုး ကောင်းကျိုးအရပ်ရပ်တို့ကို ကောင်းစွာမသွေ ပေးတတ်ပါပေ၏။*

အဲဒါ လူ့ဘဝဂုဏ်ရည်ပဲ၊ ဒါကတော့ ဘုန်းကြီးတို့ နာမည်ကျော် လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး ရေးထားခဲ့တဲ့ လူ့ဘဝဂုဏ်ရည်ဘွဲ့ဂါထာပဲ၊ အဲဒါကြောင့် ဘုန်းကြီးတို့ လူ့ဘဝဟာဖြင့် အဲသလို ကုသိုလ်ကောင်းမှုတွေ အခွင့်အလမ်းတွေ ဘုရားဖြစ်ကြောင်း, ပစ္စေကဗုဒ္ဓါဖြစ်ကြောင်း, အဂ္ဂသာဝက ဖြစ်ကြောင်း, မဟာသာဝကဖြစ်ကြောင်း ပါရမီတွေ ဖြည့်ဆည်းပူးနိုင်တာ အင်မတန်အခွင့်သာတဲ့ ဌာနကြီးမို့လို့ ဒီဌာနကြီးကို နတ်ပြည်က နတ်တွေက သုဂတိလို့ ချီးကျူးကြတာ ဂုဏ်တင်ကြတာ ဘုန်းကြီးတို့ ဂုဏ်ယူဖွယ်အင်မတန်ကောင်းတယ်၊ ဂုဏ်ယူဖွယ်ကောင်းတဲ့အတိုင်းပဲ ကြွလာတဲ့ သုဂတိလို့ နတ်ပြည်က ဂုဏ်တင်ကြသလို လူ့ဘဝလေးမဆုံးရှုံးအောင် ကြိုးစားဖို့သင့်ကြတယ်။

http://www.dhammadownload.com



အမြတ်များများရနိုင်တဲ့ဘဝကြီး လက်ကိုင်ထားရတော့ အဲဒီဘဝကြီးမှာ အရှုံးမရှိအောင်တော့ ကြိုးစားရမယ်။

ရှုံးသွားပြီဆိုရင် ပြန်တည်ဖို့ တယ်မလွယ်ဘူး၊ ဘုရားရှင်ကိုယ်တော်မြတ်က **'နခသိခ သုတ္တန်'** မှာ ဟောထားတာရှိတယ်။

လက်သည်းပေါ် မြေမှုန့်လေးတင်ပြီးတော့ ဘုရားက ရဟန်းတော်တွေကို မေးမြန်းတော်မူတယ်၊ "ချစ်သားရဟန်းတို့၊ ငါဘုရားရှင်လက်ပေါ်ရှိတဲ့ မြေမှုန့်လေးနဲ့ ဟောဒီမဟာပထဝီက မြေမှုန့်ဟာ ဘယ်သူက များတုံး" မိန့်တော့...

"ရှင်တော်မြတ်ဘုရားလက်တော်က မြေမှုန့်လေးက မပြောပလောက်ပါဘူး ဘုရား၊ မဟာပထဝီမြေကြီးကသာ အဆအရာအထောင်မက သာလွန်ပြီးများလှပါတယ်"လို့ လျှောက်ထားတော့...

"ချစ်သားတို့ အဲဒီအတိုင်းပဲ အပါယ်လေးဘုံရောက်ကြတဲ့ပုဂ္ဂိုလ်တွေဟာ မဟာပထဝီမြေကြီးလောက်၊ အဲဒီအထဲက တချို့တလေ လူ့ဘောင်ရောက်လာတဲ့ပုဂ္ဂိုလ်တွေဟာ ဟောဒီ ငါဘုရားလက်သည်းပေါ်မှာရှိတဲ့ မြေမှုန့်လေးလောက် အင်မတန်နည်းပါးတယ်"ဆိုတဲ့အကြောင်း ဟောတော်မူခဲ့တယ်နော်။

အဲဒါကြောင့် အပါယ်ရောက်သွားပြီဆိုရင် ပြန်ပြီးတက်ဖို့ရာ တယ်ပြီးမလွယ်လှဘူး၊ အရှုံးမရှိအောင်တော့ကြိုးစားကြ၊ ရှုံးသွားပြီဆိုရင် ပြီးရော ခေါင်းမပေါ်တော့ဘူး၊ အဲဒါကြောင့်မို့လို့ လူ့ဘဝဟာ တကယ်မွန်မြတ်တဲ့ဘဝ၊ နတ်ပြည်ကတောင် ဂုဏ်တင်ရ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ချီးမွမ်းရတဲ့ဘဝ၊ အဲဒီဘဝ ရလာတဲ့အခါမှာ အရှုံးမရှိအောင် အမြတ်များများရအောင် ကြိုးစားဖို့ အရေးကြီးတယ်ဆိုတာကို သဘောပေါက်ပြီး အထူးလက်ခံပြီးတော့ ကြိုးစားကြဖို့ရှိတယ်နော်။

## ဒုတိယအမေးနဲ့ ဒုတိယအဖြေ

အေး... နောက် ဒုတိယအမေးရဲ့အဖြေကို ဘုရားရှင်ကိုယ်တော်မြတ်က မိန့်တော်မူတယ်၊ ရဟန်းက...

"ကိံသု ဘန္တေ ဒေဝါနံ သုလဒ္ဓလာဘံ"

"ဘန္တေ – ရှင်တော်မြတ်ဘုရား၊ ဒေဝါနံ – နတ်တို့၏၊ သုလဒ္ဓလာဘသင်္ခါတံ– ကောင်းစွာရအပ်သောလာဘ်လာဘရယ်လို့ ချီးကျူးဂုဏ်တင်အပ်သောအရာသည်၊ ကိံ – အဘယ်ပါနည်းဘုရား" လို့ လျှောက်ထားတယ်။ နတ်ပြည်က သုဂတိသွား၊ သုဂတိရောက်တဲ့အခါ ကောင်းစွာရအပ်တဲ့လာဘ်လာဘကြီး ရအောင်လုပ်ဖို့ အဲသလိုမှာလိုက်တာကိုး။ "အဲဒီကောင်းစွာရအပ်တဲ့ လာဘ်

http://www.dhammadownload.com



လာဘကြီးဆိုတာ ဘယ်လိုလာဘ်လာဘပါတုံးဘုရား"လို့ လျှောက်ထားတဲ့ အခါကျတော့ ဘုရားရှင်ကိုယ်တော်မြတ်က...

ယံ မနုဿဘုတော သမာနော တထာဂတပဝေဒိတေ ဓမ္မဝိနယေ သဒ္ဓံ ပဋိလာဘတိ၊ ဣဒံခေါ ဘိက္ခု ဒေဝါနံ သုလဒ္ဓလာဘသင်္ခါတံ။

မနုဿဘူတော– လူဖြစ်သည်၊ သမာနော–ဖြစ်သည်ရှိသော်၊ တထာဂတ ပဝေဒိတေ–မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဟောကြားသိစေတော် မူအပ်သော၊ ဓမ္မဝိနယေ–သာသနာတော်မြတ်ကြီး၌၊ သဒ္ဓံ–သဒ္ဓါတရားကို၊ ပဋိ လာဘတိ– ရခဲ့ပါပေ၏၊ ဘိက္ခု–ရဟန်း၊ ဣဒံခေါ – ဤသဒ္ဓါသည်ပင်၊ ဒေဝါနံ– နတ်တို့၏၊ သုလဒ္ဓလာဘသင်္ခါတံ– ကောင်းစွာရအပ်သောလာဘ်ဟု ချီးကျူး အပ်သောအရာပေတည်း။ ကောင်းစွာရအပ်တဲ့ လာဘ်လာဘဆိုတာ အခြား မဟုတ်ဘူး၊ လူဖြစ်လာတော့ မြတ်စွာဘုရားသာသနာတော်မှာ ယုံကြည်ခြင်း ဆိုတဲ့သဒ္ဓါတရား၊ အဲဒီသဒ္ဓါတရားရပြီဆိုရင် ဒါ ကောင်းစွာရအပ်တဲ့ လာဘ် လာဘကြီးရတာပဲလို့ ဘုရားရှင်က အဖြေပေးတယ်နော်။

အဲဒါ နတ်ပြည်ကဂုဏ်တင်တဲ့ လာဘ်လာဘကြီး၊ ဘုရားသာသနာတော် မှာ သဒ္ဓါတရားရပြီလို့ဆိုရင် အဲဒီအမျိုးသား အဲဒီအမျိုးသမီးဟာ တကယ် ထူးခြားတဲ့ လာဘ်လာဘကြီး၊ နတ်တွေက ဂုဏ်တင်တဲ့လာဘ်လာဘကြီးကို ရ တဲ့ပုဂ္ဂိုလ် ဖြစ်သွားတယ်၊ အဲနောက် ကောင်းစွာရအပ်တဲ့ လာဘ်လာဘကို ဂုဏ် တင်တာလည်း ဘုန်းကြီးတို့သဒ္ဓါတရားဟာ ဂုဏ်တင်ထိုက်တာပဲနော်။

## သဒ္ဓါတရားရဲ့ဂုဏ်

ဒီသဒ္ဓါတရားနဲ့ ဘုန်းကြီးတို့သာသနာ ရောက်လာကြတာပဲ၊ သာသနာ တော်ကို မမေ့ရဘူး၊ ပရိသတ်လေးပါးတို့ သာသနာဝင်လာတာ၊ ဒီသဒ္ဓါသာ မရှိရင် သာသနာတော်ထဲရောက်လာမှာမဟုတ်ဘူး၊ သဒ္ဓါတရားရှိလို့ သာသနာ ရောက်လာတယ်၊ **သဒ္ဓါတရားရှိလို့ ဘုရားကိုးကွယ်ကြ၊ တရားကိုးကွယ်ကြ သံဃာကိုးကွယ်ကြ၊ သာသနာအစ သရဏဂုံက၊ သရဏဂုံနဲ့ သာသနာထဲ ရောက်လာ၊ ရောက်လာပြီးရင် ကုသိုလ်တွေ အများကြီး ပွင့်လင်းလာကုန် တယ်။** ဒါကြောင့် ဒီသဒ္ဓါတရားအမှီပြုပြီးတော့ ထူးခြားတဲ့ကုသိုလ်တွေ များ စွာရတော့ သဒ္ဓါတရားဟာ ကောင်းစွာရအပ်တဲ့လာဘ်လာဘပဲလို့ နတ်တွေ က ဂုဏ်တင်တယ်။

## တတိယအမေးနဲ့အဖြေ

နောက် တတိယ မေးခွန်းအဖြေကို မိန့်တော်မူတယ်။ ရဟန်းက "ကိံ ပန ဘန္တေ ဒေဝါနံ သုပ္ပတိဋ္ဌိတသင်္ခါတံ"

http://www.dhammadownload.com



ဘန္တေ – ရှင်တော်မြတ်ဘုရား၊ ဒေဝါနံ– နတ်တို့၏၊ သုပ္ပတိဋ္ဌိတသင်္ခါတံ– ကောင်းစွာတည်တံ့သူဟု ချီးကျူးအပ်သော ကောင်းစွာတည်တံ့သူဟူသည်၊ ကိံ ပန – အဘယ်ပါနည်းဘုရားလို့ လျှောက်ထားတယ်။

အဲဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘယ်လိုဖြေသလဲဆိုတော့–

"သာခေါပနဿ သဒ္ဓါနိဝိဋ္ဌာ ဟောတိ၊ မူလတထာ ပတိဋ္ဌိတာ ဒဠှာ အသံဟာရိယာ သမဏေနဝါ ဗြဟ္မဏေနဝါ ဗြဟ္မုနာဝါ ကေနစိဝါ လောကသ္မိံ၊ ဧဝံခေါ ဘိက္ခု ဒေဝါနံ သုပ္ပတိဋ္ဌိတသင်္ခါတန္တိ"

အဿ–သဒ္ဓါဟူဘိ ထိုလာဘ်လာဘရှိနေသူ၏၊ သာပနသဒ္ဓါ–ထိုသဒ္ဓါတရားသည်၊ နိဝိဋ္ဌာ–စိတ်၌စွဲမြဲတည်သည်၊ မူလကတာ–သောတာပတ္တိအင်္ဂါ ဟူဘိ အပြစ်အရင်းရှိသည်၊ ဒဠှာ–ခိုင်မြဲသည်၊ သမဏေနဝါ–ရဟန်းကသော် လည်းကောင်း၊ ဗြာဟ္မဏေနဝါ–ဗြဟ္မဏကသော်လည်းကောင်း၊ မာရေနဝါ– မာရ်နတ်မင်းက သော်လည်းကောင်း၊ ဗြဟ္မုနာဝါ – ဗြဟ္မာမင်းကသော် လည်း ကောင်း၊ လောကသ္မိံ–သတ္တလောက၌၊ ကေနစိဝါ–တစ်စုံတစ်ယောက်ကသော် လည်းကောင်း၊ အသံဟာရိယာ – မရွေ့လျားစေတတ် မပယ်ရှားအပ်သည်၊ ဟောတိ– ဖြစ်၏။ ဘိက္ခု–ချစ်သားရဟန်း၊ ဧဝံခေါ–မရွေ့လျားစေနိုင် ခိုင်ခံ့ သော ဤသဒ္ဓါတရားသည်ပင်၊ ဒေဝါနံ– နတ်တို့၏၊ သုပ္ပတိဋ္ဌိတသင်္ခါတံ– ကောင်းစွာတည်တံ့သော လာဘ်လာဘဟုဆိုအပ်သော လာဘ်ကြီးပါပေတည်း။

ကောင်းစွာတည်သူဆိုတာ ခုနကပြောတဲ့ သဒ္ဓါတရား၊ အဲဒီသဒ္ဓါတရား ဟာ ဘယ်သူမှဖျက်လို့မပျက်နိုင်အောင် ကောင်းစွာခိုင်ခိုင်မြဲမြဲတည်လာပြီ ဆို လို့ရှိရင်၊ ပတိဋ္ဌိတ–ကောင်းစွာတည်သူဖြစ်သွားပြီလို့ ဖြေကြားတော်မူခဲ့တယ်။

အဲဒါကြောင့်မို့လို့ နတ်တွေက ကောင်းစွာတည်တဲ့ သဒ္ဓါတရားဖြစ်အောင် ကြိုးစားပါလို့ဆိုတာဟာ ချီးကျူးတာဟာ ဘယ်သူမှမဖျက်နိုင်တဲ့ တည်တံ့တဲ့ သဒ္ဓါတရားဖြစ်အောင် ကြိုးစားပါလို့ဆိုလိုတဲ့အကြောင်း ဘုရားရှင်ကိုယ်တော် မြတ်က အဖြေပေးတယ်။

## သဒ္ဓါလေးမျိုး

ဒီတော့ ဘယ်သူမှမဖျက်နိုင်တဲ့သဒ္ဓါတရားဆိုတာက ခိုင်မြဲတဲ့သဒ္ဓါတရား၊ အာဂမသဒ္ဓါ၊ အဓိဂမသဒ္ဓါ၊ ဩကပ္ပနသဒ္ဓါ၊ ပသာဒသဒ္ဓါတဲ့၊ သဒ္ဓါလေးမျိုး။

**အာဂမသဒ္ဓါ** ဆိုတာ ဘုရားလောင်းတို့ရဲ့ သဒ္ဓါတရား၊ နိယတဗျာဒိတ် ပန်ဆင်တော်မူသည့်အခါမှစပြီး ဘယ်အခါမှမပျက်တဲ့ ဘုရားဖြစ်သည်အထိ တစ်သမတ်တည်းဆိုက်ရောက်လာတဲ့သဒ္ဓါဟာ အာဂမသဒ္ဓါပဲ။ အဓိဂမသဒ္ဓါ ဆိုတာက မဂ်ရခြင်းကြောင့်ဖြစ်ပေါ်လာတဲ့ သဒ္ဓါတရားကို **အဓိဂမသဒ္ဓါ၊** သော

http://www.dhammadownload.com



တာ မတွေ့မက်ရပြီဆိုရင် အဲဒီသဒ္ဓါဟာ ခိုင်မြဲတဲ့သဒ္ဓါဖြစ်သွားပြီ၊ အဲဒီသဒ္ဓါဟာ မဂ်ရခြင်းနှင့် အတူတူဖြစ်လာတဲ့သဒ္ဓါမို့လို့ အစိဂမသဒ္ဓါတဲ့။

ခုနက "ကေနစိ–တစ်စုံတစ်ယောက်သော၊ သာမဏေနဝါ–ရဟန်းပုဂ္ဂိုလ်သည်လည်းကောင်း၊ ဗြာဟ္မဏေနဝါ–ပုဏ္ဏားပုဂ္ဂိုလ်သည်လည်းကောင်း၊ ကေနစိ–တစ်စုံတစ်ယောက်သော၊ မာရေနဝါ–မာရ်နတ်သည်လည်းကောင်း၊ ဗြဟ္မုနဝါ–ဗြဟ္မာသည်လည်းကောင်း၊ အသံဟရိယာ–ပျက်ပြားအောင် ဆုတ်ယုတ်သွားအောင် မဆွဲဆောင်နိုင်" ဆိုတာ ဒီအစိဂမသဒ္ဓါပဲ၊ မဂ်ရတဲ့ပုဂ္ဂိုလ်တို့ရဲ့ သဒ္ဓါဟာ ဘယ်သူမှဖျက်လို့မရတော့ဘူး။

## သာဓကဝတ္ထု

ဘုန်းကြီးတို့ဘုရားရှင်လက်ထက်က အဲသလိုဖျက်ခဲ့တဲ့ ပုံဝတ္ထုလေး ရှိခဲ့တယ်၊ **သုပ္ပဗုဒ္ဓ** ဆိုတဲ့ ကုဋ္ဌနူနာသည်လေး၊ ဘုရားရှင်ကိုယ်တော်မြတ်တရားနာရတော့ သောတာပန်တည်သွားတယ်၊ သိကြားမင်းကြီးက ကောင်းကင်က နေပြီးတော့...

"ဟေ့ သုပ္ပဗုဒ္ဓ၊ ဘုရားကို ဘုရားမဟုတ်ဘူးလို့ ပြော၊ တရားကို တရားမဟုတ်ဘူးလို့ပြော၊ သံဃာကို သံဃာမဟုတ်ဘူးလို့ပြော၊ မမှန်ဘူးလို့ ပြော၊ မင်းကို ငွေတွေအများကြီးပေးမယ်" ဆိုတော့...

"မင်း ဘယ်သူတုံး"

"ငါ သိကြားမင်းပဲ"

"အံမယ်...သင် တယ်မိုက်ပါလား၊ သင်လို သိကြားမိုက် အရာအထောင်မက ဘယ်လောက်လာပြီးဖျက်ဖျက် ဘုရား၌တည်တဲ့ ငါ့သဒ္ဓါ၊ တရား၌ တည်တဲ့ ငါ့သဒ္ဓါ၊ သံဃာ၌တည်တဲ့ ငါ့သဒ္ဓါဟာ မပျက်တော့ဘူး" လို့ ကြိမ်းဝါးပြီးတော့ သိကြားမင်းကို မောင်းမဲပစ်လိုက်တယ်။

နောက် သိကြားမင်းက အဲဒီအကြောင်းကို ဘုရားလျှောက်တော့...

သုပ္ပဗုဒ္ဓရဲ့ သဒ္ဓါမျိုးကို သင်လိုသိကြား ဘယ်လောက်များများ လာဖျက်ဖျက် မဖျက်နိုင်တဲ့အကြောင်း ခိုင်မြဲတဲ့အကြောင်း ဘုရားရှင်ကိုယ်တော်မြတ်က မြွက်ကြားတော်မူခဲ့တယ်နော်။

**သုရမ္ဗဋ္ဌ** ဆိုတဲ့ တိတ္ထိဒကာတစ်ယောက်ရှိသေးတယ်၊ အတူတူပဲ၊ ဘုရားရှင် ကိုယ်တော်မြတ်က ကြွသွားတယ်၊ အိမ်ရောက်တော့ ဘုရားရှင်ကိုယ်တော်မြတ်က ရုပ်–ဝေဒနာ–သညာ–သင်္ခါရ တရားတွေဟာ အနိစ္စ–အမြဲမရှိဘူး၊ ဒုက္ခ–ဆင်းရဲတယ်၊ အနတ္တ–အသက်ဇီဝ စသည်မဟုတ်၊ အတ္တမဟုတ်၊ အနတ္တပဲ ဆိုပြီးတော့ ဟောသွားတာ။ ဘုရားရှင်ပြန်သွားတဲ့အခါကျတော့ မာရ်နတ်က

http://www.dhammadownload.com



ဘုရားယောင်ဆောင်ပြီးတော့ပြန်လာ၊ ပြန်လာတော့ သုရမ္ဗဌဟာ ခုနက ဘုရားက တရားဟောလိုက်တော့ သောတာပန်တည်သွားတယ်၊ အဲဒီအခါမှာ မာရ်နတ်က ဘုရားယောင်ဆောင်ပြီးတော့ ဖျက်မလို့လာတယ်။ လာပြီးတော့ဘာပြောတုံးဆိုတော့ "ငါ...ခုနက အလုံးစုံသော တရားတွေဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ဟောခဲ့တယ်၊ အေး...တချို့မြဲတဲ့တရားတွေ ခန္ဓာငါးပါးတွေ ရှိတယ်၊ ချမ်းသာတဲ့ခန္ဓာငါးပါးတွေ ရှိတယ်၊ မိမိအလိုကိုလိုက်တဲ့ ခန္ဓာငါးပါးတွေ ရှိသေးတယ်ဆိုတော့–

သုရမ္ဗဌက သာမန်ပုဂ္ဂိုလ်ဆိုရင် ယုံလိုက်မှာပေါ့၊ အခုတော့ သောတာပန်တည်သွားတော့ သွားပြောလို့ မရတော့ဘူး။

"ဘယ့်နှယ်ပါလိမ့်၊ ဒီစကား တယ်ဝန်လေးပါလား၊ ဘုရားဆိုတာဟာ ဘယ်တော့မှ စကားနှစ်ခွန်းပြောရိုးမရှိဘူး၊ ငါ့ကိုဟောခဲ့တာလဲ တကယ့်သေသေချာချာ ဟောခဲ့တာ၊ ဘယ်နည်းနှင့်မှ မှားတယ်မရှိဘူး။ ဘုရားတော့မဟုတ်ဘူး၊ မာရ်နတ်ဖြစ်မှာပဲ၊ သင် မာရ်နတ်မဟုတ်လား"ဆိုတော့ အဖြစ်မှန်ကို ဝန်ခံရတယ်၊ အဲဒါ ဘုန်းကြီးတို့ ခုနကပြောတဲ့ သုပ္ပတိဋ္ဌိတ တည်တံ့တဲ့ပုဂ္ဂိုလ်ဖြစ်ဖို့ဆိုတာ သောတာပန်ဖြစ်ဖို့၊ အဓိဂမသဒ္ဓါဆိုတဲ့ မဂ်နဲ့ပြီးတဲ့ သဒ္ဓါတရားရဖို့၊ အဲဒီ သဒ္ဓါတရားရပြီဆိုရင် ဘယ်သူမှ မဖျက်နိုင်ဘူး၊ ဘုရားကြည်ညိုမှု၊ တရားကြည်ညိုမှု၊ သံဃာကြည်ညိုမှု မပျက်နိုင်တော့ဘူး။

**ဩကပ္ပနသဒ္ဓါ** ဆိုတာ သက်ဝင်ကြည်ညိုတဲ့ သဒ္ဓါတရား၊ အဲဒီသဒ္ဓါတရားဟာလည်း ပုထုဇဉ်တို့ရဲ့ သဒ္ဓါတရားပဲ၊ စွဲလမ်းတဲ့သဒ္ဓါတရားဖြစ်လို့ တော်တော်ပျက်ခဲပါတယ်၊ သို့သော် ပုထုဇဉ်ဆိုတာ စိတ်တော့မချရဘူး။ **ပသာဒသဒ္ဓါ** ဆိုတာက သာမန်ကြည်ညိုရုံ သဒ္ဓါမျိုး၊ သဒ္ဓါလေးမျိုးပေါ့နော်။ အဲဒီ သဒ္ဓါ လေးမျိုးထဲမှာ ခုနက ဘယ်သူမှဖျက်လို့မပျက်ဘူးဆိုတာက အဓိဂမသဒ္ဓါ၊ အဲဒီသဒ္ဓါရရင် အဲဒီပုဂ္ဂိုလ်ဟာ သုပ္ပတိဋ္ဌိတ ကောင်းစွာတည်တဲ့ပုဂ္ဂိုလ်ဖြစ်ပြီး၊ နတ်တွေချီးမွမ်းဂုဏ်တင်တဲ့ သုပ္ပတိဋ္ဌိတပုဂ္ဂိုလ်ဖြစ်ပြီ၊ ဘုရားရှင်ကိုယ်တော်မြတ်ဆိုလိုတဲ့ သုပ္ပတိဋ္ဌိတ အဓိပ္ပာယ်နော်။

## လူဖြစ်ကျိုးနပ်အောင်

အဲဒါကြောင့်မို့လို့ ဘုန်းကြီးတို့လူ့ဘဝဟာ သာမညမဟုတ်၊ နတ်တွေက တောင် ချီးမွမ်းဂုဏ်တင်ရတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကလည်းပဲ ဂုဏ်တင်ခဲ့တယ်၊ ဒီတော့ တို့ဘဝဟာ သာမညမဟုတ်ဘူး၊ သို့သော် တကယ့်ရတနာ ရပေမယ့် အလွဲသုံးစားလုပ်ရင် အကျိုးနည်းတတ်တယ်၊ အသုံးမှန်လို့ရှိရင် သုံးရော စွဲရော၊ ဒုက္ခခပ်သိမ်း အကုန်ငြိမ်းရော၊ တကယ့်ချမ်းသာဖြစ်ရော၊ ဒါကြောင့်

http://www.dhammadownload.com



မိမိတို့ ရထားတဲ့ လူ့ဘဝရတနာကြီးကို သုံးတတ်အောင် စွဲတတ်အောင် အသုံးချပြီး လူဖြစ်ကျိုးနပ်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

(သာဓု...သာဓု...သာဓု)

## ဘုရားအနေကဇာတင် ဆွမ်းအနုမောဒနာတရား

(သဒ္ဓါဗုဒ္ဓဘာသာထက် ပညာဗုဒ္ဓဘာသာဖြစ်ဖို့အရေးကြီးပုံ၊ ဆင်းတုတော်မြတ်ကို သက်တော်ထင်ရှား ဘုရားကဲ့သို့ သဘောထားနိုင်လျှင် သက်တော်ထင်ရှား ဘုရားကို ဖူးမြင်ရသည်နှင့်တူပုံ၊ ဘုရားဂုဏ်တော်၌ စိတ်ရောက်ပြီး ပူဇော်နိုင်လျှင် အကျိုးကြီးပုံ၊ ဘုရားဂုဏ်တော်ဖွင့်စာများကို များများကျက်မှတ်ပြီး ပူဇော်သင့်ပုံ၊ လောကုတ္တရာတရားကိုးပါးနှင့် လျော်သောအကျင့်ဖြင့် ပူဇော်မှ ဘုရားကိုပူဇော်ရာရောက်ပုံ၊ သရဏဂုံပါသည့်သီလက အကျိုးကြီးပုံတို့ကို စိတ်နှလုံးထဲ စွဲသွားအောင် တိုတိုရှင်းရှင်း လိုရင်းရောက်အောင် ဟောထားသောတရား ဖြစ်ပေ၏။)

ယနေ့ ဗုဒ္ဓါဘိသေကမင်္ဂလာ အနေကဇာတင်သဘင် ဆင်ယင်ကျင်းပ ပူဇော်ကြတယ်၊ ပူဇော်ကြတဲ့အခါသမယ ဆွမ်းအလှူတော်လည်း ပူဇော် လှူဒါန်းကြတယ်။

### ဗုဒ္ဓဘာသာနှစ်မျိုး

သဒ္ဓါဗုဒ္ဓဘာသာ၊ ပညာဗုဒ္ဓဘာသာလို့ နှစ်မျိုးရှိတယ်၊ သဒ္ဓါဗုဒ္ဓဘာသာဆိုတာက မိရိုးဖလာ မိဘတွေက ဗုဒ္ဓဘာသာဖြစ်လို့ ဗုဒ္ဓဘာသာ ဖြစ်နေကြရတာ၊ ဗုဒ္ဓဘာသာနဲ့စပ်ပြီးတော့ ဘာမှ မယ်မယ်ရရ ကောင်းကောင်းမွန်မွန်တော့ သိတာမဟုတ်ဘူး။

ပညာဗုဒ္ဓဘာသာဆိုတာက ဘုရားအကြောင်းသိတယ်၊ တရားအကြောင်း သိတယ်၊ သံဃာအကြောင်း သိတယ်၊ ကုသိုလ်ကောင်းမှုတွေရဲ့အကြောင်းသိတယ်၊ တော်တော်ရေရေလည်လည် သိပြီးတော့ ဘုရားကိုးကွယ်ကြ၊ တရားကိုးကွယ်ကြ၊ သံဃာကိုးကွယ်ကြ၊ ဒီပုဂ္ဂိုလ်တွေကျတော့ ပညာဗုဒ္ဓဘာသာ ခေါ်တယ်။

လောကမှာ သဒ္ဓါဗုဒ္ဓဘာသာသက်သက်ဆိုရင် ကုသိုလ်တော့ရတာပေါ့၊ လေးလေးနက်နက်တော့ မရှိလှဘူး၊ ဒါနပြုရင် ကောင်းကျိုးများများရတယ်လို့ နားမလည်ကြဘူး၊ ဘယ်လိုစိတ်ထားရမယ်၊ ဘယ်လိုပြုရင် ဘယ်လိုကောင်းကျိုးတွေ များများရမယ်ဆိုတာ နားမလည်ကြဘူး။

http://www.dhammadownload.com



သီလဆောက်တည်ရင်လည်း ဘယ်လိုဆောက်တည်တာက အကျိုးရှိတယ်၊ ဒီလိုကောင်းကောင်းမွန်မွန် ရေရေလည်လည် နားလည်တာမဟုတ်ဘူး၊ ဘာဝနာစီးဖြန်းရင်လည်း အတူတူပဲ၊ ကောင်းကောင်းမွန်မွန် နားလည်ရမယ်။

အဲသလို ဗုဒ္ဓဘာသာဝင်ဆိုင်ရာ ဘယ်ကိစ္စပဲဆောင်ရွက်ဆောင်ရွက် နားလည်မှုတော့ သိပ်မရှိလှဘူး၊ ဒါပေမဲ့ ကုသိုလ်ရမှန်းတော့ သိကြတာပဲ၊ အဲဒါမျိုးကို သဒ္ဓါဗုဒ္ဓဘာသာလို့ခေါ်တယ်။

အဲသလိုမဟုတ်ဘဲနဲ့ ကိုယ်က ဉာဏ်ရှိတယ်၊ လေ့လာထားတာ ဘုရားတရားတော်တွေ တတ်နိုင်သလောက် လေ့လာထားတော့ ဘယ်လိုလှူရင်အကျိုးရှိတယ်၊ ဘယ်လိုလှူရင်အကျိုးမရှိဘူးဆိုတာ နားလည်တယ်၊ ဘုရားကိုဘယ်လိုလှူရင် အကျိုးရှိတယ်၊ ဘယ်လိုလှူရင် အကျိုးမရှိဘူးဆိုတာ နားလည်ထားတယ်။

အဲဒီတော့ နားလည်မှုဟာ အင်မတန်အရေးကြီးတယ်၊ နားလည်မှုရှိမှ ကိုးကွယ်မှုဟာ လေးနက်တယ်၊ လေးနက်မှ အကျိုးများလည်း ကောင်းကောင်းရတတ်တယ်၊ ဒါကြောင့် ပညာဗုဒ္ဓဘာသာဆိုတဲ့ ပညာရှိတဲ့ဗုဒ္ဓဘာသာဖြစ်ဖို့ အရေးကြီးတယ်။

ယနေ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရည်မှန်းပြီးတော့ ဥဒ္ဒိဿစေတီ–ဆင်းတုတော်မြတ်တို့ကို ဗုဒ္ဓါဘိသေကမင်္ဂလာ အနေကဇာတင်ကြတယ်၊ အနေကဇာတင်သဘင် ဆင်နွှဲပြီးတော့ ပူဇော်ကြတယ်။

ဒီတော့ ဘုရားမရှိဘဲ ဘုရားပူဇော်လို့ ဘာအကျိုးရှိမတုံး၊ ဒီလိုပြောစရာရှိတယ်၊ ဒီစေတီတော်ဆင်းတုတော်တွေက တကယ့်ဘုရားမှ မဟုတ်ဘဲ၊ ဘယ်သွားအကျိုးရှိမတုံး၊ ဒီလိုလည်း ပြောစရာရှိတယ်။

*တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊ သမေ စိတ္တေ သမံ ဖလံ။*
*စေတောပဏိဓိဟေတုဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။*

*တိဋ္ဌန္တေ–သက်တော်ထင်ထင် တည်ရှိစဉ်ဝယ် ဖူးမြင်အပ်ကြားမြတ်စွာဘုရား၌လည်းကောင်း၊ ပရိနိဗ္ဗုတေစာပိ–ပရိနိဗ္ဗာန်ဝင်စံကြွသွား ဘုရားရှင်ကိုယ်တော်မြတ်၌လည်းကောင်း၊ စိတ္တေ–ဘုရားဂုဏ်အာရုံရောက်တဲ့စိတ်သည်၊ သမေ–တူမျှသည်ရှိသော်၊ ဖလံ–အကျိုးသွားသည်၊ သမံ–တစ်ပြေးတည်းညီတူမျှသည်သာတည်း၊ ဟိ–သက်တော်ထင်ရှား ဘုရားနှင့် ပရိနိဗ္ဗာန်ဝင်စံကြွသွားသော ဘုရားနှစ်ဆူအတူတူပဲဟူသောစကားမှာ အမှန်သင့်မြတ်လှပါပေ၏၊ သတ္တာ–သူသူ*

http://www.dhammadownload.com



*ငါငါ သတ္တဝါမှန်သမျှတို့သည်၊ စေတောပဏိဓိဟေတု– စိတ်ထား ကောင်းခြင်း အကြောင်းရင်းမှန် အခြေခံအရ၊ သုဂတိ–သုဂတိဘဝ သို့၊ ဂစ္ဆန္တိ – လားရောက်ကြလေကုန်သတည်း။*

**ဝိမာနဝတ္ထုပါဠိတော်**လာ ဤဒေသနာလေးက ခုနအမေးကို အဖြေပေး ထားတာ၊ ပရိနိဗ္ဗာန်ဝင်စံသွားတဲ့ ဘုရားကိုလည်းကောင်း၊ သက်တော်ထင်ရှား ဘုရားရှင်ကိုလည်းကောင်း ပူဇော်ရတာဟာ အတူတူပါပဲတဲ့။

ပူဇော်တိုင်း အတူတူလားဆိုတော့ (သမေ စိတ္တေ သမံ ဖလံ) စိတ်ထားတူ ရင် အတူတူပဲ၊ ကိုယ်က ဒီစေတီတော်မြတ်ကို သက်တော်ထင်ရှားဘုရားကဲ့သို့ သဘောမထားနိုင်ရင် အကျိုးပေးကွာတာပဲ၊ သဘောထားနိုင်ရင် အကျိုးပေး တူတာပဲ၊ သဘောထားတယ်ဆိုတာ ဂုဏ်တော်အောက်မေ့ရတာ၊ စေတီတော် ဆင်းတုတော်မြတ်တင် စိတ်က ဆုံးမနေရဘူး။

သက်တော်ထင်ရှားဘုရားရှင်ကိုယ်တော်မြတ်ကို ပူဇော်ကြတဲ့ပညာရှိတွေ ဟာ ဘယ်လိုပူဇော်တုံးဆိုတော့ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေ အာရုံပြုပြီးတော့ ပူဇော်ကြတာ။

အရဟံ–တကယ့်ပူဇော်အထူးကို ခံယူထိုက်တဲ့ ဘုရားရှင်ပါ၊ အရဟံ – တစ်ထောင့်ငါးရာကိလေသာ ရန်သူတွေကို သတ်ဖြတ်တော်မူတဲ့ ဘုရားရှင် ပါ၊ ကိလေသာတွေစင်ပြီးတော့ အလွန်ကြည်လင်နေတဲ့ ဘုရားရှင်ကိုယ်တော် မြတ်ကြီး၊ အရဟံ–ဆိတ်ကွယ်ရာ၌ မကောင်းမှုပြုတော်မမူသော ဘုရားရှင်ကိုယ် တော်မြတ်ဘုရား စသည်ဖြင့် ဂုဏ်တော်တွေကျက်ထားရတယ်၊ မှတ်ထားရ တယ်၊ ကျက်မှတ်ပြီးတော့ ပူဇော်ရတယ်၊ ဘုရားရှင်ရဲ့ဂုဏ်တော်တွေနားလည် ပြီးတော့ ကြည်ညိုမှ ကြည်ညိုရကျိုးနပ်တယ်။

အဲဒီတော့ အကျိုးပေးတူတယ်ဆိုတာ ဘုရားရှင်ရဲ့ဂုဏ်တော်မှာ အာရုံ ရောက်တဲ့စိတ်ထားတူရင် ဘုရားရှင်ကိုယ်တော်စား ဆင်းတုတော်ကိုပူဇော်ခြင်း နဲ့ သက်တော်ထင်ရှားဘုရားတို့ကိုပူဇော်ခြင်း၊ ပူဇော်ခြင်းနှစ်ပါးဟာ ခြားနားမှု မရှိ တစ်ပြေးညီ တူမျှသည်သာတည်းလို့ ဟောတော်မူတယ်။

အဲဒီတော့ အကျိုးပေးတယ်ဆိုတာ စိတ်ထားအကြောင်းပြုပြီးတော့ အကျိုး ပေးတာ၊ စိတ်ထားက တူမယ်ဆိုရင် အကျိုးပေးလည်း တူတာပဲ၊ စိတ်မထား တတ်ရင် အကျိုးပေးမတူဘူး ကွာခြားတယ်။

အဲဒါကြောင့် သက်တော်ထင်ရှားဘုရားရှင်ကိုယ်တော်မြတ်ကိုလည်း ဒီ ဂုဏ်တော်အာရုံပြုပြီး ပူဇော်ရတယ်၊ ပရိနိဗ္ဗာန်စံဝင်သွားတဲ့ဘုရားရှင်ကိုယ်တော် မြတ်ကိုအာရုံပြုပြီး ဒီဆင်းတုတော်တွေပူဇော်ရင်လည်း ဂုဏ်တော်တွေအာရုံပြု

http://www.dhammadownload.com



ပြီး ဂုဏ်တော်မှာ စိတ်ရောက်ပြီးပူဇော်ရင် တကယ်မွန်မြတ်တဲ့ ပူဇော်ခြင်း ဖြစ်သွားတယ်။

အဲဒါကြောင့် ဂုဏ်တော်ထဲ စိတ်ရောက်ရင် အကျိုးပေးအတူတူပဲတဲ့၊ ဒါကြောင့် ဘုရားပူဇော်တယ်ဆိုတာ စိတ်ထားဟာ အရေးကြီးတယ်၊ စိတ်ထားမြတ်ရင် မြတ်တာပဲ၊ စိတ်ထား ညံ့ရင် ညံ့တယ်၊ ဂုဏ်တော်ကို ရောက်အောင် စိတ်မထားတတ်လို့ရှိရင် အကျိုးပေးညံ့တယ်၊ အကျိုးပေး သိပ်မထက်သန်ဘူး၊ ခုနပြောသလို ကိုယ်က ဂုဏ်တော်များများရလို့ များများပူဇော်လေ အကျိုးပေးက ကောင်းလေပဲ။

ဒါကြောင့် ဂုဏ်တော်တွေ ကျက်ရမှာ မပျင်းကြရဘူး၊ ဂုဏ်တော်တွေကို ကျက်ကြရတယ်၊ ရအောင်ကြိုးစားရတယ်၊ ဂုဏ်တော်တွေ များများရရင် ဘုရားရှိခိုးရတာ အားရစရာအတော်ကောင်းတယ်၊ အဲသလိုမရဘဲနဲ့ ရှိခိုးရတာဟာ သြကာသနဲ့တင် ပြီးနေရင်တော့ ဘုရားရှိခိုးရတာဟာ သိပ်ပြီးတော့ နက်နက်နဲနဲ မရှိဘူး လေးလေးပင်ပင် မရှိဘူး။

အဲဒါကြောင့်မို့လို့ စာကျက်မပျင်းကြရဘူး၊ ဘုရားဂုဏ်တော်ဖွင့်ထားတဲ့ စာတွေ တတ်နိုင်သမျှ ကျက်ကြရမယ်၊ လူမို့လို့ အလုပ်မအားဘူးဆိုပေမယ့် ကိုယ်က အားလပ်ချိန်ယူရင် အနည်းငယ်တော့ ရပါတယ်၊ တစ်နေ့ နည်းနည်း ကျက်ရင် ကြာလာတော့ အများကြီးရတာပဲ။

ဒါကြောင့် ဘုရားပူဇော်တယ်ဆိုတာ အဓိပ္ပာယ်ရှိအောင်၊ အဓိပ္ပာယ်ရှိတယ်ဆိုတာ ခုနပြောသလိုပူဇော်တတ်ရတယ်၊ ဂုဏ်တော်တွေ များများရပြီး အဲဒီဂုဏ်တော်တွေ ရွတ်ဆို။ ဂုဏ်တော်အာရုံပြုပြီးတော့ ပူဇော်ရခြင်းဟာ သက်တော်ထင်ရှား ဘုရားအပေါ်မှာ စိတ်ရောက်ခြင်းပဲ၊ အဲသလိုစိတ်ရောက်တဲ့ ပုဂ္ဂိုလ်ရဲ့ စေတီပူဇော်မှုဟာ အကျိုးရှိတဲ့ပူဇော်မှု၊ အမြတ်များများရတဲ့ ပူဇော်မှုဖြစ်တယ်။

မပျင်းကြရဘူး၊ ဘုရားရှိခိုး ကျက်ကြရတယ်၊ ဘုရားဂုဏ်တော်တွေ ကြပ်ကြပ် ကျက်ကြရတယ်၊ ကျက်ပြီး ပူဇော်ရတယ်၊ အဲဒါမှ ဘုရားက ကြိုက်တာ၊ ဘုရားရှင်ကိုယ်တော်မြတ်တွေက စေတီတော် ဆင်းတုတော်တွေက မိမိတို့ရှေ့ လာပြီးတော့ ပန်းကလေးပူဇော်ရုံနဲ့ ဆီမီးလေး ပူဇော်ရုံနဲ့ ကျေနပ်တာ မဟုတ်ပါဘူး၊ ကုသိုလ်မို့လို့ ဘုရားရှင်ကိုယ်တော်မြတ်က ဒါကို ခွင့်ပြုတာပါ၊ ဒါပေမဲ့ ဒီထက်ကောင်းတဲ့ အကျင့်တွေက ရှိနေတော့ ဒီမျှနဲ့ပူဇော်လို့ရှိရင် ကျေနပ်တာ မဟုတ်ဘူး။

အာမိသပူဇာ၊ ဓမ္မပူဇာလို့ ပူဇာနှစ်မျိုးရှိတယ်။ အာမိသပူဇာဆိုတာ ဆီမီးနဲ့ ပန်းနဲ့ ရေချမ်းနဲ့ ပူဇော်တာဟာ အာမိသပူဇာ။

http://www.dhammadownload.com



ဓမ္မပူဇာဆိုတာ အဲသလောက်မျှတင် မကဘဲနဲ့ သရဏဂုံဆောက်တည်တယ်၊ သီလခံယူတယ်၊ တတ်နိုင်ရင် ဗုဒ္ဓါနုဿတိ-ဘုရားဂုဏ် အာရုံပြုပြီးတော့ ပွားများတယ်၊ ဒီထက်တတ်နိုင်ရင် ဝိပဿနာဘာဝနာပွားများတယ် စသည်ဖြင့် အဲသလိုအကျင့်တွေနဲ့ ပူဇော်မှုမျိုးကို ဘုရားရှင်ကိုယ်တော်မြတ်က ပိုပြီးတော့ နှစ်သက်မြတ်နိုးတော်မူတယ်၊ ဓမ္မပူဇာကို အထူးသဖြင့် ဘုရားရှင်ကိုယ်တော်မြတ်က အလေးပေးတော်မူခဲ့တယ်။

ဘုရားရှင်ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံလွန်တော်မူခါနီး ပူဇော်လိုက်ကြတာ နတ်တွေဟာ အမျိုးမျိုး အဖုံဖုံ အတိုင်းအဆမရှိအောင် အကြီးအကျယ် လှူခဲ့ကြတယ်၊ အဲဒါတွေကိုမြင်ရတော့ ဘုရားရှင်ကိုယ်တော်မြတ်က ရှင်အာနန္ဒာကို မိန့်တော်မူတယ်။

"အာနန္ဒာ...ငါဘုရားကို ဒီမျှပူဇော်ကြပေမယ့် ပူဇော်ရာမရောက်ဘူး၊ ဓမ္မာနုဓမ္မပဋိပတ် အကျင့်မြတ်ခေါ်တဲ့ ခုနပြောတဲ့ သရဏဂုံသီလ အစရှိသော အကျင့်တွေနဲ့ ပူဇော်မှ တကယ့်ပူဇော်ရာရောက်တယ်"လို့ မိန့်တော်မူတယ်။

အဲဒါကြောင့်မို့လို့ ဘုရားရှင်ကိုယ်တော်မြတ် တကယ်ကြိုက်တဲ့ ပူဇော်မှုဟာ သရဏဂုံသီလ၊ သမထဝိပဿနာအစရှိသော ဓမ္မာနုဓမ္မပဋိပတ်အကျင့်မြတ်တွေ၊ လောကုတ္တရာတရားကိုးပါးအားလျော်သောအကျင့်မြတ်တွေ၊ အဲဒီအကျင့်မြတ်တွေနဲ့ ပူဇော်မှ ဘုရားရှင်က နှစ်သက်တော်မူတယ်၊ ပိုပြီးတော့လိုလားတော်မူတယ်။

ဘုရားရှင်က လောကုတ္တရာကိုးပါးအားလျော်သော အကျင့်နဲ့ပူဇော်မှ ငါဘုရားအား ပူဇော်ရာရောက်တယ်၊ လောကမှာ ပစ္စည်းတွေနဲ့ပူဇော်တယ်ဆိုတာ တတော့ ကောင်းကျိုးတော့ရမှာပေါ့၊ သို့သော်လည်းပဲ သာသနာကြီးပွားမှုအတွက်တော့ သိပ်အထောက်အကူမပြုဘူး၊ သာသနာကြီးပွားဖို့က ဘုရားရှင်ကိုယ်တော်မြတ် အဆုံးအမအစရှိတဲ့ တရားတွေ ထွန်းကားဖို့၊ သာသနာကြီးပွားဖို့၊ စည်ပင်ဖို့၊ သာယာဖို့ဆိုတာ ခုနပြောတဲ့ လောကုတ္တရာတရားကိုးပါးအားလျော်သောအကျင့်တွေကျင့်မှ သာသနာကြီးပွားနိုင်တယ်လို့သိပြီးတော့ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ ကောင်းမြတ်သော ဓမ္မာနုဓမ္မပဋိပတ်အကျင့်မြတ်ဖြင့် ဘုရားရှင်ကို ပူဇော်ကြပါ၊ ကြိုးစားပြီးပူဇော်ကြပါ၊ ကဲ လိုက်ဆိုလိုက်ကြ...

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ
ဗုဒ္ဓံ ပူဇေမိ၊
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ
ဓမ္မံ ပူဇေမိ၊

http://www.dhammadownload.com



ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ
သံဃံ ပူဇေမိ။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ – ဤလောကုတ္တရာတရား ကိုးပါးအား လျော်သော သရဏဂုံသီလအစရှိသော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ ဗုဒ္ဓံ – မြတ်စွာဘုရားကို၊ ပူဇေမိ – ပူဇော်ပါ၏၊ ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ – ဤလောကုတ္တရာတရားကိုးပါးအားလျော်သော သရဏဂုံသီလ အစရှိသော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ ဓမ္မံ–တရားတော်ကို၊ ပူဇေမိ–ပူဇော်ပါ၏။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ – ဤလောကုတ္တရာတရား ကိုးပါးအား လျော်သော သရဏဂုံသီလ အစရှိသော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ သံဃံ – သံဃာတော်မြတ်ကို၊ ပူဇေမိ– ပူဇော်ပါ၏။

ယနေ့ ဒါနပြုတယ်ဆိုပေမယ့် အဲဒီဒါနဟာ သရဏဂုံသီလပါတဲ့ဒါနလို့ ခေါ်တယ်၊ အကျိုးကြီးတယ်၊ ယနေ့ မိမိတို့ရဲ့ကုသိုလ်ကောင်းမှုအလုပ်တွေနဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကို အခုပူဇော်လိုက်ကြပြီ၊ အဲသလို ဘုရားရှင်ကိုယ်တော်မြတ် အလွန်ကြိုက်နှစ်သက်တော်မူတဲ့ ဓမ္မာနုဓမ္မပဋိပတ်ဖြင့်ရနိုင်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာဆိုက်ရောက်နိုင်ကြပါစေကုန်သတည်း။

(သာဓု…သာဓု…သာဓု)

## မေတ္တာတရားတော်

(မေတ္တာပို့တာ မိမိလည်းအကျိုးရှိ၊ သူတစ်ပါးလည်းအကျိုးရှိ၊ မေတ္တာကို မမြင်ရပေမယ့် နာမ်တရားတို့၏ အရှိန်အဝါဆိုတာ အလွန်ကြီးမားကြောင်း။ ရှေးက ဆရာတော်များ တောထဲမှာ မေတ္တာနှင့်သီတင်းသုံးလို့ သားရဲတိရစ္ဆာန်များက အန္တရာယ်မပြုကြကြောင်း၊ တစ်ဦးချင်းထက် အများစုပို့သည့်မေတ္တာသည် ပိုအားကြီးကြောင်း၊ ကမ္ဘာငြိမ်းချမ်းရေး မြန်မာ့ငြိမ်းချမ်းရေးအတွက် မေတ္တာတရားကို အထူးပွားများသင့်ကြောင်း နှစ်ထောင်းအားရစဖွယ် ဟောကြားတော်မူ၏။)

ယနေ့ **ဝါခေါင်လပြည့်နေ့** ဆိုတော့ **မေတ္တာအခါတော်နေ့** ဆိုပြီး သတ်မှတ်ထားကြတယ်၊ ဒီနေ့မှာ မေတ္တာအထူးပို့ကြရတယ်၊ မေတ္တာများများပို့ခိုင်းရမယ်၊ အားလုံးသိကြတဲ့အတိုင်း ကမ္ဘာမှာလည်း ဗရုတ်သုက္ခတွေနဲ့ လူတွေ အများကြီး ဒုက္ခရောက်ကြရတယ်။ နေရာတကာမှာလည်း တစ်နေရာမဟုတ် တစ်နေရာ၊ တစ်မျိုးမဟုတ်တစ်မျိုး ဒုက္ခအမျိုးမျိုးတွေနဲ့ ကြုံကြရတယ်။ အဲဒီ

http://www.dhammadownload.com



တော့ ဘုန်းကြီးတို့က စုပေါင်းပြီးတော့ မေတ္တာဖြင့် ချမ်းသာဖို့ အားပေးကြရတယ်။

## မေတ္တာအခါတော်

ဘုန်းကြီးတို့ မေတ္တသုတ်ပရိတ်တရားရှိတယ်၊ အဲဒီပရိတ်တရား အဲဒီ ဘာဝနာ ဖြစ်လာတာဟာ ဒီဝါခေါင်လပဲ။ ဘုန်းကြီးတို့ဘုရားရှင်ကိုယ်တော်မြတ် လက်ထက်က ရဟန်းငါးရာဟာ ဘုရားရှင်ကိုယ်တော်မြတ်ထံက ကမ္မဋ္ဌာန်း သင်ယူပြီးတော့ သပ္ပာယဖြစ်ရာအရပ်သွားပြီး နေကြမယ်ဆိုပြီးတော့ ဟိမဝန္တာ နဲ့ တစ်ဆပ်တည်းနေတဲ့ တောအုပ်ကြီးတစ်ခုထဲမှာ သွားပြီးတော့တရားအားထုတ် နေကြတယ်၊ အဲသလို တရားအားထုတ်နေကြတုန်း သံဃာတော်တွေက အောက် မှာ တရားအားထုတ်နေတော့ သစ်ပင်တွေမှာနေနေကြတဲ့ နတ်တွေက ရဟန်း တော်တို့ရဲ့သီလတန်ခိုးကြောင့် သစ်ပင်ပေါ်မှာ မနေနိုင်ကြဘူး၊ သူတို့သားသမီး လေးတွေ လက်ဆွဲပြီးတော့ ဟိုသွား ဒီသွား ဒီလိုနေကြရတယ်၊ သူတို့စိတ်ထဲ မှာ အရှင်မြတ်တွေ မကြာခင်ပြန်ကြလိမ့်မယ်ဆိုပြီးတော့ ဒီလိုပဲ စောင့်စားပြီး နေခဲ့ကြတယ်၊ သို့သော် တော်တော်ကြာပေမယ့် ပြန်မယ့်လက္ခဏာမတွေ့ရ တော့ သူတို့ကလည်း ရဟန်းတော်တွေ ပြန်ပြေးအောင်ဆိုပြီး ခြောက်လှန့်ကြ တယ်၊ ဖောက်ပြန်တဲ့ ကြောက်မက်ဖွယ်ရာအဆင်းတွေပြ, အသံတွေပြုနဲ့ ခြောက် လှန့်ကြတယ်။

အဲဒီအသံတွေအကြောင်းပြုပြီးတော့ ရဟန်းတော်တွေ ကြောက်ကြလန့်ကြ တော့ သမာဓိမရကြဘူး၊ စိတ်တည်ကြည်မှုမရကြဘူး၊ တရားမတိုးတက်ဘူး။ အဲဒီအခါ တို့...ဒီနေရာမှာ သပ္ပာယမဖြစ်ဘူးဆိုပြီးတော့ ဘုရားရှင်ကိုယ်တော် မြတ်ထံသွားဖို့ တိုင်ပင်ကြပြီး ဝါတွင်းကြီးပဲ ဘုရားရှင်ကိုယ်တော်မြတ်ထံ သွား ကြတယ်၊ ဟိုရောက်တဲ့အခါကျတော့ ဘုရားရှင်ကိုယ်တော်မြတ်က ဘယ့်နှယ် ကြောင့် ဝါတွင်းကြီးလာကြရတုံးလို့ မေးတဲ့အခါ မိမိတို့အဖြစ်အပျက်ကို ပြန် ပြီးတော့ လျှောက်ထားကြတယ်။

အဲဒီအခါမှာ ဘုရားရှင်ကိုယ်တော်မြတ်ကလည်း ဒီရဟန်းတော်တွေအဖို့ ဒီနေရာမှာ သူတို့သပ္ပာယဖြစ်လို့ ဒီနေရာမှာမှ သူတို့တရားထူးရဖို့ရာ သူတို့ အကြောင်းထူးရှိတယ်ဆိုပြီးတော့ မေတ္တာသုတ်ပရိတ်တရားတော်မြတ်ကို သင် ပေးတော်မူတယ်၊ အန္တရာယ်ကင်းတဲ့ပရိတ်အဖြစ်ဖြင့်လည်းကောင်း၊ အန္တရာယ် ကင်းဖို့ရာ အရံအတားပရိတ်အဖြစ်ဖြင့်လည်းကောင်း၊ မေတ္တာဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းပွားများဖို့ရာ ဘာဝနာအဖြစ်ဖြင့်လည်းကောင်း သင်ပေးတော်မူလိုက် တယ်။

http://www.dhammadownload.com



ဘုရားရှင်ကိုယ်တော်မြတ်ဆီက သင်ကြားပြီးတော့ နောက်ဆုံး သူတို့ တောတောက သီတင်းသုံးရာ တောထဲပြန်သွားကြတယ်။ အဲဒီမှာ သွားပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ် ညွှန်ကြားတော်မူတဲ့အတိုင်း မေတ္တာတွေပွားကြ၊ ဘာဝနာတွေ ပွားကြ၊ မေတ္တသုတ်ပရိတ်တရားတွေ ရွတ်ကြနဲ့ အဲသလို ရွတ်လာတော့ နောက်ဆုံး နတ်တွေက မထေရ်တွေအပေါ်မှာ ချစ်မြတ်နိုးလာကြတယ်၊ မထေရ်တွေရဲ့ဝတ်ကြီးဝတ်ငယ်တွေ သူတို့ပြုလာကြတယ်၊ မထေရ်တွေကို စိတ်ချမ်းသာအောင် ပြုလာကြတယ်။

အဲဒါနဲ့ မထေရ်တွေလည်း မြတ်စွာဘုရားပေးတော်မူတဲ့နည်းအရ မေတ္တာဘာဝနာပွားလိုက်ကြတာ အရံအတားအဖြစ်ဖြင့် မေတ္တသုတ်ရွတ်ကြ ဖတ်ကြ၊ အဲသလိုနဲ့ နောက်ဆုံး နိမိတ်တွေထင်လာ၊ ဈာန်တွေထင်လာ၊ ဈာန်ရပြီးတော့ မဂ်ဖိုလ်ရကြလို့ အားလုံး ဒီဝါတွင်းမှာပဲ ရဟန္တာဖြစ်သွားကြသတဲ့။

အဲဒီအခါတုန်းက ရဟန်းတော်တွေရဲ့အဖြစ်ဟာ ဒီဝါခေါင်လပဲ။ ဘုရားရှင် ကိုယ်တော်မြတ်ထံက မေတ္တာသုတ်ပရိတ်တရားကို ယူဆောင်ပြီး လာကြ၊ ဒီမှာအားထုတ်ကြ။ အဲဒါအကြောင်းပြုပြီး ယနေ့ကို မေတ္တာအခါတော်နေ့ဆိုပြီးတော့ ကျင်းပကြတယ်။

ယနေ့ မေတ္တာများများပို့ခိုင်းရတယ်။ အဲသလိုပဲ မေတ္တာတရားကို ကြိုးစားပြီးတော့ ပို့ပေးကြရတယ်။ မေတ္တာတရားဆိုတာကတော့ အားလုံးသိတဲ့အတိုင်းပါပဲ။ ကိုယ်လည်းအကျိုးရှိ သူတစ်ပါးလည်းအကျိုးရှိ။ ညကတောင် ဘုန်းကြီးက သံဃာတွေ မေတ္တာပို့ဖို့ဆိုပြီးတော့ ပြောထားရသေးတယ်။

## ကမ္ဘာကြီး အေးချမ်းဖို့

ခုနေအခါမှာ ပိုပြီးတော့ မေတ္တာပွားဖို့ရာ အရေးကြီးသေးတယ်။ ကမ္ဘာမှာ ဘယ်လိုဘေးအန္တရာယ်တွေ ကြုံနေတယ်ဆိုတာ အားလုံးအသိပဲ၊ သတင်းစာတွေထဲပါ၊ ရေဒီယိုတွေ ဘာတွေထဲလည်း လွှင့်ကြ ပြုကြဆိုတော့ သိကြတယ်။

အားလုံးကမ္ဘာကြီးလည်း အေးချမ်းသာယာအောင်၊ ဘုန်းကြီးတို့မြန်မာပြည်ကြီးလည်း အေးချမ်းသာယာပြီးတော့ ဖွံ့ဖြိုးတိုးတက်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မေတ္တာတရားတွေ ကြပ်ကြပ်ပွားများကြဖို့ အရေးကြီးတယ်နော်။

## မေတ္တာဆိုတာ ဓာတ်ခိုက်တယ်

မေတ္တာဆိုတာက ထူးခြားတဲ့ဓာတ်သဘာဝတစ်မျိုး၊ လောကမှာ ဓာတ်ခိုက်တယ်ဆိုတာရှိတယ်၊ ဓာတ်ခိုက်တယ်တဲ့၊ ဘုန်းကြီးတို့ ဥသျှစ်သီးကို မီး

http://www.dhammadownload.com



ဖုတ်လိုက်လို့ရှိရင် အဲဒီဥသျှစ်ပင်ပေါ်မှာရှိတဲ့ အသီးတွေ အကုန်ကြွေကျတယ်လို့ ဆိုတယ်။

ပင်လယ်ထဲမှာ ချောင်းတွေမြစ်တွေထဲမှာ ရေတက်လို့ရှိရင် ငါးပိအိုးထဲက ငံပြာရည်ဟာ တက်လာတယ်၊ အဲဒါ ရုပ်ဝတ္ထုတွေက ဓာတ်ခိုက်တာ။ ဒီတမာပင်ကို လူတွေစားနေရင် တယ်မခါးဘူး၊ လူမစားတဲ့ တမာပင်ကျတော့ ခါးသွားတယ်။ အဲဒါတွေလည်း ဓာတ်ခိုက်ခြင်းသဘောတရားပဲ။ အဲသလို ရုပ်ဝတ္ထုပစ္စည်းတွေမှာ ဓာတ်ခိုက်တယ်ဆိုတဲ့သဘောတရားရှိသလို နာမ်တရားတွေမှာလည်း ဓာတ်ခိုက်တယ်ဆိုတဲ့သဘောတရားတွေ ရှိတာပဲ။ သူ့မကောင်းကြံရင် ကိုယ်မကောင်းကျိုးရတယ်၊ သူ့ကို ချစ်မြတ်နိုးရင် သူကလည်း ချစ်မြတ်နိုးတာပဲ၊ အဲဒီနာမ်တရားတွေရဲ့ ဓာတ်ခိုက်မှုဟာလည်း ရှိတာပဲ။

မေတ္တာဆိုတဲ့တရားရဲ့အကျိုး၊ မေတ္တာဆိုတဲ့တရားရဲ့ဓာတ်ခိုက်မှုဆိုတာဟာလည်း ရှိတာပဲ၊ အမှန်က မမြင်ရပေမယ့် နာမ်တရားတို့ရဲ့အရှိန်အဝါ ဆိုတာက အင်မတန်ကြီးမားတယ်။ ရှေးက ဆရာတော် **ဦးသီလ** အစရှိသော မထေရ်မြတ်ကြီးတွေ တောထဲမှာ သီတင်းသုံးကြတယ်၊ ကျားတွေ၊ ဆင်တွေ၊ သတ္တဝါတွေက အန္တရာယ်မပြုကြဘူး။ အဲဒါတွေဟာ ဘာတုံးဆိုရင် ဆရာတော်ကြီးတွေရဲ့ မေတ္တာပဲ၊ မေတ္တာက ဓာတ်ခိုက်လို့ သတ္တဝါတွေဟာ ငြိမ်သက်အေးချမ်းပြီးတော့ ဆရာတော်ကြီးအပေါ်မှာလည်း သူတို့မေတ္တာပြန်ထားကြတယ်၊ အဲဒါကြောင့် ဘာအန္တရာယ်မှ မကြုံရဘူး။

## မေတ္တာအရှိန်

သဝိညာဏကမပြောနဲ့၊ အဝိညာဏက– အန္တရာယ်တွေတောင် မကြုံရဘူး၊ အဲဒါကြောင့် ဓာတ်ခိုက်တယ်ဆိုတာရှိတယ်။ အဲဒီတော့ လောကမှာ ဓာတ်ခိုက်တယ်ဆိုတဲ့သဘောမျိုးရှိသလို ထိုထိုနာမ်တရားတို့ရဲ့ အစွမ်းသတ္တိအာနုဘော်တွေဟာလည်း ရှိနေတယ်။ အဲဒီနာမ်တရားတွေကို အကြောင်းပြုပြီးတော့ မေတ္တာပွားခြင်းကြောင့် မိမိကိုယ်တိုင် ထိုမေတ္တာတို့ရဲ့အရှိန်အစော် အာနုဘော်ကို ခံရတယ်၊ မိမိပို့လွှတ်တဲ့ပုဂ္ဂိုလ်လည်း ဒီကမေတ္တာအရှိန်ကြောင့် သူ့မှာ ချမ်းသာခြင်းဆိုတဲ့ သုခ ကြုံရတယ်၊ ဘေးကင်းနိုင်တယ်၊ ရန်ကင်းနိုင်တယ်၊ အန္တရာယ်ကင်းနိုင်တယ်။

အဲဒီတော့ တစ်ယောက်တည်းပို့တဲ့မေတ္တာထက် အများက စုပေါင်းပြီး မေတ္တာပို့တော့ ပိုပြီးတော့အရှိန်အဝါရှိတယ်၊ အများရဲ့အရှိန်အစော်ဆိုတာလည်း နည်းတာမဟုတ်ဘူး။

http://www.dhammadownload.com



## အများကစုပို့တဲ့ မေတ္တာအား

ဘုန်းကြီးတို့ စံကျောင်းဆရာတော်ကြီးက **"အပရိဟာနယ လက်စွဲ"** မှာ မိန့်ထားတာရှိတယ်၊ အများရဲ့ကုသိုလ်ဆိုတာ မနည်းဘူး၊ အများရဲ့အရှိန်အဝါဆိုတာ မနည်းဘူးဆိုတဲ့အကြောင်း၊ သူတို့ ညောင်တုန်း ရွှေဟင်္သာတောရ တိုက်မှာ ရှေးတုန်းက သံဃာသုံးဆယ်လောက်ရှိတယ်၊ နောက်အခါကျတော့ တဖြည်းဖြည်းတိုးလာတာ သံဃာတစ်ရာကျော်လောက် ရှိသွားတယ်။ သုံးဆယ်လောက်တုန်းက သံဃာပြည့်စုံမှုဟာ တစ်ရာကျော်လောက်ရှိတဲ့အခါပြည့်စုံမှုကို မမီဘူးတဲ့။ အဲဒါ ဘာကြောင့်တုံးဆိုရင် အများရဲ့ကံဟာ ထူးခြားတယ်ဆိုတာ သာဓကပြတာပဲ။

အဲဒါလိုပဲ ခုလိုဘုန်းကြီးတို့ မေတ္တာပို့ကြတော့ အများက ပို့လို့ရှိရင် ပိုပြီးတော့အရှိန်အစော်ရှိတယ်၊ အာနုဘော်ရှိတယ်၊ ခရီးပိုရောက်နိုင်တယ်ဆိုပြီးတော့ အခုအများစုပေါင်းပြီးတော့ မေတ္တာပို့ကြဖို့ ထိုထိုနေရာမှာ နှိုးဆော်ပေးနေကြတယ်၊ ဒါကြောင့် ဘုန်းကြီးတို့ကလည်း ယနေ့အထူးအဖြစ်ဖြင့် မေတ္တာပွားဖို့ တိုက်တွန်းရတာနော်။

## စန္ဒကူးတုံးလို ကျင့်သုံးပါ

အတ္တဆိန္နမ္ပိဝါသေတိ၊ သုဂန္ဓေနိဝစန္ဒနံ၊

သန္တော မေတ္တာသုဂန္ဓေန၊ အတ္တဟိံသမ္ပိ ဝါသယေ။

စန္ဒနံ–အမွှေးနံ့ထူး စန္ဒကူးဆိုတဲ့ နံ့သာသည်၊ အတ္တဆိန္နမ္ပိ– မိမိဆိုတဲ့ စန္ဒကူးကို ဖြတ်ပိုင်းလာတဲ့ပုဂ္ဂိုလ်ကိုသော်လည်း၊ သုဂန္ဓေန–ဒေါသမဖက် သက်သက်ကောင်းမြတ်သော အနံ့ကလေးဖြင့်၊ ဝါသေတိဣဝ–ထုံစေမွှန်းစေ မွှေးစေသကဲ့သို့၊ သန္တော–သူတော်ကောင်းဖြစ်ကြသော ဒကာ, ဒကာမအပေါင်း သူတော်ကောင်းတို့သည်၊ အတ္တဟိံသမ္ပိ – မိမိကို ပုတ်ခတ်ရိုက်နှက် ညှဉ်းဆဲတဲ့ ပုဂ္ဂိုလ်ကိုပင်၊ မေတ္တာသုဂန္ဓေန– မေတ္တာတည်းဟူသောရနံ့ကလေး အမွှေးဓာတ်ပေးသဖြင့်၊ ဝါသယေ– ဝါသေယျ– အနံ့ထုံစရာ ပြုလိုက်ပါတော့လော။

စန္ဒကူးတုံးလေးလို ကျင့်ကြပါတဲ့၊ စန္ဒကူးတုံးလေးဟာ မိမိကိုလာပြီး ပိုင်းတဲ့ ဖြတ်တဲ့ ပုဂ္ဂိုလ်ကိုပေမယ့် သူက ဒုက္ခမပေးဘူး၊ မိမိရဲ့အနံ့ကလေးတောင် ပေးလိုက်သေးတယ်၊ အမွှေးနံ့လေး။ အဲဒါလိုပဲ သူတော်ကောင်းဖြစ်ကြတဲ့ မိမိတို့ဟာ တကယ်လို့ မိမိကို လာစော်ကားတဲ့ပုဂ္ဂိုလ်ကိုပင်ဖြစ်စေ၊ ခန္တီဆိုတဲ့တရားလေး လက်သုံးထားပြီးတော့ ပြန်ပြီး မေတ္တာရနံ့လေး ပေးကြပါလို့ တိုက်တွန်းတယ်။

http://www.dhammadownload.com



## ဘုရားအလိုကျ မေတ္တာထားပါ

လောကမှာ ဘုန်းကြီးတို့ဘုရားရှင်ကိုယ်တော်မြတ်ကလည်း ဘယ်လောက်ထိအောင် သည်းခံဖို့ မေတ္တာထားဖို့ ဟောကြားသတုံးဆိုတော့ သူခိုး ဓားပြတွေက အသွားနှစ်ဖက်ရှိတဲ့လွှကြီးနဲ့ မိမိကိုလာတိုက်ပေမယ့် အဲဒီပုဂ္ဂိုလ်အပေါ်မှာ စိတ်ဆိုးမယ် ပြန်ပြီးရန်ပြုမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ ငါဘုရားဩဝါဒမနာခံတဲ့ပုဂ္ဂိုလ်တဲ့၊ အဲသလောက်ထိအောင် မိမိကိုယ်ကို လာပြီးတော့ နှိပ်စက်တဲ့ သူခိုး ဓားပြတွေအပေါ်မှာတောင် မေတ္တာထားနိုင်မှ မေတ္တာပွားနိုင်မှ ခန္တီတရားလက်သုံးထားမှ ငါဘုရားအဆုံးအမ လိုက်နာတဲ့ပုဂ္ဂိုလ်ဖြစ်တယ်လို့ အဲသလိုဟောထားတာရှိတယ်။ အဲဒါကြောင့်မို့လို့ ဘုရားအလိုတော်က ကိုယ်တော်တိုင်လည်း မိမိကိုစော်ကားတဲ့ ကျောက်တုံးကြီးလိမ့်ချတဲ့ ဒေဝဒတ်အပေါ်မှာ သားတော် ရာဟုလာလေးလိုပဲ မထူးဘူးတဲ့။ အဲဒီတော့ ခန္တီဆိုတဲ့တရားဟာ ဘုရားရဲ့ အကျင့်၊ ဘုရားရှင်ကိုယ်တော်မြတ် အစဉ်သဖြင့်ကျင့်ခဲ့တဲ့အကျင့်၊ ဒါ့ကြောင့် ခန္တီတရား လက်သုံးထားပြီးတော့ မိမိကိုယ်ကို စော်ကားတဲ့ပုဂ္ဂိုလ်ကိုသော်လည်း မေတ္တာတရား ပွားများပြီးတော့ တုံ့ပြန်ခြင်းဖြင့် တကယ့်ဘုရားအလိုတော်ကျအောင် ဆောင်ရွက်နိုင်ဖို့အရေးကြီးတယ်။

သီလ သမာဓိ ပညာနံ၊ ခန္တိပဓာန ကာရဏံ။

သဗ္ဗေပိကုသလာဓမ္မာ၊ ခန္တျာယတ္တာ ဝ ဝတ္တရေ။

ခန္တီ–သည်းခံခြင်းဆိုတဲ့ ခန္တီတရားသည်၊ သီလ သမာဓိ ပညာနံ– သီလ, သမာဓိ, ပညာ တရားတို့၏၊ ပဓာန ကာရဏံ– လိုရင်းအကျ ပဓာနဖြစ်တဲ့ အကြောင်းရင်းပါပေတည်း၊ (အလုံးစုံသော သီလ, သမာဓိ, ပညာ တရားတွေဟာ ခန္တီနဲ့စပ်နေတယ်၊ ခန္တီ ရှိမှ ဖြစ်နိုင်တယ်၊ သည်းခံခြင်းရှိမှ) သဗ္ဗေပိကုသလာဓမ္မာ–အလုံးစုံသော ကုသိုလ်တရားမှန်သမျှတို့သည်လည်း (ဗောဓိပက္ခိယတရားအစရှိသော ကုသိုလ်ရတနာတရားတွေ)၊ ခန္တျာ ယတ္တာဝ– ခန္တီ နှင့် ဆက်သွယ်ရမှသာလျှင်၊ ဝတ္တရေ ဝတ္တန္တိ – ကောင်းစွာမသွေ ဖြစ်နိုင်ကြပါပေကုန်သတည်း။

ကိုယ့်ကိုစော်ကားတဲ့ပုဂ္ဂိုလ်ကိုတောင် ခန္တီသုံးပြီးတော့ ပြန်ပြီး တုံ့ပြန်မှုမပြုဘဲနဲ့ သည်းခံရမယ်၊ မေတ္တာထားရမယ်လို့ဆိုတာ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဝါဒ၊ ကိုယ်တော်တိုင် ဒီအဆိုင်းကျင့်ကြံတော်မူခဲ့တဲ့အတိုင်း တပည့်တွေကိုလည်း ဒီအတိုင်းဆုံးမတော်မူခဲ့တယ်၊ ဒါကြောင့် မေတ္တာတရား ခုလိုမစော်ကားတဲ့ပုဂ္ဂိုလ်တွေကို မေတ္တာတရားပွားမယ်ဆိုတာ ပွားနိုင်တာပေါ့။ ဒါကြောင့်မို့လို့ ကမ္ဘာ့ငြိမ်းချမ်းရေး၊ မြန်မာ့ငြိမ်းချမ်းရေးအတွက် မေတ္တာတရားကို အထူး

http://www.dhammadownload.com



ပွားများခြင်းဖြင့် သတ္တဝါတွေ ချမ်းသာအောင် ရွက်ဆောင်ကြပါကုန်လော၊ ရွက်ဆောင်နိုင်ကြပါစေကုန်သတည်း။

(သာဓု ... သာဓု ... သာဓု)

## ထူးခြားသောကုသိုလ်များ တိုးပွားရေးတရားတော်

ဒီနေ့ ကွယ်လွန်သွားတဲ့ ဒကာကြီး ဦးချစ်မောင် (၃) လပြည့်နေ့ အခါသမယ၌ မိမိတို့သားကလေး မြေးကလေးကို ရှင့်အဖြစ်ရောက်အောင် ရွက်ဆောင်ပေးခြင်းဖြင့် ပဗ္ဗဇ္ဇာဘိသေက မင်္ဂလာ အဘိသိက်မင်္ဂလာတင်ပေးခြင်းဖြင့် ထူးမြတ်သော ကုသိုလ်တို့ကို ဆည်းပူးခဲ့ကြတယ်၊ ဒကာကြီး ရပါစေဆိုပြီးတော့ ဤကောင်းမှု အကြောင်းပြု၍ သာဓုခေါ်နိုင်ပြီး ဒကာကြီးဟာ ဖြစ်ရာဘဝမှာ ချမ်းသာသုခ တိုးတက်ခံစားရပါစေဆိုတဲ့ ကောင်းမြတ်တဲ့သမ္မာဆန္ဒနဲ့ ဒကာမကြီးနဲ့တကွ သားသမီးတွေက ရှင်ပြုသဘင် ဆင်ယင်ကျင်းပပူဇော်ကြတယ်။

ဒကာကြီးက အခုဘယ်ရောက်နေသလဲ၊ သူ့ကံအလျောက် သူ့ကုသိုလ်တွေ၊ ကောင်းမှုတွေအလျောက် တစ်ဘုံတစ်ဘဝမှာ ရောက်ပြီးတော့ အကျိုးတွေ ခံစားနေရတယ်၊ လူဆိုတာဟာ ကွယ်လွန်သွားပြီဆိုရင် ဒါ တစ်ဘဝတော့ ရောက်သွားတာပဲ၊ ကိုယ့်ကံအလျောက် ကောင်းမှုက အကျိုးပေးရင် ကောင်းတဲ့ဘဝ ရောက်မယ်၊ မကောင်းတဲ့ကံတွေက အကျိုးပေးရင် မကောင်းတဲ့ဘဝ ရောက်နေရမယ်၊ သူ့ကံအလျောက်ပဲ၊ ဘယ်သူမှ မမြင်နိုင်ဘူး။

"ဘယ်သက် ဘယ်ရွယ်မှာ၊ ဘယ်ရောဂါနှင့်၊ ဘယ်ခါကာလ၊
ဘယ်ဒေသဌ၊ သေရမည့်တာ၊ ဒို့သူငါ မှန်စွာမသိပါတကား"

လူဆိုတာ ဘယ်အသက်အရွယ်မှာ သေမယ်၊ ဘယ်အချိန်မှာ သေ မယ်၊ ဘယ်ရောဂါနဲ့ သေမယ်၊ ဘယ်သင်္ချိုင်းမှာ ပစ်ချရမယ်၊ သေတော့လည်း ဘယ်ဘဝရောက်မယ်ဆိုတာ အမှတ်အသား အပိုင်းအခြား မရှိဘူး၊ ကံအားလျော်စွာ ဖြစ်ချင်သလိုဖြစ်တာ။ ကုသိုလ်ကံရဲ့ အကျိုး ခံစားရရင် ဖြစ်ရာဘဝမှာ ချမ်းချမ်းသာသာပဲ နေရမယ်၊ အကုသိုလ်အကျိုး ခံစားရရင် ဖြစ်ရာဘဝမှာ မကောင်းတဲ့ အကျိုးတွေ ခံစားရမယ်။

ဒကာကြီးကတော့ ကောင်းမှုရှင် ကုသိုလ်ရှင်တစ်ယောက်ဖြစ်တော့ ကောင်းရာဘဝ ရောက်လိမ့်မယ်လို့ မိမိတို့ မျှော်မှန်းရတယ်၊ ဒီဘဝမှာ မိမိတို့ ခံစားရတဲ့ အကျိုးတွေဟာ ဟိုဘဝက ကံကြောင့်၊ ဒကာကြီးလည်း အခု လူ့ဘဝမှာ သူ သက်တမ်းစေ့နေပြီးတော့ လူ့ဘဝချမ်းသာ ခံစားခဲ့ရတယ်၊ ချမ်းသာဆင်းရဲ အမျိုးမျိုးပေါ့ ဒီဘဝက သူပြုထားခဲ့တဲ့ ကုသိုလ်တွေအများကြီး၊ အဲဒီကုသိုလ်တွေရဲ့ အကျိုး နောက်ဘဝ ခံစားရတယ်။

http://www.dhammadownload.com



ယနေ့ မိမိတို့က ချမ်းသာသုခ တိုးတက်ခံစားရပါစေလို့ အထောက်အပံ့ပေးသောအားဖြင့် ကုသိုလ်တွေပြုပေးကြတယ်၊ အခု ဒကာမကြီးနှင့်တကွ သားသမီးတွေ လူ့ဘဝအကျိုး ခံစားရတယ်၊ ကောင်းတဲ့အကျိုးလည်း ခံစားရမယ်၊ မကောင်းတဲ့အကျိုးလည်း ခံစားရမယ်နော်၊ မိမိတို့ လူ့ဘဝမှာ စားဝတ်နေရေး မပူရဘူး။ မပူရတဲ့အပြင် အခုလိုပဲ အကြောင်းအားလျော်စွာ လှူရေးကြံ့ရင် လှူနိုင်ကြတယ်၊ သီလစောင့်ဖို့ကြံ့ရင် သီလစောင့်နိုင်ကြတယ်၊ ဘာဝနာစီးဖြန်းဖို့ကြံ့ရင် ဘာဝနာစီးဖြန်းနိုင်ကြတယ်၊ ကောင်းကျိုးတွေ ခံစားရတယ်၊ ဒါ ရှေးဘဝက မိမိတို့ပြုခဲ့တဲ့ ကံကြောင့်။

ရှေးဘဝက ကောင်းမှုရှိလို့ ဒီဘဝမှာ မိမိတို့ လူကောင်းသူကောင်းဖြစ်ကြရတယ်၊ သူတော်ကောင်းတွေ ဖြစ်ကြရတယ်၊ သူတော်ကောင်းအကျင့်တွေကျင့်ကြရတယ်။

သူတော်ကောင်းအကျင့်ဆိုတာ ဘာတုံး မကောင်းမှုတွေ မပြုဘူး၊ တတ်နိုင်သမျှ ရှောင်ကြတယ်၊ ကောင်းမှုတွေပြုကြတယ်၊ ယနေ့ရှင်ပြုပဗ္ဗဇ္ဇမင်္ဂလာကောင်းမှုပြုကြတယ်၊ ဒကာကြီး ချမ်းသာဖို့ အကြောင်းပြုပြီး ကုသိုလ်တွေပြုကြတယ်၊ အဲဒါတွေဟာ အကြောင်းမဲ့ဖြစ်ခဲ့သလားဆိုတော့ မဟုတ်ဘူးနော်။

လောကမှာ တင့်တင့်တယ်တယ် နေနိုင်ကြတယ်၊ စားဝတ်နေရေး မပူရ၊ ကုသိုလ်ရေး မပူရ ဘာအရေးမှ မပူရဘူး၊ ဒါတွေဟာ အားလုံး ရှေးဘဝက ခုနပြောတဲ့ ဉာဏသမ္ပယုတ်စိတ်နဲ့ အားထုတ်ခဲ့တဲ့ ကုသိုလ်တွေရဲ့ အရှိန်အဝါ၊ အာနုဘော်၊ ကုသိုလ်တွေရဲ့ သတ္တိ။

လူ့ဘဝမှာ သတ္တိဆိုတာ အလွန်အရေးကြီးတယ်၊ အဲဒီသတ္တိတွေဟာ လိုက်နေတာ၊ ဟိုဘဝက ကောင်းအောင်ပြုခဲ့ရင် ကောင်းတဲ့ဓာတ်တွေက ဒီဘဝလိုက်နေတာ၊ မကောင်းအောင် ပြုရင်လည်း မကောင်းတဲ့ဓာတ်တွေက လိုက်နေတာပဲ၊ ဓာတ်ဆိုတာ မြင်ရတာတော့ မဟုတ်ဘူး၊ မမြင်ရပေမယ့် ရှိနေတယ်။

ဘုန်းကြီးတို့ကံဆိုတာ ရှိတယ်၊ ကုသိုလ်ကံတွေ ဆိုပါတော့၊ ရှေ့ဘဝက ဉာဏသမ္ပယုတ်ကုသိုလ်စိတ်ဖြင့် ကောင်းမှုတွေ ပြုခဲ့ကြတယ်၊ အဲဒီကံတွေဟာ ဖြစ်ပြီးရင် သူက ပျောက်တာပဲ၊ အခုကုသိုလ်တွေ လုပ်ကြတယ်၊ မနေ့ကလည်း လှူဖို့တန်းဖို့ စီမံကြတယ်၊ ပြင်ဆင်ကြ၊ ပြုပြင်ကြ၊ ဒီနေ့လည်းပဲ လှူဖို့တန်းဖို့ ဆောင်ရွက်ခဲ့ကြတယ်၊ အခုလည်းပဲ လှူတန်းတုန်း အဲဒီအခါမှာဖြစ်တဲ့ စေတနာတွေဟာ မနည်းဘူး၊ အဲဒီစေတနာတွေဟာ နာမ်တရား၊ နာမ်တရားဆိုတာ ဖြစ်ပြီး ပျောက်တာပဲ၊ ပျောက်ပေမယ့် ဒီနာမ်တရားတွေက ကံတွေ၊ ကံတရားတွေဟာ လုံးဝပျောက်သွားတာ မဟုတ်ဘူး၊ အခု ရိုးရိုးနာမ်တွေ နာမ်တရားတွေဟာ

http://www.dhammadownload.com



ဖြစ်ပြီးပျောက်၊ဖြစ်ပြီးပျောက် ဘာမှမကျန်တော့ဘူး၊ ကံဆိုတဲ့ ကုသိုလ်အကုသိုလ် ကံတရားကတော့ ပျောက်သွားတာမဟုတ်ဘူး၊ ချုပ်သွားပေမယ့် ပျောက်သွားတာမဟုတ်ဘူး၊ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ အကျိုးပေးတတ်တဲ့ စာတ်သဘာဝကို မြှုပ်နှံပြီးတော့ ဓာတ်သဘာဝလေးတွေ ချန်ထားခဲ့ပြီးတော့ သူက ချုပ်ချုပ်သွားတာ၊ ချုပ်သွားတော့ အဲဒီကံတွေ ချုပ်သွားပေမယ့် အဲဒီဓာတ်သဘာဝလေးဟာ ဒီပုဂ္ဂိုလ်သန္တာန်မှာ တည်နေတယ်။

သန္တာနေ ဒံ ကမ္မံနာမ၊ နနိရုဇ္ဈတိ သဗ္ဗသော၊
သဝိသေသံ နိဓေတွာန၊ သမယမှိ ဝိပစ္စတုံ။

**အရှင်ဇနကာဘိဝံသ။**

သန္တာနေ– သူသူငါငါ သတ္တဝါတို့၏ သန္တာန်၌ ကြ ဒံကမ္မံနာမ–ဤစေတနာ ဆိုတဲ့ ကံတရားသည်၊ နိရုဇ္ဈမာနံ – ချုပ်သည်ရှိသော်၊ သဗ္ဗသော–အကြွင်းမဲ့အလုံးစုံ အကုန်အားဖြင့်၊ နနိရုဇ္ဈတိ – ချုပ်ပျောက်သွားသည် မဟုတ်ပါပေ၊ သမယမှိ – အချိန်နှင့်ကျသောအခါ၌၊ ဝိပစ္စတုံ – လျော်ရာအကျိုးကို ပေးခြင်းငှာ၊ သဝိသေသံ– မိမိ၏ အရှိန်အစော် အာနုဘော်သတ္တိထူးကို၊ နိဓေတွာန – ပုဂ္ဂိုလ်၏ သန္တာန်တွင် မြှုပ်နှံချန်ထားခဲ့၍၊ နိရုဇ္ဈတိ – ချုပ်သွားရိုးသာ ဖြစ်ပါပေသတည်း။

အဲဒီကံတရားလေးဟာ နာမ်တရားဖြစ်တော့ နာမ်တရားရဲ့သဘာဝအတိုင်း ဖြစ်ပြီး ချုပ်တာပဲ၊ သို့ပေမယ့် ရိုးရိုးနာမ်တရားတွေ ချုပ်သလို အကုန်လုံး ပျောက်သွားတဲ့ အချုပ်မျိုးတော့မဟုတ်ဘူး၊ မိမိရဲ့ ဓာတ်သဘာဝကို ကံပြုတဲ့ ကုသိုလ်ရှင်ရဲ့ သန္တာန်မှာ မြှုပ်ပေးထားတာ၊ မြှုပ်ထားခဲ့တာ၊ အဲဒီဓာတ်ဟာ ဘယ်တော့မှ မပျောက်ဘူး၊ အကြောင်းမညီညွတ်သေးရင် အချိန်အခါမကျသေးရင်တော့ မပေါ်သေးဘူး၊ အကျိုးပေးဖို့ အခွင့်သင့်ပြီ၊ အခါကြုံပြီဆိုမှ သူက ပေါ်လာတာ၊ ဒါကို ဘုန်းကြီးတို့ ပဋ္ဌာန်းနည်းနဲ့ပြောရင် ကမ္မသတ္တိလို့ဆိုတယ်။ မျိုးစေ့သဘော မျိုးပေါ့။

မျိုးစေ့လေးဟာ ဒီအတိုင်းနေတော့ သူ ဘာမှမဟုတ်သလိုပဲ၊ ဘာမှ အစွမ်းမရှိသလိုပဲ၊ သို့သော်လည်း သူပေါက်နိုင်လောက်တဲ့ အကြောင်းတွေ ဆုံလာပြီဆိုရင် ရေဓာတ်နဲ့တွေ့မယ်၊ အစိုဓာတ်နဲ့တွေ့မယ်၊ ဥတု၊ အေးတဲ့ဥတုနဲ့ ကြုံတွေ့မယ်၊ နေဓာတ်ရမယ်၊ ရေဓာတ်ရမယ်ဆိုရင် တစ်ခါတည်း အဲဒီမျိုးစေ့လေးဟာ ပေါက်လာတာပဲ၊ အညှောင့်လေး ပေါက်လာတာပဲ၊ တော်ကြာကျတော့ အပင်ကြီး ဖြစ်သည်အထိ၊ အဲဒါ ကမ္မသတ္တိ၊ သဘာဝအတိုင်းပဲ၊ အဲဒါ မျိုးစေ့စိုက်တာ၊ ကမ္မသတ္တိဆိုတဲ့ မျိုးစေ့စိုက်တာ။

မျိုးစေ့ဟာ ရေမြေ အစိုဓာတ်၊ အစေးဓာတ်တွေ အကြောင်းတွေ ဆုံမိလို့ရှိ

http://www.dhammadownload.com



ရင် ပေါက်လာသလို၊ အဲဒီ ခုနပြောတဲ့ ငုတ်နေတဲ့ ကံလေးဟာလည်း အကျိုးပေးဖို့ အခါအခွင့်သင့်လာပြီဆိုရင် တစ်ခါတည်း ထ,ပြီးတော့ ဘွားခနဲအကျိုးပေးတော့တာပဲ၊ လူ့ဘဝမှာလည်း ချမ်းသာအမျိုးမျိုး အကျိုးပေးတယ်၊ နတ်ဘဝမှာလည်း ချမ်းသာအမျိုးမျိုး အကျိုးပေးတယ်၊ လူ့ဘဝ ပဋိသန္ဓေဆိုတဲ့ အကျိုးပေးတယ်၊ နတ်ဘဝ ပဋိသန္ဓေဆိုတဲ့အကျိုးပေးတယ်၊ ပဋိသန္ဓေနေပြီး နောက် ပဝတ္တိအကျိုး အမျိုးမျိုးတွေ ပေးတယ်၊ နတ်ဘဝမှာလည်း ပဋိသန္ဓေ နေသွားတယ်၊ ပဋိသန္ဓေနောက် ပဝတ္တိအခါမှာလည်း ချမ်းသာအမျိုးမျိုး အကျိုးတွေ ပေးတယ်၊ အဲဒါ ကံရဲ့သဘာဝ၊ သမ္မုတိ ခေါ်တယ်။

ကိုယ့်သန္တာန် သူ့သန္တာန်မှာ အဲဒီကံဆိုတဲ့ တရားလေးဟာ ဖြစ်နေတာပဲ၊ ဖြစ်နေပေမယ့် အကြောင်းမသင့်ရင် မြုပ်နေသေးတယ်၊ မပေါ်သေးဘူး၊ အကြောင်းသင့် အခွင့်သာလာတဲ့အခါမှ ပေါ်လာတယ်။

ဓာတ်တွေဆိုတာ တည်မြဲတယ်၊ လူဆိုတာဟာ လူ့သန္တာန်မှာ သတ္တိဆိုတာ အမျိုးမျိုးရှိတယ်၊ တချို့သတ္တိဟာ ရှိပေမယ့် မြင်ရတာမဟုတ်ဘူး၊ အနုသယ–ကာမရာဂါနုသယ၊ ပဋိဃာနုသယ – စသော လောဘ၊ ဒေါသ အနုသယဓာတ်တွေ ရှိတယ်၊ ခန္ဓာကိုယ်ထဲတော့ ရှိနေတာပဲ၊ အကြောင်းမညီညွတ်ရင် မပေါ်သေးဘူး၊ အကြောင်းညီညွတ်တဲ့အခါမှ ပေါ်လာတယ်၊ အကုသိုလ်ဓာတ်၊ အနုသယဓာတ်တွေ၊ မြင်လည်း မမြင်ရဘူး၊ မမြင်ရပေမယ့် ရှိနေတာပဲ။

မီးခြစ်ဆံနဲ့ ယမ်းတို့လို မီးကတော့ ရှိနေတာပဲ၊ ရှိနေပေမယ့် ရှိမှန်းမသိရဘူး၊ သွားပြီးတော့ တို့လိုက်မှ ခြစ်လိုက်မှ မီးဖြစ်လာတယ်၊ ခန္ဓာကိုယ်ထဲမှာလည်း အဲသလိုပဲ အနုသယ ဆိုတဲ့ဓာတ်တွေ ရှိတယ်၊ အကုသိုလ်ဓာတ်တွေ အကြောင်းညီညွတ်မှ ပေါ်လာတာ၊ ဒါတွေဟာ မျက်မြင်ပဲလေ၊ ရုပ်ရှင်လေးတွေ့လာတယ်၊ ပထမ မိမိသန္တာန်မှာ လောဘရှိတာမဟုတ်ဘူး၊ တဏှာရှိတာမဟုတ်ဘူး၊ ရုပ်ရှင်လေးနဲ့ စက္ခုနဲ့ သွားဆုံမိတယ်၊ ဆုံမိတဲ့အခါကျတော့ ငုတ်နေတဲ့ ကာမရာဂါနုသယဆိုတဲ့ လိုချင်တပ်မက်တဲ့ လောဘကလေးက ဘွားခနဲ ပေါ်လာတယ်၊ အဲဒါ ငုတ်နေတဲ့ လောဘကလေး ရှိနေတယ်၊ ရှိပေမယ့် ရှိမှန်းမသိဘူး။

ဝါသနာဆိုတဲ့ သဘောတရားလည်း အတူတူပဲ၊ အဲဒီဝါသနာဆိုတဲ့ ဓာတ်ဟာလည်း အကြောင်းမညီညွတ်သေးရင် မပေါ်သေးဘူး၊ အကြောင်းဆုံမိရင် ပေါ်လာတာပဲ၊ ဘုန်းကြီးတို့ ဟိုခေတ်က ရဟန္တာကြီး – ရှင်ပိလိန္ဒဝစ္ဆတဲ့၊ လူမြင်ရင် ခပ်ကြမ်းကြမ်း မိန့်တော်မူလေ့ရှိတယ်၊ "ဟေ့...သူယုတ်"၊ စိတ်ကတော့ ဒေါသရှိလို့ သူ့ကို နှိမ်ချင်လို့ မဟုတ်ဘူး၊ ရဟန္တာဆိုတော့ ဘယ်မှာဒေါသရှိမလဲ၊ သို့သော်လည်းပဲ ဘဝငါးရာပတ်လုံး အထက်တန်း ပုဏ္ဏားဇာတ်အဖြစ်နဲ့

http://www.dhammadownload.com



ဖြစ်ခဲ့ရတော့ အရှိန်လေးဟာ ရှိနေတယ်၊ အဲဒါကြောင့်မို့လို့ လူတွေ့လို့ရှိရင် အဲဒီအရှိန်လေးဟာ ပေါ်ပေါ်လာတယ်၊ "လူယုတ် လူယုတ်" နဲ့ ပြောလေ့ရှိတယ်၊ ဒါကြောင့်မို့လို့ သူသူငါငါ သတ္တဝါတွေရဲ့ သန္တာန်မှာ ကောင်းတဲ့ဓာတ်တွေလည်း လိုက် မကောင်းတဲ့ဓာတ်တွေလည်း လိုက်၊ မကောင်းတဲ့ ဝါသနာ ဓလေ့စရိုက်တွေ မိမိတို့ ဒီဘဝမှာ များများသုံးမယ်ဆိုရင် နောင်ဘဝကျရင် လူကောင်းဖြစ်မှာ မဟုတ်ဘူး။

မကောင်းတဲ့ အကုသိုလ်တွေ ကြပ်ကြပ်ရှောင်ကြ၊ ကောင်းတဲ့ကုသိုလ်တွေ စုဆောင်းကြရ၊ လေ့ကျင့်ကြရတယ်၊ လူ့ဘဝမှာ ဘာအရေးကြီးဆုံးလဲ၊ ကောင်းတဲ့ ဓာတ်တွေကို တိုးပွားအောင် ကြိုးစားဖို့ အရေးကြီးတယ်၊ အဲဒီဓာတ်တွေ တိုးပွားသည်နဲ့အမျှ အဲဒီဓာတ်တွေက မိမိတို့သန္တာန်မှာ ကောင်းတဲ့ဓာတ်တွေ အဖြစ်နဲ့ ကိန်းပြီးတော့ နောင်အကြောင်းညီညွတ်တဲ့အခါမှာ ကောင်းတဲ့ချမ်းသာတွေ ပေးပြီးတော့ နောက်ဆုံးသာသနာမှာ အကောင်းဆုံးဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြလိမ့်မယ်လို့ ယုံကြည်ပြီးတော့ မိမိတို့ ယနေ့ ပြုရတဲ့ ကုသိုလ်ကို ထူးခြားတဲ့ ကုသိုလ်အဖြစ် စီမံပြီးတော့ အဲဒီကုသိုလ်တွေ မမေ့ကြရဘူး၊ ပြန်ပြန်အောက်မေ့ကြရတယ်၊ ကုသိုလ်ဆိုတာ မမေ့လေ့ အကျိုးရှိတယ်၊ အရှိန်ရှိတယ်၊ အာနုဘော်ရှိတယ်၊ မမေ့လေ အဲဒီဓာတ်တွေဟာ ဓာတ်ထူးတွေအဖြစ် ရောက်တယ်၊ ကုသိုလ်ဆိုတာ ပြီးပြီးပျောက်ပျောက်ဆိုပြီးရော၊ အဲဒီကုသိုလ်ဟာ ပျောက်သွားတာပဲ၊ ပျောက်သွားတယ်ဆိုတာ သူ့အရှိန်တော့ ရှိတယ်ပေါ့၊ သို့သော် ထူးခြားတဲ့အရှိန် မရောက်ဘူး၊ ဒီလိုမဟုတ်ဘဲနဲ့ မိမိတို့ ပြုရတဲ့ လှူမှုတန်းမှု ပူဇော်မှုတွေကို ပြန်ပြန်ပြီးတွေးရင် စာဂါနုဿတိဖြစ်တယ်၊ အဲဒီ စာဂါနုဿတိဖြင့် ကုသိုလ်ထုံပေးလိုက်ရင် အာစိဏ္ဏကံမြောက်တယ်၊ အာသေဝန အထုံရတယ်၊ အဲသလို အထုံရတဲ့ ကုသိုလ်ဟာ အရှိန်ရှိတယ်၊ အာနုဘော်ရှိတယ်၊ သတ္တိရှိတယ်၊ အဲသလို သတ္တိရှိအောင် ကြိုးစားပေးတဲ့ ကုသိုလ်တွေသာ မိမိတို့ကို ရင့်သထက်ရင့်အောင် မြင့်သထက်မြင့်အောင် ဆောင်ရွက်ပေးမှာ၊ ဒါကြောင့်မို့လို့ မေ့မေ့ပျောက်ပျောက် သဘောမထားဘဲနဲ့၊ တို့ကုသိုလ်ဟာ အင်မတန်ထူးတဲ့ ကုသိုလ်လို့ နားလည်ပြီးတော့ အဲဒီကုသိုလ်တွေ တိုးပွားအောင် ကြိုးစားနိုင်ကြပါစေကုန်သတည်း။

(သာဓု ... သာဓု ... သာဓု)

**(ကွယ်လွန်သူ ဦးချစ်မောင် ၃ လပြည့် ဆွမ်းအလှူတရား)**

http://www.dhammadownload.com



## လူ့ဘဝအနှစ်သာရတရားတော်

(လူ့ဘဝသည် မွန်မြတ်သည့်ဘဝ၊ မွန်မြတ်သည့်ဘဝရခိုက်မှာ လောကီဆိုင်ရာဂုဏ်တွေ၊ ဓမ္မဆိုင်ရာဂုဏ်တွေရအောင်လုပ်နိုင်မှ လူ့ဘဝရကျိုးနပ်မည်၊ ခန္ဓာကိုယ်ကြီးပျက်စီးသွားသော်လည်း နာမည်ဂုဏ်သတင်းက ပျက်စီးခြင်းမရှိ၊ လူချင်းတူတူ သူချင်းမျှမျှ စားဝတ်နေရေး မပူရ၊ ကုသိုလ်ရေးနှင့် တရားဘက်မှာလည်း တတ်နိုင်သမျှကြိုးပမ်းအားထုတ်နိုင်သည့်လူတွေက အနှစ်သာရရှိသောလူတွေဖြစ်ကြောင်း စသည်တို့ကို ရှင်းပြထားတော်မူ၏။)

ဘုန်းကြီးတို့ ယနေ့ ဒေါက်တာအေးအေးမြင့်ရဲ့အောင်ပွဲကို အကြောင်းပြုပြီးတော့ လှူကြတန်းကြ ပူဇော်ကြတယ်။ လောကမှာ ဂုဏ်ဆိုတာ အရေးကြီးတယ်၊ **လူ့ဘဝမှာ ဂုဏ်ရှိဖို့ အင်မတန်အရေးကြီးတယ်။**

> သရီရဿ ဂုဏာနဉ္စ၊ ဒူရမစ္စန္တ မန္တ ရံ၊
> သရီရံ ခဏဝိဒ္ဓံသီ၊ ကပ္ပန္တ ဌာယိနောဂုဏာ။

သရီရဿစ–ခန္ဓာကိုယ်ကြီး၏လည်းကောင်း၊ ဂုဏာနဉ္စ–ထိုခန္ဓာကိုယ်ကြီးကို အမှီပြု၍ ရအပ်သောဂုဏ်တို့၏လည်းကောင်း၊ အန္တ ရံ–ကွဲပြားခြားနားခြင်းသည်၊ အစ္စန္တ–စင်စစ်၊ ဒူရံ–တစ်ခုနှင့်တစ်ခု အလှမ်းဝေးကွာလှပါပေ၏။ သရီရံ–ခန္ဓာကိုယ်ကြီးသည်၊ ခဏဝိဒ္ဓံသီ–တစ်ခဏချင်းပင် ပျက်စီးတတ်သောသဘောရှိပါပေ၏။ ဂုဏာ–ထိုထိုလောကီလောကုတ္တရာ ဂုဏ်အပေါင်းတို့သည်ကား၊ ကပ္ပန္တ ဌာယိနော– ကမ္ဘာဆုံးအောင် တည်တတ်သော သဘောရှိကြပါပေကုန်သတည်း။

## ဂုဏ်နှင့်ခန္ဓာကိုယ် ခြားနားချက်

ခန္ဓာကိုယ်ကြီးနှင့်ဂုဏ်၊ ဂုဏ်နှင့် ခန္ဓာကိုယ် ကွဲပြားခြားနားချက်ဟာ အင်မတန် အလှမ်းဝေးကွာတယ်၊ ခန္ဓာကိုယ်ကြီးက ပျက်စီးတတ်တယ်၊ ပျက်စီးတတ်တယ်၊ တစ်ဘဝစာလေးပဲ နေရတယ်၊ တစ်ဘဝစာ ခဏတာလေးနဲ့ ပျက်စီးတတ်တဲ့သဘောရှိတယ်။

အဲ...ဂုဏ်တွေကတော့ မပျက်စီးဘူးတဲ့၊ ကမ္ဘာကျေသော်လည်း ဥဒါန်းမကျေဆိုတာလို ဂုဏ်တွေဆိုတာကတော့ မပျက်စီးတတ်ဘူး၊ အရှည်သဖြင့် တည်တတ်တယ်။

အဲ...ဘုန်းကြီးတို့ **"ရူပံဇီရတိ မစ္စာနံ၊ နာမဂေါတ္တံ နဇီရတိ"** လို့ ဘုရားရှင် ကိုယ်တော်မြတ် ဟောတဲ့ ဒေသနာတော်တစ်ရပ်ရှိတယ်။ ရူပံ–ရုပ်တရားသည်၊ ဇီရတိ–ဆွေးမြည့်ယိုယွင်းပျက်စီးခြင်းနှင့်ကြုံရပေ၏၊ နာမဂေါတ္တံ–အမည်

http://www.dhammadownload.com



အမျိုးနွယ်သည်၊ နဇီရတိ–မပျက်စီးတတ် မယိုယွင်းတတ်ပေလို့ ဟောထားတာ ရှိတယ်။ ဒါကြောင့် ခန္ဓာကိုယ်ကြီး၊ ရုပ်တရားကြီးဟာ ပျက်စီးတတ်တယ်။ အဲ…နာမည်ဂုဏ်သတင်း၊ နာမည်ဂုဏ်သတင်းဟာ ပျက်စီးခြင်းမရှိဘူး။

အဲဒါကြောင့် ဘုန်းကြီးတို့ရှေးရှေးက လောကဆိုင်ရာထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ဂုဏ်သတင်းဟာ ယနေ့တိုင်အောင် နာမည်မပျောက်ကြဘူး၊ သာသနာတော်မှာလည်း ကျော်ကြားထင်ရှားခဲ့ကြတဲ့ ဘုရားတို့၊ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်တို့၊ ခေမာထေရီ၊ ဥပ္ပလဝဏ်ထေရီတို့ ပုဂ္ဂိုလ်ကြီးတွေ မရှိကြပေမယ့် သူတို့ရဲ့ဂုဏ်သတင်းကတော့ အခုထက်ထိပဲ၊ အဲ…ရုပ်တရားဟာ ဆွေးမြည့်ယိုယွင်းပျက်စီးတတ်တယ်။ ဂုဏ်သတင်းတွေဟာ မပျက်စီးတတ်ဘူး၊ လူသေသော်လည်း နာမည်ကျန်နေတယ်။

## လူ့ဘဝရတနာ

ဒါကြောင့် ဘုန်းကြီးဟောတဲ့တရားတွေက ဂုဏ်ဆိုတဲ့ဂုဏ်ဟာ လူ့ဘဝအတွက် အရေးကြီးတယ်၊ ရတနာနဲ့ဆိုရင် လူ့ဘဝရတနာတွေပဲ။ လူ့ဘဝဆိုတာ မွန်မြတ်တဲ့ဘဝ၊ မွန်မြတ်တဲ့ဘဝ ရတဲ့အခါမှာ မွန်မြတ်တဲ့လောကီဆိုင်ရာဂုဏ်တွေ၊ ဓမ္မဆိုင်ရာဂုဏ်တွေ၊ ဂုဏ်တွေရခြင်းဟာ လူ့ဘဝရကျိုးနပ်တယ်လို့ ဆိုရတယ်။ လူ့ဘဝအရည်အချင်းတွေပဲ။

## ဂုဏ်မြင့်ကြောင်းတရား

ဒါကြောင့်မို့လို့ လောကမှာ ဂုဏ်ရှိအောင်ကြိုးစားကြရတယ်၊ အဲ…ယခုလို ဂုဏ်ရခြင်းကိုအကြောင်းပြုပြီးတော့ ရတနာသုံးပါးပူဇော်ကြ၊ လှူကြ၊ တန်းကြ၊ ကုသိုလ်ကောင်းမှုတွေ ပြုကြခြင်းဟာ အဲဒီဂုဏ်တွေ ဒီထက်တိုးတက်ပြီး ရခြင်းအကြောင်းဖြစ်တယ်။ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်အောင် တိုးတက်ပြီးရခြင်းအကြောင်းတရား ဖြစ်တယ်။

## ၁။ လူ့ဘဝသည် အနှစ်သာရ

ဒါကြောင့် ကုသိုလ်ကောင်းမှုဆိုတာကလည်းပဲ လူ့ဘဝရတနာတွေပဲ။ အဲ…လူ့အဆင့်အတန်းကို တိုးတက်အောင် ဆောင်ရွက်ပေးတတ်တဲ့ ရတနာတွေပဲ၊ လူ့ဘဝဖြစ်လာတာကိုက ဘုန်းကြီးတို့ ဒါဟာအနှစ်သာရတစ်မျိုး။

> သံသာရေ သာရံ မာနုဿတ္တံ တဟိဥ္စ၊
> ဝေကလ္လာဘာဝေါ သာစ သဗ္ဗိန္ဒြိယာနံ။
> ကောလည့် တသ္မိံ တဿ သောတဖေယျဘာဝေါ၊
> တသ္မိံ သုဿုသာ ဓမ္မရာဇဿ ဓမ္မံ။

http://www.dhammadownload.com



သံသာရေ– သံသရာကြီးထဲ၌ ဖြစ်ပျက်ဖန်ခါ ဖြစ်ပျက်နေရတဲ့ သံသရာကြီးထဲ၌၊ မာနုသတ္တံ–လူ့ဘဝ လူအဖြစ်သည်၊ သာရံ–အနှစ်သာရအစစ် တကယ်တမ်း ဖြစ်ပါပေ၏။ လူ့ဘဝဟာ တကယ့်အနှစ်သာရပဲ။ အဲ…လူဖြစ်တိုင်း အနှစ်သာရရှိရောလားတဲ့၊ ဒီလိုတော့လည်း မဟုတ်ဘူး။ အဲ…လူ့ကျင့်ဝတ်, လူ့တရား, လူ့ဘဝဂုဏ်ကျက်သရေတွေ ဆောင်နိုင်တဲ့ပုဂ္ဂိုလ်တွေဟာ တကယ့်အနှစ်သာရပဲ၊ ဒီအတိုင်း ဆရာ့ဆရာတို့ မိန့်ကြားတော်မူကြတယ်။

## ၂။ ဣန္ဒြေမချွတ်ယွင်းခြင်းသည် အနှစ်သာရ

တဟိဥ္စ–ထိုလူ့ဘဝ၌လည်း၊ သာဓု–ကောင်းစွာ၊ သဗ္ဗိန္ဒြိယာနံ–မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဆိုတဲ့ ဣန္ဒြေတို့၏၊ ဝေကလ္လာဘာဝေါ– ချွတ်ယွင်းခြင်းမရှိ ကောင်းမွန်ပြည့်စုံသည်၏ အဖြစ်သည်၊ သာရံ–အနှစ်သာရပင် ဖြစ်ပါပေ၏။ အဲ…လူရယ်လို့ဖြစ်လာပြီးတော့ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဆိုတဲ့ ဤဣန္ဒြေတွေ မချွတ်ယွင်းဘဲနဲ့ ပြည့်ပြည့်စုံစုံဖြစ်နေခြင်းဟာ အနှစ်သာရတစ်မျိုးပဲတဲ့။

## ၃။ အမျိုးကောင်းဖြစ်ရခြင်းသည် အနှစ်သာရ

တသ္မိံ – ထိုလူ့ဘဝ၌လည်း၊ ကောလည်–မျိုးကောင်းဆွေကောင်း အမျိုးကောင်း အဆွေကောင်း၌ဖြစ်ရခြင်းသည်၊ သာရံ–အနှစ်သာရပင် ဖြစ်ပါပေ၏။ လူဖြစ်ပြန်တော့လည်း မကောင်းတဲ့လူ မဟုတ်ဘဲနဲ့ ကောင်းမြတ်တဲ့အကျင့် ကျင့်ကြံနေတဲ့ လူကောင်းသူကောင်းအဖြစ်နဲ့၊ အဲ…လူ့အဆင့်အတန်းမီမီနဲ့ လောကရေးမှာလည်း စားဝတ်နေရေး မပူမပင်မကြောင့်ကြရ၊ ဓမ္မရေးမှာလည်း တတ်နိုင်သမျှ အခုလို ကုသိုလ်ကောင်းမှုတွေ ပြုကြရတဲ့လူ ဖြစ်ရခြင်းဟာ ဒါ လူ့ဘဝအနှစ်သာရတစ်မျိုးတဲ့။ သာရံ–လူ့ဘဝ၏ အနှစ်သာရပင် ဖြစ်ပါပေ၏။

## ၄။ စင်ကြယ်ခြင်းသည် အနှစ်သာရ

တဿ – ထိုလူ့ဘဝ၏ လည်း၊ သောစေယျဘာဝေါ – စင်ကြယ်သည်၏ အဖြစ်သည်၊ သာရံ– အနှစ်သာရပင် ဖြစ်ပါပေ၏။ အဲ…လူဖြစ်လာပြီးတော့ မကောင်းတဲ့အလုပ်တွေ လုပ်၊ မကောင်းတဲ့အပြောတွေ ပြော၊ မကောင်းတဲ့အကြံတွေ ကြံ၊ ကိုယ်, နှုတ်, စိတ်ထား မစင်ကြယ်မသန့်ရှင်းရင် အဲဒါ…လူ့အနှစ်သာရ မဟုတ်ဘူး။ အဲ…လူဖြစ်လာပြီးတော့ ကိုယ်ကလည်း ကောင်းတဲ့အလုပ် လုပ်၊ နှုတ်ကလည်း ကောင်းတဲ့စကားပြော၊ စိတ်ကလည်း ကောင်းတဲ့အကြံ ကြံလို့ စင်ကြယ်နေပြီဆိုရင် အဲဒီစင်ကြယ်မှုဟာ လူ့ဘဝရဲ့ အနှစ်သာရတစ်မျိုးပဲ။

http://www.dhammadownload.com



## ၅။ တရားနာယူခြင်းသည် အနှစ်သာရ

တသ္မိံ – ထိုလူ့ဘဝ၌လည်း၊ ဓမ္မရာဇဿ–တရားဘုရင် ဘုရားရှင်၏၊ ဓမ္မံ– တရားတော်မြတ်ကို၊ သုဿုသာ–ကောင်းစွာ နာခံမှတ်သား ကြားနာခြင်းသည်၊ သာရံ–လူ့ဘဝအနှစ်သာရအစစ် တကယ်တမ်းဖြစ်ပါပေ၏။ အဲ...လူဖြစ်ပြန်တော့လည်း ဘုရားရှင်ကိုယ်တော်မြတ်ရဲ့တရားတော်တွေကို နာယူလို့ ကြားနာရခြင်းဟာလည်းပဲ ဒါဟာ လူ့ဘဝအနှစ်သာရတစ်မျိုးပဲလို့ ဘုန်းကြီးတို့ လူ့ဘဝအနှစ်သာရတွေ ဟောထားတာရှိပါတယ်။

## လူဖြစ်တိုင်း အနှစ်မရှိ

ဒါကြောင့် လူဖြစ်တိုင်း လူ့ဘဝမှာအကျိုးရှိတာမဟုတ်ဘူး၊ လူဖြစ်တိုင်း အနှစ်သာရမဟုတ်ဘူး။ အဲအနှစ်သာရရှိအောင် ဂုဏ်ရှိအောင် နေရတယ်၊ ကိုယ်သန့်ရှင်းအောင်၊ နှုတ်သန့်ရှင်းအောင်၊ စိတ်သန့်ရှင်းအောင် ကြိုးစားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေကျတော့ အနှစ်သာရရှိတဲ့လူတွေလို့ ဆိုရတယ်။

## နတ်တွေ ဂုဏ်တင်ရတဲ့ဘဝ

အဲဒီတော့ ဘုန်းကြီးတို့လူ့ဘဝဆိုတာကတော့ တကယ်စင်ကြယ်အောင် လုပ်ချင်ရင် တကယ့်ကိလေသာခပ်သိမ်း အကုန်လုံးကုန်အောင်ပဲ လုပ်နိုင်တဲ့ လုပ်ဖို့အခွင့်သာတဲ့ဘဝကြီး၊ အဲဒီဘဝကြီးမှာ အဲဒီလို လောကီဂုဏ်တွေ၊ လောကုတ္တရာဂုဏ်တွေနဲ့ သန့်ရှင်းစင်ကြယ်တဲ့ပုဂ္ဂိုလ်တွေဖြစ်အောင် တကယ်စွမ်းဆောင်နိုင်တဲ့ ဘဝဆိုတာကြောင့် နတ်တွေကတောင် လူ့ဘဝကို ဂုဏ်တင်ရတယ်လို့ ဟောထားတာရှိတယ်။

## လူပီသသူ

အဲ...ဒါလေးထုတ်ပြီး ဘုန်းကြီးဟောရတာက လူ့ဘဝဆိုတာ အင်မတန်ထူးခြားတဲ့ဘဝ၊ ဘယ်ဘဝနဲ့မှ မတူရအောင် အဲဒီဘဝ ရရှိကြတဲ့အခါမှာ တချို့ပုဂ္ဂိုလ်တွေဟာ တကယ့်လူစင်စစ် လူပီသကြတယ်။ တချို့ပုဂ္ဂိုလ်တွေဟာ လူမပီသကြဘူး။ အဲ...လူပီသတယ်ဆိုတဲ့ပုဂ္ဂိုလ်ဟာ လောကကြီးမှာလည်းပဲ စားဝတ်နေရေးမပူရ၊ ထိုက်တန်တဲ့ ဂုဏ်ကျက်သရေတွေလည်း ရှိကြတယ်။ ဓမ္မရေးဆိုင်ရာမှာလည်းပဲ သူတော်ကောင်းတို့အရေးဖြစ်တဲ့ ဒါန၊ သီလ အစရှိသော ကုသိုလ်တွေ၊ ဝိပဿနာ၊ အဲ...တတ်နိုင်ရင် မဂ်ဖိုလ်နိဗ္ဗာန်အထိ ဆိုက်ရောက်ကြတဲ့ပုဂ္ဂိုလ်တွေ အဲဒီလောက် အခွင့်အလမ်းသာတဲ့၊ အဲဒီလောက် ဆိုက်ရောက်တဲ့ ပုဂ္ဂိုလ်တွေကို လူပီသတယ်၊ လူဖြစ်ရကျိုးနပ်တယ်လို့ဆိုတယ်။

http://www.dhammadownload.com



## လူ့ဘဝအနှစ်မရှိသူ

အဲ…အဲဒီလိုမဟုတ်ဘဲနဲ့ စားဝတ်နေရေးလည်း မပြည့်စုံ၊ တရားဘက်က လည်း မပြည့်စုံ၊ ဘယ်ဘက်ကမှ ထောက်ရာတည်ရာ မရှိကြတဲ့ ပုဂ္ဂိုလ်မျိုးကျ တော့ ခုနပြောတဲ့ လူ့ဘဝအနှစ်သာရဆိုတာ၊ အဲဒီပုဂ္ဂိုလ်တွေနဲ့ မဆိုင်ဘူး။

## လူ့ဘဝအနှစ်ရှိသူ

ဒါကြောင့် လူ့ဘဝဆိုတာ တကယ့်အနှစ်သာရပဲ၊ အဲဒီအနှစ်သာရဖြစ်တဲ့ လူ့ဘဝရကြတဲ့အခါမှာ လူချင်းတူတူ သူချင်းမျှမျှ စားဝတ်နေရေး မပူရ၊ တရား ဘက်မှာလည်း တတ်နိုင်သမျှကြိုးပမ်းအားထုတ်ကြ၊ အဲဒီလိုနေကြတဲ့လူတွေ ကျတော့ ဒါဟာ အနှစ်သာရရှိတဲ့လူတွေလို့ ဆိုရတယ်။

## ဂုဏ်တွေတိုးပွားအောင်ကြိုးစား

ဒါကြောင့် လောကမှာ ခန္ဓာကိုယ်ကြီးဟာ ပျက်စီးတတ်တယ်။ လူရဲ့ ဂုဏ်သတင်းဟာ မပျက်စီးတတ်ဘူးတဲ့။ ဒါကြောင့် ဂုဏ်တွေ ထပ်တလဲလဲ၊ ဂုဏ်တွေ တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ရရှိအောင် လောကီဂုဏ်တစ်မျိုး၊ ဓမ္မဂုဏ်တစ်မျိုး၊ ဂုဏ်တွေ ဂုဏ်တွေရအောင် ကြိုးစား ကြရမယ်။

## သဘာဝတရား

ဒါကြောင့် ယနေ့ဒေါက်တာအေးအေးမြင့်ရဲ့ အောင်ပွဲကိုအကြောင်းပြုပြီး တော့ လျှုဒါန်းတာဟာ အောင်ပွဲအဆင့်ဆင့် မြင့်ခြင်းရဲ့အကြောင်းပဲ။ ကုသိုလ် ဆိုတာ ကိုယ့်ကိုမြှင့်ပေးတတ်တယ်။ ကုသိုလ်တရားဆိုတာက မသိသည်ဖြစ် စေ သိသည်ဖြစ်စေ၊ သူကတော့ ကိုယ့်ကိုမြှင့်ပေးတတ်တဲ့ သဘောတရား ရှိ တယ်။ ဒါကြောင့် အောင်မြင်လို့ ကုသိုလ်တရားတွေပြုလုပ်တယ်ဆိုရင် အဲဒါ နောင် ဒီထက်ပိုပြီးတော့ အောင်မြင်ခြင်းအကြောင်းပဲ၊ ဒါ သဘာဝအတိုင်းပဲ။

## အမြတ်များများရအောင် ကြိုးစားကြပါ

အဲ…ဒါကြောင့် လူဖြစ်ဖို့အရေးကြီးတယ်။ လူ့ဘဝဆိုတာလည်း အင် မတန်ရခဲတယ်။ ဒါကြောင့် အနှစ်သာရလို့ဆိုရတယ်။ လူဖြစ်ဖို့လည်း အရေး ကြီးတယ်။ လူဖြစ်ပြန်ရင် ဂုဏ်ရှိသထက်ရှိ၊ ဂုဏ်ရှိသထက်ရှိအောင် ကြိုးစား ဖို့လည်း အရေးကြီးတယ်။ လောကီဂုဏ်, ဓမ္မဂုဏ်အမျိုးမျိုးပေါ့လေ။

အဲ…ဂုဏ်ရှိပြီးတော့ အဲဒီဂုဏ်ကို တစ်ဆင့်ထက်တစ်ဆင့် မြင့်အောင် ကြိုး

http://www.dhammadownload.com



စားဖို့လည်း အရေးကြီးတယ်။ နောက်ဆုံးကျတော့ လူဖြစ်ရကျိုးနပ်အောင် လူ့ဘဝမှာ အမြတ်များများရအောင် ကြိုးစားဖို့ အရေးကြီးတဲ့အကြောင်း၊ အမြတ်များများရအောင် ကြိုးစားနိုင်ကြပါစေလို့၊ လူဖြစ်ရကျိုးနပ်အောင် ကြိုးစားနိုင်ကြပါစေလို့ တိုက်တွန်းရင်းနဲ့ နိဂုံးချုပ်လိုက်ပါတယ်။

(သာဓု...သာဓု...သာဓု)

[အထက်ပါ ဟောတရားများကို "သပြေကန် တရားပေါင်းချုပ်" အမှတ် (၁) စာအုပ်မှ ကောက်နုတ် တင်ပြပါသည်။]

http://www.dhammadownload.com

# အခန်း (၆)
# သပြေကန်ဆရာတော်ရေးသည့် တရားတော်များ

ဆရာတော်သည် ပါရမီဓာတ်ခံ ပင်ကိုဉာဏ် ထက်သန်အားကောင်း၍ ပိဋကတ်စာပေ ဘာသန္တရဗဟုသုတမျိုးစုံကို ကောင်းစွာမှတ်သားထားနိုင်သည့်အပြင် စိတ်ကူးဉာဏ်ကလည်း အလွန်လျင်မြန်ဆန်းကြယ်သည့်အတွက် စာအရေးအသား လွန်စွာကောင်းမွန်သူဖြစ်၏။ စာပေကျမ်းဂန် နှံ့စပ်ကျွမ်းကျင်သလောက် စာအရေးအသားတွင်လည်း ပြောင်မြောက်ထူးချွန်သော သီလ+သုတ အပြောအဟော အရေးအသား စွယ်စုံသည့် ဆရာတော်မြတ် ဖြစ်ပါပေ၏။

ဆရာတော်သည် ကြီးကျယ်လေးနက်သော ဉာဏ်ပညာဖြင့် ချင့်ချိန် နှိုင်းယှဉ် ဆင်ခြင်သုံးသပ်ကာ အကျိုးနှင့်စပ်သည့်အကြောင်းအရာများကိုသာ ရွေးချယ် ပြောဆို၊ ဟောပြော၊ ရေးသားလေ့ရှိသဖြင့် ဆရာတော်၏အရေးအသားသည် ရှင်းလင်းပြတ်သား၏၊ တိကျမှန်ကန်၏၊ အနှစ်သာရစုံလင်၏၊ နားလည်ရန် လွယ်ကူ၏၊ ဗဟုသုတစုံလင်၏၊ မှတ်သားလိုက်နာစရာများ ပြည့်ဝ၏။

ဘုရားရှင်လက်ထက်တော်က မြတ်စွာဘုရား၏ဂုဏ်တော်များကို ပါဠိဂါထာများဖြင့် လျင်မြန်သွက်လက်စွာဖွဲ့နွဲ့သီကုံးပူဇော်ရာ၌ အမြတ်ဆုံးဧတဒဂ်ဘွဲ့ကို ရတော်မူသည့် အရှင်ဝင်္ဂီသမထေရ်ကဲ့သို့ပင် အရှင်ဝါသေဋ္ဌာဘိဝံသသည် ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်၊ ရသစုံများကို ပါဠိစကားပြေ–စုဏ္ဏိယဖြင့်လည်းကောင်း၊ မြန်မာစကားပြေ၊ ကဗျာ၊ လင်္ကာတို့ဖြင့်လည်းကောင်း လျင်မြန်သွက်လက်ပြောင်မြောက်စွာ ရေးသားသီကုံးနိုင်သည်။

မြန်မာစာပေပညာရှင်များက **စာဆိုတော်ဦးပုည** ၏စာများသည် ပြင်ဆင်

http://www.dhammadownload.com



ဖြည့်စွက် ပယ်ဖျက်နုတ်ပယ်၍ မရသည့်စာ၊ သူ့ဟာနှင့်သူ အံဝင်ခွင်ကျကွက်တိ ဖြစ်နေသည့်စာ ဖြစ်သည်၊ တစ်စုံတစ်ရာ ပြင်ဆင်ဖြည့်စွက်, ပယ်ဖျက်နုတ်ပယ် လိုက်လျှင် စာအနေအထားရော စာသားအဓိပ္ပာယ်ပါ ပုံပျက်ပန်းပျက် ဟာ တာတာ အရသာမရှိဖြစ်သွားမည်ဟု ဝေဖန်ကြ၏။

သပြေကန်ဆရာတော်၏ စာများသည်လည်း ဤအတိုင်းပင်၊ ပြင်ဆင် ဖြည့်စွက်, ပယ်ဖျက်နုတ်ပယ်၍ မရ။ သူ့ဟာနှင့်သူ အံဝင်ခွင်ကျ တိတိကျကျ ရေးသားသီကုံးထားသည်။ ပါဠိကိုအနက်ပေးရာ၌ အပိုအမို, လိုကွက်ဟာကွက် မရှိ၊ လိုအပ်သည့်အဓိပ္ပာယ် အပြည့်အဝ အတိအကျဖြင့် ညက်ညက်ညောညော ချောမောလှပစွာ သီကုံးထား၏။

မန္တလေးမြို့၌ စာချတန်းစာမေးပွဲဖြေဆိုရန် ပညာသင်နေစဉ်အခါက အရှင် ဝါသေဋ္ဌသည် ပိဋကတ္တယဆေက, သဏ္ဍတဝိဒူဟု ပညာရှင်များ လေးစားရသော အဘယာရာမရွှေဂူတိုက်ဆရာတော်ထံတွင် ပိဋကစာပေ, သဏ္ဍတစာပေများကို သင်ကြားနည်းယူခဲ့ရ၏။ အဘယာရာမဆရာတော်ရေးသားတော်မူသော **သမ္ဗန္ဓ စိန္တာ၁နိဿယနိဒါန်း** ကို ဆရာတော်က တာဝန်ပေးသဖြင့် အရှင်ဝါသေဋ္ဌ ရေး သားရ၏။ ထိုနိဒါန်းကို ဖတ်ရှုရသောအခါ အဘယာရာမဆရာတော်သည် နှစ် သက်တော်မူလှသဖြင့် နိဒါန်းအောက်၌ မိမိလက်ရေးဖြင့် **"ဦးဝါသေဋ္ဌ၊ ဓမ္မာ စရိယ"** ဟု ရေးသားလိုက်၏။ နိဒါန်းတစ်ပုဒ်ရေးရုံဖြင့် **"ဓမ္မာစရိယဘွဲ့"** ချီး မြှင့်ခံရသောသူပါတည်း။ "ဦးပဥ္စင်းက နေတော့ ရိုးရိုး၊ စိတ်ကူးတော့ အဆန်း သား" ဟူ၍လည်း အဘယာရာမဆရာတော်က ချီးကျူးတော်မူ၏။

အရှင်ဝါသေဋ္ဌသည် ပါဠိဘာသာတွင် ပြိုင်စံရှားသော ပုဂ္ဂိုလ်တစ်ဦး ဖြစ် သည်။ ပါဠိစကားပြေ(စုဏ္ဏိယ)အရေးအသား၌လည်း အလွန်ကောင်းမွန်သည်။ အဘယာရာမဆရာတော်၏ ထေရုပ္ပတ္တိ (အဘယာရာမကပ္ပဝတ္တိဝိဘာဝနီ) ကို ပါဠိစကားပြေဖြင့် ရေးသားရာ ပညာရှင်များက ချီးကျူး၍မဆုံးရှိကြသည်။ ထို ပါဠိစကားပြေထက် ပို၍အရေးခက်သည်မှာ အနုဂီတိဂါထာများဖြစ်သည်။ ဤ အရေးအသား၌လည်း အရှင်ဝါသေဋ္ဌသည် စံတုကင်းကြောင်းကို ဝိသုဒ္ဓိမဂ် နိဒါန်းတွင် အနုဂီတိခေါ် **အနှစ်ချုပ်သင်္ဂဟဂါထာ**(၇၄) ပုဒ် ရေးသားသီကုံးပေး ထားသည်ကို ထောက်ရှု၍ သိနိုင်ပါသည်။ မြန်မာစကားပြေ၊ လင်္ကာ၊ ရတု စသည့် အရေးအသားများ၌လည်း ပညာရှင်များ ချီးမွမ်းကြရသည်။

ဆရာတော်သည် သူတစ်ပါးတို့အား စာရေးသားရန်လည်း တိုက်တွန်း တော်မူ၏။ ပရိယတ္တိစာပေကို အပတ်တကုတ်လေ့လာအားထုတ်နေသော ဦး ပဥ္စင်းတစ်ပါးအား "ဦးပဥ္စင်းကော...စာလေးဘာလေး ရေးဖို့ စိတ်ကူးမရှိဘူး

http://www.dhammadownload.com



လား၊ ရည်ရွယ်ချက်ရှိရင်တော့ စမ်းရေးကြည့်ပေါ့၊ စာရေးတယ်ဆိုတာ ကောင်းပါတယ်၊ ကိုယ်ပြောချင်တဲ့အာဘော်ကို စကားနဲ့ပြောရင် စုံစုံစေ့စေ့ပြောလိုက်ဖို့ မလွယ်ဘူး။ စာရေးရင်တော့ ကိုယ်ပြောချင်တာတွေ တစ်ထိုင်တည်းမှာ ပြောလို့ဆိုလို့ရတာပေါ့"ဟု မိန့်တော်မူ၏။

စာပေရေးသားရာ၌ အဆိပ်စာပေကို မရေးဘဲ အမြိုက်စာပေကို ရေးသားရန် တိုက်တွန်းတော်မူ၏။ **ဦးသြဒါတ သိရီဘိဝံသ** (မန္တလေး) တောင်းပန်လျှောက်ထားသဖြင့် ဦးသြဒါတရေးသားသည့် **"မြတ်ဗုဒ္ဓ၏သွင်ပြင်လက္ခဏာများ"** စာအုပ်တွင် သပြေကန်ဆရာတော် အမှာစကားရေးသားပေးရာဝယ်–

"စာပေဟူသည် စကား၏ပုံပြင်ဖြစ်သောကြောင့် စကားနှစ်မျိုးနှစ်စား ရှိသကဲ့သို့ စာပေလည်း နှစ်မျိုးနှစ်စားရှိကြောင်း၊ ဒေသ, ကာလနှင့် သင့်,မသင့် ချင့်ချိန်တတ်သောဉာဏ်မပါဘဲ ရေးသားသောစာပေ၊ ကြာရှည်မတည်တံ့သောစာပေ၊ လူအများ နှစ်သက်မြတ်နိုးမှု မခံရသောစာပေ၊ အကြောင်းယုတ္တကင်းသောစာပေသည် အဆိပ်နှင့်တူသောစာပေဖြစ်ကြောင်း၊ ထို၏ဆန့်ကျင်ဘက်ဖြစ်သော ဒေသ, ကာလနှင့် သင့်,မသင့် ချင့်ချိန်တတ်သောဉာဏ်ဖြင့် ရေးသားသည့်စာပေ၊ ကြာရှည်တည်တံ့ခိုင်ခံ့သောစာပေ၊ လူအများ၏ နှစ်သက်မြတ်နိုးမှု ခံယူရသော စာပေ၊ မိမိ၏ လေးနက်သည်၏အဖြစ်ကို ပြတတ်သောစာပေ၊ အကြောင်းယုတ္တိခိုင်မာသောစာပေသည် အမြိုက်နှင့်တူသောစာပေဖြစ်ကြောင်း" ညွှန်ပြထားတော်မူ၏။

သပြေကန်ဆရာတော်သည် အနှစ်သာရပြည့်ဝသည့် အကောင်းဆုံး ဗုဒ္ဓစာပေများကို လှိုင်လှိုင်ကြီးရေးသားနိုင်ပါသော်လည်း စာပေဖြင့် ကျော်စောထင်ပေါ်မှုကို မလိုလားသဖြင့် တိုက်တွန်းလျှောက်ထားမှသာ စာအုပ်ရေးသားတော်မူသည်။ စာရေးဆရာမောင်ဝံသက ဆရာတော်အား "အတွေးအမြင်"စာစောင်အတွက် စာမူရေးသားချီးမြှင့်ပါရန် လျှောက်ထားသောအခါ ဆရာတော်က "ငယ်ငယ်ကတော့ စာရေးရတာ ရဲတယ်၊ ကြီးလာတော့ စာရေးဖို့ သိပ်ချိန်ဆလာရတယ်၊ လက်က သိပ်မရဲတော့ဘူး"ဟု မိမိကိုယ်ကို နှိမ့်ချ၍ မိန့်တော်မူ၏။

၁၉၉၁ ခုနှစ်၌ မြောင်းမြပဋ္ဌာနတာရုံဆရာတော် အရှင်ဉာဏိကသည် အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို ရတော်မူသဖြင့် ဂုဏ်ပြုပူဇော်ပွဲ၌ အထိမ်းအမှတ် စာစောင်ထုတ်ဝေရာ မောင်ရင့်ကျူး (မြောင်းမြ) က သပြေကန်ဆရာတော်ထံ စာမူတောင်းခံပါသည်။ ဆရာတော်က ပြုံး၍ မိမိဦးခေါင်းကိုလက်နှင့်ပွတ်ကာ "ဘုန်းကြီးစာကောင်းကောင်းမရေးတတ်ဘူး"ဟု မိမိကိုယ်ကို နှိမ့်ချကာ မိန့်ဆိုတော်မူ၏။

"ဆိုခဲစေ မြဲစေ"ဟူသည်မှာ ပညာရှိတို့၏ ဂုဏ်အင်္ဂါတစ်ရပ်ဖြစ်၏။ စာ

http://www.dhammadownload.com



ရေးခြင်းသည် မိမိ၏အယူအဆ အတွေးအခေါ်ကို အခြားသူတစ်ပါးတို့အား ပြောပြခြင်းပင်ဖြစ်သည်။ နှုတ်က ပြောခြင်းနှင့် လက်ကရေးခြင်းသာ ကွာခြားပါ၏။ နှုတ်ဖြင့်ပြောခြင်း၌ပင်လျှင် "ကြမ်းကျွံသော် နုတ်၍ရသည်၊ စကားကျွံသော် နုတ်၍မရ"ဟူ၍ ဆိုရိုးစကားရှိ၏။ "နှုတ်တစ်ရာ စာတစ်လုံး"ဟူသော ဆိုရိုးစကားအရ စာပေရေးသားခြင်းသည် နှုတ်ဖြင့်ပြောခြင်းထက် ပို၍ လေးနက်သဖြင့် ပို၍သတိမူသင့်ကြောင်း ထင်ရှားပါသည်။

ယခုခေတ်တွင် 'စာဖြစ်လျှင် ပြီးစတမ်း' ဟူသော သဘောမျိုးဖြင့် ပြီးစလွယ်ရေးသားနေသူများ ရှိသည်။ ထိုသူတို့အဖို့ သပြေကန်ဆရာတော်၏ "ကြီးလာတော့ စာရေးဖို့ ချိန်ဆလာရတယ်၊ လက်က သိပ်မရဲတော့ဘူး" ဟူသော စကားကို အလေးမူသင့်ကြပါ၏။ ပညာရှိများသည် စကားကို အရမ်းမပြော၊ ကတိကိုလည်း အလွယ်တကူ မပေး၊ စာပေကိုလည်း ပြီးစလွယ် မရေးသားကြချေ။

## ပရိတ်ကြီးနိဿယသစ်၏ ဂုဏ်ရည်များ

ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်သံဃအဖွဲ့ အကျိုးတော်ဆောင် ဝိဇ္ဇာလင်္ကာရ ဆရာတော်ဦးဝိသုဒ္ဓ၏ တိုက်တွန်းချက်အရ သပြေကန်ဆရာတော်သည် "ပရိတ်ကြီး နိဿယသစ်"ကို ရေးသားပြုစုတော်မူ၏။

သပြေကန်ဆရာတော်သည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့၌ နှံ့စပ်၏၊ မာဂဓ၊ သက္ကတ၊ ဗျာကရဏ်းကျမ်း၊ ကောသကျမ်း၊ ကာဗျကျမ်း စသည်တို့၌လည်း အထူးကျွမ်းကျင်တော်မူ၏။ ဤသို့ အဘက်ဘက်မှ စွယ်စုံရသည့်အပြင် စာပေရေးသားရာ၌လည်း ရှင်းလင်းပြတ်သား ပြောင်မြောက်ထူးခြားတော်မူသည့်အတွက် သပြေကန်ဆရာတော်အား ဆရာတော်ဦးဝိသုဒ္ဓတိုက်တွန်းတော်မူခဲ့ခြင်း ဖြစ်၏။

သပြေကန်ဆရာတော်သည် ပေးအပ်သောတာဝန်ကို အထူးအလေးမူ၍ ကျေပွန်စွာ ထမ်းရွက်တော်မူ၏။ ကျမ်းအစောင်စောင်ကို တစ်နှစ်ကြာ ဖတ်ရှုပြီးမှ ပရိတ်ကြီးနိဿယသစ်ကို ၁၉၆၂ ခုနှစ်တွင် ရေးသားတော်မူ၏။ စာမူကို ဆရာတော်ဦးဝိသုဒ္ဓထံ ပေးပို့၏။ ဦးဝိသုဒ္ဓသည်လည်း အချိန်ပေးကာ စာမူကို ကြည့်ရှုစိစစ်၏၊ ဓဇဂ္ဂသုတ် ဂုဏ်တော်ဖွင့်ရာ၌ ရေးသားချက်ကျဉ်းလွန်းနေသဖြင့် စာဖတ်သူတို့၏အကျိုးအတွက် အကျယ်ဖွင့်ဆိုရေးသားရန် တိုက်တွန်း၏။ သပြေကန်ဆရာတော်က တိုက်တွန်းသည့်အတိုင်း ဂုဏ်တော်ဖွင့်အခန်းကို အကျယ်ရေးသားပေး၏။

http://www.dhammadownload.com



ထို့နောက် ဦးဝိသုဒ္ဓသည် ပရိတ်ကြီးနိဿယသစ်စာမူကို စစ်ကိုင်းတောင် အဂ္ဂမဟာပဏ္ဍိတ အနီးစခန်းဆရာတော်၊ ရန်ကုန်မြို့ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်၊ ပုသိမ်မြို့ မောင်းထောင်ဆရာတော်နှင့် ဒု-စာပြင်မှူးချုပ် ဝဏ္ဏကျော်ထင် ဦးဘသန်းတို့အား ကြည့်ရှုစစ်ဆေးရန် ပေးပို့၏။ ထိုပညာရှိများက ကြည့်ရှုစစ်ဆေးပြီးနောက်

"ရှေးက ဤပရိတ်ကြီးနိဿယမျိုး မထွက်ပေါ်ဖူးသေးသည့်အပြင် မှတ်သားဖွယ် အဓိပ္ပာယ်များ ပါရှိသဖြင့် အလွန်ပြည့်စုံကောင်းမွန်သောကျမ်းဖြစ်၍ အလျင်အမြန်ပုံနှိပ်သင့်ကြောင်း" မှတ်ချက်ဖြင့် ပြန်လည်ပေးပို့တော်မူကြ၏။

ဤနိဿယသစ်ကျမ်းသည် ကျမ်းဂန်နှံ့စပ်သော စာတတ်ဆရာတော်တစ်ပါး၏လက်ရာဖြစ်၍ ဗဟုသုတအဖုံဖုံနှင့် ကုံလုံပြည့်ဝနေ၏။ ဤကျမ်း၌ ပရိတ်ကြီးပါဠိတော်၊ ပါဠိ၏နိဿယ၊ မြန်မာစကားပြေ၊ အဓိပ္ပာယ်ဖွင့်ပြချက်ဟူ၍ အဆင့်လေးဆင့် ခွဲရေးထား၏။

(၁) ပရိတ်ကြီးပါဠိတော်သည် အချို့အနည်းငယ်သောနေရာတို့မှ လွဲ၍ ဗုဒ္ဓသာသနာအဖွဲ့မှ ရိုက်နှိပ်သော ဆဋ္ဌသင်္ဂါယနာတင်မူပင် ဖြစ်၏။

(၂) ပါဠိနိဿယ၌မူ လင်္ကာနက်များကို များစွာအသုံးမပြုဘဲ စကားချောမောရုံမျှသာ ကာရန်ယူ၍ ရေးသားထား၏။ အနက်ပေးရာ၌လည်း အဖွင့်အဋ္ဌကထာ, ဋီကာများနှင့် ကိုက်ညီအောင် စနစ်တကျပေးထား၏။

(၃) စကားပြေကိုလည်း အကျယ်မချဲ့တော့ဘဲ ပါဠိလျှောက်မျှသာ ရေးသားထားရာ ထိုစကားပြေတို့ကို စုပေါင်းလိုက်လျှင်ပင် ပရိတ်ကြီးမြန်မာပြန်ကျမ်းတစ်ကျမ်း ဖြစ်တော့၏။

(၄) အဓိပ္ပာယ်ဖွင့်ပြချက်ကား ဤကျမ်း၏အသက်ပင်ဖြစ်၏၊ ဤအခန်း၌ သဒ္ဒါပုဒ်ပါဠိအဆုံးအဖြတ်, အနက်အဆုံးအဖြတ်တို့ကိုပါ ထည့်သွင်းထား၏။ မာဂဓ, သက္ကတ နှစ်ဌာနလုံး၌ ကျွမ်းကျင်သော ဆရာတော်၏လက်ရာဖြစ်၍ သဒ္ဒါအနက်အဆုံးအဖြတ်များမှာ ထူးခြားလျက်ရှိ၏။ ထို့အပြင် အမွှမ်းဂါထာစသည်တို့၌ပါသော ပုဒ် ပါဠိတို့ကို ဆုံးဖြတ်ရာ၌ ဆရာတော်သည် မူလရေးသားသည့်ပုဂ္ဂိုလ်၏အလိုကျ ဖြစ်နိုင်သမျှဖြစ်အောင် ဆုံးဖြတ်ထားသည်ဖြစ်ရာ ဆရာတော်၏ အဆုံးအဖြတ်များသည် တစ်မူထူးခြားလျက်ရှိ၏။

ပရိတ်ကြီးနိဿယသစ်သည် ပရိတ်ကြီး အနက်ပြန်ကျမ်းသာမက ဗုဒ္ဓတရားတော်ဆိုင်ရာ ဗဟုသုတပဒေသာပင်ကြီးပင် ဖြစ်သည်။ ဤစာအုပ်ထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ပညာရှင်အပေါင်းတို့က နှစ်ထောင်းအားရစွာ

http://www.dhammadownload.com



ဝိုင်းဝန်းချီးကျူးကြသဖြင့် သပြေကန်ဆရာတော်ဘုရားသည်လည်း တစ်ဟုန်ထိုး နာမည်ကျော်ကြားလာပါတော့သည်။

ကမ္ဘာ့သာသနာပြု **အရှင်သီလာနန္ဒာဘိဝံသ** (အဂ္ဂမဟာပဏ္ဍိတ) က "ပုဒ်တစ်ခု၏အမှားအမှန်ကို ဆုံးဖြတ်ရာ၌ သဒ္ဒါနည်းအရ မှန်ကန်မှုသာမကဘဲ မူလရေးရင်းဆရာ၏ ဖြစ်သင့်သောအလို နှလုံးသွင်းကိုပါ ထည့်သွင်းစဉ်းစားခြင်းမှာ လွန်စွာချီးမွမ်းဖွယ် အတုယူဖွယ်ဖြစ်ကြောင်း၊ သပြေကန်ဆရာတော်သည် ပရိတ်ကြီး၏အနက်အဓိပ္ပာယ်ကိုရေးရင်းပင် ပါဠိပုဒ်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်မွမ်းမံပြင်ဆင်ခဲ့ခြင်းဖြင့် မိမိ၏ရဟန်းတာဝန်ကို ကျေပွန်စွာထမ်းရွက်တော်မူခဲ့ကြောင်း" ချီးကျူးတော်မူ၏။

"ရတနာ့ဂုဏ်ရည်" "ကိုယ်ကျင့်အဘိဓမ္မာ" စသော စာအုပ်များစွာကို ရေးသားသူ ကျမ်းပြုအကျော် တောင်မြို့ **မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ** ကလည်း "အရှင်ဝါသေဋ္ဌာဘိဝံသဟာ ပညာရှင်များ ငေးရလောက်အောင် ရေးပြတော်မူတဲ့ ဆရာတော်ပါပဲ"ဟု ချီးကျူးတော်မူ၏။

**တိပိဋကဓရ အရှင်သုမင်္ဂလာလင်္ကာရ** ဆရာတော်ကလည်း "ဆရာတော်ဘုရား ရေးသမျှ ငေးရတာချည်းပဲ၊ ဆရာတော်ဘုရား ရေးသားသမျှ ထူးခြားလှသည်ချည်းပဲ၊ ဆရာတော်ရေးသမျှ စာအုပ်များဟာ ဒီအတိုင်းချည်းပဲ၊ ဒီကျမ်းများထဲက ပရိတ်ကြီးနိဿယသစ်တစ်မျိုးတည်းဖြင့်ပင် ပညာရှင်အားလုံး ချီးကျူးမဆုံးဖြစ်ခဲ့ရတယ်"ဟု မိန့်ဆိုတော်မူ၏။

**ဆရာကြီးတက်တိုး**က "ခေတ်အဆက်ဆက်က ရေးသားဖွင့်ဆိုခဲ့ကြသည့် ပရိတ်ကြီး စာအုပ်များထက် ပို၍ အကြောင်းခြင်းရာ အဓိပ္ပါယတ္တဖြင့် ဖော်ပြ ရှင်းလင်းထားသည်ကို တွေ့ရကြောင်း။"

**စာရေးဆရာ ပါရဂူ** က "မြန်မာပြည်တွင် ဤဆရာတော်၏ 'ပရိတ်ကြီးနိဿယသစ်'ကို မီသော ပရိတ်နိဿယများ တစ်စောင်မျှ မပေါ်ပေါက်ဖူးသေးကြောင်း။"

**စာရေးဆရာ ရွှေဝါဦး** ကလည်း "သပြေကန်ဆရာတော်သည် ရှာမှ ရှားလှသော ကျမ်းပြုဆရာတော်ဖြစ်ကြောင်း၊ ဘုရားရှင်၏ သာသနာတော်ကို ထိန်းသိမ်းဖြန့်ဝေရာ၌ ဆရာတော်သည် နှုတ်စွမ်းရည်ဖြင့်သာမက စာပေရေးသားမှုဖြင့်ပါ ပျံ့နှံ့အောင် ဆောင်ရွက်နိုင်စွမ်းရှိသူတစ်ဦးလည်း ဖြစ်ပါကြောင်း"ဟူ၍ အသီးသီးချီးမွမ်းထားပေ၏။

http://www.dhammadownload.com



## ပရိတ်ကြီး နိဿယသစ်မှ ကောက်နုတ်ချက်များ

(ပရိတ်ကြီး နိဿယသစ်၌ ပထမနတ်ပင့်ဂါထာကို ဤသို့အနက်ဖွင့်ပြီး စကားပြေပေး၏ –)

(၁) သမန္တာ စက္ကဝါဠေသု၊ အတြာ ဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။

(၁) သမန္တာ– ဤစကြဝဠာခွင် ပတ်ဝန်းကျင်မှ စက္ကဝါဠေသု – စကြဝဠာ ပေါင်း တိုက်တစ်သောင်းတို့၌၊ ဒေဝတာ–နတ်ဗြဟ္မာတို့သည်၊ အတြ–ဤပရိတ် တရား ဟောကြားရာဌာနသို့၊ အာဂစ္ဆန္တု–လာရောက်ကြကုန်လော့၊ မုနိရာဇဿ– မုနိတို့ဘုရင် ရှင်တော်မြတ်ဘုရား၏၊ သဂ္ဂမောက္ခဒံ– နတ်ပြည်နိဗ္ဗာန်အကျိုး ကို ပေးတတ်သော၊ သဒ္ဓမ္မံ–ပရိတ်တရားတော်ကို၊ သုဏန္တု–နာလှည့်ကြကုန် လော့။

**စကားပြေ။** ။ ဤစကြဝဠာ၏ပတ်ဝန်းကျင် စကြဝဠာတစ်သောင်းရှိ နတ်ဗြဟ္မာတို့သည် ဤပရိတ်တရား ဟောကြားရာဌာနသို့ လာရောက်ကြကုန် လော့။ မြတ်စွာဘုရား၏ နတ်ပြည်နိဗ္ဗာန်အကျိုးကို ပေးတတ်သော ပရိတ် တော်ကို နာယူလှည့်ကြပါကုန်လော့။

(ထို့နောက် အဓိပ္ပာယ်ဖွင့်ဆိုချက်၌ ပရိတ်မရွတ်မီ အဘယ့်ကြောင့် နတ် တို့ကို ပင့်ဖိတ်ရကြောင်းကို ဤသို့ရှင်းပြ၏ –)

**နတ်တို့ကို ဖိတ်ခြင်း။** ။ "သမန္တာ" စသည်ကား ပရိတ်မရွတ်မီ ရှေးဦး စွာ နတ်များကို ဖိတ်မန္တကပြုခြင်းတည်း။ ဘုရားရှင်လက်ထက်တော်၌ ကျွတ် တမ်းဝင်ကြသူများတွင် လူသားကား အနည်းငယ်မျှသာ၊ နတ် ဗြဟ္မာများမှာ မရေမတွက်နိုင်လောက်အောင်ပင် ကျွတ်တမ်းဝင်ကြ၏။ မင်္ဂလသုတ်, မဟာ သမယသုတ် စသော သုတ္တန်များကို ဟောသောအခါ တစ်သောင်းသော စကြ ဝဠာမှ နတ်ဗြဟ္မာများ လာရောက်နာယူခဲ့ရာ တရားထူးရကြသော နတ်ဗြဟ္မာ တို့မှာ မရေမတွက်သာအောင်ပင် များလှ၏။ ကျမ်းဂန်များအရဆိုလျှင် နတ် များမှာ ဘုရား တရားတော်ကို လွန်စွာလေးစား၍ နာကြားရန် ငံ့လင့်လျက်ရှိ ကြောင်း သိရ၏။

ထို့ကြောင့် နတ်များ၏ အကူအညီ အစောင့်အရှောက်ကို ရလိမ့်မည်ဟု ယုံကြည်ချက်ဖြင့် ဖိတ်ခြင်းဖြစ်သည်။ အချို့ကပ်ရောဂါများ, အန္တရာယ်များ၌ နတ်ဆိုးများ၏ ပယောဂများလည်း ပါတတ်ရာ နတ်ကောင်းများလာလျှင် နတ် ဆိုးများ ပြေးရှောင်တတ်၍ အန္တရာယ်ကင်းခြင်းစသော အကျိုးပြီးရေး၌ နတ်

http://www.dhammadownload.com



ကောင်းများ လာရောက်ရေးကို လိုလားအပ်သည်ဖြစ်ရာ နတ်ဗြဟ္မာတို့ကို အထူးတလည် ဖိတ်ကြားခြင်းအမှုမှာ အစဉ်အလာတစ်ခုဖြစ်ရသည်။

(တစ်ဖန် စကြဝဠာတိုက်တစ်သောင်းကို ဆက်လက်ရှင်းပြ၏ -)

**စကြဝဠာ။** ။ စကြဝဠာတောင်ဖြင့် ပိုင်းခြားအပ်သော ကျွန်းကြီး လေးကျွန်း, မြင်းမိုရ်တစ်ခုဟုဆိုအပ်သော ဌာနကို စကြဝဠာဆိုသည်။ ၎င်းကို ပင် လောကဓာတ်ဟုလည်း ခေါ်ရ၏။ သာသနာဝင်ကျမ်းဂန်များအလိုမှာ စကြဝဠာသည် အဝိုင်းသာဖြစ်၏။ ဤစကြဝဠာ၏ ပတ်ဝန်းကျင်၌ ထိုကဲ့သို့ စကြဝဠာမျိုးတွေ ဆက်ကာဆက်ကာ တည်နေရာ အဆုံးမရှိတော့ပေ။ လင်ပန်းသုံးချပ်စပ်သောအခါ အလယ်၌ ကွက်လပ်ရှိသကဲ့သို့ စကြဝဠာသုံးခု ဆုံမိသောအခါတိုင်း၌ ကွက်လပ်ရှိခဲ့ရာ ထိုကွက်လပ်ကား လောကန္တရိက်ခေါ် ငရဲ၏ တည်ရာတည်း။

**ခေတ်သုံးပါး။** ။ ဤသို့ဆက်စပ်တည်နေသော စကြဝဠာတို့တွင် ဤစကြဝဠာ၏ ပတ်လည်၌ တည်နေသော စကြဝဠာတစ်သောင်းကား **ဇာတိခေတ်** တည်း။ ဘုရားလောင်း ပဋိသန္ဓေတည်ရာ, ဖွားရာအခါစသည်၌ အတူမြေလှုပ်ခြင်း, နတ်ဗြဟ္မာများ ဘုရားတရား အတူလာနာခြင်းစသည်ဖြင့် အဖြစ်တူကြသော တွဲဖက်လောကဓာတ်များတည်း။

စကြဝဠာကုဋေတစ်သိန်းသည် **အာဏာခေတ်** မည်၏။ ဘုရားရှင်၏ ပရိတ်တော် အာဏာနှံ့ရောက်ရာနယ်တည်း။ ထိုမှ ပြင်ပအဆုံးမရှိသော စကြဝဠာများကား **ဝိသယခေတ်** မည်၏။ ပရိတ်တော်၏ အာဏာ စကြဝဠာကုဋေတစ်သိန်းနှံ့သည်ဆိုသောကြောင့် စကြဝဠာကုဋေတစ်သိန်းက နတ်များ တရားလာနာသည်ကား မဟုတ်။ ဘုရားတန်ခိုးအာနုဘော်ကြောင့် ပရိတ်တော်၏ အာဏာ အစွမ်းအရှိန်အဝါသာ ရောက်ခြင်းဖြစ်၏။ တရားတော်ကိုကား စကြဝဠာတစ်သောင်းက နတ်ဗြဟ္မာများသာ လာရောက်ကြ၏။

(တစ်ဖန် နတ်ပင့်ဂါထာ၌ 'သဒ္ဓမ္မံ' ပါနေသည့်အတွက် ဆက်လက်ဖွင့်ဆိုပြပြန်၏၊ ဤအကြောင်းတို့ကား ဗုဒ္ဓဘာသာဝင်တို့ သိသင့်သောအကြောင်းများတည်း။)

**သဒ္ဓမ္မ။** ။ သတံ ဓမ္မော– သူတော်ကောင်းတို့၏ တရား။

**သန္တော ဓမ္မော** – ချီးမွမ်းအပ် ကောင်းမြတ်သောတရား။ ဤအနက်များအရ သဒ္ဓမ္မမည်၏။ ထိုသဒ္ဓမ္မမှာ ပရိယတ္တိသဒ္ဓမ္မ (=ပိဋကတ်သုံးပုံ)၊ ပဋိပတ္တိသဒ္ဓမ္မ (= မဂ်ဖိုလ်ရကြောင်း အကျင့်များ)၊ အဓိဂမသဒ္ဓမ္မ (=မဂ် ဖိုလ်နိဗ္ဗာန်) ဟု သုံးမျိုးတည်း။

http://www.dhammadownload.com



ထိုသုံးမျိုးလုံးပင် သဒ္ဓမ္မမည်သောကြောင့် ထိုထိုပါဠိ၌ သဒ္ဓမ္မသဒ္ဒါသည် သုံးပါးလုံးကိုလည်းကောင်း၊ နှစ်ပါးကိုလည်းကောင်း၊ တစ်ပါးကိုလည်းကောင်း၊ တစ်ပါးထဲက အစိတ်စိတ်တရားကိုလည်းကောင်း၊ အရာအားလျော်စွာ ဟောသည်ကို တွေ့ရ၏။ ထို့ကြောင့် ဤ၌လည်း ပရိယတ္တိ၏အစိတ်ဖြစ်သော ပရိတ်တရားတော်ကို ဟောလျက်ရှိပါသည်။

ထိုပရိတ်တရားတော်သဒ္ဓမ္မကို နှစ်သက်ခံမင်အောင် ဂုဏ်တင်လိုပြန်၍ 'သဂ္ဂမောက္ခဒံ = နတ်ပြည်နိဗ္ဗာန်ကျိုးကို ပေးတတ်သော' ဟု ဆို၏။ ပရိတ်တော်အလုံးစုံကို မဆိုထားဘိ၊ မင်္ဂလသုတ်တရားတော်အတိုင်းမျှ လိုက်နာကျင့်ကြံလျှင်ပင် နတ်ပြည်နိဗ္ဗာန်ရောက်ရမည်မှာ မလွဲနိုင်တော့ဟု ယုံကြည်ထိုက်ပါသည်။

(ဤတွင် နတ်, နတ်ပြည်ရှိသလား မရှိဘူးလားဟူ၍ ခေတ်လူငယ်များ စိတ်ဝင်စားစွာ မေးမြန်းလေ့ရှိကြသဖြင့် ဤအကြောင်းကို ဆက်ရှင်းပြန်၏–)

**နတ်, နတ်ပြည်ရှိသလော။** ။ နတ်ပြည်, ဗြဟ္မာ့ပြည်များ ထင်ရှားရှိ၍ ထိုနတ်ပြည်, ဗြဟ္မာ့ပြည်များသို့ ဘုရားရှင်ကြွတော်မူကြောင်းကိုလည်းကောင်း၊ တန်ခိုးကြီးရဟန္တာအရှင်မြတ်တို့ ကြွရောက်တော်မူကြောင်းကိုလည်းကောင်း၊ လက်ထက်တော်က ဘုရားမြတ်ထံ နတ်ဗြဟ္မာများ ရံခါ တစ်ဦးချင်း, ရံခါ အစုအဝေးဖြင့် အဖူးအမြော် တရားနာလာရောက်ကြကြောင်းကိုလည်းကောင်း၊ ပါဠိ အဋ္ဌကထာများ၌ များစွာပင် တွေ့ရ၏။ သဘာဝဓမ္မများ ဆန်းကြယ်ပုံကိုလည်းကောင်း၊ ထိုသို့ ဆန်းကြယ်သည်နှင့်အမျှ သဘာဝဓမ္မများဖြင့် တည်ရှိနေသော သက်ရှိသက်မဲ့ သတ္တဝါ အရာဝတ္ထုတို့၏ ထူးခြားဆန်းပြားပုံကို လည်းကောင်း၊ ထိုတွင် တချို့ကို ပကတိမျက်စိဖြင့် မမြင်ရဘဲ ဉာဏ်ထူးများဖြင့်သာ တွေ့နိုင်မြင်နိုင်သည်ကိုလည်းကောင်း မထောက်မထားဘဲ မိမိတို့ မမြင်ရ၍ မရှိဟုဆိုသောသူများက နတ်ဗြဟ္မာများနှင့် သူတို့၏ဘုံဌာနများကို လက်မခံလို၍ ငြင်းပယ်လိုကြ၏။ နတ်ဗြဟ္မာကို ငြင်းပယ်လိုကြသော ထိုသူများကား နတ်ဗြဟ္မာကိုသာမက အဆက်မပြတ်ဖြစ်ရသော သံသရာသဘာဝကိုပင် ပစ်ပယ်လျက် တမလွန်ဘဝမရှိဟုပင် ဆိုလျက်ရှိကြ၏။

(ဤတွင် တမလွန်ဘဝသို့ ဆက်သွားပြန်၏။ တမလွန်ဘဝရှိကြောင်း အထောက်အထားများသည်လည်း အရေးကြီးသော အကြောင်းအရာများပင် တည်း။ တမလွန်ဘဝရှိခြင်းသည် ကံ–ကံ၏ အကျိုးရှိခြင်းကို ဖော်ပြ၏။)

**တမလွန်ဘဝ။** ။ သတ္တဝါတစ်ဦး၏ ရှေးဘဝကံအကြောင်းကို လည်းကောင်း၊ ထိုကံက ပဋိသန္ဓေဖြစ်စေပုံကိုလည်းကောင်း၊ ဘုရားရှင်နှင့် အဘိညာဉ်

http://www.dhammadownload.com



ဉာဏ်ထူးရှင်ပုဂ္ဂိုလ်များသာ အတိအကျ သိမြင်နိုင်၏၊ ထိုဉာဏ်မရသူတို့ကား ဘုရားကို ယုံကြည်သောအားဖြင့် ဘုရားဟောအရ သိကြရ၏။ ဘုရားဟောအရ သိကြရသည်ဆိုသော်လည်း ဖွတ်မိုက်ယုံကြည်ရခြင်းမျိုးကား မဟုတ်၊ မှန်းဆ ထောက်ထားဖွယ်အကြောင်းများ, ဓမ္မများအရ ယုံကြည်ယူဆရခြင်းဖြစ်၏။

ဇာတ်နိပါတ်များ၌ ရှေးဘဝကိုမြင်နိုင်သောပုဂ္ဂိုလ်များ ရှိခဲ့ရာ (နာရဒဇာတ် စသည်) အချို့တစ်ဘဝမြင်နိုင်၍ အချို့နှစ်ဘဝ, အချို့ ထိုထက်အလွန်ပင် မြင်နိုင်ကြ၏။ ထို့အတူ ယခုအခါလည်း လူဝင်စားများ ရှိတတ်ရာ သူတို့သည် လွန်ခဲ့သော ဘဝက အဖြစ်အပျက်ကို ပြောနိုင်ကြ၍ ထိုဘဝက ဆွေမျိုး မိဘများ, မိတ်ဆွေစသည်နှင့် ပစ္စည်းဝတ္ထုများကို သိကြ, အသေအချာ ပြောပြနိုင်ကြ၏။ အချို့လူဘဝမှ, အချို့ ကျွဲ နွား မျောက် စသော တိရစ္ဆာန်ဘဝမှ ဖြစ်လာကြရသည်ကို ပြောပြနိုင်ကြ၏။ **ဇာတိဿရဉာဏ်** (=လွန်ခဲ့သောဘဝကိုအမှတ်ရသော ဉာဏ်)ခေါ် ထိုဉာဏ်မျိုးရသော ထူးခြားသောသူများကို တစ်ခါတစ်ရံ တွေ့ရကြားရခြင်းဖြင့် ဤဘဝမှ ဘဝတစ်ပါး ပြောင်းကြရ, ဖြစ်ကြရသည်ကို ယုံကြည်ကြရ၏။

ဤ၌ ဤဘဝမှ ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားသော ရုပ်နာမ်ဟု လည်းကောင်း သတ္တဝါဟုလည်းကောင်း မရှိ၊ ဘဝတစ်ပါး၌ ရုပ်နာမ်အသစ် သတ္တဝါ အသစ်ဖြစ်ခြင်းသာ၊ သို့သော် ထိုပုဂ္ဂိုလ်ပြုခဲ့သော ကံအရဖြစ်သည်ကို လည်းကောင်း၊ တစ်စဉ်တည်း တစ်စပ်တည်းဖြစ်နေသော ရုပ်နာမ်အစဉ်ကို လည်းကောင်း အစွဲပြု၍ ပုဂ္ဂိုလ်တစ်ဦးတည်းကဲ့သို့ပြုကာ ဘဝတစ်ပါး ပြောင်းသည်ဟု လောကအသုံးရှိခဲ့ရာ ထိုအသုံးအရ ပြောင်းသည်ဟုဆိုခဲ့ခြင်းဖြစ်ကြောင်းကို သတိပြုသင့်ကြ၏။

**ပဋိစ္စသမုပ္ပါဒ်အရ။** ။ ထိုမျှမက ဗုဒ္ဓရှင်တော်မြတ်၏ ဓမ္မသဘာဝများကို လေ့လာခြင်း, စဉ်းစားခြင်းဖြင့်လည်း ယုံကြည်နိုင်ကြ၏။ ပဋိစ္စသမုပ္ပါဒ် အရ ဖြစ်သမျှဓမ္မများသည် အကြောင်းကင်း၍ဖြစ်သည်မရှိ၊ အကြောင်းအကျိုး အဖြစ်ဖြင့် ဖြစ်လျက်ရှိသော တရားများမှာ နိဗ္ဗာန်မရသမျှ အဆက်ပြတ်သည် မရှိဘဲ တစ်စပ်တည်းဖြစ်ပျက်လျက်ရှိနေသည်သာတည်း။ ပဋိသန္ဓေ ခေါ် ဘဝ အစ ဝိညာဉ်ဖြစ်ရာ၌ ရှေးကောင်းမှု မကောင်းမှု သင်္ခါရသည် အကြောင်းဖြစ်၏။ အဝိဇ္ဇာကြောင့် သင်္ခါရ, သင်္ခါရကြောင့် ပဋိသန္ဓေဝိညာဉ်ဖြစ်ရ၏။ ထိုပဋိသန္ဓေ ဝိညာဏ်ကြောင့် ရုပ်တရား, နာမ်တရားများ ဖြစ်ပွားခဲ့၍ တစ်ဘဝဟု ဖြစ်လာ သောအခါ ထိုဘဝ၌ တဏှာ, ဥပါဒါန်များဖြင့် ကံတို့ကိုပြုခဲ့ပြန်ရာ ထိုကံက ဇာတိခေါ် ဘဝအသစ်ကို ဖြစ်စေပြန်တော့သည်။

http://www.dhammadownload.com



ဤသို့အကြောင်းအကျိုးဆက်သွယ်သောနည်းအရ ဘဝအစဖြစ်သော ပဋိသန္ဓေမှာ ကောင်းမှုမကောင်းမှုကံကြောင့် ဖြစ်ရ၏။ ထိုထိုပြုပြုသမျှ ကောင်းမှုမကောင်းမှုမှာ စာတ်သတ္တိအဖြစ်ဖြင့် ကိန်းလျက်ရှိခဲ့ရာ အဝိဇ္ဇာ, တဏှာ စသော ကိလေသာ မကင်းသေးလျှင် ထိုဓာတ်သတ္တိကား ပျောက်ဆုံးမသွားဘဲ အခန့်သင့်သောအခါ ပဋိသန္ဓေကိုဖြစ်စေတော့သည်။ ဤသို့လျှင် တစ်ဘဝနှင့် တစ်ဘဝ အဆက်မပြတ် ဆက်သွယ်လျက်ရှိအောင် ဖန်တီးနေသည်မှာ ကိလေသာနှင့် ကံတရားများဖြစ်ကြောင်း သိနိုင်သည်။

တချို့ တမလွန်မရှိဟု ယူသူတို့က ပဋိစ္စသမုပ္ပါဒ်ဒေသနာကိုပင် အတိတ်အနာဂတ်မပါ ပစ္စုပ္ပန်အဖြစ်မျှကိုသာ ပြသောတရားအဖြစ် ယူဆကြ၏။ သူတို့အလိုအရဆိုလျှင် ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ကိုပင် ဟောဖွယ်မရှိတော့ပေ။ သေလျှင် ပြတ်သည်၊ ဘာမျှဆက်မဖြစ်တော့လျှင် အဝိဇ္ဇာစသည် ချုပ်ငြိမ်းကြောင်းအကျင့်လည်း ကျင့်ဖို့မရှိ၊ ချုပ်ငြိမ်းမှုလည်း မလိုတော့ပြီ။ အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရချုပ်သည်စသော ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ကို ဟောထားသောကြောင့် ပဋိစ္စသမုပ္ပါဒ်မှာ အတိတ်နှင့် ပစ္စုပ္ပန်၊ ပစ္စုပ္ပန်နှင့် အနာဂတ် ဘဝသံသရာ အဆက်မပြတ်ပုံကို ဟောသော ဒေသနာအဖြစ်မှာ ထင်ရှားလှပေသည်။

အချို့က ဘဝသံသရာ အဆက်မပြတ်ဟုကား ယူဆကြ၏။ သို့သော် ကံကြောင့် ဖြစ်ရသည်မဟုတ်၊ တဏှာ, ဥပါဒါန်ကြောင့် ဖြစ်ရသည်ဟုလည်း ဆိုကြပြန်၏။ ဓမ္မသဘောများ၌ ဆိုင်ရာသတ္တိများရှိခဲ့ရာ ပဋိသန္ဓေကိုဖြစ်စေနိုင်သော သတ္တိမှာ ကံ၌သာရှိ၍ တဏှာ, ဥပါဒါန်များကား အကူအမ, အထောက်အပံ့များသာ ဖြစ်ကြ၏။ သစ်ပင်ဖြစ်စေရာ၌ မြေ ရေ စသည်တို့ကြောင့်ဟု ဆိုနိုင်သော်လည်း ၎င်းတို့မှာ အကူအညီအကြောင်းများသာဖြစ်၍ တကယ် သစ်ပင်ကို ဖြစ်စေသည်မှာ မျိုးစေ့သာ ဖြစ်သကဲ့သို့တည်း။

ဥတုကြောင့်ဖြစ်သော သစ်ပင်များ၌ အသီးများမှာ တူလျက်သာရှိကြ၏၊ ဥပမာ သရက်ပင်၏ အသီးများမှာ တစ်လုံးနှင့်တစ်လုံး အနံ့အရသာ မကွဲပြားကြ။ သတ္တဝါများ၌ကား ထိုသို့မဟုတ်၊ မိဘတို့၏ ဥတုသွေးကြောင့် ဖြစ်ရခြင်းတူသော တစ်မိပေါက် သားသမီးများမှာပင် အလွန်ခြားနားတတ်ကြ၏။ စိတ်နေ သဘောထား, ဉာဏ်ထက် မထက်, ရုပ်ရည် လှ မလှ, ဓနရှိမရှိစသည်အားဖြင့် ကွဲပြားတတ်ကြ၏။ ထိုသို့ကွဲပြားသည်ကိုထောက်လျှင် ယခုဘဝ မိဘအကြောင်းမှတစ်ပါး ရှေးဘဝအကြောင်းတစ်မျိုးရှိရာ၏။ ထိုအကြောင်းကားကိုယ်ပြုခဲ့သည့်ကံသာဟူသော အယူမှာ ဘယ်မျှကျေနပ်ဖွယ်ကောင်းပါသနည်း။

ထို့ပြင် "လူသေလျှင် ဘာမျှမဖြစ်တော့"ဟူသောအယူမှာ ကောင်းမှုပြု

http://www.dhammadownload.com



စရာလည်း မလို၊ မကောင်းမှု ကြောက်စရာလည်း မရှိ၍ ယခုဘဝ လူကောင်း တစ်ယောက် ဖြစ်ဖို့ရာ ခဲယဉ်းသည်နှင့်အမျှ နောင်ဘဝရှိသည်ဆိုလျှင် ကောင်း ရာမရောက်, မကောင်းရာရောက်ရမည်ဖြစ်ရာ နှစ်ဖက်စလုံး ဘယ်မျှဆုံးရှုံးပါ သနည်း။ ဘဝတစ်ပါးရှိသည်ယူသူကား နောက်ဘဝမရှိထားဦးတော့၊ ယခု ဘဝမှာ လူကောင်းလူမြတ်ဖြစ်ရခြင်းက တစ်ပန်းသာလျက်ရှိရသည်။ နောက် ဘဝ ရှိလျှင်လည်း ၎င်းမှာ ကောင်းရာဘဝ၌ သုခခံရမည်မှာသေချာ၍ နှစ်ဖက် စလုံး အမြတ်ထွက်လျက်ရှိသည်။

**ဘဝဆက်ပုံ။** ။ ဘဝသံသရာ၌ အဆက်မပြတ်ဖြစ်ရန် ကံက ဖန်တီးခဲ့ သည်နှင့်အမျှ ၎င်းတို့၌လည်း သတ္တိစွမ်းရည်များ ပြည့်စုံလျက်ရှိရ၏။ အထူး သဖြင့် တမလွန်ဘဝဖြစ်စေရာ၌ နာမ်ဓာတ်၏သတ္တိက ပဓာနဖြစ်၏။ သဘာဝ တရားများကို လေ့လာဖူးသူသည် မိမိစိတ်ကိုဆင်ခြင်လျှင် အစဉ်မပြတ်ဖြစ်နေ သည်ကို တွေ့ရမည်ဖြစ်၏။ အိပ်ပျော်ချိန်၌ပင်လျှင် စိတ်ကား အဆက်မပြတ်၊ သို့သော် ဘဝင်စိတ်ခေါ် ထိုစိတ်ကိုကား သာမန်ဉာဏ်ဖြင့် မသိနိုင်။ အခြား မြင်စိတ်, ကြားစိတ်, တွေးစိတ် စသော စိတ်များ မပြတ်ဖြစ်နေပုံကိုကား သိသာ ၏။ ထိုသို့ စိတ်တွေ အဆက်မပြတ်ဖြစ်နေခြင်းကို သိရခြင်းဖြင့် နောင်ဘဝကို မျက်မြင် မမြင်ရသော်လည်း သေခါနီးစိတ်များ၏ ကျေးဇူးပြုမှုကြောင့် လည်း ကောင်း၊ ကံစိတ်၏ အစွမ်းသတ္တိကြောင့်လည်းကောင်း စုတိနောက် ပဋိသန္ဓေ စသော စိတ်များ အဆက်မပြတ် တစ်စပ်တည်းဖြစ်သွားပုံကို သဘောကျနိုင် တော့သည်။

**အရိယာဖြစ်မှု။** ။ သာမန်ဉာဏ်ဖြင့် စိတ်အစဉ်အဆက်မပြတ် ဖြစ်ပုံ၌ တွေဝေလျှင် တွေဝေမည်။ စိတ်တစ်ခုတည်းက မြင်လိုက် ကြားလိုက် စသည် ဖြစ်နေသည်ဟု ထင်သော် ထင်တတ်၏။ ဝိပဿနာဉာဏ်ဖြင့်မူကား တစ်ခု ပြီး တစ်ခု ဖြစ်ပျက်ဖြစ်ပျက် အဆက်မပြတ် အစဉ်ဖြစ်နေသည်ကို ကွဲကွဲပြားပြား သိနားလည်ရတော့သည်။ မဂ်ပေါက် ဖိုလ်ပေါက်၍ နိဗ္ဗာန်ကိုတွေ့ရသောအခါ ကား ပို၍ရှင်းလင်းတော့သည်။ ရှေးဝိပဿနာအခိုက်၌ ရုပ်နာမ်တွေ အဆက် မပြတ်ဖြစ်နေသည်ကို တွေ့ရ၏။ ယခုနိဗ္ဗာန်ကို တွေ့ရသောအခိုက်၌ ရုပ်နာမ် တွေ ငြိမ်းစဲလျက် အဆက်ပြတ်နေသည်ကို တွေ့ရ၏။ နောင်တစ်ချိန်မှာ ရုပ် နာမ်တွေ လုံးဝအဆက်ပြတ်ရတော့မည်ကိုလည်း သိနားလည်တော့သည်။

ထိုသို့ ရုပ်နာမ်ငြိမ်းစဲ, အဆက်ပြတ်နေသော နိဗ္ဗာနဓာတ်ကို တွေ့ရခြင်း၊ နောင်ငြိမ်းရတော့မည်ကို သိရခြင်းဖြင့် ဤရုပ်နာမ်များ ရှေးက မည်သည့်အခါ

http://www.dhammadownload.com



မှုပြတ်စဲခဲ့သည်မရှိဘဲ ဘဝများစွာဆက်ကာဆက်ကာ မပြတ်ဖြစ်လာသည်ကို ပိုင်နိုင်စွာ ဆုံးဖြတ်နိုင်တော့သည်။ ထို့ကြောင့် သောတာပန်ဖြစ်လျှင် သံသရာ၏ ရှေ့အဖို့ နောက်အဖို့ ရှေ့နောက်အဖို့နှစ်ပါးနှင့် ပဋိစ္စသမုပ္ပါဒ်များ၌ ယုံမှားမှု တွေဝေမှုကင်း၍ ရှင်းလင်းပြီဖြစ်သည်ဟု မိန့်တော်မူခဲ့ကြသည်။ ဘဝများစွာ ဆက်ကာဆက်ကာ ဖြစ်လာရသော သံသရာသဘောမှာ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်များ ရသောအခါ ပိုင်နိုင်စွာဆုံးဖြတ်နိုင်မည်ဖြစ်ရာ ထိုဉာဏ်များရအောင် ကြိုးစားခြင်းဖြင့် ဘဝသံသယကို အရှင်းပယ်ခွာနိုင်တော့သည်။

(ဤသို့ သိသင့်သော သိလိုကြသော အဓိပ္ပာယ်များကို ဆက်ကာဆက်ကာ ရှင်းလင်းသွားပေးသည့်အတွက် ပရိတ်ကြီးနိဿယသစ်ကို ဓမ္မရေးရာပဒေသာပင်ကြီး (ဝါ) ဗဟုသုတဟင်းလေးအိုးကြီးဟု ခေါ်ဆိုနိုင်ပေ၏။)

## မင်္ဂလသုတ်၏ အနှစ်သာရ

[မင်္ဂလာတရား (၃၈) ဖြာသည် လောကီ, လောကုတ္တရာကြီးပွားချမ်းသာကြောင်း တရားများကို လူမျိုး ဘာသာမရွေး လူအားလုံးက လက်ခံနိုင်အောင် သဘာဝကျကျ ဖော်ပြထား၏။ လက်ငင်းအကျိုးကြီးမားအောင် နေ့စဉ် လူနေမှု ကျင့်စဉ်အဖြစ် လက်တွေ့ကျကျ ကျင့်သုံးနိုင်သောတရားများလည်း ဖြစ်ကြ၏။ လူငယ်များပင်လျှင် နားလည်သဘောပေါက်ကာ ကျင့်သုံးနိုင်ကြသဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ လူငယ်များအား ခေတ်အဆက်ဆက် သင်ပြပေးခဲ့ကြ၏။

သပြေကန်ဆရာတော်ဘုရားသည် မင်္ဂလသုတ် နိဿယသစ်ကို ရေးသားရာ၌ မင်္ဂလာ၏ အဓိပ္ပာယ်မှအစ မင်္ဂလာတစ်ခုစီကို ရှင်းရှင်းလင်းလင်း အနက်အဓိပ္ပာယ်ရှင်းပြထားသဖြင့် မင်္ဂလာတရားသင်ကြားပေးနေသူတို့ လက်မလွှတ်တမ်း မှီငြမ်းအားကိုးရသော ကျမ်းစာအုပ် ဖြစ်ပေ၏။]

**ကောင်းမြတ်သော မင်္ဂလာ။** ။ ဒိဋ္ဌ မင်္ဂလာ စသည်မှာ အမှန်တရားကို မသိသူတို့၏ စိတ်ကူးအရဖြစ်သော ယူဆချက်များသာ၊ ထိုယူဆချက်များမှာ အသားမပါသည်ဖြစ်၍ပင် တစ်ဦးအယူကို တစ်ဦးက လက်မခံနိုင်ခဲ့ခြင်းဖြစ်၏။ ဗုဒ္ဓရှင်တော်မြတ် မင်္ဂလာတရားဟောသောအခါမူ ထိုမင်္ဂလာများကို မဟုတ်မကောင်းဟု ငြင်းမည့်သူ, ပယ်လှန်မည့်သူ တစ်ဦးတစ်ယောက်မျှပေါ်မလာ။ အားလုံး အကောင်းတရားအဖြစ် ဝန်ခံကြရ၏။ ယခုခေတ် ဗုဒ္ဓဘာသာဝင်

http://www.dhammadownload.com



မဟုတ်သူ ဘာသာခြားများပင် ဤမင်္ဂလာမှုကို အကောင်းအဖြစ် လက်ခံကြရမည်သာ။

(ပထမမင်္ဂလာသုံးပါးကို ပါဠိ၊ နိဿယ၊ စကားပြေနှင့်တကွ အဓိပ္ပာယ်ရှင်းပြပုံမှာ–)

(၁၄) အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာစ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

(၁၄) ဒေဝပုတ္တ– နတ်သား၊ ဗာလာနံ–လူမိုက်တို့ကို၊ ယာ အသေဝနာစ–အကြင်မပေါင်းသင်း မမှီဝဲခြင်းသည်လည်းကောင်း၊ ပဏ္ဍိတာနံ – ပညာရှိသူတော်ကောင်းတို့ကို၊ ယာ သေဝနာစ – အကြင်ပေါင်းသင်းမှီဝဲခြင်းသည်လည်းကောင်း၊ ပူဇနေယျာနံ – ပူဇော်ထိုက်သောသူတို့ကို၊ ယာ ပူဇာစ – အကြင်ပူဇော်ခြင်းသည်လည်းကောင်း၊ အတ္ထိ– ရှိ၏၊ ဧတံ–ဤတရားသုံးပါးကား၊ ဥတ္တမံ– ကောင်းမြတ်သော၊ မင်္ဂလံ–မင်္ဂလာပေတည်း။

**စကားပြေ။** ။ နတ်သား၊ လူမိုက်တို့ကို မပေါင်းမသင်း ရှောင်ခွာခြင်း၊ ပညာရှိသူတော်ကောင်းတို့ကို ပေါင်းသင်းဆည်းကပ်ခြင်း၊ ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း၊ ဤသုံးပါးကား ကောင်းမြတ်သော မင်္ဂလာဖြစ်ပေသည်။

**လူမိုက်။** ။ လူမိုက်ဟု သိနိုင်သော အမှတ်အသားများကား မကောင်းသော အကြံကို ကြံခြင်း၊ မကောင်းသော စကားကို ပြောခြင်း၊ မကောင်းသော အလုပ်ကို လုပ်ခြင်းတို့တည်း။ ဤလက္ခဏာသုံးပါးရှိသူကား အမျိုးမြတ်သူပင်ဖြစ်စေ၊ ပစ္စည်းကြွယ်ဝသူပင်ဖြစ်စေ၊ အစိုးရသူပင်ဖြစ်စေ၊ မည်သူမဆို ဗာလ (=လူမိုက်) ပင်တည်း။ ထိုသို့သောသူများကား ဤလောက၌ ဘေးရန်အမျိုးမျိုး ကင်းရှင်းအေးချမ်းခြင်း၊ ဂုဏ်သတင်းကျော်စောခြင်း၊ အများချစ်ခင်လေးစားခံရခြင်း၊ ပရိသတ်၌ ရွံ့စိုးခြင်းကင်း, ရဲရင့်ခြင်းစသော ကောင်းကျိုးများ မရနိုင်။ ယခုဘဝ အထက်တန်းရောက်နေသူပင် ဖြစ်စေကာမူ တမလွန်ဘဝ၌ကား သုဂတိဘုံဘဝဝယ် ချမ်းသာခြင်း မခံစားရတော့ပေ။ ထို့ကြောင့် အကျိုးနှစ်မျိုးကို ဖြတ်တောက်တတ်သူဟု ဗာလ၏ အနက်ကို ဖွင့်ဆိုကြ၏။ ဒွေ အတ္ထေ လုနန္တီတိ ဗာလာ။ ။ဒွေ အတ္ထေ–အကျိုးနှစ်မျိုးလုံးတို့ကို၊ လုနန္တိ –ဖြတ်တောက်တတ်ကုန်၏၊ ဣတိ–ထို့ကြောင့်၊ ဗာလာ–ဗာလမည်ကုန်၏။)

ဤအမှတ်အသားမျိုးရှိသူကား ဤဘဝပင် အပြစ်ဒဏ်ခံရခြင်း, ဘေးရန်များခြင်း, ဂုဏ်သိန်မဲ့ခြင်း, လူကဲ့ရဲ့ခံရခြင်းစသော မကောင်းကျိုး အကျိုးမဲ့ကိုသာ

http://www.dhammadownload.com



ရတတ်၏။ တမလွန်ဘဝ၌ လူမိုက်တို့၏သွားရာလမ်း အပါယ်သို့သာ တန်းရောက်ရတော့၏။

**ပညာရှိ။** ။ ကောင်းသောအကြံကိုကြံခြင်း၊ ကောင်းသောစကားကိုပြောခြင်း၊ ကောင်းသောအလုပ်ကိုလုပ်ခြင်း ဤသုံးပါးကား ပညာရှိဟုသိရန် အမှတ်အသားများတည်း။ ဤလက္ခဏာသုံးပါးထင်ရှားနေသူကား ဆိုခဲ့ပြီးအကျိုးနှစ်မျိုးကို ရနိုင်သည်ဖြစ်ရာ ဘုရားရှင်က ဤဘဝအကျိုး၊ နောင်ဘဝအကျိုး နှစ်မျိုးလုံးကို ရခြင်းကြောင့် 'ပဏ္ဍိတပညာရှိ'ဟု ဆိုရကြောင်း ဟောကြားဖွင့်ဆိုတော်မူခဲ့သည်။

စာပေနှင့် အခြားအတတ်အမျိုးမျိုးကို တတ်မြောက်သူကို တစ်နည်းတစ်လမ်းအရ ပဏ္ဍိတဟုခေါ်ဆိုကြသော်လည်း ထိုသူမှာ ဆိုခဲ့ပြီးလက္ခဏာသုံးပါး မရှိလျှင် "ပဏ္ဍိတာနဋ္ဌ သေဝနာ"အရ ပဏ္ဍိတဟုကား မခေါ်ဆိုအပ်ပေ။ စာပေအတတ်ပညာ ထူးခြားစွာမတတ်သော်လည်း ကောင်းမကောင်းသိနားလည်၍ သိနားလည်သည့်အတိုင်း ကျင့်ကြံသော လူလိမ္မာသူတော်ကောင်းကိုသာ ပဏ္ဍိတဟု ဆိုလိုသည်။

အကယ်၍ အတတ်ပညာနှင့်လည်းပြည့်စုံမည် အကျင့်လည်းကောင်းမည်ဆိုပါလျှင် ထိုသူကား ပဏ္ဍိတအရ အပြည့်ဝဆုံးအနက်ကို ဆောင်လျက်ရှိရာ တကယ်အားကိုးမှီခိုထိုက်သော ပုဂ္ဂိုလ်ဖြစ်ပေသည်။

ဆိုခဲ့ပြီးသော သဘာဝများအရ ပဏ္ဍိတကို မျက်မှောက်တမလွန်အကျိုးနှစ်ပါး၌ ဉာဏ်အသွားဖြင့် သွားနေတတ်သူဟု အနက်ဖွင့်ဆိုကြသည်။ (ပဏ္ဍတိ့ တံ ပဏ္ဍိတာ။ ပဏ္ဍတိ–အကျိုးနှစ်ပါး၌ ဉာဏ်အသွားဖြင့် သွားတတ်ရောက်တတ်ကုန်၏၊ ဣတိ–ထို့ကြောင့်၊ ပဏ္ဍိတာ–ပဏ္ဍိတမည်ကုန်၏။)

**ပေါင်းထိုက် မပေါင်းထိုက်။** ။ လောက၌ ဘေးရန်အန္တရာယ်များသည် လူမိုက်များကြောင့်သာ ဖြစ်ရ၏။ ပညာရှိကြောင့်ဖြစ်သည်ဟု မရှိကြောင်း ဘုရားရှင် ဟောတော်မူ၏။ ထို့ကြောင့် အများဆင်းရဲရေး ဘေးအန္တရာယ်ကို ဖန်တီးတတ်သူ လူမိုက်မှာ ကြောက်လန့်ဖွယ်ပုဂ္ဂိုလ်သာတည်း။ အများချမ်းသာကောင်းစားရေးကိုသာ ပြုတတ်သော သူတော်ကောင်းများမှာ ချစ်မြတ်နိုးဖွယ်ဖြစ်ရ၏။

နီတိဆရာကြီးများက 'ပညာဖြင့် တန်ဆာဆင်ထားစေကာမူ လူယုတ်ကို ရှောင်ရမည်သာ။ ပတ္တမြားဆင်ထားသော မြွေသည် အန္တရာယ်မပြုတတ်ဘဲ ရှိပါမည်လား'ဟု ဆိုကြ၏။

မီးလောင်သောအိမ်၌ မီးသည် အိမ်ကိုလည်း လောင်၊ အိမ်ကို မှီနေသော လူများကိုလည်း လောင်တတ်သကဲ့သို့ ဗာလသည် မိမိ၏အယူမှား၊ အပြုမှား

http://www.dhammadownload.com



တို့ဖြင့် မိမိကိုလည်း ဖျက်ဆီး၍ မိမိစကားလိုက်နာသူတို့ကိုလည်း ပျက်စီး ဆုံးရှုံးစေတတ်၏။

ဘေးရန်ဖြစ်လာသောအခါ အကွယ်အကာ အစောင့်အရှောက်ကောင်းကဲ့သို့လည်းကောင်း၊ အမိုက်မှောင်၌ အမြင်ကို ရစေတတ်သော ဆီမီးကဲ့သို့လည်းကောင်း၊ မှန်ကန်သင့်မြတ်သော အပြုအမူ အယူအဆရှိသူ ပညာရှိများကား မိမိကိုလည်းကောင်း၊ မိမိအား မှီခိုသူများကိုလည်းကောင်း ဘေးအန္တရာယ်ကင်းစေ, ချမ်းသာစေတတ်ပေသည်။

ထို့ကြောင့် "မိမိထက်သာသူနှင့် တန်းတူရည်တူပုဂ္ဂိုလ်များကို မရနိုင်လျှင် တစ်ယောက်တည်းသာကျင့်ရမည်။ ဘာ့ကြောင့်နည်း၊ သူမိုက်၌ သဟာယဖြစ်ကြောင်း ကောင်းသောဂုဏ်ရည်များ မရှိသောကြောင့်ဖြစ်သည်" ဟု ဓမ္မပဒဗာလဝဂ်၌ ဟောတော်မူသည်။

**အကိတ္တိရသေ့ဆုတောင်း။** ။ ဘုရားအလောင်းတော် အကိတ္တိပညာရှိကို သိကြားမင်းက လိုရာဆုတောင်းရန် လျှောက်သောအခါ "လူမိုက်ကို မမြင်ရ, မပေါင်းရလိုကြောင်း၊ လူမိုက်နှင့် စကားမပြောရလိုကြောင်း" ဆုတောင်း၏။ အဘယ့်ကြောင့် လူမိုက်ကို မမြင်လို၊ မပေါင်းလိုပါသနည်းဟု မေးသောအခါ ရှင်ရသေ့မိန့်ပုံမှာ "လူမိုက်သည် နည်းမမှန် လမ်းမကျသော အကျင့်များကို နည်းမှန်လမ်းမှန်ဟု ယူဆတတ်၏။ မပြုသင့်သည့်တာဝန်များ၌ တိုက်တွန်းတတ်၏၊ မကောင်းသော နည်းလမ်းများမှာ သူ့အဖို့ အကောင်းဖြစ်နေ၏၊ အကျိုးသင့် အကြောင်းသင့်ပြောသော် စိတ်ဆိုးတတ်၏၊ ကျင့်ဝတ်ဝိနည်းကို နားမလည်, မကျင့်၊ ထိုသူမိုက်မျိုးကို မမြင်ရ မတွေ့ရခြင်းသာ ကောင်းပါ၏"ဤသို့တည်း။

တစ်ဖန် ဆုတောင်းပုံကား "ပညာရှိကို မြင်တွေ့ရ,ပေါင်းသင်းရလို၏။ ပညာရှိနှင့် စကားပြောရလိုသည်"ဟူ၏။ အကြောင်းကို မေးမြန်းသော် "ပညာရှိကား နည်းမှန်လမ်းမှန်ကို ကျင့်တတ်၏၊ မပြုသင့်သော တာဝန်များ၌ မတိုက်တွန်းတတ်၊ မှန်ကန်သောနည်းလမ်းသာ ပညာရှိအဖို့ အကောင်းအမြတ်ဖြစ်၏၊ အကျိုးသင့် အကြောင်းသင့်ပြောသော် စိတ်မဆိုးတတ်၊ စည်းကမ်းဝိနည်းကို နားလည်ကျင့်ကြံတတ်၏၊ ထိုပညာရှိမျိုးနှင့်ပေါင်းသင်းရခြင်းကား ကောင်းလှပေသည်"ဟု ဆို၏။ (ဇာတကပါဠိ၊ ပ၊ အကိတ္တိ-၂၆၆)

**မင်္ဂလာ။** ။ သူတစ်ပါးဆင်းရဲကြောင်း ဖန်တီးတတ်သူ လူမိုက်ဖြစ်ရခြင်း၊ ခုဘဝ နှောင်ဘဝ အကျိုးမဲ့ဖြစ်ရခြင်းတို့ကြောင့် လူမိုက်ကို ပေါင်းခြင်းမှာ အမင်္ဂလာသာဖြစ်ပြီးလျှင် ထိုလူမိုက်ကို ရှောင်ခွာခြင်းမှာ အကျိုးမဲ့အမျိုးမျိုးမှ လွတ်ကာ ချမ်းသာခြင်းအကြောင်းဖြစ်၍ မင်္ဂလာဖြစ်ပေသည်။

http://www.dhammadownload.com



သူတော်ကောင်းနှင့် ပေါင်းသူမှာ မိမိလည်း သူတော်ကောင်းဖြစ်ရ၍ ခုဘဝ နောင်ဘဝ ဘေးကင်းရန်ကင်း ချမ်းသာခြင်းအကျိုးခံစားရမည်ဖြစ်သောကြောင့် ပညာရှိကို ပေါင်းခြင်းမှာ ကောင်းခြင်းမင်္ဂလာဖြစ်ပေသည်။ လူမိုက်ကို ပေါင်းသူ, ပညာရှိကို မပေါင်းသူတို့၌ ဆိုလတ္တံ့မင်္ဂလာများတွင် ဘယ်မင်္ဂလာမှ ပြည့်စုံမည်မဟုတ်။ ဤမင်္ဂလာနှစ်ပါးကား အားလုံးသော မင်္ဂလာများ၏ အခြေခံဖြစ်၍ ရှေးဦးစွာ ဟောတော်မူသည်။

**ပူဇော်ထိုက်သူ။** ။ ဒက္ခိဏေယျ = မြတ်သောအလှူကို ခံထိုက်သူဆိုလျှင် လှူသူ၌ အကျိုးကြီးမြတ်သည်။ လှူသူအကျိုးကြီးလောက်အောင် အလှူခံ၌ ဂုဏ်များရှိနေသည်ဟု အဓိပ္ပာယ်ရသကဲ့သို့ ပူဇော်ထိုက်သူဆိုရာ၌လည်း ပူဇော်သူ၌ အကျိုးခံစားရသည်။ ပူဇော်သူများ အကျိုးခံစားရလောက်အောင် အပူဇော်ခံပုဂ္ဂိုလ်များ၌ ဂုဏ်ရှိနေသည်ဟုပင် အဓိပ္ပာယ်ရပါသည်။ ထိုပူဇော်ထိုက်သူများကား ရတနာသုံးပါး၊ မိဘ၊ ဆရာ၊ အစ်ကို၊ အစ်မ၊ ဦးကြီး၊ ဦးလေး၊ အဒေါ် စသောအမျိုး၌ အသက်ကြီးသူများ၊ ယောက္ခမ၊ လင်ယောကျ်ားစသည်တို့ ဖြစ်ကြ၏။ ရတနာသုံးပါး၌ ကိလေသာကင်းဝေးစင်ကြယ်ခြင်းစသော ပူဇော်ထိုက်သော ဂုဏ်များရှိသကဲ့သို့ မိဘ ဆရာ စသည်တို့၌လည်း အရွယ်ကြီးရင့်သော ဂုဏ်, ကျေးဇူးဂုဏ်များရှိကြ၏။ မိဘကျေးဇူးကား အထူးပြောဖွယ်မရှိ၊ ကြီးမားလှဘိ၏။ အခြား အစ်ကိုအစ်မ စသည်တို့၌လည်း မိမိကို ယုယစောင့်ရှောက်ကြ, ပေးကမ်းကျွေးမွေးကြ, သင်ပြဆုံးမကြသည့် ကျေးဇူးရှင်များပင် ဖြစ်ကြသည်။

**ပူဇော်ခြင်းအကျိုး။** ။ ပူဇော်ထိုက်သူများကို ပူဇော်ခြင်းကြောင့် မျက်မှောက်ဘဝ၌ အသက်ရှည်ခြင်းစသောအကျိုး၊ တမလွန်၌ သုဂတိဘဝ ရောက်ရခြင်းအကျိုးများကို ရနိုင်၏။ မှန်၏၊ **စက္ကဝတ္တိသုတ်** ၌ မိဘကို လုပ်ကျွေးသူ, အမျိုး၌ကြီးသူတို့ကို ပူဇော်ရိုသေလေးစားသူတို့အား အသက်, အဆင်း, ချမ်းသာ, ခွန်အား, သုခ, ပညာ, ဤငါးပါး တိုးပွားကြောင်း ဟောတော်မူ၏။

ပူဇော်ထိုက်သူတို့ကို ပူဇော်ရာခေတ်အခါ၌ လူငယ်တို့၏ စေတနာ,မေတ္တာ၊ လူကြီးတို့၏ မေတ္တာ, ကရုဏာဓာတ်များ အရှိန်တက်လျက်ရှိ၏။ ထိုဓာတ်များကား ဗဟိဒ္ဓကိုလည်း ဓာတ်ခိုက်မြဲဖြစ်ရာ ရာသီဥတုညီမျှ, မိုးလေဝသ မှန်၍ အသီးအနှံကောင်းပြီး အစာအာဟာရတို့မှာ အဆီဩဇာပြည့်လျက်ရှိရ၏။ ထို့ကြောင့် ထိုခေတ်လူများ၌ ကျန်းမာခြင်းကြောင့် အသက်ရှည်ကြ၏၊ အဆင်းလှကြ၏၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာကြ၏၊ ခွန်အားဗလ ပြည့်စုံကြ၏၊ ကိုယ်စိတ် နှစ်ပါး ကျန်းမာချမ်းသာ အားရှိသောကြောင့် ပညာလည်း တိုးကြ၏။ ထို့

http://www.dhammadownload.com



ကြောင့် ပူဇော်ထိုက်သူ ပူဇော်ခြင်းမှာ ကမ္ဘာသူကမ္ဘာသားတို့၏ တိုးတက်ကြီးပွားကြောင်း ကောင်းမှုတစ်ရပ်ဖြစ်၍ မင်္ဂလာဆိုရသည်။

**ပူဇာအရ။** ။ 'ပူဇာအရ အာမိသပူဇာ (=ပစ္စည်း ဝတ္ထုဖြင့် ပူဇော်ခြင်း)၊ ပဋိပတ္တိ ပူဇာ (=အကျင့်ဖြင့် ပူဇော်ခြင်း) ဟု ပူဇော်ခြင်း နှစ်မျိုးရှိ၏။ ပဋိပတ္တိ ပူဇာကို 'ဓမ္မပူဇာ' ဟုလည်း ဆိုရ၏။ ပူဇာတိ သက္ကာရ ဂရုကာရ မာနန ဝန္ဒနာ = ပူဇာဆိုသည်မှာ ကောင်းစွာပြုခြင်း၊ အလေးအမြတ်ပြုခြင်း၊ မြတ်နိုးခြင်း၊ ရှိခိုးခြင်းတည်းဟု အဋ္ဌကထာဖွင့်၏။ ဆွမ်း, ခဲဖွယ်, ပန်း, ရေချမ်း, ဆီမီး စသော အာမိသ ဖြင့် ပူဇော်ခြင်းသည်လည်း ကောင်းစွာပြုမှု, အလေးအမြတ်ပြုမှု, မြတ်နိုးမှုပင် ဖြစ်၏။ အကျင့်ပဋိပတ်ကို ကျင့်ခြင်းသည်လည်း မြတ်စွာဘုရား စသည်၌ ကောင်းစွာပြုခြင်း, အလေးအမြတ်ပြုခြင်း, မြတ်နိုးခြင်းပင်။ ဆရာမိဘ အဆုံးအမကို မလိုက်နာသူမှာ ဆရာမိဘကို မြတ်နိုးသူမဟုတ်၊ အဆုံးအမ အတိုင်း လိုက်နာသူသာ ဆရာမိဘအပေါ် ကောင်းစွာပြုသူ, အလေးအမြတ်ပြုသူ, မြတ်နိုးသူ ဖြစ်၏။

ထို့အတူ ဘုရားအဆုံးအမ ပဋိပတ်ကို လိုက်နာကျင့်ကြံသူမှာ ဘုရားကို ကောင်းစွာပြုသူ, အလေးအမြတ်ပြုသူ, မြတ်နိုးသူဖြစ်၍ ပူဇော်ခြင်းပင် ဖြစ်၏။ ဤ၌ 'ဝန္ဒနာ' ဟူသည် လက်အုပ်ချီမိုး ရှိခိုးခြင်းရှိပါ၏ ဟု နှုတ်မြွက်ဆိုခြင်းမျှသာမက ပဋိပတ္တိ 'ပူဇာ' ကိုလည်း 'ဝန္ဒနာ' ပင် ဆိုရ၏။ 'ဝန္ဒနာ' ဟူသည် ဂုဏနိန္နတာ (=ဂုဏ်၌ ကိုင်းညွတ်ခြင်းဖြစ်ရာ) အကျင့်ကျင့်သူမှာ ဘုရားဂုဏ်၌သာ ညွတ်၍သာ ဖြစ်၏။ ဂုဏ်၌မညွတ်သူသည် တရားကို ဘယ်မှာကျင့်ပါအံ့နည်း။ ထို့ကြောင့် တရားကျင့်သူမှာ ဘုရားရှိခိုးခြင်းတစ်မျိုးပင် ဆိုရ၏။

**ကောင်းမြတ်သော ပူဇော်ခြင်း။** ။ ပရိနိဗ္ဗာန်စံရာ ညောင်စောင်းထက်၌ စံနေသော ဗုဒ္ဓရှင်တော်သည် ထိုအချိန် ဗြဟ္မာတို့၏ လွှန်လွှန်ကဲကဲ ပူဇော်ကြပုံ တွေ့မြင်ရသောအခါ အရှင်အာနန္ဒာအား "အာနန္ဒာ...ငါဘုရားကို ဤမျှလောက် ပူဇော်ခြင်းဖြင့် ပူဇော်သည် မမည်သေး၊ လောကုတ္တရာတရားကိုးပါး ရကြောင်း တရားကောင်းကို ကျင့်ခြင်းဖြင့် ပူဇော်မှသာ အကောင်းဆုံးပူဇော်ခြင်း မည်ကြောင်း" ဟောတော်မူခဲ့၏။ (ဒီ၊ ၂-၁၁၄)

တစ်ရံတစ်ခါ မြတ်စွာဘုရားသည် ပန်းကလေးတစ်ပွင့်အလှူကိုပင် အကြီးအကျယ် ချီးမြှောက်ဟောကြားတော်မူခဲ့၏။ ယခုအကြီးအကျယ်ပူဇော်မှုကိုပင် နှိမ့်ချခဲ့သည်မှာ သာသနာနောင်ရေးအတွက်ဖြစ်၏။ **ပစ္စည်းတွေ ကျောင်းကန်တွေ ဘယ်မျှပင် လှူလှူ၊ ထိုအရာများက သာသနာအရှည်တည်အောင် မစွမ်းနိုင်၊ ကျင့်ကြံ၍ မဂ်ဖိုလ်ရသူတွေ ဆက်ကာဆက်ကာ တိုးပွားလာမှ သာသနာ**

http://www.dhammadownload.com



**အရှည်ခံ၍ တည်တံ့နိုင်သည်။** ထို့ကြောင့် နောင် သာသနာ အရှည်တည်ရေး ကြိုးပမ်းကြစေလို၍ ဓမ္မပူဇာကို ဤမျှမြှောက်စားဟောကြားတော်မူခဲ့သည်။

**ဘုရားချီးမွမ်းခံရသူများ။** ။ မြတ်စွာဘုရား နောက် သုံးလအကြာတွင် ပရိနိဗ္ဗာန်စံတော့မည်ဟု သိရသောအခါ ရဟန်းတော်အများမှာ သောကပရိဒေဝ ဖြစ်ကြ၏။ ဘယ်သို့ပြုရမည်နည်းဟု ကြံစည်ဆွေးနွေးကာ ဘုရားအနားမှ မခွာနိုင် ဖြစ်ကြရ၏။ အတ္တဒတ္ထ, တိဿ, ဓမ္မာရာမ ရဟန်းတော်သုံးပါးမှာကား "ဘုရားရှင် ပရိနိဗ္ဗာန်စံတော့မည်၊ ငါတို့မှာလည်း အာသဝမကုန်သေး၊ ဘုရားရှင် မကွယ်မီ အာသဝကုန်အောင် ကြိုးစားရတော့မည်"ဟု တစ်ပါးချင်းခွဲကာ တရားသာ အားထုတ်နေကြ၏။ ရဟန်းများက ထိုရဟန်းများ ဘုရားရှင်ကို အရေးမစိုက် ကြောင်း လျှောက်သောအခါ ဘုရားရှင် ခေါ်မေးတော်မူ၍ အကြောင်းသိရသဖြင့် ချီးကျူးတော်မူခဲ့၏။

"ငါဘုရားကို အာမိသပူဇာဖြင့် ပူဇော်ရုံမျှနှင့် ငါဘုရားအပေါ်မှာ ချစ်ရာ မရောက်၊ ဓမ္မပူဇာဖြင့် ပူဇော်မှသာ ငါဘုရားအပေါ်မှာ ချစ်ရာရောက်သည်"ဟု မိန့်တော်မူကြောင်း ဓမ္မပဒအဋ္ဌကထာ၌ လာ၏။ ထို့ကြောင့် မိမိ သာသနာ အရှည်တည်ရေး မိမိတပည့်သာဝကများ ကောင်းစားချမ်းသာရေးအတွက် ဘုရားရှင် လိုလားတော်မူသော ဓမ္မပူဇာခေါ် အကောင်းဆုံးပူဇော်ခြင်းဖြင့် ပူဇော်ကာ ဘုရားကလည်း ဗုဒ္ဓဘာသာအစစ်များဖြစ်နိုင်ကြရန် ကြိုးစားကြပါလော့။ (ဓမ္မ ပဒ၊ဋ္ဌ၊၂၊၁၀၂၊၁၇၃၊၃၆၄)

(ပထမ မင်္ဂလာသုံးပါးသည် ယနေ့လူငယ်များ, ကျောင်းသူ ကျောင်းသား များနှင့် အများဆုံးသက်ဆိုင်လျက်ရှိရာ ဤမင်္ဂလာများကို မှန်မှန်ကန်ကန် ရှုထောင့်စုံမှ နားလည်ထားပါမှ လိုလိုလားလား အကျိုးရှိစွာ လိုက်နာကြမည် ဖြစ်ပါသည်။ သပြေကန်ဆရာတော်၏ အနက်အဓိပ္ပာယ် ရှင်းလင်းချက်များကား အလွန်အရေးပါလှပါသည်။

ဓဇဂ္ဂသုတ်၌ ဘုရားဂုဏ်တော်များကို အကျယ်ချဲ့၍ ဖော်ပြပါရန် ဝိဇ္ဇာ လင်္ကာရဆရာတော် တောင်းပန်သည့်အတိုင်း သပြေကန်ဆရာတော်က ၄၈ မျက်နှာမျှ အကျယ်ချဲ့၍ ရေးသားတော်မူ၏။ ဤဂုဏ်တော်များမှာ အထူး ကြည်ညိုဖွယ်ကောင်းလှသဖြင့် မြတ်စွာဘုရားကို ကြည်ညိုလေးမြတ်သူတိုင်း မလွတ်တမ်း ဖတ်ရှုလေ့လာမှတ်သားထိုက်ပါ၏။ စာရှည်မည်စိုး၍ ဤတွင် မဖော်ပြတော့ပါ။ ပရိတ်ကြီးနိဿယသစ် စာမျက်နှာ ၄၃၂ မှ ၄၈၀ အထိ ဖတ်ရှု ကြပါရန်။)

http://www.dhammadownload.com



## ဗောဇ္ဈင်ခုနစ်ပါး တရားမြတ်ရတနာ

[ဤစာအုပ်၏ ကျမ်းဦးအမှာအရ နိုင်ငံ့ဂုဏ်ရည် ပထမဆင့် ဦးထိန်ဝင်း လျှောက်ထားတောင်းပန်သဖြင့် သခြေကန်ဆရာတော်သည် ဗောဇ္ဈင်တရားတော်ကို ဦးထိန်ဝင်းနေအိမ်၌ (၈) နာရီကြာမျှ တရားဟောကြားတော်မူ၏။ ထိုဟောကြားချက်များမှ ဤစာအုပ်ဖြစ်ပေါ်လာသည်ဟု သိရ၏။ ဤစာအုပ်ကို မြဝတီပုံနှိပ်တိုက်က ပထမအကြိမ်အဖြစ် ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလတွင် အုပ်ရေ (၁၀၀၀၀) ရိုက်နှိပ်ပါသည်။

နာမကျန်းဖြစ်နေသူများကို ရောဂါ သက်သာပျောက်ကင်းရန်အတွက် ဗောဇ္ဈင်သုတ်ကို ရွတ်ဖတ်လေ့ရှိကြသည်။ ဗောဇ္ဈင်တရားတို့ကို လောကရေး၌လည်း အသုံးပြုတတ်လျှင် တိုးတက်ကြီးပွားလာလိမ့်မည်။ ဗောဇ္ဈင်တရား ခုနစ်ပါးသည် မဂ်ဉာဏ်၏ အစိတ်အပိုင်းများဖြစ်၍ ဗောဇ္ဈင်ခုနစ်ပါးကို ပြည့်စုံစွာ ဖွံ့ဖြိုးလာအောင် ဘာဝနာရှုပွားနိုင်လျှင် မဂ်ဉာဏ်ကိုရမည် ဖြစ်၏။

ဥမ္မပေါက်ခါစ ငှက်ကလေးသည် အမွေးအတောင်များ အစအနသာ ရှိသေး၍ မပျံသန်းနိုင်ပါ၊ အမွေးအတောင် ပြည့်စုံလာသောအခါ၌မူ ပျံသန်းသွားနိုင်သကဲ့သို့ ဗောဇ္ဈင်တရားများသည်လည်း ဘာဝနာရှုပွားခါစ၌ အစအနမျှလောက်သာ ရှိသေးသည်၊ ဘာဝနာဆက်လက်ရှုပွားသဖြင့် ဗောဇ္ဈင်တရားများ ပြည့်ပြည့်စုံစုံ ပြည့်ဖြိုးလာသောအခါ၌မူ မဂ်ဉာဏ်ကို ရရှိပါလိမ့်မည်။

မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားကို စနစ်တကျရှုပွားသွားသည့်အခါ ဗောဇ္ဈင်တရားများ မည်သို့ဖွံ့ဖြိုးတိုးတက်လာသည်၊ ဗောဇ္ဈင်တရားများ ဖွံ့ဖြိုးတိုးတက်လာအောင် မည်သို့နှလုံးသွင်း ရှုပွားရသည် စသည်တို့ကို သိနားလည်ထားလျှင် သမထ–ဝိပဿနာရှုပွားမှုကို လွန်စွာအထောက်အကူပြုပေလိမ့်မည်။

သို့ဖြစ်၍ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်ရေးအတွက် တစ်မဂ်တစ်ဖိုလ်ရ၍ သောတာပန် အရိယာအဖြစ်သို့ တက်လှမ်းကာ အပါယ်တံခါးပိတ်အောင် အာမခံချက်အပြည့်အဝ ရရှိရေးအတွက် သမထ–ဝိပဿနာရှုပွားနေသူများသည် ဤ "ဗောဇ္ဈင်ခုနစ်ပါး တရားမြတ်ရတနာ" ကို အလေးအနက်ဖတ်ရှုသင့်ကြပါသည်။ ဤစာအုပ်မှ သိမှတ်ဖွယ်အချို့ကို ဤတွင် ကောက်နုတ်တင်ပြပါမည်။]

## ဒုက္ခခပ်သိမ်းကို ဖျက်ဆီးတတ်သော ဗောဇ္ဈင်များ

သူသူငါငါ သတ္တဝါတို့ရဲ့ တစ်ဘဝပြီးတစ်ဘဝ အစမထင်အောင် ဆက်စပ်ဖြစ်လာတဲ့ ခန္ဓာအစဉ်အတန်းကို သံသရာဆိုရတယ်။ ဒီလို မရပ်မနား ဖြစ်ပွား ဆက်စပ် ခန္ဓာတွေအထပ်ထပ်ဖြစ်နေမှုကိုပဲ သံသရာမှာ လည်နေတယ်လို့ သိရတယ်။

http://www.dhammadownload.com



ဒီတော့ ဒီသံသရာဆိုတဲ့ ခန္ဓာအစဉ်အတန်းဟာ သုခလား ဒုက္ခလား၊ သုခဆိုတာ အထင်မှုသာ၊ တကယ်တော့ သုခမဟုတ်၊ ဒုက္ခတွေချည်းပါပဲ။ **"နတ္ထိ ခန္ဓာသမာ ဒုက္ခာ= ခန္ဓာနဲ့တူတဲ့ဒုက္ခမရှိ"** ဆိုတဲ့ ဓမ္မပဒအရ မိမိတို့ကိုယ်တိုင်က ဖြစ်ခြင်း ပျက်ခြင်းဖြင့် နှိပ်စက်ခံနေရတဲ့ ဒုက္ခတွေဖြစ်တဲ့အပြင် ဇာတိ (ပဋိသန္ဓေ နေခြင်း)၊ ဇရာ (အိုမင်းခြင်း)၊ ဗျာဒိ (ဖျားနာခြင်း)၊ မရဏ (သေခြင်း)၊ သောက (စိုးရိမ်ပူပန်ခြင်း)၊ ပရိဒေဝ (ငိုကြွေးခြင်း)၊ ဒုက္ခ (ကိုယ်ဆင်းရဲခြင်း)၊ ဒေါမနဿ (စိတ်ဆင်းရဲခြင်း)၊ ဥပါယာသ (ပြင်းစွာပူလောင်ခြင်း) စတဲ့ ဒုက္ခမျိုးစုံကို လက်ခံသိမ်းပိုက်ထားတဲ့ တရားတွေ ဖြစ်လေတော့ ခန္ဓာနဲ့ဒုက္ခ၊ ဒုက္ခနဲ့ ခန္ဓာဟာ ခွဲမရ တစ်သားတည်း တစ်ခုတည်း ဖြစ်နေပါတယ်။...

ပဋိစ္စသမုပ္ပါဒ်အရ အကြောင်းအကျိုး ဆက်စပ်ပြီး အတိတ်နဲ့ ပစ္စုပ္ပန်၊ ပစ္စုပ္ပန်နဲ့ အနာဂတ်– တစ်ပတ်ပြီး တစ်ပတ် ခန္ဓာတွေ ဆက်စပ်လည်နေတဲ့ စက်ဝိုင်းကြီးကို သံသရာဆိုရ။ အဲဒီသံသရာစက်ဝိုင်းကြီးထဲမှာ လည်နေရသမျှ – သုခမပါ ဒုက္ခချည်းသာဖြစ်တော့တယ်။ ဒီဒုက္ခတွေ အပြီးအပြတ် လက်စသတ်ရပ်နားသွားဖို့အရေးမှာ ဗောဇ္ဈင်တရားဟာ မရှိမဖြစ် အလွန်အရေးကြီးပါတယ်။ ဗောဇ္ဈင်တရားသာ ထိုသံသရာဒုက္ခတွေကို လုံးဝကင်းအောင် ဖြိုခွင်းနိုင်ပါတယ်၊ ဒါကြောင့် **"သဗ္ဗဒုက္ခ ဝိနာသနေ** = ဆင်းရဲမျိုးစုံ အဖုံဖုံကို အကုန်ပယ်ဖြတ်၊ ဖျက်ဆီးတတ်ကုန်သော" လို့ ဗောဇ္ဈင်တရားတို့ကို ဂုဏ်ပြုခဲ့ပါတယ်။

## လောကီဗောဇ္ဈင် လူသုံးဗောဇ္ဈင်

ယခု ပထမစတင်ပြီး လောကီဗောဇ္ဈင် လူသုံးဗောဇ္ဈင်ကို တင်ပြရပါ့မယ်။ ဗောဇ္ဈင်တရားတွေရဲ့သဘောကို အတန်ငယ်တီးခေါက်ရိပ်စားမိအောင်လည်း တစ်ကြောင်း၊ ဒီဗောဇ္ဈင်တရားတွေဟာ လောကရေးမှာလည်း အသုံးပြုလျှင် တိုးတက်ဖို့ရာသာဖြစ်ကြောင်း သိဖို့ပါပဲ။ တကယ့်ဗောဇ္ဈင်တရား မဟုတ်ပေမယ့် ပရိယာယ်ဗောဇ္ဈင် – ဗောဇ္ဈင်အတုလို့ ဆိုရမှာပေါ့။

နိဗ္ဗာန်ဟာ တကယ့်ငြိမ်းချမ်းမှု၊ အေးချမ်းမှု၊ ထိုနိဗ္ဗာန်၏ ငြိမ်းချမ်းမှုနဲ့ တစ်စွန်းတစ်စ တုယောင်မှုပြုပြီး လောကမှာ စားဝတ်နေရေး မပူပင်ရ၊ မကြောင့်ကြရ၊ အေးအေးချမ်းချမ်းနေရတာကို လောကနိဗ္ဗာန်လို့တင်စားခေါ်ဝေါ်ကြတယ်။ အဲဒီလိုပဲ တကယ့်ဗောဇ္ဈင်တော့ မဟုတ်၊ ဗောဇ္ဈင်တရား ပွားများလျှင် မဆုတ်ယုတ်နိုင် တိုးတက်ဖို့ရာသာဖြစ်သလို လောကရေးမှာ ဒီတရားတွေ လက်ကိုင်ထား သုံးသွားလျှင် မဆုတ်ယုတ်နိုင် တိုးတက်နိုင်လို့ ဗောဇ္ဈင်နဲ့တူတယ်လို့ ပရိယာယ်အားဖြင့် ဆိုရခြင်းဖြစ်ပါတယ်။

http://www.dhammadownload.com



**သတိသမ္ဗောဇ္ဈင်။** ။ သတိသမ္ဗောဇ္ဈင်ဆိုတာ သတိတရားပါပဲ။ သတိဆိုတာ အမှတ်ရမှု မမေ့မှုဖြစ်ပါတယ်။ ဒီသတိဟာ မိမိကိုယ်ကို ထိန်းထားစောင့်ရှောက်ထားတဲ့ အထိန်းအစောင့်တရားပါပဲ။ ဒီသတိရှိနေရင် မိမိလုပ်ငန်း မိမိတာဝန် မိမိကိစ္စတွေမှ လွတ်မသွားဘဲ စွဲမြဲနေတော့တယ်။ သတိ၏ ဆန့်ကျင်ဘက်က ပမာဒမေ့လျော့မှု၊ မိမိတာဝန်အလုပ်ကိစ္စမှတစ်ပါး အခြားမဆိုင်ရာကိစ္စတွေမှာ အပျော်အပါး, အကစား စတဲ့ အကျိုးမဲ့အလုပ်တွေမှာ လိုက်စားမိုက်မှားနေမှုပါပဲ။ မေ့လျော့မှုပမာဒ ဝင်လာရင်ဖြင့် အထိန်းပြုတ်သွားတော့တာပါပဲ။ ဒီတော့ အားလုံးတာဝန်ကိစ္စတွေမှာ သတိထိန်းချုပ်မှုဟာဖြင့် အလွန်ပဲ လိုအပ်လှပါတယ်။

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ နိုင်ငံရေး၊ လောက ဘယ်အရေးမှာမဆို ဒီသတိဟာ မပါမပြီး၊ ပညာဆိုတာ သတိရှိမှ တိုးတက်နိုင်တယ်။ မေ့လျော့နေသူ မေ့လျော့တတ်သူဟာ ပညာတိုးဖို့ထား၊ ဖြစ်ဖို့တောင် မလွယ်လှ။ စီးပွားရေးမှာလည်း မေ့လျော့တဲ့ သတိကင်းတဲ့ပုဂ္ဂိုလ်ဟာ စီးပွားရေးတိုးအောင် မလုပ်နိုင်ပါဘူး။ ဆုတ်သာဆုတ်သွားမှာပဲ။ ကုန်သွယ်လယ်လုပ်စသော လောကလုပ်ငန်းတွေ တိုးတက်မှုမှာ ဒီသတိဟာ မရှိမဖြစ် အလွန်အရေးကြီးလှပါတယ်။

ကျန်းမာရေးမှာလည်း သတိရှိမှ ကျန်းမာရေးကောင်းအောင် စောင့်ရှောက်နိုင်တယ်။ မကျန်းမာလျှင်လည်း ကျန်းမာလာအောင် သတိက ပြုပြင်ပေးနိုင်တယ်၊ နိုင်ငံရေးမှာလည်း သတိရှိမှ နိုင်ငံအရေးအရာတွေမှာ တိုးတက်အောင် ဆောင်ရွက်နိုင်ပါတယ်။ သတိမရှိ မေ့လျော့ပေါ့ဆနေလျှင် နိုင်ငံရေးဆောင်ရွက်ရာမှာ လစ်ဟင်းပြီး နိုင်ငံနာတတ်ပါတယ်။

ဒါကြောင့် သတိဟာဖြင့် ကိစ္စတိုင်းမှာ မပါမပြီး အရေးကြီးလို့ ထိုသတိကို အမြဲပွားအောင် ကြိုးစားကြလျှင် ကိုယ့်ကိစ္စမှန်သမျှမှာ တိုးတက်အောင်မြင်ခွင့်သာ ကြုံကြရပါလိမ့်မယ်။

**ဓမ္မဝိစယသမ္ဗောဇ္ဈင်။** ။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတာ ပညာပါပဲ။ ပညာဆိုတာ အသိ, အမြင်, ဉာဏ်ကို ဆိုလိုပါတယ်။ သတိဟာ အရေးကြီးတယ် ဆိုပေမယ့် ပညာမပါရင် တယ်ခရီးမရောက်ပါဘူး။ ဒီပညာကလည်း လောကကိစ္စတိုင်းမှာ အလွန်အရေးကြီးပါတယ်။

ဥပမာ–ပညာရေးမှာ အတတ်တွေ ပညာတွေ သင်တဲ့အခါ အသိဉာဏ်မပါလျှင် ဘယ်မှာခရီးရောက်တိုးတက်နိုင်ပါ့မလဲ။ အသိဉာဏ်ရှိမှ အသိဉာဏ်တိုးတက်အောင်လုပ်မှ ဆိုင်ရာအတတ်ပညာဟာ တိုးတက်အောင်မြင်နိုင်ပါ

http://www.dhammadownload.com



တယ်။ စီးပွားရေးမှာလည်း ဒီပညာဟာ မရှိမဖြစ်ပါပဲ။ ကုန်သွယ်လယ်လုပ် စသော ဆိုင်ရာမိမိလုပ်ငန်းတွင် ကျွမ်းကျင်နားလည်တဲ့ အသိဉာဏ်လိုပါတယ်။ အသိဉာဏ်ကျွမ်းကျင်မှုမရှိရင် လုပ်ငန်းတိုးတက်မှု မဖြစ်နိုင်ပါဘူး။

ခုခေတ်သိပ္ပံပညာတွေ ထွန်းကားနေတော့ ဒီလုပ်ငန်းတွေမှာလည်း သိစရာ နားလည်စရာတွေက မဆုံးနိုင်အောင်ပါပဲ။ ဒီတော့ စီးပွားရေးမှာ တိုးတက် လိုသူတိုင်းဟာ ဒီပညာ ဒီအသိတွေကို တိုးတက်ဖြည့်ဆည်းနေကြရမှာပါပဲ။ ကျန်းမာရေးမှာလည်း အသိဉာဏ်က လိုလျက်ပါပဲ။

**"စိဝံ ပညာယ ရက္ခေယျ = အသက်ဉာဏ်စောင့်"** ဆိုတာလို ကျန်းမာ ရေး အသိဉာဏ်ရှိမှ ကျန်းမာရေးကောင်းအောင် ထိန်းထားနိုင်တယ်၊ အခန့်မသင့် လို့ မကျန်းမာလျှင်လည်း အသိဉာဏ်ရှိမှ ကျန်းမာအောင်ပြုပြင်နိုင်တယ်။ နိုင်ငံ ရေးမှာလည်း ဒီပညာ ဒီအသိဟာ အရေးကြီးလှပါတယ်။ နိုင်ငံရေးမှာ အသိ ဉာဏ်မရှိကြရင် မိမိတို့နိုင်ငံရေးဆောင်ရွက်မှုကြောင့် တိုင်းပြည်မှာ ဒုက္ခရောက် ရပါတယ်။ နိုင်ငံရေးအသိရှိမှ တိုင်းပြည်တိုးတက်သာယာအောင် တိုင်းသူပြည် သားတွေ ချမ်းသာအောင် ဆောင်ရွက်နိုင်ပါတယ်။

ဒါကြောင့် ဒီပညာအသိဟာ အရေးကြီးလှပါတယ်။ ပခက်ထဲက သချိုင်း ကျအောင်ဆိုတာလို တစ်သက်လုံးဆည်းပူးသော်လည်း ပြည့်နိုင်တယ် ကုန်နိုင် တယ် မရှိလေတော့ ဒီပညာတွေဖတ်ရင်း, ကြံရင်း, လုပ်ရင်း, လေ့လာရင်း, သင် ကြားရင်း, နာခံရင်းနဲ့ အမြဲတမ်းဆည်းပူးနေရမှာသာ ဖြစ်ပါတယ်။ ဒီလိုဆည်းပူး အားဖြည့်ပေးရင် ပညာဟာ တစ်ဆင့်ထက်တစ်ဆင့်မြင့်လာ တိုးတက်အောင် မြင်လာမှာ မလွဲပါဘူး။

**ဝီရိယသမ္ဗောဇ္ဈင်။** ■ ဝီရိယသမ္ဗောဇ္ဈင်ဆိုတာ ဝီရိယပါပဲ။ လုံ့လ ခေါ် ကြတဲ့ ကြိုးစားမှု, အားထုတ်မှုကို ဆိုပါတယ်။ ဒီလုံ့လဝီရိယကလည်း အလွန်ပဲ အရေးပါတဲ့တရား။ ယခင်ပညာရေး, စီးပွားရေးစသည်မှာ မပါမပြီးထဲကပါပဲ။ လောကမှာ တိုးတက်နေတဲ့သူတွေ တိုးတက်နေတဲ့ အရာဝတ္ထုတွေဟာ ဝီရိယ ရဲ့အစွမ်းသတ္တိကြောင့် ရတဲ့ အကျိုးအာနိသင်တွေပါပဲ။

**သတိ, ပညာရှိဦး၊ ဝီရိယမရှိလျှင် မတိုးတက်နိုင်ပါဘူး။** လောကဓာတ် သိပ္ပံပညာတွေဟာ အံ့မခန်းတိုးတက်နေပါတယ်။ ထိုထိုအရာတွေ ဖြစ်မြောက် မှုမှာ သိပ္ပံပညာသိရုံနဲ့တင်းတိမ်နေရင် ယခုလိုတိုးတက်ဖြစ်မြောက်မှာမဟုတ် ပါဘူး။ မိမိတို့ရဲ့အသိပညာအသုံးချပြီး ဇွဲသန်သန်ထား ကြိုးစားအားထုတ်လုပ် ခဲ့ကြလို့ အံ့မခန်းဖွယ်ရာ ဖြစ်မြောက်နေတဲ့အရာဝတ္ထုတွေပါ။

ဝီရိယရှိသူမှာ တက်တက်ကြွကြွ နိုးနိုးကြားကြား အားမာန်အပြည့်နဲ့၊

http://www.dhammadownload.com



ဝီရိယနဲ့ဆန့်ကျင်ဘက် အပျင်းသမားကတော့ တွန့်တွန့်ဆုတ်ဆုတ် ကုပ်ကုပ် ရှဲ့ရှဲ့နဲ့ ဒီအခြင်းအရာနှစ်မျိုးကပင် အောင်မြင်မယ့်အသွင် ဆုတ်ယုတ်အောက်ကျမယ့်အသွင် ပြနေခဲ့ပါတယ်။ ဝီရိယဟာ လူ့ဘဝရဲ့အသက်လို့ဆိုရလောက်အောင် အရေးပါလှပါတယ်၊ ဒါကြောင့် ကိစ္စတိုင်း လုပ်ငန်းတိုင်း အရေးအရာတိုင်းမှာ မဖြစ်သေးတဲ့ဝီရိယဖြစ်လာအောင် ဖြစ်ပြီးတဲ့ဝီရိယ တိုးတက်လာအောင် ပွားများပေးဖို့က လူချင်းတူတူ သူချင်းမျှမျှ ဖြစ်လိုသူတိုင်း သူ့ထက်ကဲကာ အသာရလိုသူတိုင်းရဲ့တာဝန်တစ်ရပ်ပဲဆိုတာ ထင်ရှားလှပါတယ်။

**ပီတိသမ္ဗောဇ္ဈင်။** ။ ပီတိသမ္ဗောဇ္ဈင်က ပီတိ – နှစ်သက်မှုပါပဲ၊ ကိုယ့်အလုပ်, ကိုယ့်ကိစ္စမှာ နှစ်သက်အားရမှု မရှိတဲ့သူဟာ ထိုအလုပ်မှာ စိတ်မပါမဝင်စား၊ တိုးပွားအောင်မြင်အောင် မလုပ်နိုင်ပါဘူး၊ အလုပ်မှာ နှစ်သက်အားရကျေနပ်နေမှ အောင်မြင်အောင်လုပ်နိုင်ပါတယ်။ တချို့အလုပ်က ပင်ပန်းပေမယ့် သီချင်းတကြော်ကြော်နဲ့ ပျော်ပျော်ကြီးလုပ်နေတာ တွေ့ရတာ အလုပ်မှာနှစ်သက်မှု ပီတိဖြစ်နေလို့ပါပဲ။

သတိလည်းကောင်း၊ ပညာလည်း ကောင်း၊ ဝီရိယလည်း သန်နေရင် အလုပ်မှာ ကျေနပ်မှု ပီတိဆိုတာကလည်း ဖြစ်မြဲပါပဲ။ လူ့လောကတာဝန်တွေ ဆောင်ရွက်ရာမှာ ပီတိဟာလည်း အရေးကြီးပါတယ်။ ဒီပီတိပွားများမှုအလုပ်မှာ ကျေကျေနပ်နပ် အားရပါးရလုပ်နေပြီး အလုပ်ထမြောက်အောင်မြင်မှာမို့ ပီတိကိုလည်း တိုးပွားအောင် ကြိုးစားသင့်ပါတယ်။

**ပဿဒ္ဓိသမ္ဗောဇ္ဈင်။** ။ ပဿဒ္ဓိသမ္ဗောဇ္ဈင်က ပဿဒ္ဓိတရားပါပဲ။ ပဿဒ္ဓိဆိုတာ ကိုယ်စိတ်ငြိမ်းချမ်းမှု။ ပီတိဖြစ်နေရင် ကိုယ့်အလုပ်ထဲ နှစ်သက်အားရနေရင် ပဿဒ္ဓိငြိမ်းချမ်းမှုဟာ ရလာစမြဲပါပဲ။ ပဿဒ္ဓိ – ငြိမ်းအေးမှုရဲ့ဆန့်ကျင်ဘက်က စိတ်ပူပန်မှု။ စိတ်ပူပန်မှုရှိရင် ကိုယ်လည်းပူပန်နေတာပါပဲ။ ကိုယ်စိတ် ပူပန်နေရင် အလုပ်တွင် စိတ်မပါ မတွင်ကျယ်၊စိတ်ငြိမ်းချမ်းနေရင် ချွေးတွေ သံတွေနဲ့ ပင်ပန်းတဲ့အလုပ် လုပ်နေရပေမယ့် ကိုယ်လည်းငြိမ်းချမ်းလျက်ပါပဲ။ ဒါကြောင့် တချို့သီချင်းတကြော်ကြော်နဲ့ ပျော်ပျော်ကြီးအလုပ်လုပ်နိုင်ကြတာ။

ဒီတော့ လောကရေးရာမှာ ကိုယ့်ဝန်တာကိုယ့်လုပ်ငန်း ကိုယ့်ကိစ္စတွေမှာ ဒီပဿဒ္ဓိ ငြိမ်းချမ်းမှုဟာလည်း ပွားများဖို့ အားရှိနေဖို့ အရေးကြီးလို့ ပွားပေးရမယ့်တရားတစ်ခုပါပဲ။

**သမာဓိသမ္ဗောဇ္ဈင်။** ။ သမာဓိသမ္ဗောဇ္ဈင်က သမာဓိ။ သမာဓိဆိုတာ ဧကဂ္ဂတာခေါ်တဲ့ တစ်ခုတည်းသောအာရုံရှိမှုပါပဲ။ အာရုံတစ်ခုတည်းမှာ မိမိ

http://www.dhammadownload.com



စိတ်ခိုင်မြဲစွာထားမှု၊ ဒါကို တည်ကြည်မှုလို့ ခေါ်ပါတယ်၊ လောကအလုပ်တာဝန် ကိစ္စတွေမှာ ဒီသမာဓိဟာလည်း မပါမဖြစ်၊ သမာဓိနဲ့ ဆန့်ကျင်ဘက်က ပျံ့လွင့်မှု မတည်ကြည်မှု၊ စိတ်ပျံ့လွင့်နေသူမှာ ပညာရေးမှာ အရာရောက်အောင် လုပ်နိုင်ပါ့မလား။ ပညာနဲ့ သမာဓိကလည်း ဖက်မိဖို့အရေးကြီးပါတယ်။

စီးပွားရေးဖြစ်တဲ့ ထိုထိုလုပ်ငန်းတွေမှာလည်း စိတ်ပျံ့လွင့်နေသူ ကိုယ့်အလုပ်ထဲ စိတ်မဝင်စားသူဟာ လုပ်ငန်းတွေ တိုးတက်အောင် မလုပ်နိုင်ပါဘူး။ ကိုယ့်အလုပ်ထဲ စွဲမြဲတည်နေတဲ့သမာဓိရှိမှ လုပ်ငန်းဟာ ကောင်းစွာထမြောက်နိုင်ပါတယ်။

ကျန်းမာရေး, နိုင်ငံရေး စသော ဘယ်အရေးမှာဖြစ်ဖြစ် သမာဓိကတော့ ဖြစ်ရမယ့် ပွားရမယ့်တရားတစ်ခုဖြစ်ကြောင်း ထင်ရှားလှပါတယ်။ တကယ်တော့ ယခင်သတိလည်း ကောင်း၊ ပညာကလည်း ကောင်း၊ ဝီရိယလည်း ကောင်းလို့ ပီတိ, ပဿဒ္ဓိတွေဖြစ်နေရင် သမာဓိလည်း ကောင်းလာတာပါပဲ။ စိတ်၏ငြိမ်းချမ်းမှုဟာ သမာဓိဖြစ်ခြင်းအကြောင်းပဲ။ ဒီတော့ လောကရေးရာ အဖြာဖြာမှာ သမာဓိဟာလည်း အရေးကြီးလို့ သမာဓိရအောင် သမာဓိတွေ အဆက်ဆက် တိုးပွားအောင် ပွားများနေလျှင် အောင်မြင်တော့တာပါပဲ။

**ဥပေက္ခာသမ္ဗောဇ္ဈင်။** ။ ဥပေက္ခာသမ္ဗောဇ္ဈင်ဆိုတာက ဥပေက္ခာ-လျစ်လျူရှုမှု၊ လျစ်လျူရှုမှုဆိုတာ အလုပ်မလုပ်ဘဲ နေတာကို ပြောတာမဟုတ်။ အလုပ်လုပ်တဲ့အခါ ဟိုဘက်သည်ဘက်မကျ အလယ်က နေတဲ့သဘောပါပဲ။

ချစ်ခြင်းဘက်လည်း မကျ၊ မုန်းခြင်းဘက်လည်း မကျ၊ အလယ်ကျကျ ဖြစ်တဲ့ သဘောကိုလည်း ဥပေက္ခာဆိုပါတယ်။ အလုပ်ကိုရှောင်လွှဲ တစ်ချစ်တည်းချစ်နေရင် အချစ်ဘက်ချည်း လိုက်နေရင် ကိုယ့်အလုပ်ပျက်ကြောင်းတစ်ခုပဲ။ တစ်ပါးသူ တစ်ပါးဝတ္ထုကို မုန်းနေ ရွံနေ စက်ဆုပ်နေရင်လည်း အလုပ်ရဲ့ အနှောင့်အယှက်တစ်ခုပါပဲ။ ဒီတော့ မမုန်းမချစ် လျစ်လျူရှုတတ်ရင် ဆိုင်ရာ အလုပ်မှာ ချောမောအောင်မြင်နိုင်ပါတယ်။

ဒါတွင်မက သတိ, ပညာကလည်း ကောင်း၊ ဝီရိယကလည်း သန်၊ ပီတိ, ပဿဒ္ဓိ, သမာဓိတွေလည်း ဖြစ်နေတဲ့အခါ အလုပ်ကျွမ်းကျင် ကောင်းကောင်းလည်း လုပ်တော့ အလုပ်ဟာ သွက်သွက်လက်လက် သက်သက်သာသာနဲ့ သူ့ဟာသူ လုပ်သွားသလို ဖြစ်နေပါတယ်။ အဲဒီလိုအခါမှာ တွန့်တိုမှု, ဆုတ်နစ်မှု, ပျံ့လွင့်မှုတွေ မဖြစ်ဖို့ ကြောင့်ကြမစိုက်ရဘဲ အသာမျှောလိုက်နေသလို ဖြစ်တဲ့ လျစ်လျူရှုမှုဟာလည်း ဥပေက္ခာပါပဲ။ အဲဒီဥပေက္ခာကလည်း အလုပ်ကိစ္စ တိုးတက်တဲ့ အောင်မြင်တဲ့သဘောပြနေလို့ လိုလားအပ်, ပွားများအပ်တဲ့သဘောပါပဲ။

http://www.dhammadownload.com



ကဲ… ဒီမျှဆိုရင် ဗောဇ္ဈင်တရားတွေဟာ လောကရေးရာ အဖြာဖြာမှာ မဆုတ်ယုတ်ကြောင်း တိုးတက်ကြောင်းမို့ ပွားများထိုက်တယ်၊ အမြဲဖြစ်နေအောင် ကြိုးစားသင့်တယ်ဆိုတာ သဘောပေါက်လောက်ပါပြီ။

## ဗောဇ္ဈင်ဖျက်တရားများ

ယခု ဗောဇ္ဈင်ဖျက်တရားတွေ ပြောရဦးမယ်၊ ဗောဇ္ဈင်တရားတွေ ဖြစ်ပွားစေရင် လောကမှာတိုးတက်နိုင်သလို ဗောဇ္ဈင်ဖျက်တရားတွေ ဖြစ်စေရင်လည်း သတိစသော တရားတွေ ပျက်တော့တာမို့ လောကမှာ ဆုတ်ယုတ်မှု၊ လုပ်ငန်းဆောင်တာပျက်စီးမှုနဲ့ ကြုံရမှာပါပဲ။ အဲဒီဗောဇ္ဈင်ဖျက်တရားတွေက **နီဝရဏတွေ။** နီဝရဏဆိုတာ တားမြစ်တတ်တဲ့ တရားလို့အနက်ရတော့ သတိစသော တရားကောင်းများ မဖြစ်ပွားအောင် တားဆီးတတ်၊ လောကကြီးပွားရေးကို တားမြစ်တတ်၊ ဖျက်ဆီးတတ်တဲ့ တရားတွေပါပဲ။

ပထမအတားအဆီးက **ကာမစ္ဆန္ဒနီဝရဏ** တဲ့။ ကာမတရား ဝတ္ထုအာရုံတို့၌ မက်မောတပ်မက်တတ်တဲ့ တဏှာတရားပါပဲ။ ကာမဘုံသားတို့မှာ ကာမဆိုတာ မကင်းနိုင်ဘူးပေါ့၊ သို့သော် ဖြစ်သင့်တာထက် ပိုလာလျှင်တော့ ကာမဝတ္ထုတွေနောက် တကောက်ကောက်လိုက်ပါနေတာနဲ့ ပညာရေး, စီးပွားရေး, ကျန်းမာရေး, နိုင်ငံရေး, လောကရေးရာတွေမှာ ဘယ်အရာမှ ထမြောက်နိုင်တော့မှာမဟုတ်။ ဒီတော့ ကာမစ္ဆန္ဒနီဝရဏဟာ လောကကြီးပွားရေးကို တားမြစ်တတ်တဲ့တရားတစ်ခုပါပဲ။

နောက်တစ်ခုက **ဗျာပါဒနီဝရဏ** တဲ့။ ဒေါသတရားပါပဲ။ ဒီဒေါသတရားဖြစ်နေလျှင်လည်း **"ဒေါသော အတ္တံ နဓာနာတိ" အရ ကိုယ့်ကျိုး, ကိုယ့်စီးပွား မသိနိုင် မမြင်နိုင်ဖြစ်ကာ လောကကြီးပွားရေး တိုးတက်ရေး ပျက်တော့မှာပါပဲ။**

နောက် **ထိန, မိဒ္ဓ** တဲ့။ တွန့်တို, ဆုတ်နစ်, ပျင်းရိ, အိပ်ချင်, ငိုက်မျည်းတတ်တဲ့ တရား။ ဒီတရားက ဝီရိယဖျက်တရား၊ ဝီရိယဖျက်မှတော့ ပညာ, သတိစသည်လည်း ပျက်တော့မှာပါပဲ။ ဒီတော့ ဝီရိယ, ပညာ, သတိ, သမာဓိတွေနဲ့သာ တိုးတက်အောင်မြင်နိုင်တဲ့ လောကကြီးပွားတိုးတက်ရေးမှာ ဒီထိန, မိဒ္ဓဟာ အတားအဆီးတစ်ရပ်ပါပဲ။

နောက်တစ်ခုက **ဥဒ္ဓစ္စ, ကုက္ကုစ္စ** တဲ့။ စိတ်ပျံ့လွင့်မှု, နောင်တပူပန်မှု တရား၊ နှစ်ခုကို ပေါင်းပြီး တစ်ခုတည်းယူထားတယ်။ စိတ်ပျံ့လွင့်နေမယ်၊ ပြုခဲ့မိတဲ့ မကောင်းမှုအလုပ်တွေအတွက် တွေးဆ နောင်တ ပူပန်နေမယ်ဆိုရင် ဖြင့် အလုပ်မှာ သမာဓိ မရ၊ ဝီရိယ, ပညာ, သတိလည်း ဖြစ်ခွင့်မရ။ ဒီလိုဖြစ်

http://www.dhammadownload.com



နေရင် လောက ဘယ်ကိစ္စ ဘယ်အလုပ်မှာ အောင်မြင်နိုင်ပါ့မလဲ။ လုပ်ငန်းဖျက် တရားတစ်ခုပါပဲ။

နောက်တစ်ခုက **ဝိစိကိစ္ဆာ။** ကိုယ့်အလုပ် အသေအချာဖြစ်မြောက်ရမယ်၊ အောင်မြင်ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ရှိနေသူမှာ ဘယ်အလုပ်မှာမှ တွန့်တိုဆုတ်နစ်မှာမဟုတ်၊ အားကြိုးမာန်တက် လုပ်မှာပါပဲ။ ဒီလိုမဟုတ်ဘဲ ကိုယ့်အလုပ်ဟုတ်မှဟုတ်ပါ့မလား၊ ဒီအလုပ်က တိုးတက်မယ့်အလုပ် ဟုတ်ရဲ့လား စသည်ဖြင့် သံသယတွေ ဒွိဟတွေ ဖြစ်နေရင် အလုပ်မှာ စိတ်မပါ တွန့်တိုဆုတ်နစ် အလုပ်မအောင်မြင်။ ဒီတော့ ဝိစိကိစ္ဆာဆိုတဲ့ ယုံမှားသံသယဟာ အလုပ် တိုးတက်ကြောင်း ဖျက်တဲ့ အဖျက်တရားတစ်ခုပါပဲ။

## ဓမ္မရေးရာ ဗောဇ္ဈင်တရားများ

ကဲ... ယခု ဗောဇ္ဈင်ခေါ်ရပုံနဲ့ ဗောဇ္ဈင်တရားများရဲ့ သဘောသွားကို အသီးသီး ရှင်းလင်းပြဖို့ အခွင့်ရောက်လာပါပြီ။ သတိပဋ္ဌာန် ဓမ္မာနုပဿနာအခန်းမှာ မိမိသန္တာန်မှာဖြစ်နေတဲ့ သတိစသော ဗောဇ္ဈင်တွေကို ဖြစ်နေမှန်းသိရမယ်၊ မဖြစ်တဲ့ ပျောက်သွားတဲ့ သတိစသော ဗောဇ္ဈင်တွေကိုလည်း မဖြစ်ပုံ, ပျောက်သွားပုံ သိရမယ်လို့ ဟောထားပါတယ်။ ဒီတော့ ကိုယ့်သန္တာန်မှာ ဒီတရားတွေ ဖြစ်,မဖြစ် သိဖို့ရာမှာ အဲဒီတရားတွေရဲ့ သဘောလက္ခဏာစသည်ကို သိထားမှဖြစ်ပါလိမ့်မယ်။

ဗောဇ္ဈင်ဆိုတာ ဗောဇ္ဈင်္ဂမှ ဆင်းလာတယ်၊ ဗောဇ္ဈင်္ဂဆိုတာလည်း ဗောဓိနဲ့ အင်္ဂနှစ်ပုဒ်ကို ပါဠိနည်းအရစပ်ထားတယ်။ ဗောဓိက နိုးမှုသိမှုအနက်နှစ်မျိုးနဲ့ ဆိုင်ပါတယ်။ အရိယာဖြစ်တဲ့ ဘုရားတပည့်ဟာ လောကုတ္တရာမဂ်ခဏမှာ သတိ, ဓမ္မဝိစယ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာတရားခုနှစ်ခု အစုံအပေါင်းဖြင့် ကိလေသာအစဉ်ဟူသော အိပ်ပျော်ခြင်းမှ နိုးလာတတ်တယ်၊ သစ္စာလေးပါးကို သိတတ်တယ်၊ နိဗ္ဗာန်ကို ကိုယ်တွေ့အသိရောက် မျက်မှောက်ပြုတတ်တယ်၊ ဒီတော့ သတိစသော တရားခုနစ်ပါးအပေါင်းဟာ ကိလေသာဆိုတဲ့ အိပ်ပျော်နေခြင်းမှ နိုးကြောင်း သစ္စာသိကြောင်း နိဗ္ဗာန်ကို ကိုယ်တွေ့သိကြောင်းတရားအစုဖြစ်လို့ ထိုတရားအစုအပေါင်းကို ဗောဓိဆိုရပါတယ်၊ သတိစသော တရားတစ်ခုခုကိုတော့ ထိုဗောဓိခေါ်တဲ့ တရားအပေါင်း၏ အစိတ်အင်္ဂ ဆိုရပါတယ်။

[ထို့နောက် ဗောဇ္ဈင်တရား တစ်ခုစီကို အကျယ်တဝင့် ရှင်းလင်းဟောကြားတော်မူ၏။ 'ဗောဇ္ဈင်ခုနစ်ပါးတရားမြတ်ရတနာ" စာအုပ်တွင် ဖတ်ရှုကြပါကုန်။]

http://www.dhammadownload.com



## သပြေကန်ဆရာတော် ရေးသားဟောကြားသည့် စာအုပ်များ

၁။ ပရိတ်ကြီးနိဿယသစ်
၂။ ဗောဇ္ဈင်ခုနစ်ပါး တရားမြတ်ရတနာ
၃။ စေတီနှင့် ရိုသေမှု
၄။ ဓမ္မနှင့်ဂုဏ် အဖွဲ့စုံ
၅။ ဥပါသကာဂုဏ်ရည်နှင့် သရဏဂုံတရားတော်
၆။ ဥပါသကာဂုဏ်ရည်နှင့် သရဏဂုံတရားတော်
၆။ ဆဆက္ကသုတ္တန်
၇။ နိဗ္ဗာန်ချမ်းသာ
၈။ အဘိဿယာရာမိက ဂုဏ်ရည်
၉။ ဝိသုဒ္ဓမဂ္ဂ နိဒါန အနုဂီတိဂါထာ
၁၀။ သပြေကန်တရားပေါင်းချုပ်
၁၁။ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော် မေး၍ သပြေကန်ဆရာတော်ကြီး ဖြေသည်
၁၂။ သပြေကန်ဆရာတော်ကြီး၏ အဆိုအမိန့်များ။

## ဆရာတော်ရေးသမျှ ငေးရသည်ချည်း

သပြေကန်ဆရာတော်သည် ပိဋကတ်ဆိုင်ရာ ဘာသာရပ်ဆိုင်ရာ လူမှုရေးဆိုင်ရာ စာပေဗဟုသုတများ ကုံလုံကြွယ်ဝသည့်အပြင် ဉာဏ်ပညာကြီးမား၍ သိပ်သိပ်သည်းသည်း ပြောဆိုရေးသားတတ်သောကြောင့် ဆရာတော် ဟောပြောရေးသားသမျှ စာအုပ်များသည် အနှစ်သာရပြည့်ဝကြ၏၊ မှန်ကန်တိကျသော ဗဟုသုတများကို ရှင်းရှင်းလင်းလင်း ပေးကမ်းနိုင်ကြ၏၊ ထူးခြားဆန်းကြယ်သော အချက်အလက်များကို သာယာနာပျော်ဖွယ်ဖြစ်အောင် ညက်ညက် ညော ညော တင်ပြနိုင်၏။ ဖတ်ရှုလေ့လာသူတို့အား နှစ်သက်အားရစေ၏၊ ဗဟုသုတတိုးပွားစေ၊ သဒ္ဓါတရားထက်မြက်လာစေ၏၊ တရားတော်နှင့်အညီ ကျင့်ကြံနေထိုင်ကြရန် တိုက်တွန်းအားပေးနိုင်၏။

သို့သော် ဆရာတော်၏ စာအုပ်များသည် စာအုပ်ဆိုင်များတွင် မေးဝယ်လျှင် မရှိသည်ကသာ များ၏။ ပရိတ်ကြီးနိဿယသစ်ကို အကြိမ်ကြိမ်ပုံနှိပ်ခဲ့ပါ၏။ သို့သော် ယခု ဆိုင်များတွင် မရနိုင်ပါ။ ဗောဇ္ဈင်ခုနစ်ပါး တရားမြတ်ရတနာကိုလည်း ပထမအကြိမ်တွင် အုပ် (၁၀၀၀၀) ရိုက်နှိပ်ခဲ့ရ၏။ သို့သော် ယခု ရှားပါးသွားပြီ။ ကျန်စာအုပ်များလည်း ဤနည်းအတူပင်။ ဗဟုသုတ ရှာ

http://www.dhammadownload.com



မှီးနေသူတို့အား အသိပညာပေးနိုင်ရန်၊ တွေဝေ ယုံမှားနေသူတို့အား အမြင်ကြည်လင်သန့်ရှင်းသွားရန်၊ အမှောင်၌ရှိနေသူတို့အား တရားအလင်းရောင်ပေးဆောင်နိုင်ရန် ဆရာတော် ရေးသားဟောကြားသည့်စာအုပ်များကို မပြတ်မလပ်ရိုက်နှိပ်ဖြန့်ချိသင့်ပါသည်။

## စေတီနှင့် ရှိသေမှု

ဘုရားရှင် ဒေသစာရီကြွချီတော်မူသောအခါ သာဝတ္ထိပြည်သူပြည်သားတို့ တရားနာဘုရားဖူးရန် ဇေတဝန်ကျောင်းတော်သို့ လာကြ၏။ ဘုရားရှင်ကို မတွေ့ရ၍ ခါတိုင်းလို ဝမ်းမသာ၊ ပန်းနံ့သာတို့ကို ဂန္ဓကုဋီတိုက်တံခါးဝမှာ ပစ်ချသွားကြ၏။ ဤအကြောင်းကိုသိသော အနာထပိဏ်သူဌေးက အရှင်အာနန္ဒာကို လျှောက်ထား၏၊ အရှင်အာနန္ဒာလျှောက်ထားသဖြင့် ဘုရားရှင်ဖြေကြားတော်မူ၏ –

"မြတ်စွာဘုရား... စေတီဘယ်နှစ်မျိုးရှိပါသလဲ"

"သုံးမျိုးရှိတယ် အာနန္ဒာ"

"ဘယ်စေတီများပါလဲဘုရား"

"သာရီရိက (ဓာတ်တော်)၊ ပရိဘောဂ (အသုံးအဆောင်)၊ ဥဒ္ဒိဿ (စိတ်ဖြင့် ရည်မှန်းအပ်သောအရာ) စေတီများ ဖြစ်တယ်"

"မြတ်စွာဘုရား၊ ရှင်တော်ဘုရားများ တခြားကြွတော်မူတဲ့အခါ ဇေတဝန်ကျောင်းတော်မှာ ကိုးကွယ်ရာမရှိသကဲ့သို့ ဖြစ်နေပါတယ်၊ လူအများပူဇော်ရာဌာန မရှိပါ၊ မဟာဗောဓိမင်မှ မျိုးစေ့ဆောင်ယူကာ ဇေတဝန်ကျောင်းတံခါးဝမှာ စိုက်ပါမည်ဘုရား"

"ကောင်းပြီ၊ စိုက်ပေတော့အာနန္ဒာ၊ ဤသို့စိုက်ထားလျှင် ဇေတဝန်ကျောင်းတော်၌ ငါဘုရား အမြဲသီတင်းသုံးနေသလိုပင် ဖြစ်ပေလိမ့်မယ်"

သာရတ္ထဒီပနီလာ စေတီသုံးမျိုးမှာ ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဓမ္မစေတီတို့ ဖြစ်ကြ၏။

**ပရိဘောဂစေတီ။** ။ ဘုရားရှင် အသုံးပြုရာ အဆောက်အအုံ ဝတ္ထုပစ္စည်းများကို ပရိဘောဂစေတီဆိုရ၏။ မဟာဗောဓိပင်, အပရာဇိတပလ္လင်, ဂန္ဓကုဋီစသော နေထိုင်သောအားဖြင့် အသုံးပြုခဲ့သော အရာဝတ္ထုတို့ကိုလည်းကောင်း၊ သင်္ကန်း, သပိတ်, ရေစစ် စသော အသုံးအဆောင်တို့ကိုလည်းကောင်း ပရိဘောဂစေတီ (ပူဇော်အပ်သော အသုံးအဆောင်) ချည်း ဆိုရ၏။

http://www.dhammadownload.com



**ဓာတုစေတီတော်။** ။ ဘုရားကိုယ်တော်မှ ဖြစ်ပေါ်လာသော ဓာတ်တော်များကိုလည်းကောင်း၊ ထိုဓာတ်တော်များကို ဌာပနာ၍ တည်ထားပူဇော်အပ်သော စေတီပုထိုးတို့ကိုလည်းကောင်း "ဓာတုစေတီ" ဆိုရ၏။ ကိုယ်တော်မြတ်၏ အသွေး အသား အရိုးတော်တို့မှဖြစ်ပေါ်လာ၍ "သာရီရိက"လည်း ဆိုခဲ့၏။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ထေ့ဖောဓာတ်လောင်သောအခါ ဓာတ်တော်တွေ ဖြစ်လာရ၏။ ထိုဓာတ်တော်များကား အဆင်းက အသွယ်သွယ်၊ အရွယ်က အစားစား၊ အရေအတွက်အားဖြင့်လည်း ခြားနားလျက်ရှိ၏။ ဓာတ်တော်အကြီးစားက ရွှေအဆင်းရှိ၏၊ အလတ်စားက ပုလဲအဆင်းရှိ၏၊ အငယ်စားက ချယားပွင့် သို့မဟုတ် မြတ်လေးပန်းငုံအဆင်းရှိ၏။ အရွယ်ပမာဏအားဖြင့် အကြီးက ပဲနောက်၊ အလတ်က ဆန်ကျိုး၊ အငယ်က မုန်ညင်းစေ့ပမာဏ ရှိ၏။ အရေအတွက်အားဖြင့် အကြီးက ငါးစလယ်၊ အလတ်က ငါးစလယ်၊ အငယ်က ခြောက်စလယ်ရှိသည်ဟု သိရ၏။ အသမ္ဘိန္န (ပင်ကိုအတိုင်း မပျက် ရှိနေသော) ဓာတ်တော်၊ သမ္ဘိန္န (ပင်ကိုအနေအထားမှ ကွဲပြား, တစ်မျိုးဖြစ်လျက် ရှိသော) ဓာတ်တော်ဟုလည်း ကွဲပြားသေး၏။ သင်းကျစ်တော်၊ စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ ခုနစ်ဆူသော ဤဓာတ်တော်တို့ကား အသမ္ဘိန္နဓာတ်တော်များ ဖြစ်ကြ၏။ ကျန်ဓာတ်တော်များမှာ သမ္ဘိန္နဓာတ်တော်များ ဖြစ်ကြ၏။ (အပဒါန၊ ၂၊၃၈၄၊၄)

**ဓာတ်တော်မရှိလျှင် သာသနာကွယ်။** ။ ဓာတ်တော်များမှာ ဘုရားရှင်၏ ကိုယ်တော် အသွေးအသား၊ အရေ အရိုးတော်များမှ ဖြစ်လာရသည်ဖြစ်ရာ ဘုရားရှင်အလား အလွန်ပင် လေးစားခံခဲ့ရ၏။ သက်တော်ထင်ရှားရှိစဉ်က ဘုရားထူပါ အများအပြားရှိသည်ကို မတွေ့ရ၊ ပရိနိဗ္ဗာန်စံတော်မူရာအခါ၌ကား ဓာတ်တော်ဝေစုရသော ရှင်ဘုရင်များက ကိုယ့်ဌာန ကိုယ့်မြို့နယ်မှာ အသီးသီး စေတီတည်ထားကိုးကွယ်ကြ၍ ဘုရားစေတီပုထိုးများစွာဖြင့် ကမ္ဘာကိုတင့်တယ်စေခဲ့၏။ ပူဇော်ခြင်းအမျိုးမျိုးတို့ဖြင့်လည်း ကမ္ဘာကိုတန်ဆာဆင်ခဲ့ရာ ဇမ္ဗူဒီပကမ္ဘာတစ်ခွင်မှာ လွန်စွာပင် တင့်တယ်လျက်ရှိခဲ့ပါ၏။

ဓာတ်တော်ကား အရေးကြီးလှ၏။ ဓာတ်တော်ရှိနေသမျှ သာသနာမကွယ်သေး၊ နောက်ဘုရားတစ်ဆူဖြစ်ခွင့်မရှိသေး၊ ဓာတုပရိနိဗ္ဗာန်စံရာအခါမှ နောက်၌ကား သာသနာကွယ်ရတော့၏။

**ဓမ္မစေတီတော်။** ။ ပဋိစ္စသမုပ္ပါဒ်စသော တရားစာအုပ်ပေစာတွေ ဌာပနာရာ စေတီကို "ဓမ္မစေတီ"ဟု ဆိုပါသည်။ တရားစာအုပ်ဌာပနာရာ စေတီသာမက တရားစာအုပ်တို့ကိုလည်း ဓမ္မစေတီပင်ဆိုအပ်ပါ၏။

http://www.dhammadownload.com



ဓမ္မ၏ သတ္တုအဖြစ်ကား ဘုရားကိုယ်တော်တိုင် မိန့်တော်မူခဲ့၍ သတ္တာအဖြစ်မှာ ထင်ရှားပါ၏။ ပရိယတ်, ပဋိပတ်, အသိဓာတ် အလင်းဉာဏ်တို့ကို အစဉ်မပြတ်ပေးခဲ့သော စေတီဖြစ်ရာ ဤဓမ္မစေတီကား သတ္တဝါတို့အဖို့ ကျေးဇူးများလှ၏။ ဘုရားရှင်ကိုယ်တော်တိုင်ပင် ပူဇော်ရာဖြစ်၍ ဓမ္မစေတီကား ထူးခြားလှ၏။

မြတ်စွာဘုရား ဘုရားဖြစ်စ ဥရုဝေဠတောတွင် သီတင်းသုံးနေတော်မူစဉ် "ငါဘယ်သူများ ရှိသေလေးစားသမှု အမှီပြုရအံ့နည်း"ဟု စဉ်းစားခဲ့ဖူး၏။ မိမိအလေးအမြတ် အရိုအသေပြုဖို့ ပုဂ္ဂိုလ်မမြင် ဖြစ်ရာမှ အကြံရခဲ့သည်မှာ "ငါကိုယ်တိုင် ထိုးထွင်းသိတော်မူခဲ့သော တရားတော်ကိုပင် ရိုသေသမှု, လေးမြတ်သမှု အမှီပြုနေရမှု ကောင်းလေစွ"ဟု ဖြစ်ပါသည်။

**ဥဒ္ဒိဿစေတီလည်း ဆိုရ။** ။ ပဋိစ္စသမုပ္ပါဒ်စသော ပေစာ, စာအုပ်များ ဌာပနာရာ စေတီကို ဓမ္မစေတီဟု ဆိုခဲ့၏။ ဘုရားလက်ထက်တော်က ထိုသို့ တရားစာအုပ်မရှိ၊ နှုတ်ဖြင့် သင်ကြ၊ ဆောင်ကြ၊ စိတ်ဖြင့် မှတ်သားကြ၏။ သို့ဖြစ်လျှင် ဘာကို ဓမ္မစေတီဆိုပါမည်နည်း။

ထိုအခါ စိတ်ဖြင့်ရည်မှန်း၍ တရားဂုဏ်တော်ကို အာရုံပြုရ၏၊ တရားတော်ကို ဆင်ခြင်ရ၏။ ထိုဆင်ခြင်ရည်မှန်းအပ်သော ဂုဏ်တော်၊ တရားတော်များပင် ဓမ္မစေတီဖြစ်၏။ ဓာတု, ပရိဘောဂတို့လို အထည်ဝတ္ထုမရှိ၊ စိတ်ဖြင့်ရည်မှန်း ပူဇော်အပ်သော တရားတော်ဖြစ်၍ "ဥဒ္ဒိဿစေတီ"လည်း ဆိုရ၏။

အသိပညာနည်းပါးလာသော နောင်အခါ စာအုပ်တွေ ပေါ်လာရ၏။ ထိုပေစာ, စာအုပ်တွေမှာ စိတ်ဖြင့်ရည်မှန်းအပ်၊ ဆင်ခြင်အပ်သော တရားတော်တွေကို ရုပ်လုံးဖော်ပေးခြင်းဖြစ်ရာ ၎င်းတို့သည် "ဥဒ္ဒိဿစေတီ"တွင် ဝင်ခဲ့၏။

**ဥဒ္ဒိဿစေတီတစ်ဆူ။** ။ ရုပ်ပွားဆင်းတုတော်ကိုလည်း ဥဒ္ဒိဿစေတီဆိုရ၏။ ဘုရားလက်ထက်တော်၌ ဆင်းတုတော်မရှိဟု သိရ၏။ သို့ဖြစ်လျှင် ထိုအခါက စေတီ ဘယ်လိုဖြစ်ပါသနည်း။

ဘုရားဂုဏ်တော်များကို အာရုံပြုရ၏၊ ဘုရားဂုဏ်တော်ကို စိတ်ဖြင့် ရည်မျှော် အာရုံယူပူဇော်ရ၏။ စိတ်ဖြင့် ရည်မှန်းအပ်သော ထိုဂုဏ်တော်ပုံတော်များကိုပင် "ဥဒ္ဒိဿစေတီ"ဆိုရ၏။ ရည်မှန်း၍ ပူဇော်အပ်သော စေတီ ဆိုလို၏။

အများထင်လွယ်မြင်လွယ်ကြဖို့ရာ နောင်အခါ ဆင်းတုတော်များ ထုလုပ်ကိုးကွယ်ကြရာ ဆင်းတုတော်များ ပေါ်လာရ၏။ စိတ်ဖြင့်ရည်မှန်းအပ်သော ဂုဏ်တော်များ, ပုံတော်များကို အကြောင်းပြုပေါ်ပေါက်ရသောကြောင့် ၎င်းတို့ကိုလည်း ဥဒ္ဒိဿစေတီ၌ သွင်းရ၏။

http://www.dhammadownload.com



သို့ဖြစ်၍ ဥဒ္ဒိဿစေတီတွင် ဓမ္မစေတီရော ဆင်းတုရုပ်တုပါ ပါဝင်ကြသည်ဟု သိရ၏။

**စေတိယ–စေတီမည်ပုံ။** ။ စေတိယသည် အဘိဓာန်များနှင့် ပါဠိအဋ္ဌကထာများအရ သာသနာနှင့်သာဆိုင်သောအမည်မဟုတ်၊ ဘုရားမပွင့်မီ ရှေးရှေးသော ကာလကပင် ပူဇော်ရာဌာန၊ သစ်ပင် စသည်တို့၌ တွင်နေသောအမည်တည်း။

ထို့ကြောင့် လူတို့သည် မြတ်နိုးပူဇော်အပ်သော ဘုရားဖွားမြင်ရာဌာန၊ ဒုက္ကရစရိယာကျင့်ရာဌာန၊ သစ္စာလေးပါးကို သိမြင်ရာဌာန၊ အနိမိသစသောဌာန၊ ဓမ္မစကြာကို ဟောတော်မူရာဌာန၊ သီတင်းသုံးတော်မူရာဌာန၊ ထိုထိုဗုဒ္ဓကိစ္စပြုတော်မူရာဌာန၊ ပရိနိဗ္ဗာန်ဝင်စံတော်မူရာဌာန၊ တေဇောဓာတ်လောင်ရာဌာန အစရှိသော အရပ်ဌာနတို့ကိုလည်းကောင်း၊ ထိုထိုအရပ်တို့၌ အမှတ်အသားအဖြစ်ဖြင့် တပ်ထားအပ်သော ထူပကျောက်တိုင် စသည်တို့ကို လည်းကောင်း၊ ဓာတ်တော်ပင် မရှိစေကာမူ စိတ္တီကတ (အရိုအသေအလေးအမြတ်ပြုအပ်သော ဝတ္ထု)ဖြစ်၍ စေတိယ (စေတီ) ဟုပင် မှတ်အပ်ကုန်၏။ (ဝိ–၄၊၃–၂၃၈–၉)

## သဲပုံစေတီ ပူဇော်၍ အကျိုးရပုံ

**ပုလိနထုပိယထေရ်** (အပါဒါန–၂၊၇၉) သည် ရှေးဘဝတစ်ခု၌ **နာရဒ ရသေ့ဖြစ်စဉ်** တပည့်တစ်သောင်းတို့၏ အလုပ်အကျွေးကို ခံယူရ၏။ မိမိကသာ အပူဇော်အလေးအမြတ်ခံရ၍ မိမိက ပူဇော်ရမည့်၊ အလေးအမြတ်ပြုရမည့် ပုဂ္ဂိုလ် မရှိဖြစ်နေရာ ပူဇော်ရမည့်အရာကို ရှာဖွေဖို့အကြံဖြစ်ခဲ့၏။

ဤသို့အကြံဖြစ်လျက် ကမ်းပါးကလည်း ပေါ်လွင်ထင်ရှား၊ ဆိပ်ကမ်းကလည်း သာယာ၊ စင်ကြယ်သောသဲများကလည်း ပေါများသော အပရိကမြစ်သို့ ရောက်သွားကာ သဲပုံစေတီတည်ခဲ့၏။

မိမိစေတီ၌ပြုကျင့်ပုံကို ပြန်ပြောင်းဟောခဲ့၏။ မြတ်စွာဘုရားမျက်မှောက်မှာလို ဝမ်းသာအားရဖြစ်ကာ ည, နံနက်ပူဇော်ခဲ့ကြောင်း၊ ကိလေသာတွေ၊ ကာမစသောစိတ်တွေဖြစ်လာသောအခါ ဘုရားရှင်ကို အမှီပြုနေရလျက် ကိလေသာတို့နှင့် ပေါင်းသင်းနေရခြင်းငှာ မသင့်ပါတကားဟု သဲပုံစေတီကို ဆင်ခြင်အောက်မေ့ကြောင်း၊ ဆင်ခြင်မိသည်နှင့်တစ်ပြိုင်နက် ထူပါ၌ ဂါရဝဖြစ်လာကြောင်း၊ ချွန်းဖြင့်ထိုးအပ်သော ဆင်ပမာ ကိလေသာတွေ ဖျောက်ပယ်ခဲ့ကြောင်း မိန့်ဆိုခဲ့သည်။ (ဤလည်း စေတီပူဇော်သူတို့အတွက် နည်းယူရန်အချက်ပင်တည်း။)

http://www.dhammadownload.com



ထိုနောက် ထိုဘဝက စုတေသော် ဗြဟ္မာ့ပြည်ရောက်ရပုံ၊ ဗြဟ္မာ့ပြည်မှ နတ်ပြည်, လူ့ပြည်တွင် စည်းစိမ်ခံစားရပုံ၊ ကုသိုလ်ပြုရာ၌ စေတီ ဟုတ် မဟုတ် အရေးမကြီး၊ အကျင့်သာ အရေးကြီးပုံတွေကို ဆိုခဲ့၏။

နောက်ဆုံးဘဝ သာဝတ္ထိပြည်ဝယ် ကြွယ်ဝချမ်းသာသောအမျိုးမှာ ဖြစ်ရကြောင်း၊ မိဘများက ဘုရားကိုးကွယ်သော အရိယာများဖြစ်ကြောင်း၊ မိဘများက ဗောဓိအပွေးနဲ့ အခေါက်ယူကာ ရွှေစေတီတည်ခဲ့ကြောင်း၊ ဥပုသ်နေ့မှာ စေတီထုတ်လျက် ညဥ့်သုံးယံပတ်လုံး ဘုရားဂုဏ်တော်ကျူးရင့်ကြကြောင်း၊ ထိုစေတီမြင်ရလျှင်ပင် မိမိမှာ ရှေးက သဲပုံစေတီကို အမှတ်ရခဲ့ကြောင်း၊ တစ်နေ့ရာတည်းမှာပင် အရဟတ္တဖိုလ် ဆိုက်ရောက်ခဲ့ကြောင်း မိန့်ကြားတော်မူခဲ့သည်။

## ဘုရားဓာတ်တော်စေတီ ပူဇော်ရသည့်အကျိုး

ဘုရားပရိနိဗ္ဗာန်စံပြီးနောက် အဇာတသတ်မင်းကြီးသည် မိမိရသော ဓာတ်တော်တို့ဖြင့် စေတီများတည်ထားပူဇော်ခဲ့၏။ ထိုအခါ ဥပါသိကာတစ်ဦးက ထိုမြတ်စွာဘုရား စေတီတော်ပူဇော်မည်ဟု ဆပ်သွားဖူးပန်းလေးပွင့် ယူအလာ သားငယ်ရှိသော နွားမအဝှေ့ခံရ၍ စုတေခဲ့ရာ သိကြားမင်းဥယျာဉ်တော် အပျော်ကစားအထွက် အတူပါနတ် ကချေသည် နှစ်ကုဋေငါးသန်းကို လွှမ်းမိုးကာ အရောင်အဝါ တောက်ပစွာဖြင့် ရထားနှင့်တကွ ထင်ရှားဖြစ်လာ၏။

သိကြားမင်းလည်း အံ့သြမဆုံးဖြစ်၍ သူ့အကြောင်းမေးမြန်းပြန်ရာ သူ့ကုသိုလ် သူ့အကြောင်း ပြောပြပြန်တော့ ပိုပြီးအံ့သြရပြန်၏။ ထို့ကြောင့် မာတလိ အမှူးထားလျက် နတ်အများကို ဩဝါဒပေးခဲ့၏။ စေတီပူဇော်ရာဝယ် အကျိုးရခြင်းအကြောင်းကိုပြရာ၌ လွန်စွာခိုင်လုံလှသောကြောင့် သိကြားဩဝါဒ အပြည့်အစုံကို ဖော်ပြလိုက်ပါသည် (ပါဠိဂါထာကို ချန်လှပ်၍ အနက်မျှ ဖော်ပြပါမည်။)

(၁) မာတလိ...ရှုစမ်းပါတော့လော၊ မကြံနိုင်ဖွယ် ဆန်းကြယ်လှသော ဤကုသိုလ်ကံအကျိုးကား အံ့ဖွယ်ရာကောင်းလှပါပေစွ။ ခေတ်ကောင်း၌ ကောင်းစွာပြုအပ်သော အနည်းငယ်မျှလည်းဖြစ်သော အလှူဝတ္ထုသည် ကြီးကျယ် များပြားသည့် အကျိုးအာနိသင်ရှိသည် ဖြစ်ပါပေ၏။

(၂) စိတ်တရားသည် သဒ္ဓါရည်ရှင် အနည်စင်လဲ့ ကြည်လင်ခဲ့သည်ရှိသော် ရှေးဘုရားများအတူ သိတော်မူသော ဘုရားရှင်၌သော်လည်းကောင်း၊ ထိုမှတစ်ပါး တပည့်သာဝက သံဃာ၌သော်လည်းကောင်း၊ အလှူဒါနသည် နည်းသည် မည်သည်မရှိပါပေ။

http://www.dhammadownload.com



(၃) မာတလိ...လာလှည့်ပါလော့၊ ငါတို့သည်လည်း ရှင်တော်မြတ်ဘုရား၏ မာတ်တော်တို့ကို အတိုင်းထက်သာ လွန်ကဲစွာ ပူဇော်ကြကုန်စို့။ ကုသိုလ်ကောင်းမှုတို့၏ ဆည်းပူးများပြား တိုးပွားလာခြင်းသည် ချမ်းသာကြောင်းသာ ဖြစ်ပါပေသတည်း။

(၄) သက်တော်ထင်ရှား မြတ်ဘုရား၌သော်လည်းကောင်း၊ ပရိနိဗ္ဗာန်စံဝင်ကြွသွား မြတ်ဘုရား၌သော်လည်းကောင်း၊ ကုသိုလ်ဟိတ်များ စိတ်တရားသည် တူမျှသည်ရှိသော် ဆက်ဆက်တိုးပွား အကျိုးတရားသည်လည်း တူမျှမြဲသာ ဖြစ်ပါပေသတည်း။

ထိုစကားသင့်ပါပေစွ၊ သူသူငါငါ သတ္တဝါမှန်သမျှတို့သည် စိတ်ထားကောင်းခြင်း အကြောင်းရင်းမှန် အခြေခံအရ သုဂတိဘဝသို့ လားရောက်ကြလေကုန်သတည်း။

(၅) အလျှုဒကာ ဒကာမတို့သည် အကြင်ဘုရားရှင်တို့၌ ပူဇော်သက္ကာရကို ပြုကြကုန်၍ နတ်ပြည်သို့ ရောက်ကြရလေကုန်၏။ ထိုဘုရားရှင်တို့သည် နတ် ဗြဟ္မာ လူသူအများတို့၏ အကျိုးငှာ ဖြစ်တော်မူပါပေကုန်စွတကား။

(ဝိမာန-ဖြ၊၄၊၂၈၅-၆)

## ဘုရားစေတီတို့ကို မရိုသေမှု

ရွှေတိဂုံစေတီတော်အောက်ခံကို အချို့သော ဂေါပကလူကြီးများက ပလ္လင်ဟု ယူဆကာ ထိုခုံထက် တက်ရောက်ဝတ်မပြုသင့် အဂါရဝဖြစ်သည်ဟု ယူဆကြောင်း ဩဝါဒါစရိယဆရာတော်များထံ လျှောက်ထားခဲ့ကြသည်။

ဘုရားမြတ်ကိုယ်စားတော်ဖြစ်သော စေတီတော်မြတ်၌ ရိုသေလေးစားမြတ်နိုးသော စိတ်ထားအရ ယူဆသော အယူအဆဖြစ်ရာ ကောင်းပါပေ၏။ စေတီဆိုသည်မှာ ရိုလေသေ ကောင်းလေဖြစ်ပါပေ၏။ သို့သော်လည်း မိမိကဂါရဝအဖြစ် ပြုကျင့်သောအကျင့်ကို သူတစ်ပါးက မလိုက်နာ, မပြုကျင့်တိုင်း သူ့မှာ အဂါရဝဖြစ်သည် အကုသိုလ်ဖြစ်သည်ဟုတော့ တစ်ထစ်ချမသတ်မှတ်သင့်သေး။

ယခုအခါ ဗုဒ္ဓ အဂါရဝ, စေတီယ အဂါရဝတို့ကို ပြပါဦးမည်။

"အကြင်ရဟန်းသည် မြတ်စွာဘုရား ထင်ရှားရှိစဉ် ဆည်းကပ်ရန်မသွား၊ မြတ်စွာဘုရား ဖိနပ်မပါဘဲ စင်္ကြံကြွတော်မူသည်ရှိသော် ဖိနပ်ရှိသည်ဖြစ်၍ စင်္ကြံသွား၏။ မြတ်စွာဘုရား နိမ့်သောစင်္ကြံ၌ စင်္ကြံသွားသည်ရှိသော် မြင့်သော စင်္ကြံ၌ စင်္ကြံသွား၏။ မြတ်စွာဘုရားအောက်၌နေသည်ရှိသော် အထက်၌နေ

http://www.dhammadownload.com



၏။ မြတ်စွာဘုရား မြင်လောက်ရာအရပ်၌ ပခုံးစွန်းနှစ်ဖက် ခြုံထား၏၊ ထီးဆောင်းထား၏၊ ဖိနပ်စီး၏၊ ရေချိုး၏၊ ကျင်ကြီးကျင်ငယ် စွန့်၏။

ပရိနိဗ္ဗာန်စံတော်မူပြီးသော် စေတီကို ရှိခိုးခြင်းငှာ မသွား၊ စေတီထင်ရှားရှိရာအရပ်၌ မြတ်စွာဘုရားမြင်ရာအရပ်၌ ဆိုအပ်သော အလုံးစုံသောအမှုကို ပြု၏။ ဤရဟန်းသည် ဘုရား၌မရိုသေသူမည်၏။ (အဘိ၊ဋ္ဌ၊၂၊၄၈၉)

**စေတီယင်္ဂဏ (စေတီရင်ပြင်)။** ။ ပရိဝါရဋ္ဌကထာမှ ဗုဒ္ဓအဂါရဝကို ပြပါဦးမည်။ တခြားအချက်တွေ မထူးခြားသော်လည်း စေတီယင်္ဂဏအတွင်းပြ ဆိုချက် အထူးပါလာပါ၏။

စေတီဗောဓိကို ရှိမခိုးရာ၌ ယခုခေတ် အချို့ရွှေတိဂုံစသော စေတီတော်ကြီးများရှိရာ ကုန်းတော်သို့ ရောက်လျက် ရှိမခိုးဘဲ ဆင်းသွားတတ်ကြ၏။ ဤသည်လည်း အဂါရဝပင် ဖြစ်တော့သည်။

ဗုဒ္ဓေ အဂါရဝ စသည်တို့တွင် အကြင်ပုဂ္ဂိုလ်သည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ဆည်းကပ်ခြင်းငှာ မသွား၊ ပရိနိဗ္ဗာန်စံတော်မူပြီးသော် စေတီတည်ရာ ဗောဓိတည်ရာအရပ်သို့ မသွား၊ စေတီဗောဓိကို ရှိမခိုး၊ စေတီရင်ပြင်၌ ထီးဆောင်း, ဖိနပ်စီးလျက် လှည့်လည်၏။ ထိုပုဂ္ဂိုလ်အား ဘုရား၌ ရိုသေခြင်း မရှိဟု သိအပ်၏။

**ပန်းတင်ခုံပေါ် တက်သင့်သလော။** ။ ဗုဒ္ဓ အဂါရဝ (ဘုရားစေတီ၌ မရိုသေမှု) မှာ ဘယ်လိုအပြုအမူမျိုးများဖြစ်ကြောင်း အဋ္ဌကထာများအဆိုကို ပြခဲ့ပါပြီ။ ထိုအဂါရဝများတွင် ပန်းတင်ခုံပေါ် တက်ခြင်းမျိုးကို အဂါရဝအဖြစ် ထည့်သွင်းထားသည်ကို မတွေ့ရ။

စေတီက ဆင်းတုတော်ဖြစ်လျှင် မိမိက ထိုဆင်းတုတော်ထက် မြင့်ရာက မနေအပ်ပေ၊ အကယ်၍ မတတ်သာ၍ နေခွင့်ကြုံလာသောအခါ၌လည်း ရှိခိုးခွင့်ပန်နေထိုင်ခြင်းမှာ အဂါရဝ လွတ်ကင်းဖို့ ရှိပါသည်။

သို့ဖြစ်လျှင် ထိုပန်းတင်ခုံပေါ် တက်ရောက်ဖူးမြော်ခွင့် ရှိမရှိ ဘယ်သို့သိရမည်နည်း။

မိမိနောက်က ဆိုခဲ့ပါပြီ။ ဘုရားဆိုသည်မှာ ရိုသေလေ ကောင်းလေဖြစ်၏။ ထိုပန်းတင်ခုံကို ရိုသေလေးစား၍ မတက်သူကို အပြစ်ဆိုဖွယ်မရှိပါ။

ထိုပန်းတင်ခုံ၌ စေတီရံတွေကလည်းရှိ၏။ အောက်ဘက်ပတ်ဝန်းကျင်က စေတီတွေ၊ ဆင်းတုတွေကလည်း ရှိနေ၏။ တက်ဖို့ဝန်လေးဖွယ်တော့ဖြစ်ပါ၏။ သို့ဖြစ်ရာ နီးနီးကပ်ကပ် ဘုရားဖူးလိုသူ၊ သမာဓိရ၍ တက်ရောက်နှလုံးသွင်းလိုသူ စသော လိုလိုလားလားရှိသူများအတွက် အဂါရဝဖြစ်ဖို့ ရှိမရှိ စဉ်းစား

http://www.dhammadownload.com



သင့်ပါ၏။ ဂါရဝ, အဂါရဝမှာ စိတ်ထားကောင်းမှု၊ မကောင်းမှု၊ လေးစားမှု၊ မလေးစားမှုတို့နှင့် ဆိုင်နေရာ ထိုပုဂ္ဂိုလ်တွေအဖို့ မလေးမစား အဂါရဝ စိတ်ထားတော့ ဖြစ်ဖို့မရှိပါ။

နေရာဌာနက ပန်းတင်ခုံဆိုသော်လည်း အစဉ်အလာအားဖြင့် အများသွားလာရာ သံဃာတော်များ အနေကဇာတင်ခြင်းစသည်ဖြင့် အချို့အခမ်းအနားကျင်းပရာ အချို့ဘုရားဖူးမြော်ရာ ပုတီးစိပ်ရာ တရားနလုံးသွင်းရာဌာနအဖြစ်ဖြင့် တည်ခဲ့ရာ ထိုဌာနမှာ မတက်ရောက်အပ်သောဌာန မနေအပ်သောဌာနဟု ဆုံးဖြတ်ဖို့ရာမလွယ်လှပါ။

**ပြုရမည့်တာဝန်က။** ။ မိမိတို့သည် တရားဟော စသည်တို့အတွက် မထေရ်ကြီးတွေထက်မြင့်ရာ တရားပလ္လင်ထက် တက်လိုသောအခါ ကန်တော့ပြီး တက်ရာ၏။

ဆရာသမား၊ မိဘ၊ ရဟန်းသံဃာစသည်ကို ရှိသေထိုက်သော ပုဂ္ဂိုလ်များအား တက်နင်းသောအခါ ကန်တော့ပြီး တက်နင်းရ၏။ အမြင့်နေဖို့ အခွင့်ကြုံသောအခါ ရှိခိုးတောင်းပန်, အခွင့်ပန်ပြီးမှ တက်နေရ၏။

သို့ဖြစ်လျှင် ယခုပစ္စယာဌ် တက်လိုနေလိုသောအခါလည်း ဘုရားရှင်ထံ ရှိခိုးတောင်းပန်, အခွင့်ပန်လျက် တက်ရောက်ကာ လိုရာပူဇော်မှုစသည် ပြုကအပြစ်ကင်းဖွယ်ရှိသည်ဟု ထင်မြင်မိပါသည်။

## ဗုဒ္ဓါနုဿတိ ပွားကြည့်စို့

ယခုအခါ ဗုဒ္ဓရှင်တော်မြတ်၏ ဓမ္မဝိနယတို့၏ အသင်အပြ ခံယူရသော မိမိတို့သည် တရားတော်များကို မိမိဆရာအဖြစ်ဖြင့် အလေးအနက်ခံယူလျက်ရှိကြပါသည်။ ဉာဏ်မျှများပြား၊ ဉာဏ်မျှထူးခြားသော အနက်အရသာ သဒ္ဓါသြဇာခံစားရသော ဗုဒ္ဓသာဝကတို့အဖို့ အဘယ်မှာ ဉာဏ်ဒေသနာတို့ကို မခံယူဘဲ ရှိပါအံ့နည်း။ ဉာဏ်မျှ များပြားသော တရားဒေသနာတို့ကို ဘယ်ဆရာ တစ်ဦး တစ်ယောက်ကများ ဟောကြားပါသနည်း။ မရှိပါပေ။

များရုံသာလော၊ မဟုတ်ပါပေ။ နက်နဲ ခက်ခဲလှခြင်း၊ နက်နဲ ခက်ခဲလှသော်လည်း တကယ်တတ်သိနားလည်သော ဆရာနှင့် သင်ယူရလျှင် အတ္ထရသ, သဒ္ဒရသ အပြည့်အဝခံစားရခြင်း၊ အသိမျှနှင့် အားမရဘဲ ညွှန်ပြတိုင်းကျင့်လျှင် တကယ်ထူးခြားသော အမြင်ပေါက်၍ တကယ် ပဋိပတ်အရသာ, ပဋိဝေဓ အရသာ, သာယာဖွယ်တွေ ခံစားရခြင်းများဖြင့် ဘုရားရှင်၏ အံ့ချီးမကုန်လောက်သော သဗ္ဗညုတာခေါ် ဉာဏ်တော်ကြီးကို မှန်းဆနိုင်ပါ၏။

http://www.dhammadownload.com



ဤမျှ များပြားအောင် မနေမနား ဟောကြားတော်မူခဲ့ပုံ စဉ်းစားမိပြန်သော အခါ သတ္တဝါများအပေါ်မှာ ထားခဲ့သော မဟာကရုဏာတော်ကြီးကလည်း အထင်အရှား အမြင်သာ ဆိုသလို ပေါ်လာရပြန်တော့၏။ ထို့ကြောင့် ဘုရားရှင်၏ မဟာကရုဏာတော်ကြီးမှာ ယနေ့တိုင် အနည်းငယ်မျှ မငြိမ်းခဲ့သေးပါ ဆိုသော ဇိနလင်္ကာရဆရာစကားမှာ သာဓုခေါ်ဖွယ်ပါတကား။ ဤစကားကို အပြည့်အဝထောက်ခံလျက်ရှိသော အောက်ပါရတနသုတ္တန်လာ ဒေသနာဖြင့် ဗုဒ္ဓါနုဿတိဘာဝနာ ပွားကြည့်ကြပါဦးစို့။

ဝနပ္ပဂုမ္ဗေ ယထာ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဂိမှာနံ – နွေလေးလတို့တွင်၊ ပဌမသ္မိံ ဂိမှေ – ရှေးဦးအစ နွေကာလ ဖြစ်သော၊ မာသေ– အလှထူးလာ လတန်ခူးအခါ၌၊ ဖုဿိတဂ္ဂေ – ရန့်ထုံကာ အငုံအာလျက် ချပ်လွှာကြွားအိ ပင်လုံးကျွတ်ပွင့်သော အဖျားရှိသော၊ ဝနပ္ပဂုမ္ဗေ– အသွင်လှလျက် မြင်ရရှုမငြီး တောအုပ်ကြီးသည်၊ (သဿိရိကော) ယထာ– ရန့်သင်းသင်း အဆင်းအိအိ တင့်တယ်သောအသရေရှိသကဲ့သို့၊ တထူပမံ – ထိုတောအုပ်ဝေဆာ အသရေဖြာဟု ရှုစရာအတိ ဥပမာရှိပေထသော၊ နိဗ္ဗာနဂါမိံ– သန္တိဓာတ်မှန် အေးနိဗ္ဗာန်သို့ ရောက်ရန်ကောင်းလှစ် အကြောင်းဖြစ်သော၊ ဓမ္မဝရံ–အနက်သာယာ သဒ္ဒါလှပ ထူးလှဝေဆာ ဒေသနာပိဋကတ် တရားမြတ်ကို၊ ပရမံ ဟိတာယ– ငြိမ်းချမ်းဖို့ရန် နိဗ္ဗာန်ဓာတ်သုံး အမြတ်ဆုံး အကျိုးစီးပွားအလို့ငှာ၊ အဒေသယိ– သဗ္ဗညုတာ ဉာဏ်မဟာနှင့် ကရုဏာနှလုံး သုံးကာသုံးကာ ဟောကြားတော်မူခဲ့ပါပေပြီ။ ဗုဒ္ဓေ– အနုတ္တရ– ဗုဒ္ဓဟုတွင် ရှင်တော်မြတ်ဘုရား၌၊ ဣဒမ္ပိရတနံ– ဤရတနာဖြစ်ကြောင်း ဂုဏ်တော်အပေါင်းသည်လည်း၊ ပဏီတံ–အာရုံယူ အောက်မေ့ပါလည်း မရောင့်ရဲစေ ထူးမြတ်လှပါပေ၏။ ဧတေန သစ္စေန– နှုတ်ဝစီမှ ပီသဖြစ်လာ ဤမှန်သစ္စာကြောင့်၊ (တုမှာကံ)– တို့ဘုရားသာ အားထားရာရှိ အသိကောင်းကောင်း တပည့်အပေါင်းတို့အား၊ သုဝတ္ထိ – ဘေးဒဏ်ရန်စွယ် အန္တရာယ်မထိ ကောင်းသိဒ္ဓိဖြင့် ဣဒ္ဓိလွှမ်းကာ ဝမ်းသာမကင်း ချမ်းသာခြင်းသည်၊ ဟောတု – လိုတိုင်းလည်းရ တတိုင်းလည်း ပြည့်လေ ဖြစ်ပါစေသတည်း။

http://www.dhammadownload.com



## ဆရာတော်၏စာအုပ်မှန်သမျှ အနှစ်ပြည့်ဝသည်ချည်း

သမိုင်ပြကန်ဆရာတော်ရေးသားဟောကြားတော်မူခဲ့သည့်စာအုပ်များအနက်မှ "ပရိတ်ကြီးနိဿယသစ်"၊ "ဗောဓိပင်ခုနစ်ပါး တရားမြတ်ရတနာ" နှင့် "စေတီနှင့် ရိုသေမှု" ဟူသော စာအုပ်သုံးအုပ်မှ အနှစ်သာရများကို ကောက်နုတ်ပြခဲ့ပြီး ဖြစ်သည်။ မည်မျှအနှစ်သာရပြည့်ဝသည်ကို စာရှုသူတို့ ခန့်မှန်းနိုင်ကြပြီး ဖြစ်သည်။ ကျန်သောစာအုပ်များသည်လည်း ဤသို့သာ အနှစ်သာရပြည့်ဝမည်မှာ ယုံကြည်စွာဖြင့် ရှာဖွေဖတ်ရှုကြပါကုန်ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

http://www.dhammadownload.com

# အခန်း (၇)
# ဓမ္မဆိုင်ရာ ခံရာခဲသစ်များကို ဖြေရှင်းခြင်း

သပြေကန်ဆရာတော်သည် ဓမ္မရေးရာ မေးခွန်းများကို မေးမြန်းလျှောက်ထားလာလျှင် အမြဲတမ်း အားတက်သရော လိုလိုလားလားပြန်လည်ဖြေကြားတော်မူ၏။ ဤသို့ ဖြေကြားပေးရမည်ကို မိမိ၏ တာဝန်တစ်ရပ်ဖြစ်သည်ဟု မှတ်ယူတော်မူ၏။ မြတ်စွာဘုရား၏ တရားတော်ကို ရှင်းလင်းဟောပြပေးရန်မှာ ဘုရားသားတော်တို့၏ တာဝန် မဟုတ်ပါလော။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော် **ဦးပဏ္ဍိတာဘိဝံသ** ထံသို့ သပြေကန်ဆရာတော်၏ ပြန်စာတစ်စောင်တွင် ဤသို့ရေးသားထား၏ –

"ဩဝါဒါစရိယဆရာတော် အရှင်ပဏ္ဍိတာဘိဝံသထံ အလေးထား ရေးသားအပ်ပါ၏၊ ဆရာတော် အရင်လျှောက်ထားခဲ့သော ပြဿနာနှစ်ရပ်ကို ဖြေကြားလိုက်ပါသည်၊ တပည့်တော်များကား အလုပ်မအားလှ၊ သူတစ်ပါးတာဝန်ပေးထားသော ပြင်ဖို့ ဆင်ဖို့ ရေးသားဖို့ တာဝန်အကြွေးများက များလှသည် ဖြစ်ရာ ဆရာတော်အတွက် စာမှာ ကြာသွားပါသည်၊ ခွင့်လွှတ်တော်မူပါရန်။"

ဤစာပိုဒ်ကလေးကို ထောက်ရှုလိုက်လျှင် ဆရာတော်သည် မေးခွန်းပြဿနာများစွာကို ဖြေရှင်းပေးနေရုံမျှမက "သူတစ်ပါးတာဝန်ပေးထားသော ပြင်ဖို့ ဆင်ဖို့ ရေးသားဖို့ တာဝန်အကြွေးများက များလှသည်"ဟု ဖော်ပြထားသည့်အတိုင်း ဆရာတော်အား ပြင်ဆင်တည်းဖြတ်ဖို့ ပေးထားသည့်စာမူများကလည်း မနည်း၊ အမှာစာ စသည် ရေးပေးစရာတွေကလည်း အများကြီး၊ ဖြေစရာ မေးခွန်းတွေကလည်း တစ်ပုံတစ်ခေါင်း၊ ဒါတွေကို ဆရာတော်က မိမိဆောင်ရွက်ပေးရမည့်တာဝန်အကြွေးဟု မှတ်ယူတော်မူသည်။

http://www.dhammadownload.com



သခြေကန်ဆရာတော်သည် ဦးပဏ္ဍိတာဘိဝံသဆရာတော်ထက် အသက် ၁၁ နှစ်၊ ဝါတော်တစ်ဆယ့်တစ်ဝါ ပိုကြီးပါသည်။ သို့သော် ဦးပဏ္ဍိတာဘိဝံသအား 'ဩဝါဒါစရိယဆရာတော်'၊ 'ဆရာတော်' စသည်ဖြင့် ရိုသေလေးစားစွာ ခေါ်ဝေါ်ပါသည်။ မိမိ၏ပညာမာန်ကိုနှိမ့်ချ၍ သူတစ်ပါးတို့အား လေးစားတတ်သော ဆရာတော်ပါပေ။

တစ်ဖန် မေးမြန်းချက်များကို လက်တန်းဖြေကြားနိုင်စေကာမူ အဆောတလျင် ဖြေကြားလေ့မရှိဘဲ မှန်ကန်တိကျအောင် ကျမ်းဂန်များစွာကို မှီငြမ်း၍ အထောက်အထားများနှင့် ရေးသားဖြေဆိုလေ့ရှိသည်။ အရှင်ပဏ္ဍိတာဘိဝံသထံ ပြန်ကြားလိုက်သည့်စာ၌...

*"တပည့်တော်များစာ၌ မသင့်လျော်ဟုထင်သော အရာများ ရှိက အားမနာ ပါးမနာ စောဒနာစေချင်ပါသည်၊ တပည့်တော်များက မိမိအမှားကို ထောက်ပြလျှင် ဝမ်းမြောက်ပါသည်"*

ဟု ရေးသားထား၏။ ဤသည်မှာ ပညာတတ်အကျော်အမော်ဖြစ်ပါသော်လည်း ဆရာတော်သည် ပညာမာန်မထား၊ မိမိဖြေကြားသည့်တရားစကားတွင် အမှားမပါရန် အထူးဂရုစိုက်ကြောင်း ပေါ်လွင်ထင်ရှားပါသည်။ မိမိက အသက်ပညာ ကြီးပါသော်လည်း "တပည့်တော်များ"ဟု မိမိကိုယ်ကို နှိမ့်ချ၍ပြောဆိုသည်မှာလည်း ကြည်ညိုဖွယ်ရာအတိပင် ဖြစ်ပါသည်။

အင်မတန် ဉာဏ်ပညာကြီးမားသော **မဟာစည်ဆရာတော်** စသည့် ဆရာတော်များသည်ပင် ပိဋကတ်စာပေ၌ အဖုအထစ်, ခဲရာခဲဆစ်များကို တွေ့ရှိလျှင် သခြေကန်ဆရာတော်နှင့် ဆွေးနွေးညှိနှိုင်းလိုက်ပါက ခဏချင်းပင် ပြေလည်သွားကြောင်း မိန့်ဆိုတော်မူကြသည်။

ကျွန်တော်သည်လည်း သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသော ပိဋကတ်ဘာသာပြန် အလုပ်တွင် ခေတ္တပါဝင်ဆောင်ရွက်နေသည့်အခါ ဓမ္မရေးရာခဲရာခဲဆစ်များ ပေါ်ပေါက်လာသည့်အခါ ပိဋကတ်ဘာသာပြန်အဖွဲ့၏ဩဝါဒါစရိယဆရာတော် ဖြစ်တော်မူသော သခြေကန်ဆရာတော်ထံ သွား၍ ပြဿနာများကို မေးလျှောက်ဖူးပါသည်။ ဆရာတော်သည် ဂရုတစိုက်နားထောင်၍ သေသေချာချာ မှတ်သားပြီးလျှင် တစ်ရက်နှစ်ရက် အချိန်ယူကာ ပိဋကတ်ကျမ်းဂန်များနှင့် ညှိနှိုင်း၍ ဖြေရှင်းပေးတော်မူပါသည်။ ဆရာတော်၏ ဖြေရှင်းချက်များကို ရရှိသည့်အခါ အားရကျေနပ်ဝမ်းမြောက်ရသည်သာ။

http://www.dhammadownload.com



## ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ အရှင်ပဏ္ဍိတာဘိဝံသ၏လျှောက်ထားချက်

"ကျေးဇူးတော်ရှင် ဆရာတော်၏ ကျေးဇူးတော်များနှင့် ဂုဏ်တော်များကို အာရုံပြုပြီး ခြေတော်ဦးခိုက်ကာ တပည့်ရှိသေလေးမြတ်စွာ လျှောက်ထားလိုက်ပါတယ်ဘုရား။

"ကျေးဇူးရှင်ဆရာတော်ဘုရား၊

တပည့်တော်များ ရဟန်းငယ်ဘဝက ဆရာတော်ထံမှ အထက်တန်းပိဋကစာပေ လေ့လာနည်းများကို ခံယူခဲ့ရပါတယ်ဘုရား၊ ဆရာတော်ထံမှ ရရှိတဲ့နည်းများနဲ့ ပိဋကစာပေများကို ဆက်လက်လေ့လာခဲ့ပါတယ်ဘုရား၊ လေ့လာတဲ့အခါ လွယ်လွယ်ကူကူနဲ့ နားလည်နိုင်တဲ့အချက်အလက်များ ပါရှိသလို ခက်ခက်ခဲခဲနဲ့ တွေးတောကြံဆပြီးမှ နားလည်လို့ရတဲ့ အချက်အလက်တွေလဲ ပါရှိခဲ့ပါတယ်ဘုရား၊ တချို့တချို့ အချက်အလက်တွေ ရောက်တော့ ဘယ်လောက်ပင် တွေးတောတွေးတော ဘယ်လောက်ပင် ကြံဆကြံဆ မှန်ကန်တဲ့အဖြေကို ရှာလို့မရနိုင်ဘဲ ရှိပါတယ်ဘုရား။

"တပည့်များရဲ့ဉာဏ်ဟာ အဲဒီလို ခဲရာခဲဆစ်နေရာမျိုးတွေမှာတော့ ရှေ့ကို မသွားနိုင်ဘဲ ရပ်တန့်လို့သာနေပါတော့တယ်ဘုရား၊ တပည့်တော်များရဲ့ဉာဏ်အလင်းနဲ့ ဖောက်ထွင်းလို့မရနိုင်တဲ့ ခဲရာခဲဆစ်တွေကို တွေ့ရလေတိုင်း ကျေးဇူးရှင်ဆရာတော်ကို အလွန်ပဲ သတိရပါတယ်ဘုရား၊ အားကိုးစိတ်တွေလဲ ပြင်းပြခဲ့ပါတယ်ဘုရား။ တပည့်တော်သိချင်တာတွေကို ရှင်းရှင်းလင်းလင်း တိတိကျကျ ဖြေရှင်းပေးလိမ့်မယ်လို့လဲ မျှော်လင့်ခဲ့ပါတယ်ဘုရား။

"တပည့်တော်များ အားကိုးမျှော်လင့်ထားတဲ့အတိုင်းပဲ ဆရာတော်က ရှင်းရှင်းလင်းလင်း တိတိကျကျ ဖြေရှင်းပြလို့ တပည့်တော်ရဲ့ဉာဏ်အလင်းနဲ့ ဖောက်ထွင်းလို့မရနိုင်တဲ့ ပိဋကစာပေဆိုင်ရာ ခဲရာခဲဆစ်တွေကို ဖောက်ထွင်းနိုင်ခွင့်ရခဲ့ပါတယ်ဘုရား၊ တပည့်တော်များရဲ့ဉာဏ် ရှေ့ကိုမသွားနိုင်ဘဲ ရပ်တန့်နေအောင် ဟန့်တားတဲ့ ပိဋကဆိုင်ရာ ခဲရာခဲဆစ်တွေမှာ တပည့်တော်များရဲ့ဉာဏ် ရပ်တန့်မနေဘဲ ရှေ့ဆက်လက်သွားနိုင်ခွင့် ရရှိခဲ့ပါတယ်ဘုရား။

"တပည့်တော်များ ပြည်ပဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတခရီးသွားတိုင်း သွားတိုင်း ပြည်ပသားတွေက တပည့်တော်များကို မေးခွန်းမျိုးစုံ မေးကြပါတယ်ဘုရား။ အမေးအမြန်းထူတဲ့ ပြည်ပသားတွေရဲ့ မေးခွန်းတွေထဲမှာ လွယ်လွယ်ကူကူနဲ့ အဖြေပေးလို့ရတဲ့ မေးခွန်းတွေ ပါသလို ခေါင်းခဲရလောက်အောင်ပင် ခက်ခက်ခဲခဲ အဖြေပေးရတဲ့ မေးခွန်းတွေလဲ ပါပါတယ်ဘုရား။

http://www.dhammadownload.com



"အဲဒီလောက် ခက်ခဲတဲ့ မေးခွန်းတွေနဲ့ တွေ့တဲ့အခါ ဆရာတော်ဟာ တပည့်တော်များအဖို့တော့ အရှင်နာဂသေနလိုပါပဲဘုရား၊ ဆရာတော်ထံမှ ဖြေကြားချက်များကို နာခံမှတ်သားရတဲ့အခါများနဲ့ စာဖြင့်ရေးသားပြီး ဖြေကြားပေးတဲ့အချက်များကို ဖတ်ရှုရတဲ့အခါများမှာ မိလိန္ဒမင်းကြီးရဲ့ဉာဏ်အလင်းနဲ့ မဖောက်ထွင်းနိုင်တဲ့ ခဲဆစ်ခဲရာပြဿနာတွေမှာ မိလိန္ဒမင်းကြီးရဲ့ဉာဏ်အလင်းနဲ့ ဖောက်ထွင်းခွင့်ရအောင် ဖြေရှင်းပေးနိုင်စွမ်းရှိတဲ့အရှင်နာဂသေနကို မြင်ယောင်နေမိပါတယ်ဘုရား။

"အရှင်နာဂသေနဟာ မိလိန္ဒမင်းကြီး မေးတိုင်းမေးတိုင်းသော ပြဿနာအရှုပ်အထွေးကို အလွယ်တကူဖြေရှင်းပေးနိုင်တဲ့သူ ဖြစ်ရပါလို၏လို့ ဆုတောင်းခဲ့သလို ကျေးဇူးရှင်ဆရာတော်လဲ တပည့်တော်များအပါအဝင် ရဟန်းရှင်လူအများရဲ့ မေးမြန်းလျှောက်ထားတဲ့ ခဲရာခဲဆစ်ပြဿနာများကို အလွယ်တကူဖြေရှင်းပေးနိုင်စွမ်းရှိတဲ့ပုဂ္ဂိုလ် ဖြစ်ရပါလို၏လို့ ဆုတောင်းခဲ့တဲ့ ပုဂ္ဂိုလ်များဖြစ်လေမလားလို့တောင် စဉ်းစားမိပါတယ်ဘုရား။

"ကျေးဇူးရှင် ဆရာတော်ရဲ့ မေတ္တာရိပ်၊ ကရုဏာရိပ်၊ ပညာရိပ်ဟာ တပည့်တော်များအပါအဝင် ရဟန်းရှင်လူတို့ရဲ့ ခိုကိုးရာ အေးရိပ်သာဖြစ်နေပါတယ်ဘုရား။ ဆရာတော်ဟာ 'သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းခိုမှီ' ဟူသော စကားအရ ငှက်တစ်သောင်းမှီခိုတဲ့ သစ်ပင်ကောင်းကြီးသဖွယ် ဖြစ်နေပါတယ်ဘုရားလို့ဆိုရင်လဲ ပိုနိုင်ဖွယ်ရာမရှိပါဘုရား။ ပိဋကစာပေဆိုင်ရာ ပြဿနာအခက်အခဲတွေနဲ့ ရင်ဆိုင်ရလို့ တင်းကျပ်နေတဲ့စိတ်များကို ဆရာတော်ရဲ့ရှင်းလင်းဖြေကြားချက်များက ပြေလျော့စေခဲ့ပါတယ်၊ လေးနေတဲ့စိတ်တွေကို ပေါ့စေခဲ့ပါတယ်ဘုရား၊ အမှောင်ကို ခွင်းပြီး အလင်းကိုလဲ ဆောင်ပေးခဲ့ပါတယ်ဘုရား။

"ဆရာတော်လို ဆရာတော်တွေ များစွာရှိလေလေ တပည့်တော်များအဖို့ ကံကောင်းလေလေပဲ ဆိုချင်ပါတယ်၊ ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူပြည်သားများအတွက်သာမက ဗုဒ္ဓသာသနာဝင် ပြည်ပသားတို့အဖို့လဲ ကံကောင်းတယ်လို့ပဲ ဆိုရမှာပဲဘုရား။ ဆရာတော်လို ဆရာတော်တွေကို ဆည်းကပ်ကိုးကွယ်ခွင့်ရနေတဲ့ ဗုဒ္ဓသာသနာဝင် မြန်မာပြည်သူပြည်သားတို့ဟာ ကုသိုလ်ပွားခွင့်အဆင့်ဆင့်ရရှိကြပြီး အသိဉာဏ်တွေလဲ ပွင့်လင်းခွင့်ရရှိနေကြရပါတယ်ဘုရား"

အရှင်ပဏ္ဍိတာဘိဝံသ မေးမြန်းခဲ့တဲ့ မေးခွန်းအချို့နှင့် သပြေကန် ဆရာတော်၏ဖြေရှင်းချက်များကို ဆက်လက်ဖော်ပြပါမည်–

http://www.dhammadownload.com



## သက်သတ်လွတ်စားခြင်းသာ မြတ်သလော

မြင်ခြင်း,ကြားခြင်း,ယုံမှားခြင်း– အစွန်းသုံးပါးမှလွတ်ကင်းသော သားငါး များကို ရဟန်းတို့အား သုံးဆောင်ခွင့်ကို ဘုရားရှင်ခွင့်ပြုတော်မူခဲ့၏။ ရဟန်း တော်များအား အသက်ထက်ဆုံး သားငါးမစားဖို့ တားမြစ်ရန် အရှင်ဒေဝဒတ် လျှောက်ထားခြင်းကို ဘုရားရှင်ခွင့်မပြုခဲ့ချေ။

ထိုထိုပါဠိအရ ဘုရားရှင်ကိုယ်တော်တို့၏ သားငါးဘုဉ်းပေးတော်မူသည် ကို သိရပါ၏၊ **အာမဂန္ဓသုတ်** အရဆိုလျှင် "ထမင်းဟင်း သားငါးတို့ကို အာမ ဂန္ဓ = အညှီအဟောက်"ဟု ဆိုသော အာမဂန္ဓရသေ့ကို "သားငါးက အာမဂန္ဓ မဟုတ်ကြောင်း၊ ပါဏာတိပါတ စသည်, ကာမဂုဏ်မှိဝဲမှုဆိုသည့် ရသာရုံ၌ တွယ်တာမှုစသည်...ဤတရားများသာ အညှီအဟောက်–အာမဂန္ဓဖြစ်ကြောင်း မိန့်တော်မူခဲ့၏။

ဤသုတ္တန်အရ သားငါး စသည်က ရသေ့ရဟန်းတို့အား အန္တရာယ်ပြု သည်မဟုတ်၊ တကယ်အန္တရာယ်ပြုသည်က ရသတဏှာ စသည်တို့တည်း။ ထို အန္တရာယ်ပြုတတ်သော လောဘတဏှာစသည်မှာ သားငါးတို့ကိုသာ စွဲ၍ဖြစ် သည်မဟုတ်၊ သူတို့က နိရာမဂန္ဓဟု ဆိုလျက် သုံးဆောင်နေသော သစ်သီး သစ်ဥ သစ်ဖု စသည်တို့ကိုလည်း အစွဲပြုဖြစ်သည်သာ။ ပေါရိသာဒ လူသားစွဲ သလို သုဇာတသူကြွယ်၏ သားကလေးသည်လည်း ရသေ့တို့ပေးသော သပြေ သီးကို စားရပြီး ရသေ့တို့ပြန်သွား၍ ထပ်မံမရသည့်အခါ သေသွားရသည်အထိ မက်မောစွဲလမ်းခဲ့၏။ (ဇာတက၊ ၄၊၅၊၅၃၁)

ဤသို့ဆိုလျှင် တဏှာသည် သားငါးစသည်ကို စွဲ၍ လွန်ကဲစွာဖြစ်သည် မဟုတ်၊ သစ်သီး, သစ်ရွက်, သစ်ဥ စသော သက်သတ်လွတ်ပစ္စည်းတို့ကို အစွဲ ပြု၍လည်း လွန်ကဲစွာ ဖြစ်သည်သာ။

ထို့ကြောင့် တကယ်ရှောင်ရမှာက သားငါးလော၊ သစ်သီးသစ်ရွက်စသည် လော၊ ရသတဏှာ စသည်လော၊ ဤအချက်ကို လေးနက်စွာ စဉ်းစားသင့်၏။

ဗုဒ္ဓဝါဒသည် သားငါးရှောင်ကြဉ်ဖို့မဟုတ်၊ ဆန္ဒရာဂ (လိုချင်တပ်မက်မှု) ကို ရှောင်ဖို့ ဖျက်ဖို့သာဖြစ်၏၊ သားငါးဟင်းကို ရှောင်ဖို့မဟုတ်၊ တိကောဋိ ပရိသုဒ္ဓဖြစ်လျှင် အနဝဇ္ဇဖြစ်သည် (အစွန်းသုံးပါး ကင်းလွတ်လျှင် အပြစ်ကင်း သည်) ဟူသော ဘုရားအလိုတော်အရ လည်းကောင်း၊ ရှုမှတ်ပွားများခြင်းဖြင့် ဆန္ဒရာဂဖျက်ဖို့လိုလားသော ဘုရားအလိုတော်အရလည်းကောင်း၊ စားသင့် သော အာဟာရသာ ဖြစ်ပါတော့သည်။

ဤတွင် ဗုဒ္ဓဝါဒကို အတန်ငယ်ပြဆိုသင့်ပါ၏၊ တိုင်းတစ်ပါးသွားမည့်

http://www.dhammadownload.com



ရဟန်းတို့ကို နည်းပေးတော်မူသောအရှင်သာရိပုတြာက ပစ္စာဘူမက သွားမည့် ရဟန်းတော်တို့အား တိုင်းတစ်ပါးရောက်သောအခါ မင်း, ပုဏ္ဏား, သူကြွယ်, ရဟန်းပညာရှိတို့က "ကိံ ဝါဒီ ပနာယသ္မန္တာနံ သတ္ထာ ကိမက္ခာယီ = အရှင်ဘုရားတို့၏ဆရာဘုရားသည် ဘယ်သို့သောဝါဒ ရှိပါသနည်း"ဟု မေးလျှင် "ဆန္ဒရာဂ ဝိနယက္ခာယီခေါ နော အာဝုသော သတ္ထာ= ငါ့ရှင်တို့ စင်စစ် ငါတို့ဆရာဘုရားရှင်သည် ဆန္ဒရာဂပယ်ရှားခြင်းကို ဟောတော်မူသည်"ဟု ဖြေဖို့ နည်းပေးတော်မူ၏။ (သံ-၂၊၆)

တစ်ခါ ဆန္ဒရာဂ ပယ်ရမည်ဆိုလျှင် "ဘယ်မှာဖြစ်သည့် ဆန္ဒရာဂကို ပယ်ရမည်နည်း"ဟု မေးလိမ့်မည်၊ ထိုအခါ "ရုပ်၌ဖြစ်သော ဆန္ဒရာဂ, ဝေဒနာ၌ သညာ၌ သင်္ခါရ၌ ဝိညာဉ်၌ဖြစ်သော ဆန္ဒရာဂကို ပယ်ဖို့ရာ ဟောတော်မူသည်" ဟု ဖြေဖို့နည်းပေးခဲ့ပြန်သည်။

ရုပ်၌ဖြစ်သော ဆန္ဒရာဂကို ပယ်ရမည်ဆိုတော့ ကဗဠီကာရ အာဟာရရုပ်၌ ဖြစ်သော ဆန္ဒရာဂကိုလည်း ပယ်ရမည်သာ။

"ကဗဠီကာရေ ဘိက္ခဝေ အာဟာရေ ပရိညာတေ ပဉ္စကာမဂုဏိကော ရာဂေါ ပရိညာတော ဟောတိ= ကဗဠီကာရ အာဟာရကို ပိုင်းခြားသိအပ်သည်ရှိသော် ကာမဂုဏ်ငါးပါး၌ဖြစ်သော ဆန္ဒရာဂကို ပိုင်းခြားသိအပ်တော့သည်" (သံ-၁၊၃၂၃) အရ သားငါးအာဟာရ ကဗဠီကာရ၌လည်း ပရိညာသုံးပါးရနိုင်သည်သာ။

သစ်သီး သစ်ရွက် သစ်ဥ စသည့် ကဗဠီကာရ အာဟာရသြဇာ၌လည်း ပရိညာသုံးပါးရနိုင်သည်သာ။ သို့ဖြစ်လျှင် ရှုမှတ်ခြင်းဖြင့် သားငါး၌ ပရိညာတရားဖော်နိုင်မှ အစားစားတတ်သူဖြစ်၍ အမြတ်ရသလို သစ်သီးစသော အာဟာရ၌လည်း ထိုသို့ပင် ရှုမှတ်ပွားများ ပရိညာတရားပေါ်အောင် ပြုလုပ်တတ်က စားတတ်သူ အမြတ်ရသူဖြစ်၍ ပရိညာမတင် အဆင်ခြင်မရှိ စားရုံမျှ်သက်သတ်လွတ်သမား၌ကား ဘယ်ဂုဏ်မျှမထင် ဘယ်အမြင်မျှမတက် သက်သက်စားရရုံမျှ စားရသူတစ်ယောက်ပါပေတည်း။

[ပရိညာသုံးပါး (မူလပဏ္ဏာသ၊ ဋ္ဌ၊ ပအုပ်၊ ၃၀)

(၁) ဉာတပရိညာ = ပရမတ္ထရုပ်, နာမ် ဓမ္မတို့၏ သဘောတရားကို ပိုင်းခြား၍သိခြင်း၊

(၂) တီရဏပရိညာ = ထိုရုပ်နာမ်သင်္ခါရတရားစုကို အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာရေးသုံးပါးဖြင့် ပိုင်းခြားသိခြင်း၊

http://www.dhammadownload.com



(၃) ပဟာနပရိညာ = ကိလေပယ်သတ်၊ မဂ်လေးရပ်ဖြင့်၊ နိဗ္ဗာန်ဓာတ်ကို တတ်တတ်ထင်ထင် သိမြင်ခြင်း။]

## မိဘနှစ်ပါးအား တရားထူးရစေသောတရားသည် အဘယ့်ကြောင့် သမီးမာဂဏ္ဍီကို ဒေါပွစေသနည်း

တကယ်တော့ သမီးမာဂဏ္ဍီအဖို့က တရားကိုခံယူနိုင်သော ဓာတ်ခံအဈွာသယ မရှိ၊ သူ့အဖို့မှာ ကြမ်းသည်ဖြစ်စေ နုသည်ဖြစ်စေ သူ့ကို မလိုချင် ခြေတော်ပင် မတင်ချင်သည့် ဘုရားရှင်ကို ကျေနပ်မည်မဟုတ်၊ မိဘနှစ်ပါး တရားရဖို့အတွက်ဟောရာမှာ မာဂဏ္ဍီကိုငဲ့ဖို့မလို၊ ဒေသနာဝိလာသ ပုဂ္ဂလဈ္ဈာသယ အရာ ကျွမ်းကျင်နိုင်နင်းလှသော ဗုဒ္ဓအရှင်၏ထိုဒေသနာမှာ လိုသည်လွန်သည် မရှိ၊ အပြည့်အစုံဟောတော်မူခြင်းသာဖြစ်ရာ မာဂဏ္ဍီကိုမငဲ့လားဟု ဆိုဖို့ မရှိပါပေ။ ဤနေရာမှာ သမီးနှင့်မိဘ အဈွာသယချင်း မည်မျှကွာလှသည်ကို တရား ရ,မရက သက်သေပြနေပါသည်။

တကယ်သမီးမာဂဏ္ဍီအဈွာသယမျိုးဖြစ်လျှင် မိခင်ကြီး မာဂဏ္ဍီမှာ ပိုမခံချင်ဖြစ်ဖို့ရှိပါ၏။ 'ငါ့သမီးကို ခြေထောက်နဲ့တောင် မတို့ချင်ဆိုရကောင်းလား' ဟု ဒေါပွမည်သာဖြစ်ပါ၏။ အမိဆိုသည်မှာ အဖထက် ပိုမခံချင်၊ သို့သော် ဘုရားခြေရာတော်မြင်ရကတည်းက စိတ်က နူးညံ့နေ၊ ကိုယ်တော်တိုင်ကိုမြင်ရတော့ ကြည်ညိုခြင်းဖြင့် သာ၍နူးညံ့နေ၏။

ပုဏ္ဏားကြီးမာဂဏ္ဍီလည်း ထိုနည်း၊ စိတ်ကကြည်ညိုခြင်းဖြင့် အလွန်နူးညံ့ကောင်းမွန်နေသော မာဂဏ္ဍီတို့ဇနီးမောင်နှံမှာ တရားကိုခံယူနိုင်ကြ၏။ နဂိုက ဓာတ်ခံညံ့, ဘုရားကို မကြည်ညိုနိုင်စိတ်က တင်းမာနေသည့် မာဂဏ္ဍီသမီးအဖို့ကတော့ တရားခံနိုင်အောင် အဘယ်မှာစိတ်ဓာတ်ခံပျော့ပျောင်းနိုင်ပါအံ့နည်း။

သို့ဖြစ်၍ ဤတရားအတူကြားကြရသော သုံးယောက်တို့တွင် နှစ်ယောက်က တရားရ၊ တစ်ယောက်က ဒေါပွ၊ ဒေါပွရသည်မှာ သည်တရားကြောင့် ဆိုရမည်ထက် တရားကိုခံယူနိုင်သောဓာတ်ခံ မရှိသည်က ပဓာနသာ။

ထို့ကြောင့်ပင် မိဘအတွက်လည်းကောင်း သမီးအတွက်လည်းကောင်း မခံချင်ဖွယ်ဟု လောကက မြင်ရသောတရားတစ်ပုဒ်မှာ မိဘအတွက် အနာဂါမ်ဖြစ်ဖို့ဖြစ်၍ သမီးအတွက် အကုသလအာဃာတ ဖြစ်သွားရသည်မှာ သားအမိသားအဖသုံးယောက်တို့၏ ဘယ်သူမပြု မိမိမှုသာဟု ဆိုရပါလိမ့်မည်တကား။

http://www.dhammadownload.com



## နန္ဒောပနန္ဒ နဂါးမင်းကို နာကျင်အောင် ဆုံးမရာ၌ အရှင်မဟာမောဂ္ဂလာန်တွင် အပြစ် ရှိ မရှိ

နန္ဒောပနန္ဒနဂါးမင်းကို အရှင်မောဂ္ဂလာန်ဆုံးမရာ နှိမ်နင်းရာ၌ ၎င်းကို နာကျင်အောင်ပြုသည့်အတွက် အပြစ်မရှိဟုဆိုနိုင်ပါအံ့လောဟု အချို့က စောဒနာလိုကြ၏။

ရဟန္တာအရှင်များ၌ ဒေါသဝိဟိံသာ စသော အကုသိုလ်တရားများကို အလျှဉ်းပယ်သတ်ထားပြီးဖြစ်ရာ နန္ဒောပနန္ဒနဂါးမင်းကို အရှင်မောဂ္ဂလာန် မထေရ်မြတ် နှိမ်နင်းဆုံးမရာ၌ စိတ်ဆိုးသော ဒေါသစိတ်, ညှဉ်းဆဲလိုသောစိတ် ထား သဘောထားမျိုးဖြင့် ပြုခြင်းကား မဟုတ်ပါပေ။ အကျိုးမဲ့ပြုနေသောသတ္တဝါ တစ်ဦးအပေါ်၌ သနားငဲ့ညှာ မေတ္တာ, ကရုဏာတရားဖြင့် ဒုက္ခရောက်မည့် အရေးမှ အကာအကွယ်ပေးခြင်းသာ ဖြစ်ပါသည်။ အမူက ကြမ်းသော်လည်း စိတ်ထားက နူးညံ့လျက်ရှိရာ အပြစ်ရှိသည်ဟု မဆိုနိုင်ပါပေ။

ဤနေရာ၌ **အဘယရာဇကုမာရသုတ်** ဖြင့်လည်း ရှင်းလင်းနိုင်ပါသည်။ တစ်ခါက အဘယမင်းသားအား နိဂဏ္ဌနာဋပုတ္တက ဘုရားရှင်အား ဝါဒတင်ရန် သင်ပေးခဲ့၏၊ "မြတ်စွာဘုရား သူတစ်ပါးမနှစ်သက်သော စကားမျိုး ပြောပါသလား"ဟု မေးပါ၊ ပြောတယ်လို့ဖြေလျှင် "သို့ဖြစ်လျှင် ဘုရားရှင်နဲ့ပုထုဇဉ် ဘာထူးသလဲ"ဟု ဆိုပါ။ သူတစ်ပါးမနှစ်သက်သောစကား မပြောဘူးဟု ဘုရားရှင်ဖြေလျှင် "မြတ်စွာဘုရားသည် ဒေဝဒတ်ကို အပါယ်သွားမည့်သူ, ငရဲလားမည့်သူ, ငရဲမှာ တစ်ကမ္ဘာလုံးတည်မည့်သူ, ကုစားမရကောင်းသူ"ဟု ပြောခဲ့သည်မဟုတ်လားဟု မေးပါ။ ဤသို့အစွန်းနှစ်ဖက်ထွက်သော အမေးမျိုး မေးဖို့ရာ သင်ပေးခဲ့၏။

အဘယမင်းသားသည် ဘုရားရှင်ကို ဆွမ်းဘုဉ်းပေးပင့်လျက် နံနက် အိမ်ကြွ, ဆွမ်းဘုဉ်းပေးပြီးသောအခါ သင်ပေးခဲ့သည့်အတိုင်း မေးလျှောက်၏။ ဘုရားရှင်က မပြောဘူး, ပြောတယ် – တစ်ခုခုပြောရမည်ဟု ထောင်ဖမ်းပုံကို သိတော်မူသည့်အတိုင်း "ဤအချက်မှာ တစ်ထစ်ချ ပုံသေပြောမရဘူးမင်းသား" ဟု ဖြေကြားလိုက်၏။

အဘယမင်းသားက "ဤအရာမှာတော့ နိဂဏ္ဌတွေ ပျက်စီးကုန်ပါပြီ ဘုရား"ဟု လျှောက်ထား၏။ ဘုရားရှင်က အကြောင်းကိုမေးသောအခါ နိဂဏ္ဌ နာဋပုတ္တက မိမိအား ဘုရားရှင်ကို ဝါဒတင်ဖို့သင်ပေးလိုက်ကြောင်း၊ ယခု ဘုရားရှင်က ရှောင်လွှဲဖြေလိုက်၍ သူတို့အလို, အယူအဆတွေ ပျက်ရတော့ ကြောင်း လျှောက်ထား၏။

http://www.dhammadownload.com



ထိုအခါ မင်းသား၏ရင်ခွင်တွင် သားတော်ကလေးရှိနေရာ ထိုကလေးကို ပုံစံထား၍ ဘုရားရှင်မိန့်တော်မူ၏ –

"သင်၏သားတော်ကလေးမှာ ကလေးထိန်းက မေ့လျော့တုန်း သစ်သားစ, အိုးခြမ်းကွဲ တစ်ခုခုမျိုချမိ၍ လည်ချောင်းထဲ တစ်ဆို့နေလျှင် သင်ဘာလုပ်မလဲ"

"တပည့်တော် မရအရ လက်ချိတ်ပြီး ဆွဲထုတ်မှာပါ၊ အကယ်၍ မရလျှင် သံဆူးခွပြင့် ကော်ထုတ်တန် ကော်ထုတ်ရပါမယ်၊ အဘယ့်ကြောင့်ဆိုသော် တပည့်တော် သားအပေါ်မှာ သနားချစ်ခင်ခြင်းရှိသောကြောင့် ဖြစ်ပါတယ်"

"ထို့အတူပဲ မင်းသား၊ သူတစ်ပါးမနှစ်သက်သော်လဲ မှန်ကန်အကျိုးရှိသောစကားမျိုးကို ငါဘုရား အခါအားလျော်စွာ မိန့်တော်မူရတယ်၊အကြောင်းမှာ သတ္တဝါတို့၌ ငါဘုရားသနားကရုဏာရှိလို့ပါပဲ" (မ၊၂၊၅၄)

အရှင်မောဂ္ဂလာန်သည် ဘုရားရှင်၏ ဤသနားခြင်းမျိုးဖြင့် နှိမ်နင်းဆောင်ရွက်ရခြင်းဖြစ်ရာ သား၏လည်ချောင်းတွင်းမှ သစ်သားစ, အိုးခြမ်းကွဲကို ဆွဲထုတ်သော မိဘမေတ္တာ, ကရုဏာမျိုးကို မြင်တတ်လျှင် ကြည့်တတ်လျှင် ထို အရှင်မောဂ္ဂလာန်၏နှိမ်နင်းခြင်းကို အပြစ်ဟုမရှုနိုင်တော့ပါပြီ။

## သီဟသေနာပတိတွင် ပါဏာတိပါတကံ ကင်းအံ့လော

"သီဟသေနာပတိသည် သောတာပန်ဖြစ်ခဲ့၏၊ သောတာပန်ဖြစ်ပြီးနောက်လည်း ဗိုလ်ချုပ်ကြီးတာဝန်ကို ထမ်းလျက်ပင်။ သို့ဖြစ်လျှင် သူ့အဖို့ ပါဏာတိပါတ ကင်းနိုင်ပါအံ့လော။"

ဤအချက်ကို ဖြေရှင်းရပါမည်။ သီဟသေနာပတိသည် သောတာပန်ပင်၊ ထို့ကြောင့် ပါဏာတိပါတကို မဖြစ်စေပါ။ ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းချက်ကပ်ဖို့ရာ ဟင်းလျာဝယ်ခိုင်းသောအခါ "ဂစ္ဆ ဘဏေ ပဝတ္တမံသံ ဇာနာဟိ = အချင်းယောကျာ်း…အလိုအလျောက်ပေါ်သောအသားကို ရှာချေလော့"ဟု အပြစ်ကင်းအောင် မှာခဲ့၏။

များစွာသော နိဂဏ္ဌတို့က ဝေသာလီပြည် လမ်းတကာလျှောက်၊ လက်မောင်းတို့ကို မြှောက်၍ "သီဟသေနာပတိသည် ယနေ့ဝဖြိုးသောနွားကို သတ်၍ ရဟန်းဂေါတမအား ဆွမ်းကပ်၏၊ မိမိကိုရည်မှန်း, မိမိကို အကြောင်းပြု၍ ဖြစ်လာသောထိုအသားကို ရဟန်းဂေါတမ သိလျက်စား၏"ဟု ကြွေးကြော်ကြ၏။

ယောကျာ်းတစ်ယောက်က ထိုအကြောင်းကို စစ်သူကြီးအား ပြောသောအခါ "သူတို့ဟာ ကာလကြာမြင့်စွာကပင် ဘုရား, တရား, သံဃာ၏ကျေးဇူး

http://www.dhammadownload.com



မဲ့ပြောနေကျပဲကွာ၊ တို့ဟာ အသက်ဟူသောအကြောင်းကြောင့်ပင် သူ့အသက်သတ်တော့မှာ မဟုတ်ဘူး”ဟု ပြန်ပြောခဲ့၏။

ဤ၌ စစ်ဗိုလ်ချုပ်ကြီး ဖြစ်လျက် သူ့အသက်မသတ် ဟူသောစကားကိုလက်ခံဖို့ ခက်သလိုဖြစ်ပါလိမ့်မည်၊ သို့သော် သူကား စစ်သားသာမန်မဟုတ်၊ ဗိုလ်ချုပ်ဖြစ်၏၊ ထို့ကြောင့်သူ့အဖို့ စစ်မတိုက်ဘဲ စီမံရုံစီမံနိုင်သူဖြစ်၏၊ အပြစ်ကင်းသော တိုက်တွန်းမှု စီမံမှုစသည်ဖြင့် အပြစ်ကင်းအောင် ဆောင်ရွက်နိုင်ပါသည်။ (ဝိ၊၃၊၃၃၄)

ဤနေရာ၌ **ဗိမ္ဗိသာရမင်းကြီး** ဆောင်ရွက်ပုံကို သတိပြုသင့်၏၊ တစ်ခါက တိုင်းစွန်ပြည်နား ပစ္စန္တရာစ်မှာ သူပုန်တွေထ၍ လာရောက်လျှောက်ထားသံတော်ဦးတင်ကြ၏။ ထိုအခါ မင်းကြီးက

“ဂစ္ဆထ ဘဏေ ပစ္စန္တံ ဥစ္စိနထ (ဝိ၊၃၊၁၀၃) = အချင်းတို့ သွားကြ၊ ပစ္စန္တရာစ်ကို ကြီးပွားသာယာအောင်ပြုကြ”ဟု ခိုင်း၏။

“သာယာကြီးပွားအောင်” ဆိုသည်မှာ “သူပုန်တွေထွက်ခွာသွားကြပြီး ရပ်သူရွာသားတွေ ပြန်လာအောင် လုပ်ကြ”ဟု ဆိုလိုကြောင်း အဋ္ဌကထာက ဖွင့်ခဲ့၏၊ သောတာပန်ဖြစ်သောကြောင့် သတ်ကြ တိုက်ကြဟု မခိုင်းဘဲ ယခုလို တိုက်တွန်းခြင်း ဖြစ်ကြောင်းလည်း ဖွင့်ခဲ့ပါသည်။

သီဟသေနာပတိ, ဗိမ္ဗိသာရ ရာဇာတို့ ပါဏာတိပါတကံ မထိုက်ပုံကို ပိုရှင်းလင်းစေဖို့ **ဓမ္မပဒ – ပါပဝဂ္ဂ – ကုက္ကုဋမိတ္တနေသာဒ ဝတ္ထု** က အချက်အလက်ကို အတန်ငယ်မျှ ပြပါဦးမည်။

ရာဇဂြိုဟ်ပြည်က သူဌေးသမီးတစ်ယောက် မုဆိုးကြီးနောက် လိုက်ကာ အတူတကွ ပေါင်းသင်းနေထိုင်ခဲ့၏။ ထိုအမျိုးသမီးမှာ ငယ်ရွယ်စဉ်ကပင် သောတာပတ္တိဖိုလ်ဆိုက်ပြီးဖြစ်၏။ မုဆိုးကြီးနှင့်ပေါင်းသင်းနေထိုင်စဉ် မုဆိုးကြီး တောလည်သွားမည့်အခါ “လေးမြား လှံတံကျင် ပိုက်ကွန်ယူခဲ့”ဆိုလျှင် ယူပေးရ၏၊ ဤအချက်ကို အစွဲပြု၍ “သောတာပန်များ ပါဏာတိပါတ ပြုသေးသလော”ဟု ရဟန်းများက ပြောဆိုကြ၏။

ဘုရားရှင်က “သောတာပန်များ ပါဏာတိပါတ ပြုကြသည် မဟုတ်၊ တကယ်တော့ ထိုအမျိုးသမီးသည် လင်ယောက်ျား၏ စကားကို လိုက်နာမည်ဟု ထိုသို့လက်နက်တွေယူပေးခြင်းဖြစ်သည်၊ ဤလက်နက်တွေ ယူသွားပြီး အသက်သတ်မှုပြုစေလိုသောစိတ်ထား သူ့မှာမရှိချေ။ လက်ဝါးပြင်မှာ အနာမရှိလျှင် အဆိပ်ကိုကိုင်သော်လည်း ထိုအဆိပ်က အစဉ်မလိုက်, မလောင်မြိုက်နိုင်။ ထို့အတူ အကုသိုလ်စေတနာ မရှိခြင်းကြောင့် မကောင်းမှုမပြုသော ပုဂ္ဂိုလ်အား

http://www.dhammadownload.com



လေးစသည်ထုတ်ပေးသော်လည်း မကောင်းမှုမည်သည် မဖြစ်”ဟု မိန့်တော်မူခဲ့၏။

ဤအမိန့်တော်အရ သောတာပန်တို့အား “ကိုယ်တိုင်တိုက်တွန်း, ချီးမွမ်းစိတ်တူ”ဆိုသော ပါဏာတိပါတဖြစ်ကြောင်း အမှုများမဖြစ်, မပြု၊ တာဝန်အရ ဝတ္တရားအရ ပြုလုပ်ဆောင်ရွက်ရာ၌ ထိုအမှု ထိုစိတ်ထားများ ကင်းလျက်ရှိကြောင်း ပြ၏။ ဤသို့ဖြစ်ရသည်မှာလည်း မဂ်၏အစွမ်းအရဟုလည်း ဆိုနိုင်ပါ၏။

## မိဂါရသူဌေးက ဝိသာခါနို့ကို စို့ မစို့

ကန့်လန့်ကာအတွင်းမှနေ၍ တရားနာနေသော မိဂါရသူဌေးသည် သောတာပန်အဖြစ် ရောက်သွားသောအခါ ကန့်လန့်ကာမ,လျက် ထွက်လာကာ ချွေးမဝိသာခါ၏သားမြတ်ကို ပါးစပ်ဖြင့် စုပ်ငုံ၍ “သမီးဟာ ယနေ့ကစပြီး ငါ၏အမေပဲ”ဟု ဝိသာခါကို အမိအရာ၌ထားကြောင်း ဓမ္မပဒဋ္ဌကထာ၌ လာရှိရာ ထိုစကား၌ “သုဏှာယ ထနံ မုခေန ဂဟေတွာ”ဟု လာရှိသော ပါဠိကို အစွဲပြု၍ အငြင်းပွားခဲ့ကြ၏။

အချို့က “ဘုရားရှေ့မှာ ဤသို့ပြုဖို့ မလျော်၊ သားကလဲ ခံချင်မည်မဟုတ်”ဟု ယူဆလျက် ဤစကားကို နီတတ္ထစကားအဖြစ် မယူလိုကြ၊ ထို့ကြောင့် “နို့”ဆိုသည်မှာ ပကတိနို့မဟုတ်၊ ပညာနို့ကိုဆိုလိုကြောင်း နေယျတ္ထစကားအဖြစ် ယူလိုကြ၏။

ထိုသို့ နေယျတ္ထမဟုတ်ကြောင်းကို ပါဠိအသွားက ပေါ်လွင်စွာပြလျက်ရှိ၏။ ပညာနို့ဟုဆိုရလောက်အောင် ပါဠိအသွားက ညွှန်ပြသည်ဟုဆိုဖို့လည်း မလွယ်လှ၊ ပညာနို့ဖြစ်လျှင် ပညာနို့ဟု အဋ္ဌကထာက တိုက်ရိုက်ပြမည်သာ။

နောက်စကားတစ်ရပ်မှာ “မဟာသေဋ္ဌိ သုဏှာယ ထနံ ဝိသဇ္ဇေတွာ” စသော ပါဠိပင်ဖြစ်၏။ နို့ကို ခံတွင်းဖြင့် စုပ်စို့သည်ဖြစ်သောကြောင့်ပင် ‘ချွေးမ၏ နို့ကိုလွှတ်၍’ဟူသော နောက်စကားကို ဆိုခြင်းဖြစ်ဖို့ရှိပါ၏။ နို့ကို ပညာဟုယူလျှင် “သုဏှာယ ထနံ ဝိသဇ္ဇေတွာ”ဟူသော ဤစကားကို ဘယ်သို့ယူပါမည်နည်း၊ သင့်လျော်စပ်ဟပ်အောင်ယူဖို့ လွယ်လှမည်မထင်ပါ။

သို့ဖြစ်လျှင် ဆိုခဲ့ပြီးစကားတွေကို ဘယ်သို့ဆိုမည်နည်း၊ ဤနေရာ၌ ဆက်လက်စဉ်းစားဖွယ်အချက်များ ရှိပါ၏၊ ဓမ္မပဒဋ္ဌကထာ၌ အချို့အဆိုများသည် ထိုထိုအရှင်မဟာဗုဒ္ဓဃောသရေး အဋ္ဌကထာအချို့အဆိုများနှင့် ကွဲပြားခြားနားလျက်ရှိရာ အချို့က ထိုဓမ္မပဒအဋ္ဌကထာမှာ အရှင်မဟာဗုဒ္ဓဃောသ မထေရ်ရေး မဟုတ်ဟု ဆိုကြ၏။ ထိုစကားအတိုင်းဆိုလျှင် ဆိုခဲ့ပြီး ဓမ္မပဒ

http://www.dhammadownload.com



အဋ္ဌကထာအဆိုမှာ အရှင်မဟာဗုဒ္ဓဃောသအဆိုမဟုတ်ဟု ဆိုရန်ရှိ၏၊ သို့သော် ဓမ္မပဒ ဋ္ဌကထာ အရှင်မဟာဗုဒ္ဓဃောသ မထေရ်ရေးမဟုတ်ဆိုသော စကားကို အများက လက်မခံကြ။

အရှင်ဗုဒ္ဓဃောသမထေရ်ရေး အချို့အဋ္ဌကထာများ၌ပင် အဋ္ဌကထာတစ်ခုနှင့်တစ်ခု အဆိုမတူ၊ ကွဲပြားသောအရာ၌ ထိုအချက်ကို ဆရာ့အလို မဟုတ်ကြောင်း၊ ထိုထိုဘာဏကတို့၏အဆိုဖြစ်ကြောင်း ဆုံးဖြတ်ကြ၏။ ဤ၌လည်း ဆရာ့အဆိုမဟုတ်၊ ဓမ္မပဒဘာဏကတို့အဆိုဖြစ်သည်ဟု ဆိုရပါမည်၊ ထိုသို့ ဆိုရသည်မှာလည်း ဤဓမ္မပဒအဋ္ဌကထာနှင့်မတူ ကွဲပြားသောအဆိုတစ်မျိုးကို အင်္ဂုတ္တရဋ္ဌကထာ၌ တွေ့ရသောကြောင့်တည်း။

ထိုအဋ္ဌကထာ၌ "ဒေသနာပရိယောသာနေ သေဋ္ဌိသောတာပတ္တိဖလေ ပတိဋ္ဌာယသာဏိ ဉက္ခိပိတွာ သတ္ထုပါဒေ ပဥ္စပတိဋ္ဌိတေန ဝန္ဒိတွာ သတ္ထုသန္တိကေ ယေဝစ 'တွံအမ္မ အဇ္ဇ အာဒိ'ကတွာ မမမာတာ' တိ ဝိသာခံ မာတုဋ္ဌာနေ ဌပေသိ" (အံ၊ ဋ္ဌ၊ ၁၊ ၃၂၀) ဟု ဆို၏။

ဤအဋ္ဌကထာ၌ကား ကန့်လန့်ကာ မ,ထွက်လာကာ ဝိသာခါနို့စို့ကြောင်း မလာ။ ကန့်လန့်ကာ မ,ထွက်လာကာ ဘုရားခြေတော်တို့ကို ရှိခိုး၍ ဘုရားရှေ့ ဘုရားအထံ၌ပင် "ချစ်သမီး...သင်သည် ယနေ့မှစ၍ ငါ့အမေပဲ" ဟု ဝိသာခါကို အမိအရာထားကြောင်းသာ လာ၏။

ဤအဋ္ဌကထာစကားသည်သာ အငြင်းပွားစရာအတွက်မပါ စောဒနာဖွယ် အဆိုမတွေ့ရသောကြောင့် ရှေးအဋ္ဌကထာဆရာတို့၏အဆိုဖြစ်လိမ့်မည်လော ဟု တွေးတောယူဆမိပါသတည်း။

## သေဆုံးချိန်၌ ရုပ်နာမ်တို့ဖြစ်ပျက်ပုံ

"လူ့ဘဝ၏နိဂုံးပိုင်း နောက်ဆုံးအချိန် ဝိညာဉ်ချုပ်စဉ် ထွက်သက်နှင့် သေသလား၊ ဝင်သက်နှင့် သေသလား"ဟူ၍ ကြံကြံဖန်ဖန် တောင်ကြီးမြို့မှ ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်) လှမ်းမေးလျှောက်လိုက်သည်ကို ဆရာတော်က စာဖြင့်ဖြေကြားတော်မူ၏။ သေဆုံးချိန်၌ ရုပ်နာမ်ဖြစ်ပျက်ပုံများကို ရှင်းပြထားသဖြင့် စိတ်ဝင်စားဖွယ်ကောင်းလှ၏၊ ဆရာတော်၏ ဖြေကြားချက်မှာ–

"ဝိညာဉ်ချုပ်ခြင်းဆိုသည်မှာ စုတိစိတ်ကျခြင်းဖြစ်၏။ ဘဝ၏အဆုံးစွန်စိတ်ကို 'စုတိ'ဆို၏။ ထိုစုတိနောက် ဝိညာဉ်မဖြစ်တော့ပေ။ ဝိညာဉ်သာမဟုတ်၊ ဆိုင်ရာရုပ်တွေကို စောင့်ရှောက်နေကြသော ဇီဝိတရုပ်တရားနှင့် ဇီဝိတ နာမ်

http://www.dhammadownload.com



တရားတို့ရှိကြ၏။ ထိုရုပ်သက် နာမ်သက် ဇီဝိတများသည်လည်း စုတိကျခိုက်မှာ နောက်ဆုံးဖြစ်ခြင်းသာတည်း။ ခန္ဓာကိုယ်ကို မပုပ်မသိုးရလေအောင် စောင့်ရှောက်နေသော ဥသ္မာခေါ် ကိုယ်ငွေ့ဓာတ်သည်ရှိ၏။ ထိုကိုယ်ငွေ့သည်လည်း စုတိစိတ်ကျခိုက်မှာ ချုပ်တော့သည်သာဖြစ်၏။

"ထို့ကြောင့် အသက်ဇီဝိတဆိုသော စေတသိက်နှင့် ရုပ်ရယ် (နာမ်ဇီဝိတနှင့် ရုပ်ဇီဝိတ ဆိုလို)၊ ဝိညာဉ်ဆိုသော စိတ်ရယ်၊ ဥသ္မာဆိုသော ကမ္မဇတေဇောငွေ့ရယ်၊ ဤတရားသုံးပါးတို့သည် ခန္ဓာကိုယ်ကြီးကို စွန့်သွားကြလျှင် သေသည်ဟု ဆိုရခြင်းပါ။

"ပဋိသန္ဓေတည်စက စ၍ ပဋိသန္ဓေစိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် ရုပ်ကလာပ်တွေလည်း ဖြစ်လာကြပြီ။ ပဋိသန္ဓေစိတ် စဖြစ်သည်နှင့် နောက်ထပ်ဆက်ကာဆက်ကာ ဖြစ်လာသောစိတ်တို့မှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်းကလေးမှာ ကုဋေတစ်သိန်းမက ဖြစ်လာကြတော့၏။ ထိုထိုစိတ်တို့ဖြစ်သည်နှင့်တစ်ပြိုင်နက် ကံကြောင့်ဖြစ်သော ကမ္မဇရုပ်တို့ကရော စိတ္တဇခေါ် စိတ်ကြောင့်ဖြစ်သော ရုပ်တွေကပါ လျှင်လျှင်မြန်မြန် ဖြစ်ပေါ်လျက်ချည်းရှိသည်။

"ထိုကမ္မဇရုပ်ဖြစ်တိုင်း စိတ္တဇရုပ်ဖြစ်တိုင်း ထိုရုပ်ကလာပ်တို့မှာပါသော တေဇောက ဥတုဇ– ဥတုကြောင့်ဖြစ်သော ရုပ်တွေအသီးသီးဖြစ်ကြစေရာ ဥတုဇရုပ်တွေကလည်း အဆက်မပြတ်ဖြစ်လျက်သာရှိခဲ့၏။ ထို့နောက် အတွင်းအာဟာရ အပြင်အာဟာရတို့ကြောင့်ဖြစ်သော အာဟာရဇရုပ်တွေကလည်း အဆက်မပြတ် ဖြစ်ခဲ့တော့၏။

"ထိုသို့ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်နှင့် အာဟာရဇရုပ်တို့ ဆက်တိုက်ဆင့်ကာ အဆက်မပြတ်ဖြစ်ခြင်းသည်ပင်လျှင် ဖြစ်ခြင်းသဘောဖြစ်တော့၏။

"ဘဝတစ်ခု၏နောက်ဆုံးစိတ်ကို စုတိဟုခေါ်၏။ စုတိချုပ်ငြိမ်းလျှင် ဝိညာဉ်ချုပ်သည်၊ သေသည်ဟုဆို၏။ ထို့ကြောင့် ဝိညာဉ်ချုပ်ချိန်သည် ထွက်သက်နှင့်သော်လည်းကောင်း၊ ဝင်သက်နှင့်သော်လည်းကောင်း တိုက်ဆိုင်ချင်ရာနှင့် တိုက်ဆိုင်နေပါလိမ့်မည်။ သေခြင်းသဘောသည် ထွက်သက်ဝင်သက်အပေါ်မှာ မမူမတည်။ စုတိချုပ်ငြိမ်းခြင်း၌သာ မူတည်သည်။

"အသက်ရှင်စဉ်က အဆက်မပြတ်ဖြစ်နေသော ရုပ်တွေထဲမှ ခန္ဓာကိုယ်အတွက် အရေးကြီးသော ကမ္မဇရုပ်တို့သည် စုတိစိတ်နှင့် အပြိုင်ချုပ်ကြ၏။ စိတ္တဇရုပ်တို့မှာကား စုတိစိတ်နှင့် အချို့အတူတူ၊ အချို့မှာအနည်းငယ် လွန်ကာ ချုပ်ခဲ့၏။ တရစပ်ဖြစ်နေသော စိတ္တဇရုပ်တို့သည် စုတိခါနီးတွင် အရှိန်ပျက်လာကြ၏။

http://www.dhammadownload.com



"စုတိအထက် စိတ် ၁၇ ချက်စာမျှသော စိတ်ကစ၍ ကမ္မဇရုပ်တို့ အသစ် မဖြစ်တော့။ စုတိရောက်နေသော ထွက်သက် ဝင်သက်တို့သည်လည်း အားမရှိလှ။ စုတိစိတ်နှင့်အပြိုင် ထွက်သက်ဝင်သက်တို့သည် ချုပ်ကြရကုန်၏။ ထွက်သက် ဆိုသော်လည်း ဘဝဆုံးရာအသက်နှင့်တော့မဆိုင်။ ထိုအသက်က ရုပ်ဇီဝိတ–နာမ်ဇီဝိတသာဖြစ်၏။ ထို့နောက် အာဟာရဇရုပ်တွေ ကင်းရုံမက ဝိညာဉ်ပါ ကင်းနေသော ကိုယ်ခန္ဓာကြီးမှာ ဥတုဇရုပ်တွေသာ ကျန်တော့၏။ ဤဥတုဇရုပ်အကျန်တွေသာ အလောင်းကောင်ကြီးဖြစ်နေတော့၏။ ခန္ဓာကိုယ်ကြီး မပုပ်သိုးရအောင် အငွေ့ပေးစောင့်ရှောက်ရသော ဥသ္မာဆိုသည့် တေဇောဓာတ်လည်း စုတိချုပ်စဥ်ကပင် တစ်ပြိုင်နက်ချုပ်ခဲ့ပြီးဖြစ်၍ ကျန်ရစ်သော အလောင်းကောင်ကြီးသည် တဖြည်းဖြည်းယိုယွင်းပုပ်ပွလာတော့၏။"

## ကလျာဏပုထုဇဉ်

ဒေါက်တာအောင်ကျော်က "ကလျာဏပုထုဇဉ်၏ လက္ခဏာများကား အဘယ်နည်း"ဟု မေးမြန်းချက်ကို ဆရာတော် ဤသို့ တိုတိုရှင်းရှင်းနှင့် လိုရင်းရောက်အောင် ဖြေကြားတော်မူ၏ –

"ဒါနပြုရုံ သီလဆောက်တည်ရုံမျှဖြင့် ကလျာဏပုထုဇဉ် မဆိုရသေး၊ ပညာဉာဏ် အသိရှိမှ ကလျာဏပုထုဇဉ်ဆိုရသည်။ ခန္ဓာ, အာယတနဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်စသောတရားတို့၌ သင်ယူခြင်း၊ အဖန်ဖန်မေးမြန်းခြင်း၊ ကြားနာခြင်း၊ မှတ်သားခြင်း၊ ဆင်ခြင်စဉ်းစားခြင်းရှိသော ပုထုဇဉ်ကို ကလျာဏပုထုဇဉ်ဆိုသည်။ ပညာအမြင်ရှိ၍ ကောင်းသောပုထုဇဉ်ဟု ဆိုလိုသည်။"

http://www.dhammadownload.com



# အခန်း (၈)
# သပြေကန်ဆရာတော်၏ဩဝါဒများ

## လူ့ဘဝမှာ ဘာအရေးကြီးဆုံးလဲ

"လူ့ဘဝမှာ ဘာအရေးကြီးဆုံးလဲ"ဟုမေးလာလျှင် ကောင်းသည့်ဓာတ်များ တိုးပွားအောင် ကြိုးစားမိဖို့ အရေးကြီး၏။ ထိုဓာတ်တို့ တိုးပွားလာသည်နှင့်အမျှ မိမိတို့၏သန္တာန်တွင် ကောင်းသောဓာတ်များအဖြစ်ဖြင့် ကိန်းအောင်းလိုက်ပါ၍ နောင်အကြောင်းညီညွတ်ပါက ကောင်းကျိုးချမ်းသာပေးပြီးလျှင် သာသနာတော်၌ နောက်ဆုံးအကောင်းဆုံးဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါလိမ့်မည်။

## အကောင်းဓာတ်ကူးရေး

ဓာတ်တို့သည် ကူးစက်တတ် နှီးနှောမိတတ်သောကြောင့် သားသမီးတပည့်တပန်းတို့ လူတော်လူကောင်းဖြစ်ရေး၌ မိဘဆရာတို့ သူတော်ကောင်းဖြစ်ဖို့၊ ပတ်ဝန်းကျင်အပေါင်းအသင်းတွေ လူလိမ္မာဖြစ်ဖို့ အရေးကြီးလှ၏။

မတတ်သာ၍ မိဘမိုက်, ဆရာမိုက်တို့နှင့် ဆုံနေရသည်ဖြစ်စေ ဓာတ်မကူးအောင် အထူးသတိထားသင့်၏။ အကောင်းဓာတ်သည် အကူးစက်နှေးတတ်သော်လည်း မကောင်းဓာတ်ဟူသည်မှာ အကူးအစက်မြန်တတ်သည်။

## စာတတ်သူနှင့် မတတ်သူ

စာပေကျမ်းဂန်များမှ မျက်မှောက်အကျိုး, တမလွန်အကျိုး အမျိုးမျိုးကိုသိရ၏။ စာပေတတ်ခြင်းဖြင့် လောကရေး, ဓမ္မရေး၌ နည်းမှန်လမ်းမှန်သို့လိုက်

http://www.dhammadownload.com



ကာ ဘေးကင်း ရန်ကင်း ချမ်းသာခြင်းသို့ ရောက်ကြရ၏။ စာမတတ်သူကား စမ်းတဝါးဝါး အရမ်းသွားရသဖြင့် မှားတစ်ခါ မှန်တစ်လှည့်ဖြစ်ကာ နစ်နာရတတ်၏။

## ရောဂါပျောက်စေမှ ဆေး

ကျမ်းဂန်အများအပြား တတ်ထားပါလျက် လူမိုက်ဖြစ်တတ်၏။ ကျမ်းဂန်ဆိုတိုင်း ကျင့်သူသာပညာရှိဖြစ်သည်။ နှိုင်းချိန်စဉ်းစား ကောင်းစွာဖော်စပ်ထားသော ဆေးသည်သာ လူနာကို ရောဂါပျောက်အောင်ပြုနိုင်၏၊ ဆေးအမည်ကလေးမျှဖြင့် ရောဂါပျောက်အောင် မပြုတတ်။

## အလိမ္မာ ကိုယ်မှာဆင်

"အလိမ္မာ စာမှာရှိရာ" ထိုအလိမ္မာကို ကိုယ်မှာရှိအောင် ပြုသင့်၏၊ သို့သော် ပြုသူတို့ကား ရှားပါးလှ၏။ အလိမ္မာဂုဏ်သည် နှစ်သက်ဖွယ်ရတနာပင်။ ထိုအလိမ္မာကို ကိုယ်မှာဆင်ပေးခြင်းဖြင့် အများနှင့်မတူ တစ်မူထူးအောင် ပြုကျင့်သင့်ပေသည်။

## ပညာရှိဖို့ထက် စိတ်ထားကောင်းဖို့လို

ပညာရှိဖို့ထက် စိတ်ထားကောင်း,မကောင်းက ပိုအရေးကြီး၏။ စိတ်ထား ကောင်းသူ၏ အတတ်ပညာသည် မိမိ, သူတစ်ပါး နှစ်ဦးသားအတွက် အကျိုးရှိစေ၏။ စိတ်ထားမကောင်းသူ၏ အတတ်ပညာသည် မိမိ, သူတစ်ပါး နှစ်ဦးသားအတွက် ထိခိုက်စေ, ဆင်းရဲစေတတ်၏။

ဥပမာ–ဆရာဝန်အတတ်မှာ မွန်မြတ်လှ၏။ သို့သော် စိတ်ထားမကောင်းလျှင် လူနာအများ ဆင်းရဲရသည်သာ။ မိမိမှာလည်း အကျိုးပျက်ရတတ်၏။

## ချစ်တတ်ပါစေ မနစ်ပါလေနှင့်

မိဘကောင်းတို့သည် သားသမီးများကို ပစ္စည်းဥစ္စာထက် အလိမ္မာနှင့် ပညာကိုပေးကာ ချီးမြှောက်တတ်ကြ၏။ ဥစ္စာဟူသည် ပျက်စီးတတ်၏၊ ပညာနှင့် အလိမ္မာတို့သည် မပျက်မစီး ထာဝရတည်၍ ကောင်းကျိုးကိုလည်း ရှည်ကြာစွာ ပေးတတ်၏။ ထို့ကြောင့် ထိုချီးမြှောက်မှုမှာ မှန်ကန်သောချီးမြှောက်မှုဖြစ်၏။

ထိုကဲ့သို့ ချီးမြှောက်ကြသော မိဘတို့သည် သားသမီးတို့ကို တကယ်ချစ်သော သားသမီးတို့၏ မိတ်ဆွေစစ်များတည်း။ သားသမီးတို့ကို အလိုလိုက်

http://www.dhammadownload.com



တတ်, မဆုံးမတတ်သော မိဘများသည် ချစ်ရာမရောက် နှစ်ရာရောက်၍ ရန်သူများ မည်ပေ၏။

## မွေအေးရိပ်သာ

ဗုဒ္ဓသာသနာကို ဦးထိပ်တင်ထားသူသည် ဗုဒ္ဓရှင်တော်အဆုံးအမအတိုင်း လိုက်နာလျှင် လောကရေး၌လည်း စိတ်ချမ်းသာ၏၊ အကျင့်ကောင်း၏၊ တိုးတက်ကြီးပွား၏၊ တကယ်ငြိမ်းချမ်းလိုသောအခါ၌လည်း မှီခိုရာ တကယ့်"အေးရိပ်သာ"ဖြစ်၏။ သို့ဖြစ်လျှင် မိမိတို့ရရှိထားသော ထိုအမွေကို သားသမီးများ တစ်သက်လုံး ထိန်းသိမ်းထားနိုင်အောင် မအပ်နင်းဘဲ နေထိုင်မည်လော။

## တဏှာနှင့် သံသရာ

တချို့က ဒါနကိုသံသရာရှည်စေတတ်သော တရားဟု ကြောက်လန့်ဖွယ် အဖြစ် ဆိုကြ၏။ တဏှာသည်သာ သံသရာရှည်ကြောင်းတရားဖြစ်၏။ နည်းမှန် လမ်းမှန်ပြုသော ဒါနမှာ တဏှာကို ပယ်နိုင်ကြောင်းဖြစ်၏။

တဏှာဆန္ဒမကင်းသော ဝဋ္ဋနိဿိတဒါနမျိုးမှာ သံသရာလည်ကြောင်းဖြစ်သော်လည်း တဏှာမပါသော ဝိဝဋ္ဋနိဿိတဒါနမှာ သံသရာမှ မြန်စွာလွတ်ကြောင်းပင် ဖြစ်သည်။

## အများအကျိုးဆောင် ကိုယ်ကျိုးအောင်

အများအကျိုးကို အစဉ်ဆောင်ရွက်သူမှာ အများ၏ချစ်ခင်လေးစား အရေးထားခြင်းခံရ၏။ မိမိ၏ထိုကောင်းမှုများကို မြင်ရတွေ့ရတိုင်း စိတ်ကြည်နူး၍ ရွှင်မြူးချမ်းသာ ပျော်ရွှင်လျက်ရှိ၏။ ဘေးကင်းရန်ကင်း စိတ်ချမ်းသာခြင်းဖြင့် အစဉ်အမြတ်ထွက်လျက်ရှိ၏။

## တရားရှင်ကို တရားစောင့်သည်

တရားဆိုသည်မှာ နောင်ဘဝအထိ ဆိုင်းနေသည်မဟုတ်၊ တရားရှင်ကို ယခုဘဝပင် စိတ်ချမ်းသာစေခြင်း၊ စိတ်ဓာတ်ခိုင်မာစေခြင်း၊ လောကဓံကို ခံနိုင်ရည်ရှိစေခြင်း၊ မိမိက အထူးကြိုးစားလျှင် မဂ်ဖိုလ်အထိ ရနိုင်စေခြင်းစသည်ဖြင့် စောင့်ရှောက်တတ်၏။

## ဘာဝနာ၏အကျိုး

ဘာဝနာတစ်ခုခုကို လက်ကိုင်ပြုထား ပွားများသူ၌ တရားနှင့်စပ်၍...
(၁) အမှတ်အသားကောင်းလာခြင်း၊ (၂) အတွေးအခေါ် အယူအဆ မြင့်မား

http://www.dhammadownload.com



ကြွယ်ဝလာခြင်း၊ (၃) အသိဉာဏ် ရင့်သန်လာခြင်း စသည်ဖြင့် အကျိုးများလှ၏။

## တရားမလေးစား မာနထွား

တရားကို မလေးစားသူတို့အဖို့ မာနကို အပြစ်မမြင် အကောင်းထင်လျက် မာန်တက်ကြ၏၊ တရားကို လေးစားသူတို့မှာ မိမိတို့၏မာနကို တမင်တကာ ပင် ကျအောင် ကြိုးစားကြ၏။

## တင်းတိမ်လျှင် စည်းစိမ်ရှိ

အကြင်သူ၏စိတ်သည် တင်းတိမ်ရောင့်ရဲလျက်ရှိ၏၊ ထိုသူသည် အား လုံး ပြည့်စုံလျက်သာ။ ဖိနပ်ဖြင့် ဖုံးလွှမ်းထားအပ်သော ခြေရှိသူအဖို့ မြေ တစ် ပြင်လုံးသည် သားရေဖုံးသကဲ့သို့သာ အမှန်ဖြစ်၏။

## အလိုကြီးလျှင် ပျက်စီး

အလိုကြီး၍ သန္တုဋ္ဌိ ပျက်လာသောအခါ တစ်နေ့တွင် ဆုတ်ယုတ်ပျက်စီး မှုနှင့် ကြုံလာရစမြဲတည်း။

## အောင်နိုင်ခဲသော စစ်ပွဲ

ကိုယ့်အား အမျက်ထွက်သူကို ပြန်စိတ်ဆိုးသူမှာ ထိုသူအောက် ယုတ်ညံ့ သူသာ ဖြစ်၏၊ စိတ်ဆိုးသူကို ပြန်စိတ်မဆိုးသူမှာ အောင်နိုင်ခဲသော စစ်ပွဲကို အောင်သူဖြစ်တော့သည်။

## လောကဓံကို ကြံ့ကြံ့ခံနည်း

ပုထုဇဉ်ကား ဖြစ်လာသော လောကဓံ၏ အမြဲမတည်သည်၏ အဖြစ်၊ ဆင်းရဲသည်၏ အဖြစ်၊ ဖောက်ပြန်ပျက်စီးတတ်သည်၏ အဖြစ်ကို မဆင်ခြင် တတ်၊ ထို့ကြောင့် သူ့စိတ်မှာ လောကဓံတို့၏ သိမ်းကျုံးလွှမ်းမိုးမှုကို ခံရ၏။

ဗုဒ္ဓဘာသာဝင်များ၌ အချို့သည် အဆိုးလောကဓံနှင့် ကြုံရသောအခါ "ကမ္မသကာပေါ့၊ ကံအတိုင်းပဲ၊ ကံကို ဘယ်သူ လွန်နိုင်တာမှတ်လို့" ဟု ဆင် ခြင်၍ စိတ်ကို နှိမ်နင်းလေ့ရှိကြ၏။ ကြာသော် စိတ်ဓာတ်များ ရင့်ကျက်လာရ ၏။

အဆိုးလောကဓံနှင့်တွေ့သော် မတုန်လှုပ်သကဲ့သို့ အကောင်းလောကဓံ များနှင့် ကြုံရသောအခါ၌လည်း "ကံရှိတုန်းသာ, ကံမရှိလျှင်ပျက်မှာပဲ" ဟူသော အတွေးကြောင့် မော်ခြင်း, ပျော်ခြင်း မရှိတတ်။

http://www.dhammadownload.com



## ကောင်းမှုပြုနည်း

အရှင်အာနန္ဒာမထေရ်သည် ပရိတ်မရွတ်မီ ဘုရားဂုဏ်တော်ကို အတော်စုံအောင် ဆင်ခြင်သည်ဆိုရာ တခြားပရိတ်ရွတ်သူများလည်း ဤအချက်ကို လေးနက်စွာ မှတ်သားလိုက်နာသင့်၏။ ပရိတ်ရွတ်ရာ၌သာမက မည်သည့်ကောင်းမှုပြုရာ၌မဆို ရှေးဦးစွာ ဘုရားရှင်ကို အောက်မေ့ခြင်းမှာ အစဉ်ပြုထိုက်သော တာဝန်တစ်ရပ်ပင် ဖြစ်ပေသည်။

## ဂုဏ်တော်ဖြင့် သစ္စာပြု

ဘုရားရှင်၏ဂုဏ်တော်မှာ စင်စစ်ကေန် မှန်သောအချက်ဖြစ်၍ ထိုအချက်ဖြင့် သစ္စာပြုခြင်းမှာ အန္တရာယ်ကင်း၍ ချမ်းသာခြင်းအကျိုးကို မပြီးစေဘဲ မရှိနိုင်ရာ။

## စွန့်နိုင်လေလေ ချမ်းသာလာလေ

သုခမည်သည်မှာ နုတ်ပယ်သင့်ရာ နုတ်ပယ်နိုင်သမျှ ပို၍ရလာမြဲဖြစ်၏၊ ကာမချမ်းသာကို ပယ်လျှင် ပဌမဈာန်ချမ်းသာကို ရ၏။ ထိုပဌမဈာန်ကား ကာမချမ်းသာထက် ပို၍ချမ်းသာ၏။

ဝိတက်, ဝိစာရကို နုတ်ပယ်သဖြင့် ရအပ်သော ဒုတိယဈာန်ချမ်းသာသည် ထိုထက်ပိုလာ၏၊ ပီတိကိုနုတ်၍ရသော တတိယဈာန်၊ သုခကို နုတ်၍ရသော စတုတ္ထဈာန်၊ ရုပ်ကို နုတ်ပယ်၍ရသော အရူပဈာန်သုံခတို့ကား အဆင့်ဆင့်ပို၍ချမ်းသာ၏။

ထိုထက် နာမ်တရားနှင့် ရုပ်အချို့နုတ်၍ ချုပ်ငြိမ်းသော နိရောဓသမာပတ်ချမ်းသာကား ဆိုဖွယ်မရှိ၊ ရုပ်နာမ်အားလုံးချုပ်ငြိမ်းသော နိဗ္ဗာန်ချမ်းသာကား ချမ်းသာတကာတို့၏ အထွတ်အထိပ်တည်း။

## နေ့တိုင်း ဂုဏ်ကျက်သရေတိုးဖို့

လောက၌ အလုပ်မရှိသူ အလုပ်၌စိတ်မဝင်စားသူ လူပျင်းမှာ ဂုဏ်ကျက်သရေမဲ့သူသာဖြစ်၏။ မိမိ၏အလုပ်ကို စိတ်ဝင်စားစွာ အားထုတ်နေသူမှာ ဂုဏ်တက်လျက်သာရှိနေ၏။

ထို့အတူ သာသနာ၌ ပျင်းရိမေ့လျော့ပေါ့ဆစွာ ကိုယ့်ကိစ္စအစစ် ပစ်ပယ်ထားသူတို့သည် ဂုဏ်ကျက်သရေမဲ့သူများ ဖြစ်ကြ၍ ဘာဝနာအလုပ် ကြိုးပမ်းအားထုတ်နေသူသာ ဂုဏ်ကျက်သရေမျိုး နေ့တိုင်းတိုးလျက်ရှိ၏။

http://www.dhammadownload.com



## မလွတ်တမ်း ရယူကြ

ဘုရားသာသနာကား ခေတ်ကောင်းအခွင့်ကောင်းကြီးတည်း၊ ထိုအခွင့်ကောင်းကြီးကား တစ်ခါလွဲသွားလျှင် နောင်တစ်ဖန်ပြန်၍ကြုံကြိုက်ဖို့ရာ လွန်စွာ ခဲယဉ်းလှ၍ ဘုရားညွှန်ကြားသော တကယ့်ကိုယ်ကျိုးအစစ်အမှန်များကို မလွတ်တမ်း ရယူကြရန် မမေ့သင့် မမေ့ထိုက်။

## စိတ်ဖြူစင်မှ တရားတည်

စင်ကြယ်သော ပန်းချီကားချပ်ပေါ်မှာသာ ပန်းချီဆေးတောက်ပ ပေါ်လွင်စွာ ထင်ရှားနိုင်၍ ညစ်ပေနေသောပိတ်ကားချပ်ပေါ်တွင် ဆေးရောင်မပေါ်လွင် မထင်ရှားနိုင်။ ထို့အတူ ကောင်းမြတ်သောတရားများသည် သန့်ရှင်းသောစိတ်၌သာ စွဲမြဲစွာ ထင်နိုင် တည်နိုင်၍ စိတ်ဓာတ်မသန့်ရှင်းသူ၌ တည်နိုင်ခွင့်မရှိ။

## ရောဂါထူပြောရခြင်းအကြောင်းရင်း

ယခုခေတ်ကား ရောဂါတွေကလည်း ဆန်းပြားသလောက် ရောဂါသည်တွေကလည်း ပေါများလှ၏။ ဤသို့ဖြစ်ရသည်မှာ လူအများ၌ ကိုယ်ကျင့်တရား ခေါင်းပါးခြင်းလျှင် အကြောင်းရင်းရှိသည်ဟု ပညာရှိများက မှတ်ချက်ချကြ၏။

## ယတြာချေစရာမလိုပါ

သူစရိုက်တရားကျင့်သူတို့အား နက္ခတ်ကောင်း၊ မင်္ဂလာကောင်း၊ အခါကောင်း၊ ခဏကောင်း၊ အားလုံးအကောင်းချည်းဖြစ်၍ မကောင်းသောနက္ခတ်၊ မင်္ဂလာ၊ အခါ မရှိ။ နက္ခတ်၊ မင်္ဂလာ၊ အခါကောင်းကြုံရန် ဓာတ်ရိုက် ယတြာစသော ပြုပြင်မှုပြုရန်မလို၊ သူတော်ကောင်းတရားကျင့်ရန်သာ လိုသည်။

## နားလည်မှု အရေးကြီး

နားလည်မှုသည် အင်မတန်အရေးကြီး၏၊ နားလည်မှုရှိမှသာလျှင် ကိုးကွယ်မှု လေးနက်၏၊ လေးနက်မှုရှိမှ ကောင်းကျိုးလည်းရတတ်၏၊ ထို့ကြောင့် ပညာရှင်ဗုဒ္ဓသာသနာဝင်ဖြစ်ဖို့ အလွန်အရေးကြီး၏။

## စိတ်ထားအရေးကြီး

ဘုရားရှင်အား ပူဇော်ရာတွင် စိတ်ထားအရေးကြီး၏၊ စိတ်ထားမြတ်လျှင် မြတ်၏၊ စိတ်ထားညံ့လျှင် ညံ့တတ်၏၊ ဂုဏ်တော်ရောက်သည်အထိ စိတ်

http://www.dhammadownload.com



မထားတတ်သေးလျှင် အကျိုးပေးညံ့တတ်၏၊ အကျိုးပေး ကောင်းကောင်း မထက်သန်၊ မိမိက ဂုဏ်တော်များများအလွတ်ရ၍ များများရွတ်ဖတ်ပူဇော်လေ အကျိုးပေးကောင်းကောင်းထက်သန်လေ ဖြစ်၏။

## အမွေအနှစ်

မြန်မာပြည် သာသနာတော်ကြီးကို ယနေ့မြန်မာလူမျိုးတို့ ဂုဏ်ယူနေရသကဲ့သို့ နောင်တွင်လည်းပဲ မိမိတို့သားသမီး မြေးမြစ်အဆက်ဆက် ဂုဏ်ယူတတ်စေရန် တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ ကြိုးစားပြီး အမွေအနှစ်ပေးကြရာ၏။ သို့မှသာ သာသနာတော်ကြီး စည်ပင်ပြန့်ပွားထွန်းကား၍ အရှည်ခံ့ထည် တည်တံ့နိုင်ပေမည်။

http://www.dhammadownload.com


၁။ သိမ်အတွင်း ရုပ်ပွားတော်

၂။ ကျောင်းတိုက်မုခ်ဦး

၃။ ဆရာတော် ရဟန်းဖြစ်ရာ သိမ်တော်

၄။ တန်ဆောင်းအတွင်းမှ ရှေးဟောင်းလက်ရာများ

၅။ ဆရာတော်သီတင်းသုံးရာ ဘုံဗိမာန်ကျောင်းတော်



သပြေကန် မဟာဓမ္မိကာရာမကျောင်းတိုက်

http://www.dhammadownload.com

# အခန်း (၉)
# သပြေကန်ဆရာတော် ကျင့်ကြံသောတရား

မြတ်စွာဘုရားသည် အာယုသင်္ခါရလွှတ်ပြီးနောက် ပရိနိဗ္ဗာန်ပြုရန် သုံးလအလိုတွင် မဟာဝန်တော ပြာသာဒ်ဆောင်ပေါက်သည့် ကျောင်းတော်၌ သံဃာများကို စည်းဝေးစေပြီးလျှင် ဤသို့မိန့်ဆိုတော်မူ၏–

"ရဟန်းတို့…ငါသည် ထူးသောဉာဏ်ဖြင့်သိ၍ ဟောတော်မူအပ်သောတရားတို့ကို သင်တို့သည် ကောင်းစွာသင်ယူ၍ မှီဝဲအပ်ကုန်၏၊ ပွားများအပ်ကုန်၏၊ အဖန်ဖန်လေ့ကျင့်အပ်ကုန်၏။ ယင်းသို့ မှီဝဲ, ပွားများ, လေ့ကျင့်သည်ရှိသော် ဤမြတ်သောအကျင့် 'သာသနာတော်' သည် အရှည်ခိုင်ခံ့လျက် ကြာမြင့်စွာ တည်တံ့ရာ၏။ ထိုသို့တည်တံ့ခြင်းသည် လူအများ၏စီးပွားချမ်းသာအလို့ငှာ လောကကိုစောင့်ရှောက်ရန်အလို့ငှာ နတ်လူတို့၏အကျိုးစီးပွားချမ်းသာအလို့ငှာ ဖြစ်လေရာ၏။

"ထူးသောဉာဏ်ဖြင့်သိ၍ ငါဟောအပ်သော ထိုတရားတို့ကား အဘယ်နည်း၊ ယင်းတို့ကား သတိပဋ္ဌာန် (၄) ပါး၊ သမ္မပ္ပဓာန် (၄) ပါး၊ ဣဒ္ဓိပါဒ် (၄) ပါး၊ ဣန္ဒြေ (၅) ပါး၊ ဗိုလ် (၅) ပါး၊ ဗောဇ္ဈင် (၇) ပါးနှင့် မဂ္ဂင် (၈) ပါး တည်းဟူသော ဗောဓိပက္ခိယတရား (၃၇) ပါးတို့ပင်တည်း။" (မဟာပရိနိဗ္ဗာနသုတ်)

သပြေကန်ဆရာတော်သည် တာဝန်ကျေပွန်သော ဘုရားသားတော်တစ်ပါးဖြစ်၏၊ မြတ်စွာဘုရား၏အဆုံးအမကို မြေဝယ်မကျလိုက်နာသူဖြစ်၏။ မြတ်စွာဘုရား ထူးသောဉာဏ်ဖြင့်သိ၍ ဟောတော်မူအပ်သော တရားတို့ကို ကောင်းစွာသင်ယူ၏၊ မှီဝဲဆည်းကပ်၏၊ အဖန်ဖန်ပွားများလေ့ကျင့်၏။

မြတ်စွာဘုရားသည် တရားတော်ကိုအလေးအမြတ်ပြုသည်နှင့်အညီ သပြေကန် ဆရာတော်သည်လည်း တရားတော်ကို အလေးအမြတ်ပြု၏။ တရားတော်

http://www.dhammadownload.com



သည်သာ မိမိ၏မှီခိုအားထားရာ မှီဝဲကျက်စားရာ မြတ်နိုးလဲလျောင်းရာဖြစ်သည်ဟု မှတ်ယူတော်မူ၏။ မိမိစိတ်ကို ပရိယတ်၊ ပဋိပတ်တို့၌သာ အမြဲတစေ မြှုပ်နှံထားတော်မူ၏။

မြတ်စွာဘုရားအား မြတ်နိုးကော်ရော် လေးမြတ်ပူဇော်ရာတွင် ဝတ္ထုပစ္စည်းဖြင့် ပူဇော်ခြင်းဟူသော အာမိသပူဇာ၊ ကျင့်ဝတ်ပဋိပတ်ဖြင့် ပူဇော်ခြင်းဟူသော ပဋိပတ္တိပူဇာဟူ၍ ပူဇော်မှုနှစ်မျိုးရှိရာတွင် ပဋိပတ္တိပူဇာ(ဝါ)ဓမ္မပူဇာက သာလွန် မွန်မြတ်ကြောင်းကို ဆရာတော် အလေးအနက်ထားတော်မူ၏။

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံရာညောင်စောင်းထက်၌ လျောင်းစက်နေတော်မူစဉ် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့ သောင်းသောင်းဖျဖျ လွန်လွန်ကဲကဲ ပူဇော်နေကြသည်ကို မြင်တွေ့ရသောအခါ အရှင်အာနန္ဒာအား "အာနန္ဒာ...ငါဘုရားကို ဤမျှလောက် ပူဇော်ခြင်းဖြင့် ပူဇော်သည် မမည်သေး၊ လောကုတ္တရာတရားကိုးပါးရကြောင်း တရားကောင်းကို ကျင့်ခြင်းဖြင့် ပူဇော်မှသာ အကောင်းဆုံးပူဇော်ခြင်းမည်သည်"ဟု မိန့်တော်မူ၏။ (ဒီ၊၂၊၁၁၄)

ပစ္စည်းတွေ ကျောင်းကန်တွေ ဘယ်မျှပင်လှူလှူ၊ ထိုအရာများက သာသနာ အရှည်တည်တံ့အောင် မစွမ်းနိုင်၊ ကျင့်ကြံ၍ မဂ်ဖိုလ်ရသူတွေ ဆက်ကာဆက်ကာ တိုးပွားလာမှ သာသနာအရှည်ခံ၍ တည်တံ့နိုင်သည်။ ထို့ကြောင့် နောင်သာသနာအရှည်တည်ရေး ကြိုးပမ်းကြစေလို၍ ဓမ္မပူဇာကို ဤမျှ မြှောက်စားဟောကြားတော်မူခဲ့သည်။ မြတ်စွာဘုရား၏ ဤအလိုဆန္ဒကိုလည်း သပြေကန် ဆရာတော်သည် အလေးအမြတ်ထားတော်မူ၏။ မိမိ၏ဘဝကို သာသနာတော်အား ပေးအပ်ထားသူဖြစ်၏။

## သီလသိက္ခာကို ဖြည့်ကျင့်ခြင်း

သပြေကန်ဆရာတော်သည် ပဋိပတ်ကျင့်စဉ်၏ အခြေခံအုတ်မြစ်ဖြစ်သော သီလသိက္ခာ(ဝါ)သီလအကျင့်တရားကို စံနမူနာထားထိုက်အောင် ကျောက်ထီးသဖွယ် မားမားမတ်မတ် အလေးအမြတ်ပြုထိုက်အောင် ခရုသင်းပွတ်ကဲ့သို့ လုံးဝအပြစ်မတင် ဖြူစင်အောင် ကျင့်ကြံစောင့်ထိန်းတော်မူသည်။

ရဟန်းကျင့်ဖွယ် ၂၂၇ သွယ်သော ဝိနည်းသိက္ခာပုဒ်များကို မြတ်နိုးစွာ လုံခြုံစွာ စောင့်ထိန်းခြင်း - **ပါတိမောက္ခသံဝရသီလ၊**

မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဟူသော ဒွါရခြောက်ပါး၌ အာရုံခြောက်သွယ်တို့ အသီးသီး ထိတိုက်ကြသည့်အခါ လောဘ, ဒေါသ စသော ကိလေသာများ မဖြစ်ပွားအောင် စောင့်ထိန်းခြင်းဟူသည့် **ဣန္ဒြိယ သံဝရသီလ၊**

http://www.dhammadownload.com



အသက်မွေးဝမ်းကျောင်းစင်ကြယ်ခြင်းဟူသည့် **အာဇီဝပါရိသုဒ္ဓိသီလ၊**

ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ဟူသော ပစ္စည်းလေးပါးကို သုံးစွဲရာ၌ ကိလေသာမဖြစ်ပေါ်အောင် သုံးစွဲရသဖြင့် ဖြစ်ပေါ်လာမည့် အကျိုးကျေးဇူးတို့ကို ဆင်ခြင်၍ သုံးဆောင်ခြင်းဟူသည့် **ပစ္စယသန္နိဿိတသီလ၊**

သပြေကန်ဆရာတော်သည် **စတုပါရိသုဒ္ဓိသီလ** ဟု အမည်ရသော အထက်ပါ သီလလေးမျိုးစလုံးကို ကောင်းစွာစောင့်စည်းတော်မူသဖြင့် **သီလဝိသုဒ္ဓိ** နှင့် ပြည့်စုံကာ ကြည်ညိုဖွယ်ရာ သီလဝန္တ ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။ ဤသီလ သိက္ခာဖြင့် ဝီတိက္ကမ ခေါ် အကြမ်းစားကိလေသာများကို ကောင်းစွာချိုးနှိမ်ထားတော်မူ၏။

## သမာဓိသိက္ခာကို ဖြည့်ကျင့်ခြင်း

သီလစင်ကြယ်သော သီလဝန္တ ပုဂ္ဂိုလ်သည် ကိုယ်အမူအရာ နှုတ်အမူအရာတို့ကို အပြစ်ကင်းအောင် ကောင်းစွာစောင့်ထိန်းနိုင်ပေပြီ။ သို့သော် တည်ကြည်သော သမာဓိကို ရရှိနိုင်ရေးအတွက် စိတ်၌ နှိုးကြားထကြွနေကြသည့် အလတ်စား ကိလေသာခေါ် ပရိယုဋ္ဌာနကိလေသာများကို ဆက်လက်ကာ နှိမ်နင်းရပေဦးမည်။ ဤပရိယုဋ္ဌာနကိလေသာများတွင် ကာမသိုလ်, ဗျာပါဒ်, မင်္ဂဖိုလ်တို့ကို တားဆီး ပိတ်ပင်တတ်သည့် နီဝရဏတရားငါးပါးတို့လည်း ပါရှိကြ၏။

ဤနှိုးကြားထကြွနေကြသော ကိလေသာများ ရှိနေသရွေ့ ကာလပတ်လုံး စိတ်မတည်ငြိမ်ဘဲ တည်ကြည်သည့်သမာဓိကို မရရှိနိုင်ပါ။ ဤကိလေသာတို့ကို နှိမ်နင်းသောနည်းမှာ သမထဘာဝနာ ရှုပွားရခြင်းဖြစ်၏။

သမထဟူသည်မှာ စိတ်ငြိမ်သက်ခြင်း သမာဓိကို ဆိုလို၏။ သမထ ဘာဝနာသည် စိတ်တည်ငြိမ်စေပြီး သမာဓိထူထောင်ပေးသော ဘာဝနာဖြစ်၏။

> "သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော
> ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။"
>
> (သံ၊ ၂၊ ၁၂။ သမာဓိသုတ္တန်)

"ရဟန်းတို့…သမာဓိကို ထူထောင်နိုင်အောင် ပွားများအားထုတ်ကြ။ ရဟန်းတို့…သမာဓိရှိသည့်ရဟန်းသည် ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြားသိ၏။"

သမာဓိထူထောင်ရန်အရေးကြီးသဖြင့် မြတ်စွာဘုရားသည် ရဟန်းတို့အား သမာဓိထူထောင်နိုင်ရေးအတွက် သမထကမ္မဋ္ဌာန်း (၄၀) ကို နည်းပေးတော်မူ၏။ ဤကမ္မဋ္ဌာန်း (၄၀) အနက် မိမိစရိုက်နှင့် ကိုက်ညီသော ကမ္မဋ္ဌာန်းကို မှန်ကန်စွာ ရှုပွားသွားလျှင် ဈာန်အနီးကပ်နေသည့် ဥပစာရသမာဓိသို့ ရောက်သည့်

http://www.dhammadownload.com



အခါ နီဝရဏများ ငြိမ်းအေး၍ ပရိယုဋ္ဌာနကိလေသာများ ငြိမ်ဝပ်သွားကြလိမ့်မည်။ ထိုအခါ စိတ်အစဉ်မှာ ကိလေသာများ စင်ကြယ်နေသည့်အတွက် စိတ်ဖြူစင်ခြင်းဟူသော **စိတ္တဝိသုဒ္ဓိ** စခန်းသို့ ရောက်၏။

"စိတ္တဝိသုဒ္ဓိနာမ သဉပစာရာ အဋ္ဌသမာပတ္တိယော"

"ဉပစာရသမာဓိနှင့်တကွ လောကီရှာန်သမာပတ်ရှစ်ပါးတို့သည်

စိတ္တဝိသုဒ္ဓိမည်၏။" (ဝိသုဒ္ဓိမဂ်၊၂၊၂၂၂)

လောကီ ဈာန်သမာပတ် ရှစ်ပါးဆိုသည်မှာ ရူပါဝစရဈာန်လေးပါးနှင့် အရူပါဝစရဈာန်လေးပါးတို့ကို ဆိုလို၏။

စိတ်အစဉ်၌ နီဝရဏ ကင်းရှင်းနေသောအခါ ကျက်ဉာဏ်, မှတ်ဉာဏ် သဘောဉာဏ်တို့ အလွန်ကောင်းမွန်ထက်မြက်ကြောင်းကို **သင်္ဂါရဝသုတ္တန်**တွင် မြတ်စွာဘုရား ဟောတော်မူကြောင်းကို ရှေ့၌ဖော်ပြခဲ့ပြီး ဖြစ်သည်။

သပြေကန်ဆရာတော်သည် ငယ်စဉ်ကတည်းက သူမတူအောင် ကျက်ဉာဏ်, မှတ်ဉာဏ်, သဘောဉာဏ်တို့ အလွန်ကောင်းမွန်ထက်မြက်သဖြင့် စိတ်တည်ငြိမ်သူဖြစ်ကြောင်း သိရ၏။

ဆရာတော်သည် ငယ်စဉ်ကပင် ဆော့ကစားခြင်း၊ ပြေးလွှားခုန်ပေါက်ခြင်း၊ မြူးထူးပျော်ပါးခြင်းတို့ ကင်းရှင်းပြီး တည်ကြည်ငြိမ်ငြိမ်သာ နေထိုင်ခဲ့၏။ မန္တလေးမြို့၊ အဘယာရာမ ရွှေဂူတိုက်သစ်၌ စာသင်သားရဟန်းဘဝဖြင့် (၄) နှစ် သီတင်းသုံးနေထိုင်ခဲ့စဉ်အခါက စေတီပုထိုး, ကျောင်းများ, ချောင်းများ ပေါများသည့် စစ်ကိုင်းမြို့သို့ တစ်ခါတစ်ခေါက်မျှပင် မသွားရောက်ဘဲ ကိစ္စနည်းအောင် နေထိုင်၍ မိမိ၏စိတ်ကို စာပေလေ့လာသင်ကြားမှု၌သာ မြှုပ်နှံထားခဲ့၏။

**ထို့နောက် သပြေကန်မဟာဓမ္မိကာရာမကျောင်း၌ အနုနာယက– စာချဆရာတော်ကလေးအဖြစ် ၃၉ နှစ်၊ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက်၏ ပဓာန နာယကဆရာတော်အဖြစ် ၁၇ နှစ်ကြာမျှ သာသနာ့တာဝန်ကို ထမ်းဆောင်နေစဉ်အခါ၌လည်း မိမိကျောင်းခန်း၌ တစ်ပါးတည်း အေးအေးလူလူ ပရိယတ်, ပဋိပတ်အလုပ်များ၌သာ စိတ်ကိုမြှုပ်နှံထားတော်မူခဲ့၏။**

**ဆရာတော်သည် ရှင်သာမဏေငယ်ဘဝမှစ၍ အသက်ကြီးလာသည့်အထိ စာပေများကို တရစပ်ဖတ်ရှုခဲ့သည်ဖြစ်ရာ ဇရာပိုင်း၌ မျက်စိအား ဆုတ်ယုတ်လာ၏။ သို့အတွက် အချိန်အကန့်အသတ်ဖြင့်သာ စာကြည့်စာရေးနိုင်၍ ကျန်**

http://www.dhammadownload.com



အချိန်များတွင် ပဋိပတ်အလုပ်ကိုသာ ဖွဲသန်သန်ဖြင့် ကြိုးကုတ်အားထုတ်တော်မူ၏။

ဆရာတော်သည် ဒါယကာ, ဒါယိကာမများတို့အား တရားဟောကြားရာတွင် "လူ့ဘဝသည် အလွန်ရခဲသော ဒုလ္လဘတရားတစ်ခုဖြစ်ကြောင်း၊ လူတို့သည် ရဲရင့်၏၊ ကုသိုလ်ပြုရာမှာ မတွန့်မဆုတ် ရဲရင့်ကြ၏၊ ဝီရိယ ထူးထူးကဲကဲ ရှိ၏၊ သတိလည်း ကောင်း၏၊ သတိကောင်းလို့ ကုသိုလ်တိုးပွားကြ၏၊ ထို့ကြောင့် လူ့ဘုံလောကသည် ပုည=ကုသိုလ်ကောင်းမှုတွေ ဖြစ်ပွားရာ ပုညခေတ်ကြီးအစစ်ဖြစ်ကြောင်း၊ ရဟန်းတွေ ဖြစ်ပွားရာ သိမ်များနှင့်လည်း ပြည့်စုံ၊ ဗုဒ္ဓမြတ်စွာသာသနာတော် အထူးထွန်းကားရာလည်းဖြစ်၊ နိဗ္ဗာန်ရွှေမြို့တော်သို့ တက်ရောက်ရာ ဆိပ်ကမ်းလည်းဖြစ်၊ လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာ, နိဗ္ဗာန်ချမ်းသာ လိုချင်ရာရနိုင်သော သမ္ပတ္တိအမျိုးမျိုး, ကောင်းကျိုးအရပ်ရပ်ကို ကောင်းစွာပေးဆောင်တတ်ကြောင်း"တို့ကို ဟောပြလေ့ရှိ၏။

"အမြတ်များများရနိုင်တဲ့ ဘဝကြီး လက်ကိုင်ထားရတော့ အဲဒီဘဝကြီးမှာ အရှုံးမရှိအောင်တော့ ကြိုးစားကြရမယ်။ ရှုံးသွားပြီဆိုရင်တော့ ပြန်တည်ဖို့တယ်မလွယ်ဘူး၊ ဘုရားရှင်ကိုယ်တော်မြတ်က **'နခသိခ သုတ္တန်'** မှာ ဟောထားတာ ရှိတယ်–

"လက်သည်းပေါ် မြေမှုန့်လေး တင်ပြီးတော့ ဘုရားက ရဟန်းတော်တို့ကို မေးမြန်းတော်မူတယ်၊ 'ချစ်သားရဟန်းတို့…ငါဘုရားရှင်လက်ပေါ်ရှိတဲ့ မြေမှုန့်လေးနဲ့ ဟောဒီမဟာပထဝီက မြေမှုန့်ဟာ ဘယ်ဟာကများတုံး'မိန့်တော့–

"ရှင်တော်မြတ်ဘုရားလက်တော်က မြေမှုန့်လေးက မပြောပလောက်ပါဘူး ဘုရား၊ မဟာပထဝီမြေကြီးကသာ အဆအရာအထောင်မက သာလွန်ပြီးများလှပါတယ်"လို့ လျှောက်ထားတော့၊

"ချစ်သားတို့…အဲဒီအတိုင်းပဲ အပါယ်လေးဘုံ ရောက်ကြတဲ့ပုဂ္ဂိုလ်တွေဟာ မဟာပထဝီမြေကြီးလောက် များတယ်၊ လူ့ဘောင်ရောက်လာတဲ့ပုဂ္ဂိုလ်တွေဟာ ဟောဒီငါဘုရားလက်သည်းပေါ်မှာရှိတဲ့ မြေမှုန့်လေးလောက် အင်မတန် နည်းပါးတယ်"လို့ ဘုရား ဟောတော်မူခဲ့တယ်။

"အဲဒါကြောင့်မို့လို့ ဘုန်းကြီးတို့လူ့ဘဝဟာ သာမညမဟုတ်၊ နတ်တွေကတောင် ချီးမွမ်းဂုဏ်တင်ရတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကလဲ ဂုဏ်တင်ခဲ့တယ်၊ ဒီတော့ တို့ဘဝဟာ သာမညမဟုတ်ဘူး၊ သို့သော် တကယ့်ရတနာရပေမယ့် အလွဲသုံးစားလုပ်ရင် အကျိုးနည်းတတ်တယ်၊ အသုံးမှန်လို့ရှိရင် သုံးရော စွဲရော ဒုက္ခခပ်သိမ်း အကုန်ငြိမ်းရော၊ တကယ့်ချမ်းသာဖြစ်ရော၊ ဒါကြောင့်

http://www.dhammadownload.com



မိမိတို့ ရထားတဲ့လူ့ဘဝရတနာကြီးကို သုံးတတ်အောင်, စွဲတတ်အောင် အသုံးချပြီး လူဖြစ်ကျိုးနပ်အောင် ကြိုးစားအားထုတ်ကြပါ"

ဆရာတော်သည် ဤသို့ဟောပြောတိုက်တွန်းရာတွင် မိမိကိုယ်ကို စံပြပြု တော်မူသည်။

**Example is better than precept.**

စံနမူနာပြခြင်းသည် ကျင့်ဝတ်ပညတ်ခြင်းထက် သာလွန်၏။

ဆရာတော်သည် ရဟန်းရှင်လူအပေါင်းတို့အား လူ့ဘဝရတနာကြီးကို မှန်ကန်စွာသုံးစွဲတတ်အောင် အမြဲစံနမူနာပြနေတော်မူသည်။ ကုသိုလ်တိုးပွား အောင် အပြစ်ကင်းအောင် မည်သို့ကျင့်ကြံနေထိုင်ရမည်ကို လက်တွေ့ပြသ တော်မူသည်။ အကျိုးအကြီးဆုံးရသည့် ဘာဝနာအလုပ်ကိုလည်း အားထုတ်ကြ ရန်ကိုလည်း တိုက်တွန်းတော်မူသည်။

ဆရာတော်သည် ဗုဒ္ဓါနုဿတိဟူသော ဘုရားဂုဏ်တော်ကို ရှုပွားခြင်း၊ အာနာပါနဿတိဟူသော ဝင်လေထွက်လေကို ရှုမှတ်ခြင်း၊ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းခြင်းတို့ကို အထူးနှစ်သက်တော်မူသည်။

ပရိတ်ကြီးနိဿယသစ်စာအုပ်၌ ဓဇဂ္ဂသုတ်တွင် ဘုရားဂုဏ်တော်,တရား ဂုဏ်တော်, သံဃာဂုဏ်တော်များကို အကျယ်ရေးသားထားရာ အနုဿတိ ကမ္မဋ္ဌာန်းများကို လွန်စွာအထောက်အကူပြု၏။

တစ်ဖန် ဥပုသ်နေ့များ၌ တရားဟောကြားတော်မူရာတွင် အကျိုးကြီးမား သော မေတ္တာပွားများနည်းကို အကျယ်ဟောပြော၍ မေတ္တာပွားကြရန် တိုက် တွန်းတော်မူသည်။ ဟောကြားပုံကို ကောက်နုတ်တင်ပြပါမည်–

## အကျိုးကြီးမားသော မေတ္တာဘာဝနာရှုပွားခြင်း

"မေတ္တာတရား ပွားများကြတဲ့အခါမှာ အရေးကြီးတာက မေတ္တာရဲ့ရန်သူ တွေကို ဖြိုနိုင်ဖျက်နိုင်ကြရတယ်၊ မေတ္တာရဲ့ရန်သူဟာ အနီးရန်သူ အဝေးရန်သူ လို့ နှစ်မျိုးရှိတယ်၊ အနီးရန်သူက တဏှာရာဂ၊ အဝေးရန်သူက ဒေါသ။ ဒီ ရန်သူတွေကို နှိမ်ပေးမှ မေတ္တာဟာ ပိုပြီးတော့ တက်လွယ်တယ်။

"ဒေါသဟာ မေတ္တာရဲ့ အဝေးရန်သူတဲ့၊ အဝေးရန်သူပေမယ့် သူက အတော်နှိမ်ရခက်တယ်၊ ဒေါသရှိနေရင်လဲ မိမိတို့ပို့တဲ့မေတ္တာက သိပ်ပြီးတော့ တည်ကြည်နိုင်မှာလဲ မဟုတ်ဘူး၊ စွမ်းမှာလဲ မဟုတ်ဘူး။ ဒါကြောင့် အဝေးရန်သူ ဖြစ်တဲ့ ဒေါသကိုလဲ နှိမ်ပေးရတယ်၊ စိတ်ဆိုးမှုမဖြစ်အောင် တရားသဘောနဲ့ ဖြေပေးရတယ်။

http://www.dhammadownload.com



"တဏှာက အနီးရန်သူတဲ့၊ လောဘော မေတ္တာယ ဝဉ္စေဟိ၊ လောဘော– လောဘဆိုတဲ့တရားက၊ မေတ္တာယ– မေတ္တာအရောင်ဆောင်သဖြင့်၊ ဝဉ္စေဟိ– သူသူငါငါ သတ္တဝါတို့ကို လှည့်ပတ်တတ်ပါပေ၏၊ အနီးရန်သူဖြစ်တဲ့ လောဘက မေတ္တာရောင်ဆောင်ပြီးတော့ လှည့်ပတ်တတ်တယ်တဲ့။

"အဲ...မေတ္တာရဲ့အနီးရန်သူဖြစ်တဲ့ တဏှာပေမ–တဏှာချစ်၊ အဝေးရန်သူဖြစ်တဲ့ ဒေါသမျက်စိ၊ ဒီရန်သူနှစ်ပါးကို နှိမ်နင်းပေးမှ မေတ္တာပွားတဲ့နေရာမှာ ပိုပြီးတော့ မေတ္တာထက်သန်တယ်၊ ပိုပြီးတော့ မေတ္တာဘာဝနာတိုးပွားလာတယ်။

"အမှန်ကတော့ ကိုယ့်ရန်သူဆိုတာ ကိုယ်က မေတ္တာထားရင် တော်ကြာ သူကလဲ ပြန်ပြီးတော့ မေတ္တာထားလာတာမို့ သဟာဇာတဖြစ်သွားနိုင်တယ်။ ကိုယ်မုန်းတဲ့သူ ကိုယ့်ကို မုန်းနေတဲ့သူ ကိုယ်က မေတ္တာကြပ်ကြပ်ပွားပြီးတော့ သူ့ကောင်းကျိုးလိုလားတဲ့ဆန္ဒနဲ့ မေတ္တာကောင်းကောင်းပွားပေးမယ်ဆိုရင် မကြာခင်ပဲ သူဟာ ကိုယ့်အောက်ကျို့လာရတော့တာပဲ၊ ဒါတွေဟာ လက်တွေ့ပွားကြတဲ့ ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်။

## ဘာဝနာရှေ့သွား အကျင့်များ

"မေတ္တာပွားများပြီဆိုတော့ မပွားများခင်က မိမိတို့မှာ ပြည့်စုံထားရမယ့် တရားတွေလဲ ရှိသေးတယ်၊ လောကမှာ ဓာတ်ခံကောင်းမှ မွန်မြတ်တဲ့တရားက တည်နိုင်တယ်၊ ဓာတ်ခံမကောင်းရင် မွန်မြတ်တဲ့တရားဟာ မတည်နိုင်ဘူး။ ဒါကြောင့်မို့လို့ ဓာတ်ခံကောင်းအောင် မိမိတို့က ကောင်းမြတ်တဲ့အကျင့်လေးတွေ ကျင့်ရတယ်။

**(၁) သက္ကောစ** – စွမ်းနိုင်သူလည်း ဖြစ်ရမယ်။

လောကမှာ အလုပ်တစ်ခုဟာ မှန်ကန်တယ် ကောင်းမြတ်တယ်လို့ ယုံကြည်မှုလည်း မရှိ၊ ဝီရိယလည်း အားမထုတ်၊ ဖြောင့်မတ်ခြင်းလည်း မရှိ၊ ကျန်းလည်း မကျန်းမာ၊ ပညာလည်း မဲ့တယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ ဒီအလုပ်ကို ဆောင်ရွက်နိုင်မှာ မဟုတ်ဘူး။

*"ယုံကြည်မှုသဒ္ဓါရှိခြင်း၊ ကျန်းမာခြင်း၊ ကြိုးစားအားထုတ်မှု ဝီရိယရှိခြင်း၊ မကောက်ကျစ် မစဉ်းလဲဘဲ ဖြောင့်မတ်ခြင်း၊ ဉာဏ်ပညာရှိခြင်း၊ ဤ **ပဓာနိယင်္ဂါးပါး** ဆိုတဲ့ အင်္ဂါငါးပါးနှင့် ပြည့်စုံသူမှ စွမ်းနိုင်သူဖြစ်တယ်။*

*"ယုံကြည်သဒ္ဓါ၊ ကျန်းမာခြင်းတွဲ၊ စဉ်းလဲမပြု၊*
*အားထုတ်မှုပါ၊ သိပညာ၊ ပဓာနိယင်္ဂါ။"*

http://www.dhammadownload.com



**(၂) ဥဇုစ** – ဖြောင့်မတ်သူလည်း ဖြစ်ရမယ်။

ဖြောင့်မတ်မှုမရှိ၊ လှည့်ဖြားတတ်တဲ့ စဉ်းလဲတတ်တဲ့ ကောက်ကျစ်တဲ့ ပုဂ္ဂိုလ်ဟာ မေတ္တာ၏တည်ရာမဖြစ်ဘူး၊ မေတ္တာမသက်ရောက်နိုင်ဘူး၊ ဒါကြောင့် မို့လို့ ဖြောင့်မတ်တတ်သူဖြစ်ရမယ်။

**(၃) သုဟုဇုစ** – အလွန်ဖြောင့်မတ်သူလည်း ဖြစ်ရမယ်။

**(၄) သုဝစောစ** – ဆိုဆုံးမရန် လွယ်ကူသူလည်း ဖြစ်ရမယ်။

အဆုံးအမကို ကောင်းကောင်းနာခံချင်တဲ့ပုဂ္ဂိုလ်သာ မေတ္တာရဲ့တည်ရာ ဖြစ်တယ်။

**(၅) မုဒုစ** – နူးညံ့ပျော့ပျောင်းသူလည်း ဖြစ်ရမယ်။

အဆုံးအမကိုမြတ်နိုးလက်ခံရင် စိတ်နှလုံးနူးညံ့တယ်၊ ဒီလိုနူးညံ့ခြင်းဟာ မေတ္တာတရားတည်ဖို့ရာ ဓာတ်ခံကောင်းတယ်လို့ ဆိုရမယ်။

*"ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗာ။"*

*ယထာဘူတံ– ဟုတ်တိုင်းမှန်စွာ၊ ဉာဏာယ – သိမြင်ခြင်းငှာ၊ သတ္ထာ– ဆရာသမားကို၊ ပရိယေသိတဗ္ဗာ– ရှာမှီးသင့် ရှာမှီးထိုက် လှပါပေ၏လို့ ဘုရားရှင်ကိုယ်တော်မြတ်က ဟောတော်မူခဲ့တယ်။*

ယထာဘူတဉာဏ်ရဖို့ရာ မိမိတို့တာဝန်က ဆရာသမားရှာရမယ်တဲ့၊ ဆရာ သမား ရပြီဆိုရင် ဆရာသမားရဲ့အဆုံးအမကို နာခံရင် ဒီပုဂ္ဂိုလ်ဟာ စိတ်နူးညံ့ တယ်၊ စိတ်နူးညံ့ရင် မေတ္တာတည်ရာဖြစ်တယ်။

**(၆) အနတိမာနီ** – မာန်ထောင်လွှားခြင်း မရှိရ၊ မာနမကြီးရဘူး။

အမျိုးဂုဏ်၊ ဓနဂုဏ်၊ ပညာဂုဏ်၊ ရာထူးဂုဏ် စသည်ဖြင့် သူတစ်ပါးအပေါ် မှာ မာန်ထောင်လွှားပြီး မာနကြီးတဲ့ပုဂ္ဂိုလ်အဖို့မှာ မေတ္တာဖြစ်ဖို့ တယ်မလွယ် ဘူး၊ မာနမကြီးတဲ့ပုဂ္ဂိုလ်၊ နှိမ့်ချတဲ့ပုဂ္ဂိုလ်ဖြစ်မှ ပိုပြီးတော့ မေတ္တာစူးရောက် တယ်။

**(၇) သန္တုဿကောစ** – တင်းတိမ်ရောင့်ရဲလွယ်သူ ဖြစ်ရမယ်။

အစား၊ အဝတ်၊ အသုံးအဆောင် ရတတ်သမျှနဲ့ ကျေနပ်ရောင့်ရဲတယ်၊ ဒီလိုရောင့်ရဲလွယ်တဲ့ပုဂ္ဂိုလ်မှာ ပစ္စည်းကိုအကြောင်းပြုပြီး ပုဂ္ဂိုလ်ကိုအကြောင်း ပြုပြီး မနှစ်သက်ဖွယ်ရာ မကြုံရဘူး။

ရသမျှနဲ့ မရောင့်ရဲနိုင်ဘူးဆိုရင် စိတ်ထဲမနှစ်သက် မကျေနပ်ဘူး၊ မကျေနပ် ဘူးဆိုရင် မေတ္တာတည်ဖို့ ခဲယဉ်းတယ်၊ မေတ္တာဘာဝနာအထမြောက်ဖို့ ခဲယဉ်း တယ်။

http://www.dhammadownload.com



**(၈) သုဘရောစ –** မွေးမြူလွယ်သူ ဖြစ်ရမယ်။

အမွေးခက်တယ်ဆိုတာ အချိုရရင် အချဉ်လိုချင်တယ်၊ အချဉ်ရရင် အချို လိုချင်တယ်၊ ဘာပဲရရ မကျေနပ်ဘူး၊ ဒကာ, ဒကာမများ လှူဒါန်းသမျှ ကျေကျေနပ်နပ် သုံးဆောင်နိုင်တဲ့ရဟန်းကို မွေးမြူလွယ်တဲ့ရဟန်းလို့ ခေါ်တယ်။ မွေးမြူခက်တဲ့ရဟန်းဟာ မေတ္တာပွားဖို့ တယ်မလွယ်ဘူး။ လှူသမျှတန်းသမျှနဲ့ ကျေနပ်နိုင်ပြီးတော့ အေးချမ်းတဲ့စိတ်နှလုံးရှိတဲ့ ရဟန်းသာ မေတ္တာပွားဖို့ လွယ်တယ်။ လူလည်း အတူတူပေါ့။

**(၉) အပ္ပကိစ္စောစ –** ကိစ္စနည်းသူလည်း ဖြစ်ရမယ်။

မိမိဆိုင်ရာကိစ္စမှတစ်ပါး အပိုဖြစ်တဲ့ကိစ္စတွေလျှော့ပြီးတော့ လုပ်လားပြုလားနဲ့ ကိစ္စတွေမများရဘူး၊ ရဟန်းများမှာ ပရိယတ္တိ–ပဋိပတ္တိဆိုတဲ့ တရားတွေ အားထုတ်ဖို့သာရှိတယ်၊ အဲဒီတရားတွေနဲ့မဆိုင်တဲ့အလုပ်တွေ အအိပ်နဲ့ စကားပြောဖို့အတွက် အားသန်နေတယ်၊ အပေါင်းအဖော်ရှာပြီးတော့ အချိန်ဖြုန်းတဲ့နေရာမှာ လိုလားနေမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်မျိုးဟာ ကိစ္စများတဲ့ပုဂ္ဂိုလ်တွေပဲ။

**(၁၀) သလ္လဟုကဝုတ္တိစ –** ပေါ့ပါးသောအဖြစ်မျိုးရှိသူ ဖြစ်ရမယ်။

လောကမှာ ပစ္စည်းဥစ္စာတွေ သိပ်များနေရင် အဲဒီပစ္စည်းဥစ္စာတွေ သိမ်းရဆည်းရ, စောင့်ရှောက်ရ, ကြောင့်ကြရနဲ့၊ သူ့အဖို့မှာ တရားအားထုတ်ဖို့ သိပ်ပြီး အလွယ်တကူမဖြစ်ချင်ဘူး။ အဲဒါကြောင့်မို့လို့ တကယ်တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာ ပေါ့ပါးတဲ့အဖြစ်မျိုး ရှိရမယ်။

**(၁၁) သန္တိန္ဒြိယောစ –** ငြိမ်သက်တဲ့ ဣန္ဒြေရှိသူ ဖြစ်ရမယ်။

မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်တို့ကို ဣန္ဒြေခေါ်တယ်၊ အဲဒီဣန္ဒြေတွေ မျက်စိဖြင့်မြင်တဲ့အခါ နားဖြင့်ကြားတဲ့အခါ စသည်ဖြင့် ဣန္ဒြေတွေနဲ့ ကြုံတဲ့အခါမှာ လောဘ, ဒေါသ စသော အကုသိုလ်တွေမဖြစ်အောင် စောင့်စည်းခြင်းဟာ ငြိမ်သက်တဲ့ဣန္ဒြေရှိတဲ့ပုဂ္ဂိုလ်လို့ ဆိုတယ်။ နိုင်အောင် ထိန်းနိုင်ရင် မိမိက ဣန္ဒြေတွေကို အစိုးရတာပဲ။ နိုင်အောင် မထိန်းနိုင်ဘူး၊ သူတို့အလို လိုက်မိတယ်ဆိုရင် မိမိကရှုံးတာပဲ၊ ဣန္ဒြေရဲ့အလိုကို မိမိကလိုက်ပြီးတော့ ဣန္ဒြေတွေကို မိမိအလိုပါအောင် မစွမ်းနိုင်တဲ့ပုဂ္ဂိုလ်ကို သန္တိန္ဒြိယလို့ မဆိုဘူး။ ဣန္ဒြေနိုင်ဖို့ဆိုတာကလည်း တရားဘာဝနာတစ်ခုခုနဲ့ထိန်းမှ ပိုပြီးတော့ နိုင်နိုင်တယ်။ ဒါကြောင့် ငြိမ်သက်တဲ့ဣန္ဒြေရှိရမယ်ဆိုတဲ့စကားဟာ ဘာဝနာတစ်ခုခု လက်ကိုင်ပြုပြီးတော့ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဆိုတဲ့ ဣန္ဒြေတွေ ငြိမ်အောင် ထိန်းပေးဖို့ဆိုတာပဲ။ အဲသလိုထိန်းပေးနိုင်မှ မေတ္တာပွားလို့လွယ်တယ်။

http://www.dhammadownload.com



**(၁၂) နိပကောစ –** ရင့်ကျက်တဲ့ပညာရှိသူ ဖြစ်ရမယ်။

လောကမှာ ဘာလုပ်လုပ် ပညာဆိုတာအရေးကြီးတယ်၊ သူ့ဆိုင်ရာ နားလည်ဖို့ ပညာဆိုတာ ရှိတာပဲ။ အဲဒါလိုပဲ တရားဘက်မှာလည်းပဲ ပညာဆိုတာလိုတယ်၊ ဥပမာ မေတ္တာပွားချင်တယ်ဆိုရင် မေတ္တာနဲ့စပ်ဆိုင်တဲ့ အကျိုး အာနိသင်တွေ သိရတယ်၊ အဲသလိုသိတဲ့ပညာရှိပြီဆိုရင် မေတ္တာကောင်းကောင်းပွားဖြစ်တယ်။ ဒါကြောင့် မေတ္တာဖြစ်ခြင်းအကြောင်းမှာ ရင့်ကျက်သောပညာရှိရမယ်လို့ ပုဗ္ဗဘာဂ မေတ္တာ – ရှေ့သွားအကျင့်တစ်ရပ်အဖြစ်ဖြင့် ထည့်ထားတယ်။

**(၁၃) အပ္ပဂဗ္ဘောစ –** ကြမ်းတမ်းရိုင်းစိုင်းသူ မဟုတ်ဘဲ ယဉ်ကျေးသူ ဖြစ်ရမယ်။

လူကြီးသူမ, မိထေရ်ကြီးတို့ကို မရိုမသေ၊ ဂါရဝမပြု၊ ရှေ့ကကျော်တက်၊ စကားပြောရင် ဝင်ပြော စသည်ဖြင့် အဲသလို မသိမ်မွေ့တဲ့ ကြမ်းတမ်းတဲ့ ကိုယ်နှုတ်အမူအရာတွေကို ရိုင်းစိုင်းတဲ့အမူအရာတွေ ဆိုတယ်။ အဲဒီလို ရိုင်းစိုင်းတဲ့အမူအရာမျိုး ကင်းရမယ်၊ ကင်းတဲ့ပုဂ္ဂိုလ်ဟာ မေတ္တာပွားလွယ်တယ်၊ မေတ္တာကောင်းကောင်းပွားနိုင်တယ်။

**(၁၄) ကုလေသွ နနုဂိဒ္ဓေါစ –** အိမ်သား အိမ်သူ အမျိုးဒကာတို့၌ တွယ်တာ တပ်မက်ခြင်းမရှိသူလည်း ဖြစ်ရမယ်။

စီးပွားရေးအတွက် ပညာရေးအတွက် စသည်ဖြင့် မိဘမောင်နှမတွေကို မခွဲခွာနိုင်ရင် တခြားမသွားဖြစ်တော့ ဆုတ်ယုတ်ရတယ်။ ရဟန်းသာမဏေတွေမှာလည်း အမျိုး, ဒကာ, ဒကာမတွေကို တွယ်တာပြီဆိုရင် တရားမှာအနှောင့်အယှက်ဖြစ်တယ်၊ ဒါကြောင့်မို့လို့ အမျိုး, ဒကာ, ဒကာမတို့၌ မတွယ်တာရ ဆိုတဲ့ မေတ္တာရှေ့သွားအကျင့်တစ်ခုအဖြစ်နဲ့ သတ်မှတ်ထားတယ်။

**(၁၅) နစခုဒ္ဒ မာစရေကိဉ္စိ ယေနဝိညူပရေ ဥပဝဒေယျုံ –**

မကောင်းတဲ့အမှုမှန်သမျှ အသေးအဖွဲကလေးကိုမျှ မပြုကျင့်ရဘူးတဲ့၊ ဒါလည်း မေတ္တာရှေ့သွားအကျင့်တစ်ခုအဖြစ်ဖြင့် သတ်မှတ်တယ်။ မကောင်းတဲ့အမှုဆိုရင် အသေးအဖွဲလေးပဲ၊ ဘာမှမပြောပလောက်ဘူး၊ ပေါ့ပေါ့လျော့လျော့ သဘောမထားဘဲနဲ့ ဘယ်လောက်သေးတဲ့အကုသိုလ်ဖြစ်ဖြစ် တကယ့်အပြစ်ကြီးအဖြစ်နဲ့ မြင်ပြီးတော့ ရှောင်ကြဉ်ကြရတယ်။

အဲဒါ မေတ္တာရှေ့သွားအကျင့်တွေ၊ အမှန်က မေတ္တာရှေ့သွားအကျင့်တွေဆိုပေမယ့် မေတ္တာနဲ့သာဆိုင်တာမဟုတ်ဘူး၊ ပဋိပတ်အကျင့်တွေ အကုန်လုံး ဒီရှေ့သွားအကျင့်တွေနဲ့ဆိုင်တာချည်းပဲ။ သတိပဋ္ဌာန်အစရှိတဲ့ အကျင့်တွေအား

http://www.dhammadownload.com



လုံး သမထဝိပဿနာဘာဝနာအကျင့်တွေမှန်သမျှ ကျင့်ကြံမယ့်ပုဂ္ဂိုလ်တွေဟာ အခုပြောခဲ့တဲ့ မေတ္တာရှေ့သွားအကျင့်များကိုကျင့်မှ ပြည့်စုံတယ်၊ ထမြောက်အောင်မြင်တယ်။ (သပြေကန်တရားပေါင်းချုပ်၊ ၂၈၁-၃၀၄)

## ကိုယ်တိုင်တွေ့ကြုံရသည့် အကျိုးများ

မေတ္တာဆိုတဲ့တရားဟာ **သန္ဒိဋ္ဌိကော–** ကိုယ်တွေ့ဒိဋ္ဌကောင်းကျိုးတွေကြုံရတဲ့တရား၊ တရားဂုဏ်ခြောက်ပါးနဲ့ ပြောကြစို့ဆိုရင်၊ သန္ဒိဋ္ဌိက – မေတ္တာရဲ့ကောင်းကျိုးရတယ်ဆိုတာ သူတစ်ပါးပြောလို့သိရတာမဟုတ်ဘဲနဲ့ ကိုယ်တွေ့ဒိဋ္ဌ ကိုယ်တိုင်တွေ့ကြုံရတဲ့အကျိုး၊ သန္ဒိဋ္ဌိကဂုဏ်အရ မေတ္တာပွားရင်လည်း အဲဒီအကျိုးကို ကိုယ်တိုင်ရမယ်၊ ကိုယ်တိုင်ခံစားရမယ်။

**အကာလိက –** အခါမလင့်အကျိုးပေးတတ်တယ်၊ အကာလိကဆိုတာ မဂ်တရားကို ပြောတာဖြစ်ပေမယ့် တစ်နည်းအားဖြင့် မေတ္တာပွားရင် နောက်ဘဝမှမဟုတ်ဘူး၊ ဒီဘဝမှာကိုပဲ မိမိတို့အချိန်မဆိုင်း ကောင်းကျိုးရနိုင်တယ်၊ မေတ္တာအကျိုးတွေ။

**ဧဟိပဿိက –** မေတ္တာပွားလို့ ကောင်းကျိုးရမယ်ဆိုတာ အပြောသာမဟုတ်၊ တကယ်သူတစ်ပါးတို့ကို ဖိတ်ခေါ်ပြီး ပြထိုက်တယ်၊ ကျင့်ကြည့်စမ်းပါလို့ ပြထိုက်တဲ့တရားမို့လို့ ဧဟိပဿိက – လာစမ်းပါ ကျင့်ကြည့်စမ်းပါလို့ သူတစ်ပါးကို ဖိတ်ခေါ်ပြထိုက်တဲ့တရားမျိုး။

**ဩပနေယျိက –** စိတ်ထဲဆောင်ကပ်ခြင်းငှာ ထိုက်တဲ့တရားမျိုး။

**ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ –** ပညာရှင်ပုဂ္ဂိုလ်တို့ အသီးသီးလိုက်ကျင့်ရင် ကိုယ့်သန္တာန်မှာ ကိုယ်တွေ့သိနိုင်တဲ့ အရည်အချင်းရှိတဲ့တရား။

ဒီတော့ တရားဂုဏ်တော်နဲ့ပြောရင် မေတ္တာဆိုတာဟာ အပြောနဲ့ ယုံရတာမဟုတ်ဘူး၊ တကယ်ကျင့်ကြည့်၊ ကျင့်ကြည့်ရင် အကျိုးရလိမ့်မယ်လို့ ဒီလိုရဲရဲရင့်ရင့် ဖိတ်ခေါ်ပြနိုင်တဲ့တရားမျိုး၊ စိတ်ထဲဆောင်ကပ်ခြင်းငှာ ထိုက်တဲ့တရားမျိုး။

ဒီတော့ အကျိုးတရားတွေ အင်မတန်များပြားတဲ့ မေတ္တာတရား၊ သို့သော် အဲဒီမေတ္တာတရားကို မှန်မှန်ကြိုးကြိုးစားစား ပွားကြသလားဆိုရင် လူတိုင်းပွားဖို့ တယ်မလွယ်လှပြန်ဘူး၊ ဒီတော့ ဘုန်းကြီးတို့တရားတော်ဆိုတာက အမှတ်တမဲ့ဆိုရင် တရားဘက် တယ်မရောက်ချင်ဘူး၊ ကြောက်ဖွယ်လန့်ဖွယ် စိုးရိမ်ဖွယ်တွေ့တဲ့အခါမှ တရားဘက်ရောက်တတ်ကြတယ်။ ဒါဟာ သဘာဝအတိုင်းပေါ့လေ၊ စောစောကတော့ ပျော်လို့ပါးလို့ တရားမေ့နေကြတယ်၊ နည်းနည်း

http://www.dhammadownload.com



စိတ်ထဲ ထိတ်လာပြီး လန့်လာပြီး ဘေးကြုံလာပြီဆိုရင် ဒီအခါမှာ တရားသတိရလာတတ်တယ်။

တစ်ခါတုန်းက ဘုန်းကြီးတို့ **သိကြားမင်းကြီး** ဟာ ဘုရားရှင်ကိုယ်တော်မြတ်ထံ ရောက်လာတယ်၊ ပြဿနာတစ်ခု မေးတယ်–

တဏှာသင်္ခယ ဝိမုတ္တ– တဏှာကင်းရာ နိဗ္ဗာန်မှာ လွတ်လွတ်ကျွတ်ကျွတ်တည်နေတဲ့ ပုဂ္ဂိုလ်၊ တည်နေကြောင်းတရား၊ အဲဒီတရားကို မေးလျှောက်တယ်၊ မေးလျှောက်တော့ ဘုရားရှင်ကိုယ်တော်မြတ်ကလည်း တဏှာကင်းရာနိဗ္ဗာန်မှာ ကိလေသာတို့မှ လွတ်မြောက်နေတဲ့ပုဂ္ဂိုလ်ဖြစ်ကြောင်းတရားကို ဟောကြားတော်မူခဲ့တယ်၊ အဲဒါနဲ့ သိကြားမင်းကြီးလည်း ကျေနပ်ပြီးတော့ သာဓုအနုမောဒနာပြုပြီးတော့ တာဝတိံသာနတ်ပြည်ကို ပြန်သွားတယ်။

အဲဒီသိကြားမင်းကြီးပြဿနာမေးတုန်းမှာ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးက ကြားလိုက်တယ်၊ အဲဒီအချိန်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့ တစ်ကျောင်းတည်း သီတင်းသုံးနေတာ၊ သိကြားမင်းရဲ့သာဓုအနုမောဒနာပြုသံကိုလည်း ကြားလိုက်တယ်။

အဲဒါနဲ့ အရှင်မောဂ္ဂလာန်မထေရ်မြတ်က တစ်ခါတည်း တာဝတိံသာနတ်ပြည် လိုက်သွားတယ်၊ ဈာန်အဘိညာဉ်နဲ့လိုက်ပြီး ကြွသွားတော့ ဘာသွားတွေ့တုံးဆိုတော့ သိကြားမင်းကြီးဟာ ဒီမှာတုန်းကတော့ တရားနာယူတဲ့အခါမှာ သဘောကျပြီး သာဓုအနုမောဒနာခေါ်ပြီးတော့ ပြန်သွားတယ်။ ဟိုကျတော့ ဒီကမြတ်စွာဘုရား ဟောကြားတော်မူလိုက်တဲ့တရားတော်ကို မေ့နေတယ်၊ မေ့လည်း မေ့စရာပဲ၊ ကချေသည်နတ်သမီးတွေ တီးကြ မှုတ်ကြ၊ သီချင်းဆိုကြ၊ တူရိယာအမျိုးမျိုးနဲ့ သီချင်းအမျိုးမျိုးနဲ့ တီးမှုတ်ကခုန်၊ သိကြားမင်းကြီးကို ပျော်တော်ဆက်နေကြတယ်။ ဒီတော့ အမေ့ကြီး မေ့နေတာပေါ့။

အရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးက သိကြားမင်းကြီးထံ ရောက်သွားတော့ သိကြားမင်းကြီးက ခရီးဦးကြိုဆိုတယ်၊ ခရီးဦးကြိုဆိုပြီးတော့ နှုတ်ဆက်စကား လျှောက်ထားတဲ့အခါကျတော့ အရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်က 'ဘုန်းကြီးလာတာ တခြားမဟုတ်ဘူး၊ ခုန သိကြားမင်းကြီး ဘုရားရှင်ကိုယ်တော်မြတ်ထံ တရားနာပြီးတော့ သာဓုအနုမောဒနာ ခေါ်သွားတဲ့အသံကြားလိုက်တယ်၊ အဲဒါကြောင့် ဘာတရားများ နာရလို့ သာဓုခေါ်ပါလိမ့်ဆိုပြီး အဲဒီတရားကို သိချင်တာနဲ့ နာချင်တာနဲ့ အခုလိုက်လာတာပဲ။ အဲဒီတရားကို ဟောပြစမ်းပါဆိုတော့မှ သိကြားမင်းကြီး ခက်နေပြီ၊ အကုန်လုံးမေ့သွားပြီ၊ အစဖော်လို့မရတော့ဘူး။

http://www.dhammadownload.com



သိကြားမင်းကြီးမေ့နေလို့ ပြန်မပြောတတ်တော့ စကားဖာတာပေါ့လေ၊ အရှင်ဘုရား တပည့်တော်တို့ သိကြားမင်းဆိုတာကလည်း နတ်ပြည်နှစ်ပြည် အုပ်ချုပ်ရတာဘုရား၊ နတ်တွေရဲ့ ထိုထိုကိစ္စတွေ ဖြေရှင်းနေရ, ဘာရနဲ့ အားလှ တယ်မရှိဘူး၊ တစ်ခါတစ်ခါ ကိုယ်နာလာရတဲ့တရားတွေတောင် မေ့မေ့သွား ပါတယ်ဘုရား၊ ကဲကဲ ဒါဖြင့် အရှင်ဘုရားကြွပါဦးဘုရား၊ ဝေဇယန္တာပြာသာဒ် ကြီးကို ကြွပါဦးဘုရားဆိုပြီး ပင့်သွားတယ်။ ဝေဇယန္တာပြာသာဒ်ကြီးရဲ့အခြင်း အရာတွေ ခမ်းနားကြီးကျယ်မှုတွေကို အမျိုးမျိုးချီးကျူးလျှောက်ထားနေတယ်။

အဲဒီတင် အရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်က "အင်း… ဒီသိကြား မင်းဟာ အင်မတန်မေ့နေတဲ့ သိကြားမင်းပဲ၊ ငါ မမေ့အောင်လုပ်ဦးမှပဲ" ဆိုပြီး တော့ တစ်ခါတည်းတန်ခိုးနဲ့ ဝေဇယန္တာပြာသာဒ်ကြီးကို ခြေမကြား ညှပ်ပြီး တော့ သိမ့်သိမ့်ခါ တုန်လှုပ်သွားအောင် စီမံလိုက်တယ်၊ သိကြားမင်းကြီးလည်း ထိတ်လန့်တုန်လှုပ်သွားတယ်။

အဲဒီအခါကျမှ တရားသွားသတိရတယ်၊ စောစောက အာရုံတွေနဲ့ မေ့နေ တာ၊ အခုစိတ်ထဲ ထိတ်လန့်ကြောက်ရွံ့သွားတော့ တရားသွားသတိရတယ်။ အဲဒီတော့မှ အရှင်မဟာမောဂ္ဂလာန်ကို ပြောပြတယ်တဲ့။ ဘုရားရှင်ကိုယ်တော် မြတ်က ဘယ်လိုဟောလိုက်တယ်ဆိုတာလေးကို။

အဲဒါကြောင့် တရားဆိုတာက ပကတိအခါမှာ တယ်သတိမရချင်ဘူး၊ မေ့လျော့ကြတယ်၊ ကြောက်လန့်တဲ့အခါမှာ သတိရကြတယ်၊ အမှတ်ရကြတယ်၊ ဒါကြောင့် တစ်ခါတစ်ခါ စိတ်ထဲကြောက်အောင်လည်း လှန့်ပေးရတယ်။

ပဋိသန္ဓေနေရခြင်းသဘော၊ အိုရခြင်းသဘော၊ သေရခြင်းသဘော၊ ဝဋ်ဒုက္ခ တွေနဲ့ ကြုံရမယ့်သဘောတွေ သံဝေဂဝတ္ထုဆိုတဲ့ ထိတ်လန့်ခြင်းအကြောင်းတွေ နဲ့ ခြောက်လှန့်ပေးလိုက်လို့ရှိရင် စိတ်ထဲမှာ လောကကြီးကို ငြီးငွေ့တုန်လှုပ်၊ အဲဒီအခါမှာ တရားသတိရ၊ တရားသတိရခြင်းဖြင့် တရားကိုအားထုတ်ဖြစ်တယ်၊ ကြိုးစားကျင့်ဖြစ်တယ်။

တစ်ခါတစ်ခါ ကိုယ့်စိတ်ကို သံသရာဘေး, လောကဘေး, ဘေးတွေနဲ့ ခြောက်ပြီးတော့ မတရားတွေ မပြုဖြစ်အောင် တရားတွေ ပွားများဖြစ်အောင် ကြိုးစားကြရတယ်။ ဗုဒ္ဓမြတ်စွာသာသနာနဲ့ကြုံကြိုက်တဲ့အခါမှာ အင်မတန် ထူး ခြားတဲ့ တရားတော်တွေကို လိုက်နာကျင့်ကြံဖြစ်အောင် ပွားများအားထုတ်ဖြစ် အောင် မိမိတို့စိတ် အမြဲတမ်း သံဝေဂတရားတို့ဖြင့် လှန့်ပေးပြီးတော့ တက် တက်ကြွကြွ မျှော်လင့်ချက်ကောင်းကောင်းထားပြီး ကြိုးစားအားထုတ်ကြပါ။

(သပြေကန်တရားပေါင်းချုပ်၊ ၃၀၆-၃၀၇)

http://www.dhammadownload.com



## မေတ္တာပွားများပုံ

ပရိတ်ကြီးနိဿယသစ် – မေတ္တာသုတ်အဖွင့်၌ မေတ္တာပွားပုံကို သပြေကန်ဆရာတော် ဤသို့ရှင်းလင်းဖော်ပြထား၏ –

(၁) ထိတ်လန့်တတ်သော ပုထုဇဉ်သေက္ခနှင့် မထိတ်လန့်တတ်သော ရဟန္တာ ဤပုဂ္ဂိုလ်အားလုံး ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေ။

(၂) မြင်ဖူးသောသတ္တဝါ, မမြင်ဖူးသောသတ္တဝါ, ဤသတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

(၃) အနီးအပါးရှိ သတ္တဝါ, အဝေးနေသတ္တဝါ ဤသတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

(၄) ဖြစ်ပြီး ရဟန္တာနှင့် ဖြစ်ရန်ကံကို ရှာနေသော ပုထုဇဉ်သေက္ခသတ္တဝါ ဤသတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

(၅) ကိုယ်ခန္ဓာရှည်သောသတ္တဝါ, တိုသောသတ္တဝါ, မရှည်မတို အလတ်စား သတ္တဝါ ဤသတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

(၆) ကိုယ်ခန္ဓာကြီးသော သတ္တဝါ, ငယ်သော သတ္တဝါ, မကြီး မငယ် အရွယ်အလတ်စား သတ္တဝါ ဤသတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

(၇) ကိုယ်ခန္ဓာပြည့်ဖြိုးဝိုင်းဝန်းသော သတ္တဝါ, ငယ်သောသတ္တဝါ, အလတ်စား သတ္တဝါ ဤသတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

(၈) သူတစ်ယောက်သည် အခြားသူတစ်ယောက်ကို စဉ်းလဲလှည့်ပတ်မှု မပြုပါစေလင့်၊ ဘယ်အရပ်မှာမဆို ဘယ်ပုဂ္ဂိုလ်တစ်ယောက်ယောက်ကိုမျှ မထီမဲ့မြင်မပြုပါစေလင့်။ ကိုယ်နှုတ်တို့ဖြင့် ထိပါးနှိပ်စက်ခြင်းဖြင့်လည်းကောင်း, ဒေါသစိတ်ဖြင့်လည်းကောင်း အချင်းချင်း တစ်ယောက်သည် တစ်ယောက်၏ ဆင်းရဲကို အလိုမရှိပါစေလင့်။

**တောင့်တရခြင်း။** ။ လှည့်ပတ်ခြင်း, ကောက်ကျစ်စဉ်းလဲခြင်းမှာ ထိုသူ့အပေါ် မေတ္တာမရှိခြင်းကြောင့်ပင် ဖြစ်၏။ ထို့အတူ အလှည့်ပတ်ခံနေရသောသူကလည်း စိတ်ဆိုးတော့မည်ပင် ဖြစ်၏။ ဤသို့ဖြင့် နှစ်ဖက်လုံး မကောင်းကျိုးများ ဖြစ်ပွားနိုင်၍ ဤသို့မလှည့်ပတ်ပါစေနှင့်ဟူသော မေတ္တာကို ပွားရခြင်း ဖြစ်သည်။

http://www.dhammadownload.com



မွေးမိခင်သည် မိမိ၏ရင်သွေးဖြစ်သော တစ်ဦးတည်းသောသားကို မိမိအသက်နှင့်လဲ၍ပင် အစဉ်ကာကွယ်စောင့်ရှောက်ဘိသကဲ့သို့ ထို့အတူ သတ္တဝါအလုံးစုံတို့၌ အတိုင်းအတာပမာဏမရှိသော မေတ္တာစိတ်ကို ပွားများပါလေ။

အထက်အရူပဘဝ, အောက်ကာမဘဝ, အလယ်ရူပဘဝ, အလုံးစုံသောလောက၌ ပိုင်းခြားကန့်သတ်ချက်မရှိသောမေတ္တာစိတ်ကို အပိုင်းအခြားကင်းကျဉ်းမြောင်းခြင်းမရှိအောင် ဒေါသဟူသောအတွင်းရန်မရှိအောင် အပရန်သူလည်း မရှိအောင် ပွားများပါလေ။

**အသမ္ဗာဓ။** ။ အပိုင်းအခြား အကန့်အသတ်ရှိသောနေရာကို သမ္ဗာဓ (= ကျဉ်းမြောင်းသည်) ဟုဆို၏။ အပိုင်းအခြားပျက်မှ ကျယ်ဝန်းပြန့်ပွားသည်။ ဤ၌ ရန်သူကို သိမာ (= အပိုင်းအခြား) ဆိုသည်။ မေတ္တာအရာ၌ ဤသူကား မိမိရန်သူဖြစ်သည်ဟု မေတ္တာမပွား ချန်ထားခဲ့သော် ပိုင်းခြားကန့်သတ်ချက်ရှိနေ၍ ကျဉ်းမြောင်းလျက်ရှိ၏။ ဘိန္နသိမ (= အပိုင်းအခြားပျက်သူ) ဖြစ်အောင် ရန်သူကိုပင် မချန်ထားဘဲ ရန်သူသော်လည်း မေတ္တာရောက်အောင်ပြုသော အပိုင်းအခြားပျက်၍ ကျဉ်းမြောင်းခြင်းမရှိ မေတ္တာနယ်ကျယ်သွားသည်ကို အသမ္ဗာဓ ဆိုသည်။

တစ်မျိုးဆိုရသော် ဘာဝနာမပြည့်စုံသေးခင် ဘုံလောကအနှံ့ မေတ္တာစိတ်ပြန့်ပွားဖို့ မလွယ်သေးသော်လည်း ဘာဝနာပြည့်စုံအားရှိလာသောအခါ မည်သည့်ဩကာသလောကမျှ မကျန်ရအောင် အနှံ့ပြန့်ပွားနိုင်လာသည်။ ဤသို့ ဘုံလောကအနှံ့ပြန့်ပွားလာနိုင်သောအခါ မေတ္တာသည် အသမ္ဗာဓ ဖြစ်လာတော့သည်။ ဤစကားဖြင့် အသမ္ဗာဓ ဖြစ်ရန်မှာ ဘိန္နသိမ (=အပိုင်းအခြား ပျက်အောင်ပြုနိုင်သူ) ဖြစ်၍ ဘာဝနာ အားကောင်းလာမှ ဖြစ်နိုင်ခွင့်ရှိရာ ဥပစာရဈာန် အပ္ပနာဈာန်ရရှိမှသာ ထိုသို့ဖြစ်နိုင်၍ ထိုဈာန်ရသူများ၏ မေတ္တာကို အသမ္ဗာဓ ဟုဆိုရကြောင်း သိပါလေ။

**သိမာသမ္ဘေဒ။** ။ ဤ၌ အပိုင်းအခြားပျက်ခြင်းနှင့်စပ်လျဉ်း၍ ဆိုခွင့်ဆိုက်လာပြန်သောကြောင့် ဝိသုဒ္ဓိမဂ်လာ မေတ္တာပွားပုံ အစီအစဉ်အကျဉ်းချုပ်မျှကို ဆက်လက်ပြဦးမည်။ မေတ္တာဘာဝနာအရာ၌ မေတ္တာရှေးဦးစွာ မပွားအပ်သူ၊ ပွားအပ်သူ၊ လုံးဝမပွားအပ်သူများရှိရာ မချစ်အပ်သူ (=မုန်းသူ) ၌ မေတ္တာ 'စ' မပွားရ၊ ပွားလျှင် ဒေါသဖြစ်လာတတ်၍ မေတ္တာဖြစ်ရန် ခက်ခဲ၏။ အလွန်ချစ်သူ၌ တဏှာပေမ ရှိနေရာ ထိုသူ၏ သုခ, ဒုက္ခအတွက် သောကစသည်ဖြစ်လာတတ်၍ မေတ္တာပွားရေးမှာ မလွယ်၊ မမုန်း မချစ် အလတ်စားပုဂ္ဂိုလ်၌ မိမိက ချစ်မြတ်နိုးမှုမရှိသောကြောင့် ချစ်မြတ်နိုးသူအရာထားရန် အခက်တစ်ရပ်

http://www.dhammadownload.com



ပင်။ ရန်သူကား ဒေါသဖြစ်လာမည်ဖြစ်၍ စတင်ပွားရန် သာ၍မလွယ်သည်သာ။ ထို့ကြောင့် ထိုပုဂ္ဂိုလ်လေးမျိုးတို့၌ ရှေးဦးစွာ မေတ္တာမပွားအပ်။

လိင်မတူသူများ၌ ရာဂဖြစ်တတ်ခြင်း, သေသူ၌ပွားလျှင် အပ္ပနာရျာန်, ဥပစာရရျာန် မရနိုင်ခြင်းတို့ကြောင့် ထိုသူနှစ်မျိုးတို့၌ကား လုံးလုံးမပွားသင့်။ ထို့ကြောင့် မေတ္တာပွားလိုသော ပုဂ္ဂိုလ်သည် "အဟံ သုခိတော ဟောမိ နိဒ္ဒုက္ခော= ငါချမ်းသာပါစေ၊ ဆင်းရဲကင်းပါစေ" စသည်ဖြင့် မိမိကိုယ်ကို ရှေးဦးစွာ ပွားအပ်၏။ မိမိကိုယ်ကို ပွားခြင်းမှာ ရျာန်ရဖို့ကား မဖြစ်နိုင်။ သို့သော် ငါချမ်းသာချင်သလို ငါမဆင်းရဲချင်သလို အခြားသတ္တဝါများလည်း ဆင်းရဲကင်းလို ချမ်းသာလိုကြသည်ဟု မိမိကိုသက်သေတင်ကာ တစ်ပါးသတ္တဝါတွေအပေါ်မှာ အကျိုးလိုလားမှု ချမ်းသာလိုလားမှုဖြစ်လာတတ်၍ မိမိကိုယ်ကို စတင်ပွားရခြင်း ဖြစ်သည်။ (ဝိသုဒ္ဓိ၊ ပ၊ ၂၈၇)

ထို့နောက် မိမိချစ်ခင်လေးစားအပ်သော ဆရာဥပဇ္ဈာယ်စသည်တို့၌ ထိုပုဂ္ဂိုလ်တို့၏ သီလ, သုတဂုဏ်, ချစ်ဖွယ်ပြောဆိုပြုမူခဲ့ပုံစသော ချစ်မြတ်နိုးဖွယ်ကြည်ညိုဖွယ်ဂုဏ်များကို အောက်မေ့ပြီးလျှင် "ဧသသပ္ပုရိသော သုခိတော ဟောတု နိဒ္ဒုက္ခော= ဤသူတော်ကောင်း ချမ်းသာပါစေ, ဆင်းရဲကင်းပါစေ" စသည်ဖြင့် မေတ္တာပွားရသည်။ ထိုသို့ မိမိအကျိုးလိုလား၍ လေးစားမြတ်နိုးသော ဆရာစသည်တို့၌ ပွားအပ်သော မေတ္တာအလေ့အလာများ အားရှိလာသောအခါ အလွန်ချစ်သောမိတ်ဆွေ, မမုန်း မချစ် အလယ်အလတ်ပုဂ္ဂိုလ်နှင့် ရန်သူများ၌ ပြောင်းကာပြောင်းကာ အစဉ်အတိုင်း ပွားသွားရသည်။ အလေ့အလာ ပွားများထားအပ်ပြီးသော မေတ္တာသည် နောင် ရန်သူ၌ စိတ်ရောက်သောအခါပင် ရန်သူအဖြစ်မမြင်တော့ဘဲ ပီယပုဂ္ဂိုလ် (= ချစ်မြတ်နိုးသူ) အဖြစ် ရောက်လာတော့သည်။

* လိင်မတူရာ၊ သေသူမှာ၊ မေတ္တာမပွားနှင့်။
* မုန်းထားသသူ၊ လွန်ချစ်သူနှင့်၊ အလယ်လူတဖြာ၊ ရန်သူမှာ၊ မေတ္တာ မစလင့်။
* မိမိစယူ၊ ချစ်သူနောက်ဆို၊ ပို၍ချစ်သူ၊ ကိုယ့်ရန်သူ၊ ပွားမူစဉ်တိုင်းသင့်။

ဤသို့ မေတ္တာကို ထပ်တလဲလဲပွားနေသောပုဂ္ဂိုလ်သည် မိမိနှင့် မိမိ ချစ်မြတ်နိုးသော ပီယပုဂ္ဂိုလ်, မမုန်းမချစ် အလယ်အလတ်စားပုဂ္ဂိုလ်, ရန်သူ ဟူသော ဤလေးဦး၌ မေတ္တာစိတ် ညီတူညီမျှမရှိသေးလျှင် သီမာသမ္ဘေဒ (=အပိုင်း

http://www.dhammadownload.com



အခြား ပျက်ခြင်း) မဖြစ်သေး၊ ထိုလေးဦး၌ အကျိုးလိုလားသော မေတ္တာစိတ် ထား ညီတူညီမျှဖြစ်မှသာ သီမာသမ္ဘေဒ ဖြစ်၏။

"သီမာသမ္ဘေဒ"ဟူရာ၌ ရွာတို့၏အပိုင်းအခြားသည် တစ်ရွာနှင့်တစ်ရွာ ကို မရောက်စေဘဲ သီးခြားကန့်သတ်တည်နေသကဲ့သို့ မိမိစသော လေးဦးမှာ ဘာဝနာ၏ ရှေ့အဖို့၌ မရောယှက်ဘဲ သီးခြားအသွင်တည်နေသော အပိုင်း အခြား–သီမာများပင်ဖြစ်သည်။ ဘာဝနာကြောင့် ထိုသူလေးဦး၌ စိတ်တစ်မျိုး တည်း ဖြစ်လာသောအခါ အပိုင်းအခြားပျက်သွားပြီဟု ဆိုရတော့သည်။

ထိုအပိုင်းအခြားပျက်ခြင်းလက္ခဏာကို ဤသို့ပြဆို၏။ ချစ်သူ၊ ရန်သူ၊ မမုန်းသူ၊ မချစ်သူ၊ သုံးဦးသားနှင့် မိမိတို့ တစ်နေရာမှာ အတူနေစဉ် သူခိုးများ ရောက်လာ၍ တစ်ဦးဦးကိုပေးရန် တောင်းဆိုလာ၏။ "ဘာကြောင့်လဲ"ဟု မေး သောအခါ သူ့ကိုသတ်၍ လည်ချောင်းသွေးဖြင့် ယဇ်ပူဇော်ရန်ဖြစ်ကြောင်း ဆိုကြ၏။ ထိုအခါ ဘယ်သူ့ကိုယူဟု စိတ်အကြံဖြစ်လျှင် သီမာသမ္ဘေဒ မဖြစ် သေး။ "ငါ့ကိုယူတော့၊ ဤသုံးဦးကို ထားခဲ့"ဟု ကြံလျှင်ပင် သီမာသမ္ဘေဒ မဖြစ်သေး၊ ဘာကြောင့်နည်း၊ တစ်ယောက်ယောက်ကို ယူစေခြင်းသည် ထိုသူ ၏အကျိုးကို မလိုလားခြင်းဖြစ်နေသောကြောင့်တည်း။ လေးယောက်တွင် ဘယ်သူ့ကိုမျှ ပေးစရာမမြင်သောအခါ လေးဦးလုံးအပေါ်မှာ ညီမျှသော စိတ် ထား ဖြစ်နေပြီ။ ထိုအခါကား သီမာသမ္ဘေဒ(=အပိုင်းအခြားပျက်မှု) ပြုပြီး ဖြစ် နေသောအခါတည်း။

ထိုသို့သီမာသမ္ဘေဒဖြစ်လျှင်ပင် ထိုပုဂ္ဂိုလ်သည် နိမိတ်ကိုလည်းကောင်း ဥပစာရသမာဓိကိုလည်းကောင်း ရတော့သည်။ ဤ၌ နိမိတ်ဆိုသော်လည်း ပထဝီကသိုဏ်းစသော ကမ္မဋ္ဌာန်းများကြောင့် ရအပ်သော ပဋိဘာဂနိမိတ်မျိုး ထင်သည်ကား မဟုတ်။ ဆိုခဲ့ပြီး သီမာသမ္ဘေဒကိုပင် နီဝရဏကင်းကြောင်း ဥပစာရစျာန်ရကြောင်းဖြစ်၍ နိမိတ်နှင့်တူသောကြောင့် နိမိတ်ဟုဆိုခြင်း ဖြစ် ၏။ ထိုနိမိတ်ကိုပင် အထပ်ထပ်အခါခါ လေ့လာပွားများခြင်းကြောင့် မကြာမီ အပ္ပနာစျာန်သို့ ဆိုက်ရောက်တော့သည်။

**ရန်၊ ရန်သူမရှိ။** ။ 'အဝေရ'၌ ဝေရ–အရ မေတ္တာ၏အတွင်းဖြစ်အောင် ပွားရမည်ဆိုလို၏။ မေတ္တာ၌ကား ဒေါသရှိသည်မဟုတ်၊ ဘာဝနာ၏အကြား အကြား၌ တစ်ခါတစ်ခါ ပေါ်လာသော ဝေရစေတနာ(=ဒေါသစိတ်) ကို မဖြစ် အောင်ပြုရမည်ဟုဆိုခြင်းဖြစ်၏။ မည်သည့်ဘာဝနာ၌မဆို သမာဓိအားမကောင်း သေးခင် ရှေးယခင်ကြုံတွေ့ရဖူးသော အာရုံများမှာ ထင်လာတတ်မြဲဖြစ်၏။ တစ်ခါတစ်ရံ မိမိကို တစ်စုံတစ်ယောက်က အကျိုးမဲ့ပြုခဲ့သည်ကိုလည်းကောင်း

http://www.dhammadownload.com



စော်ကားခဲ့ ထိပါးခဲ့သည်ကိုလည်းကောင်း ယခုပင် အပြုခံနေရသည့်ပမာ ထင်လာတတ်၏။ မေတ္တာကို ပွားနေစဉ်အခါလည်း အကြားအကြား၌ ထိုသို့ဒေါသစိတ် ပေါ်မလာအောင် ဆက်စပ်သွားမှ အဝေရဖြစ်သည်။

ဆိုလိုရင်းမှာ ထိုဝေရစေတနာမျိုးမှာ သမာဓိအား မကောင်းသေးမီသာ ဖြစ်လာတတ်၍ သမာဓိအားကောင်းလာသော ဘာဝနာပြည့်စုံချိန်မှာ ဖြစ်လာတော့မည် မဟုတ်သောကြောင့် အဝေရဖြစ်အောင် ပွားရမည်ဆိုသောစကားဖြင့် သမာဓိအား အကောင်းဆုံးဖြစ်သည်အထိ ပွားရမည်ကို ညွှန်ကြားသည်။ ထိုစကားဖြင့် အဝေရမှာ ဥပစာရဈာန် အပ္ပနာဈာန်မေတ္တာကို ပြဆိုခြင်းဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ သတ္တဝါများအပေါ်၌ ဒေါသစိတ်မရှိ၊ မေတ္တာစိတ်အား ကောင်းစွာ ထားနိုင်သူအား လူလည်းချစ် နတ်ဘီလူးတို့လည်း ချစ်အပ်သည်ဖြစ်ရာ ရန်သူမရှိတော့ပြီ။ ထို့ကြောင့် ဤမေတ္တာစိတ်ကို ရန်သူမရှိသည်အထိ အားရှိလာအောင် ပွားရမည်ဟုဆို၏။

**မေတ္တာဈာန်သတိ။** ။ ရပ်လျက်ဖြစ်စေ သွားလျက်ဖြစ်စေ ထိုင်လျက်ဖြစ်စေ အိပ်လျက်ဖြစ်စေ ငိုက်မျဉ်းခြင်း ကင်းနေသောအချိန်မှာ မေတ္တာဈာန်သတိကို စွဲမြဲစွာ ဆောက်တည်ရာ၏။ ဤဘုရားရှင်သာသနာ၌ ဤမေတ္တာဈာန်သတိဖြင့်နေခြင်းကို ဗြဟ္မဝိဟာရ (=ထူးမြတ်သော နေခြင်းမျိုး) ဟူ၍ ဘုရားရှင်များ ဟောကြားတော်မူခဲ့သည်။

အာနာပါနအရာ၌ "နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံကာယံ ပဏိဓာယ" စသည်ဖြင့် တင်ပျဉ်ခွေထိုင်ရန်လည်းကောင်း အထက်ပိုင်းကိုယ်ကို ဖြောင့်မတ်စွာ ထားရန်လည်းကောင်း ပိုင်းခြားသတ်မှတ်ချက် ဟောတော်မူသကဲ့သို့ ဤ၌ သတ်မှတ်ချက်ဟူ၍ မထား၊ မိမိသက်သာချမ်းသာသလို နေလိုရာ ဣရိယာပုထ်ဖြင့်နေကာ ပွားများနိုင်၏။ ရပ်လျက်ပွားများ၍ ညောင်းလာလျှင် ထိုင်ခြင်း စသော အခြားအနေအထားပြောင်းကာ ပွားနိုင်၏။ ထို့အတူ ထိုင်လျက် စီးဖြန်းစဉ် ညောင်းလာလျှင် တခြားအိပ်ခြင်း, ရပ်ခြင်းစသည်ဖြင့် လိုသလို ပြောင်းနိုင်၏။

**မအိပ်ချင်သရွေ့။** ။ မည်သည့်ဣရိယာပုထ်ဖြင့် ပွားသည်ဖြစ်စေ အိပ်ချင်လျှင် ဘာဝနာ၌ သမာဓိရမည်မဟုတ်။ မည်သည့်ကမ္မဋ္ဌာန်းမဆို သမာဓိအား မကောင်းသေးခင် အိပ်ချင်ခြင်း, ငိုက်မျဉ်းခြင်းများ ဖြစ်လာတတ်မြဲတည်း။ သမာဓိအားကောင်း၍ နိုင်နင်းလာသောအခါ အိပ်ချင်ခြင်း, ငိုက်မျဉ်းခြင်း မရှိတော့ဘဲ အလွန်ကြည်လင်စွာ ပွားနိုင်တော့သည်။ ဤမေတ္တာဘာဝနာ၌လည်း

http://www.dhammadownload.com



လေ့လာနိုင်နင်းပြီးဖြစ်၍ သမာဓိအား ရှိနေသောပုဂ္ဂိုလ်အဖို့ ဘယ်ဣရိယာပုထ် ဖြင့်မဆို ပွားလိုသောအခါ အိပ်ချင်ခြင်းကင်းလျက် ကြည်လင်စွာပွားနိုင်၏။

**ဈာန်မှ မဂ်ဖိုလ်သို့။** ။ မေတ္တာဘာဝနာကား အပ္ပနာဈာန်ရရန်သာဖြစ်၍ မဂ်ဖိုလ်အထိ ပို့စွမ်းနိုင်ခြင်းမရှိသေး။ ဗုဒ္ဓရှင်တော်၏အလိုမှာ အားလုံး မဂ်ဖိုလ်ရရန်အတွက်သာဖြစ်၍ မေတ္တာမှတစ်ဆင့်တက်ကာ အရိယာဖြစ်ရန် နည်းလမ်းညွှန်ပြလျက် ဒေသနာကို အဆုံးသတ်တော်မူလို၍ "ဒိဋ္ဌိဉ္စ"စသည် ဖြင့် ဟောကြားတော်မူသည်။

အတ္တဒိဋ္ဌိသည် ဒိဋ္ဌိမှန်သမျှတို့၏အရင်းခံဖြစ်သောကြောင့် အတ္တဒိဋ္ဌိရှိနေသူ၌ မည်သည့်ဒိဋ္ဌိမျှအရင်းကင်းသည်ဟုမဆိုနိုင်၊ အတ္တဒိဋ္ဌိကို နုတ်ပယ်ပြီးကလည်း မည်သည့်ဒိဋ္ဌိမျှမကျန်ရစ်တော့ပေ။ ထို့ပြင် အတ္တဒိဋ္ဌိရှိသူ၌ သဘာဝ အမှန်ရုပ်နာမ်တို့ကို မမြင်နိုင်ဘဲရှိရာ ရုပ်နာမ်မြင်မှ နိဗ္ဗာန်ရမည်ဖြစ်၍ မဂ် ရဖို့အရေး၌ ရုပ်နာမ်တို့ကို ကွယ်ကာထားသော ထိုအတ္တစွဲကို အရေးတကြီး ထားကာ ပယ်ရှားရမည်ဖြစ်သောကြောင့် ဒိဋ္ဌိအရ အတ္တဒိဋ္ဌိကိုယူသည်မှာ သင့် မြတ်ပေသည်။

**ဝိပဿနာပြ။** ။ "ဒိဋ္ဌိဖြင့်မရောက်မစွဲမူ၍" ဟူသည် ဝိပဿနာဘာဝနာ၏ အစွမ်းဖြင့် ပယ်ရမည်ကို ဆိုသည်။ မေတ္တာဈာန်ကို ရသောပုဂ္ဂိုလ်သည် ထို ဈာန်မှထ၍ ဈာန်ရှိသောဝိတက်, ဝိစာရစသော နာမ်တရားတို့ကိုလည်းကောင်း၊ ထိုနာမ်တရားတို့၏မှီရာ ဟဒယဝတ္ထုစသော ရုပ်တရားတို့ကိုလည်းကောင်း၊ ရှုဆင်ခြင်ခြင်းဖြင့် နာမရူပပရိစ္ဆေဒဉာဏ်အမြင်သန်လာသောအခါ ခန္ဓာကိုယ် ၌ သတ္တဝါအတ္တကို ရှာမရ၊ သခ်ါရရုပ်နာမ်အစုအဝေးမျှသာတကားဟု အမှန် မြင်သောကြောင့် အတ္တဒိဋ္ဌိအမှားအစွဲသို့ မရောက်တော့ပေ။

အဋ္ဌကထာ ဈာန်ကိုအခြေခံ၍ ဝိပဿနာတက်သောနည်းကိုသာ ပြ၏။ ထိုသို့ပြသဖြင့် မေတ္တာဈာန်ကို အခြေခံမပြုတော့ဘဲ အခြားထင်မြင်ရာရုပ်နာမ် များကို ဆင်ခြင်မှုမပြုရဟုကား မမှတ်အပ်။ ဈာန်မှတစ်ပါး အခြားရုပ်နာမ် များကို ရှုလိုက ရှုနိုင်ခွင့်ရှိသည်။

"ဒိဋ္ဌိဉ္စအနုပဂ္ဂမ္မ"ဖြင့် ဒိဋ္ဌိဝိသုဒ္ဓိကို ဆိုအပ်၏၊ သို့သော် အတ္တဒိဋ္ဌိသည် မဂ်သို့ရောက်မှ အကြွင်းမဲ့ပြတ်၏။ ကခ်ါဝိတရဏဝိသုဒ္ဓိစသော ဝိသုဒ္ဓိငါးပါး တို့ဖြင့် ရုပ်နာမ်တို့၏အကြောင်း အဖြစ်အပျက်အခြင်းအရာတို့ကို ဆက်ကာ ဆက်ကာရှုနေရသည်မှာ အတ္တဒိဋ္ဌိကိုအကြွင်းမဲ့ပယ်ရန်ချည်းသာဖြစ်၏။ ထို့ ကြောင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိတိုင်အောင် ၎င်းဝိသုဒ္ဓိ ငါးပါးကိုလည်း "ဒိဋ္ဌိဉ္စအနုပဂ္ဂမ္မ" ဖြင့်ပင် ပြကြောင်းသိပါလေ။

http://www.dhammadownload.com



**အလယ်မဂ်နှစ်ပါး။** ။ "သီလဝါ ဒသနေန သမ္ပန္နော" နှစ်ပုဒ်ဖြင့် သောတာပတ္တိမဂ်ရပြီးသော သောတာပန်ပုဂ္ဂိုလ်အဖြစ်ကိုပြ၏။ သောတာပန်ဖြစ်ပြီးပုဂ္ဂိုလ်သည် ထိုဘာဝနာကိုပင် ပွားခြင်းဖြင့် သကဒါဂါမိမဂ်သို့ဆိုက်ရောက်ရသည်။ ထိုအခါ သောတာပတ္တိမဂ်က မပယ်နိုင်သေးသော ကာမတဏှာမှာ ပါးခဲ့နည်းခဲ့၏။ ထို့နောက် တစ်ဆင့်တက်ကာ ပွားများပြန်သောအခါ အနာဂါမိမဂ်ရပြန်သည်။ ထိုအခါ ကာမရာဂမှာ အကြွင်းမဲ့ပယ်ပြီးဖြစ်တော့၏။ ထို့ကြောင့် ကာမေသု ဝိနေယျဂေဓံ"ဖြင့် သကဒါဂါမိ, အနာဂါမိနှစ်ပါးသို့ ရောက်ပြီးသော သကဒါဂါမ်, အနာဂါမ်အဖြစ်ကို ပြသည်။

**အဋ္ဌကထာအဆို။** ။ အနာဂါမ်အဖြစ်သို့ရောက်သောပုဂ္ဂိုလ်မှာ ကာမရာဂပယ်ပြီးဖြစ်သောကြောင့် ဤလူ့ဘုံနှင့်တကွ ကာမဘုံမှန်သမျှမှာ မဖြစ်တော့ပြီ။ ထိုသို့ လူ့ဘုံ၌ဖြစ်တော့မည်မဟုတ်၍ "နဟိဇာတုဂ္ဂဗ္ဘသေယျ ပုနရေတိ = နောက်တစ်ဖန် ဧကန် အမိဝမ်း၌ ပဋိသန္ဓေမနေရတော့"ဟု ဟောခဲ့၏။ အမိဝမ်း၌ ပဋိသန္ဓေမနေရဟုဆိုသဖြင့် ၎င်းမှာ ဤလူ့ဘုံမှ စုတေသော် သုဒ္ဓါဝါသဘုံတို့၌ဖြစ်ပြီးလျှင် ထိုဘုံတို့မှာပင် အရဟတ္တဖိုလ်ရရှိလျက် ပရိနိဗ္ဗာန်စံရတော့မည်။ ဤသို့အဋ္ဌကထာ၌ ဂဗ္ဘသေယျံကို ဇလာဗုဇ ပဋိသန္ဓေယူကာ ဤဒေသနာကို အနာဂါမိဖိုလ်တို့ဖြင့် ဤလူ့ဘုံအတွက် အဆုံးသတ်တော်မူခဲ့သည်။

**တစ်မျိုးကြံဦး။** ။ မြတ်စွာဘုရားအလိုတော်မှာ ဖြစ်နိုင်လျှင် အရဟတ္တဖိုလ်အထိ ပေါက်ရောက်စေလိုသည်သာဖြစ်ပေလိမ့်မည်။ ဤ၌လည်း တရားနာသူရဟန်းတို့ကို ဤဘဝ သို့မဟုတ် ဤခဏအတွင်း အရဟတ္တဖိုလ်ရောက်သည်အထိ ပေါက်စေရန် ဟောသည်ဖြစ်ရာ၏။ သို့ဖြစ်လျှင် 'ကာမေသု ဝိနေယျဂေဓံ' ဖြင့် အနာဂါမိဖိုလ် ရောက်သည်အထိ ပြ၍ 'န ဟိဇာတုဂ္ဂဗ္ဘသေယျ ပုနရေတိ'ဖြင့် အရဟတ္တမဂ်ရ၍ ရဟန္တာဖြစ်သည်၏အဖြစ်ကိုပြ၏ဟုယူသော် ဘုရားအလိုတော်နှင့် ပို၍ကိုက်ညီဖွယ်ရှိပေလိမ့်မည်ဟု သဘောရ၏။

(ပရိတ်ကြီး နိဿယသစ်၊ နှာ-၃၅၉-၃၇၉)

## လက်တွေ့ကျသော မေတ္တာဘာဝနာ

သပြေကန်ဆရာတော်သည် ဆိတ်ငြိမ်ရာ မိမိ၏ကျောင်းသခ်မ်းတွင် တစ်ပါးတည်း သီတင်းသုံးတော်မူ၍ တရားနှလုံးသွင်းကာ အမြဲတစေ နေထိုင်လေ့ရှိသည်။ ပရိယတ်–ပဋိပတ်အလုပ်နှင့်သာ မွေ့လျော်နေသည်ဆိုပါသော်လည်း ပိဋကတ်ကျမ်းဂန်များနှင့် ဘာသန္တရကျမ်းစာအုပ်များစွာကို ကောင်းစွာမှတ်မိ

http://www.dhammadownload.com



နေသဖြင့် အထူးတလည် ထပ်ကာထပ်ကာ ဖတ်ရှုနေဖို့မလိုချေ။ မှီငြမ်းကိုးကားရန်အတွက်သာ တစ်ချက်တလေ ကြည့်ရှုဖို့ လိုသည်။

ထို့အပြင် ဆရာတော်၏ မျက်စိများမှာလည်း အသက်အရွယ်ကြီးလာသည်နှင့်အမျှ အားနည်းလာကြသည့်အတွက် ဆရာတော်သည် မျက်စိကို ချွေတာ၍ သုံးစွဲနေရသည်။ တစ်ချိန်လုံး စာဖတ် စာရေးနေ၍မဖြစ်ချေ။ အချိန်ပိုင်းမျှ စာဖတ်စာရေးခြင်းကိုပြုလုပ်၍ ကျန်အချိန်များစွာတွင် ဓမ္မရေးရာတရားသဘောများကို ဆင်ခြင်သုံးသပ်၍လည်းကောင်း၊ ဘာဝနာရှုပွား၍လည်းကောင်း နေထိုင်တော်မူလိမ့်မည်။

ဆရာတော်သည် "ယထာဝါဒီ တထာဝါရီ – ပြောဆိုဆုံးမသည့်အတိုင်း ပြုလုပ်တတ်သူ" ဖြစ်ရာ ဘုရားအဆုံးအမနှင့်အညီ သူတစ်ပါးတို့အား ပြောဆိုညွှန်ကြားပြီးနောက် မိမိကိုယ်တိုင်လည်း ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူ၏။ ဆရာတော်သည် မေတ္တာစွမ်းအား အလွန်ကြီးမားသည်ကို ထောက်ရှု၍ ဆရာတော်သည် မေတ္တာဘာဝနာကို အမြဲလက်ကိုင်ထားကြောင်း သိနိုင်သည်။

မေတ္တာသည် အဒေါသစေတသိက်ဖြစ်သည်နှင့်အညီ ဒေါသမီးလျှံကို ငြိမ်းသတ်နိုင်သော အကောင်းဆုံးရေစင်ဖြစ်၏။ မေတ္တာကို လက်ကိုင်ထားနိုင်သူသည် အမျက်ဒေါသကို ကောင်းစွာချုပ်ထိန်းနိုင်၏။ "ပညာရှိအမျက် အပြင်မထွက်" ဟူသည်မှာလည်း ရုပ်နာမ်သဘော အနိစ္စ, ဒုက္ခ, အနတ္တသဘောတို့ကို ဉာဏ်မျက်စိဖြင့် မြင်သိ၍ "ငါစွဲ" "အတ္တစွဲ" ကို ပယ်ဖျက်နိုင်မှသာလျှင် အမျက်ဒေါသကို အတော်အသင့်ကောင်းစွာထိန်းချုပ်နိုင်သည်။ လောကီပညာရှိများမှာ အမျက်ဒေါသကို မချုပ်ထိန်းနိုင်ကြ။ ဝိပဿနာရှုပွား၍ အနာဂါမိမဂ်ဉာဏ်ဖြင့် ဒေါသကို အမြစ်ပြတ် ပယ်သတ်ထားနိုင်သူတို့သာလျှင် ဒေါသလုံးဝကင်းစင်၍ မည်သည့် အခြေအနေဆိုးနှင့် ကြုံတွေ့သည်ဖြစ်စေ မည်သည့်အခါမျှ ဒေါသထွက်တော့မည်မဟုတ်ချေ။

သပြေကန်ဆရာတော် ဒေါသထွက်သည်ကို မတွေ့ဖူးကြပါ၊ "ဆရာတော်မှာ ဒေါသပဲ ရှိလေဦးမလား" ဟု တွေးတောစရာဖြစ်၏။ ဆရာတော်ကို မေးမြန်းသည့်အခါ "ဘုန်းကြီးလဲ အရင်က စိတ်တိုပါတယ်၊ တဖြည်းဖြည်း စိတ်ကို လျှော့ပေးရတယ်" ဟူ၍သာ မိန့်ဆိုတော်မူ၏။ သူတစ်ပါးတို့အား ဒေါသချုပ်တီးရန် လက်တွေ့ကျသောနည်းကို လမ်းညွှန်ပေးခြင်းဖြစ်၏။ သူကိုယ်တိုင်မှာ တရားကို မြင်သိပြီး ဒေါသကို ကောင်းစွာချုပ်ထိန်းနိုင်ခြင်းဖြစ်၏။

အထူးသဖြင့် မနှစ်သက်သောအရာများနှင့်ကြုံကြိုက်သည့်အခါ အလိုမကျသည့်အခါ မိမိချစ်မြတ်နိုးသည့်ပုဂ္ဂိုလ်, ပစ္စည်းများ ပျက်စီးဆုံးရှုံးရသောအခါ

http://www.dhammadownload.com



အလွန်နာကျင်ကိုက်ခဲသည့် ဝေဒနာဆိုးများနှင့် ကြုံတွေ့သည့်အခါများတွင် ထောင်းခနဲ ထကြွလာသည့်ဒေါသ၊ ပူဆွေးလှိုက်ဆူ ညည်းညူငိုကြွေးရသော ဆုတ်နစ်သည့်ဒေါသတို့ကို ဖြစ်ပေါ်မလာအောင် ချုပ်ထိန်းရန်မှာ အလွန် ခဲယဉ်းပါသည်။

သပြေကန်ဆရာတော်၏ သည်းညည်းခံနိုင်သော စွမ်းရည်သတ္တိမှာလည်း အံ့ချီးလောက်ပါသည်။ အဆင်မပြေသည်ဖြစ်စေ၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, ပစ္စည်းလေးပါး ချို့တဲ့လျှင်ဖြစ်စေ၊ မိမိ၏အဆုံးအမ ဩဝါဒကို တပည့်များ မလိုက်နာလျှင်ဖြစ်စေ ကောင်းစွာသည်းခံတော်မူသည်။ အထူးသဖြင့် ရောဂါဝေဒနာကို သည်းညည်းခံနိုင်သောစွမ်းအားမှာ စံထားလောက်ပါသည်။

ဆရာတော်သည် စာသင်သားဘဝကတည်းက ကျန်းမာရေးချို့တဲ့လာသည်။ ကျန်းမာရေးမကောင်းပါသော်လည်း စာသင်အံခြင်းနှင့် စာပို့ချခြင်းကို မညည်းမညူဆောင်ရွက်တော်မူသည်။ အသက်ကြီးလာသောအခါ ဆီးရောဂါမှာ ဆိုးဝါးလာသည်၊ ဆီးအကျိတ်ရောင်သော ဝေဒနာဟူသည်မှာ အလွန်ဆိုးလှသည်၊ သာမန်လူတို့မှာ တညည်းညည်း တညူညူနှင့် အော်ဟစ်နေကြရသည်။ ဆရာတော်က ဆီးအကျိတ်ကို ခွဲစိတ်ကုသခံရသည့်တိုင်အောင် မညည်းညူပါ။ တစ်ခါ ဆီးလမ်းကြောင်း အတားအဆီး အပိတ်အဆို့ရှိနေသည်ကို ဖယ်ရှားရန် အထူးကုဆရာဝန်တို့က မေ့ဆေးပေး၍ ကုသမည်ပြုသောအခါ ဆရာတော်က မေ့ဆေးမသုံးဘဲ လိုအပ်တာကုသရန် မိန့်တော်မူသည်။ ကြက်သီးမွေးညင်း ထစဖွယ်ပင်။ ဆရာဝန်တို့က ထုံဆေးသုံး၍ ခွဲခြစ်ကုသရာတွင်လည်း မထိတ်မလန့်ဘဲ ရဲဝံ့စွာခံယူတော်မူသည်။

ထို့အပြင် မိမိ၏ကိုယ် ပင်ပန်းနွမ်းနယ်မှုကို ပဓာနမထားဘဲ ဒကာ, ဒကာမများ၏ အလှူကိစ္စ, ဆွမ်းကျွေးကိစ္စ, ဘုရားအနေကဇာတင်ကိစ္စ, ရဟန်းခံ ရှင်ပြုကိစ္စ, ဥပုသ်ဆောက်တည်ရေးကိစ္စ, တရားနာကြားရေးကိစ္စ စသည်တို့ကို ပဓာနထားလျက် အဆက်မပြတ် ဆောင်ရွက်ပေးတော်မူသည်။

ကိုယ်ပင်ပန်းနွမ်းနယ်နေပါသော်လည်း မျက်နှာတော်မှာ အမြဲထာဝရ လန်းဆန်းရွှင်ပျလျက်ရှိသည်။ မျက်နှာတော်ကြည်လင်ပြီး တည်ငြိမ်ရင့်ကျက်သည်။ အကျိုးကျေးဇူးကို မျှော်ထောက်ရှု၍ ပြောဆိုသင့်သမျှ အဆုံးအမဩဝါဒကို တိုးညင်းသာယာစွာ မိန့်တော်မူသည်။ ဆရာတော်၏ မေတ္တာဓာတ်ကြောင့် ဖူးမြင်ရသူတို့မှာ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းအေးမြကြရပါသည်။

တိပိဋကဓရဆရာတော် **အရှင်သုမင်္ဂလာလင်္ကာရ** က "သပြေကန်ဆရာတော်ဘုရားကြီး ထေရုပ္ပတ်ရည်" စာစောင်တွင် ဤသို့ရေးသားထား၏ –

http://www.dhammadownload.com



"ဆရာတော်ဘုရား၏ အံ့ဖွယ်ဂုဏ်များကား များလွန်းလှပါ၏၊ မရေးဘဲ မနေနိုင်လောက်အောင် မိမိမြင်သည့် အံ့ဖွယ်ထူးကား အရှင်အာနန္ဒာမထေရ် အလား ဆရာတော်ဘုရားကို ဖူးကြရသူအားလုံး ပီတိဖုံးကြရ၊ ဆရာတော်ဘုရား ၏ တရားတော်ကို နာကြားကြသမျှ ရွှင်လန်းကြတာတွေကို အမြဲပင်တွေ့မြင်ခဲ့ ရပါသည်။

ရဟန်းတော် ယောကျ်ားပရိသတ်၊ ရဟန်းမိန်းမ ပရိသတ်၊ ဉပါသကာ ပရိသတ်၊ ဉပါသိကာမ ပရိသတ်ဆိုတဲ့ ပရိသတ်လေးပါးလုံးပင် အရှင်အာနန္ဒာ မထေရ်ကို ဖူးရလျှင်ပင် ကြည်ရွှင်ကြ၊ အရှင်အာနန္ဒာမထေရ်၏ တရားတော်ကို နာရပြန်လျှင်လည်း ရွှင်လန်းနှစ်သက်ကြ၊ အရှင်အာနန္ဒာမထေရ်က တရား နိဂုံးအဆုံးသတ်ချိန်မှာတော့ ပရိသတ်က အားရမှုဖြစ်မသွားဘဲ၊ ဆက်လက် ပြီး နာယူလိုစိတ် တသသနှင့် ကျန်နေရစ်ကြ၏။ ဤအချက်သည် အရှင် အာ နန္ဒာ၏ အံ့သြဖွယ်အချက်ဟု ဘုရားရှင် ဟောတော်မူသည်ကို အင်္ဂုတ္တရနိကာယ်၊ ဒီဃနိကာယ် စသည်တို့၌ တွေ့ရပါသည်။

"မိမိတို့၏ ဆရာတော်မှာလဲ အရှင်အာနန္ဒာအလား အံ့ဖွယ်များ ရှိနေသည် ဟု ဆိုချင်ပါသည်။ မိမိနှင့် ဆက်နွယ်သမျှ ရဟန်းရှင်လူအားလုံးထံမှပင် ဆရာ တော်ဘုရားကို ဖူးရလျှင် ကြည်ရွှင်ကြ၊ တရားတော်ကို နာရသော် ဝမ်းသာကြ၊ တရားတော် ဆုံးသွားချိန်ရောက်တော့ အားရမှုဖြစ်မသွားကြဘဲ ဆက်လက် နာ ယူလိုစိတ်များ တဖွားဖွားဆက်လက်ဖြစ်နေကြကြောင်း ကြားဖူးပါသည်၊ မိမိ ကိုယ်တိုင်လည်း ဤအတိုင်းပင် ခံစားရပါသည်။"

စာရေးဆရာ **မစုရဘာရတီ** ကလည်း ဤသို့ရေး၏ –

"စာရေးသူသည် အကြောင်းအမျိုးမျိုးတို့ကြောင့် ပင်ပန်းနွမ်းနယ်နေစဉ် သော်လည်းကောင်း၊ ပြဿနာတစ်စုံတစ်ခု ကြုံ၍ စိတ်ညစ် စိတ်ရှုပ်နေသည့်အခါ တွင်လည်းကောင်း သပြေကန်ဆရာတော်ဘုရားထံမှောက် လာရောက်ဖူးမြော် ကန်တော့လိုက်သောအခါ မိုးဆမ်းပန်းနယ် ကြည်လင်လန်းဆန်း၍ ပြဿနာ ၏ အဖြေတို့သည်လည်း ပြေလည်သွားတတ်စမြဲ ဖြစ်ပါသည်။"

သပြေကန်ဆရာတော်၏ မေတ္တာစွမ်းအား ပညာစွမ်းအားတို့ကား ချီးမွမ်း ၍ မကုန်အောင် ကြီးမားလှပေသည်တကား။

## ပညာသိက္ခာကို ဖြည့်ကျင့်ခြင်း

သပြေကန်ဆရာတော်၏ သုတမယပညာနှင့် စိန္တာမယပညာတို့သည် အံ့ ဖွယ် ကောင်းအောင် ထူးချွန် ပြောင်မြောက်လှကြောင်းကို သိရှိခဲ့ကြရပေပြီ။

http://www.dhammadownload.com



ဆရာတော်၏ ဘာဝနာမယပညာသည်လည်း အလားတူ ထူးချွန်ပြောင်မြောက်သည်ကို ခန့်မှန်းနိုင်ပါသည်။

ဆရာတော်သည် အလွန်တည်ငြိမ်သော ဣန္ဒြေရှိသည့်အပြင် သမာဓိအားလည်း အလွန်ကောင်းမွန်ပါသည်။

"သမာဟိတော ယထာဘူတံ ဇာနာတိ ပဿတိ။"

"တည်ကြည်သောသမာဓိ ရှိသောပုဂ္ဂိုလ်သည် မဖောက်မပြန် ဟုတ်တိုင်း မှန်စွာ သိ၏ မြင်၏။" (အံ၊၃၊၂၅၉)

ဤသို့ ဘုရားရှင်ဟောကြားထားတော်မူသည်နှင့်အညီ တည်ကြည်သောသမာဓိရှိသည့် ပုဂ္ဂိုလ်သည် ပရမတ်ရုပ်နာမ်တရားတို့ကို အရှိအရှိအတိုင်း မှန်ကန်စွာ ထိုးထွင်းမြင်သိနိုင်၏။ ပရမတ်ရုပ်တရား နာမ်တရားတို့၏ ဖြစ်မှုပျက်မှုတို့ကို ထင်ရှားစွာမြင်သိလျှင် အနိစ္စ–မတည်မြဲခြင်း၊ ဒုက္ခ–ဆင်းရဲခြင်း၊ အနတ္တ–အစိုးမရခြင်း, အတ္တ မဟုတ်ခြင်းတည်းဟူသော လက္ခဏာရေးသုံးပါးတို့လည်း ပေါ်လွင်ထင်ရှားလာကြ၏။ ဤလက္ခဏာရေးသုံးပါးကို ဝိပဿနာရှုပွားသွားလျှင် ဝိပဿနာဉာဏ်စဉ်များ အဆင့်ဆင့်ဖြစ်ပေါ်ကြပြီးနောက် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ တက်လှမ်းကာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရမည်ဖြစ်၏။

သပြေကန်ဆရာတော်သည် ပရိတ်ကြီး နိဿယသစ် စာအုပ်၌ မင်္ဂလာတရားတော်ကို အနက်အဓိပ္ပာယ်ရှင်းပြရာတွင် ပဋိပတ်ကျင့်စဉ်နှင့်ပတ်သက်၍ ဤသို့ရှင်းလင်းထားပါသည်–

တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယ သစ္စာန ဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာစ၊ ဧတံ မင်္ဂလ မုတ္တမံ။

**စကားပြေ–** နတ်သား၊ တပခေါ် အကျင့်ကို ကျင့်ခြင်း, ဗြဟ္မစရိယ အကျင့်ကို ကျင့်ခြင်း, အရိယသစ္စာတို့ကို သိမြင်ခြင်း, နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း ဤလေးပါးကား ကောင်းမြတ်သောမင်္ဂလာတည်း။

အဓိပ္ပာယ်ဖွင့်ဆိုရှင်းပြရာ၌ ဣန္ဒြိယသံဝရ, ဓုတင်, ဝီရိယ, သည်းခံမှု, ရဟန်းတရား အားထုတ်မှုစသော ကိလေသာကို ငြိမ်းစေတတ်သည့်အကျင့်အားလုံးကို **တပ** ဟု ခေါ်ရကြောင်း၊ **ဗြဟ္မစရိယ =** မြတ်သောအကျင့်ဟူသည်မှာ မေထုန်မှရှောင်ခြင်း, ရဟန်းတရား, သာသနာ, မဂ်တို့၏ အမည်ဖြစ်သည်ဟု အဋ္ဌကထာက ဖွင့်ကြောင်း၊ **အရိယသစ္စ ဒဿန** သည် မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို မြင်သိခြင်းဖြစ်ကြောင်း၊ တပဖြင့် သီလဝိသုဒ္ဓိ, ဗြဟ္မစရိယဖြင့် စိတ္တဝိသုဒ္ဓိစသော ဝိသုဒ္ဓိငါးပါး, အရိယသစ္စဒဿနဖြင့် ဉာဏဒဿန ဝိသုဒ္ဓိကိုယူလျှင် သင့်လျော်ကြောင်းတို့ကို ရှင်းပြထား၏။

http://www.dhammadownload.com



တစ်ဖန် "အရိယသစ္စ ဒဿန"ကို ရှင်းရာ၌– အရိယသစ္စသည် မှန်ကန်သော မမှားသော သစ္စာဟု အနက်ရ၏။ မျက်လှည့်သမားတို့သည် ခဲကို ရွှေလုပ်ပြ၏။ မသိသူတို့က အဟုတ်ရွှေမှတ်ရ၏။ သမ္မုတိပညတ်များကား ထိုမျက်လှည့်ကဲ့သို့ပင် တကယ်မဟုတ် မရှိဘဲ အဟုတ်အရှိဟု မသိသူတို့ထင်ရသော အထင်များသာတည်း။ သစ္စာတရားတို့ကား ပညာမျက်စိဖြင့်ကြည့်သော် တကယ်ရှိသော တရားများအဖြစ် တွေ့ရ၍ မျက်လှည့်ကဲ့သို့ အမှားမဟုတ်၊ အမှန်သဘောများသာ ဖြစ်ကြ၏။ တံလျှပ်သည် မသိသူတို့အဖို့ ရေထင်မှတ်ရသော်လည်း သွားကြည့်သောအခါ ထင်တိုင်းမဟုတ်၊ ဘာမျှမတွေ့ရ။ တိတ္ထိတို့ ကြံဆအပ်သော အာတ္တာရှင်အတ္တသည် ဉာဏ်ဖြင့်ကြည့်က တံလျှပ်ပမာ ဘာမျှမဟုတ်သောအရာ ဖြစ်၏။

သာမန်ဉာဏ်ဖြင့် စိတ်အစဉ်အဆက်မပြတ်ဖြစ်ပုံ၌ တွေဝေလျှင် တွေဝေမည်။ စိတ်တစ်ခုတည်းက မြင်လိုက်ကြားလိုက်စသည် ဖြစ်နေသည်ဟု ထင်သော် ထင်တတ်၏။ ဝိပဿနာဉာဏ်ဖြစ်မှုကား တစ်ခုပြီးတစ်ခု ဖြစ်ပျက်ဖြစ်ပျက် အဆက်မပြတ် အစဉ်ဖြစ်နေသည်ကို ကွဲကွဲပြားပြား သိနားလည်ရတော့သည်။ မဂ်ပေါက် ဖိုလ်ပေါက်၍ နိဗ္ဗာန်ကို တွေ့ရသောအခါကား ပို၍ရှင်းလင်းတော့သည်။ ရှေးဝိပဿနာအခိုက်၌ ရုပ်နာမ်တွေ အဆက်မပြတ်ဖြစ်နေသည်ကို တွေ့ရ၏။ ယခုနိဗ္ဗာန်ကို တွေ့ရသောအခိုက်၌ ရုပ်နာမ်တွေ ငြိမ်းစဲလျက် အဆက်ပြတ်နေသည်ကို တွေ့ရသည်။ နောင်တစ်ချိန်မှာ ရုပ်နာမ်တွေ လုံးဝ အဆက်ပြတ်နေတော့မည်ကိုလည်း သိနားလည်တော့သည်။ ထိုသို့ ရုပ်နာမ် ငြိမ်းစဲ အဆက်ပြတ်နေသော နိဗ္ဗာနဓာတ်ကို တွေ့ရခြင်း, နောင် ငြိမ်းရတော့မည်ကို သိရခြင်းဖြင့် ဤရုပ်နာမ်များ ရှေးက မည်သည့်အခါမျှ ပြတ်စဲခဲ့သည် မရှိဘဲ ဘဝများစွာ ဆက်ကာဆက်ကာ မပြတ်ဖြစ်လာသည်ကို ပိုင်နိုင်စွာ ဆုံးဖြတ်နိုင်တော့သည်။

ထို့ကြောင့် သောတာပန်ဖြစ်လျှင် သံသရာ၏ ရှေ့အဖို့, နောက်အဖို့, ရှေ့နောက်အဖို့ နှစ်ပါးနှင့် ပဋိစ္စသမုပ္ပါဒ်များ၌ ယုံမှားမှု, တွေဝေမှုကင်း၍ ရှင်းလင်းပြီးဖြစ်သည်ဟု မိန့်တော်မူခဲ့ကြသည်။ ဘဝများစွာ ဆက်ကာဆက်ကာ ဖြစ်လာရသော သံသရာသဘောမှာ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်များ ရသောအခါ ပိုင်နိုင်စွာဆုံးဖြတ်နိုင်မည်ဖြစ်ရာ ထိုဉာဏ်များရအောင် ကြိုးစားခြင်းဖြင့် ဘဝသံသယကို အရှင်းပယ်နိုင်တော့သည်။

ဒုက္ခသစ္စာ (= ဆင်းရဲအမှန် ရုပ်နာမ်) သည်လည်းကောင်း၊ သမုဒယသစ္စာ (= ဆင်းရဲဖြစ်ကြောင်းအမှန်တဏှာ) သည်လည်းကောင်း၊ ဝိပဿနာဉာဏ်ဖြင့်

http://www.dhammadownload.com



အမှန်တွေ့ရသော ဓာတ်သားရှိသော တရားများဖြစ်၏။ နိရောဓသစ္စာ (=ချုပ်ငြိမ်းခြင်းအမှန်နိဗ္ဗာန်) မှာ မဂ်ဉာဏ်ရလျှင် ကိုယ်တွေ့မြင်ရ၍ တကယ်အမှန်ရှိသော တရားတစ်ခုပင်။ မဂ္ဂသစ္စာ (= နိဗ္ဗာန်ရောက်ကြောင်းအမှန် မဂ္ဂင်ရှစ်ပါးတရား) မှာ မိမိသန္တာန်၌ အထင်အရှားဖြစ်လာသောတရားဖြစ်ရာ အမှန် ရှိသောတရားအဖြစ်မှာ ဆိုဖွယ်ရာမရှိတော့ပေ။ ထို့ကြောင့် အရိယသစ္စ (= မှန်ကန်သော သစ္စာများ) ဟု ဆိုရ၏။

**အသိနှစ်မျိုး။** ။ သစ္စာကိုသိရာ၌ အနုဗောဓသိ, ပဋိဝေဓသိ ဟု နှစ်မျိုးရှိ၏။ ဆရာများထံမှဖြစ်စေ ကျမ်းဂန်မှဖြစ်စေ တစ်ဆင့်ကြားသိရခြင်း, တစ်ဆင့်ကြားကို အမှီပြုကာ ကြံတွေးစဉ်းစားခြင်းဖြင့် သိခြင်း, ကြံတွေးမိသော အချက်ကို မိမိဉာဏ်ဖြင့် နှစ်သက်ဆုံးဖြတ်ခြင်းများကို အနုဗောဓသိဟု ဆို၏။ အနု = ထပ်တလဲလဲ၊ ဗောဓ = သိခြင်း၊ သိမှုမပြီးသေး၍ ထပ်ကာထပ်ကာ သိနေရခြင်းဟု ဆိုလိုသည်။

ထိုသို့သိမှုမပြီးသေး၍ ထပ်တလဲလဲသိရခြင်းမဟုတ်ဘဲ တစ်ကြိမ်တည်းနှင့် ထွင်းဖောက်သိခြင်းကို ပဋိဝေဓသိဆိုသည်။ မဂ်ဉာဏ်၏ သိခြင်းတည်း။ မဂ်ဉာဏ်သည် ကိစ္စအားဖြင့် သစ္စာလေးပါးကို တစ်ပြိုင်နက်သိ၏၊ ဒုက္ခကို ပိုင်းခြားခြင်း, သမုဒယကို ပယ်ခြင်း, နိရောဓကို မျက်မှောက်ပြုခြင်း, မဂ္ဂကို ပွားခြင်းဟု ကိစ္စလေးပါးရှိရာ ထိုကိစ္စလေးပါးကို တစ်ပြိုင်နက်ပြုခြင်းဖြင့် မဂ်ဉာဏ်အား သစ္စာလေးပါးထင်ရှားလာရသည်။ သင်္ခါရတို့ကို မလွတ်နိုင်သေးသော ဉာဏ်များမှာ ဤကိစ္စလေးချက်ကို တစ်ပြိုင်နက်မပြုနိုင်သေး။ မဂ်ဉာဏ်ကမူ သင်္ခါရကိုလွတ်ကာ သင်္ခါရတို့ကင်းရာကို အာရုံပြုနိုင်၍ ကိစ္စလေးချက်ကို တစ်ခါတည်းပြုနိုင်ခြင်း ဖြစ်၏။

မှန်၏။ မဂ်ဉာဏ်ဖြစ်ဖို့ ပုဗ္ဗဘာဂဝိပဿနာမဂ်ကို ပွားရသည်ဖြစ်ရာ ထိုပုဗ္ဗဘာဂမဂ်သည် ဒုက္ခကိုသိလျက် သမုဒယကိုပယ်လျက်ရှိ၏။ သို့သော် မိမိမဂ္ဂဘာဝနာလည်း မပြည့်စုံ၊ အပြီးမသတ်သေး၍ နိဗ္ဗာန်ကို မမြင်ရသေး။ ဒုက္ခသိမှု, သမုဒယပယ်မှုကလည်း အပြီးမသတ်သေး၍ ကိစ္စမပြီးသေး။ မဂ်ရောက်မှ အားလုံးကိစ္စပြီးရာ မဂ်က သိမှုကိစ္စပြီးသောအားဖြင့် အားလုံးကို တစ်ပြိုင်နက် မတွေဝေ ရှင်းလင်းပြီးအနေ သိနိုင်တော့သည်။

ဤ၌ ဒဿနဟူသည် အနုဗောဓအသိမဟုတ်၊ ပဋိဝေဓအသိဖြစ်သော မဂ်၏ ဖောက်ထွင်းမြင်ခြင်းကို ယူ၊ သစ္စာလေးပါး မြင်ရခြင်းထက် ထူးခြားသော ကောင်းမှုဟု မရှိနိုင်တော့ရာ လွန်စွာအကျိုးကြီးမြတ်လှသော သစ္စာသိရခြင်းမှာ အကောင်းဆုံးမင်္ဂလာဖြစ်ရတော့သည်။

http://www.dhammadownload.com



**နိရောဓသစ္စိကိရိယာ။** ။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဆိုသော်လည်း အရိယသစ္စ ဒသနၣ်၌ နိရောဓသစ္စ ခေါ် အသင်္ခတနိဗ္ဗာန်မှာ ပါဝင်ခဲ့ပြီးဖြစ်ရာ၊ ဤနိဗ္ဗာန သစ္ဆိကိရိယာ၌ နိဗ္ဗာန်အရ ထိုအသင်္ခတ နိဗ္ဗာန်ကို မယူရတော့ဘဲ အရဟတ္တဖိုလ်ကိုယူရန် အဋ္ဌကထာဖွင့်၏။ အသင်္ခတနိဗ္ဗာန်ကို ဝါန ခေါ်တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန ခေါ်ရသလို အရဟတ္တဖိုလ်၌လည်း တဏှာမရှိတော့၍ တဏှာဝါနမှ ထွက်မြောက်တတ်သောအနက်အရ နိဗ္ဗာန်ပင် ဆိုရတော့သည်။ ထိုနိဗ္ဗာန်အမည်အရ အရဟတ္တဖိုလ်ရခြင်း, ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်ခြင်းများကို နိဗ္ဗာနသစ္ဆိကိရိယာဟုဆိုသည်ဟု အဋ္ဌကထာ ဖွင့်၏။

တစ်နည်းအားဖြင့် နိဗ္ဗာန သစ္ဆိကိရိယာ၌ နိဗ္ဗာနကို အသင်္ခတနိဗ္ဗာန်ကို ပင် ယူ၍ အရိယသစ္စ ဒသနၣ်၌ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းမှာ မဂ်၏မျက်မှောက်ပြုခြင်းဖြစ်၍ နိဗ္ဗာနသစ္ဆိကိရိယာအရ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းမှာ ဖိုလ်ပစ္စဝေက္ခဏာတို့၏ မျက်မှောက်ပြုခြင်းဟုယူသော် သင့်၏။

ဤသို့ယူသော် အရိယသစ္စ ဒသနၣ်၌ မဂ်လေးပါးလုံး၏ သစ္ဆိကိရိယာကိစ္စရသကဲ့သို့ နိဗ္ဗာန သစ္ဆိကိရိယာ၌လည်း ဖိုလ်လေးပါးလုံးနှင့် ပစ္စဝေက္ခဏာတို့၏ သစ္ဆိကိရိယာကိစ္စအကုန်ရခဲ့ရာ ပို၍ပင် အဓိပ္ပာယ်ပြည့်စုံသည်ဟုလည်း ဆိုနိုင်သည်။ သစ္ဆိကိရိယာဟူသည် အတ္တပစ္စက္ခကိုယ်တွေ့သိဖြစ်ရာ လောကီဈာန် ဉာဏ်များ၌ပင် သစ္ဆိကိရိယအသိ အသုံးရှိခဲ့ရာ ဖိုလ်၏သစ္ဆိကိရိယာကိစ္စမှာ ယုံမှားဖွယ်မရှိနိုင်တော့ပေ။ (ပရိတ်ကြီးနိဿယသစ်၊ ၃၆၊ ၁၈၃-၁၈၆)

ဆရာတော်၏ ရှင်းလင်းတင်ပြချက်တို့မှာ မိမိကိုယ်တိုင် ပိုင်းပိုင်းခြားခြား သိမြင်ထားသည့်အလား ရဲရင့်ပြတ်သား ပေါ်လွင်ထင်ရှားလှပါသည်။ ဝိပဿနာ ရှုပွားရာ၌ "စိတ်တစ်ခုပြီးတစ်ခု ဖြစ်ပျက် ဖြစ်ပျက် အဆက်မပြတ် အစဉ်ဖြစ်နေသည်ကို ကွဲကွဲပြားပြားသိနားလည်ရတော့သည်၊ မဂ်ပေါက် ဖိုလ်ပေါက်၍ နိဗ္ဗာန်ကို တွေ့ရသောအခါကား ပို၍ရှင်းလင်းတော့သည်။ ရှေးဝိပဿနာအခိုက်၌ ရုပ်နာမ်တွေ အဆက်မပြတ်ဖြစ်နေသည်ကို တွေ့ရ၏။ ယခုနိဗ္ဗာန်ကို တွေ့ရသော အခိုက်၌ ရုပ်နာမ်တွေ ငြိမ်းစဲလျက် အဆက်ပြတ်နေသည်ကို တွေ့ရသည်။ နောင်တစ်ချိန်မှာ ရုပ်နာမ်တွေ လုံးဝအဆက်ပြတ်ရတော့မည်ကိုလည်း သိနားလည်တော့သည်"ဟု ရှင်းရှင်းလင်းလင်း ရေးသားထားရာ အလွန်ပင်ထူးခြားလှပါသည်။

ဝိပဿနာရှုပွားသည့်အခါ၌ "ပရမတ်ရုပ်တရား, နာမ်တရား တစ်ခုပြီး တစ်ခု ဖြစ်ပျက်ဖြစ်ပျက် အဆက်မပြတ် အစဉ်ဖြစ်ပျက်နေသည်ကို ကွဲကွဲပြားပြား သိနားလည်ရသည်၊ မဂ်ဆိုက်သည့်အခိုက်၌ ရုပ်နာမ်တွေ ငြိမ်းစဲလျက်

http://www.dhammadownload.com



အဆက်ပြတ်နေသည်ကို တွေ့ရသည်၊ မဂ်ပေါက် ဖိုလ်ပေါက် နိဗ္ဗာန်ကို တွေ့ရသောအခါကား ပို၍ရှင်းလင်းတော့သည်" စသည်ဖြင့် ကွက်ကွက်ကွင်းကွင်း ရေးသားထားရာ ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်သိခဲ့ပြီးဖြစ်သည်ဟု ယူဆရ၏၊ ယခုအခါ ဝိပဿနာရှုနေသူတို့အားလည်း အလင်းရောင်ထိုးပြလိုက်သကဲ့သို့ဖြစ်၏။

တစ်ဖန် နောက်ဆုံးမင်္ဂလာလေးပါးကို အဓိပ္ပာယ်ဖွင့်ဆိုရေးသားရာ၌လည်း ထူးခြားလှပေ၏ –

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။

**စကားပြေ။** ။ နတ်သား...လောကဓံတရားတို့နှင့် တွေ့ကြုံရသော ပုဂ္ဂိုလ်၏ စိတ် မတုန်လှုပ်ခြင်း၊ စိုးရိမ်ပူဆွေးမှုမရှိခြင်း၊ ရာဂစသော မြူမရှိခြင်း၊ ဘေးရန် ကင်းခြင်း၊ ဤလေးပါးမှာ ကောင်းမြတ်သော မင်္ဂလာပင်။

**လောကဓံတရား။** ။ (၁) လာဘ = လာဘ်ရခြင်း၊ (၂) အလာဘ = လာဘ်မရခြင်း၊ (၃) ယသ = အခြွေအရံပေါများခြင်း၊ (၄) အယသ = အခြွေအရံမရှိခြင်း၊ (၅) နိန္ဒာ = ကဲ့ရဲ့ခံရခြင်း၊ (၆) ပသံသာ = ချီးမွမ်းခံရခြင်း၊ (၇) သုခ = ချမ်းသာခြင်း၊ (၈) ဒုက္ခ = ဆင်းရဲခြင်း တို့ကား လောကဓံများတည်း။

ဤတရား (၈) ပါးမှာ တစ်လှည့်စီ လှည့်ဖြစ်လေ့ရှိ၏။ လောက၌ နေရသူမှန်လျှင် အမှန်ပင် တွေ့ကြုံရမည့်သဘောများဖြစ်၍ လောကဓံဆို၏။ ဘုရားသော်မှ မလွတ်ကင်း။ ဘုရားရှင်မှာ တစ်ရံတစ်ခါ မကုန်နိုင် မခန်းနိုင် အတိုင်းမသိအောင် ပစ္စည်းလေးပါး ပေါများလှသော်လည်း တစ်ရံတစ်ခါမူ ရှားရှားပါးပါးအဖြစ်နှင့်ကြုံရ၏။ ဝေရဉ္ဇာပြည်၌ ဝါကပ်စဉ် မုယောဆွမ်းကြမ်းကို ဘုဉ်းပေးရ၏။

တစ်ခါက ဧကနာဠပုဏ္ဏားရွာ၌ ဆွမ်းခံစဉ် လူတို့အား မာရ်နတ် လှည့်ဖြားထားမှုကြောင့် ဆွမ်းလောင်းရန် အမှတ်မရဖြစ်ရာ သပိတ်ချည်းသက်သက်ဖြင့် ထွက်ကြွတော်မူခဲ့ရ၏။

နတ်လူဗြဟ္မာတို့၏ အတုမဲ့ ချီးမွမ်းသံကို ခံယူရသော်လည်း စိဉ္စမာဏဝိကာ စွပ်စွဲခြင်း၊ သုန္ဒရီပရိဗိုဇ်မ စွပ်စွဲခြင်း စသည်ကိုအကြောင်းပြု၍ မလိုလားသူများ ကဲ့ရဲ့မှုကိုလည်း ခံတော်မူရ၏။

ဘုရားသော်မှ တွေ့ကြုံရသော ထိုသဘောများမှာ ဘယ်သူမဆို ကြုံရမည်သာ ဖြစ်သောကြောင့် "လောကဿဓမ္မာ လောကဓမ္မာ" လောက၏ တရား၊ လောကရှိနေသမျှ ဆုတ်ဖယ်ရှောင်သွားခြင်းမရှိဖြစ်နေမည့်တရားများဟု ဆိုရသည်။

http://www.dhammadownload.com



**ရဟန္တာ၏စိတ်။** ။ ဤ၌ လောကဓံကြောင့် မတုန်လှုပ်ခြင်းကို ရဟန္တာ၏စိတ်သာ၊ တခြားသူ၏စိတ်မဟုတ်ဟု အဋ္ဌကထာဖွင့်၏။ အကောင်းဆုံး အပြည့်စုံဆုံး မတုန်လှုပ်မှုကို ယူလို၍ ဥက္ကဋ္ဌနိဒ္ဒေသနည်းအရ ဖွင့်ခြင်းဖြစ်သည်။ ရဟန္တာအရှင်မြတ်တို့မှာ ဣဋ္ဌာရုံ, အနိဋ္ဌာရုံကြုံတွေ့သောအခါ ဣဋ္ဌကို အနိဋ္ဌအဖြစ်၊ အနိဋ္ဌကို ဣဋ္ဌအဖြစ် မိမိလိုသလို ပြောင်းလွဲရှုနိုင်အောင် စိတ်ကိုအစိုးရသည့် တာဒိဂုဏ်နှင့် ပြည့်စုံကြသည်ဖြစ်ရာ ကျောက်တောင်ကြီးသည် လေတို့ကြောင့် မလှုပ်ရှားသကဲ့သို့ ထို့အတူ ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်းတို့ကြောင့် လှုပ်ရှားခြင်းမရှိသော ပညာရှိများအဖြစ် ဘုရားရှင်၏ ချီးကျူးမှုကို ခံခဲ့ရ၏။

**အခြားပုဂ္ဂိုလ်များ။** ။ ရဟန္တာမှတစ်ပါး အခြားအရိယာ, ပုထုဇဉ်များ၌လည်း ဒုတိယထိုက်သင့်သလောက် ရနိုင်သည်သာဖြစ်၏။ အင်္ဂုတ္တရ ပထမပဏ္ဏာသက ပထမဝဂ် **လောကသုတ်** (၇)၌ ပုထုဇဉ်နှင့် အရိယာသာဝက လောကဓံကြုံကြရာ၌ ကွဲပြားခြားနားပုံကို ဟောတော်မူ၏။ ပုထုဇဉ်ကား ဖြစ်လာသော လောကဓံ၏ အမြဲမရှိသည်၏အဖြစ်၊ ဆင်းရဲသည့်အဖြစ်၊ ဖောက်ပြန်ပျက်စီးတတ်သောသဘောရှိသည်၏အဖြစ်ကို မဆင်ခြင်တတ်။ ထို့ကြောင့် သူ့စိတ်မှာ လောကဓံတို့၏ သိမ်းကျုံးလွှမ်းမိုးမှုကို ခံရ၏။ အကောင်းလောကဓံနှင့် ကြုံရသောအခါ ထိုလောကဓံအလိုက် လိုက်ပျော်တတ်ကြ၏။ အဆိုးလောကဓံနှင့်ကြုံရသောအခါ စိတ်ဆင်းရဲရ၏။

အရိယာသာဝကကား လောကဓံ၏ အနိစ္စ = ပျက်စီးတတ်သောသဘော၊ ဒုက္ခ = ဆင်းရဲတတ်သောသဘောများကို စဉ်းစားဆင်ခြင်တတ်၏။ ထိုသို့ဆင်ခြင်တတ်သောကြောင့် လောကဓံက သူ၏စိတ်ကို မလွှမ်းမိုးနိုင်။ အကောင်းနှင့်ကြုံလည်း အကောင်းအလိုက် ပျော်လွန်းမှုမရှိ။ အဆိုးနှင့်ကြုံရသော်လည်း အဆိုးကို ဆန့်ကျင်၍ စိတ်ဆိုး, စိတ်ဆင်းရဲမှုမရှိ။

ဤ၌ အရိယာသာဝကကိုသာ လောကဓံမတုန်လှုပ်သူအဖြစ် ဟောခဲ့၏။ ပုထုဇဉ်ကိုကား တုန်လှုပ်သူအဖြစ် ဟော၏။ သို့သော် လုံးဝ မစဉ်းစားတတ်သော ပုထုဇဉ်ကိုသာ ဆိုခြင်းဖြစ်ရာ အရိယာကို မမီစေကာမူ အချို့ပုထုဇဉ်များ၌ တရားသဘောဆင်ခြင်စဉ်းစားမှုရှိတတ်၍ အထိုက်အလျောက် လောကဓံကို ခံနိုင်ရည်ရှိသူများကိုလည်း တွေ့နိုင်သည်။

**စဉ်းစားတတ်သူများ။** ။ ဘုရားဟော 'ကမ္မဿကာ' သဘောကား လောကဓံကြောင့် မတုန်လှုပ်ရန် ဖြေဆေးသဖွယ်ဖြစ်၏။ ဗုဒ္ဓဘာသာများ၌ အဆိုးလောကဓံနှင့် ကြုံရသောအခါ "ကမ္မဿကာပေါ့, ကံအတိုင်းပဲ, ကံကို ဘယ်သူလွန်နိုင်တာမှတ်လို့" စသောအတွေးများဖြင့် အချို့သူတို့ စိတ်ကိုနှိမ်

http://www.dhammadownload.com



လေ့ရှိကြ၏။ ကြာသော် စိတ်ဓာတ်များ ရင့်ကျက်လာရာ၏။ အဆိုးလောကဓံနှင့်တွေ့သော် မတုန်လှုပ်သကဲ့သို့ အကောင်းလောကဓံများနှင့် ကြုံရသောအခါ၌လည်း 'ကံရှိတုန်းသာ ကံမရှိလျှင် ပျက်မှာပဲ"ဟူသော အတွေးကြောင့် မော်ခြင်း, ပျော်ခြင်း မရှိတတ်။

ဆိုခဲ့ပြီးသည့်အတိုင်း အရိယာတို့ အနိစ္စသဘော–ပျက်တတ်သောသဘောကို တွေးတောဆင်ခြင်းစားခြင်းဖြင့်လည်း ဖြေလေ့ရှိကြ၏။ "အားလုံးအနိစ္စပဲ၊ ဘယ်မှာမြဲပါ့မလဲ၊ ကိုယ်အစိုးရတာမှ မဟုတ်ဘဲ၊ သူ့သဘောအတိုင်းဖြစ်ကြတာပဲ"စသော အတွေးများဖြင့် စိတ်ကို နှိမ်လေ့ရှိကြ၏။ နှိမ်ဖန်များ၍ ကြာသော် ပိုခံနိုင်ရည်ရှိလာ၏။ အကောင်းတွေ့လည်း ပျော်မဆုံး, မော်မဆုံး မရှိလှ၊ အဆိုးတွေ့ရလည်း စိတ်သက်သာရာရ၍ တုန်လှုပ်မှုမရှိကြ။

"ဘုရားသော်မှ မလွတ်နိုင်ဘဲ၊ တို့တစ်တွေမှာ ဘာပြောစရာရှိမလဲ" ဟူသော အတွေးမျိုးဖြင့်လည်း အချို့ပြောကြ၏။ ဤသို့စသည်ဖြင့် ဖြေစရာတရားသဘော တွေးတောခြင်းဖြင့် လောကဓံ၏ဒဏ်ကို ခံနိုင်ရည်ရှိလာ၏။ ထိုသို့ တရားသဘောဖြင့် ဖြေနိုင်၍ ပကတိအခြေ ဣန္ဒြေမပျက်ခြင်းမှာ မင်္ဂလာပင် ဖြစ်၏။ အကောင်းလောကဓံနှင့် တွေ့ရသော် တကြွကြွ တမော်မော် ပျော်မဆုံးဖြစ်ခြင်းမှာ ဣန္ဒြေပျက်ခြင်း, ဖောက်ပြန်ခြင်းဖြစ်၍ တုန်လှုပ်ခြင်းပင်၊ ထို့ကြောင့် မင်္ဂလာမဖြစ်။ အဆိုးနှင့်ကြုံ၍ စိတ်ဆင်းရဲခြင်း, ဝမ်းနည်းညှိုးငယ်နေခြင်းတို့မှာ ဆိုဖွယ်ရာမရှိ၊ အမင်္ဂလာသာ။"

**ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း။** ။ အချို့လာဘ်မရခြင်းစသော လောကဓံကို အတော်အတန်ခံနိုင်ရည်ရှိသူပင် ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်းကြောင့်ကား မတုန်မလှုပ်ဘဲ မနေနိုင် ဖြစ်ရ၏။ အချို့သူတစ်ပါးအကဲ့ရဲ့ခံရသောအခါ "အို… ချီးမွမ်း, ကဲ့ရဲ့ ခုနစ်ရက်ပေါ့၊ ဘာအရေးစိုက်စရာရှိသလဲ"ဟု ဂရုမထားဘဲ နေနိုင်ကြ၏။ ဤစကားမှာ ဘုရားဟောအရပင် ဖြစ်၏။

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာစသော ပုဂ္ဂိုလ်အများအပြား ရဟန်းပြုခဲ့၏။ ထိုအခါ လူအများက ကဲ့ရဲ့ကြ၏။ ထိုအကြောင်း ရဟန်းများ လျှောက်ထားသောအခါ ဘုရားရှင်က "ရဟန်းတို့…ထိုအသံမှာ ကြာရှည်စွာ ဖြစ်နေလိမ့်မည်မဟုတ်၊ ခုနစ်ရက်သာ ရှိနေလိမ့်မည်"ဟု မိန့်တော်မူ၏။ (ဝိနယမဟာဝဂ္ဂ၊ ၅၅)

**သောကမရှိ။** ။ သောကဟူသည် မိဘဆွေမျိုးပျက်စီးခြင်း, ဥစ္စာပျက်စီးခြင်းနှင့်ဖြစ်စေ, ဆင်းရဲဒုက္ခတစ်မျိုးမျိုးနှင့်ဖြစ်စေ ကြုံတွေ့ရသောသူ၏စိတ် ပူဆွေးခြင်း, ဝမ်းနည်းခြင်းတည်း။ ထိုသောကနှင့် ကြုံတွေ့ရသောအခါ အဖြေ

http://www.dhammadownload.com



မရှိသူတို့မှာ အတောမသတ်အောင် ပူကြရ၏။ တရားသဘော စဉ်းစားခြင်းဖြင့်သာ ပြေပျောက်နိုင်၏။ သောက, ပရိဒေဝ ပျောက်ငြိမ်းကြောင်းအဖြစ် ဘုရားရှင် အာမခံထားသော သတိပဋ္ဌာန်တရားစသည်ဖြင့် သောကလုံးဝပျောက်ငြိမ်းနိုင်သည်။

ဗန္ဓုလစစ်သူကြီးကတော် **မလ္လိကာ** သည် တစ်နေ့၌ သံဃာတော်များအား ဆွမ်းဆက်ကပ်နေ၏။ ထိုအခါ ချီမ,လာသော ထောပတ်အိုးကြီး ကွဲကျသွားသည်။ အရှင်သာရိပုတ္တရာမထေရ်မြတ်က "ကွဲပျက်တတ်သောအရာမှာ ကွဲပျက်ရသည်သာ။ ထွေးမပူနဲ့ မလ္လိကာ"ဟု မိန့်တော်မူ၏။ ထိုအခါ မလ္လိကာက မိမိခါးပိုက်ထဲမှ စာကို ထုတ်ပြပြီး "အရှင်ဘုရား...တပည့်တော်မ၏ ခင်ပွန်းနှင့်တကွ သားသုံးကျိပ် သုံးယောက်လုံး အသတ်ခံရကြောင်း စာရပါလျက် ဣန္ဒြေမပျက် မပူပန်ဘဲ ဤထောပတ်အိုးကလေးများအတွက်တာ ဘယ်မှာစိုးရိမ်ပူပန်ပါ့မလဲ"ဟု လျှောက်၏။ မလ္လိကာမစိုးရိမ်ခြင်းမှာ တရားသဘောတွေ့မြင်နေရခြင်းကြောင့် ရရှိသောအစွမ်းသတ္တိပင်။ (ဓမ္မပဒ၊ ၄၊ ဝိဋ္ဌူဘဝတ္ထု၊ ၂၂၄)

**ဝိရဇ။** ။ ဤ၌ ရဇ(မြူ)ဟူသည် ရာဂ, ဒေါသ, မောဟ တို့ပင်။ ပကတိ မြူသည် ကိုယ်ပေါ်ကျလျှင် ညစ်ပေစေသကဲ့သို့ ထိုတရားများလည်း သတ္တဝါတို့ကို ညစ်နွမ်းစေတတ်သောကြောင့် "ရဇောဝိယာတိရဇော"အရ မြူနှင့်တူသောကြောင့် ရဇအမည်ရကြသည်။ ရာဂ စသည်မှာ ညစ်ပေစေတတ်ရာ ထိုတရားများကင်း၍ သန့်ရှင်းသောစိတ်မှာ မင်္ဂလာဖြစ်ရသည်။ ဆိုင်ရာမဂ်များဖြင့် မပယ်ရှားရသေးသမျှ လုံးဝကား မကင်းနိုင်သေး၊ သို့သော် သူတော်ကောင်းများကား ထိုတရားများကို အပြစ်မြင်၍ ကင်းရှင်းအောင် ကြိုးစားလေ့ရှိ၏။ အကောင်းဆုံးမှာ ဘာဝနာအလုပ် အားထုတ်ခြင်းတည်း။ ထို့ကြောင့် ရာဂ စသည်ကို ဘာဝနာအလုပ်ဖြင့် အတွင်မှုတ်ကာ နှင်ထုတ်ရာသတည်း။

**ခေမ။** ။ ခေမ ကား ဘေးရန်မရှိခြင်း, အေးချမ်းခြင်းတည်း။ အဋ္ဌကထာ၌ ယောဂလေးပါးတို့မှ ဘေးမရှိကြောင်း ဖွင့်၏။ ယောဂမှာ ကာမ, ဘဝ, ဒိဋ္ဌိ, အဝိဇ္ဇာဖြစ်ရာ တရားကိုယ်မှာ လောဘ, ဒိဋ္ဌိ မောဟတို့ပင်။ ထိုတရားတို့မှာ ကိလေသာဖြစ်ရာ စိတ်ကိုညစ်စေတတ်, ပူစေတတ်သည်ဖြစ်၍ ထိုတရားမကင်းသော စိတ်မှာ ဘေးမကင်း၊ အေးချမ်းခြင်းမဖြစ်၊ ထိုတရားများ လုံးဝကင်းရှင်းနေသော ရဟန္တာစိတ်မှာ အစဉ်အေးချမ်းသာယာလျက်ရှိရာ မင်္ဂလာဖြစ်ရသည်။

ဤမင်္ဂလာသည် ရဟန္တာနှင့်သာ ဆိုင်သော်လည်း သာမန်ပုဂ္ဂိုလ်များ၌လည်း ထိုက်သလောက်ရနိုင်သည်သာ။ ဘာဝနာအလုပ်ဖြင့် အကုသိုလ်တို့ကို နှင်ထုတ်လျက်ရှိသော ပုဂ္ဂိုလ်၏ စိတ်မှာ ထိုအခိုက်တွင် ထိုတရားများ ကင်းရှင်းလျက်

http://www.dhammadownload.com



ရှိရာ မင်္ဂလာပင်ဖြစ်သည်။ မေ့လျော့ပေါ့တန်သူ၏ စိတ်မှာ ဤမင်္ဂလာဖြစ်ရေး မျှော်လင့်ဖွယ်မရှိ။ ထို့ကြောင့် ဘာဝနာမှုတစ်ခုခုဖြင့် မိမိစိတ်မှာ အေးချမ်းသော မင်္ဂလာဖြစ်အောင် အစဉ်မကွာ ကြိုးစားအားထုတ်ရမည်သာ။

(ပရိတ်ကြီးနိဿယသစ်၊ နှာ ၁၈၆-၁၉၄)

## ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်ရှိသူ

*"နှိမ်နင်းရန် ခဲယဉ်း၍ အလွန်မြင့်နိုင်ခဲသော အလွန်လျင်မြန်သော အလိုရှိရာအာရုံ၌ ကျရောက်တတ်သောစိတ်ကို ဆုံးမခြင်းသည် ကောင်း၏၊ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် လူ, နတ်, နိဗ္ဗာန် သုံးတန်သောချမ်းသာကို ရွက်ဆောင်၏။ (ဓမ္မပဒ-၃၅၊၃၆)*

*"အမိုးကို မကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို သမထဝိပဿနာတို့ဖြင့် ကောင်းစွာမပွားထုံအပ်သည်ရှိသော် ရာဂသည် ဖောက်ဝင်နိုင်၏။*

*"အမိုးကို ကောင်းစွာမိုးအပ်သည်ရှိသော် မိုးရေသည် မဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို သမထဝိပဿနာတို့ဖြင့် ကောင်းစွာ ပွားထုံအပ်သည်ရှိသော် ရာဂသည် မဖောက်ဝင်နိုင်။ (ဓမ္မပဒ-၁၃၊၁၄)*

*"အသီးတစ်ရာ၊ အညွှာတစ်ခု၊ ပမာရှု၍၊ စိတ်ဟုမည်ငြား၊ ဤတစ်ပါးမျှ၊ တရားကိုယ်ကြပ်၊ စောင့်စည်းကွပ်က၊ လူ့ ရပ်နတ်ရွာ၊ ပြဟ္မာနိဗ္ဗာန်၊ ရောက်ကြောင်းမှန်၏။" (မဃဒေဝလင်္ကာ)*

သပြေကန်ဆရာတော်သည် သမထ-ဝိပဿနာတို့ဖြင့် စိတ်ကို ကောင်းစွာ ပွားထုံထားသူ ယဉ်ကျေးအောင် ဆုံးမထားသူဖြစ်သည်။ ထို့ကြောင့် ရာဂ, ဒေါသ, မာန စသော ကိလေသာမိုးရေများသည် ဆရာတော်၏ စိတ်တွင်းသို့ မဖောက်ဝင်နိုင်ကြပါ။

တစ်ခဲနက်သော ကျောက်ဆောင်သည် အရပ်လေးမျက်နှာမှ တိုက်ခတ်လာကြသော လေပြင်းမုန်တိုင်းတို့ကြောင့် မယိမ်းယိုင်သကဲ့သို့ သပြေကန်ဆရာတော်သည် လောကဓံလှိုင်းဂယက်တို့ မည်မျှပြင်းထန်စွာ တိုက်ခတ်လာကြပါစေ မတုန်လှုပ် မယိမ်းယိုင်သောစိတ်ရှိသူဖြစ်၏။

**လာဘ-အလာဘ** ဟူသော လာဘ်ရခြင်း၊ လာဘ်မရခြင်းဟူသည့် လှိုင်းဂယက်တို့သည် ဆရာတော်၏ စိတ်ကို အနည်းငယ်မျှ မတုန်လှုပ်စေနိုင်ပါ။ ဆရာတော်သည် အလွန် အလိုနည်းသော အပိစ္ဆဂုဏ်နှင့် ပြည့်စုံသူဖြစ်၏။

http://www.dhammadownload.com



ကျောင်းလှူသည်ကို လက်မခံ၊ နေထိုင်ရသောကျောင်းဆောင်က ဟောင်းနွမ်း ယိုယွင်းနေသည်ကိုလည်း ဂရုမစိုက်။ ရန်ကုန် ပုဇွန်တောင် ရွှေကျင်ကျောင်း တိုက်သို့ ပဓာနနာယကဆရာတော်အဖြစ် ကြွသွားမည်ရှိစဉ် သပြေကန်ဆရာ တော် အရှင်မုနိန္ဒက လာရောက်ပင့်ဆောင်ကြသည့် ဒကာများအား "အရှင် ဝါသေဋ္ဌအတွက် ကျောင်းတို့၊ အစားအသောက်တို့က အရေးမကြီးဘူး၊ ကျောင်း နှင့်ကပ်လျက် ရေချိုးခန်းနှင့် ကုဋီခန်းသာ အရေးကြီးတယ်"ဟု မှာကြားသည် ကို ထောက်ရှုက သပြေကန်ဆရာတော်၏ လေးစားဖွယ်ရာ အပိစ္ဆာဂုဏ်ကို မြင် သိနိုင်ပါသည်။

တစ်ဖန် **ယသ-အယသ** ဟူသော အခြွေအရံရှိခြင်း, မရှိခြင်း ဟူသည့် လှိုင်းဂယက်တို့သည် ဆရာတော်၏စိတ်ကို အဏုမြူကလေးလောက်မျှ မလှုပ် ရှားစေနိုင်ပါ။ ဆရာတော်သည် မိမိသီတင်းသုံးရာ သာမုဒ္ဒနာနန္ဒကျောင်းတော် ၏ အောက်ထပ်သံတံခါးကို အပြင်မှသော့ခတ်ထားစေပြီးလျှင် မိမိမှာကျောင်း အပေါ်ထပ်နောက်ပိုင်းရှိ အိပ်ခန်း၌သာ အမြဲလိုလို တစ်ပါးတည်းသီတင်းသုံး နေတော်မူလေ့ရှိသည်။

မြတ်စွာဘုရား၏သားတော်ပီပီ တစ်ပါးတည်းသီတင်းသုံးကာ ဝိဝေက သုခကို နှစ်သက်တော်မူ၏။ ရဟန်းငယ်တို့က ဝတ်ဖြည့်ပေးလိုသည်ကိုပင် ခွင့်မပြုချေ။ အလွန် မကျန်းမာသည့်အခါများ၌သာ ပြုစုသူတစ်ဦးမျှကို အနီး အပါး၌ နေခွင့်ပြုတော်မူ၏။ ညွှဲ့သည်အမြောက်အမြား လာရောက်ဖူးမြော်ကြ သည့်အခါ၌လည်း အပူဇော်ခံရခြင်းကြောင့် အထူးတလည်ဝမ်းမြောက်ဂုဏ်ယူ ခြင်းမရှိချေ။ ရာထူးဂုဏ်, ဓနဂုဏ်ကြီးသူများပဲလာလာ ဂုဏ်မဲ့သူများပဲလာလာ ဆရာတော်အတွက် မထူးခြားပါ၊ အားလုံးကို တစ်ပြေးညီစွာ မေတ္တာကရုဏာ ဖြင့် ဆက်ဆံတော်မူ၏။

> *"သူတစ်ပါးကို မကဲ့ရဲ့ မစွပ်စွဲရာ မညှဉ်းဆဲရာ၊ ပါတိမောက္ခ သံဝရသီလကို စောင့်ရှောက်ရာ၏၊ စားဖွယ်၌ အတိုင်းအရှည်ကို သိရာ၏၊ ဆိတ်ငြိမ်သောကျောင်း, အိပ်ရာ, နေရာသို့ ကပ်ရောက် နေထိုင်ရာ၏။ သမာဓိရှစ်ပါးဟူသော အဓိစိတ္တသိက္ခာကို ပွားများ အားထုတ်ရာ၏၊ ဤသည်ကား ဘုရားရှင်တို့၏အဆုံးအမတော် ပေတည်း။*
>
> *"အသပြာမိုး ရွာသွန်းဖြိုးသဖြင့်လည်း ကာမတို့၌ ရောင့်ရဲ တင်း တိမ်မှုမရှိ၊ ကာမတို့သည် သာယာဖွယ်သဘောမရှိကုန်၊ ဆင်းရဲ ကုန်၏ဟု သိ၍ မြတ်စွာဘုရား၏ တပည့်ဖြစ်သော ပညာရှိသည်*

http://www.dhammadownload.com



*နတ်၌ဖြစ်သော ကာမတို့၌သော်လည်း မမွေ့လျော်၊ တဏှာကုန်ရာ နိဗ္ဗာန်၌သာ မွေ့လျော်တော့၏။"* (ဓမ္မပဒ၊ ၁၈၅၊ ၁၈၆၊ ၁၈၇)

**နိန္ဒာ– ပသံသာ =** ကဲ့ရဲ့ခံရခြင်း, ချီးမွမ်းခံရခြင်းဟူသော လောကဓံလှိုင်းဂယက်တို့သည်လည်း သပြေကန်ဆရာတော်၏ စိတ်ကို မတုန်လှုပ်စေပါ။ ကဲ့ရဲ့ခံရမည်ကို ဂရုမစိုက်သည့်အပြင် ချီးမွမ်းသည့်အတွက်လည်း မြောက်မတက်ပါ။ ဆရာတော်သည် မာန်မာနကို ကောင်းစွာချိုးနှိမ်ထားပြီးလျှင် အမြဲတစေ မိမိကိုယ်ကိုနှိမ့်ချလျက် ဆက်ဆံတော်မူ၏။ ဆရာတော်၏ နိဝါတ–နိမာနဂုဏ်သည်လည်း အလွန်ကြည်ညိုဖွယ်ရာကောင်းလှ၏။

**သုခ – ဒုက္ခ** ဟူသော ချမ်းသာဆင်းရဲတို့သည်လည်း ဆရာတော်ကို မတိုက်ခတ်နိုင်ပါ။ လောကဓံ လှိုင်းဂယက်များကို ကြံ့ကြံ့ခံနိုင်သော စွမ်းရည်သည် ဆရာတော်၏ သန္တာန်တွင် အလွန်ပေါ်လွင်ထင်ရှားလှသည်။ အစစ အရာရာ သည်းညည်းခံနိုင်သော ခန္တီတရားနှင့် ခမာဂုဏ်၊ ရောင့်ရဲတင်းတိမ်လွယ်သော သန္တုဋ္ဌိဂုဏ်တို့သည်လည်း ဆရာတော်၌ တင့်တယ်စွာတည်ရှိကြ၏။ ဆရာတော်သည် အဆိုးရွားဆုံးသော ရောဂါဝေဒနာတို့ကိုပင် ဘာမထီ မဖြို့တမ်း ရဲစွမ်းသတ္တိရှိရှိဖြင့် အံ့ဖွယ်ရာ သည်းခံနိုင်စွမ်းရှိသူတည်း။

ထင်ပေါ်ကျော်ကြားသူများစွာတို့က လာဘ–သက္ကာရ–သိလောကတို့၏ လှိုင်းဂယက်တွင် လူးလိမ့်နေကြပါသော်လည်း သပြေကန်ဆရာတော်သည် ဤလှိုင်းဂယက်များထက်တွင် ညင်ညင်သာသာ ကြွသွားတော်မူ၏။ ကာမရာဂ, ဒေါသ, မာန, ဣဿာ, မစ္ဆရိယ စသည့် မြူအညစ်အကြေးများမှ ကင်းဝေး စင်ကြယ်နေသည်မှာလည်း ရဟန္တာအရှင်မြတ်တို့၏ ကျင့်ကြံပုံနှင့် ထပ်တူဖြစ်လျက် ရှိပေ၏။

* *"အမျက်ဒေါသကို စွန့်ရာ၏၊ မာနကို ပယ်ရာ၏၊*
*သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏၊*
*ရုပ်နာမ်၌ မငြိတွယ် မကြောင့်ကြသူထံသို့*
*ဆင်းရဲဒုက္ခသည် မကျရောက်ကုန်။"*

* *"အခါခပ်သိမ်း နိုးကြားထကြွကုန်သည်ဖြစ်၍*
*နေ့ညဥ့်ပတ်လုံး သိက္ခာသုံးပါးကို ကျင့်ကြကုန်လျက်*
*နိဗ္ဗာန်သို့ စိတ်ညွတ်ကြသူတို့အား*
*အာသဝေါတရားတို့ ချုပ်ငြိမ်းကွယ်ပျောက်ကြကုန်၏။"*

http://www.dhammadownload.com



* *"မကျိုးမပြတ်သည့် အကျင့်ရှိသော*
*ဖောက်ခွဲနိုင်သည့်ပညာရှိသော*
*ပညာဂုဏ်, သီလဂုဏ်, သမာဓိဂုဏ် ရှိသောသူကို*
*ပညာရှိတို့သည် ဟုတ်မှန်စွာသိ၍*
*နေ့တိုင်း နေ့တိုင်း ချီးမွမ်းခဲ့ပါမူ*
*ဇမ္ဗူရာဇ်ရွှေစင်နိက္ခနှင့်တူသူကို*
*အဘယ်သူသည် ကဲ့ရဲ့နိုင်ပါအံ့နည်း။*
*ထိုသူကို နတ်တို့သည်လည်း ချီးမွမ်းကုန်၏၊*
*ဗြဟ္မာမင်းသည်လည်း ချီးမွမ်း၏။"* (ဓမ္မပဒ၊ ၂၂၁၊ ၂၂၆၊ ၂၂၉၊ ၂၃၀)

## တရားပြပေးထိုက်သူတို့ကို နည်းလမ်းပြ

သပြေကန်ဆရာတော်သည် တစ်ပါးတည်း အေးချမ်းစွာ တရားအလုပ်ကို လုပ်ကိုင်လိုသည့်အတွက် သူတစ်ပါးတို့အား တရားညွှန်ပြပေးခြင်းကို မပြုလုပ်ချေ။ သို့သော် ရင်းနှီးသော ဒကာ, ဒကာမအချို့ကို စတင်တရားအားထုတ်ရန် နည်းလမ်းကို ညွှန်ပြပေးတော်မူ၏။

ဒကာ **ဦးရွှေသောင်းနှင့်ဇနီး ဒေါ်သန်းသန်း** တို့ကို "တရားအားထုတ်တာ ဘယ်က စသလဲ"ဟု မေးတော်မူ၏။

"ဆရာတော် အမိန့်ရှိပါဘုရား"

"ဝင်လေ ထွက်လေက စတာပေါ့။ အသက်မှန်မှန်ရှူနေတဲ့အခါ နှာသီးဖျားမှာ လေတိုးထိသွားတာကို သိအောင်ရှု၊ တိုးထိတဲ့နေရာက စောင့်ပြီး ဝင်လေ ထွက်လေတို့ကို မလွတ်တမ်း ရှုမှတ်နေရတယ်။ ဒွဲရှိရှိနဲ့ ပဓာနိယင်္ဂတရား ငါးပါးနှင့်အညီ ရှုမှတ်ရတယ်"

"ပဓာနိယင်္ဂတရားငါးပါးဆိုတာ ဘာပါလဲဘုရား"

"ဘုရား, တရား, သံဃာ, ကံတရားတို့ကို ယုံကြည်တဲ့ သဒ္ဓါရှိရမယ်၊ ကျန်းမာနေရမယ်၊ ကြိုးစားအားထုတ်မှု ဝီရိယရှိရမယ်၊ မကောက်ကျစ် မစဉ်းလဲဘဲ ဖြောင့်မတ်ရမယ်၊ တရားသဘောကို သိတဲ့ အသိပညာရှိရမယ်။ ကဲ... လိုက်ဆိုကြ-

"ယုံကြည်သဒ္ဓါ၊ ကျန်းမာခြင်းတွဲ၊ စဉ်းလဲမပြု၊
အားထုတ်မှုပါ၊ အသိပညာ၊ ပဓာနိယင်္ဂငါး။"

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် ဗိုလ်မင်းရောင်လမ်းတွင် နေထိုင်သော **ဦးညွန့်စိန်** သည် ၁၉၈၄-၈၅ ခုနှစ်လောက်က ပျောက်စေဆရာလုပ်ကိုင်နေသူ

http://www.dhammadownload.com



ဖြစ်၏။ တစ်နေ့တွင် မင်္ဂလာတောင်ညွန့် ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် အတွင်းရှိ ရောင်တော်ဖွင့်စေတီတွင် ပုတီးစိပ်နေ၏။

သပြေကန်ဆရာတော်ကြွလာပြီး ဦးညွန့်စိန်၏နောက်ကျောကို ဒူးနဲ့တိုက်၍ "ဟဲ့…တရုတ်၊ မင်းလိုချင်တာ ဒါမဟုတ်ဘူး၊ လာ…လိုက်ခဲ့"ဟု မိန့်တော်မူ၏။

ဦးညွန့်စိန်သည် ဆရာတော်နှင့် မသိကျွမ်းသေးသဖြင့် အံ့အားသင့်နေမိ၏။ ဆရာတော်က ပြုံး၍ စိုက်ကြည့်နေသဖြင့် ဦးညွန့်စိန်သည် ဆရာရင်းပမာ ခင်မင်သွားပြီးလျှင် ဆရာတော်နောက်မှ လိုက်ပါသွား၏။

ထိုစဉ်က ဆရာတော်သည် သစ်သားကျောင်းအိုဟောင်း၏ အောက်ထပ် နောက်ခန်း၌ သီတင်းသုံးနေတော်မူဆဲဖြစ်၏။

"ဒကာ…အာနပါန ဝင်လေထွက်လေ ရှုတတ်သလား"

"တင်ပါ့…ဆရာတွေက နည်းအမျိုးမျိုးပြနေတော့ ဘယ်နည်းရှုရမလဲ ဘုရား"

"ဝင်လေထွက်လေကို ရှုရတယ်၊ အသက်မှန်မှန်ရှုနေတဲ့အခါ လေတိုးထိတဲ့နေရာကို သတိထား၊ နှာသီးဖျားမှာလား၊ အထက်နှုတ်ခမ်းမှာလား၊ အဲဒီလေတိုးထိတဲ့နေရာက စောင့်ပြီး ဝင်လေထွက်လေကို မလွတ်တမ်းသိနေအောင် ရှုရတယ်၊ အာနာပါနကမ္မဋ္ဌာန်းက ဘုရားအလောင်းတော်တို့ရဲ့ လက်သုံးကမ္မဋ္ဌာန်းကွဲ့။ စိတ်မြန်မြန်တည်ငြိမ်တယ်၊ စိတ်တည်ငြိမ်လာပြီး သမာဓိရှိလာရင် စိတ်စွမ်းအားက အလွန်ထက်မြက်လာတယ်၊ ကဲ…မတ်မတ်ထိုင်ပြီး ရှုကြည့်စမ်း"

ဦးညွန့်စိန်သည် တင်ပျဉ်ခွေကာ မတ်မတ်ထိုင်ပြီး ဝင်လေထွက်လေကို ရှုမှတ်နေ၏။

"ပထမ လေတိုးထိတဲ့နေရာကို သိအောင်ရှု၊ ပြီးတော့ လေတိုးပြီး ဝင်သွားတာ၊ တိုးပြီး ထွက်သွားတာကို သိအောင်ရှုနေ၊ …ကောင်းကောင်းရှုလို့ရရဲ့လား"

"ရှုလို့ရပါတယ်ဘုရား"

"ကောင်းပြီ၊ အဲဒီဝင်လေထွက်လေကိုပဲ စွဲပြီးရှုပေတော့၊ ကဲ…ယခုလေ ရှူသွင်းပြီး ပြန်ရှူမထုတ်ဘဲ အောင့်ထားစမ်း၊ မရှူထုတ်ဘဲ နေနိုင်ရဲ့လား"

"မနေနိုင်ပါဘုရား"

"ကဲ…လေရှူထုတ်ပြီးတော့ လေထပ်မရှူသွင်းဘဲ အောင့်ထားစမ်း၊ နေနိုင်ရဲ့လား"

http://www.dhammadownload.com



"မနေနိုင်ပါဘုရား"

"အဲ...သဘာဝတရားတွေဟာ သူတို့ရဲ့ ဓမ္မတာသဘောအတိုင်း ဖြစ်နေကြတာ၊ ကိုယ့်အလိုပါအောင် လုပ်လို့မရဘူး၊ ဒါတွေဟာ အနတ္တသဘောတွေပဲ၊ တရားသဘောတွေကို ကောင်းကောင်းနားလည်ထားပြီးမှ တရားရှုတာ ပိုကောင်းတယ်။ စာတွေ့အရသိထားပြီးရင် သမာဓိကောင်းလာတဲ့အခါ ခန္ဓာကိုယ်ထဲမှာ ဖြစ်ပျက်နေကြတဲ့ တရားသဘောတွေကို မြင်သိပြီး သဘောပေါက်နားလည်လာတာပေါ့။ ဒါကြောင့် ဒကာ ...အဘိဓမ္မာသင်တန်းတစ်ခုလောက် တက်လိုက်ပါ၊ ပြီးတော့...ဘုန်းကြီးဆီ လာပါ"

ဦးညွန့်စိန်သည် မစိုးရိမ်ဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်သူ **ဆရာဦးထွန်းတင်၏ အဘိဓမ္မာသင်တန်း** ကို လိုက်တက်၏။ သင်တန်းပြီးဆုံးသည့်အခါ သပြေကန်ဆရာတော်ဘုရားထံ ဦးညွန့်စိန် လျှောက်ထား၏။ ဆရာတော်က အဘိဓမ္မာသဘောများကို မေးမြန်း၏။ ဦးညွန့်စိန်ဖြေသည်ကို ဆရာတော်က ကောင်းကောင်းမကျေနပ်သေးသည့်အတွက်–

"ဒကာ...နောက် အဘိဓမ္မာသင်တန်းတစ်ခု ထပ်တက်ပါဦး၊ ဒီအနားက **ဗုဒ္ဓဘာသာကလျာဏယုဝအသင်းတိုက်မှာလဲ အဘိဓမ္မာသင်တန်း** ရှိတယ်၊ သွားတက်ပါ"

"မှန်လှပါဘုရား"

ဦးညွန့်စိန်သည် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ) ၌ ပို့ချသော အဘိဓမ္မာသင်တန်းကို ထပ်တက်၏၊ သင်တန်းသုံးလကြာ၏။ သင်တန်းပြီးဆုံးသောအခါ သပြေကန်ဆရာတော်ထံ ဦးတိုက်လျှောက်ထား၏။

သပြေကန်ဆရာတော်သည် ဦးညွန့်စိန်၏ အဘိဓမ္မာစွမ်းရည်ကို တစ်ဖန်စစ်ဆေးပြန်၏၊ ကောင်းစွာမကျေနပ်သေးသဖြင့် နောက် အဘိဓမ္မာသင်တန်းတစ်ခုကို ထပ်တက်ရန် တိုက်တွန်းပြန်၏။

ဦးညွန့်စိန်သည် **ဦးမြသောင်း** သင်ကြားပို့ချပေးသော **အဘိဓမ္မာသင်တန်း** ကို (၉) ရက် ထပ်တက်ပြန်၏။ ထို့နောက် ဆရာတော်ထံ သွားရောက်ဦးတိုက်၏။ ဆရာတော်က တစ်ဖန်စစ်ဆေးပြီးလျှင် ကျေနပ်သွား၏။

"ကဲ...တရားအလုပ်သာ မှန်မှန်လုပ်တော့၊ ပရမတ် ရုပ်နာမ်သဘောတွေကို သိထားပြီဆိုတော့ သမာဓိအဆင့်မီလာတဲ့အခါ ဒီရုပ်နာမ်တွေကို အရှိအရှိအတိုင်း တွေ့မြင်ရမယ်၊ ရုပ်နာမ်တွေ ဖြစ်ပြီးပျက်နေတဲ့ အနိစ္စသဘောကိုလဲ မြင်လာမယ်၊ မတည်မြဲဘဲ ပျက်ပျက်နေတဲ့သဘောဟာ ဆင်းရဲဒုက္ခပဲ၊ ကိုယ့်အလိုမလိုက်ဘဲ သူ့ဓမ္မတာအတိုင်းဖြစ်ပျက်နေကြတဲ့သဘောဟာ အနတ္တ

http://www.dhammadownload.com



ပဲ၊ တည်မြဲတဲ့ အနှစ်သာရ, အတ္တဆိုတဲ့ အသက်ကောင်, ဝိညာဉ်ကောင် မရှိတဲ့ သဘော၊ ပုဂ္ဂိုလ် သတ္တဝါ – ငါ မရှိတဲ့ သဘောဟာလဲ အနတ္တပဲ။ အနိစ္စ–ဒုက္ခ–အနတ္တ သဘောတွေကို ထင်ထင်ရှားရှားမြင်လာပြီဆိုရင် ဝိပဿနာဆက်ရှုနိုင်တော့တာပေါ့”

ဆရာတော်ညွှန်ပြသော တရားရှုနည်းသည် လက်တွေ့ကျလှ၏၊ သိပ္ပံနည်း ကျသည်ဟုလည်း ဆိုနိုင်၏။ လက်တွေ့သိပ္ပံစမ်းသပ်ချက်များကို သင်ပြပေးသည့်အခါ ပထမသီအိုရီသဘောတရားကို ရှင်းပြပေးရ၏၊ ထို့နောက် တပည့်တို့အား လက်တွေ့လုပ်နည်းကိုညွှန်ကြားပြီး လက်တွေ့လုပ်စေ၏။ လက်တွေ့လုပ်သည့်အခါ သီအိုရီအတိုင်းမြင်တွေ့ရလျှင် ကျေကျေနပ်နပ် နားလည်သဘောပေါက်သွားတော့၏။

သမထ – ဝိပဿနာရှုရာတွင်လည်း ပရိယတ်စာပေက ရုပ်နာမ်တို့၏ အကြောင်းအကျိုးဆက်နွယ်ကာ ဖြစ်ပျက်နေသည့်သဘောများကို ရှင်းပြထား၏။ လက်တွေ့ရှုနည်းကိုလည်း မဟာသတိပဋ္ဌာနသုတ်၊ ဝိသုဒ္ဓိမဂ်စသည်တို့၌ ရှင်းပြထား၏။ ထိုလက်တွေ့ရှုနည်းအတိုင်း ရှုပွားသဖြင့် ရုပ်နာမ် အဖြစ် အပျက်, အကြောင်းအကျိုး ဆက်သွယ်မှုများကို မြင်သိသွားလျှင် ဝိပဿနာဉာဏ်ပညာဖြစ်ပွားလာတော့သည်။ သုတမယပညာ–စိန္တာမယပညာတို့နှင့် သိရှိထားလျှင် မျက်မြင်ကြုံတွေ့လာသောအခါ ဘာဝနာမယပညာသို့ အလွယ်တကူ ကူးပြောင်းသွားနိုင်ပါသည်။

## ထူးခြားသော တရားစွမ်းရည်

သပြေကန်ဆရာတော်သည် မိမိသိမြင်ထားသော တရားထူးများကို ထုတ်ဖော်ပြောဆိုခြင်းမရှိဘဲ အလွန်သိုသိပ်တော်မူ၏။ သို့သော် ဆရာတော်၏ တည်ငြိမ်သော ဣန္ဒြေသိက္ခာနှင့် ထူးခြားအေးချမ်းလှသည့် စိတ်နေသဘောထားတို့ကို ထောက်ရှု၍ ဆရာတော်သည် တရားထူးများစွာကို တွေ့ရှိထားပြီးသူ ဖြစ်သည်ဟု ကောက်ချက်ချနိုင်၏။

အချို့က ဆရာတော်သည် ကျောင်းသခ်မ်းတွင် သီတင်းသုံးနေပါလျက် လယ်ယာရပ်ရွာများ၌ ဖြစ်ပျက်နေသည်များကို သိနေသည်ဟု ဆိုကြ၏။ ဥပမာ ပိုးသတ်ဆေးများဖြင့် ယာခင်းထဲမှပိုးများကို နှိမ်နင်းနေသည်ကို ဆရာတော် တားမြစ်သဖြင့် ဆရာတော် အလိုလိုသိနေသည်ဟု ယူဆကြ၏။

တစ်ဖန် ညဉ့်ဘက်တွင် ဆရာတော်ကျိန်းစက်သလား မကျိန်းစက်ဘူးလား သိချင်ကြသော ရှင်သာမဏေများနှင့် ဦးပဉ္စင်းအချို့တို့က ညဉ့်သန်းခေါင်

http://www.dhammadownload.com



ကျော်တွင် ဆရာတော့်အခန်းကို ချောင်းမြောင်းကြည့်ကြ၏။ ဆရာတော်စင်္ကြံလျှောက်နေသည်ကို တွေ့ရပြီး ကိုယ်ရောင်တဝင်းဝင်းထွက်နေသည်ဟု ဆိုကြ၏။

တစ်ဖန် တချို့သောညဥ့်များတွင် ဆရာတော်ကျောင်းနှင့် သိပ်မဝေးလှသော သာကေတ တံတားပေါ်၌ ဆရာတော်စင်္ကြံလျှောက်နေသည်ကို မြင်ရသည်ဟု ဆိုကြ၏။ တစ်ဖန် ရန်ကုန်–သန်လျင်တံတားကြီး တည်ဆောက်နေချိန်၌ ညဥ့်ဘက်တွင် တံတားပေါ် ဘုန်းကြီးတစ်ပါး စင်္ကြံကြွနေသည်ကို မြင်ရ၍ တရုတ်အင်ဂျင်နီယာတို့က ဓာတ်ပုံရိုက်ယူကြ၏။ ထို့နောက် ဓာတ်ပုံပါဘုန်းကြီးသည် အဘယ်သူဖြစ်နိုင်သနည်းဟု လိုက်လံစုံစမ်းမေးမြန်းကြသောအခါ တစ်ဆင့်ပြီးတစ်ဆင့် ညွှန်ကြားမှုဖြင့် ထိုတရုတ်အင်ဂျင်နီယာတို့သည် သပြေကန်ဆရာတော်ကျောင်းသို့ ရောက်လာကြ၏၊ ဆရာတော်ကို ဖူးမြင်ရသည့်အခါ မိမိတို့ရိုက်ယူထားသော ဓာတ်ပုံနှင့် တိုက်ကြည့်လျက် ကျေနပ်အားရသွားကြသည်ဟုလည်း ပြောဆိုကြသည်။

ဆရာတော်သည် ဘာမျှမထူးခြားလေဟန် တည်တည်ငြိမ်ငြိမ်ပင် သီတင်းသုံးတော်မူသည်။ ကောလာဟလသတင်းများကိုလည်း ပယ်မြစ်တော်မူသည်။ သို့သော် အလွန်ထူးခြားသော ဖြစ်ရပ်တစ်ခုမှာ သပြေကန် မဟာဓမ္မိကာရာမကျောင်းတိုက်သို့ ဆရာတော်မပျံလွန်မီ နောက်ဆုံးကြွသွားသောအခါက ဖြစ်ပေါ်ခဲ့၏။

ထိုနေ့က ဆရာတော်ကို လာရောက်ဖူးမြော်ကြသူအပေါင်းမှာ ကြက်ပျံမကျအောင် စည်ကားလှ၏၊ ဆယ်မိုင်ပတ်ဝန်းကျင်လောက်မှ တောသူ တောင်သားများသည် မိသားစုအလိုက် လှည်းများနှင့် လာကြ၏၊ ထမင်းထုပ်များ ယူလာကြ၏။ အဘယ့်ကြောင့် လာကြသနည်းဟု သူတို့အား မေးမြန်းကြည့်သောအခါ "သပြေကန်ကျောင်းကို ရဟန္တာတစ်ပါးကြွလာလိမ့်မယ်၊ မနက်ဖြန်သွားဖူးကြ"ဟု အိပ်မက်ရလို့ လာကြကြောင်း ပြောဆိုကြ၏။

သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့ ကြီးမားတော်မူသော သပြေကန်ဆရာတော်ဘုရားအား ရဟန်းရှင်လူများသာမက နတ်များလည်း ကြည်ညိုကြမည်မှာ သေချာပါသည်။ **မူလ သပိတ်အိုင်ဆရာတော်ဘုရား**၏ ထေရုပ္ပတ္တိကို ဖတ်ရှုခဲ့ရသောအခါကလည်း ဆရာတော်သည် သီလစင်ကြယ်၍ (၁၃) နှစ်ကြာအောင် ကိလေသာများ ငြိမ်းအေးနေကြသည့်အတွက် နတ်များက ရဟန္တာဟု ယူဆကာ အိပ်မက်ပေးကြကြောင်းကို ဖတ်ရှုခဲ့ရဖူးပါသည်။

http://www.dhammadownload.com



တစ်ဖန် ဝိသုဒ္ဓိမဂ်၌လာသော **မဟာသံဃရက္ခိတမထေရ်** နှင့် တူတော် **စုဋသံဃရက္ခိတမထေရ်** တို့အကြောင်းကိုလည်း သတိရမိ၏။

ဝါတော်(၆၀)ကျော်၊ သက်တော်(၈၀)ကျော်လွန်ပြီဖြစ်သော မဟာသံဃရက္ခိတမထေရ်သည် ပျံလွန်အံ့ဆဲဆဲဖြစ်၍ ညောင်စောင်းထက်၌ လဲလျောင်းနေ၏။ မထေရ်ပျံလွန်တော့မည်ကို ကြားသိရ၍ ၁၂-ယူဇနာတိုင်အောင်သော ပတ်ဝန်းကျင်အရပ်များမှ လူတို့သည် စုရုံးရောက်ရှိလာကြ၏။ ထိုအခါ ရဟန်းသံဃာသည် မထေရ်ကြီးအား ရရှိထားသော လောကုတ္တရာတရားအကြောင်းကို မေးမြန်း၏။

"ငါ့မှာ လောကုတ္တရာတရား မရှိ"ဟု မထေရ်ကြီးက မိန့်ဆို၏။

ဤအဖြေကို ကြားရသောအခါ ရဟန်းသံဃာသည် အံ့သြကြ၏။ ထိုမထေရ်ကြီး၏ အလုပ်အကျွေးဖြစ်သော ရဟန်းငယ်က "အရှင်ဘုရား...အရှင်တို့သည် ပရိနိဗ္ဗာန်ပြုတော်မူကုန်အံ့ဟု သတင်းကြား၍ ၁၂-ယူဇနာတိုင်အောင်သော ပတ်ဝန်းကျင်အရပ်မှ လူတို့သည် စုရုံးရောက်ရှိနေပါကုန်၏။ အရှင်ဘုရားတို့၏ ပုထုဇဉ်အဖြစ်ဖြင့် စုတေခြင်းဖြစ်ပါလျှင် များစွာသော လူအပေါင်းတို့အား နှလုံးမသာခြင်းဖြစ်ပါလိမ့်မည်"ဟု လျှောက်၏။

"ငါ့ရှင်...ငါသည် မေတ္တေယျမြတ်စွာဘုရားကို ဖူးအံ့ဟုကြံ၍ ဝိပဿနာကို အားမထုတ်ဘဲ နေခဲ့၏။ ထိုသို့ သင်ပြောသည့်အတိုင်းဖြစ်ပါမူ ငါ့ကို ထူ၍ တရားအားထုတ်ရန် ခွင့်ပြုပါလော့"ဟု မထေရ်က မိန့်ဆို၏။

ထိုရဟန်းငယ်သည် မထေရ်ကြီးကို ထူပေးပြီးလျှင် အပြင်သို့ထွက်လေ၏။ မထေရ်ကြီးသည် ထိုရဟန်းငယ် အခန်းပြင်သို့ထွက်ပြီးသည်နှင့်တစ်ပြိုင်နက် အရဟတ္တဖိုလ်သို့ရောက်၍ လက်ဖျစ်သံဖြင့် အမှတ်သညာကို ပေး၏။ ရဟန်းသံဃာသည် စည်းဝေးလာရောက်၍-

"**အရှင်ဘုရား**...သေခါနီးကာလ၌ လောကုတ္တရာတရားကို အလျင်အမြန်ဖြစ်စေနိုင်သော အရှင်ဘုရားတို့သည် ပြုနိုင်ခဲသောအမှုကို ပြုတော်မူပါပေ၏" ဟု လျှောက်၏။

"ငါ့ရှင်တို့...ဤသေခါနီးအချိန်၌ ကောကုတ္တရာတရားကို လျင်စွာဖြစ်စေခြင်းသည် ခဲယဉ်းသောအမှု မဟုတ်သေး၊ စင်စစ်သော်ကား ခဲယဉ်းသောအမှုကို သင်တို့အား ငါပြောကြားပေအံ့။ ငါ့ရှင်တို့ ငါသည် ရဟန်းဖြစ်သောကာလမှစ၍ အမှတ်သတိကင်းသဖြင့် မသိမှု၍ ချွတ်ယွင်းစွာပြုမိသော အမှုမည်သည်ကို မမြင်ပေ"ဟု မိန့်ကြား၏။

http://www.dhammadownload.com



ထိုမဟာသံဃရက္ခိတမထေရ်၏ တူတော်သည်လည်း ဝါငါးဆယ်ရှိသော အခါ၌ ဤအတူပင် အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။

ဤသည်ကား ထက်ဝန်းကျင်ပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်ခြင်း ရှိသော သီလ (ပရိပုဏ္ဏပါရိသုဒ္ဓိသီလ) သည် အရဟတ္တဖိုလ်ရခြင်း၏ နီးကပ်သော အကြောင်း (ပဒဋ္ဌာန်) ဖြစ်ခြင်းကိုပြ၏။ ကလျာဏပုထုဇဉ်ရဟန်းတို့၏ သီလသည် ရဟန်းပဥ္စင်းဖြစ်သည်မှစ၍ ကောင်းစွာသွေးအပ်သော ပတ္တမြားစစ်ကဲ့သို့လည်းကောင်း၊ ကောင်းစွာကြည်အပ်ပြီးသော ရွှေစင်ကဲ့သို့လည်းကောင်း၊ ကိလေသာအညစ်အကြေးမှ အလွန်စင်ကြယ်သည်၏ အဖြစ်ကြောင့် အရဟတ္တဖိုလ်၏ သာလျှင် နီးသောအကြောင်း (ပဒဋ္ဌာန်) ဖြစ်ပေ၏။

သပြေကန်ဆရာတော်ဘုရား၏ သီလသည်လည်း ပဥ္စင်းဖြစ်သည်မှစ၍ သက်တော် (၈၅) ကျော်သည်အထိ ကောင်းစွာသွေးအပ်သော စိန်ကျောက် မြကျောက်ကဲ့သို့ ကိလေသာအညစ်အကြေးတို့မှ လွန်စွာစင်ကြယ်ပေ၏။ ထို့ကြောင့် အရဟတ္တဖိုလ်ရခြင်း၏ နီးကပ်သောအကြောင်း ဖြစ်နိုင်ပေ၏။

အမှန်အားဖြင့် စံတင်လောက်အောင် ကြီးကျယ်မြင့်မားသည့် သပြေကန် ဆရာတော်ဘုရား၏ သီလဂုဏ်, သမာဓိဂုဏ်နှင့် ပညာဂုဏ်တို့သည်ပင်လျှင် ဆရာတော်၏ ထူးခြားတောက်ပြောင်သည့် တရားစွမ်းရည်များကို ဖော်ညွှန်းနေကြသည် မဟုတ်ပါလား။

http://www.dhammadownload.com

# ဘဝနိဂုံး

*နနယ်ရုပ်ဆင်း၊ ပျိုမြစ်ခြင်းကား၊ အိုမင်းနောက်ဆုံး ရှိချေ၏။*
*ဝိညာဉ်ထင်လင်း၊ သက်ရှင်ခြင်းကား၊ သေခြင်းနောက်ဆုံး ရှိချေ၏။*

အဘိဓမ္မာသဘောအရ သင်္ခါရရုပ်နာမ်တရားတို့သည် ခဏမစဲဖြစ်ပျက်နေသဖြင့် သတ္တဝါတို့သည် ခဏမစဲပင်လျှင် အသစ်အသစ်မွေးဖွား၍ ခဏမစဲပင်လျှင် သေဆုံးနေကြရ၏။ ခဏိကဇာတိ-ခဏိကမရဏတို့တည်း။ လက်ရှိဘဝဖြစ်ပေါ်အောင် အကျိုးပေးထားသော ကံ၏စွမ်းအားက မကုန်သေးသမျှ ဘဝသစ်ဆက်ကာဆက်ကာဖြစ်နေရသည်။ ကံ၏အစွမ်းအဟုန် ကုန်ဆုံးသောအခါ၌ကား ဘဝနိဂုံးချုပ်ဆုံးကြရ၏။

သပြေကန်ဆရာတော်သည် ငယ်စဉ်အခါမှစ၍ ကျန်းမာရေး ချို့တဲ့ကာ ချူချာလာပါသော်လည်း သီလ-သမာဓိ-ပညာ ကုသိုလ်ကောင်းမှုတို့၏စွမ်းအားတို့က ဝိုင်းဝန်းထောက်ကူ ပေးမကြသဖြင့် အံ့သြဖွယ်ရာပင် သက်တော်၈၅နှစ်အထိ သာသနာ့တာဝန်ကို ထူးချွန်စွာထမ်းဆောင်နိုင်ခဲ့ပါသည်။

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်မစံမီ သုံးလအလိုတွင် အာယုသင်္ခါရလွှတ်၍ နောက်သုံးလအကြာတွင် မိမိပရိနိဗ္ဗာန်စံမည့်အကြောင်းကို သံဃာတော်အား အသိပေးသွားတော်မူသည်။

နိရောဓသမာပတ် ဝင်စားနိုင်ကြသော အနာဂါမ်နှင့် ရဟန္တာများသည် နိရောဓမဝင်စားမီ မိမိတို့၏သက်တမ်းအပိုင်းအခြားကို ရှုကြည့်လေ့ရှိရာ မည်သည့်နေ့ရက်တွင် မိမိတို့စုတိရမည်ကို ကြိုတင်သိမြင်တော်မူကြသည်။ သီလ-သမာဓိ-ပညာတို့နှင့် ပြည့်စုံကြသော ဆရာတော်များစွာတို့သည်လည်း မိမိတို့စုတိရမည့်အချိန်ကို ကြိုတင်သိရှိထားကြဟန်တူပါသည်။

http://www.dhammadownload.com



သပြေကန်ဆရာတော်ဘုရားသည်လည်း မိမိမပျံလွန်မီ သုံးလခန့်အချိန်မှ မိမိပျံလွန်မည့်အကြောင်းကို ကြိုတင်၍ အရိပ်အမြွက်ပြောသွားတော်မူသည်။

ဆရာတော်သက်တော် ၈၅ နှစ်မြောက် မွေးနေ့ပူဇော်သဘင် ကျင်းပသော အခါ ဆရာတော် မန္တလေးမြို့တွင် စာသင်သားဘဝဖြင့် သီတင်းသုံးခဲ့စဉ်က ဆွမ်းခံကြွခဲ့သော နေအိမ်တစ်အိမ်မှ သားအမိတို့ ရောက်လာကြ၏။ ထိုသား အမိတို့က ဆရာတော်ကို ကျောင်းပေါ်၌ ဖူးမြော်ကြသည့်အခါ နှစ်ပေါင်း ၆၀ ခန့် ကွဲကွာခဲ့ကြရသော်လည်း ဆရာတော်မှတ်မိ၏။ ဆရာတော်၏ မှတ်ဉာဏ်မှာ အလွန်ပင် အံ့သြစရာကောင်းပါသည်။

ထိုမိသားစုအကြောင်းကို ဆရာတော်မေးမြန်းပြောဆိုရင်း စကားစပ်လာ သဖြင့် "ဒါဟာ ငါ့ရဲ့မွေးနေ့ နောက်ဆုံးကျင်းပတာပဲ"ဟု ဆရာတော်မိန့်တော် မူလိုက်၏။

အနီးတွင် ရှိသော ဦးညွန့်စိန်က ထိုအမှတ်တမဲ့စကားကို သတိထားမိ လိုက်သဖြင့် "ဆရာတော်...ဘာကြောင့် ဒီလိုမိန့်ဆိုရသလဲ"ဟု လျှောက်ထား လိုက်၏။

"ဟာ...လူဆိုတာ သေမျိုးပဲကွာ"ဟု ဆရာတော်ပြန်မိန့်ဆို၏။

တစ်ဖန် ဆရာတော်မပျံလွန်မီ သုံးရက်က အဘိုးရယ်၊ အဖေရယ်၊ သား ရယ် တိုက်တိုက်ဆိုင်ဆိုင် သုံးဦးကွယ်လွန်ကြသည့် အသုဘအိမ်သို့ ဆရာတော် ကြွသွားတော်မူ၏၊ သရဏဂုံနှင့်တကွ သီလပေးပြီးသောအခါ ဆရာတော် တရားချီးမြှင့်၏။ ကျန်ရစ်သူမိသားစုက လှူဒါန်းသော ဝတ္ထုငွေ ၁၁၀၀ ကျပ်ကို ဆရာတော်သည် ကပ္ပိယအဖြစ် လိုက်ပါလာသည့် ဦးညွန့်စိန်အား စွန့်တော်မူ ၏။

"မင်း...ငါ့ကို ကောင်းကောင်းကြည့်ထားနော်"ဟု ဆရာတော်က မိန့်ဆို လိုက်သဖြင့် ဦးညွန့်စိန်က အကင်းပါးလှသဖြင့် "ဆရာတော်အဘယ်ကြောင့် ဒီလိုမိန့်တော်မူပါသလဲဘုရား"ဟု မေးလျှောက်လိုက်၏။

"သြော်...လူဆိုတာ သေမျိုးပဲ မဟုတ်လား"ဟု ဆရာတော်မိန့်တော်မူ၏။

မပျံလွန်မီနှစ်ရက်-သောကြာနေ့၊ တောင်လုံးပြန်ကျောင်းလမ်းနေ ဦးသင်, ဒေါ်အေးမြင့်တို့အိမ်သို့ နေ့ဆွမ်းစားရန် ကြွသွားပြီး အနုမောဒနာတရား ဟော ကြား၏။ ကျောင်းသို့ပြန်ကြွလာပြီး မွန်းလွဲ ၂ နာရီတွင် ရင်ဘတ်နည်းနည်း အောင့်လာ၏။ တပည့်မောင်ကျော်ရင်ကို ခေါ်ပြီး ဆေးလိမ်းခိုင်း၏။

ဂေါပကလူကြီး ဦးဘငွေ ရောက်လာပြီး အခြေအနေကို မေးလျှောက်သည့် အခါ ဆရာတော်က-

http://www.dhammadownload.com



"ခါတိုင်း ဆေးလိမ်းလိုက်ရင် သက်သာတယ်၊ ဒီတစ်ခါ မသက်သာဘူး" ဟု မိန့်တော်မူ၏။

ဦးဘငွေသည် တိုက်အုပ်ဆရာတော်ဦးခေမာစာရနှင့် တိုင်ပင်၏။ ထို့နောက် ဦးခေမာစာရက ရွှေဘုံသာလမ်း ဆေးတိုက်သို့ ဖုန်းဆက်ရာ ဆရာဝန်နှစ်ဦး ရောက်လာပြီး ဆေးထိုးပေး၏။ ဆရာတော် သက်သာပြီး အိပ်ပျော်သွား၏။

ထိုဆရာဝန်နှစ်ဦး ပြန်သွားပြီးနောက် အခြေအနေကို ပြောပြသည့်အခါ ဆေးတိုက်မှ ပါရဂူတစ်ဦး စေလွှတ်ပေးပြန်၏။ ထိုပါရဂူက စစ်ဆေးပြီးနောက် သွေးဖောက်ယူကာ သွေးစစ်ဆေးစေ၏။ သွေးစစ်ထားသည့်အဖြေ ရရှိသော အခါ စိုးရိမ်စရာဖြစ်နေသည့်အတွက် ဆရာတော်ကို မင်္ဂလာဒုံစစ်ဆေးရုံသို့ ပို့ဆောင်ကြ၏။ စစ်ဆေးရုံက ဆရာတော်အား အတွင်းလူနာအဖြစ် လက်ခံ၍ ထပ်မံစစ်ဆေး၏။

နောက်တစ်နေ့ – စနေနေ့ ... ဂေါ်ပက ဦးဘငွေ စစ်ဆေးရုံသို့ ရောက်သွားသောအခါ ဆရာတော် သက်သာနေသည်ကို တွေ့ရ၏၊ အနည်းအကျဉ်း လမ်းလျှောက်နိုင်ရုံတင်မက ဆွမ်းကိုလည်း အသင့်အတင့် ဘုဉ်းပေးနိုင်၏။

နောက်တစ်နေ့ – တနင်္ဂနွေနေ့ ညနေစောင်းတွင် ရွှေတောင်ကုန်း ဆရာတော်အရှင်ပဏ္ဍိတာဘိဝံသ သတင်းကြားသဖြင့် သပြေကန်ဆရာတော်ကို လာရောက် ဖူးမြော်၏။

"ဩစတြေးလျသွားရင် အင်္ဂလိပ်စကားပြောနိုင်ရဲ့လား"

သပြေကန်ဆရာတော် မေးသည်ကို ရွှေတောင်ကုန်းဆရာတော်က–

"အင်္ဂလိပ်လို ပြောနိုင်တာလဲ ရှိ၊ မပြောနိုင်တာလဲ ရှိပါတယ်ဘုရား၊ ည ၈ နာရီခွဲပြီ၊ တပည့်တော်ကို သွားခွင့်ပြုပါဘုရား၊ ဆရာတော်ဘုရား ကျန်းမာချမ်းသာပြီး သက်တော်ရှည်ပါစေဘုရား" ဟု ပြောဆိုနှုတ်ဆက်၏။

"တပည့်တော်တို့က ကျန်းမာဖို့ မလိုတော့ဘူး၊ ကိုယ်တော်တို့ပဲ ကျန်းမာဖို့ လိုပါတယ်"

ဤသို့ သပြေကန်ဆရာတော် ပြန်မိန့်ကြားလိုက်သည်ကို ဦးဘငွေမနှစ်မြို့လှပါ။ ထို့နောက် ဆရာတော်က–

"ဘုန်းကြီးဆေးရုံမှာ မနေချင်ဘူး၊ မသန့်ရှင်းဘူး၊ ကျောင်းပြန်ကြွချင်တယ်" ဟု မိန့်ဆို၏။

ဦးဘငွေ စူးစမ်းကြည့်သည့်အခါ ဆရာတော်၏သင်္ကန်းမှာ ဆီးနံ့ အနည်းငယ် ရနေသည်ကို တွေ့ရ၏။ ဆရာတော်ကို နလုံးရောဂါ ဝေဒနာရှင်အဖြစ် အိပ်ရာ၌သာ လျှောင်းစက်နေစေပြီး လျှောင်းလျက် ဆီးအိုးပြားအတွင်းသို့ ဆီး

http://www.dhammadownload.com



သွားရန် သူနာပြုဆရာမများက စီစဉ်၏။ ဆရာတော်က ထိုသို့ဆီးသွားရခြင်းမှာ ဝိနည်းနှင့် မညီညွတ်သဖြင့် လျှောင်းလျက် ဆီးမသွားချေ။

"ဆရာတော်ဘုရား...အထူးကုဆရာဝန်များရဲ့ ဆေးကုသမှုကို ခံယူပါဦးဘုရား၊ ဆရာဝန်ကြီးတို့ရဲ့ ခွင့်ပြုမိန့်ရပြီးမှ ကျောင်းတော်သို့ ပြန်ကြွရအောင်ဘုရား"

ထိုနေ့သည်ကား ၁၃၅၆ ခုနှစ် တပို့တွဲလဆန်း ၆ ရက်နေ့ ဖြစ်၏။ ဆရာတော်၏ အနီးနေ တပည့်ကြီးဖြစ်သည့် **ဦးခေမာစာရ** သည် ခရီးလွန်နေရာမှ တယ်လီဖုန်းမှတစ်ဆင့် သတင်းရရှိသဖြင့် ညနေ ၆ နာရီခန့်တွင် မင်္ဂလာဒုံ စစ်ဆေးရုံသို့ ရောက်လာ၏။

ခရီးရောက်မဆိုက် ဆရာတော်ကို ဝင်ဖူးရာ ဆရာတော်သည် ရောဂါဝေဒနာ ခံစားနေရသည်ဟု မထင်ရ။ ပကတိရွှင်ပျကြည်လင်လန်းဆန်းလျက်။ ဆရာဝန်ကြီးများကမူ ဆရာတော်အား မလှုပ်ရှားစေဘဲ ငြိမ်သက်စွာ သီတင်းသုံးရန် ညွှန်ကြားထားကြ၏။

ဆရာတော်သည် ဆေးရုံ၌ သဟသေယျသိက္ခာပုဒ်အတွက် သံသယရှိနေ၍ မိမိကျောင်းသို့ ပြန်လိုကြောင်း သိရသဖြင့် ဦးခေမာစာရက–

"ဆရာတော်ဘုရား...ဒီစစ်ဆေးရုံမှာ စစ်သားများချည်းသာ ဆေးအကုသခံနေကြပါတယ်၊ အမျိုးသမီး မရှိလို့ သဟသေယျ သိက္ခာပုဒ် မငြိစွန်းနိုင်ပါဘုရား"ဟု လျှောက်ထား၏။

သီလနှင့်စပ်လျဉ်း၍ အရာရာတွင် သတိလက်လွတ်မခံသော ဆရာတော်ဘုရားသည် "ဘယ်အထောက်အထားနဲ့ ဦးပဉ္စင်း ပြောနိုင်သလဲ"ဟု မေးမြန်း၏။

ဆရာတော်၏အမြင်တွင် အမျိုးသမီးလူနာ မရှိဦးတော့ အမျိုးသမီးဆရာဝန်များနှင့် စစ်သူနာပြုများ ရှိကြသည်၊ သူတို့အိပ်ချိန်တွင် မိမိလျှောင်းနေပါက သဟသေယျအာပတ်မလွတ်ဟု ယူဆထားဟန်ရှိ၏။

ထိုအခိုက် စစ်သူနာပြုကလေးများ ရောက်လာကြသဖြင့် ဦးပဉ္စင်းတစ်ပါးက "ဆရာမတို့က တာဝန်နဲ့ဆိုတော့ တစ်ညဉ့်လုံး အိပ်ရမှာမဟုတ်ဘူးပေါ့နော်"ဟု မေးမြန်းစုံစမ်းလိုက်၏။

"ဒီစစ်ဆေးရုံက စည်းကမ်းအလွန်ကြီးပါတယ်၊ တာဝန်ထမ်းရွက်နေသူတို့က တာဝန်ကျေကျေ ဆောင်ရွက်တယ်, မဆောင်ရွက်ဘူးဆိုတာကို အကြီးအကဲများက နည်းမျိုးစုံနဲ့ စစ်ဆေးပါတယ်၊ ဒါကြောင့် အိပ်လို့မရဘူး၊ ကိုယ်

http://www.dhammadownload.com



တာဝန်ကျတဲ့အဆောင်မှာ မပြတ်လှည့်လည်ပြီး ကြည့်ရှုနေရပါတယ်၊ နံနက် ၃ နာရီထိုးမှ ခဏတဖြုတ်လေး ကျောချပြီး မှေးအိပ်လိုက်ရပါတယ်”

ဤသူနာပြုတို့၏စကားကို အကင်းပါးလှသော သပြေကန်ဆရာတော် ကြားသွားပါလိမ့်မည်၊ သို့သော် မည်သို့မျှမပြောဆိုပါ။

ဆရာတော်အား လာရောက်ကြည့်ရှုအားပေးကြသော သံဃာတော်များတွင် မြန်မာသီရိလင်္ကာကျောင်းတိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ **ဘဒ္ဒန္တ ဉာဏိန္ဒဆရာတော်ကြီး** လည်း ပါဝင်၏။ ထိုဆရာတော်သည် **“ဂိရိမာနန္ဒသုတ်”** ကို ပါဠိအနက်ရွတ်၍ပူဇော်၏။

သပြေကန်ဆရာတော်က “အင်း...ခုလို ပါဠိအနက်ပြည့်ပြည့်စုံစုံနဲ့ ဒီသုတ္တန်ကို ကြားနာရတာ တရားအရသာရှိလိုက်တာ...”ဟု မိန့်ဆို၏။

မြန်မာသီရိလင်္ကာဆရာတော်က “ဒီသုတ္တန်ကို ငယ်ငယ်ကလေးကတည်းက ရထားတယ်၊ ဘယ်မှာပါတယ်လို့ မသိဘူး၊ ဘယ်မှာ ပါပါသလဲဘုရား”ဟု လျှောက်ထား၏။

သပြေကန်ဆရာတော်က “အင်္ဂုတ္တိုရ်ဒုတိယအုပ် ဒသကနိပါတ် စာမျက်နှာ ၃၄၂ မှာ ပါတယ်”ဟု ဖြေကြားလိုက်၏။

သီရိလင်္ကာဆရာတော်သည် သပြေကန်ဆရာတော်၏သတိနှင့်ဉာဏ်စွမ်းရည်ကို ငယ်ငယ်ကပင်ကြားသိကာ အံ့သြချီးကျူးခဲ့ရသော်လည်း ယခုလိုသက်တော်ကလည်းကြီးရင့်၊ ရောဂါဝေဒနာကိုလည်း အကြီးအကျယ်ခံစားနေရချိန်မှာပင် သတိနှင့်မှတ်ဉာဏ်ဆုတ်ယုတ်ခြင်းမရှိဘဲ တိတိကျကျ ဖြေဆိုလိုက်သည်ကို ပိုမိုအံ့သြရရုံမျှမက ကြည်ညို၍မဆုံးနိုင်အောင် ပီတိလျှမ်းသွားရလေ၏။

သူနာမေးသူများ စဲသွားကြလေပြီ၊ ညဉ့်သည်လည်း နက်သထက် နက်လာလေပြီ၊ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပေ၏။ သပြေကန်ဆရာတော်ကား မကျိန်းစက်သေး။ ဆရာတော်မကျိန်းစက်သဖြင့် သူနာစောင့်များလည်း မအိပ်ကြ၏၊ ဆရာတော်ကို ကျိန်းစက်အနားယူစေချင်ကြသည်။ မကျိန်းစက်ဘဲ လှုပ်ရှားလျှင် နှလုံးရောဂါက ပိုဆိုးနိုင်သည်မဟုတ်လား။

တော်ပါသေး၏၊ ဆရာတော်က မလှုပ်ရှား၊ ငြိမ်သက်နေတော်မူ၏၊ ဘာဝနာ တစ်ခုခုပွားများနေဟန်တူ၏။ အတော်ကြာမှ စာပြည့်ရှင်ဦးသောင်းလှိုင်ကို ခေါ်ပြီး “မင်း... မေတ္တာဘာဝနာပွားသလား၊ ၅၂၈ သွယ် မေတ္တာပို့နည်းရရဲ့လား၊ ပါဠိလိုဆိုစမ်း”ဟု စေခိုင်းပါသည်။

ဦးသောင်းလှိုင်က ပါဠိတစ်ပိုဒ်ချင်းရွတ်ဆို၏၊ ဆရာတော်က တစ်ပိုဒ်ချင်း အနက်ပြန်ပေး၏၊ ဆရာတော်၏ အသံက ကြည်လင်၊ မျက်နှာတော်က

http://www.dhammadownload.com



ရွှင်ပျ၊ ဆရာတော်သည် တပည့်ရင်းအား အသိပညာပေးရင်း တစ်လောကလုံးကို မေတ္တာပို့နေပါတကား။

ဦးသောင်းလှိုင်ကြည်နူးဝမ်းမြောက်၍ မဝနိုင်အောင်ပင်...၊ အိပ်ချင်စိတ်တွေကလည်း ကွယ်ပျောက်သွားကြပြီ၊ နှစ်သက်ကြည်နူးမှုပီတိက လွှမ်းမိုးနေပါ၏၊ ထိုစဉ် "ဘယ်နှစ်နာရီရှိပြီလဲကွဲ့"ဟု ဆရာတော်၏ မေးမြန်းသံ ထွက်ပေါ်လာ၏။

"သုံးနာရီထိုးခါနီးပြီဘုရား"

"ဟေ...ဟုတ်လား"ဟု ဆိုကာ ဆရာတော်အတင်းထတော့၏။

"ဆရာတော် မလှုပ်ရှားဘုရား၊ မထပါနဲ့ဘုရား"

"မင်း ဘာသိလို့တုံး"

ဦးသောင်းလှိုင်၏စကားကို တားမြစ်၍ ဆရာတော်သည် အားတင်းကာ ထထိုင်တော်မူ၏၊ ထိုစဉ်ပင် ဆရာတော်၏ဦးခေါင်းစိုက်ကျသွားလေ၏။ ဆရာတော်သည် သီလအတွက် အသက်ကိုမငဲ့ဘဲ စွန့်လွှတ်သွားလေပြီတကား...။

သူနာစောင့်များ ရုတ်ရုတ်သဲသဲဖြစ်သွားကြ၏၊ ဆရာဝန်များကို ပြေးခေါ်၏၊ ဆရာဝန်များက အရေးပေါ်ပြုစုကြ၏၊ နှလုံးခုန်အောင် စက်အား လူအားဖြင့် အစွမ်းကုန်ပြုစုကြ၏၊ အသက်လုနိုင်အောင် ကြိုးစားကြပါသော်လည်း မရတော့ပါ။

ဆရာတော်ကြီး၏ ကိုယ်ပေါ်တွင် တပ်ဆင်ထားသည့် နှလုံးတိုင်း စက်ကိရိယာများနှင့် ပိုက်များကို ဖြုတ်သိမ်းကြ၏။ ထိုအချိန်သည် နံနက် (၇) နာရီ (၂၅) မိနစ် ဖြစ်၏။ ထိုအချိန်ကို ဆရာတော်ပျံလွန်တော်မူချိန်ဟု သတ်မှတ်ကြပါ၏။ သို့ပါသော်လည်း နံနက် (၃) နာရီမထိုးမီအချိန်ကပင် ဆရာတော်ပျံလွန်တော်မူပြီဟု ယူဆရပေ၏။

သိပ္ပံရှုထောင့်မှကြည့်လျှင် ဆရာတော်သည် နှလုံးရောဂါဖြင့် နှလုံးခုန်ရပ်ဆိုင်းသွားသည့်အတွက် ပျံလွန်သွားတော်မူ၏ဟုဆိုရပေမည်။ ထူးဆန်းသည်မှာ ဆရာတော်ကို ယခင်က ဆရာဝန်များ မကြာမကြာစမ်းသပ်စစ်ဆေးကြပါသော်လည်း နှလုံးရောဂါရှိသည့် အထောက်အထားများကို မတွေ့မြင်ခဲ့ကြရခြင်းဖြစ်ပေ၏။

"သစ်ပင်ဆိုသည်မှာ အသီးရှိသော်လည်း အနှစ်ရှိမှကြာရှည်စွာ စည်ပင်နိုင်သလို ရဟန်းဆိုသည်မှာ ဘုန်းကံကြီးမားသော်လည်း သီလရှိမှ အသက်ရှိသည်"ဟု မိမိ၏တပည့်များအား ဆိုဆုံးမတတ်သော သပြေကန်ဆရာတော်

http://www.dhammadownload.com



သည် **"ရဟန်း၏အသက်သည် သီလပင်ဖြစ်သည်"** ဟု အရယူပြကာ ကိုယ်တော်တိုင် ရေးစပ်တော်မူသည့်–

**"အကျိုးငါးဝ၊ တိုးပွားရသည့်**
**သီလကျင့်သုံး၊ ငါ့နလုံး**
**ရှင်ပြုံးအေးခဲ့ပြီ"**

ဟူသော ကဗျာကလေးဖြင့် လက်တွေ့ ကြွေးကြော်ပြသသွားချေသည် တကား။

ဩော်...စည်းစိမ်ဥစ္စာနှင့် ကိုယ်ခန္ဓာခြေလက်တစ်စုံတစ်ခုကို စွန့်ရမည်ဆိုပါက ကိုယ်အင်္ဂါကို မစွန့်ရ၊ စည်းစိမ်ဥစ္စာကိုသာ စွန့်ရမည်။ ကိုယ်အင်္ဂါနှင့် အသက် တစ်ခုခုကို စွန့်ရမည်ဆိုပါက အသက်ကိုမစွန့်ရ၊ ကိုယ်အင်္ဂါကိုသာ စွန့်ရမည်။ အသက်နှင့်သီလ တစ်ခုခုကိုစွန့်ရမည်ဆိုပါက သီလကို ဘယ်နည်းနှင့်မျှ မစွန့်ရ၊ အသက်ကိုသာစွန့်ရမည်ဟူသော သူတော်ကောင်းပညာရှိကြီးများ၏ ကျင့်ထုံးကို နောင်လာနောက်သားတို့ နည်းယူကျင့်သုံးနိုင်ရန်အတွက် သပြေကန်ဆရာတော်သည် စံနမူနာပြသွားချေသည်တကား။

သပြေကန်ဆရာတော်သည် ပျံလွန်တော်မူခါနီးသည့်အချိန်အထိ ရဟန်းတာဝန်ကို ဆောင်ရွက်သွားပြီးလျှင် သတိမေ့မျောခြင်းမရှိဘဲ ညည်းညူခြင်းမရှိဘဲ အေးအေးချမ်းချမ်းပင် ပျံလွန်တော်မူပေ၏။

ဆရာတော်၏ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်သည့်အခါ ထူးထူးခြားခြားပင် လက်ယာလက်သည် ကြွတက်လာပြီးသော် လက်ဝါးဖြန့်ထား၏။ မီးတောက် မီးလျှံအရှိန်ဖြင့် လက်တော်မှာ ရွှေလက်ပမာ ဝါထိန်တောက်ပနေပေ၏။

**ပညာရှိအမတ်ကြီး ဦးပေါ်ဦး** ကွယ်လွန်၍ အသုဘချသည့်အခါ၌ လက်ယာလက်ကို အခေါင်းအပြင်ထုတ်၍ လက်ဝါးဖြန့်ထားသည့်ကို သတိရမိ၏။ ဦးပေါ်ဦးက ရာထူးဂုဏ်သိန်,စည်းစိမ်ဥစ္စာ အယ်လောက်ပင် များဖြင်ပါသော်လည်း သေလွန်သည့်အခါ၌ ဘာမျှမပါ လက်ချည်းဗလာသာ ထွက်ခွာသွားရကြောင်းကို ပညာပေးသွားသလို သပြေကန်ဆရာတော်သည်လည်း မြတ်စွာဘုရား နောက်ဆုံးမှာကြားသွားသော စကားတော်ဖြင့်–

"သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘောရှိကုန်၏၊ မမေ့မလျော့ဘဲ ကုသိုလ်ကောင်းမှုများကို ပြည့်စုံအောင် ကြိုးစားဖြည့်ကျင့်ကြပါ"ဟု မှာကြားသွားလေသလား။

http://www.dhammadownload.com



# သပြေကန်ဆရာတော်ဘုရားကြီးအား နိဂုံးချုပ်ပူဇော်ခြင်း

ယနေ့တိုင်အောင် ကြည်ညို၍မဆုံးဖြစ်ရသော အဘိဓဇမဟာရဋ္ဌဂုရု တွဲဖက် ရွှေကျင်သာသနာပိုင် သပြေကန်ဆရာတော်ဘုရားကြီး၏ ထူးခြားပြောင်မြောက်သည့် ထေရဂုဏ်ရည်များကို အောက်မေ့ကြည်ညိုနိုင်ရန် သာသနာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်၊ ပိဋကတ်ဘာသာပြန်အဖွဲ့ဝင် **မဟာစရိယ ဦးအေးနိုင်** (ဘီအေ)၏ ထေရပူဇာ ပါဠိဂါထာ၏အနက်မှဖြင့် ဤတွင်နိဂုံးချုပ်ပူဇာအဖြစ် ပူဇော်လိုက်ပါသည်။

၁။ ပရိယတ် ပဋိပတ်၊ နှစ်ရပ်စုံလင်၊ ဂုဏ်ရှင်ဖြစ်ငြား၊ အကြင်သပြေကန်ဆရာတော်ဘုရားကြီးသည် သိလိုတတ်လို နာယူလိုသည့် ထိုထိုများဖြင်၊ စာသင်ပျို့နု တပည့်အခြေပြုတို့အား၊ သာသနာ့အရောင်၊ ဘာသာအရောင်၊ ထွန်းပြောင်ထိန်လက်၊ အရှည်ဆက်အောင်၊ ထက်မြက်သဒ္ဓါ၊ စေတနာဖြင့်၊ ဖြာဖြာများလှ၊ ကျမ်းဂန္ထ တို့ကိုလည်း ပို့ချတော်မူလေ့ရှိပါပေ၏။ အောင်နိဗ္ဗာနန်း အမတကို၊ လှမ်းမကြွရလျှင် ငါမနေဟု၊ အာသာတွေထပ်မနား၊ အာဇာနေ မာတ်အားဖြင့်၊ မြတ်တရားကိုလည်း ကျင့်လေ့ရှိပါပေ၏။ ဤသည့်ဂုဏ်အင်၊ စုံလင်ပြည့်ငြား၊ ထိုသပြေကန်ဆရာတော်ဘုရားကြီးသည်၊ ပစ္စည်းဂုဏ်ဟိတ်၊ လာဘ်ဘုံရိပ်၌၊ မဟိစ္ဆာကင်း၊ ပိစ္ဆာရှင်းသဖြင့်၊ ရောင့်ရဲခြင်းရှိသည်ဖြစ်၍၊ မကောင်းတာပြင်၊ ကောင်းတာမြင်ဟု၊ ဖြင်ဖြင်နှုန်းပြ၊ ထုံးနယာဖြင့်လည်း ဆုံးမတော်မူတတ်ပါပေ၏။

၂။ အမျိုးနှင့်သာသနာကို အရာရာအတန်းမြှင့်လျက်၊ လျှမ်းတင့်လက်ဝေ၊ အထက်ဗွေဝယ်၊ စက်ရဝေအရောင်ကြွားသကဲ့သို့၊ ကျက်သရေဆောင် တစ်ပါးလည်းဖြစ်တော်မူပါပေ၏၊ မှီခိုစရာ ဆရာသမားရယ်ဟု ကြည်ညိုမကွာ သဒ္ဓါပွားကြသည့် တပည့်ဒါယကာ ဒါယိကာမများတို့အား၊ ကိုယ်နှင့်နှလုံး ထေရ်ရှင့်နှုန်းသို့၊ ရွှင်ပြုံးကျန်းမာ၊ စခန်းသာအောင်၊ ချမ်းသာခြင်းကိုလည်း ပြုတော်မူလေ့ရှိပါပေ၏။ ဂုဏ်အပေါင်းတို့ ခညောင်းစုပျော် အိုဆရာမြတ်ထေရ်မော်၊ ဆိုသည့်ဂုဏ်အင်၊ စုံအလင်ဖြင့်၊ ဂုဏ်ရှင်ဖြစ်ငြား၊ ထေရ်သခင်ဘုရား၏၊ ရောင်တလွှင့်လွှင့်၊ အခေါင်တင့်လျက်၊ စွင့်စွင့်ငွားငွား၊ ဝင့်ဝင့်ကြွားကြသည့် ဂုဏ်ပန်းပွင့်များသည် အပြစ်မရှိဂုဏ်အတိမို့ တပည့်သက်လုံး ဆက်လက်ကုံးလည်း မဆုံးနိုင်အောင် မြားမြောင်ကျယ်ဝန်းလှပါကုန်သည်ဘုရား။

၃။ သီလ, သမာဓိ, ပညာမြင့်ကြွယ်၊ သဘင့်အလယ်မှာ၊ ဝင့်ထည်ခိုင်ဖြိုး၊ အကြင်သပြေကန်ဆရာတော်ဘုရားကြီးသည်၊ ဆရာမြတ်ထေရ်မဟာကို သဒ္ဓါ

http://www.dhammadownload.com



ဓာတ် စေတနာဖြင့် သွေမကွာညွှတ်ပျောင်း၊ ရိုသေစွာ ခယောင်းကြသည့်၊ တပည့်အပေါင်းတို့အား၊ မြအလား အေးကြည်သည့် ဓမ္မတရားဆေးရည်ကို စီရရီစရိုက်တွေး၍ အလီလီတိုက်ကျွေးတော်မူတတ်ပါပေ၏။ သာသနာ့ကျက်သရေ၊ အာကာသ တက်နေလို၊ လက်လက်ဝေ ပြောင်ရှွန်း၊ ကနက်မြေမှာ အရောင်ထွန်းရန်ဟု၊ အားသွန်ကြိုးပမ်း၊ သာသနာပြုလုပ်ငန်း၌၊ အဟုတ်တမ်းမွေ့လျော်တော်မူပါပေ၏။ ပညာထက်ကြောင်း ရေးဟောင်းအတိတ်ကံ၊ အဓ္ဓာန်တန်ကြောင့်၊ ကျက်ဉာဏ်မှတ်ဉာဏ်၊ သဘောဉာဏ်ဟု၊ စုံရန်ခဲငြား၊ ဉာဏ်သုံးပါးနှင့်လည်း၊ ပြည့်စုံတော်မူပါပေ၏။ ကျင့်လိုကြံလို၊ သိမြင်လိုသည့်၊ ထိုထိုရှင်လူ၊ များပြည်သူတို့၊ မှတ်ယူကျင့်သုံး၊ သင့်နှလုံးဖြင့်၊ စီကုံးဖြန့်ဝေ၊ ကျမ်းဂန်စာအထွေထွေကိုလည်း ပြုစုတော်မူပါပေ၏။

၄။ ဖန်ခါခါသတိစိုးသည့်၊ မှန်မကွာသမာဓိတန်ခိုးဖြင့်၊ မညှိုးထိန်လက်၊ ငြိမ်သက်သော ကာယိန္ဒြေလည်း ရှိတော်မူပါပေ၏။ ပလွှားကြိတ်ချေ၊ စိတ်နေမမြင့်၊ စာထောက်ချင့်က၊ မြတ်ရှင့်နှုန်းမြ၊ ထုံးနယဖြင့် ဆုံးမအပ်ငြား၊ မာနတရားလည်း ရှိတော်မူပါပေ၏။ ပိဋကတ်သင်စရာ၊ ပရိယတ်ပညာတွင် သိတတ်ကျွမ်းကျင်၊ ပိဋကတ်ပညာရှင်ကြီးဖြစ်သဖြင့်၊ အဘိဓဇမဟာရဋ္ဌဂုရု သွန်းထုခပ်နှိပ်၊ အကြီးဆုံးဘွဲ့တံဆိပ်တော်ကိုလည်း ရရှိတော်မူပါပေ၏။ ဂုဏ်ပေါင်းစုံလင်၊ မခုံမင်လည်း၊ ဂုဏ်ရှင်ဖြစ်ငြား၊ ထိုသပြေကန်ဆရာတော်ဘုရားကြီးကို၊ မှီခိုစရာ ဆရာသမားရယ်ဟု၊ ကြည်ညိုမကွာ၊ သဒ္ဓါပွားကြသည့် တပည့်ရှင်လူအများတို့သည်၊ ဓမ္မမိသာ အဖြာဖြာဖြင့်၊ သံဃာတော့်ဂုဏ်၊ ထေရ်နှင့်ဂုဏ်ကို၊ အာရုံထုံမွှမ်း၊ ဂုဏ်တော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏ္ဏာညွှတ်ကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပူဇော်ထိုက်လှပါပေသည်တကား။

http://www.dhammadownload.com



# မြွက်ဆန္ဒ

အဘိဓမ္မမဟာရဋ္ဌဂုရု တွဲဖက်ရွှေကျင်သာသနာပိုင် သပြေကန်ဆရာတော်ဘုရားကြီးသည် သုတ္တန်, ဝိနည်း, အဘိဓမ္မာဟူသော ပရိယတ္တိအောင်လံတံခွန်များကိုလည်းကောင်း၊ သီလ–သမာဓိ–ပညာဟူသော ပဋိပတ္တိအောင်လံတံခွန်များကိုလည်းကောင်း၊ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ နှစ်ထောင်းအားရ ဂုဏ်ယူဝမ်းမြောက်နိုင်ကြစေခြင်းအကျိုးငှာ မိုးစွန်တမွတ် အထွတ်တင်ကာ ဝင့်ဝင့်ထည်ထည် လွှင့်ထူခဲ့လေပြီ။

ဆရာတော်သည် သက်တော် ၈၅ နှစ်ကျော်အထိ သာသနာ့တာဝန်များကို ထူးချွန်ပြောင်မြောက်စွာ သယ်ပိုးထမ်းရွက်ခဲ့ပြီးသည့်နောက် အေးငြိမ်းချမ်းသာစွာပင် စုတိပျံလွန်ခဲ့ပါ၏။ သို့သော် ဆရာတော်လွှင့်ထူထားခဲ့သော သာသနာ့အောင်လံတံခွန်များသည်ကား မိုးကောင်းကင်ယံတွင် တင့်မော့စွာ လွင့်ပျံနေဆဲဖြစ်ပါသည်။

“ဂုဏ်ဆိုတာ ရှိရတယ်၊ ခန္ဓာကိုယ်ကြီးက ပျက်စီးသွားပေမယ့် ဂုဏ်ဆိုတာကတော့ ကမ္ဘာတည်သရွေ့ ရှိနေမှာပဲ။ ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေစေရဘူး။ လူသေပေမယ့် နာမည်မသေစေရဘူး။ စာသင်နေကြတဲ့ ရဟန်းပျိုတွေ သီလရှင်တွေ ပရိယတ်ဂုဏ် ပဋိပတ်ဂုဏ် ထွန်းထွန်းပေါက်ပေါက် ဖြစ်အောင် ကြိုးစားကြရမယ်၊ ကြိုးစားနိုင်ကြပါစေ”

ဆရာတော်ဘုရား မြွက်ဆိုသွားသည့် ဗကားများသည် ပဲ့တင်သံအဖြစ် နားဝတွင် ရိုက်ခတ်နေဆဲပါ။ နောင်လာနောက်သားများသည် ဆရာတော်လွှင့်ထူခဲ့သည့် သာသနာ့အောင်လံတံခွန်များ ဆက်လက်ဝင့်ကြွားနေနိုင်ရန်အတွက် ထူးချွန်ပြောင်လက် ဂုဏ်ရောင်တက်အောင် ကြိုးစားကြရမည်မဟုတ်ပါလား။

အိပ်ပျော်နေသူတို့ နိုးထလာအောင်၊ လောကခံလှိုင်းဂယက်တွင် လိုက်ပါမျောနေသူတို့ ထောက်တည်ရာရကြအောင်၊ လာဘ်လာဘ, ပူဇော်သက္ကာရ, ကျော်စောမှုသိလောကနောက်သို့ တပ်မက်တွယ်တာသည့် လောဘဇောတိုက်နေကြသူတို့ သတိသံဝေဂ ရလာကြအောင်၊ သာသနာတော်အတွင်း လူဖြစ်ခိုက်တွင် လူ့ဘဝအနှစ်သာရများကို အပြည့်အဝရယူနိုင်ကြအောင် သပြေကန်ဆရာတော်သည် ကျောက်ထီးသဖွယ် မားမားမတ်မတ်ရပ်တည်ပြီး လမ်းညွှန်မှုဩဝါဒများကို အမြဲတစေပေးနေပေလိမ့်မည်၊ စံနမူနာအဖြစ်ရပ်တည်ကာ နှိုးဆော်တိုက်တွန်းနေပေလိမ့်မည်။ ဆရာတော်၏ အကျင့်တရား, ဟောတရား, ရေးတရားတို့သည် ကမ္ဘာတည်သရွေ့တည်ရှိနေပေလိမ့်မည်။

http://www.dhammadownload.com



အခေါင်အဖျားတိုင်အောင် မြင့်မားလှသည့် သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ထေရဂုဏ်များစွာနှင့် တင့်တယ်ပြည့်စုံတော်မူသော သပြေကန်ဆရာတော်ဘုရားကို အထွတ်အထိပ်ပူဇော်သည့်အနေဖြင့် ဆရာတော်စံနမူနာပြသွားသည့်အတိုင်း ဟောပြောညွှန်ကြားသွားသည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာကျင့်ကြံရင်း မိမိ၏ဘဝနှင့်အတူ သာသနာတော်၏ကျက်သရေကို မြှင့်တင်ကြပါစို့။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။
ဒေါက်တာမင်းတင်မွန်

၅-၄-၉၉

**ကျမ်းကိုးစာရင်း**

၁။ သပြေကန်ဆရာတော်ဘုရားကြီး ထေရဂုဏ်ရည်စာစောင် (၁၉၉၃ ခုနှစ်)
၂။ သပြေကန်ဆရာတော်ဘုရား၏ "ပရိတ်ကြီးနိဿယသစ်"
၃။ သပြေကန်ဆရာတော်ဘုရား၏ "သပြေကန်တရားပေါင်းချုပ်" အမှတ် (၁) (၁၉၉၃)
၄။ သပြေကန်ဆရာတော်ဘုရား၏ "ဗောဓိချောင်ခုနှစ်ပါး တရားမြတ်ရတနာ"
၅။ သပြေကန်ဆရာတော်ဘုရား၏ "စေတီနှင့် ရှိသေမှု" (၁၉၉၈)
၆။ သပြေကန်ဆရာတော်ဘုရား၏ "နိဗ္ဗာန်ချမ်းသာတရားတော်" (၁၉၉၀)
၇။ သပြေကန် ဦးအဂ္ဂဓမ္မ၏ "ရှင်ဝါသေဋ္ဌ၏ အတ္ထုပ္ပတ္တိ" (၁၉၉၅)
၈။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ "သပြေကန်ပဋိဘာန်တရားတော်" (၁၉၉၆)
၉။ သာမဏေကျော်၏ "ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်မေး၍ သပြေကန်ဆရာတော်ကြီး ဖြေသည်" (၁၉၉၃)
၁၀။ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်၏ လက်ရှိမဓာနနာယကဆရာတော် အရှင်ခေမာစာရ (မဟာစရိယ) ၏ ဆောင်းပါးများ။
၁၁။ ပိဋကတ်မြန်မာပြန်ကျမ်းများ။

http://www.dhammadownload.com

# ဒေါက်တာမင်းတင်မွန်၏ ဓမ္မရတနာစာအုပ်များ

**ဤဓမ္မရတနာစာအုပ်များကို**
**ဖတ်ရှုလေ့လာလျှင် ကြီးကျယ်သော ဓမ္မသာဝနကုသိုလ်နှင့်**
**ကောင်းကျိုးချမ်းသာမင်္ဂလာအမြောက်အမြားကို ရရှိမည် ဖြစ်သည်။**

၁။ **မြတ်ဗုဒ္ဓ** – ဘုရားကို ဘာကြောင့် ကိုးကွယ်ထိုက်သလဲ။
၂။ **မြတ်ဓမ္မ** – တရားကျင့်သူကို တရားက ဘယ်လိုစောင့်ရှောက်မလဲ။
၃။ **မြတ်သံဃာ** – သံဃာတော်သည် ဘာကြောင့်အမြတ်ဆုံးရတနာဖြစ်သလဲ။
၄။ **မြတ်သရဏဂုံ** – ရတနာမြတ်သုံးပါး ကိုးကွယ်လျှင် အပါယ်မကျဘူး။
၅။ **ဘဝအောင်မြင်ရေး** – အကြိမ်ပေါင်းများစွာ ပြန်ရိုက်ရသော စာအုပ်။
၆။ **ဘဝ လမ်းနှစ်သွယ်** – သုဂတိ အလင်းလမ်းနှင့် ဒုဂ္ဂတိ အပါယ်လမ်း ဘယ်လိုလှမ်း?
၇။ **ဘဝ ချမ်းသာရေး** – ယခုဘဝ နောက်ဘဝ အကောင်းဆုံး ချမ်းသာတွေကို ဘယ်လိုရယူမလဲ ။
၈။ **ဖားအောက်တောရမိတ်ဆက်** – ဗုဒ္ဓအလိုတော်ကျ သမထ ဝိပဿနာ ရှုနည်းက ဘယ်လိုလဲ။
၉။ **လိမ္မာယဉ်ကျေး တို့ရင်သွေး** – ပြည်သူ့ရင်သွေးရတနာများ လိမ္မာရေးခြား ကြဖို့။
၁၀။ **မေတ္တာနှင့် သစ္စာ သရုပ်ဖော်** – အလှဆုံးတရားနှင့် အမြတ်ဆုံးတရားတို့ကို လက်တွေ့ကျင့်ဖို့။
၁၁။ **မေတ္တာနှင့်သစ္စာအဖွင့်** – တစ်လောကလုံးကို အလှဖိုးစေ,မြင့်မြတ်စေသော တရားနှစ်ပါး။
၁၂။ **တော်ကူးဝိပဿနာဂုဏ်ထူးဆောင်** – ထူးဆန်းစွာ ရောဂါပျောက်ခြင်းများ။
၁၃။ **ဆေးမကုဘဲ ငြိမ်းအေးနည်း** – ကျန်းမာချမ်းသာစွာ နေနိုင်သည့် တရားရှုနည်း။
၁၄။ **မြတ်ဒါန** – တိုးတက်ကြီးပွားအောင် အကျိုးကြီးအောင် ဘယ်လိုလှူဒါန်းရမလဲ။
၁၅။ **မြတ်သီလ** – အလှဆုံးတန်ဆာ၊ အကောင်းဆုံး ကိုယ်ကျင့်စာရိတ္တ၊ လိုတိုင်းရစေဖို့။
၁၆။ **မြတ်ဘာဝနာ** – အကျိုးအကြီးဆုံး အကောင်းဆုံး ဘဝနေနည်း ဘာဝနာရှုနည်းများ။
၁၇။ **ဗုဒ္ဓအဘိဓမ္မာ အနှစ်ချုပ်** – လောကအကြောင်း ကောင်းစွာသိနားလည်စေတဲ့ ဗုဒ္ဓဒဿန၊ အဘိဓမ္မာ (ရိုးရိုးတန်း) စာမေးပွဲလက်စွဲ။
၁၈။ **ဘဝရည်မှန်းချက်နှင့် ဘဝလမ်းစဉ်** – The Aim and Way of Life.

http://www.dhammadownload.com

၁၉။ **ဗုဒ္ဓဘာသာစာရိတ္တနှင့်ကျင့်ဝတ်များ** – Buddhist Ethics and Duties.

၂၀။ **ဗုဒ္ဓဝါဒနှင့် ခေတ်သစ်ဘဝ** – Buddhism in Modern Life.

၂၁။ **ဘဝကိစ္စနှင့် ဘဝပန်းတိုင်** – The Purpose and the Goal of Life.

၂၂။ **သိပ္ပံနယ်လွန် ဗုဒ္ဓဘာသာ** – The Supreme Science of the Buddha.

၂၃။ **တော်ကူးဆရာတော် ဘဝဆည်းဆာနှင့် ကျင့်စဉ်တရား**– တရားရှုခြင်းဖြင့် အားလုံးကို အနိုင်ရ။

၂၄။ **ရှေးဘဝ နောက်ဘဝ သိပ္ပံနည်းကျ အထောက်အထားများ** – အတိတ်ဘဝ အနာဂတ်ဘဝတွေကို ဘယ်လို သိနိုင်သလဲ။

၂၅။ **အမြတ်ဆုံးပန်းတိုင် ကောန်ပိုင်** (ပထမတွဲ) – ဗုဒ္ဓနည်းကျ မှန်ကန်တိကျသော တရားရှုနည်း။

၂၆။ **တက္ကသိုလ် အဘိဓမ္မာ ပေါင်းချုပ်** – ဗုဒ္ဓဒဿန အဘိဓမ္မာကို အရှင်းဆုံး တင်ပြထားသည့် စာအုပ်။
စာသင်သားများအား အဘိဓမ္မာ အထောက်အကူပြု။

၂၇။ **The Essence of Buddha Abhidhamma** – ဗုဒ္ဓ အဘိဓမ္မာကို အကောင်းဆုံး ရှင်းလင်းချက်။

၂၈။ **Good English** – အင်္ဂလိပ်စာကို တတ်အောင် တော်အောင် သင်ပြမယ့် စာအုပ်။ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ကျောင်းသားလက်စွဲ။

၂၉။ **ယဉ်ကျေးလိမ္မာ ရင်သွေးကမ္ဘာ** (အိတ်ဆောင်)– မူ–လယ်–ထက် စာရိတ္တ ပညာ လက်စွဲ။

၃၀။ **တော်ကူးကျင့်စဉ်တရား** (အိတ်ဆောင်) – ဒုက္ခဝေဒနာကို ကျော်လွှား၍ ငြိမ်းအေးမှု ရယူနည်း။

၃၁။ **မြတ်ဗုဒ္ဓ** (အိတ်ဆောင်) – ဘုရားကို လေးစားကြည်ညိုလျှင် မုချ ကြီးပွား တိုးတက်မည်။

၃၂။ **အဘိဓဇမဟာရဋ္ဌဂုရု သပြေကန်ဆရာတော်ဘုရားကြီး**– သာသနာ့တံခွန် စံပြပုဂ္ဂိုလ်ထူး။

၃၃။ **စိုးရိမ်ကြောက်ရွံ့ကင်းဝေး နေနိုင်ရေး**– How to Live without Fear and Worry (I).

၃၄။ **စိုးရိမ်ကြောက်ရွံ့ကင်းဝေး ချမ်းသာရေး** – How to Live without Fear and Worry (II).

၃၅။ **အမြတ်ဆုံးပန်းတိုင် ကောန်ပိုင်** (ဒုတိယတွဲ) – မျှော်လင့်နေကြတဲ့စာအုပ် ထွက်ပါပြီ။

**မြမွန်ရတနာ စာပေ**
**၁၅/၁၉၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်**
**ရန်ကုန်။ ဖုန်း ၀၁–၂၈၆၆၁၀**